
မောင်သာရ
မိုးမိုး(အင်းလျား)
ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုး အပါအဝင် ဝတ္ထုတိုများ

# မောင်သာရ

## ကြောင်ခံတွင်းပျက် နဲ့ ဆက်ရက်တောင်ပံကျိုး




လက်တွေ့ကတော့ brad ရဲ့ခေါင်းထဲမှာ မိန်းမယူချင်တဲ့ စိတ်ကူးစိတ်ရူးမျိုး အလည်ရောက်မလာတာတောင် အတော်ကြာပါပြီ။ အင်း…အရက်မရှိ မကွယ်မဝှက်တမ်း ဖွင့်ဝန်ခံမယ်ဆိုရင်တော့၊ သည့်၂၇နှစ်ဆိုတဲ့အရွယ် လူငယ်တယောက်အနေနဲ့ … အမြီးမပေါက် ဘာမျောက်လဲ မေးရမလို … .မယူချင်ပဲ ဘယ်နေပ့ါမလဲနော်။ ရသာရမယ်ဆိုရင် က ယူချင်တာပေ့ါ။ အနည်းဆုံး အိမ်ထောင်ဘက်အဖြစ် မမျှော်မှန်းမရည်ရွယ်တဲ့တိုင်အောင် girlfriend လို့ခေါ်တဲ့ မိန်းမဖေါ်ကလေးတယောက်လောက်တော့ ဆန္ဒဖြေ ရှိထားနှင့်ချင်တာပေ့ါ ။

ဒါပေမဲ့လို့လဲလေ…bradရဲ့လက်ငင်းဘဝအခြေအနေ ညှံ့ဖျင်းနိမ့်ကျလိုက်ပုံက … မိန်းမတယောက်ကို သူလိုငါလို ဘုရားကျောင်းမှာလက်ထပ်ပြီး အိမ်ခန်းနဲ့လိပ်စာနဲ့ တရားဝင် အတူနေနိုင်ဖို့ မဆိုထားနဲ့ …

မတော်တဆ ကောင်မချောချောကလေးတယောက် ထီပေါက်သလို…ကောက်ရလာခဲ့ရင်တောင်မှ ခေါ်စရာပျော်စရာ နေရာကလေး တနေရာ … ရှာမရနိုင်ဘူးရယ်။

အခု brad နေနေတယ်ဆိုတဲ့ ဆင်းရဲသားရပ်ကွက် မြို့ပျက်မြို့ဟောင်းဘက်က အိမ်ဆိုတာကလဲ brad လို လူပျိုလူလွတ် တစက်ရုံထဲက လုပ်ဖော်ကိုင်ဘက် အလုပ်သမားတွေချည့်လေးယောက် စု…ငှါးနေကြတဲ့အိမ်လေ။ ပြီးတော့လဲ သိတယ်နော်။ မိန်းမဖော် girl friendဆိုတာကလဲ နလုံးသည်းခိုက် ချစ်ကြိုက်ရင်းစွဲ ရှိနေကြအုံးတော့၊ ဆိုင်သာဆိုင် မပိုင်သေးတဲ့ လမ်းခုလပ်ဘဝ မဟုတ်လား။ တခါတရံ အခန့်မသင့်ရင် ငွေရေးကြေးရေး အပေးအကမ်းကလေးက ပြဿဒ်တက် မီးလောင်တတ်သေးတာကပဲ။

အဲ…နားလည်လိုက်လျောမှုနဲ့ မငြိုငြင်တမ်း သူ့ဘဏ်ကဒ်ကလေးတလှည့်၊ ကိုယ့်ဘဏ်ကဒ်ကလေး တလှည့်၊ မျှမျှတတ ထုတ် ဆွဲ သုံးရအောင်ကလဲ… bradရဲ့ ဘဏ်debitကဒ်က ပြဿနာ။ များသောအားဖြင့် အင်္ဂါ ဗုဒ္ဓဟူး ကြာသပတေး ဆိုရင် လူတောထဲ ထုတ် မသုံးရဲတော့တဲ့ အဖြစ်။ ဘဏ်မှာ ငွေလက်ကျန် လုံးဝမရှိတတ်တော့ဘူးလေ။ ထုံးစံအတိုင်း သောကြာနေ့မှာ ဝင်လာတဲ့ လုပ်ခကလေး မဖြစ်စလောက်ကလဲ နှစ်ရက်သုံးရက်ဆို ကုန်ပြီပေါ့။ စိတ်ကျရတယ်။

ပြဿနာအရင်းခံကတော့ အလုပ်ပါပဲ။ အလုပ်သာ ပုံမှန် တပတ်နာရီလေးဆယ်နှုန်းအပြည့် ရနေလို့ ကတော့ brad မကြောက်ပါဘူး။ … မိုး ဒူးနဲ့ တက်တိုက်ရဲပါတယ်။ ဒါပေမယ့် ခုဉစ္စာက ပြတ်တောင်းပြတ်တောင်း ဘာ သေချာတဲ့ အာမခံချက်မှ မရှိဘူး။ မနက်ဖန် အလုပ်ဆင်းရမယ် မဆင်းရဘူး ဆိုတာကိုက သည်ကနေ့ညနေ၁နာရီ အထိ မသေချာဘူး။ ညဘက် ၉ နာရီလောက်မှာ တယ်လီဖုံးဆက် စုံစမ်းကြည့်ပါအုံး…တဲ့။ မှာထားတယ်။ အလုပ်ရှိမှ on call ခေါ်မယ်ဆိုတဲ့သဘော။ မောကြော…။ အလုပ်ရှင်ရဲ့ကိုယ်စားလှယ် work in charge ရဲ့ အပြောကတော့ အားရစရာ တကွက်မှ မရှိဘူး။ အလုပ်သမားလျှော့တဲ့ဦးရေစာရင်းထဲ မပါတာပဲ ဘုရားသခင် ကျေးဇူးတော်လို့ အောက်မေ့ရမယ်…တဲ့။

bradအမြင်ကတော့ အဲ့သည်လို ပြတ်ပြတ်သားသား အလုပ်သမားဦးရေလျှော့တဲ့စာရင်းထဲပါ ယာယီအလုပ်ရပ်ဆိုင်း laid off အဖြုတ်ခံရတာကမှ တမျိုးကောင်းအုံးမယ်ထင်တယ်။ social ရုံးမှာ အလုပ်လက်မဲ့ ထောက်ပံ့ကြေး လျှောက်စားမယ်လေ…။ welfareထောက်ပံ့ကြေးကမှ အခုရနေတဲ့ မစို့မပို့ထက်တော့ ပိုရနိုင်လိမ့်အုံးမယ် ထင်တယ်။ ဒါပေမဲ့ brad မစွန့်စားရဲပါဘူး။ ရမှာကနောက် ငတ်မှာနဲ့ နင်ချခံရမှာက အရင်၊ သည်တော့ သေချာတဲ့ နို့ပိန်ကလေးပဲ ကပ်တွယ်နေရအုံးမှာပါပဲ။

ကြည့်လေ…။ ပြီးခဲ့တဲ့အပတ်ကများဆိုရင် နှစ်ရက်နဲ့ နေ့တဝက်လား အလုပ်ဆင်းလိုက်ရတယ်။ နာရီ ၂၀ တည်း။ ကဲ…သည်ပုံသာဆိုရင် ခုသောကြာမှာ ဝင်လာမယ့် လုပ်ခ pay checkထဲက ကိုယ့်အတွက်

အချိုးကျပေးရမယ့် အိမ်လခရဲ့ ၄ပုံ၁ပုံကို နုတ်လိုက်ရရင် လက်ထဲ ဘာကျန်တော့မှာလဲ။ ထုံးစံအတိုင်း မပေးမနေရတဲ့ ဆိုင်ပိုင်ရာက အခွန်အကောက်တွေ၊ ကျန်းမာရေး အာမခံကြေးတွေနဲ့ ဘာကြေးညာကြေးတွေ အမြီးကနုတ် ခေါင်းကနုတ် လျှောက်သာနုတ်လိုက်ရလို့ကတော့...အလွန်ဆုံးကျန်လှ သုံးလေးဆယ်ပေါ့။ သည်ငွေကလေးနဲ့ သည်တပတ်လုံးလုံး ဘယ်မှာ ဘာသွားစားမလဲ။ ဘာသွားသုံးမလဲ။

ဒါတောင်နော်...လျှပ်စစ်မီတာခတို့ ဂက်စ်မီတာခတို့ဆိုတဲ့ billကြေးတွေက ခဏတဖြုတ် ဆိုင်းထားလို့ ရပေသေးလို့။ ပြီး တော်ပါသေးရဲ့...အစောကြီးကတည်းက တန်ရာတန်ရာပဲ ကောင်းတယ် ဆုံးဖြတ်ကြပြီး အိမ်သုံးတယ်လီဖုန်းတို့ tv cableတို့ မသွယ်ခဲ့ကြပေလို့။ ဒါပေမယ့် ကိုယ့်ဘာသာကို တလက်ကိုင် မရှိမဖြစ် သုံးနေရတဲ့ cell phone billကတော့ ပေးရလိမ့်မယ်။ သည်လလာရင် နှစ်လပေါင်းအတွက် ၁၅၀လောက်များ ကျမလား မပြောတတ်ဘူး။ သည်လမှ မပေးရင် ဖြတ်ခံရတော့မယ်။ စိတ် ဆင်းရဲရပါတယ်။ သည်အပတ်ထဲ အလုပ်မှ လုပ်ရပ့ါမလား။ အလုပ် လုပ်ရချိန် နည်းလို့ billကြေးတွေ အပြည့်မဆောင်နိုင်ရင် ဘယ့်နယ်လုပ်မလဲ။ bradလဲ စိတ်ပျက်လက်ပျက်နဲ့ ပင့်သက်ပြင်းကြီး ချပြီး၊ ဘတ်စ်ကားပေါ်က စိတ်မပါ့တပါ ဆင်းလိုက်တယ်။

ခြေထောက်တွေက သိနေပြီလေ...။ ခါတိုင်း ဆင်းနေကျမှတ်တိုင်မှာ... ဆင်းလိုက်တယ်။
လျှောက်နေကျ ဆိုင်တန်းplazaဘက်ကို လမ်းဖြတ်ကူးပြီး ဦးတည်လျှောက်လိုက်တယ်။ မရှိတာ ရှိတာ ဘေးချိတ်။ ရှိသမျှကလေးနဲ့တော့ ပိုက်ဆံနည်းနည်းနဲ့ ဗိုက်ပြည့်အောင် စားထားရလို့မယ်။ ထုံးစံအတိုင်း မနက်စောစာ breakfastနဲ့ နေ့လယ်စာ lunchကို တခါတည်း ပေါင်းစားဖို့ ဈေးသက်သာတဲ့ burgerဆိုင်ကို ရွေးလိုက်တယ်။ သည်ဆိုင်မှာက အမဲသားတုံးနဲ့ burger နှစ်လုံးတွဲကို bye 1 get 1 free ဈေးနဲ့ ရောင်းတယ်လေ...။ ပြီး အာလူးကြော်တကော် ပွဲကြီးဆိုရင် တပွဲတည်းနဲ့ကို စူဇကာ ဗိုက်ပြည့်ရော။ နောက် sodaအချိုရည်ကလေးကလဲ သည်ဆိုင်က အကြိမ်ကြိမ် ထပ်ဖြည့်သောက်ခွင့် ပြုတယ်။ ဆိုင် လှမ်းမြင်နေရခါမှ ဗိုက်တောင် ပိုဆာလာသလိုပဲ။ ဟုတ်ပြီ...ချီတက်။

သည်မှာ မkayနဲ့ တွေ့ရတော့တာပါပဲ။ မkay က သူဝင်မယ်လို့ ပိုင်းဖြတ်ထားတဲ့ဆိုင်ထဲက ထွက်လာပြီး ဆိုင်ရှေ့ရပ်ထားတဲ့ ကိုယ်ပိုင်ကားတွေရှိရာကို လျှောက်လာနေတယ်။ နွမ်းနွမ်းလျလျ ကပိုကရိုရယ် တခြား တွေ့ဖူးနေကျ မိန်းမတွေလို အစာပိတ် သောက်လက်စ အအေးခွက်ကလေး ကိုင်ပြီး၊ ရွှင်ရွှင်လန်းလန်း ပြန်ထွက်လာတဲ့ ပုံစံမျိုး မဟုတ်ဘူး။ ဘယ့်နယ့်...သည်လိုမနက်ပိုင်းမှာ ဈေးဝယ်ထွက် ရုံးတက်အလုပ်သွားကြရင်း လမ်းကြုံဝင်ဗိုက်ဖြည့်လေ့ရှိတဲ့ မိန်းမပေါင်း မြောက်မြားစွာ brad ကြုံဆုံဖူးပါတယ်။ သူ့လို အိပ်ရာထ မျက်နှာသစ်ထားပြီးခါစ မပြင်မဆင် မချယ်မသ မျက်နှာပြောင်ကြီးနဲ့ မဟုတ်ပေါင်။

အော်…အတော်ဘရုတ်ကျချင်တဲ့ ခြေထောက်။ ဘယ် လျှောက်နေပြန်တာတုန်း။ brad လျှောက်ရင်း လျှောက်ရင်းနဲ့ မkay ဦးတည်ရာ မkayရဲ့ကားနားကို ရောက်လာတယ်။ မkayရဲ့ကားမှန်းလည်း အစက မသိပါဘူး။ မkayက ရပ်ထားတဲ့ကားတံခါးလက်ကိုင်မှာ သော့ထိုးဖွင့်နေတော့မှ…bradကလဲ မမျှော်လင့်ပဲနဲ့ မkayရဲ့ကား ညာဘက်ဘေးမှာ မkay နဲ့ မျက်နှာချင်းဆိုင် ရောက်ရက်သား ဖြစ်နေတယ်။ အမှန်ပြောရရင် တမင်္ဂလာကြည့်ဖို့စိတ်ကူး မရှိပေမယ့်လဲ…သည်တခါတော့ သူစိမ်းမိန်းမတယောက်ကို (သို့မဟုတ်) မkayရဲ့မျက်နှာကလေးကို bradမျက်တောင်မခတ် စိုက်ကြည့်လိုက်မိတယ်။ မkayကလဲ ကားတံခါးဖွင့် ငုံ့ဝင်မယ်လုပ်ရင်း bradကို မျက်ခုံးကလေးတဝက်ပင့် ပြန်ဝင့်ကြည့်လိုက်လေရဲ့။

ဟ! ဘယ်လိုအကြည့်လဲဟ…။ ပြုံးသယောင်ယောင် ညှိုသလိုလိုနဲ့။ brad ကျောက်ခဲအသည်းနဲ့ အိပ်ပျော်နေတဲ့ ကျားတောင် ရင်ထဲ တလှပ်လှပ် ခုန်သွားသလိုပဲ။

ရုပ်ကလဲ ဘယ်လို သတ်မှတ်ရမလဲ…။ လှတပတ်နွမ်း ဆိုရမလား။ မျက်လုံးတွေက ငွေမိုးညိုညို…ငိုထားခါစလို…။ မျက်တောင်ရှည်ကလေးတွေကလဲ မကော့ပြန်ပဲ ငိုက်တွဲလို့…။ တပတ်လျှိုလို ကပိုကရို ဖွေထိပ်တက် ထုံးဖွဲ့ရစ်တင်ထားတဲ့ဆံပင်တွေကလဲ နက်မှောင်မှောင်…။ ပြီး အသားရောင်ကလဲ အထက်မြောက်ပိုင်းသူတွေလို အဖြူဖွေးဖွေးမှာ ပန်းသွေး ပြေးနေတာမျိုး မဟုတ်ချည်ဘူး။ ပျားရည်နဲ့ နွားနို့ ဆတူရောမွှေထားတဲ့ အရောင်မျိုး။ brad တွေ့ဖူးပါတယ်။ အသားအရည် ကြည့်ရတာကလဲ ညက်ညောချောမွေ့နေသလိုမျိုးဆိုတော့ bradတွက်လိုက်ပါတယ်။ ကွေ့…တောင်ပိုင်းပင်လယ်ထဲက ကျွန်းတကျွန်းသူပဲ ဖြစ်ရမယ်ပေ့ါ။

brad လည်း သွားမှာနတဲ့သူမှ မဟုတ်ပဲ။ စကားပြောခွင့် မကြုံကြိုက်လိုက်ရလို့သာ လက်တင်သံ စပိန်သံ ဝဲမဝဲ မသိလိုက်ရတာလေ။ ဒါပေမယ့် ရုပ်အရကတော့ သေချာပါတယ်။ hispanicy hispanic ပါပဲ။ pueto ricoသူ Venezuelaသူ ဖြစ်ကောင်းဖြစ်နိုင်တယ်။ သိတယ်နော်…။ အမေရိကန်သူ အဖြူအမဲမကလေးတွေ ငေးကြည့်ရလောက်အောင် လှကြပါပေ့…ဆိုတာ ပူတိုရီကိုသူ ဗယ်နဇွဲလားသူကလေးတွေ အိပ်ရာထ ရေမချိုးရသေးသလောက်ပဲ ရှိတယ်လို့ ကာလသားတွေ ပြောစမှတ် ပြုကြတယ်တယ်မဟုတ်လား။ ခုလဲ ဘာထူးသေးလဲ။ မkayရဲ့ မခြယ်မသ အိပ်ရာထစ မျက်နှာက bradကို ညှို့ငင်ဆွဲဆောင် ဖမ်းစားလိုက်ပြီလေ…။

ပင့်ကူအိမ်မှာ ငြိနေတဲ့ယင်လို bradလဲ ရုန်းတော့ရုန်းထွက်ချင်တာပါပဲ။ ဒါပေမယ့် ငြိနေတယ် အနားက တဖဝါးမှ မခွဲနိုင်မခွါရက် ဖြစ်နေတယ်။ အများရဲ့အမြင်မှာကတော့…မkayက သူ့ကားထဲ ရောက်နေပြီး ဖြစ်တဲ့အတွက်… ကားစက်နိုးပြီး မောင်းထွက်သွားနင့်လို့ရအောင် ရပ်ရှောင်လမ်းပေးထားတဲ့အနေနဲ့ မkayရဲ့ကားနံဘေးမှာပဲ ဟန်ဆောင်ပန်ဆောင် သူ ရပ်နေလိုက်တယ်။ မkayကားခေါင်းရှေ့က ကန့်လန့်ဖြတ်ပြီး စားသောက်ဆိုင်ထဲ မဝင်နင့်သေးဘူးလေ…။ အမှန်ကတော့ ငြိနေတာပါပဲ။

ကားအထွက်မှာ ကားထဲကမkayကို ဘေးကြည့် နောက်ကြည့် တကြော့ပြန် ထပ်ကြည့်လိုက်ချင်သေးတာလဲ ပါတာပေါ့။ ချစ်ရမယ့်သူကို ဘက်ပေါင်းစုံရှုထောင့်မျိုးစုံက ဓာတ်ပုံရိုက် ဘေးစိုက်ကြည့်နေချင်သလိုပေါ့နော်...။ အတော်ပါပဲ။ ယဉ်ကျေးမှု အရကလဲ အမျိုးသမီးကို ပထမဦးစားပေး လမ်းဖွင့်ပေးရမယ် မဟုတ်လား။

ဒါပေမယ့် သည်မိန်းမ ဘာဖြစ်လို့ ကြာနေတာပါလိမ့်။ ကားထဲမှာ ဘာလုပ်နေလို့ပါလိမ့်။ မနက်စောစော နေလဲ မရှိန်သေးတဲ့ခုလိုအချိန်မှာ...မလိုအပ်ပဲ ဖြန့်ပြီးကာထားတဲ့ ကားရှေ့မှန်ရဲ့အတွင်းဘက်က နေကာမြက်ဖျာယင်းလိပ်ကိုလဲ အခုထက်ထိ ဖယ်မပစ်သေးပါလား။ ပြီး ကားကိုလည်း စက်မနိုးသေးဘူး။ ကားထဲမှာ ဘာတွေများ သည်လောက်တောင် ရှုပ်နေလို့ ခါခက်ရှင်းလင်းနေရတယ် မသိပါဘူး။ ကားကလေးကတော့ ချမ်းခိုက်ခိုက်တုန်သလို မေးရိုက်လှုပ်ခါနေတာပါပဲ။

ခက်တာက အထဲမှာ ဘာတွေဖြစ်နေတယ် မသိရဘူး။ အစေ့ပိတ်တင်ထားတဲ့ ကားပြတင်းမှန်တွေ အားလုံးက လုံခြုံရေးရောင်ပြန်ဖလင်တွေ အပြည့်ကပ်ထားတာရယ်။ ပြီးတော့လဲ ရောင်ပြန်က အဆင့်၃ အမှောင်ဆုံး အမျိုးအစား။ အပြင်ကနေ အထဲကို ကြည့်ချင်လို့ကတော့၊ ကိုယ့်ပုံရိပ်ကလွဲပြီး ဘာကိုမှ မမြင်ရနိုင်ဘူး။ ပြီး ရှေ့မှန်ရဲ့အတွင်းဘက်က မြက်ဖျာယင်းလိပ်ကလဲ ငွေသားရောင် ရောင်ပြန်ပဲ။ ရှေ့မှန်တဖက်စွန်းမှာ မီးခြစ်ဆံ တချောင်းစာလောက် ဟနေတဲ့ နေရာလွတ်ကလေးတနေရာတော့ တွေ့ရပါရဲ့။ ဒါပေမယ့် မှန်နား ကုန်း မျက်နှာအပ်ပြီး ချောင်းကြည့်နိုင်ပါမှ မြင်ကောင်း မြင်ရမှာလေ...။ ဘယ်သူက အမိုက်ခံ အထင်မှားခံပြီး ချောင်းကြည့်ရဲမှာလဲ။ မတော် ကားထဲကမိန်းမက မြင်သွားပြီး၊ ဟွန်း နိုပ်ထည့်လိုက်ရင် အရှက်တကွဲ အကျိုးနည်းရမယ့်အဖြစ်။ ပြီး ကားထဲမှာ သည်လောက်ကြာနေပုံ ထောက်တော့ အဝတ်လဲ အလုပြင်နေတာလားမှ မသိ။ မတော်တရော် မူးယစ်ဆေးဝါး သုံးစားနေတာမျိုးဆိုရင်လဲ ဘယ့်နှယ့်လုပ်မလဲ။ အဲဒါက သူ့ကိုစ္စ သူ့လွတ်လပ်ခွင့်လေ...။ ကြည့်မိတဲ့ကိုယ့်မှာသာ တရားခံဖြစ်မှန်းမသိ ဖြစ်ရမှာ...။ မကြည့်ရဲပါဘူး။ ခိုးကြောင်ခိုးဝှက် ချောင်းကြည့်တာမျိုးလဲ brad ဝါသနာ မပါလှပါဘူး။

ဒါပေမယ့် ဘယ်လိုပြောရမလဲတော့ မသိဘူး။ သည်မိန်းမကို အနည်းဆုံး တကြော့လောက်တော့ brad ထပ်ကြည့်လိုက်မြင်လိုက်ချင်သေးတယ်။ နောက်ဆုံးအခွင့်အရေးတရပ် အနေနဲ့ ဦးကျောက်ဖန်ပြင်မှာ ပုံရိပ်ရိုက်ယူထားလိုက်ချင်သေးတယ် ဆိုပါတော့။ ဘာ့အတွက်ရယ်လို့တော့ ရည်ရွယ်ချက် ကြီးကြီးမားမား မရှိတန်ရာပါဘူး...အောက်မေ့တာပဲ။ ခက်တာက လျှပ်တပြက်ကလေး ဆုံလိုက်ရတာလေ...။ သည် တဒင်္ဂ အခိုက်အတန့်မျှနဲ့တော့ စွဲလန်းတယ် မသမုတ်နိုင်ပါဘူးနော်။ ဒါပေမယ့် ထူးခြားချက်တရပ်တော့ ရှိလေရဲ့။ bradရဲ့ဘဝမှာ အရင်က မြင်နေကျ တွေ့နေကျ မိန်းမတွေနဲ့ မတူတာကတော့ အမှန်ပဲ။ ဘာခြားနားနေတယ်တော့ ရိုက်စစ်လဲ brad မပြောတတ်ဘူး။

ကြည့်လေ...၊ သူ့ကို အရင်မောင်းထွက်ခွင့် ပေးတဲ့အနေနဲ့ ခဏရပ်စောင့်ပေးနေတာတောင် ခုထက်ထိ ကားစက်ကို မနှိုးသေးဘူး။ မျက်နှာရှေ့တည့်တည့်က မြက်ဖျာယင်းကိုလဲ မြင်ကွင်းရှင်းသွားအောင် ဖယ်ရမယ့်ကိစ္စ ဖယ်မပစ်သေးဘူး။ သည်လောက်ကြာနေရအောင် ကားထဲမှာ သူဘာလုပ်နေတာလဲ။ ကားထဲကနေပြီးတော့များ သူ့ကို အကဲခတ်ကြည့်နေလေရော့သလား မသိ။ bradရဲ့စိတ်က မရိုးသားတော့ ကိုယ့်စိတ်နဲ့နှိုင်းပြီး ကိုယ့်ကိုယ်ကို ကြံဖန် အထင်ကြီးပစ်လိုက်မိပြန်တယ်။

ဟမ်း...သည်အပေါက်မျိုးတော့ ဘယ်ချိုးလို့ ရလိမ့်မလဲ။ ကိုယ့်သိက္ခာ အကျခံလို့...။ brad သူ့ကားခေါင်းရှေ့ကပဲ မမှုလေဟန်နဲ့ ခပ်အိခွေရရ ဖြတ်လျှောက်ပြီး၊ စားသောက်ဆိုင်ထဲ ဝင်ပစ်လိုက်တယ်။ နောက် မkayရှိရာကို လုံးဝပြန်လှည့်မကြည့်ဖြစ်အောင်လဲ စိတ်ကို အမိန့်ထုတ် ချုပ်ချယ်ထားလိုက်တယ်။ သိတယ်နော်...။ ဆိုင်ထဲရောက်တော့ ဟန်ဆောင်လုပ်ထားတဲ့ မာန်ရုပ် အရေခွံ ကျွတ်သွားပြီ။ ဘဝမှန် ပြန်ရောက်သွားပြီ ပြောပါတော့။ သည်တော့ ထုံးစံအတိုင်း ဈေးအသက်သာဆုံးနဲ့ ဆင်းရဲသား အလုပ်ကြမ်းသမားစာအဖြစ် သီးသန့်စီမံထားတဲ့ အမဲသားတုံး angus ဘန်းမုန့်ညှပ် burger အမှာတပွဲနဲ့ အားလူးကြော်အလိမ် ပွဲကြီးတပွဲကို မှာလိုက် ငွေရှင်းလိုက်တယ်။ ဆိုဒါအချိုရည်ကတော့ သည်ဆိုင်မှာက ကြိုက်သလောက် ပြန်ဖြည့်သောက်နိုင်တယ်။ ပိုက်ဆံထပ်ပေးစရာ မလိုဘူး။ ကိုယ့်အလှည့်ရောက်လို့ ကိုယ်မှာတဲ့မုန့်တွေရောက်လာတော့ လင်ပန်းထဲ ကောက်ထည့်ယူလာပြီး၊ မkayရဲ့ကားက ဝမ်းသာစရာ ထွက်မသွားသေးပါလား။ ဘာရမလဲ...လူကို မမြင်ရဘူးနော်။ ကားကိုပဲ မဲကြည့်နေမှာပေ့ါ။ ကားကတော့ တလက်နစ်လက်ပြောင်း ကားအဟောင်းဝယ်ထားပုံ ရတာပဲ။ အရောင်အဆင်းက အစ ရုပ်က အတော်ကျနေပါပြီ။ bradရဲ့ အယူအဆကတော့ ကားဝယ်မစီးနိုင်သေးလဲ နေလေရော့။ သည်လိုကားဟောင်း သည်လောက်မသန့်တဲ့ကားမျိုးတော့ ဘယ်တော့မှ ဝယ်မစီးဘူးလို့ ဆုံးဖြတ်ထားတတ်တယ်။ အမျိုးအစားကတော့ အမေရိကန်ကား chevy caralierပါပဲ။ modelကတော့ ၉၅-၉၆လောက် ဖြစ်မှာပေ့ါ။ တံခါးနှစ်ပေါက်။ saloon အနီရောင်။ ညာဘက်နောက်ပိုင်း ဘီးဖုံးရွှံ့ကာမှာလဲ တိုက်ထားတာထင်ရဲ့။ နည်းနည်းချိုင့်ဝင်နေပြီး ပွန်းရာခြစ်ရာ ဒဏ်ရာတွေနဲ့။ ပြီး ရှေ့မှန်ပေါ်မှာ ရေသုတ်တံတွေလဲ မပါဘူး။ ဒါကတော့ သည်မှာက သဲကန္တာရ မိုးနည်းတဲ့ဒေသမို့...ဒါမှမဟုတ်...ဖြုတ်အခိုးခံရမှာ စိုးလို့...ထင်ပါရဲ့။ မတပ်ပဲ ဖြုတ်သိမ်းထားသလားမှ မသိ။ brad သိပ်နားလည်လှလို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် အတူနေ ကားရူးတွေ ပြောနေလေ့ရှိတဲ့ ကားအကြောင်း သောင်းပြောင်းထွေလာ ဗဟုသုတတွေအရတော့...သည်ကားရဲ့အခြေအနေမျိုးက ဘာတန်မှာလဲ။ အလွန်ရော အကျုံးရော တန်လှ တထောင်လောက်ပေ့ါ။ ရပ်ကွက်တွေထဲမှာ ပိုင်ရှင်ကလဲ သုံးနေဆဲ...ရောင်းရန် 4sale လို့လဲ နောက်မှန်မှာ ဆိုင်းဘုတ်ရေးထားတတ်တဲ့ ကားမျိုးတွေနဲ့သာတွေ့ရင် သည်မkayရဲ့ကားအခြေအနေက ရာဂဏန်းနဲ့တောင် ရနိုင်မယ်ထင်တယ်။ မkayကို အထင်သေးလို့တော့ မဟုတ်ပါဘူး။ သည်ကားကလဲ မkayရဲ့လက်ထဲမှာကို ဘယ်လောက်ထိ ကြာနေမှန်းမ မသိပဲ။

ဒါပေမယ့် ကားထဲကမိန်းမက ကားပိုင်ရှင် ဆိုတာကတော့ သေချာပါတယ်။ ဘာပြုလို့လဲဆိုတော့ ကားထဲမှာလဲ သူချည့်ပဲလေ။ ပြီးတော့ ကားသော့ကလဲ သူ့လက်ထဲမှာ...။ ပြီး စောစောက သူဝင်ထိုင်လိုက်တဲ့ဘက်ကလဲ ယာဉ်မောင်းထိုင်ခုံ။ နောက် သည်မိန်းမ ဟန်ပန်ပုံစံကြည့်ရတာကလဲ ကိုယ်တိုင်မောင်းမယ့်ပုံပါပဲ။ အဲ...တကွက်တော့ စဉ်းစားစရာ ကျန်သေးရဲ့။ သည်နေရာမှာ အချိန်းအချက်နဲ့ ရပ်ထားပြီး၊ သူ့ယောကျ်ားဖေါ်...သို့မဟုတ်...တစုံတယောက်ကို လာစောင့်နေတာများလားမှ မသိ။

ဒါပေမယ့် ဒါလဲ မဖြစ်နိုင်ပါဘူး။ သည်မိန်းမပုံပန်း ကြည့်ရတာ အဲလိုမျိုး ယောကျ်ားဓါတယောက်ယောက်ကို ချိန်းစောင့်နေတဲ့ပုံ မပေါက်ပါဘူး။ ကြည့်ပါလား...ရုပ်က။ မဖီးမလိမ်း မခြယ်မသ။ လန်းလန်းဆတ်ဆတ် တက်တက်ကြွကြွလဲ မရှိ။ အပြင်ကလာမယ့်လူကို လှမ်းမြင်နေရအောင် မျက်နှာရှေ့က နေကာယင်းရွက်ကိုလဲ မရုတ်သိမ်း။ တခါတရံဖြစ်ဖြစ် ကားအပြင်ပြန်ထွက်ပြီး ရှေ့နောက်ဝဲယာလဲ မျှော်မကြည့်။ ပြီး ဝတ်ထားတဲ့ အင်းကျီကလဲ မဟောင်းနွမ်း မတွန့်ကေဘူး ဆိုအုံးတော့။ သစ်သစ်လွင်လွင် ကောင်းကောင်းမွန်မွန် မဟုတ်။

မတတ်နိုင်ပါဘူး။ သည်ခေတ်ကြီးမှာ တစုံတယောက်ကို စောင့်နေရတာမျိုး ဆိုရင်လဲ ဘာခဲယဉ်းတာမှတ်လို့။ လက်ပတ်နာရီကို ကြည့်ပြီး၊ ခါးကြားက cell phoneနဲ့ text message နှိပ်လိုက်ရုံပေါ့။ သည်အရွယ် လူတိုင်းလိုလိုမှာ cell phone ရှိတတ်ကြတာပဲ။ သူ့ဘောင်းဘီခါးပတ်မှာ ညှပ်ထားတာ တွေ့လိုက်ပါတယ်။ သည်လောက်ထိ အကြာကြီး စောင့်မနေရပါဘူး။ ပြီး စောင့်နေတယ်ဆိုလဲ မျက်နှာရှေ့က နေကာယင်းလိပ်ကို ဘာလို့မဖယ်ပစ်ရသေးတာလဲ။ ဘာကြောင့် ဘာရည်ရွယ်ချက်နဲ့ ဆက်ကာမြဲ ကာထားရတာတုန်း။ နေရောင်ထိုးလို့ ကာထားရတယ် ဆိုရအောင်ကလဲ...နေကဖြင့် ခုမှ သူ့ကားရဲ့နောက်ဖက်က တိုက်ကြီးတိုက်ကြားမှာ မေးတင်စ ရှိသေးတယ်။ အဓိပ္ပါယ် မရှိဘူး။

ဒါဖြင့် ဘာလဲ။ ခုထက်ထိ ဘာဖြစ်လို့ ရပ်နေရတာလဲ။ ခုထက်ထိ ဘာပြုလို့ မောင်းထွက်မသွားရသေးတာလဲ။

ကြာလှပြီနော်။ ဆိုင်ထဲမှာ brad တနာရီကျော်ကြာ အချိန်ဆွဲပြီး ထိုင်စားနေတာတောင် စပွဲပေါ်မှာ ပြောင်တလင်းခါနေပြီ။ ခွက်ခွံတွေ စက္ကူအိတ်တွေလဲ အမှိုက်ပုံးထဲ သွားထည့်ပစ်လိုက်ပြီးပြီ။ bradနောက် အတော်ကြီးကြာမှ ဝင်လာစားကြတဲ့လူတွေတောင် တချို့စားပြီးကြလို့ ပြန်ထွက်သွားကုန်ကြပြီ။

ဆိုင်ကတော့ အားနာစရာ မျက်နှာပူစရာ မလိုပါဘူး။ ကိုယ်လဲ ပိုက်ဆံပေးပြီး လာဝယ်စားတဲ့လူပဲ။ ကိုယ့်နေပိုင်ခွင့်လဲ ရှိတယ်။ ဆိုင်ကကျယ်တော့ နေရာလွတ်တွေလဲ ရှိသေးတယ်။ ကိုယ်လို အလုပ်ရှိပုံမရ၊ အားနေတဲ့လူတွေ...တချို့ဆိုရင် သူများဖတ်ပြီးလို့ ချန်ထားပစ်ခဲ့တဲ့ သတင်းစာတွေ ကောက်ဖတ်၊ တချို့ဆိုရင် ဝေါဟာရ ပဟေဋ္ဌိcrossword စာအုပ်လိုက် ရှေ့ချပြီး တရွက်ပြီးတရွက် တကွက်ပြီးတကွက် ထိုင်ဖြည့်နေကြတာပဲ။ ဆိုင်ကလဲ သူ့ဆိုင် အမြဲလူစည်နေတယ် ဆိုပြီး သဘောတောင် ကျနေလိမ့်အုံးမယ်။

သိတယ်နော်...။ တော်နေကြာ နေကလေးမြင့်လာရင် အပြင်ဘက်မှာက ပူတော့မယ်လေ...။ သစ်ပင်ရိပ်ကလဲ ရှားမှရှား။ ဆိုင်ထဲမှာကတော့ လေအေးစက်ဖွင့်ရက် မဟုတ်လား။ ပြီး အချိုရည်ဆိုင်တွေကလဲ ရေအသေသောက် အပေါ့အပါးသွားဖို့ restroomတွေကလဲ သန့်သန့်ရှင်းရှင်း ကျယ်ကျယ်ဝန်းဝန်း။ သည်တော့ ဘာပူစရာ လိုသလဲ။ မkayရဲ့ကားနဲ့ပြိုင်ပြီး နေရာကမရွှေ့တမ်း brad ကျောကလေးဆန့် ထိုင်ကြည့်နေလိုက်တယ်။

ဒါပေမယ့် bradရဲ့ခေါင်းထဲမှာကတော့ မေးခွန်းတွေ မေးခွန်းတွေ တခုပြီးတခု ဆင့် ဆင့်ပေါ်လာတယ်။ သူ ဘယ်သူလဲ။ သူ ဘာလုပ်နေတာလဲ။ သူ ဘာဖြစ်လို့ သည်နေရာမှာ အကြာကြီး ရပ်နေရတာလဲ။ သူ ဘာပြုလို့ အိမ်မပြန်တာလဲ။ သူ့အသက်အရွယ်က သုံးဆယ်ဝန်းကျင်လောက်တော့ ရှိပြီဆိုတော့...သူ့မှာ လင်ယောက်ျား (သို့မဟုတ်) ယောက်ျားဖေါ်ကော မရှိဘူးလား။ မိဘ သားသမီး စသည်...မိသားစုကော...မရှိဘူးလား။ အတူမနေကြဘူးလား။ သူ ဘာအလုပ် လုပ်သလဲ။ ဘယ်မှာ ဘယ်အချိန် လုပ်သလဲ။ သည်နေ့ကော သူ အလုပ်မသွားဘူးလား။ သူလဲ ကိုယ့်လိုပဲ အလုပ်မရှိဘူးလား။ သူ ဘာလုပ်ကိုင်စားသောက်ပြီး၊ သူ့ဘဝကို သူ ဘယ်လိုရပ်တည်နေသလဲ။ ခုလို အလဟဿ အချိန်ကုန်ခံ နေနိုင်ရအောင် သူ ဘယ်က ဘာဝင်ငွေတွေများ ရနေလို့ ရထားလို့လဲ။ သူ ဘယ်တော့မှ အိမ်ပြန်မှာလဲ။ သူ့အိမ်ကကော ဘယ်မှာလဲ။ သူ သည်လိုပဲ နေကုန်အောင် နေနေတော့မှာလား။ သူ မစားမသောက်တော့ဘူးလား။ သူ မအိပ်တော့ဘူးလား။ သူ ရေချိုးသန့်စင် အလှပြင် အဝတ်လဲ စသည်ကော မလုပ်တော့ဘူးလား။ ယုတ်စွအဆုံး ခန္ဓာကိုယ်ရဲ့ဓမ္မတာ ဆီးဝမ်းစသည်ကော မစွန့်တော့ဘူးလား။ ...လား...လား...လား...။

ကင်းခြေများလောက် မေးခွန်းတွေသာ မရေမတွက်နိုင် ဖြစ်လာပြီး၊ အဖြေကတော့ တခုမှ ထွက်မလာပါဘူး။ bradလဲ ဗိုက်ပြည့်လာလို့ အိပ်ငိုက်ချင်လာတာနဲ့ လက်လျှော့လိုက်ချင်စိတ် ပေါက်လာပါတယ်။ သည်လောက် ရုပ်ရည်ကလေး သနားကမား လှုကြွင်းလှုကျန်ကလေးတွေ ရှိနေပါသေးရက်ကယ်နဲ့...သည်လောက် အတွေးရခက် ပဟေဋ္ဌိဆန်လှတဲ့ မိန်းမ...မပတ်သက် စိတ်ဝင်စားတာပဲ ကောင်းပါတယ်လေ...လို့ လက်လျှော့ လက်နက်ချပြီး အိမ်မှာပဲ ပြန်နားဖို့ brad ထိုင်နေရာက ထလိုက်တယ်။ ပြီး restroom ခဏဝင်မယ်။ ကိုယ်အလေးချိန် လျှော့မယ်။ ပြီးရင်

နောက်ဆုံး နှုတ်ဆက်တဲ့အနေနဲ့ ဝင်လာခဲ့တဲ့လမ်းအတိုင်း မkayရဲ့ကားဘေးကပဲဖြတ်ပြီး ဘတ်စ်ကားမှတ်တိုင်ရှိရာ ပြန်မယ်ပေါ့။

သိတယ်နော်...။ မိန်းမများ တရားဝင်မယူရ မချစ်ရမပေါင်းရသေးဘူး။ မျက်စိကျတယ်၊ စိတ်ဝင်စားတယ်ဆိုတဲ့ ပထမဆုံးအဆင့်လောက် ရောက်ရုံရှိသေးတယ်။ ဦးကျောက်တွေ ခြောက်ခမ်းပြီး ခေါင်းပါ အဆံချောင်ကုန်အောင် လုပ်ပစ်လိုက်တတ်တာလေ...။ အို!ဘုရားသခင်...ကြောက်လှပါပြီ...ကယ်တော်မူပါ။

တော်ပြီ။ ရပ်တန်းက ရပ်။ brad ထိုင်ရာက ထလိုက်တယ်။

ရော်...သူနဲ့ မkayနဲ့က ဓာတ်ချင်း စိတ်ချင်းများ ဆက်နေလေရော့သလား မသိ။ လောကကြီးမှာ တယောက်နဲ့တယောက် မမြင်ရ အသံမကြားရပဲနဲ့ စိတ်စိတ်ချင်း ဆက်သွယ်နားလည်နိုင်တယ် သိနိုင်တယ်ဆိုတဲ့ telepathy ရှိတယ်ဆိုတာကို brad လက်ခံယုံကြည်ရတော့မယ် ထင်ရဲ့။ ကြည့်နော်...၊ တိုက်ဆိုင်လိုက်ပုံက အံ့သြစရာကောင်းပါဘိ။ ဆိုင်ထဲမှာ bradလဲ လက်လျှော့ပြီး ပြန်မယ်လို့ ထိုင်ရာက ထလိုက်ရော...။ တပြိုင်တည်းမှာပဲ လှမ်းတိုင်ညှိနှိုင်းထားတဲ့အတိုင်း မkayကလဲ သူ့ကားထဲကနေ တံခါးဖွင့်ပြီး ရုတ်တရက် ထွက်လာပါလေရော။ ကဲ...သည့်ထက်ထူးထူးခြားခြား တိုက်ဆိုင်တာ ဘာရှိအုံးမှာလဲ။ ဒါပေမယ့် bradမှာ ပြဿနာက ပြန်ထိုင်လို့ကလဲ ကြည့်မကောင်း။ မသင့်တော်။ သည်တော့ ချော်လဲရောထိုင် ဆိုသလို...မူလက ကြံစည်ထားတဲ့အတိုင်းပဲ restroomsတွေရှိရာ အိမ်သာဘက် ဆက်ခြေဦးတည်လိုက်ပေတော့ပေါ့။

ဟောဗျ...ဖြစ်ချင်တော့ မkayကလဲ ဆိုင်ထဲ ခပ်တည်တည်ပြန်ဝင်လာပြီး restroomsတွေရှိရာ ရောက်လာပြန်တာပါပဲ။ တမင်္ဂလာကို မျက်နှာချင်းဆိုင် မတွေ့ဖြစ်တွေ့ဖြစ် မြှားနတ်မောင်က ကြံဆောင်ဖန်တီးလိုက်တာနဲ့ တူမနေပေဘူးလား။ မိန်းမနဲ့ယောကျ်ား နံရံသာခြားပြီး ဝင်ပေါက်ချင်း ခွဲထားပေမယ့်၊ အိမ်သာတွေကို လာရာလမ်းကတော့ သည်တလျှောက်တည်းပဲလေ...။ ဘယ် ရှောင်တိမ်းလို့ လွတ်တော့မှာတုန်း။

သည်တခါတော့ အလွတ်မခံ နှုတ်ဆက်တဲ့အနေနဲ့ bradက စ ယဉ်ကျေးစွာ ပြုံးပြလိုက်ပါတယ်။ မkayကိုပဲ သူ့ရှေ့ကနေ အရင်လျှောက်ဖို့ ဦးစားပေးတဲ့အနေနဲ့ bradက သူ့ပုံမှန်ခြေလှမ်းတွေကို စိပ်လိုက်ပါတယ်။ မkayကလဲ...မြင်ဖူးပါတယ် မှတ်မိပါတယ် ဆိုတဲ့ အသိအမှတ်ပြု အကြည့်မျိုးနဲ့...မkayရဲ့ ဝသီအတိုင်း မျက်ခုံးကလေး တဝက်ပင့် ပြန်ဝင့်ကြည့်လိုက်ပါတယ်။ ပြီး နှုတ်ကလဲ ညင်ညင်သာသာ thanks ပါ...တဲ့။

ဟုတ်လိုက်သမှ ဟုတ်လိုက်လေကွယ်...။ brad အကဲခတ်မမှား နိမိတ်ဖတ်မမှားခဲ့ပါဘူး။ သမုဒ္ဒရာထဲက islanderကျွန်းတကျွန်းသူ ဖြစ်ရမယ်လို့ သူတွက်ခဲ့တယ်မဟုတ်လား။ ခု ကြည့်လေ...။ thinksတဲ့။ မပီဘူး။ နည်းနည်းဝဲတယ်။

အဲ...ပြန်ထွက်အလာမှာကျတော့ မေးခွန်းတွေတထမ်းကြီးနဲ့ မေးလိုက်မဟဲ့လို့ ပြင်နေတဲ့bradက တခွန်းမှ မမေးရသေးဘူး။ မkayရဲ့ ကိုယ်ရေးကိုယ်တာမို့ မေးသင့်မမေးသင့် ချင့်ချိန်နေတုန်းရှိသေးတယ်။ ကဗျာကသီ အမှီလိုက်ထွက်လာတဲ့ မkayက တကတဲ အာသွက်လျှာသွက်နဲ့ ကောက်ကာငင်ကာ စ မေးချလိုက်လေရဲ့...။

'စောစောက တွေ့တာဟုတ်...အဲသည်ကတည်းက ရှင်ဆိုင်ထဲဝင်သွားတာ...ခုမှ စားပြီးတယ်ဟုတ်...'

Brad ကြောင်အအနဲ့ ဘာဖြေရမလဲ။ ခေါင်းပဲ ညိတ်ပြလိုက်ဖြစ်တယ်။ ပြီးတော့မှ ထုံးတမ်းစဉ်လာမအတိုင်း နှုတ်ဆက်တဲ့အနေနဲ့ လက်ကို ခပ်လျော့လျော့ ကမ်းပေးရင်း...

'ကျွန်တော် bradပါ'...

'ကျမ kayပါ...nice to meet you'...

သဘောလောက် ခပ်ဖွဖွ လက်ဆွဲနှုတ်ဆက်လိုက်ကြတယ်။...

လက်ဆွဲနှုတ်ဆက်ခွင့် ရပြီဆိုတော့မှ bradလဲ ရဲစပြုလာတယ်။ ပြောရဲလာတယ် ဆိုပါတော့။

'ခွင့်ပြုပါ...ကျွန်တော်သိချင်နေတာကလေးတွေ တခွန်းနှစ်ခွန်း မေးပါရစေ'

မkayက နှုတ်မ်းစေ့ထားရက်နဲ့...'အင်းဟင်'...လို့ အသံထွက် ခေါင်းဆတ်ခွင့်ပြုတယ်။ ပြီးတော့ မေးလာမယ့်မေးခွန်းမျိုးကို ကြိုသိနေရက်နဲ့ မသိဟန်ဆောင်ထားပြီး၊ လည်တိုင်ကြော့ကလေးကို ငဲ့မော့နားစွင့်တယ်။ မkayလဲ ငယ်တော့တာမှ မဟုတ်ပဲ။ အူ ဘယ်နှစ်ခွေ မော့ဝမ်းထဲမှာ ရှိတာလဲဆိုတာ သိတာပေါ့။ သည်စကားမျိုးနဲ့ စလာရင် ဘယ်စကားမျိုးနဲ့ ဆုံးတတ်တယ်ဆိုတဲ့ ယောကျ်ားတွေရဲ့သဘောကို နောကျေနေပါပြီ။ ဒါပေမယ့် မိန်းမတို့ဓမ္မတာ နားဝင်ချိုမယ့်စကားတွေ ဆိုတော့လဲ...အရသာခံ ကြားချင်ပါသေးတယ်ဆိုတဲ့...သဘော။ မျက်နှာပေါ်က မပြုံးတုံ့ပြုံးတုံ့အပြုံး မပီမပြင်ကလေးနဲ့ ညို့ငင်တဲ့အကြည့်ကလဲ လုရက်ပါပဲ။ တချိန်တည်းမှာ ခြေထောက်တွေကလဲ အလှမ်းမပျက် လျှောက်ရက်ပဲနော်...။ ဆိုင့်အပြင်ဘက် ပြန်ထွက်မယ့်ပုံရယ်။

Bradလဲ အပြင်ထွက်မယ့်လူဆိုတော့ ပျော်သွားပါတယ်။ အထွက်တံခါးရွက်ကို တွန်းဖွင့်ကိုင်ပေးထားပြီးမှ မkayနောက်က သူလိုက်ထွက်တယ်။ အပြင်ရောက်တော့မှ မkayရဲ့ကားရှေ့မှာ ခဏရပ်ပြီး သူ့စကား ပြန်ဆက်တယ်။ ဒါပေမယ့် အိုးမလုံအုံပွင့် ဆိုတာမျိုးများ ဖြစ်နေမလားလို့ စ မပြောခင် တချက် ပြုံးလိုက်မိသေးတယ်။ မkayကတော့ လုံးဝ ကြိုတင်မရိပ်မိဟန်နဲ့ပဲ စောင့်နားထောင်နေတယ်။

'စောစောက ဟောသည်နားမှာ kayကို မြင်လိုက်မြင်လိုက်ရချင်းမှာပေါ့နော်...ကျွန်တော့ခေါင်းထဲ အသိသစ်တခု ရလာတယ်...အော် တချို့မိန်းမတွေဟာ မျက်နှာမှာ ဘာမိတ်ကပ်မှ မချယ်သမပြင်ဆင်ပဲလဲ ရက်ရက်စက်စက် လှတတ်ကြပါကလား လို့...'

သူ့စကားက မပြတ်သေးဘူး။ မkayက ကြည်နူးရွှင်ပျ ခါးကလေးညွတ်ပြီး ဖြတ်အော်တယ်။

'bingo! ... thanks thanks gracias ... စကားတတ်တယ်နော်...ရှင်ဟာ အလွန်ချိုမြတဲ့လူပဲ'...

မကေရဲ့ကျေးဇူးစကားကြောင့် bradတောင် မျက်နှာမထားတတ်ဖြစ်လာတယ်။ ရုတ်တရက်လဲ စကား ရပ်သွားတာပေါ့။

'sorry အနှောင့်အရှက် ဖြစ်သွားတယ်ထင်ပါရဲ့...go on မေးမယ့်စကားသာ ဆက်မေးပါ'...

'အစ ပထမတော့ kayက လှတာနဲ့ ယောကျ်ားတွေရဲ့အကျင့်အတိုင်း ကြည့်မိရုံ ကြည့်မိတာပေါ့နော်...နောက်ပိုင်းကျတော့မှ kayပြုမူနေပုံတွေက ပဟေဠိဆန်လာပြီး စိတ်ဝင်စားစရာကောင်းလာတာနဲ့ ထမပြန်ဖြစ် ဖြစ်ကရော... ဩ ဆိုင်ထဲကနေ kayကို ခိုးကြည့်နေမိတဲ့အတွက်တော့ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်'

'တောင်းပန်ဖို့ မလိုပါဘူး...ကျမဖြင့် သတိတောင် မထားမိပါဘူး...ကျမ အရမ်းအိပ်ချင်တာနဲ့ ကားထဲမှာအိပ်ပျော်သွားတယ်...မသိလို့ ပြန်မေးမယ်နော်...စောစောက ရှင်ပြောလိုက်တဲ့အထဲမှာ ကျမက ပဟေဠိ ဝှက်တယ်ဆို...အဲဒါဘာလဲ...ရှင် ဘာကို ဆိုလိုတာလဲ...'

'kay ညက ကောင်းကောင်း မအိပ်ခဲ့ရလို့လား...'

'ရှင်ကချည့် မေးနေတာကို...ကျမ ပြန်မေးတာကိုတော့ ရှင်မဖြေသေးဘူးနော်...'

'ဘာပါလိမ့် kayမေးတာ...'

'ကျမက ပဟေဠိဝှက်တယ်ဆိုတာလေ...'

'အော်...kayက ပဟေဠိဆန်တယ်လို့ပြောတာပါ...ကျွန်တော်က kay ပြုမူနေပုံတွေကို မြင်ရပြီး အဖြေရှာမရတာလေ...kay ဘာပြုလို့ ကိုယ့်ကားပေါ် ကိုယ်ပြန်ရောက်ပြီးမှ အိမ် မပြန်တာလဲ...လို့'...

'ရှင် ကျမကို ခုမှ သိလို့ နေမှာပါ...သည်ဆိုင်က အလုပ်သမားတွေအားလုံးကတော့ သိကြပါတယ်...ကျမမှာ ပြန်စရာ အိမ်မှမရှိပဲ...သည်ကားက ကျမရဲ့အိမ်ပဲ...ကျမ သည်ဆိုင်မှာ အလုပ်လုပ်တယ်...ည၁၂နာရီမှာ အလုပ်ဝင်တယ်...မနက်၉နာရီ ပြီးတယ်...ကားထဲမှာ ပြန်အိပ်တယ်...အဲဒါက ရှင့်ကို စိတ်ဝင်စားစေတာလား...'

'sorryနော်...kayရဲ့ ကိုယ်ရေးကိုယ်တာတွေကို မေးမိသလို ဖြစ်သွားလို့...'

'ရပါတယ်...ကျမမှာ လျှို့ဝှက်စရာ မရှိပါဘူး'

စကားဆက်စရာ မရှိတော့ ရပ်သွားကြတယ်။ မkayကလဲ လမ်းခွဲဖို့ ဟန်ပြင်လိုက်တယ်။

'ဒါပဲလား...ရှင့်ပဟေဠိက...ဒါနဲ့ ရှင့်ကားရော...ဘယ်မှာ ရပ်ထားလဲ...'

ပြီးပါပြီ။ ယဉ်ကျေးတဲ့လူတွေအနေနဲ့ပကတော့ မkayရဲ့စကားက သွယ်ဝိုက်တဲ့နည်းနဲ့ နှုတ်ဆက်လိုက်တာပေါ့။ ကိုယ့်ကားရှိရာကိုယ်သွား၊ ပြန်တော့ဆိုတဲ့အဓိပ္ပာယ်။ bradလဲ သဘောပေါက်ပါတယ်။ ခုမှ တကြိမ်တခါပဲ မြင်ဖူးတွေ့ဖူးကြတဲ့လူချင်း တယောက်အကြောင်းတယောက် သည့်ထက် ပိုသိချင်လို့ မကောင်းတတ်သေးဘူးပေါ့နော်။ သည့်ထက်သည် ပိုသိချင်ရင်တော့ ရှေ့ ခရီးဆက်ရုံသာ ရှိတော့မပေါ့။

ဒါပေမယ့် မkay ကောက်ချက်ချလိုက်တဲ့အတိုင်း brad စကားကောင်းကြောင်း ပြောတတ်ပါတယ်။ bradရဲ့ဘက်ကလဲ ရိုးရိုးသားသား ပြန်ဖွင့်ပြောဖို့သင့်ပြီလေ...။

'kayမြင်သားနဲ့...ကျွန်တော်က ဘတ်စ်ကားပေါ်က ဆင်းလာပြီး ဈေးသက်သာတဲ့ သည်ဆိုင်မှာ ဝင်စားမယ်လို့ လျှောက်လာရင်းနဲ့ kayနဲ့ သည်နေရာမှာ...တွေ့ကြတာလေ... ကျွန်တော့မှာ ကိုယ်ပိုင်ဆိုလို့ အရုပ်ကားတောင် မရှိပါဘူး...ပြီး အခုလောလောဆယ်တော့ laidoff အလုပ်လက်မဲ့...' မkayက စိတ်မကောင်းဟန်နဲ့ ခပ်လျော့လျော့ ပြုံးတယ်။ ပြီး bradကို နှစ်သိမ့်တဲ့သဘောလဲ ဖြစ်၊ ခင်မင်ရင်းနှီးလိုစိတ်ရှိကြောင်း ပြရာလဲ ရောက်အောင်...မkayက စ လက်ကမ်းပေးလိုက်ပါတယ်။

'bye…see your around…have a nice day…'

လက်ဆွဲနှုတ်ဆက်လိုက်ကြတယ်။

ဒါပေမယ့် bradက mkayရဲ့လက်ကို ရုတ်တရက် မလွှတ်ပဲ သူ့ဘယ်ဘက်လက်နဲ့ပါ ထပ်အုပ်ပြီး တဆင့် ထပ်ကွန့်လိုက်တယ်။

'can I see you again…'

mkayကလဲ သူ့ဘယ်ဘက်လက်နဲ့ပါ ထပ်အုပ်ပြီး၊ ပြုံးပြုံးရွှင်ရွှင် ဖြေတယ်။

'of course…'
'where…'
'right here…'
'when…'
'any time…'
'kay, I'm serious…'
'I'm serious too…'
'then, tomorrow…'

'ok…'

Brad လက်တွေ ဖြေလွှတ်လိုက်ပြီး၊ လူချင်းလဲ ခွဲလိုက်တယ်။

'bye…'

'bye…'

**မောင်သာရ**
နိုဝင်ဘာ ၂၇၊ ၂၀၀၉

(သရုပ်ဖော်ပန်းချီ - သန်းဋ္ဌေးမောင်)

# အမျိုးသားစာဆို

# ဆရာဇော်ဂျီ









**‘ဒေါင်းသံ’**

လွတ်ပြီတဲ့ကျွတ်ပြီ
ကျွတ်ပြီတဲ့လွတ်ပြီ
နေမင်းမောင်လင်းရောင်လွှတ်
ဒေါင်းလွတ်ခဲ့ပြီ
တစ်ဖက်ကြွ ကခြေချီ
လည်တိုင်ငဲ့တွန်ကြွေး
လက်ရုံးရည်ရာအထောင်နှင့်
နှလုံးရည်ရာအထောင်နှင့်
တို့ခေါင်းဆောင်ညွှန်တဲ့လမ်းက
လှမ်းကြမယ်အဆွေကောင်းရယ်
ဒေါင်းသံနှင့်လေး။

# အမျိုးသားစာဆို ဝဏ္ဏကျော်ထင် ဆရာဇော်ဂျီ

## (၁၉၀၇–၁၉၉၀)

| | | |
|---|---|---|
| ၁၉၀၇ | – | ဧပြီလ ၁၂ ရက်၊ သောကြာနေ့တွင် ဖျာပုံမြို့၌ အဖ ဦးယော၊ အမိ ဒေါ်စိန်ညွန့်တို့မှ ဖွားမြင်သည်။ သားချင်း ကိုးယောက် အနက် အကြီးဆုံး သားဦး ဖြစ်သည်။ အမည်ရင်း ဦးသိန်းဟန် ဖြစ်သည်။ |
| ၁၉၁၂–၁၉ | – | ရှေးဦးစွာ ဖျာပုံမြို့ ဘုန်းတော်ကြီးကျောင်း၊ ထို့နောက် မြန်မာကျောင်း၊ ထို့နောက် ဖျာပုံမြို့ အင်္ဂလိပ်မြန်မာအစိုးရ အထက်တန်းကျောင်းတို့တွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။ |
| ၁၉၂၀ | – | ရန်ကုန်တက္ကသိုလ်၊ ပထမသပိတ်ကြီးတွင် ဖျာပုံကျောင်းသူ၊ ကျောင်းသားများနှင့်အတူ ဖျာပုံ အမျိုးသားကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ကြားခဲ့သည်။ |
| ၁၉၂၄ | – | ရန်ကုန်မြို့ အမျိုးသားအထက်တန်းကျောင်း(သရက်တောကျောင်းတိုက်) သို့ ပြောင်းရွှေ့ ပညာသင်ခဲ့သည်။ထို့နောက် အထောက်အပံ့ခံ မြို့မအမျိုးသား(တိုင်းရင်းသား) အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ခဲ့ပြီး ၁၀ ဆင့်တန်း အောင်မြင်ခဲ့သည်။ |
| | – | သစ္စာဝါဒီ သတင်းစာတိုက်က ကြီးမှူးကျင်းပသော ကဗျာဘာသာပြန် ပြိုင်ပွဲတွင်စိတ္တသုခလင်္ကာဖြင့် သစ္စာဝါဒီဆု (ရွှေဒင်္ဂါးငါးပြား) ရရှိခဲ့သည်။ (စိတ္တသုခလင်္ကာမှာ အင်္ဂလိပ် ကဗျာဆရာ Henry Wotton ၏ Thef Character of A Happy Life ကဗျာကို ဘာသာပြန်ဆိုခြင်း ဖြစ်သည်) |
| ၁၉၂၂–၂၆ | – | ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ပညာသင်ခဲ့သည်။ |
| ၁၉၂၈ | – | နောင်အခါ ပထမဦးဆုံးသော ခေတ်စမ်းကဗျာဖြစ်လာမည့် **'ပိတောက်ပန်း'** ကဗျာကို ဖွဲ့ဆို၍ ရှေးဦးစွာ ဟံသာ့ကြေးမုံစာစောင်တွင် ဖော်ပြခဲ့သည်။ ထို့နောက်မတ်လထုတ် တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း၌ ထပ်မံ ဖော်ပြခဲ့သည်။ ဥပစာတန်းကို မြန်မာစာအမှတ်အများဆုံးနှင့်အောင်မြင်၍ သာဒိုးအောင်ဆု ရခဲ့သည်။ |
| ၁၉၂၉ | – | ဝိဇ္ဇာဘွဲ့ ရရှိသည်။ (မြန်မာစာပေ၊ အင်္ဂလိပ်စာပေ၊ အရှေ့တိုင်းနိုင်ငံများ၊ သမိုင်းဘာသာရပ်များဖြင့် အောင်မြင်ခဲ့သည်။) |
| ၁၉၃၀ | – | ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်၌ မြန်မာစာနည်းပြဆရာအဖြစ် အမှုထမ်းသည်။ |
| ၁၉၃၁–၃၄ | – | ရန်ကုန်၊ မြို့မအမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ်လုပ်ကိုင်ခဲ့သည်။ |
| ၁၉၃၄ | – | ရန်ကုန်တက္ကသိုလ်၏ မဟာဝိဇ္ဇာသင်တန်းကို တက်ခဲ့သည်။ (အင်္ဂလိပ်စာပေနှင့်မြန်မာစာပေ နှစ်ဘာသာတွဲယူသည်။) |



၁၉၃၆ – မဟာဝိဇ္ဇာဘွဲ့ ရခဲ့သည်။

၁၉၃၆–၃၈ – မန္တလေး ဥပစာကောလိပ်၌ မြန်မာစာ နည်းပြဆရာအဖြစ် အမှုထမ်းသည်။

၁၉၃၈ – စာကြည့်တိုက်ပညာ၊ ပညာတော်သင်အဖြစ် လန်ဒန်တက္ကသိုလ်နှင့်ဒဗ္ဗလင်တက္ကသိုလ် တို့၌ ပညာသင်ခဲ့သည်။

၁၉၄၀ – စာကြည့်တိုက်ပညာ ဒီပလိုမာ ရရှိခဲ့သည်။

၁၉၄၁ – ရန်ကုန်တက္ကသိုလ်ကျောင်းတိုက် စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အောက်တိုဘာလတွင် ဦးဆန်း၊ ဒေါ်နှင်းဇင်တို့၏သမီး၊ ရန်ကုန်မြို့မအမျိုးသမီးကျောင်း၊ အထက်တန်းပြဆရာမ ဒေါ်စောရင် ဘီ–အေ၊ ဘီ–အီး– ဒီနှင့် လက်ထပ်ခဲ့သည်။

၁၉၄၂ – ဒုတိယကမ္ဘာစစ်အတွင်း မြန်မာစစ်အစိုးရပညာရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးဝန် (စာပေနှင့်စာကြည့်တိုက်ဌာနခွဲ)အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၄၆ – ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူး တာဝန် ထမ်းဆောင်သည်။

၁၉၄၇–၄၈ – တိုင်းပြည်ပြုလွှတ်တော်ရုံးနှင့်ရွေးကောက်ပွဲကော်မရှင်ရုံးတို့တွင် အထူးအရာရှိ (အခြေခံ ဥပဒေ အချောကိုင်ကော်မတီ၊ မြန်မာနိုင်ငံတော်အလံသီချင်းနှင့် တံဆိပ်ကော်မတီအဖွဲ့ ဝင်)အဖြစ် တာဝန်ပေးခြင်း ခံရသည်။

၁၉၄၈ – တဂ္ဂူကျော်ထင်ဘွဲ့တံဆိပ် ရသည်။

၁၉၅၀ – ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ်ဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည်။

၁၉၅၁–၅၂ – ပညာရေးလေ့လာရေးအဖွဲ့ဝင်အဖြစ် အင်္ဂလန်၊ အမေရိကန်၊ မက္ကဆီကိုနှင့်ကနေဒါနိုင်ငံ များသို့ သွားရောက်ခဲ့သည်။

၁၉၅၂–၅၇ – ပညာရေးဌာန၊ ကျောင်းသုံးစာအုပ်ပြုစုရေး (ထုတ်လုပ်ရေး) ညွှန်ကြားရေးဝန်အဖြစ်တာဝန် ယူခဲ့သည်။

၁၉၅၅ – 'သခင်ကိုယ်တော်မှိုင်း ဋီကာ' စာအုပ်အတွက် စာပေဗိမာန်၏ စာပဒေသာဆုရရှိခဲ့သည်။ ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ် ယိုးဒယားနိုင်ငံသို့ သွားရောက်ခဲ့သည်။

၁၉၅၉ – မြန်မာနိုင်ငံသမိုင်းကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခြင်းခံရသည်။

၁၉၆၁(မေလ) – ဂုဏ်ထူးဆောင်မြန်မာစာပါမောက္ခအဖြစ် ဆောင်ရွက်သည်။ သီရိပျံချီဘွဲ့တံဆိပ်ရခဲ့သည်။ ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

၁၉၆၅–၇၅ – ပညာရပ်ဝေါဟာရ ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၆၇ – တက္ကသိုလ်များဗဟို စာကြည့်တိုက်မှူးအဖြစ်မှ အငြိမ်းစားယူသည်။ ပညာရေး အထူး အရာရှိ(၁)၊ မြန်မာနိုင်ငံသုတေသနအသင်းဥက္ကဋ္ဌ တာဝန်များ ထမ်းဆောင်သည်။

၁၉၇၆ – နိုင်ငံသမိုင်းသုတေသနဦးစီးဌာန အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်သည်။ အိန္ဒိယသို့ ရာမစာတမ်းဖတ်ပွဲ တက်ရောက်ရန် ဦးခင်ဇော် (K) နှင့်အတူ သွားခဲ့သည်။

၁၉၇၉ – 'နင်လားဟဲ့ ချစ်ဒုက္ခနှင့် အခြားဝတ္ထုတိုများ' ဘာသာပြန်စာအုပ်ဖြင့် အမျိုးသားစာပေ (ဘာသာပြန်ရသစာပေ) ဆု ရခဲ့သည်။

၁၉၈၁ – အငြိမ်းစားဘဝကို အပြည့်အဝ စတင် ခံစားခဲ့သည်။

၁၉၈၇ – 'ရှေးခေတ် ပုဂံကဗျာစုနှင့် အခြားကဗျာများ' ကဗျာစာအုပ်ဖြင့် အမျိုးသားစာပေ(ကဗျာ)



ဆရာဇော်ဂျီ စာကြည့်တိုက်မှူးဘဝ



ဆုရခဲ့သည်။

၁၉၉၀ – စက်တင်ဘာလ ၂၆ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ငါးနာရီခွဲ အချိန်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘောဇလမ်း၊ အမှတ် (၁၀–က) နေအိမ်တွင် ကွယ်လွန်သည်။



# ဆရာဇော်ဂျီ ရာပြည့် အထိမ်းအမှတ် ဂါရဝပြုပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်

ယနေ့ ကြွရောက်လာကြတဲ့ ဂျပန်ရောက် စာပေချစ်မြတ်နိုးသူများ၊ အမိမြန်မာပြည် လွတ်မြောက်ရေး အတွက် ပါဝင် ဆောင်ရွက်နေကြသူများ၊ တိုင်းရင်းသား ညီအကိုမောင်နှမများနှင့်အမေရိကားမှ လာရောက်ချီးမြှင့်ဟောပြောပေးတဲ့ ဆရာမောင်စွမ်းရည်၊ ဆရာဦးဝင်းဖေတို့ ခင်ဗျား–

ပထမဦးစွာ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ဒီနေ့ဟာ ဂျပန်နိုင်ငံမှာ ကျင်းပပြုလုပ်တဲ့ အခမ်းအနား အထိမ်းအမှတ် ဂါရဝပြုပွဲနေ့ ဖြစ်ပါတယ်။လူ့သမိုင်းစဉ်တလျှောက်မှာ ငွေရတု၊ ရွှေရတု၊ စိန်ရတု နဲ့ ရာပြည့်ပွဲ အခမ်းအနားတွေကို ကျင်းပ ပြုလုပ်ကြတဲ့ အစဉ်အလာဟာ ကမ္ဘာမှာရော မြန်မာနိုင်ငံမှာပါ ရှိခဲ့ကြပါတယ်။ မြန်မာနိုင်ငံမှာတော့ ရာပြည့်ပွဲနဲ့ပတ်သတ်ပြီး တခမ်းတနား ပြုလုပ်ခဲ့ကြတာကတော့ မန်းရာပြည့်နဲ့ မှိုင်းရာပြည့် အခမ်းအနား နှစ်ရပ်ပါဘဲလို့ ထင်မိပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တနိုင်ငံလုံး အတိုင်းအတာနဲ့ ပြည်သူအများ ပါဝင်ဆင်နွှဲခဲ့ကြလို့ပါဘဲ။ ကျနော်တို့ ဒီကနေ့ ပွဲကတော့ အမျိုးသားစာဆို ဆရာဇော်ဂျီရဲ့ အသက် တရာပြည့်မွေးနေ့ အထိမ်းအမှတ် ဂါရဝ ပြုကြတဲ့ ဆရာ ဇော်ဂျီ ရာပြည့်ပွဲ ဖြစ်ပါတယ်။

ဆရာဇော်ဂျီရဲ့ မွေးနေ့ပွဲလေးတွေကို မြန်မာပြည်ထဲမှာ ဆရာရဲ့ ဇာတိမြေဖြစ်တဲ့ ရေဝတီတိုင်း ဖျာပုံမြို့မှာ နှစ်စဉ် ကျင်းပခဲ့ကြတဲ့ အစဉ်အလာ ရှိပါတယ်။ ဒီနှစ် ဆရာဇော်ဂျီ ရာပြည့်ပွဲကိုလည်း(၈–၄–၀၇)ရက်နေ့က ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ကြပါတယ်။ ဆရာဇော်ဂျီရဲ့ မိသားစုဝင်များ၊ ဖျာပုံမြို့မှ မိတ်ဆွေသင်္ဂဟ ရပ်မိရပ်ဖများ၊ မြန်မာပြည် တနံတလျားရှိ စာပေလောကမှ အထင်ကရ စာရေးဆရာများ၊ကဗျာဆရာများ၊အနုပညာရှင်များ၊စာပေမြတ်နိုးသူများ တက်ရောက် ပါဝင် ဆင်နွှဲခဲ့ကြကြောင်း သိရပါတယ်။ဒီကနေ့လဲ ဂျပန်မှာတော့ ဆရာဇော်ဂျီကို **ဇော်ဂျီရာပြည့် အထိမ်းအမှတ်** နဲ့ ကျနော်တို့ ဂါရဝပြုကြခြင်းပါ၊

ဘာကြောင့် ကျနော်တို့ဟာ **ဆရာဇော်ဂျီ ရာပြည့်ပွဲ** ကို ဂျပန်မှာ ပြုလုပ်ကြရလဲဆိုတာ ပြောကြားလိုပါတယ်။ **ဂါရဝေါစ နိဝါတောစ** ဆိုတဲ့ စကား တရားတော်နဲ့ အညီ ရိုသေထိုက်သူကို ရိုသေခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ဂါရဝပြုထိုက်သူကို ဂါရဝပြုခြင်းနဲ့ အထိမ်း အမှတ်ပြုသင့်သူကို အထိမ်းအမှတ် ပြုခြင်းဖြစ်ပါတယ်လို့ ဆိုချင်ပါတယ်။ **ဆရာဇော်ဂျီဆိုတာ ဘာလဲ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ** ဆိုတာကို အရင် ပြောရမှာ ဖြစ်ပါတယ်။ ဆရာဇော်ဂျီဟာ လူမှုလူ့ဘောင် လောကမှာ နိုင်ငံရေးသမား မဟုတ်။ အမျိုးသားစာဆို စာပေပညာရှင်တယောက်ဖြစ်ပါတယ်။ စာဆို စာပေသမား ဘဝနဲ့ လူ့ဘဝ တသက်တာလုံးကို ရိုးသား မြင့်မြတ်စွာ နေထိုင် သွားခဲ့ပြီး၊ တိုင်းပြည်နဲ့ လူမျိုးအတွက် ဂိုဏ်းဂဏ ၊ ပါတီနိုင်ငံရေး အစွဲကင်းကင်းနဲ့ မြန်မာစာပေ၊ မြန်မာယဉ်ကျေးမှု၊ မြန်မာ့ဒဿနမြန်မာ့ရေးရာတွေကို ကိုယ်ကျင့်တရား ကောင်းမွန်စွာနဲ့ တစိုက်မတ်မတ် ဦးစီး လုပ်ဆောင်ခဲ့သူ ဖြစ်ပါတယ်။ ပြီးတော့ ခေတ်စမ်းမြန်မာစာပေကို တီထွင် ဦးဆောင်ခဲ့သူတဦးဖြစ်ပြီး၊ တိုင်းပြည်နဲ့လူမျိုးအပေါ်မှာ အမြင်ကျယ်ကျယ်နဲ့ အမျိုးသားရေး အားမာန် ပါတဲ့ စိတ်တွေကို နှိုးဆွပေးတဲ့ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး စတဲ့ စာပေတွေကို ရေးသားပြုစုခဲ့ပြီး အမျိုးသားတက္ကသိုလ် စာကြည့်တိုက်ကို ဦးစီးဆောင်ရွက်ခဲ့တဲ့ စာကြည့်တိုက် ပညာရှင်တဦးဖြစ်ကာ **မြန်မာ့ရာမ ဇတ်သဘင်**ကိုလည်း ကမ္ဘာသိအောင် စွမ်းဆောင်ခဲ့သူတဦးဖြစ်ပါတယ်။ စာပေဖြင့် မြန်မာတမျိုးသားလုံးလွတ်မြောက်ရေးအတွက်သာ မကဘဲ နှင့် တမျိုးသားလုံး တိုးတက်ကြီးပွါးရေး အတွက်ပါ ကြိုးစားပြီး ဦးဆောင်ခဲ့သူ တဦးဖြစ်တာကြောင့် ဆရာဇော်ဂျီကို အမျိုးသားစာဆိုပညာရှင်လို့ တလေးတစား ဂုဏ်ပြုဂါရဝပြုကြတာပါ၊

ဂျပန်မှာ အခုလို **ဆရာဇော်ဂျီရာပြည့်** အထိမ်းအမှတ်ဂါရဝပြုပွဲ ဖြစ်ပေါ်လာဖို့ အတွက်ကတော့ ဂျပန်မှာရှိတဲ့ စာပေချစ်မြတ်နိုးသူများနှင့် ဂျပန်နိုင်ငံအခြေစိုက် စာပေအဖွဲ့ အစည်း အသီးသီးတို့ ပူးပေါင်းပါဝင်ပြီး ဆင်နွှဲကြတာ ဖြစ်ပါတယ်။ဒီအတွက် အမေလူထု ဒေါ်အမာရဲ့ ဆန္ဒအရစည်စည်ကားကား ခမ်းခမ်းနားနားဖြစ်အောင် **ဆရာမောင်စွမ်းရည်၊ ဆရာဦးဝင်းဖေ၊(ဆရာတင်မိုး)** တို့ကို

စာမျက်နှာ–၈သို့





## ဂျပန်နိုင်ငံတွင်ပြုလုပ်သော
## အမျိုးသားစာဆိုကြီး၊ ဆရာဇော်ဂျီနှစ်တစ်ရာပြည့်အထိမ်းအမှတ်အခမ်းအနားသို့ ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်အထိမ်းအမှတ်ကျင်းပရေးအဖွဲ့မှ ပေးပို့သော
## သဝဏ်လွှာ

**ချစ်ခင်လေးစားရတဲ့ ဂျပန်နိုင်ငံရောက်မြန်မာနိုင်ငံသား မြန်မာစာပေဝါသနာရှင်များခင်ဗျာ** –

၂၀၀၇ ခုနှစ်ဟာ ကျွန်တော်တို့စာပေဝါသနာရှင်တွေအဖို့ မင်္ဂလာရှိတဲ့နှစ်တစ်နှစ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၀၇ ခုနှစ်ဟာ အမျိုးသားစာဆိုတော်ကြီး ဆရာဇော်ဂျီမွေးနေ့ နှစ်တစ်ရာပြည့် အချိန်အခါသမယနဲ့ တိုက်ဆိုင်နေတဲ့ နှစ်တစ်နှစ်ဖြစ်လို့ပါပဲ။

နိုင်ငံတကာမှာ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကို ကိုယ်စားပြုတဲ့အမျိုးသားစာဆိုရှင်တွေကို သူတို့ရဲ့မွေးနေ့တွေမှာ ဂုဏ်ပြုကြတဲ့ အစဉ်အလာတွေရှိကြသလိုပဲ၊ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ လူမျိုးကို ကိုယ်စားပြုနိုင်တဲ့အမျိုးသားစာဆိုရှင်တွေကို ချီးကျူးဂုဏ်ပြုကြရမှာ ဖြစ်ပါတယ်။

**စာပေဝါသနာရှင်များခင်ဗျာ** –

ကျွန်တော်တို့မြန်မာနိုင်ငံမှာ အမျိုးသားစာဆိုကြီးလို့ပြောလိုက်ရင် ဆရာဇော်ဂျီကို မှန်းဆမြင်ယောင်မိကြပါတယ်။ ဆရာဇော်ဂျီကို မြန်မာတစ်နိုင်ငံလုံးမှာရှိကြတဲ့ ကျောင်းတော်သူ/ကျောင်းတော်သားတွေအပါအဝင်၊ ပြည်သူလူထု အပေါင်းရဲ့ကြားမှာ ခေတ်စမ်းစာပေကို ဦးစီးဦးဆောင်ပြုခဲ့ပြီး ခေတ်စမ်းကဗျာရဲ့ဦးဆောင်ပုဂ္ဂိုလ်၊ ဘာသာပြန်စာရေးဆရာ၊ ဝေဖန်ရေးစာပေပညာရှင်၊ စာကြည့်တိုက်ပညာရှင်စတဲ့ ဘက်စုံထောင့်စုံက ထူးချွန်သူ ပညာရှင်ကြီးအဖြစ် မသိသူမရှိသလောက် ထင်ပေါ်ကျော်ကြားလှသူသိများလှပါတယ်။

ဆရာဇော်ဂျီရဲ့ ဂန္ထဝင်မြောက်စာပေလက်ရာတွေဟာ မြန်မာတစ်မျိုးသားလုံးအတွက် အမျိုးသားရေး အားမာန်တွေ၊ ဘဝသင်ခန်းစာတွေ၊ ဆန်းသစ်တဲ့အတွေးအမြင်ဒဿနတွေကို သရုပ်ဖော်ပေးနိုင်ခဲ့တာမို့ မြန်မာတစ်မျိုးသားလုံးက ကဗျာကဝိကြီး၊ ဒဿနစာဆိုကြီး၊ ရသစာဆိုကြီးအဖြစ် သိမှတ်ခဲ့ကြပြီး၊ အမျိုး၊ ဘာသာ၊ သာသနာကိုလည်း ကြီးကြီးမားမား အကျိုးပြုခဲ့တာကြောင့် " **အမျိုးသားစာဆိုကြီး** " ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ချီးမြှင့်ဂုဏ်ပြုခဲ့ကြပါတယ်။ အလားတူနိုင်ငံတော်အစိုးရကလည်း ဝဏ္ဏကျော်ထင်ဘွဲ့၊ သီရိပျံ့ချီဘွဲ့၊ အမျိုးသားစာပေဆုတွေကို ပေးအပ်ချီးမြှင့် ဂုဏ်ပြုခဲ့ပါတယ်။

**စာပေဝါသနာရှင်များခင်ဗျာ** –

ပူဇာစ ပူဇနေယျာနံ – ပူဇော်ထိုက်သူကိုပူဇော်ခြင်း ဆိုတဲ့ မင်္ဂလာတရားတော်နှင့်အညီ မြန်မာစာပေလောကရဲ့ မီးရှူးတန်ဆောင်ဖြစ်တဲ့ စာပေပညာရှင်ကြီးကို သူရဲ့မွေးနေ့နှစ်တစ်ရာပြည့်အချိန်အခါမှာ ထိုက်ထိုက်တန်တန် ချီးကျူးဂုဏ်ပြုဖို့ ကျွန်တော်တို့တတွေမှာတာဝန်ရှိပါတယ်။

ဆရာဇော်ဂျီရာပြည့်အထိမ်းအမှတ်တွေ စီစဉ်ပြုလုပ်ခြင်းကြောင့် ဆရာကြီးရဲ့စာပေကျေးဇူးအထူးထူးကို ဆရာကြီးရဲ့စာပေတပည့်သားမြေးတွေက အသိအမှတ်ပြု ကျေးဇူးဆပ်ရာရောက်သလို မျိုးဆက်သစ်လူငယ်လူရွယ်တွေ





အနေနဲ့ ဆရာကြီးကို ဂုဏ်ယူအားကျစိတ်နဲ့ စာပေပညာရပ်တွေကို ဆတက်ထမ်းပိုး လေ့လာလိုက်စား အားထုတ်ပေလိုတဲ့ ဆန္ဒတွေဖြစ်လာလိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်ပါတယ်။ ဒါကြောင့်မို့ ဒီကနေ့မှာ ဒီလိုအခမ်းအနားတွေကို စီစဉ်ကျင်းပနေကြတာ ဖြစ်ပါတယ်။

- ၂ -

ဆရာဇော်ဂျီကိုမွေးထုတ်ပေးခဲ့ရာ ဖျာပုံမြို့ကပဲ ဆရာဇော်ဂျီရာပြည့်ဂုဏ်ပြုပွဲ ပြုလုပ်တာနဲ့ မလုံလောက်ပါဘူး။ တကယ်တော့ ဆရာဇော်ဂျီဟာ ဖျာပုံမြို့ကသာပိုင်တဲ့ ဖျာပုံမြို့သားမဟုတ်တော့ပါဘူး။ ဆရာဇော်ဂျီကို နိုင်ငံတော်က ပိုင်နေပါပြီ။ ဆရာဇော်ဂျီဟာ နိုင်ငံတစ်နံတစ်လျားနဲ့ သက်ဆိုင်နေပါပြီ။ တချို့အစိတ်အပိုင်းတွေဆိုရင် မြန်မာ့နယ်နိမိတ်ရဲ့အပြင်ဘက်ကိုထွက်ပြီးတော့ ကမ္ဘာ့နယ်နိမိတ်ထဲအထိ ရောက်နေပါပြီ။ ကမ္ဘာကတောင်အသိအမှတ်ပြုထားပြီးပါပြီ။

ဒါကြောင့်မို့ ဆရာဇော်ဂျီရာပြည့်ဂုဏ်ပြုအခမ်းအနားကို ဖျာပုံမြို့ တစ်မြို့ထဲမှာသာကွက်ပြီး ကျင်းပပြုလုပ်မယ်ဆိုရင် ချောင်းထဲမှာဝေလငါးကြီး လွှတ်ထားသလိုဖြစ်နေပါလိမ့်မယ်။ ဝေလငါးဟာပင်လယ်သမုဒ္ဒရာထဲမှာပဲ ခေါင်းဝင်ကိုယ်ဆန့်ဖြစ်နိုင်ပါတယ်။ ဆရာဇော်ဂျီလိုပုဂ္ဂိုလ်မျိုးရဲ့ အထိမ်းအမှတ်ပွဲကို နိုင်ငံအတိုင်းအတာနဲ့ ကျင်းပပြုလုပ်မှသာ ပင်လယ်သမုဒ္ဒရာထဲက ဝေလငါးကြီးလို ခေါင်းဝင်ကိုယ်ဆန့် ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်မို့ ဒီကနေ့ ဂျပန်နိုင်ငံမှာ ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို စီစဉ်ကျင်းပတာဟာ အထူးပဲဆီလျော်သင့်မြတ်တဲ့ အစီအစဉ်ဖြစ်ပါတယ်။

**စာပေဂါသနာရှင်များခင်ဗျာ** –

အမျိုးသားစာဆိုကြီးဆရာဇော်ဂျီကို ဖျာပုံမြို့မှာ ၁၉၀၇ ခုနှစ်၊ ဧပြီလ(၁၂)ရက်နေ့မှာ မွေးဖွားခဲ့ပြီး၊ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ(၂၆)ရက်နေ့မှာ ကွယ်လွန်ခဲ့ပါတယ်။ အခု ၂၀၀၇ ခုနှစ် ဧပြီလဟာ ဆရာဇော်ဂျီရဲ့ မွေးနေ့နှစ်တရာပြည့် အချိန်အခါဖြစ်ပါတယ်။

ရာပြည့်အချိန်အခါမှာ ဆရာကြီးရဲ့ဇာတိမြေ ဖျာပုံမြို့ရဲ့ဂုဏ်သိက္ခာ၊ ပညာရှင်ကြီးရဲ့ ထင်ပေါ်ကျော်ကြားတဲ့ ဂုဏ်သိက္ခာနဲ့အညီ ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို စည်စည်ကားကား၊ ခမ်းခမ်းနားနားကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ အခမ်းအနားမှာ ဆရာဇော်ဂျီရဲ့ဂုဏ်ပုဒ်တွေကို စာရေးဆရာကြီးတွေက အမှတ်တရဟောပြောခြင်း၊ ဆရာကြီးရဲ့ကဗျာတွေကိုရွတ်ဆိုခြင်း၊ ဂီတနဲ့သီကျူးခြင်း၊ စင်တင်ပြဇာတ်တိုနဲ့ကပြခြင်း၊ ဆရာကြီးရဲ့ဘဝမှတ်တမ်း ဓာတ်ပုံတွေနဲ့ ဆရာ့လက်ရာစာအုပ်တွေကို ခင်းကျင်းပြသခြင်း၊ ဖိတ်ခေါ်ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတွေမှာ ဆုရသူတွေကိုဆုချီးမြှင့်ခြင်း စတဲ့အစီအစဉ်တွေပါဝင်မှာဖြစ်ပါတယ်။

ဒ့ီအပြင် ထူးထူးခြားခြားဂုဏ်ပြုတဲ့အနေနဲ့ ဆရာဇော်ဂျီအထိမ်းအမှတ်ပန်းခြံတည်ဆောက်ခြင်း၊ အဓိကလမ်းမကြီးတစ်ခုကို " **ဆရာဇော်ဂျီလမ်း** " အဖြစ် အမည်ပြောင်းလဲသတ်မှတ်ခေါ်ဝေါ်ခြင်း၊ အမြင့် (၄)ပေခွဲရှိ ဆရာဇော်ဂျီပုံတူကြေးသွန်းရုပ်တုကြီးကို သွန်းလုပ်ထားရှိခြင်း၊ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်ကို တည်ထောင်ခြင်း စတဲ့လုပ်ငန်းတွေကိုလည်း စီစဉ်ဆောင်ရွက်ဆဲဖြစ်ပါတယ်။

**စာပေဝါသနာရှင်များခင်ဗျာ –**

ရာပြည့်အချိန်အခါမှာ တိုက်တွန်းနိုးဆော်လိုတာက ရာပြည့်အထိမ်းအမှတ်တွေ၊ အခမ်းအနားတွေ တည်ဆောက်ပြုလုပ်ခြင်းရဲ့ ရည်ရွယ်ချက်အတိုင်း မျိုးဆက်သစ်လူငယ်လူရွယ်တွေအနေနဲ့ ဆရာဇော်ဂျီကို ဂုဏ်ယူအားကျစိတ်ဖြစ်လာပြီး စာပေပညာရပ်တွေကို ဆတက်ထမ်းပိုးလေ့လာလိုက်စား အားထုတ်စေလိုတဲ့ဆန္ဒတွေ ဖြစ်လာအောင် လှုံ့ဆော်စည်းရုံးတဲ့အနေနဲ့ စာဖတ်ဝိုင်းတွေ၊ စာပေဆွေးနွေးပွဲတွေ၊ စာပေဟောပြောပွဲတွေ များများစားစားပြုလုပ်ပေးကြပါ။ စာဖတ်တဲ့အလေ့အကျင့်ကောင်းတွေဖြစ်ထွန်းလာအောင် ဖတ်စရာစာအုပ်တွေ တစ်စုတစ်ဝေးထဲနဲ့ များများစားစားရှိတဲ့ စာကြည့်တိုက်တွေကို ကြိုးစားတည်ဆောက်ပေးကြပါလို့ ချစ်ခင်လေးစားစွာ တိုက်တွန်းနိုးဆော်လိုက်ပါတယ်။

**ဆရာဇော်ဂျီရာပြည့်အထိမ်းအမှတ်ကျင်းပရေးအဖွဲ့**
**ဗျာပုံမြို့**

---

စာမျက်နှာ–၅မှ

ဖိတ်ပြီး ပြုလုပ် ခဲ့ကြတာပါ။ဝမ်းနည်းစရာ တခုက ဆရာ တင်မိုးဟာ ကွယ်လွန်သွားခဲ့လို့ မပါဝင်နိုင်ခြင်းပါဘဲ။ဆရာ မောင်စွမ်းရည်၊ ဆရာ ဦးဝင်းဖေတို့ကတော့ **ဆရာဇော်ဂျီ ရာပြည့်ပွဲ** ကို ဆင်နွဲဟောပြော ဂါရဝပြုဖို့ ရောက်ရှိ နေခဲ့ပါပြီ။

နိဂုံးချုပ်အနေနဲ့ယခုဆရာဇော်ဂျီ ရာပြည့် အထိမ်းအမှတ် ဂါရဝပြုပွဲကြီးကို စည်စည်ကားကား ခမ်းခမ်းနားနား ဖြစ်အောင် အဖက်ဖက်မှ တတ်နိုင်သမျှ ဝိုင်းဝန်း ကူညီ ပံ့ပိုးပေးခဲ့ကြတဲ့ စာပေအဖွဲ့အစည်းများ၊ စာပေချစ်မြတ်နိုးသူများ၊ တိုင်းရင်းသား ညီအကိုမောင်နှမ လူပုဂ္ဂိုလ် အားလုံးအား အထူးလေးစားစွာ ကျေးဇူးတင်ကြောင်း ဆရာဇော်ဂျီ ရာပြည့်ပွဲဖြစ်မြောက်ရေးကော်မတီ ကိုယ်စားမှတ်တမ်းတင် ပြောကြားလိုက်ပါတယ် ခင်ဗျာ။ ။



# ဆရာဇော်ဂျီ ရာပြည့်ပွဲသို့ ပြည်တွင်းမှပေးပို့သော အမှာစကားများ

# ဆရာပါရှု

ဒီနေ့ ကျနော်တို့ ထရိတ်ဒါးဟော်တယ်မှာ ဆရာဇော်ဂျီအထိမ်းအမှတ်ပွဲ စာတမ်းဖတ်ပွဲလုပ်တယ်...နော်။ အဲဒီကို ကျနော်သွားပြီးတော့ ဧည့်သည်အဖြစ်နဲ့ သွားပြီးတော့ တက်ရောက်တယ်နော်။ ပြီးတော့... အဲဒီ အခမ်းအနားပြီးတော့ **MRTV-3** ဆိုတာက ကျနော့်ကို **Interview** လုပ်တယ်နော်။

အဲဒီ အခမ်းအနားနဲ့ပတ်သက်ပြီးတော့ ကျနော် ပြောလာခဲ့တဲ့ ... အဲဒါကိုဘဲ ကျနော် အခု သမီးတို့ အခမ်းအနား အတွက် ပြောမယ်နော်။ မှတ်ထားပါ။ အဲဒီတော့ လွန်ခဲ့တဲ့ (၈) နှစ်၊ (၁၀) နှစ် လောက်က ဖြစ်လိမ့်မယ်နော်။ ဆရာဇော်ဂျီရဲ့ ကွယ်လွန်တဲ့ ဒုတိယနှစ်၊ နှစ်နှစ်မြောက် ဘယ်မှာ ကျင်းပသလဲဆိုတော့ ဆရာဇော်ဂျီရဲ့ဇာတိဖြစ်တဲ့ ဖျာပုံမှာ ကျင်းပတယ် ...နော်...

အဲဒီ အခမ်းအနားကို ကျနော်တို့ကို ဖိတ်တဲ့အတွက် ကျနော်တို့ ရောက်သွားတယ်။ ရောက်သွားတော့ အဲဒီ အခမ်းအနားမှာ ပြောခဲ့တဲ့စကား အခု ပြန်ပြီးတော့ သတိရတယ်...နော်။ ဒီနေ့က **MRTV-3** က **Interview** လုပ်တော့လဲပဲ အဲဒီ အကြောင်းကိုဘဲ ပြောပြတယ်။ အခု သမီးတို့ကို ဂျပန်မှာ ဆရာဇော်ဂျီရဲ့ အထိမ်းအမှတ်ပွဲ ကျင်းပမယ် ဆိုတော့ အဲဒီ အကြောင်းကိုဘဲ ပြန်ပြီးတော့ ပြောပြမယ်။ မှတ်ထားပါနော်။

ကျနော်တို့ရောက်သွားတော့ အခမ်းအနား ကျင်းပနေပြီ။ ကျင်းပတော့ ကျနော့်ကိုလဲ တိုက်တွန်းတော့ ကျနော် ထပြီးတော့ ပြောရတယ်။ ပြောတော့ ဘာပြောတာလဲဆိုတော့ ဆရာဇော်ဂျီ အထိမ်းအမှတ်ပွဲကို ဖျာပုံမြို့ ... ခင်ဗျားတို့က ကျင်းပပြုလုပ်တာ ကောင်းပါတယ်၊ ကျနော်တို့ မြန်မာစကား ဆိုရိုးတခုရှိတယ်၊ "ရွာဘုရား ရွာသား မကြည်ညိုဘူး"ဆိုတဲ့ စကားဆိုရိုး ရှိတယ်။ ဒါပေမဲ့ အဲဒီဆိုရိုးစကားကို ခင်ဗျားတို့ ဆန့်ကျင်ပြီးတော့ ဇာတိဖြစ်တဲ့ ဖျာပုံမှာ ဆရာဇော်ဂျီပွဲကို ကျင်းပပြုလုပ်တာ ကောင်းပါတယ်။

သို့သော်လည်း ဆရာဇော်ဂျီဟာ ခင်ဗျားတို့ ဖျာပုံမြို့က ကွက်ပြီးတော့ ပိုင်တဲ့ပုဂ္ဂိုလ် မဟုတ်ဘူး၊ ဆရာဇော်ဂျီဟာ တိုင်းပြည်၊ နိုင်ငံကပိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်လို့။ ကျနော် ဥပမာတခု ပြောလာတယ် ... ဝေလငါးဟာ ချောင်းထဲမှာ လွှတ် ထားလို့ရှိရင် ... ဘာလဲ ... ခေါင်းဝင်ကိုယ်ဆန့် မဖြစ်နိုင်ဘူးလို့၊ အဲဒီ ချောင်းဟာ သူ့နေရာ မဟုတ်ဘူးလို့နော် ... ဝေ လငါးရဲ့ နေရာက ဘယ်မှာလဲဆိုတော့ ပင်လယ်မှာလို့ ၊ ပင်လယ်မှာ လွှတ်ရမယ်လို့ ၊ပင်လယ်မှာ လွှတ်ထားတဲ့ အခါမှာ ဝေလငါးဟာ ခေါင်းဝင်ကိုယ်ဆန့် ဖြစ်တယ်နော်၊ ... သူ့နေရာသူ ပြန်ပြီးတော့ ရောက်သွားတယ်။

အဲဒီ အတိုင်းပဲ ... ဆရာဇော်ဂျီကို ခင်ဗျားတို့ ဖျာပုံမြို့နယ်က အထိမ်းအမှတ်ပွဲ ကျင်းပပြုလုပ်တာ ကောင်း ပါတယ်။ သို့သော်လည်းပဲ ဝေလငါးကို ချောင်းထဲမှာ လွှတ်ပြီးတော့ထားလို့ ဘယ်ဖြစ်မလဲအဲဒီတော့ ဝေလငါးရဲ့ နေရာဟာ ပင်လယ်မှာ ရှိသလိုပဲ ဆရာဇော်ဂျီကို ပိုင်တာက နိုင်ငံက ပိုင်တယ်၊ ဆရာဇော်ဂျီ အထိမ်းအမှတ်ပွဲကို နိုင်ငံကလုပ်ရမယ်လို့ အဲဒါကို ကျနော် ပြောပြခဲ့တယ်။





အဲဒီတော့ နောက်ပိုင်းမှာ ကျနော် ပြောထားခဲ့တဲ့ အတိုင်းပဲ၊ ဆရာဇော်ဂျီရဲ့ ပရိသတ်တွေ၊ စာရေးဆရာတွေ စာပေဝါသနာရှင်တွေက ဆရာဇော်ဂျီရဲ့ ရာပြည့်နှစ်ကို ကျင်းပဖို့စောင့်နေတယ်။ စောင့်နေတော့ အခုရောက်လာပြီ နော် ... အခုကျနော်တို့ ဒီမှာ ထရိတ်ဒါးဟော်တယ်မှာ ဒီနေ့ပဲ ဆရာဇော်ဂျီရဲ့ အထိမ်းအမှတ်ပွဲ ကျင်းပပြီးတော့ စာတမ်းဖတ်ပွဲတွေလုပ်တယ်၊ အဲဒီ အခမ်းအနားပါပဲ ကျနော်လည်းရောက်ခဲ့တယ်နော်၊ ဖျာပုံမှာလည်းပဲ အကြီးအကျယ် အခမ်းအနား ကျင်းပပြုလုပ်မယ်၊

အဲဒီတော့ ကျနော်ပြောချင်တာက ကျနော်တို့စောင့်နေတာ ...စောင့်နေခဲ့တဲ့ ဆရာဇော်ဂျီ ရာပြည့်ပြည်တွင်းမှာ ဝေလငါးလွှတ်လိုက်သလို ဆရာဇော်ဂျီ ရာပြည့်နေ့ကို ဒီနေ့၊ ဒီရက်၊ ဒီလမှာ ကျင်းပနေကြသလို သမီးတို့နေရာကလည်းပဲ စာပေဝါသနာရှင်တွေ ကျနော်တို့ မြန်မာနိုင်ငံက စာရေးဆရာဇော်ဂျီရဲ့ အထိမ်းအမှတ်ကို ကျင်းပပြုလုပ်တယ်ဆိုတော့ သိပ်ပြီးတော့ ဝမ်းသာအားရ ဖြစ်တယ်၊ သမီးတို့ရဲ့လုပ်ငန်းဟာ ဝေလငါးကို ပင်လယ်ထဲမှာလွှတ်တဲ့အတိုင်းပဲ ဆရာဇော်ဂျီကို နိုင်ငံကအပိုင်ဖြစ်တဲ့ အထိမ်းအမှတ်တွေ လုပ်တဲ့အပြင် နိုင်ငံခြားက ...နော် အဲဒီက အသိအမှတ်ပြုပြီးတော့ ဆရာဇော်ဂျီရဲ့ ရာပြည့် အထိမ်းအမှတ်ပွဲကို ကျင်းပပြုလုပ်တာဟာ အင်မတန် လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ဖြစ်တယ်ဆိုတဲ့ အကြောင်းကို ကျနော်ပြောပြပါတယ်။ ။

# ဆရာ ဒဂုန်တာရာ။

ဆရာဇော်ဂျီသည် ၁၉၃၀ ဝန်းကျင်က မြန်မာခေတ်ပေါ်စာပေ အလယ်ခေတ်ခေါ်ရမည်ဆိုသော ထိုကာလက စတင်၍ မင်းသုဝဏ်နှင့်အတူ ခေတ်စမ်းစာပေကို ဆရာကြီးဦးဖေမောင်တင် မိန့်ကြားသည့်အတိုင်း စတင်ခေါင်းဆောင်၍ ဆောင်ရွက်သောသူ တယောက်ဖြစ်သည်ဟု သိရပါသည်။

ခေတ်စမ်းစာပေဆိုသည်မှာ ခေတ်ကိုစမ်းသပ် ကြည့်သောအနေဖြင့် အဆန်းအသစ် စာပေဆန်းသစ်မှုတရပ်ကို တီထွင်ခြင်းဟူသော အဓိပါယ်ရှိသည်ဟူ၍ ဆရာဦးဖေမောင်တင်၏ ခေတ်စမ်းပုံပြင်တွင် အမှာစာ ရေးခဲ့သည်ကို မှတ်မိနေပါသည်။ ထိုအခါက ခေတ်ပေါ်စာပေတွင် ဝတ္ထုများ၊ ကဗျာများ ပေါ်ပေါက်ခဲ့သော်လည်း ဂန္ထဝင်စာပေ၏ အရိပ်များ လွှမ်းမိုးလျက်ရှိသောအခါတွင် ဆရာဇော်ဂျီ ခေတ်စမ်းစာပေအမည်ဖြင့် ခေတ်ပေါ်စာပေတရပ်ကို စတင်ရေးသား ဖွဲ့နွဲ့ခဲ့သည်ဟု နားလည်ထားပါသည်။

ဆရာဇော်ဂျီ၏အဆိုအရ ပိတောက်ပန်းဟူသော ကဗျာသည် ခေတ်စမ်းစာပေ သို့မဟုတ် ခေတ်စမ်းကဗျာ၏ အစဟူ၍ ပြောဆိုသည်ကို သတိရမိပါသည်။ ဆက်လက်၍လည်း ဆရာဇော်ဂျီသည် တက္ကသိုလ်စာကြည့်တိုက်တွင် ဆောင်ရွက်ရင်း တက္ကသိုလ်တွင် စာပေနှင့်ပတ်သက်၍ ဂန္ထဝင်စာပေနှင့် ခေတ်ပေါ်စာပေ ဆက်စပ်မှုအကြောင်းပါရှိသော မိန့်ခွန်းများပြောဟောသည်ကို တွေ့ရှိရပါသည်။

ခေတ်ပေါ်စာပေ၏ သမိုင်းကို ရေးမည်ဆိုလျှင် ဆရာဇော်ဂျီသည် ခေတ်စမ်းစာပေဟူသော အကာန့်၊ စာပေအခန်းတခန်းကို ခေါင်းဆောင်ပြုလုပ်သည်ဟု နားလည်ပါသည်။ ထို့ကြောင့် ကျနော်တို့သည် ဆရာဇော်ဂျီ၏ နှစ်တရာပွဲတွင် ဆရာဇော်ဂျီ၏ အဖွဲ့အနွဲ့များကို သတိရရင်း ခေတ်ပေါ်စာပေ၏ လှုပ်ရှားမှုတရပ်အဖြစ် သတိရ နေမိကြောင်းကို ပြောလိုပါ သည်။





# ဗေဒါတပွင့် ကြယ်တပွင့်

ဆရာဇော်ဂျီ
ခရမ်းပြာတင့်   ဗေဒါပွင့်လျှင်
ဧရာဝတီမြစ်ဝကျွန်းပေါ် ကြေးမုံပြင်မ
မှန်သားကွဲစ ခက်မွှာစီးဆင်း
မျှော်ရင်း ခတ်ရင်း ဖြတ်သန်းရင်းလဲ
မတ်မတ်ကူးခတ် ဘယ်သူမှတ်သလဲ၊
မခွဲမကွဲ ရဲရဲဒသသန ပညာရှင်...။

ဧရာဝတီ နီပြာရောင်စပ်
ထင်ဟပ်ဖြစ်တည် ခေတ်စမ်းစာပေ
အသစ်ဖန်တီး ရေဆန်တိုးရဲ့
ဘယ်သူမှတ်သလဲ။

ဝဲဂယက်ထဲ အံခဲမာန်ဟုန်
ဖျာပုံမြစ်မှ ဗေဒါပွင့်
ကြယ်တပွင့်လျှင် ကောင်းကင်ထက်မှ
ပြိုးပျက်ဝင်းပ မြစ်မဗေဒါ
ပေါင်းစပ်လာသည်
ကဗျာဆရာ၏ ရုပ်ပုံလွှာ။   ။

# အမေလူထုဒေါ်အမာ

" ဆရာတော်နာမည်ကြီးတွေ အများကြီးရှိတယ်၊ သူတို့တွေက ခိုင်ခိုင်မာမာ စာတွေဖွဲ့ထားခဲ့ကြတာ။ ဒါကြောင့်မို့လို့ အမေတို့ဗမာစာပေလောကမှာ အဲဒီဆရာတော်ကြီးတွေရဲ့ လက်ရာတွေနဲ့ အခိုင်အမာ တည်ဆောက်လာခဲ့ပြီးတော့ အခုနောက်ပိုင်းကျတော့ ဆရာဇော်ဂျီတို့လို ဆရာမင်းသုဝဏ်တို့လို ပေါ်လာတယ်။ ပေါ်လာတော့လည်း သူတို့ကို ချန်ထားခဲ့လို့ မဖြစ်ဘူး... နော်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဒီခေတ်မှာ ခေတ်ကာလအလျောက် ပေါ်ပေါက်တဲ့ ကဗျာမှာ သူတို့ကအလုပ်လုပ်ထားကြတာ၊ လွှမ်းမိုးထားကြတာ၊ ဒါကြောင့်မို့ ဆရာဇော်ဂျီကို အခုရာပြည့်ပွဲ ကျင်းပမယ်ဆိုတော့ အမေက ဝမ်းသာတယ်။

ဆရာ့ကျေးဇူးတွေ ဒို့အပေါ်မှာ အများကြီးရှိတာပဲလို့ ဆိုပြီးတော့ ...နော်၊ တခါ ရှင်မဟာရဋ္ဌသာရတို့ ရှင်မဟာသီလဝံသတို့ စပြီးတော့ တည်ဆောက်ခဲ့တဲ့ ဗမာ့ကဗျာဟာ သမိုင်းကြောင်းဟာ နောက်ဦးပုညတို့နဲ့ အင်မတန်ခိုင်ခန့်ပြီးတော့ အိခြေရလာတယ်၊ အဲဒီနောက်တခါ ... နော်၊ ဇော်ဂျီတို့၊ မင်းသုဝဏ်တို့ဆိုရင် လူငယ်တွေ ပေါ်လာတယ်၊ ပေါ်လာတော့ သူတို့ဒီခေတ်မှာ သူတို့ချန်ထားခဲ့လို့မဖြစ်ဘူးကွယ့်... နော်။

သူတို့ရဲ့ ...ဒီ ...ကဗျာမှာ လုပ်ဆောင်ချက်၊ အားထုတ်ချက်တွေက နည်းတာမှ မဟုတ်ပဲ၊ လူငယ်တွေက နောက်ပိုင်းလူငယ်တွေက သူတို့ဟာတွေကို မပစ်ပယ်နိုင်ဘူး၊ မေ့မထားနိုင်ဘူး၊ ချန်မထားနိုင်ဘူး၊ အဲဒီတော့ အခု ကဗျာ အဆောက်အဦပေါ်မှာ ဆရာတို့...နောက်ပိုင်းဆက်ပြီးတော့ တည်ဆောက်ခဲ့တာတွေကို သိပြီး၊ မြင်ပြီးတော့ ဆရာဇော်ဂျီ ရာပြည့်ပွဲ လုပ်မယ်ဆိုတော့ အမေက ဝမ်းသာနေတယ်။

ဆရာဇော်ဂျီကလေ ... အမေနဲ့သိပ် မကွာဘူးနော်၊ သူက အသက်တရာဆို ... ဆရာဇော်ဂျီကလေ အမေနဲ့သိပ်ကွာတာ မဟုတ်ဘူးကွ၊ အမေက အသက်ကိုးဆယ်ကျော်၊ သူက အသက်တရာဆိုတော့... ဆယ်နှစ်လောက် ကွာကြတာ၊ အဲဒီတော့ ဆရာတို့ကဗျာတွေ ရှိနေတာနဲ့ အမေတို့ လူလားမြောက်တာနဲ့ အတူတူလိုပဲ ရှိတယ်။

အဲဒီမှာ ဆရာကလေ ...ငါကထင်တာ...၊ သူ့ကို ကဗျာဆရာပဲလို့ထင်တာ၊ ဘယ်ဟုတ်မှာတုန်း ...၊ သူက အမယ် ... ဘာသာပြန်တွေ ဘာတွေလည်း လုပ်သေးတယ်တော့ ...၊ သူလုပ်တဲ့ ဘာသာပြန်စာအုပ် အမေတအုပ် ဖတ်ဘူးတယ်။အဲဒီတော့ သူက စာပေမှာ တကယ် ဝါသနာပါတဲ့ သူကိုးလို့ အောက်မေ့မိတယ်။ "

**(တဆက်တည်းမှာပဲ ပြည်ပရောက် မြန်မာနိုင်ငံသူ၊နိုင်ငံသားတွေအတွက် ဆရာမကြီး လူထုဒေါ်အမာက အခုလို ဆုံးမစကား ပြောကြားခဲ့ပါတယ်။ )**

" ဪ ... ဒီမှာ ဗမာတွေ ဆိုတာကလေ ... ဆုံးမစကား ပြောရမယ်ဆိုရင်တော့ ... သင့်သင့်မြတ်မြတ် ညီညီညွတ်ညွတ်နေလို့ အမေက မှာချင်တယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ... ဒို့ဗမာက သိပ်ပြီးတော့ ဟိုဒင်းမဖြစ်ဘူး၊ ကွဲတတ်တယ်လို့ ... နော်၊

အဲဒီတော့ သူများနိုင်ငံမှာဆို ပိုပြီးတော့ ...သည်းခံပြီး၊တယောက်ကိုတယောက် သည်းခံပြီးတော့ နေကြကွယ်လို့ ...နော်၊ ဗမာ့ဂုဏ် ဘယ်တော့မှာ မပျက်စေနဲ့ ၊ ဒါပဲ အမေသူတို့ကို ပြောချင်တယ်ကွယ် ..."



# ဆရာဇော်ဂျီ ရာပြည့်ပွဲသို့ ပြည်ပမှ
# ပေးပို့သော
# သဝဏ်လွှာများ

မြန်မာသတင်းသမဂ္ဂ
Burma Media Association

အမျိုးသားစာဆိုတော်ကြီးတပါးဖြစ်တဲ့ ဆရာဇော်ဂျီဟာ မြန်မာစာပေလောကရဲ့မီးရှူးတန်ဆောင်ဖြစ်ပါတယ်။ဆရာဟာ သူ့ သက်တမ်းတလျှောက်မှာ ဂုဏ်းဂဏစွဲ ကင်းရှင်းစွာနဲ့မြန်မာစာပေလောကတိုးတက်ရာတိုးတက်ကြောင်းကိုသာ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့လို့ စာပေဗိမာန်ဆု၊အမျိုးသားစာပေဆု၊ ဝဏ္ဏကျော်ထင်ဘွဲ့၊သီရိပျံချီဘွဲ့စတဲ့ ဂုဏ်ထူး၊ ဘွဲ့ထူးတွေနဲ့ ခေတ်အဆက်ဆက် ချီးမြှင့် မြှောက်စားခံခဲ့ရတဲ့ ပညာရှင်တပါးလည်း ဖြစ်ပါတယ်။

ဆရာ ဇော်ဂျီလို ကျေးဇူးကြီးတဲ့ ပညာရှင် စာဆိုတော်ကြီးတပါးကို သူ့ရဲ့ နှစ်တရာပြည့် မွေးနေ့မှာ ပူဇော် ဂုဏ်ပြုခွင့် ရတာဟာ ထူးကဲတဲ့ မင်္ဂလာတပါးပါ။

ဆရာဇော်ဂျီရဲ့မြင့်မြတ်တဲ့ ဂုဏ်သိက္ခာနဲ့အတိုင်းမသိ ကြီးမားတဲ့ ကျေးဇူးတွေကို လက်ရှိ မြန်မာစစ်အစိုးရက အသိအမှတ် မပြုရုံသာမက၊ ကျေးဇူး သိတတ်သူတွေက ကျင်းပကြတဲ့ ဆရာဇော်ဂျီ နှစ်တရာပြည့် မွေးနေ့ပွဲ ပျက်စီးရာ ပျက်စီးကြောင်းကို ကြံဆောင်ခဲ့ပါတယ်။ ဒီလုပ်ရပ်ဟာ မြန်မာစာပေနဲ့ မြန်မာတမျိုးသားလုံးရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေတဲ့ အမင်္ဂလာ လုပ်ရပ် ဖြစ်ပါတယ်။

မြန်မာပြည်မှာ မင်္ဂလာ တရားသာလျှင် ထွန်းကား တည်တံ့ပြီး၊ အမင်္ဂလာ တရားတွေ မြန်မြန် ထက်ထက် ချုပ်ငြိမ်းနိုင်ပါစေလို့ ဆရာဇော်ဂျီရဲ့ရာပြည့်ပွဲမှာ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**မောင်မောင်မြင့်**
**မြန်မာသတင်းသမဂ္ဂ**



**ABSDF**

**All Burma Students' Democratic Front**

## မြန်မာ့အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ (ဦးသိန်းဟန်)၏ ရာပြည့် အခမ်းအနားသို့

## မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး၏ ဂါရဝပြုမှတ်တမ်းလွှာ၊

ခေတ်ဆန်းစာပေကို ဦးဆောင်ခဲ့သူတဦးလည်းဖြစ် မြန်မာ့စာပေလောက၏ မီးရှူးတန်ဆောင်လည်းဖြစ်သော ဆရာဇော်ဂျီ၏ ရာပြည့် အခမ်းအနားများကို ပြည်တွင်းပြည်ပတွင် ကျင်းပနေကြပါသည်။

ဤသည်မှာ ဆရာ၏ လူငယ်ကျောင်းသားဘဝ၊ စာပေလှုပ်ရှားမှုဘဝ၊ ဓလေ့ရိုးရာ၊ ယဉ်ကျေးမှုနှင့်၊ မြန်မာစာပေ ဖွံ့ဖြိုးရှင်သန် တည်တံ့ရေးကြိုးပမ်းမှုများ အပါအဝင် အမျိုးသားလွတ်မြောက်ရေးနှင့် ဒီမိုကရေစီရေးတို့အတွက် ကိုယ်ကျိုးစွန့်အနစ်နာခံ ဆောင်ရွက်ခဲ့မှုများအား ဆရာ၏တပည့်သားမြေးများက ရိုကျိုး ပူဇော်နေကြခြင်း ဖြစ်သည်။

ထို့ပြင် အဖိနှိပ်ခံပြည်သူများဘက်မှ အစဉ်ထာဝရ ရပ်တည်၍ အမှန်တရားအပေါ် ရဲဝံ့တည်ကြည်စွာ ခံကာကွယ်ပေးခဲ့ကြသော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာကြီးဇော်ဂျီ၊ ဆရာကြီးမင်းသုဝဏ်တို့၏ အမျိုးသားပြည်သူတရပ်လုံးအပေါ် ထားရှိသည့် စိတ်စေတနာကားကြီးမားမှု၊ ရိုးသားဖြောင့်မတ်မှုနှင့် ဆရာတို့၏ တိုင်းပြည်နှင့်လူမျိုးအပေါ် အလုပ်အကျွေးပြုခဲ့မှုစသည့် ဂုဏ်ပုဒ်များမှာလည်း ယနေ့ ဆရာ၏ မွေးနေ့ (၁၀၀)မှသည် ထာဝစဉ် တည်တံ့နေမည်ဖြစ်ကြောင်း ထပ်လောင်း ကဗျည်းတင်လိုက်ကြခြင်းလည်း ဖြစ်သည်။

စစ်အာဏာရှင်များ၏ ထိမ်းချုပ် ကန့်သတ်မှုများကြောင့် ဆရာ၏ ရာပြည့်မွေးနေ့ပွဲကို လွတ်လပ်စွာ အထင်ကရ ကျင်းပ ပြုလုပ်ခွင့် မရရှိခဲ့ကြပါ။ ဤသည်ကပင် မြန်မာနိုင်ငံ၏ ပကတိ လက်ရှိ အခြေအနေဆိုးကို ပြဆိုနေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး –မကဒတ (ကျောင်းသားတပ်မတော်)အပါအဝင် တပည့်သားမြေးများ အားလုံးအနေဖြင့် ဆရာ၏ ဘဝ၊ စာပေ နှင့် လမ်းညွှန်ချက်များကို စံနမူနာထားလျက် လက်ရှိ အခြေအနေဆိုးအောက်မှ လွတ်မြောက်နိုင်ရေးအတွက် အားသွန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း  လေးနက်တည်ကြည်စွာ ခံဝန် ဂတိပြုအပ်ပါသည်။

စစ်အာဏာရှင်စနစ်မုချ ကျဆုံးရမည်။
ဒီမိုကရေစီတော်လှန်ရေးမုချ အောင်ရမည်။

ဗဟိုကော်မတီ
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး– မကဒတ (ကျောင်းသားတပ်မတော်)
ရက်စွဲ။ ၂၀၀၇ခုနှစ်၊ ဧပြီလ ၁၉ရက်။

# မြန်မာစာပေပညာရှင် မဟာကဗျာဆရာကြီးဇော်ဂျီ မွေးနေ့ ရာပြည့် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊

နေ့စွဲ ၊ ဧပြီလ ၁၂ ရက်၊ ၂၀၀၇ ခုနှစ်

ယနေ့သည် ၂၀ရာစု မြန်မာစာပေသမိုင်းတွင် တမျိုးသားလုံး ကြည်ညိုအားထားရသည့် စာပေပညာရှင်ကြီးများထဲမှ မဟာကဗျာဆရာကြီး ဇော်ဂျီ၏ ရာပြည့်မွေးနေ့ မင်္ဂလာရက်မြတ်ဖြစ်ပါသည်။ ဆရာကြီးနှင့်အတူ ရွှေရောင်ဖိုးလွှမ်းသော မြန်မာ စာပေခေတ်ကို ဂုဏ်ပြုကာ ပြန်လည် တမ်းတ ဖော်ကျူးကြမည့် အခမ်းအနားကို ထူးကဲစွာ စီရင်ကျင်းပကြသည့် ဂျပန်နိုင်ငံရောက် စာပေဝါသနာရှင်အပေါင်းကို လေးစားမိပါသည်။

ခေတ်စနစ်ကို ပြန်လည် အောက်မေ့ရာတွင် အဆိုပါခေတ်စနစ်၌ ပြည်သူများ ကြုံတွေ့နေရသည့် ရင်ဆိုင်တိုက်ပွဲနှင့် တော်လှန်ရေးများတွင် ရှေ့တန်းမှ ပါဝင်ထမ်းရွက်သည့် စာပေအတွေးအခေါ်၊ စာပေလှုပ်ရှားမှုများအပြင် ဦးဆောင်သူ ပုဂ္ဂိုလ်ကြီးများကို ထုတ်ဖော် ဂါရဝပြုခြင်းသည် တမျိုးသားလုံးအတွက် ဝမ်းမြောက် ဂုဏ်ယူဖွယ်ရာ လုပ်ဆောင်ချက်ဖြစ်ပါသည်။

မြန်မာစာပေပညာရှင်နှင့် မဟာကဗျာဆရာကြီးဇော်ဂျီသည် နယ်ချဲ့ခေတ်နှင့် ပြည်တွင်းစစ်ကာလများအတွင်း စာပေတော်လှန်ရေးစိတ်ဓာတ် နိုးကြားထက်သန်စေရန် အဖိနှိပ်ခံ အပေါင်းနှင့်တန်းတူရေးတိုက်ပွဲဝင် အမျိုးသားထုများကို အားပေးလှုံ့ဆော်ရာ၌ တော်လှန်အတွေးအခေါ်များ၊ သစ်လွင် အယူအဆများကို ကဗျာ အနုလက်ရာ အားကောင်းစွာဖြင့် သူ မတူအောင် ထူးခြားပြောင်မြောက်စွာ ရေးဖွဲ့ခဲ့သည့် စာပေကဗျာ ကဝိကြီး ဖြစ်ပါသည်။

ဆရာကြီးဇော်ဂျီသည် ယခုလို တိုင်းပြည် လွတ်လပ်ရေးအတွက် ရည်ရွယ် လှုံ့ဆော်သည့် ကဗျာများ ရေးသားစပ်ဆို ခဲ့သည့်အပြင် စာပေလေ့လာလိုက်စားမှုနှင့် ထိုးထွင်းဉာဏ်ကို အားပြု၍ မြန်မာစာပေသမိုင်းသာမက၊ ကျူးကျော်သူတို့၏ စာပေကိုပင် တန်ဖိုးထား လေးစားကာ လေ့လာလိုက်စားခဲ့သူ စာပေပညာရှင်ကြီးဖြစ်သကဲ့သို့၊ မည်သည့် လူမျိုး၏ စာပေဟု သဘော မထားဘဲ စာပေပညာကို စာပေမြတ်နိုးသူများ သိရှိ နားလည်စေရန်နှင့် ပြည်သူအပေါင်း မျက်စိပွင့်စေရန် စာပေ ပေါင်းကူးပေးခဲ့သူ ဖြစ်ပါသည်။ နောင်းခေတ်လူများ အတုယူ အားကျဖွယ်ရာ လုပ်ဆောင်ချက်ကို လမ်းပြခဲ့သည့် စာပေကြယ်ပွင့်ကြီးအဖြစ် ရုပ်လုံး ပေါ်စေခဲ့ပါသည်။ အတွေးအရောင်ကင်းစွာဖြင့် စာပေအပေါ် သန့်စင်စေခဲ့သူ ဖြစ်ပါသည်။

မြန်မာအမျိုးသားထု၏ စာပေတန်ဖိုး၊ စာပေပညာကိုလည်း အခြားတိုင်းနိုင်ငံသားများ သိရှိစေရန် ကြိုးပမ်းခဲ့သည့် အလျောက် နိုင်ငံခြားသားများပင် ချီးကျူးရလောက်သည့် စာပေမေတ္တာ၊ စာပေစေတနာကြီးမားသည့် မြန်မာစာပေပညာရှင်ကြီးကြောင့် မြန်မာ့စာပေသည် ကမ္ဘာ့အလယ်တွင် ဂုဏ်တင့် စေခဲ့ပြန်ပါသည်။

အခြားသော စာပေ အရေးတော်ပုံများအပြင် ခေတ်စမ်းကဗျာကို ရှေးဦးစွာ ဖော်ထုတ်ရင်း မြန်မာ့စာပေကို ပိုမိုခိုင်ခံ့ခြင်းနှင့်သစ်လွင်ခြင်းများ ရှိစေရန် ရှေ့ဆောင်ဦးရွက်ပြုခဲ့သူ ဆရာကြီး၏ စာပေလှုပ်ရှားမှု နှင့် တထပ်တည်း ကျနေမည့် ကိုယ်ရေး အကြောင်းအရာများနှင့်အတူ ဆရာကြီး၏ စွမ်းပကားကြီးမားသည့် တော်လှန်ရေး တိုက်ပွဲဝင် အားမာန်မြင့် ကဗျာများနှင့် ဘဝဒဿန ရာပုံတော်ကဗျာများကို ရွတ်ဆိုရင်း မြန်မာ့စာပေရနံ့များ ထုံသင်းမွှေးပြန့်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။



# ဆရာဇော်ဂျီ

ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့ရဲ့ နောက်ပိုင်းမှာ ပေါ်ပေါက်တဲ့ ဗမာပြည်က ကဗျာရေးသူနဲ့ ကဗျာမြတ်နိုးသူတိုင်းရဲ့ အသွေးအသားထဲမှာ သူတို့နှစ်ဦးရဲ့ကဗျာတွေ စီးဝင်လှည့်ပတ် နေပါတယ်။ ဗမာပြည်မှာ သူတို့ကဗျာတွေ မဖတ်ပဲ ( ဒီနေ့အထိပါ၊နောင်အနှစ်တရာ ဆိုရင်တော့ မပြောတတ်ပါ ) ကဗျာဆရာ မဖြစ်နိုင်ပါဘူး။ သူတို့ကဗျာလောက်မှ မဖတ်ဖူးပဲနဲ့ ကိုယ့်ကိုယ်ကို ကဗျာဆရာလို့ပြောသူကို ကျနော်တော့ မျက်မှောင်ကုတ်ပြီး ကြည့်မိမှာပါ။

သူတို့ ကဗျာတွေကို ကြည့်ရင် စာပေဟာ နိုင်ငံရေးနဲ့ ကင်းသင့်မကင်းသင့်၊ ဘက်လိုက်သင့် မလိုက်သင့်ဆိုတာတွေ ရှင်းသွားတယ် ထင်ပါတယ်။ သူတို့များ ဆင်မို့လို့ နောက်မှာ လမ်းဖြစ်ကျန်ရစ်တာပါ။

ကျနော်တော့ ဘယ်လိုမှ မမှီနိုင်ပေမဲ့ သူတို့ရဲ့စာများကို တသက်လုံး အတုခိုးနေပါမယ်။

**ဖိုးသံ(လူထု)**

---

ဆရာကြီး၏ မပြီးပြတ်သေးသော တရားမျှတရေး တိုက်ပွဲကို မြန်မာစာပေအကျိုး မျှော်ကိုးသူ အပေါင်း ညီညွတ်စွာဖြင့် ဆက်လက်၍သယ်ပိုးထမ်းရွက်နိုင်ကြပါစေ။

သွေးစည်းခိုင်မာစွာဖြင့် –
စာပေအနုပညာအသင်း (မြန်မာနိုင်ငံ)
နယူးဒေလီ၊ အိန္ဒိယ။

Thitsar Revolutionary Magazine
တော်လှန်ရေး စာစေမဂ္ဂဇင်း
#4636 S.Lafayette St,Fort Wayne,IN 46806,USA, e-mail:zinzinjp2003@yahoo.com

ဆရာဇော်ဂျီ ရာပြည့်ပွဲတွင် တက်ရောက်ဟောပြောမည့် ဆရာ နှစ်ဦး၏ ကိုယ်ရေးအကျဉ်း

# အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ၏မွေးနေ့ နှစ် (၁၀၀)ပြည့်သို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၀၇-ဧပြီ-၂၆။

အခမ်းအနား ကျင်းပရေးကော်မတီနှင့် အခမ်းအနားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးပေးကြသော မိတ်ဆွေများနှင့် အခမ်းအနားသို့ တက်ရောက်သော မိတ်ဆွေများ၊ ဟောပြောပေးသည့် ဆရာ[illegible]မောင်စွမ်းရည်၊ ဆရာဦးဝင်းဖေနှင့် အဖွဲ့ဝင်များသို့ ... ဤသဝဏ်လွှာကို ... သစ္စာတော်လှန်ရေးစာပေအင်အားစု[illegible]လိုက်[illegible] ပေးပို့လိုက်ပါသည်။

(၁) ဗမာပြည်အမျိုးသားစာဆို ဆရာကြီးဇော်ဂျီ မွေးနေ့ နှစ်[illegible]ပြည့်[illegible] စီစဉ်ကြ၊ ဝိုင်းဝန်း ဆောင်ရွက်ပေးကြသူများ အားလုံးကို အထူးကျေးဇူးတင်ပါသ[illegible] ဂုဏ်လ[illegible]သည်။

(၂) အားလုံးသိရှိကြသည့်[illegible]ကြီးဇော်ဂျီသည် ခေတ်စမ်း[illegible]ခေါင်းဆောင်[illegible]ဦးဖြစ်သည်။ ယနေ့မျက်မှောက်ခေတ်စာပေသည် ရှေး[illegible]အပ်[illegible] ဂန္ထဝင်စာပေနှင့်ခေတ်[illegible]ခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာ့စာပေ၏ကျေးဇူးပြု[illegible]ချို၍ ကြီးမားခဲ့ ပါသည်[illegible]ခေတ်စမ်း[illegible] ဖန်တီးခဲ့သူ ဆရာ[illegible]ဂျီ၏စာပေသည် အမျိုးသားစာပေ၏ ကြန်အင် [illegible]လက္ခဏာများကို[illegible]။ [illegible]စာပေဖန်တီးမှုနှင့်အတတ်ပ[illegible]ဆိုင်ရာ ရသစာပေနှင့်စာပေဝေဖန် သုံးသပ်[illegible]ကြားခဲ့သည့် စာပေများ[illegible]သည်။ [illegible]သို့ ထိုစာပေများက လွှမ်းမိုးဆဲဖြစ်[illegible]မှုန်းသီဖွဲ့ခဲ့သည့် စာပေအနု[illegible]နိုးကျင် လူ့ဘဝကို ထင်ဟပ်နိုင်ခဲ့သည်သာမက လူ့[illegible]ကို ခွန်အားနှင့်သတ္တိ[illegible]ဖြစ်ထွန်းစေခဲ့သ[illegible]

(၃) သူ၏စာပေကတဆင့် ကျနော်တို့အားလုံး [illegible]သည့်[illegible]ဆုံးသော သင်ခန်းစာမှာ လူ့ဘဝကိုထင်ဟပ်သော စာပေသည် လူ့ဘဝကို ပြောင်းလဲစေခဲ့သည်ဆို[illegible]အချက်[illegible]သည်။ [illegible]ဆရာ၊ စာရေးဆရာများအတွက် ဆရာဇော်ဂျီ ပေးခဲ့သည့် စာပေသဘောတရားများအနက်က [illegible]သည့် အချက်မှာ ပြည်သူလူထုအပေါ် မေတ္တာစေတနာ ထားရှိရေးဖြစ်သည်။ မေတ္တာပို့ရုံဖြင့်မလုံလောက်၊ ပြည်သူလူထုအပေါ် စာနာ[illegible]းလည်စွာ ပြည့်သူဘဝကို မြှင့်တင်ရေး၊ လွတ်မြောက်ရေးတို့အတွက် ရေးသားသီကုံးရန်ဖြစ်သည်။

(၄) ဤကဲ့သို့သော မြင့်မြတ်ဖြူစင်သည့် အမျိုးသားစာဆို ဆရာဇော်ဂျီကို ကျနော်တို့အားလုံး အောက်မေ့တသ သတိရနေယုံဖြင့် လုံလောက်မှာ မဟုတ်ပေ။ ပြည်သူတို့အပေါ် မေတ္တာစေတနာထားသော သူ၏စာပေလမ်းကို လိုက်ရလိမ့်မည်။ ထိုသို့ သူ၏စာပေလမ်းကို လိုက်ခြင်းဖြင့် အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီအား ဂုဏ်ပြုကြပါစို့။

**တော်လှန်ရေးသစ္စာဖြင့် ... ... ...**
**သစ္စာတော်လှန်ရေးစာပေအင်အားစုနှင့်**
**တာဝန်ခံအယ်ဒီတာအဖွဲ့**





# ဆရာဇော်ဂျီ ရာပြည့်ပွဲတွင် တက်ရောက်ဟောပြောမည့် ဆရာ နှစ်ဦး၏ ကိုယ်ရေးအကျဉ်း

# ကဗျာဆရာ၊ ဝေဖန်ရေးဆရာ မောင်စွမ်းရည်

| | | |
|---|---|---|
| အမည်ရင်း | – | ဦးဝင်းဖေ၊ |
| မိဘ | – | ဦးသိန်းဖေ (ရွာသူကြီး၊ မူလတန်းကျောင်းအုပ်)၊ ဒေါ်တင်ကြည်၊ |
| ဇာတိ | – | မြင်းခြံမြို့နယ်၊ ကန်ဆင့်တောင်ရွာ၊ |
| မွေးချင်း | – | (၇) ဦးအနက် အကြီးဆုံး၊ |
| မွေးနှစ် | – | ၁၉၃၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့၊ |
| ပညာရေး | – | ဝိဇ္ဇာ၊ ပညာရေး ဒီပလိုမာ၊ စာကြည့်တိုက်ပညာဒီပလိုမာ၊ |
| အလုပ် | – | ကျောင်းဆရာ၊ သမိုင်း–ပြည်သူ့နီတိ–မြန်မာစာ သင်ရိုးအဖွဲ့ဝင်၊ မြန်မာစာသင်ရိုးလက်ထောက်၊ ဌာနခွဲမှူး (စာကြည့်တိုက်)၊ ရန်ကုန်၊ တက္ကသိုလ်စာကြည့်တိုက်ပညာဌာန ပြင်ပကထိကနှင့်စာစစ်၊ ပညာတန်ဆောင်ပညာရေးမဂ္ဂဇင်း အတိုင်ပင်ခံအယ်ဒီတာအဖွဲ့ဝင်၊ |
| စာပေအတွေ့အကြုံ | – | ၁၉၅၃ ခုနှစ် – မန္တလေး အထက (၁) ကျောင်းသားသမဂ္ဂစာစောင်မှာ ကဗျာ စတင်ရေး၊ |
| | – | ၁၉၅၉ ခုနှစ် ၊ မန္တလေးတက္ကသိုလ် နှစ်ပတ်လည် မဂ္ဂဇင်းကော်မတီ အတွင်းရေးမှူး၊ |
| | – | ၁၉၅၇–၅၉ ကျောင်းသားသမဂ္ဂအမှုဆောင်၊ |
| | – | ၁၉၆၁–၆၂ မန္တလေးတက္ကသိုလ် ကလောင်ရှင်အသင်း အတွင်းရေးမှူး။ |
| | – | **၁၉၆၂–၂၀၀၂ (မြန်မာပြည်တွင်း)** အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း အလုပ်အမှုဆောင်၊ (တွဲဖက်အတွင်းရေးမှူး) လူထုသတင်းစာ၊ ရှုမဝ၊ ငွေတာရီ၊ မိုးဝေ၊ စာပေဂျာနယ်၊ သောင်းပြောင်းထွေလာ၊ မြားနတ်မောင်၊ ရွှေဝတ်မှုန်၊ မန္တလေးဂျာနယ်၊ ဖြူတီ စတဲ့စာနယ်ဇင်းတွေမှာ ကဗျာနဲ့စာပေဝေဖန်စာများ ရေးသူ။ မြန်မာ့ရိုးရာ လူထုတေး စုဆောင်းသူ၊ ပေပုရပိုက် စုဆောင်းသူ၊ |
| | – | **၂၀၀၂ နှင့် နောက်ပိုင်း (မြန်မာပြည်ပ)** ၂၀၀၂–နီဝင်ဘာ– နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့၊ လေဒင်တက္ကသိုလ်၊ အာရှစာပေ နီးနှောဖလှယ်ပွဲမှာ စာတမ်းဖတ်။ ၂၀၀၃–(၁) အိုင်အိုဝါတက္ကသိုလ်စာရေးသားမှု အစီအစဉ် ဖဲလိုးရှစ် (၃)လ၊ (၂) နီဘရာစကာမြို့၊ KHN အနုပညာစခန်းဝင်၊ (၃) ဝါရှင်တန်တက္ကသိုလ်၊ FBC နှစ်လည်ပွဲ၊ စာတန်းဖတ်၊ ၂၀၀၄–၂၀၀၅ မြောက်အီလီနွိုက်တက္ကသိုလ်၊ Center for Burma Studies မှာသုတေသီ၊ |





၂၀၀၅– ဂျပန်နိုင်ငံ၊ မိုးသောက်ကြယ်စာကြည့်တိုက် နာယက၊
၂၀၀၆– (၁) DVB, RFA အသံလွှင့်ဌာနများ၏ အသံလွှင့်ဆောင်းပါးရှင် (ရွှေဒေါင်းတောင်ကဏ္ဍ)၊
(၂) VOA အသံလွှင့်ဌာန၏ သက်ကြီးစကား သက်ငယ်ကြား အစီအစဉ်၊

ယခုမိုးမခ Radio and Multimedia ရဲ့ Adviser အဓါအားလျော်စွာ ပြည်ပ ရောက် မြန်မာများရဲ့ စာအုပ်၊ စာစောင် ထုတ်ဝေရေးလုပ်ငန်းများ အတွက် အတိုင်ပင်ခံ အယ်ဒီတာ။ ဂျပန် မေခရေဒီယိုအဖွဲ့ အကြံပေး၊

## ရေးသားထုတ်ဝေခဲ့တဲ့စာအုပ်များ

| | |
|---|---|
| (၁) စိတ္တကဗျာများ၊ | ၁၉၆၀ |
| (၂) အနီနှင့်အပြာ ကဗျာများ (အမျိုးသားစာပေဆု)၊ | ၁၉၆၄ |
| (၃) ဟိုချီမင်အကျဉ်းထောင်က ပုလွေသံ (ဘာသာပြန်ကဗျာ)၊ | ၁၉၆၄ |
| (၄) ပြည်သူ့ရှုဒေါင့် စာအုပ်ဝေဖန်ချက်များ၊ | ၁၉၆၆ |
| (၅) မန္တလေးမြို့ရဲ့ မနက်ခင်းကဗျာများ၊ | ၁၉၇၁ |
| (၆) ဂယက်စာပေဆောင်းပါးများ၊ | ၁၉၇၃ |
| (၇) မြန်မာစာပေ ဘာလဲ ဘယ်လဲ၊ | ၁၉၇၆ |
| (၈) အတွေးကြွယ်ကြွယ်၊ အရေးလွယ်လွယ် အက်ဆေးငယ်များ (ဒေါ်နွံ့ကြည်နဲ့တွဲ) | ၁၉၈၂ |
| (၉) စာပန်းချီ စာစီစာကုံးများ၊ | ၁၉၉၆ |
| (၁၀) ဖိုးဝနဲ့ဖိုးလု ကလေးကဗျာများ၊ | ၁၉၉၉ |
| (၁၁) နံ့သာသူခိုးနှင့်ဝတ္ထုတိုများ၊ | ၂၀၀၀ |
| (၁၂) ကဗျာဆရာ့အဖေ ကဗျာဆရာ့အမေ၊ | ၂၀၀၂ |
| (၁၃) သူတို့နှင့်ကျနော်၊ | ၂၀၀၂ |

# စာရေးဆရာ၊ဒါရိုက်တာ၊ပန်းချီဆရာ
# ဦးဝင်းဖေ

၁၉၃၆ ခုနှစ် မန္တလေးမှာမွေး၊
မန္တလေးနဲ့ရန်ကုန်တက္ကသိုလ်တွေမှာစာသင်၊
ငယ်စဉ်ကထဲက ပန်းချီနဲ့ ဂီတကိုသင်၊
တွဲဘက်အထက်တန်းကျောင်းအုပ်လုပ်–
မန္တလေး လူထုသတင်းစာနဲ့ စာပေတိုက်မှာ လက်သင်နိုင်ငံခြားရေး အယ်ဒီတာနဲ့ သရုပ်ဖော်
ပန်းချီဆရာ၊ ကာတွန်းဆရာလုပ်၊
အနုပညာ၊ ပန်တျာနဲ့ အက ကျောင်းအုပ်လုပ်–
ရုပ်ရှင်ဒါရိုက်တာလုပ်–
ဝတ္ထုတိုတွေရေး–
ရေဒီယိုဖရီးအေးရှားမှာ– စီနီယာအယ်ဒီတာ အဖြစ်အမှုထမ်း–
လောလောဆယ် အမေရိကန်ပြည်ထောင်စုမှာနေ ။ ။

# ဆရာဇော်ဂျီ

# ရာပြည့်ပွဲ

# တိုကျို၊ ဂျပန်။



ဆရာဇော်ဂျီ ရာပြည့်ပွဲကျင်းပရေးကော်မီတီမှ
အခမဲ့ ဖြန့်ချိပါသည်။

၂၉၊ဧပြီလ၊၂၀၀၇


ဆောင်းလုလင်
အန္တိမခရီးသည်
ဂမ္ဘီရသိပ္ပံဆန်းကြယ်ဝတ္ထု

## . . . အပိုင်း - ၁ . . .

ကျွန်တော်သည် ကမ္ဘာမြေပေါ်မှလူသားတစ်ဦးဖြစ်ပါ၏။ ကျွန်တော်၏အသက်သည် ယခုအခါ ၅ရနှစ်ရှိပေပြီ။ ကျွန်တော်သည် လူသားတစ်ဦးပင်ဖြစ်သော်လည်း ကျွန်တော်ကဲ့သို့သော ကမ္ဘာပေါ်မှလူသားများကို မြင်တွေ့ဖူးခြင်း မရှိပါ။ ကျွန်တော်တို့လူသားများ၏ဇာတိဖြစ်သော ကမ္ဘာမြေပေါ်သို့လဲ မရောက်ဖူးပါချေ။

ကျွန်တော်သည် မွေးဖွားစကာလကတည်းကပင် ယခု အသက်၅ရနှစ်အရွယ်ထိ အာကာသယာဉ်ထဲ၌ကြီးပြင်း လာရခြင်းဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် ကျွန်တော်တို့လူသားများ၏ ကမ္ဘာဂြိုလ်သည် မည်သည့်အရပ်၌ရှိကြောင်းလည်း မသိ တော့ပါ။ လူသားများ၏ သက်တမ်းမှာ အနှစ်တစ်ရာပြည့်သည်ထိနေထိုင်ရခြင်းမရှိပါသဖြင့် ကျွန်တော်သည် အာကာ သဟင်းလင်းပြင်ထဲ၌ပင် သေဆုံးရတော့မည်ဖြစ်ပါသည်၊

ကံကောင်းထောက်မစွာဖြင့် ကျွန်တော်တို့ကမ္ဘာမှ ဦးတည်ပစ်လွှတ်လိုက်သော ကျွန်တော်စီးနင်းလိုက်ပါလာ သည့်အာကာသဒုံးယာဉ်သည် သတ်မှတ်ချိန်အတွင်း ပစ်မှတ်ထားရာဂြိုလ်ပေါ်သို့ရောက်ရှိခဲ့ပါက ကျွန်တော်သည် မသေမီမြေသားထုအားခြေချခွင့်ရမည်ဖြစ်ပေသည်။ အကယ်၍ ကျွန်တော်သွားရောက်မည့်ဂြိုလ်ပေါ်သို့ ဘေးရန်ကင်း စွာရောက်ရှိပြီး ဂြိုလ်၏မြေသားထုပေါ် ခြေချခွင့်ရသည့်တိုင် ကျွန်တော်သည် ဝမ်းမြောက်ဝမ်းသာဖြစ်လိမ့်မည် မဟုတ်ပါ။ အကြောင်းမှာ အသက်အရွယ်ထောက်၍ ဇရာချည်းနင်းနေသောကျွန်တော့်အတွက် အနာဂတ်သည်ပျောက် ဆုံးနေပြီးဖြစ်သောကြောင့်ပင်။

ကျွန်တော်ကား သေရမည့်ရက်ကို အာကာသအတွင်း၌ အထီးကျန်စွာစောင့်မျှော်နေသော စကြာဝဠာခရီးသည် တစ်ယောက်ဖြစ်ပါသည်။

* * * * *

ကမ္ဘာဂြိုလ်ပေါ်မှ အာကာသသိပ္ပံပညာရှင်များသည် ခရစ်သက္ကရာဇ်၄၃၆၅ခုနှစ်တွင် စကြာဝဠာအတွင်းရှိ ဂြိုလ် တစ်လုံးမှသက်ရှိများ၏ပုံရိပ်ကိုဖမ်းယူရရှိခဲ့လေသည်။ သက်ရှိများကိုတွေ့မြင်ရသောဂြိုလ်မှာ ကမ္ဘာဂြိုလ်မှ မိုင်ပေါင်း သန်းတစ်ထောင်ဝေးသောအရပ်၌တည်ရှိလေသည်။

ဂြိုလ်တစ်ခုလုံး အစိမ်းရောင်ဖုံးလွှမ်းနေသော ထိုဂြိုလ်ပေါ်တွင် လူ၏ခန္ဓာကိုယ်ပုံပန်းသဏ္ဍာန်အတိုင်း ခြေနှစ် ဖက်၊ လက်နှစ်ဖက်ဖြင့်မတ်မတ်ရပ်၍နေသော လူသားများ၏ပုံရိပ်ကို အာကာသတွင်းလွှတ်တင်ထားသည့် အာကာသ စခန်းတစ်ခုမှဖမ်းယူရရှိခဲ့ခြင်းဖြစ်ပါသည်။

လူတို့သည် စကြာဝဠာအတွင်း၌ မိမိတို့ကဲ့သို့ သက်ရှိသတ္တဝါများတည်ရှိနေလိမ့်မည်ဟု ၂ဝရာစုအစပိုင်းက ပင်ယုံကြည်ခဲ့လေသည်။

ကမ္ဘာပေါ်မှ ရံဖန်ရံခါမြင်ရတွေ့ရတတ်သော ပန်းကန်ပြားပျံဆိုသည့်ယာဉ်ပျံများမှာ အခြားသောဂြိုလ်များမှ အဆင့်မြင့်သက်ရှိသတ္တဝါများ စီးနင်းလာသောယာဉ်ပျံများဟု ထင်မြင်သတ်မှတ်ခဲ့ကြလေသည်။

သို့ရာတွင် ၄၂ရာစုတိုင်အောင် လူတို့သည် အခြားသောဂြိုလ်သားများကို မျက်မြင်ဒိဋ္ဌတွေ့ရှိခြင်း၊ ဆက်သွယ် မိခြင်းတို့မရှိခဲ့ချေ။ စကြာဝဠာအတွင်းရှိ အခြားသောဂြိုလ်များတွင် လူကဲ့သို့သတ္တဝါများ ရှိနိုင်သည်ဆိုခြင်းမှာ စိတ်ကူး ယဉ်မှန်းဆချက်တစ်ခုအဖြစ်သာရှိခဲ့လေသည်။

သက္ကရာဇ်၄၃၆၅တွင် အာကာသစခန်းမှတစ်ဆင့်တွေ့ရသော လူသားကဲ့သို့ပုံရိပ်များရှိသည့်ဂြိုလ်၌ လူကဲ့သို့ သော အသိဉာဏ်ပြည့်ဝသည့်သက်ရှိများရှိနိုင်သည်ဟုတထစ်ချယုံကြည်လိုက်လေသည်။

ထိုသတ္တဝါများသည် ကမ္ဘာပေါ်ရှိ မိမိတို့လူသားများအားလာရောက်မဆက်သွယ်လျှင် မိမိတို့လူသားများက အရင်ဆက်သွယ်သင့်သည်ဟုလည်း မှတ်ယူကြပေ၏။ ထိုဂြိုလ်သားတို့ ကမ္ဘာသို့ဆက်သွယ်မလာခြင်းမှာ လူသားများ၏ ကမ္ဘာကိုရှာဖွေမတွေ့သေး၍လည်းဖြစ်နိုင်သည်။ သို့တည်းမဟုတ် လူသားများလောက် အသိဉာဏ်မမြင့်မားကြသေး၍ လည်းဖြစ်နိုင်လေသည်။

သိပ္ပံပညာရှင်တို့သည် ပထမဆုံးတွေ့ရှိသည့် သက်ရှိများနေထိုင်သောဂြိုလ်သို့ မိမိတို့မှစတင်ဆက်သွယ်ခြင်း ဖြင့် အာကာသသိပ္ပံပညာရပ်ကို ကဏ္ဍသစ်ဖွင့်လှစ်ရန်ကြံဆကြလေ၏။

ထိုဂြိုလ်အား ဂြိုလ်စိမ်း-ဟုအမည်ပေးလိုက်ကာ ကမ္ဘာမှမိုင်ပေါင်းသန်းတစ်ထောင်ဝေးသောဂြိုလ်စိမ်းအား အ သံလှိုင်းလွှင့်ခြင်း၊ အရုပ်များလွှင့်ပေးခြင်းဖြင့် ဆက်သွယ်ကြည့်လေသည်။ သို့ရာတွင် ဂြိုလ်စိမ်းထံမှ မည်သည့် တုံ့ပြန်မှုမှမရရှိသည့်အခါ ဂြိုလ်စိမ်းပေါ်ရှိလူသားများသည် သိပ္ပံပညာအရာတွင် ထွန်းကားတိုးတက်မှုမရှိသေးဟု သတ်မှတ်လိုက်ကြ၏။

သို့ဖြင့် ဂြိုလ်စိမ်းပေါ်သို့လူသားများကိုယ်တိုင်သွား ရောက်၍ဆက်သွယ်မှုပြုရန်ဆုံးဖြတ်လိုက်ကြလေ၏။

* * * * *

ဂြိုလ်စိမ်းပေါ်သို့သွားရောက်ရမည့် ခရီးတာကာလ၏ကြာမြင့်ချိန်မှာ နှစ်ပေါင်းတစ်ရာတိတိကြာမြင့်မည်ဖြစ်ပေ၏။ ဂြိုလ်စိမ်းသည် ကမ္ဘာမှမိုင်ပေါင်းသန်းတစ်ထောင်ဝေးကွာလေရာ လူသားတို့နောက်ဆုံးတီထွင်ထားသည့် အာကာသသွားဒုံးယာဉ်သည် မိုင်သန်းတစ်ထောင်အကွာအဝေးသို့ နှစ်တစ်ရာကြာသွားမှသာရောက်ရှိမည်ဖြစ်လေသည်။

ဂြိုလ်စိမ်းသို့သွားရောက်မည့်ခရီးစဉ်အတွက် လိုက်ပါလိုသောလူသားများသည် မိမိတို့ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက် အနစ်နာခံလိုစိတ်ရှိရပေမည်။ အဘယ်ကြောင့်ဆိုသော် ဂြိုလ်စိမ်းသို့သွားရောက်မည့်ခရီးသည်တို့သည် ကမ္ဘာမြေသို့ မည်သည့်အခါမှပြန်လည်ရောက်ရှိတော့မည်မဟုတ်ပဲ အာကာသတွင်း၌ပင် ကွယ်လွန်သေဆုံးရမည်ဖြစ်သောကြောင့်ပင်။

၎င်းတို့သည် ဂြိုလ်စိမ်းအထိလည်း ရောက်ရှိမည် မဟုတ်ပေ။ ၎င်းတို့၏နောက်မျိုးဆက်၂ဆက်ကျမှသာ ခရီးဆုံးဂြိုလ်စိမ်းသို့ခြေချခွင့်ရမည်ဖြစ်ပါ၏။

ဂြိုလ်စိမ်းသို့ စွန့်စားသွားရောက်မည့် မိသားစုလေးစုကိုဒုံးယာဉ်ဖြင့်ထည့်လွှတ်လိုက်ရမည်ဖြစ်သည်။ မိသားစုလေးစုမှာ ယောကျာ်းမိန်းမလင်မယားလေးစုံတွဲနှင့် ၎င်းတို့၏သားသမီးတစ်ဦးစီဖြစ်ပါ၏။ သားသမီးများမှာယောကျာ်းလေးနှစ်ယောက်နှင့် မိန်းကလေးနှစ်ယောက်ဖြစ်ရပေမည်။ အာကာသခရီးလမ်းတွင် ၎င်းယောကျာ်းလေးနှင့်မိန်းကလေးများအားလက်ဆက်ပေးစားကာမျိုးဆက်ထပ်မံပွားစေရပေမည်။

ခရီးစဉ်အစတွင်လိုက်ပါသွားမည့် လူကြီးစုံတွဲများမှာ အာကာသခရီးစဉ်၏သုံးပုံတစ်ပုံခန့်မှာပင် သေဆုံးကုန်ကြမည်ဖြစ်ရာ နောက်ထပ်ပွားလာသောမျိုးဆက်တို့သာ ဂြိုလ်စိမ်းသို့ ခရီးဆက်၍သွားနိုင်ပေမည်။

ဒုတိယမျိုးဆက်သည်လည်း ခရီးဆုံးဂြိုလ်စိမ်းထိ ရောက်ရှိရန်မလွယ်သေး။ ၎င်းတို့မှပေါက်ပွားလာမည့် သားသမီးအချင်းချင်းပေါင်းဖက်ပေး၍မွေးဖွားလာသော တတိယမျိုးဆက်သည်သာ ဂြိုလ်စိမ်းသို့ရောက်ရှိခြေချခွင့်ရပေမည်။

ထိုတတိယမျိုးဆက်လူသားများသည် ဂြိုလ်စိမ်းသို့ရောက်ရှိပြီး ဂြိုလ်စိမ်းပေါ်မှလူသားများနှင့်တွေ့ဆုံကာ ချစ်ကြည်ရင်းနှီးမှုရယူပြီးပြန်လာရပေမည်။ အပြန်ခရီးသည်လည်း မျိုးဆက်သုံးဆက်ကြာမြင့်မည့်ခရီးပင်ဖြစ်ပေမည်။ ဆဋ္ဌမမြောက်မျိုးဆက်သည်သာ ကမ္ဘာသို့ပြန်လည်ရောက်ရှိမည်ဖြစ်ပါ၏။

ထို့ကြောင့် ကမ္ဘာမှစတင်ထွက်ခွာသောလူသားများ၏မျိုးဆက်၆ဆက်တိုင်မှသာ ဂြိုလ်စိမ်းမှသတင်းကိုအပြည့်အဝရယူနိုင်မည်ဖြစ်ပေ၏။

ဂြိုလ်စိမ်းသို့သွားရောက်မည့် ချစ်ကြည်ရေးခရီးစဉ် ပြီးဆုံးသည်ထိ စောင့်ဆိုင်းရမည့်ကာလမှာ... အသွားခရီးစဉ်နှစ်တစ်ရာနှင့် အပြန်ခရီးစဉ်နှစ်တစ်ရာ၊ စုစုပေါင်း နှစ်ပေါင်း၂၀၀တိတိဖြစ်ပါသည်။ ခရီးလမ်းပန်းတွင် ချွတ်ချော်တိမ်းပါးမှုများရှိပါက ထို့ထက်ပိုကြာသွားနိုင်သေး၏။

ဂြိုလ်စိမ်းသို့ လိုက်ပါမည့်ခရီးသည်များသည် အများအတွက် ကိုယ်ကျိုးစွန့်လွှတ်ဖို့လည်းလိုသည်။ အာကာသသိပ္ပံပညာရပ်ကိုနားလည်ယုံကြည်ဖို့လည်းလိုသည်။ စွန့်စားလိုစိတ်လည်းရှိရမည်။ ထိုအရည်အချင်းများနှင့်ပြည့်စုံရုံဖြင့်လည်းမပြီးသေး၊ အာကာသခရီးစဉ်တွင်လိုက်ပါနိုင်ရန် ကျန်းမာသန်စွမ်းဖို့လည်းလိုအပ်ပါသေးသည်။

* * * * *

ဂြိုလ်စိမ်းခရီးစဉ်အတွက် လိုက်ပါလိုသူမိသားစုများအား လျှောက်လွှာခေါ်လိုက်ရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ မိသားစုပေါင်းတစ်သိန်းကျော်မှဆန္ဒပြုခဲ့ကြပေသည်။

လျှောက်လွှာရှင်မိသားစုများကို ကိုယ်စားပြုနိုင်ငံအသီးသီးမှ အထပ်ထပ်စစ်ဆေးကာ ကမ္ဘာ့အာကာသသိပ္ပံအဖွဲ့ကြီးသို့ လက်ရွေးစင်ရွေးချယ်ထားသည့် မိသားစု၅၀၀အားရွေးချယ်ပေးပို့လိုက်လေသည်။ အာကာသသိပ္ပံအဖွဲ့ချုပ်မှ ထပ်မံ၍စိစစ်လိုက်သည့်အခါ အာကာသယာဉ်ဖြင့် ဂြိုလ်စိမ်းသို့လိုက်ပါနိုင်ရန် အရည်အချင်းမီသော မိသားစုလေးစုကိုရွေးချယ်နိုင်ခဲ့လေသည်။

ထိုမိသားစုလေးစုမှာ ...

မြန်မာနိုင်ငံမှ သိဒ္ဓိနှင့်ဒဿိ ဇနီးမောင်နှံနှင့် အသက် ၃ နှစ်အရွယ် သား ဗြိတ္တာ။

အိန္ဒိယနိုင်ငံမှ ရမာန်နှင့်အနုတ္တာဇနီးမောင်နှံနှင့် အသက်၃ နှစ်အရွယ် သမီး ပေမာ။

အာဖရိကမှ ဇီဇန်နှင့်ရတီဇနီးမောင်နှံနှင့် အသက် ၃နှစ်အရွယ် သား ဟာကြူလီ။

အမေရိကန်နိုင်ငံမှ တွမ်နှင့်သရီယာဇနီးမောင်နှံနှင့် အသက် ၃နှစ်အရွယ် သမီး ဒိုင်ယာနာ။

လူကြီးအားလုံးမှာ အသက်၃၀အရွယ် ရွယ်တူများဖြစ်ပြီး ကျန်းမာသန်စွမ်း၍ဉာဏ်ပညာထက်မြက်သူ၊ ဘွဲ့ရပြီးသူပညာတတ်များဖြစ်သည်။

သိဒ္ဓိနှင့်ဒဿိဇနီးမောင်နှံနှစ်ယောက်လုံးမှာ ဆရာဝန်များဖြစ်ကြ၍ လမ်းခရီးတွင်အာကာသခရီးသည်များကျန်းမာရေးအတွက် အားကိုးအားထားပြုနိုင်လေသည်။

ဇီဇန်သည် စက်မှုအင်ဂျင်နီယာတစ်ယောက်ဖြစ်ပြီး စက်ကိရိယာနှင့်ပတ်သက်၍ အထူးကျွမ်းကျင်သူတစ်ယောက်ဖြစ်သည်။ ၎င်း၏ဇနီးရတီမှာ ကျောင်းဆရာမတစ်ယောက်ဖြစ်၍ ကလေးများ၏ပညာရေးအတွက် အကူအညီပေးမည့်သူဖြစ်သည်။

ရမာန်သည် နက္ခတ္တပညာရှင်တစ်ဦးဖြစ်၍ အာကာသတွင်းခရီးစဉ်၌ လမ်းပြတာဝန်ကိုယူရပေမည်။ ဇနီးသည် အနုတ္တာမှာ ထင်ရှားသောကဗျာဆရာမတစ်ဦးဖြစ်လေသည်။

တွမ်နှင့်သရီယာတို့ လင်မယားနှစ်ယောက်လုံးမှာ အားကစားသမားများဖြစ်ကြသည်။ တွမ်သည် အာကာသ သိပ္ပံဘာသာရပ်ဖြင့်ဘွဲ့ရထားသူတစ်ဦးဖြစ်ပြီး၊ သံအမတ်ဟောင်းတစ်ဦး၏သမီးဖြစ်သူသရီယာသည် သံတမန်ရေးရာကိစ္စ ရပ်များကိုကျွမ်းကျင်သူဖြစ်သည်။ ဂြိုလ်စိမ်းမှလူများနှင့်တွေ့ဆုံသည့်အခါပြောဆိုဆက်ဆံရမည့် လူမှုဆက်ဆံရေး နည်း ပညာများကို မျိုးဆက်သစ်များသို့ သရီယာကပို့ချသွားမည်ဖြစ်ပါ၏။

အာကာသသိပ္ပံအဖွဲ့ချုပ်မှအရာရှိများသည် အသင့်တော်ဆုံးသောမိသားစုလေးစုကိုရွေးချယ်နိုင်ခဲ့လေ၏။ ဘက် စုံပြည့်စုံသောမိသားစုများရရှိဖို့မှာ လွယ်ကူသောကိစ္စတော့ မဟုတ်ပါပေ။ ဥပဒေပညာရှင်များ၊ ဘာသာရေးခေါင်း ဆောင်များ၊ စိတ်ပညာပါရဂူများ၊ ဆရာဝန်ကြီးများ၊ ကာယဗလဆိုင်ရာခေါင်းဆောင်များပါဝင်သောကော်မတီဖွဲ့၍ အ ထပ်ထပ်အဖန်ဖန်စီစစ်ကာရွေးချယ်ခဲ့ကြခြင်းဖြစ်၏။

လင်မယားလေးစုံတွဲတို့၏အသက်များမှာ အားလုံး ၃၀နှစ်စီဖြစ်ကြသည်။ မငယ်လွန်း၊ မကြီးလွန်းသောအရွယ် များ။ ကလေးများမှာအားလုံးအသက်သုံးနှစ်အရွယ်များဖြစ်ကြ၏။ ကလေးများမှာလည်း ဉာဏ်ရည်ထက်မြက်၍ ကျန်းမာ သန်စွမ်းသူလေးများဖြစ်လေသည်။ အရွယ်ရောက်လာပါက သူတို့အချင်းချင်းလက်ဆက်နိုင်ရန် ယောကျာ်းလေး ၂ဦး နှင့်မိန်းကလေး ၂ဦးရွေးချယ်ထားပေသည်။

ရွေးချယ်ရာတွင် ငယ်လင်ငယ်မယားများနှင့် ၎င်းတို့မှတရားဝင်မွေးဖွားထားသော သားသမီးအရင်းရှိသူများကို သာ ရွေးချယ်ခဲ့ခြင်းဖြစ်၏။

* * * * *

ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက်စွန့်လွှတ်စွန့်စားမည့်မိသားစုလေးစု၊ လူကြီးဂယောက်နှင့်ကလေး၄ယောက်၊ စုစုပေါင်း၁၂ယောက်ပါဝင်သော အာကာသဒုံးယာဉ်ကြီးသည် ခရစ်နှစ်၄၃၆ရခုနှစ်၊ ဇန်နဝါရီလ၁–ရက်နေ့နှစ်ဆန်းချိန် တွင် ကမ္ဘာမှထွက်ခွာခဲ့လေသည်။

ဒုံးယာဉ်ကြီးပစ်လွှတ်လိုက်သည်ကို တိုက်ရိုက်ထုတ်လွှင့်ပေးနေသောရုပ်မြင်သံကြားများရှေ့မှ ကမ္ဘာ့လူထုသည် အာကာသခရီးသည်များအတွက် ကောင်းချီးသြဘာပေးလိုက်ကြလေသည်။ အောင်မြင်သောခရီးစဉ်ဖြစ်စေရန် ဆုမွန် ကောင်းများပို့သကြသည်။

နောက်အနှစ် ၂၀၀ကြာ၍ ဂြိုလ်စိမ်းမှအပြန်ခရီးစဉ်ကိုတော့ ယခုရှုတ်ဆက်နေသည့်ကမ္ဘာ့လူသားများ တွေ့မြင် နိုင်တော့မည်မဟုတ်ပေ။ လက်ရှိလူသားအားလုံးသည် ထိုအချိန်၌ ကွယ်လွန်ပြီးဖြစ်ကြလိမ့်မည်။ ဂြိုလ်စိမ်းမှပြန်လာ မည့်လူသားများသည်လည်း ယခုထွက်ခွာသွားသူများ မဟုတ်နိုင်တော့ပေ။ ၎င်းတို့၏မျိုးဆက်များသာဖြစ်ပေလိမ့်မည်။ နောင်အနှစ် ၂၀၀အကြာတွင် လူအဖြစ်ရပ်တည်နေမည့်လူသားများကသာ သူတို့၏အပြန်ခရီးကို ကြိုဆိုနေကြပေလိမ့် မည်။

ကမ္ဘာ့လူသားတို့၏ သက်ရှိများရှင်သန်ရာဂြိုလ်သို့ သွားရောက်သည့် ပထမဦးဆုံးချစ်ကြည်ရေးခရီးစဉ်ကား စ တင်ခဲ့ပေပြီ။

* * * * *

ကမ္ဘာမြေမှစတင်ထွက်ခွာလာသည်မှ နှစ်ပေါင်း၂၀ကျော်ကာလထိ ကြိုတင်စီမံခန့်ခွဲထားသည့်အတိုင်း အစစ အရာရာအဆင်ပြေခဲ့လေသည်။

အာကာသခရီးသည်တို့သည် လမ်းခရီးမှတွေ့ရှိချက် အားလုံးတို့ကို ကမ္ဘာသို့ ရုပ်သံရုပ်ရှင်ကင်မရာများ၊ အ လိုအလျောက်ရိုက် ရုပ်သံလွှင့်ကင်မရာများဖြင့် မပြတ်သတင်းပေးပို့နိုင်ခဲ့သည်။ ကမ္ဘာပေါ်မှ အားပေးစကားများ၊ ကောင်းချီးပေးမှုများ၊ ကျေးဇူးတင်စကားများကိုလည်း နေ့စဉ်မပြတ် ဖမ်းယူရရှိနေခဲ့သည်။

အာဖရိကတိုင်းရင်းသူ ကျောင်းဆရာမရတီနှင့်အမေရိကန်နိုင်ငံသူသရီယာတို့သည် ကလေး၄ဦးအား မူလတန်း ပညာများကို သင်ကြားပြသပေးခဲ့သည်။ မြန်မာဇနီးမောင်နှံဖြစ်သော သိဒ္ဓိနှင့်ဒွန္တီတို့ကလည်း ခရီးသည်များ၏ ကျန်းမာ ရေးအခြေအနေကိုစစ်ဆေးပေးလျှက်ရှိသည်။

စက်ကရိယာများကို ဇီဇန်ကမပြတ်ကြပ်မတ်စစ်ဆေးကာ လိုအပ်သည်များကိုကမ္ဘာမြေသို့ အစီရင်ခံခဲ့၏။ ဒုံး ယာဉ်သည် နေရောင်ခြည်စွမ်းအင်ကိုအသုံးပြု၍ အလိုအလျောက်မောင်းနှင်သောယာဉ်ဖြစ်သည့်အတွက် လောင်စာဆီ ဖြည့်တင်းရန်မလိုအပ်ချေ။ ပစ်လွှတ်လိုက်သည့်လမ်းကြောင်းမလွဲချော်သမျှကာလပတ်လုံး စိုးရိမ်စရာမလိုပဲ ဂြိုလ် စိမ်းဆီသို့ဦးတည်သွားရောက်နေမည်သာဖြစ်၏။

အိန္ဒိယတိုင်းသားနက္ခတ္တဗေဒပညာရှင် ရမာန်နှင့် အမေရိကန်သားတွမ်တို့က စကြာဝဠာအတွင်းတွေ့ရှိသမျှ ဂြိုလ်နက္ခတ်တာရာများအနေအထားကို ကမ္ဘာသို့ မပြတ်သတင်းပေးပို့ခဲ့လေသည်။

ကဗျာဆရာမအနုတ္တာသည် မည်သည့်လူသားကဗျာဆရာမှမစပ်ဆိုခဲ့ဖူးသော ထူးခြားသည့် အာကာသခရီးသွား ကဗျာများကို ပြောင်မြောက်စွာစပ်ဆိုနိုင်ခဲ့ပေ၏။ သူမစပ်ဆိုသည့်ကဗျာများကို ကမ္ဘာသို့ပေးပို့လိုက်ရာ ဘာသာမျိုးစုံ ပြန်ဆို၍ မဂ္ဂဇင်း၊စာစောင်တိုင်း၌ ထည့်သွင်းဖော်ပြကြလေ၏။ သူမစပ်ဆိုသောကဗျာကိုဖော်ပြလိုသောမဂ္ဂဇင်းများ များ ပြားလှသည့်အတွက် အလှည့်ကျ စောင့်ဆိုင်းနေရသည်ဟုဆိုလေသည်။ ကမ္ဘာ့လူထုသည် အနုတ္တာ၏ကဗျာများကို

ကြိုက်နှစ်သက်ကြောင်း ကမ္ဘာမြေမှသတင်းပေးပို့ခဲ့လေ၏။

အာကာသခရီးစဉ်၃နှစ်အကြာတွင် ဇီဇန်နှင့်ရတီဇနီးမောင်နှံမှ သားယောကျာ်းလေးတစ်ဦးကို ဖွားမြင်ခဲ့လေ၏။ သို့သော် ကလေးမှာ အာကာသတွင်းရာသီဥတုဒဏ်ကြောင့် သုံးလသာအသက်ရှင်သန်ခဲ့လေ၏။ ရတီမှာလည်း ကိုယ်ဝန်ဆောင်စဉ်ကပင် ကျန်းမာရေးချွတ်ယွင်းလာသည့်အတွက် ကလေးမွေးပြီးနောက်တွင် အတော်ချူချာသွားခဲ့လေသည်။

ခရီးစဉ်ငါးနှစ်အကြာတွင် သရီယာသည်လည်းကိုယ်ဝန်ရှိခဲ့သေး၏။ သို့ရာတွင် ကိုယ်ဝန်သည် ၆လအကြာ၌ ပျက်ကျသွားလေသည်။

ဒေါက်တာသဒ္ဒိနှင့် ဒေါက်တာဒန္တီတို့လင်မယားက ဇနီးမောင်နှံအားလုံးအား ကလေးမယူကြရန် တားမြစ်ထားရလေတော့သည်။

အာကာသတွင်းရာသီဥတုနှင့် စကြာဝဠာခရီးစဉ်ကို ယဉ်ပါးမှုမရှိသေးသော၊ အံဝင်ဂွင်ကျမဖြစ်သေးသောကမ္ဘာ့လူသားများအတွက် အသက်အန္တရာယ်အထိစိုးရိမ်ရသောကြောင့်တားမြစ်ရခြင်းဖြစ်ပေ၏။

ထိုအသေးအဖွဲအဆင်မပြေမှုမှအပ ခရီးစဉ်သည် ရည်ရွယ်သည့်အတိုင်း အဆင်ပြေချောမောခဲ့လေသည်။

ဒုံးယာဉ်သည်လည်းဂြိုလ်စိမ်းသို့ဦးတည်ကာ ကမ္ဘာမှပစ်လွှတ်လိုက်သည့်အရှိန်အဟုန်အတိုင်း ခရီးဆက်လျှက်ရှိပေ၏။

* * * * *

ယင်းသို့ဖြင့် အာကာသခရီး၌လိုက်ပါလာသော ကလေးငယ်များသည် တဖြည်းဖြည်းလူလားမြောက်လာကာ ပညာများလည်းအထိုက်အလျောက်သင်ယူပြီးဖြစ်ခဲ့တော့၏။

အာကာသခရီးစဉ်ကာလ ၁၄နှစ်ကြာမြင့်သည့်အချိန်တွင် ကလေးများ၏အသက်မှာ၁၇နှစ်ရှိလာကြပြီး ကောင်းစွာလူလားမြောက်ခဲ့ပြီဖြစ်ပေ၏။

ထိုအချိန်တွင် မျိုးဆက်ပွံ့ပွားမှုအတွက်ရည်ရွယ်ကာ ကလေးအချင်းချင်းကို လက်ဆက်ပေးစားခဲ့လေသည်။

အရှေ့တိုင်းသားများဖြစ်သော သိဒ္ဒိ၊ ဒန္တီတို့၏သား ဗြိစ္စာနှင့် ရမာန်၊ အနုတ္တာတို့၏သမီး ပေမာကိုတစ်တွဲ၊ အနောက်တိုင်းသားများဖြစ်သည့် ဇီဇန်၊ရတီတို့၏သား ဟာကြူလီနှင့် တွမ်၊ သရီယာတို့၏သမီး ဒိုင်ယာနာကိုတစ်တွဲ... အာကာသယာဉ်ပေါ်၌ ထိမ်းမြားမင်္ဂလာဆောင်နှင်းပေးခဲ့လေသည်။

အာကာသယာဉ်ပေါ်မှ ပထမဆုံးမင်္ဂလာပွဲ၏ သတင်းကို ဓာတ်ပုံနှင့်တကွ ကမ္ဘာမြေထုတ်သတင်းစာ၊ စာစောင်များ၊ ရုပ်သံလွှင့်ဌာနများမှဖော်ပြထုတ်လွှင့်ခဲ့လေသည်။ ကမ္ဘာ့လူထု၏ကောင်းချီးပေးမှုကိုလဲ အာကာသခရီးသည်များသည် ဆက်သွယ်ရေးကိရိယာမှတစ်ဆင့်ရရှိခဲ့ပေ၏။

ကလေးအချင်းချင်းသည်လည်း ငယ်စဉ်ကတည်း ကခင်မင်ရင်းနှီးမှုရှိပြီးဖြစ်၍ သာယာသော အိမ်ထောင်နှစ်ခုကို ထူထောင်နိုင်ခဲ့ပေသည်။

လက်ထပ်ပြီးတစ်နှစ်အကြာတွင် ဗြိစ္စာနှင့်ပေမာတို့အတွဲမှ သားကလေးတစ်ယောက်ကိုငှင်း၊ ဟာကြူလီနှင့် ဒိုင်ယာနာတို့အတွဲမှ သမီးလေးတစ်ယောက်ကိုငှင်းဖွားမြင်ခဲ့လေ၏။ စုံတွဲနှစ်တွဲမှ ယောကျာ်းလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက်ဖွားမြင်သည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရလေသည်။ နောင်အရှည်မျိုးဆက်တည်တံ့ရန် ယောကျာ်းလေးရော၊ မိန်းကလေးပါ စုံညီဖို့လိုသည်မဟုတ်ပါလော။ မွေးဖွားလာသည့် သားငယ်နှင့်သမီးငယ်သည် စတုတ္ထမျိုးဆက်ကိုဆက်လက်မွေးဖွားစေပြီး အာကာသခရီးကို ဆက်နိုင်ပေလိမ့်မည်။

ဗြိစ္စာနှင့်ပေမာတို့၏သားကလေးကို ဂုဏ်ခံ-ဟု အမည်ပေးလိုက်ပြီး၊ ဟာကြူလီနှင့်ဒိုင်ယာနာ တို့သမီးငယ်ကို တာရာ-ဟုအမည်ပေးလိုက်လေသည်။ ကလေးများအား ကင်ပွန်းတပ်ခြင်းကို ကဗျာဆရာမအနုတ္တာက တာဝန်ယူလေသည်။

အာကာသယာဉ်ပေါ်၌ သားသမီးမွေးဖွားရသည့် အလုပ်မှာအသက်ကိုစွန့်စားရသောအလုပ်တစ်ခုဖြစ်လေသည်

ဆေးဝါးကိရိယာများ စုံလင်စွာပါလာသော်ငြား ကမ္ဘာ့လေထုထဲ၌အသက်ရှင်ရပ်တည်ခဲ့သော ကမ္ဘာသားများအဖို့ မီးဖွားခြင်းဆိုသော မိန်းမသားတစ်ယောက်အတွက် အရေးကြီးဆုံးသက်စွန့်ဆံဖျားအလုပ်ကို အာကာသအတွင်း၌ ထမ်းဆောင်ရသည်မှာပင်ပန်းလှချေသည်။

အာကာသခရီးစဉ်အတွက် နောက်ဆုံးခရီးဆက်ရမည့်လူသားများတိုးပွားရေးအတွက်မို့သာ မဖြစ်မနေမွေးဖွားရခြင်းဖြစ်လေသည်။ တကယ်တော့ အိမ်ထောင်သားမွေးကိစ္စသည် အာကာသတွင်း၌မပြုသင့်သောကိစ္စဖြစ်ပေသည်။

မိခင်ငယ်နှစ်ဦးဖြစ်သော ပေမာနှင့်ဒိုင်ယာနာကို မွေးဖွားပြီးနောက်ပိုင်းတွင် ကျန်းမာရေးပုံမှန်ဖြစ်ရန် အတန်ကြာပြုစုခဲ့ရပေ၏။

ဒေါက်တာဒန္တီ၏အလိုအရ မိန်းကလေးငယ်များအား နောက်ထပ် သားသမီးမွေးဖွားခြင်းမပြုစေလိုတော့ပေ။ သို့ရာတွင်...မပြောကောင်းမဆိုကောင်း မွေးထားသောကလေးငယ်များမတော်တဆကွယ်လွန်တိမ်းပါးသွားပါက နောက်မျိုးဆက်ပွံ့ပွားဖို့အခက်အခဲရှိနိုင်သည်မို့ တားမြစ်ဖို့လည်းမဖြစ်နိုင်ချေ။

ဒေါက်တာဒန္တီက နောက်သုံးနှစ်ကြာမှသာ နောက်ထပ် ကလေးတစ်ယောက်ရယူဖို့တိုက်တွန်းခဲ့ပေသည်။

* * * * *

အာကာသခရီးသည်များ ကမ္ဘာမှထွက်ခွာလာသည်မှာ ၁၇နှစ်ကြာမြင့်ခဲ့ပေပြီ။

စတင်ထွက်ခွာခဲ့စဉ်က ခရီးသည်၁၂ဦးဖြစ်သော်လည်း နောက်တိုးပွားလာသော ဂုဏ်ဓနှင့်တာရာတို့ကြောင့် ခရီးသည်၁၄ဦးဖြစ်သွားပေပြီ။

ခရီးစဉ်ကိုစီစဉ်ခဲ့သောသိပ္ပံပညာရှင်များက အာကာသယာဉ်အား လူအယောက်၄၀ ချောင်ချိစွာစီးနင်းနိုင်ရန် ဆောက်လုပ်ထားပေ၏။

သိပ္ပံပညာရှင်တို့သည် လိုက်ပါသွားသောကလေးငယ်များမှ ပေါက်ဖွားမည့်မျိုးဆက်သစ်များကိုသာမက၊ လူကြီးများမှထပ်မံပေါက်ဖွားမည့် မျိုးဆက်များကိုလည်း မျှော်လင့်ခဲ့ပေသည်။ လူကြီးများမှာ ခရီးစဉ်အစတွင် အသက် ၃၀ သာရှိသေးရာ မျိုးဆက်ကောင်းကောင်းပွါးပွားနိုင်သေးသောအရွယ်များဖြစ်ပေသည်။ ယင်းသို့ မျိုးဆက်များများ ပွား ထားမှသာ ခရီးစဉ်အဆုံးအတွက်စိတ်ချရမည်ဖြစ်ပေ၏။

သို့ရာတွင်– ရတီကလေးမွေးပြီး ကလေးကွယ်လွန်သွားခြင်း၊ သရီယာကိုယ်ဝန်ပျက်ကျခြင်းများကြောင့်– ဒေါက်တာသိဒ္ဓိနှင့်ဒ္ဒီတို့က ကလေးမမွေးဖွားရန်တားမြစ်ထားလေသည်။ ခရီးစဉ်တွင် လူသားမျိုးဆက်များများဖြင့် ဆက်လက်သွားရောက်နိုင်ဖို့အတွက် လူငယ်စုံတွဲနှစ်ဦးမှပေါက်ဖွားမည့် မျိုးဆက်သစ်များကိုသာ မျှော်လင့်ရတော့မည် ဖြစ်ပေ၏။

ခရီးစဉ်ကာလ ၁၈နှစ်ရှိချိန်တွင် အိမ်ထောင်သည်မိန်းမငယ်နှစ်ဦး ထပ်၍ကိုယ်ဝန်ဆောင်ကြပြန်၏။ သည်တစ်ခါမွေးလာလျှင် ဟေမာကမိန်းကလေးမွေး၍ ဒိုင်ယာနာက ယောက်ျားလေးမွေးပါစေဟု ဆုတောင်းကြလေသည်။ သို့မှသာ မောင်နှမနှစ်စုံတွဲသည် အပြန်အလှန်လက်ဆက်ကာ နောင်မျိုးဆက်သစ်များဖြင့် အာကာသခရီးကိုဆက်နှင်နိုင် မည်ဖြစ်ပေ၏။

* * * * *

ထိုအချိန်၌ လူကြီးများ၏အသက်သည် ၄၈နှစ်ရှိချေပြီ။

အာကာသယာဉ်သည်လည်း ကမ္ဘာမှမိုင်ပေါင်းသန်း ၅၀အကွာအဝေးသို့ရောက်ခဲ့ပေပြီ။ လမ်းခရီးတွင် ဂြိုဟ် သိမ်ဂြိုဟ်မွှားမြောက်များစွာကို အနီးမှသီကာပွတ်ကာဖြတ်သန်းခဲ့ရလေသည်။ သက်ရှိသတ္တဝါရှိသောဂြိုဟ်ကိုမူ မတွေ့ရချေ။ အချို့သောဂြိုဟ်များသည် ရွံ့တုံးရွံ့ခဲများသဖွယ် အစိုင်အခဲအဖြစ်မာကျောခြင်းမရှိသေးသည့် သက်တမ်းနုဂြိုဟ် များဖြစ်သည်ကိုတွေ့ရသည်။ ဂြိုဟ်တိုင်းမှာ သက်ရှိသတ္တဝါရှိဖို့ဝေး၍ သစ်ပင်ပန်းပင်ပေါက်ရောက်ခြင်းပင်မရှိသည်ကို တွေ့ရလေသည်။

အချို့သောဂြိုဟ်များပေါ်၌ အချိန်ပြည့် မိုးရွာသွန်းနေပြီး၊ အချို့ဂြိုဟ်၌ နှင်းမုန်တိုင်းများထာဝရကျရောက် နေပေသည်။ သက်ရှိများရှင်သန်ဖို့ မဖြစ်နိုင်ချေ။

ထူးခြားလှသောဂြိုဟ်ကြီးတစ်လုံးကိုလည်း ခရီးစဉ် ၁၅နှစ်အရောက်၌တွေ့ခဲ့ရသေးသည်။ ဂြိုဟ်၏မြေသားပြင် တစ်ခုလုံးကိုစိန်များဖြင့်ဖွဲ့စည်းထားသည့် ဂြိုဟ်တစ်ခုလုံး စိန်တုံးကြီးဖြစ်နေသည့်ဂြိုဟ်ကြီးဖြစ်ပေ၏။ ကြယ်တာရာ တစ်လုံးမှပေါက်ကွဲလွင့်စင်လာသော အပိုင်းအစတစ်ခုဖြစ်ပေသည်။ ထိုစိန်တုံးကြီးကို ကမ္ဘာသို့အရောက် သယ်သွားနိုင် ပါက တစ်ကမ္ဘာလုံးကိုဝယ်ယူနိုင်ပေလိမ့်မည်။

ရမာန်က လမ်းခရီးမှထူးခြားမှုအားလုံးကို ဓာတ်ပုံရိုက်ယူကာ ကမ္ဘာမြေသို့ပေးပို့ခဲ့လေသည်။

ပတ်ဝန်းကျင်၏အခြေအနေများသည်လည်း ကမ္ဘာနှင့်ဝေးလာလေ ဗီလာဆန့်ကျင်ဖြစ်သည်ထိ ပြောင်းလဲလာ လေဖြစ်ပေ၏။

မိန်းမငယ်နှစ်ဦး ကိုယ်ဝန်များလရင့်လာချိန်တွင် အအေးဓာတ်ပြင်းထန်သောဟင်းလင်းပြင်တစ်ခုကို ဖြတ်သန်း ခဲ့ရလေသည်။

အအေးဟင်းလင်းပြင်သည် မိုင်ပေါင်းများစွာကျယ်ပြောသောကြောင့် ၃လကြာဖြတ်သန်းခဲ့ရလေ၏။ အအေး ဓာတ်သည် သုညဒီဂရီအောက်တိုင်အအေးပိုနေရာ ကိုယ်ဝန်ဆောင်မိန်းကလေးနှစ်ဦးအား အထူးဂရုစိုက်စောင့်ကြပ် ပြုစုနေရလေ၏။

အေးလွန်းသောကြောင့် အာကာသဟင်းလင်းပြင်ထဲ၌ ရေခဲတုံးကြီးများလွင့်မျောနေကာ မကြာခဏ အာကာ သယာဉ်နှင့်ဝင်တိုးမိလေသည်။ အာကာသယာဉ်သည် နေကိုဆန့်ကျင်၍ခရီးနှင်လျှက်ရှိရာ နေနှင့်ဝေးလာလေ အအေး ပိုလာလေဖြစ်တော့သည်။

တစ်နေ့တွင် သရီယာသည် အိပ်ရာမှထချိန်တန်သည်ထိထမလာသဖြင့် သွားရောက်နှိုးရာ အိပ်နေရင်းမှ သွေးခဲကာ သေဆုံးနေသည်ကို ထိတ်လန့်ဖွယ်တွေ့လိုက်ရလေ၏။

အာကာသယာဉ်ပေါ်၌ ပထမဆုံးအကြိမ် လူသေဆုံးခြင်းဖြစ်လေသည်။ ခရီးစဉ်၁၈နှစ်အကြာ အသက်၄၈နှစ် အရွယ်တွင် သရီယာ ကွယ်လွန်ခဲ့ခြင်းဖြစ်လေသည်။

လူကြီးများသည် သရီယာသေဆုံးခြင်းအတွက် ယူကြုံးမရဖြစ်ကြရခြင်းထက် ကိုယ်ဝန်ဆောင်မိန်းကလေးများ နှင့်လူမမယ်ကလေးငယ်များ၏ကျန်းမာရေးအတွက် ပို၍စိုးရိမ်ခဲ့ကြလေသည်။ အပူပေးစက်များကို အစွမ်းကုန်ဖွင့်ကာ အအေးဒဏ်ကိုကာကွယ်ခဲ့ရလေ၏။

သရီယာ၏အလောင်းကို အာကာသယာဉ်ပြင်ပသို့ ချက်ချင်းစွန့်မပစ်နိုင်ကြသေး။ အာကာသယာဉ်၏ပြင်ပတခါး

ကိုဖွင့်လိုက်လျှင် အဒေးဓာတ်များ၊ ရေခဲအပိုင်းအစများ အလုံးအရင်းလိုမ့်ဝင်လာမည့်အတွက် သရီယာ့အလောင်းအား ဤအတိုင်းပင် အာကာသယာဉ်ထဲ၌ထားရှိခဲ့ရသည်။

သုံးလကြာမြင့်၍ အဒေးဟင်းလင်းပြင်မှ လွတ်ကင်းချိန်မှသာ သရီယာ၏အလောင်းအား အာကာသယာဉ်ပြင်ပသို့စွန့်ပစ်နိုင်လေတော့သည်။

ဟင်းလင်းပြင်ထဲတွင်လွင့်မျောသွားသော မိခင်ဖြစ်သူ၏အလောင်းကိုမျက်စိတဆုံးကြည့်ရင်း ဒိုင်ယာနာသည် မဆုံးနိုင်အောင်ငိုကြွေးနေခဲ့လေသည်။

ယောက္ခမဖြစ်သူရတီ၊ အနုတ္တာနှင့် ဒန္တီတို့မိန်းမသားများသည် ဒိုင်ယာနာ့ကိုနှစ်သိမ့်ခဲ့ရလေ၏။

ဒိုင်ယာနာနှင့်ဟေမာတို့၏ ကိုယ်ဝန်များသည်လည်း တဖြည်းဖြည်း နေ့စေ့လစေ့ကာလသို့ရောက်လာခဲ့လေပြီ။

* * * * *

ဟေမာကအရင်မွေးဖွားခဲ့လေသည်။

ယခုတစ်ခါ ဟေမာမွေးဖွားသည့်ကလေးမှာ ယောကျ်ားလေးပင်ဖြစ်လေ၏။ ဂုဏ်ခံအတွက် ညီလေးဖြစ်လေသည်။ ကလေးကို ဘုံမာန်-ဟုအမည်ပေးလိုက်၏။

သူတို့သည် ဟေမာနောက်မွေးမည့်ကလေးကို မိန်းကလေးဖြစ်စေလိုခဲ့သော်လည်း ယောကျ်ားလေးပင်ဖြစ်နေ၍ ဒိုင်ယာနာမွေးဖွားခဲ့လျှင် မိန်းကလေးဖြစ်စေရန် ဆုတောင်းရတော့သည်။ သို့မှသာ ကလေးများအရွယ်ရောက်ပါက စုံတွဲနှစ်တွဲအဖြစ် ပေးစားနိုင်မည်ဖြစ်သောကြောင့်ပင်။

သို့ရာတွင် ... လူတို့၏ဖြစ်လိုရာမဖြစ်တတ်သော သဘောသဘာဝသည် စကြာဝဠာဟင်းလင်းပြင်ထဲအထိပင်လိုက်ပါဖြစ်ပျက်နေပေ၏။

ဟေမာမွေးပြီးတစ်လအကြာတွင် ဒိုင်ယာနာမွေးဖွားခဲ့သည်။ ဒိုင်ယာနာသည် မိခင်ဖြစ်သူသရီယာသေဆုံးပြီးကတည်းက စိတ်ဓာတ်ကျကာအားအင်ယုတ်လျော့ခဲ့ရာ မွေးဖွားချိန်တွင် သတိလစ်မေ့မျောသွားခဲ့လေသည်။ ပြန်လည်၍ သတိလည်မလာတော့ပဲကွယ်လွန်ခဲ့ရလေသည်။

ကလေးကိုလည်း အပြင်ရောက်အောင် မွေးဖွားမပေးနိုင်တော့ချေ။

ဆရာဝန်နှစ်ဦးဖြစ်သောသိဒ္ဓိနှင့်ဒန္တီသည် ခွဲယဉ်းစွာဖြင့် ဒိုင်ယာနာ့ဝမ်းကြာတိုက်မှကလေးကိုခွဲ၍ မွေးယူခဲ့ရလေသည်။

သို့သော်- ကလေးငယ်ကား အသက်ပါမလာပါလေတော့။

* * * * *

ဒိုင်ယာနာသေဆုံးခြင်းကား အာကာသခရီးသည်တို့၏အနာဂတ်ကိုဝေဝါးသွားစေသော အဖြစ်ဆိုးကြီးတစ်ခုပင်ဖြစ်တော့သည်။

အာကာသယာဉ်ပေါ်၌ မျိုးဆက်ပွါးပွားနိုင်သောအရွယ် မိန်းမငယ်နှစ်ဦးသာရှိရာ ဒိုင်ယာနာကွယ်လွန်သွားသည့်အတွက် ဟေမာတစ်ဦးတည်းသာကျန်ရစ်တော့သည်။

နောင်ခရီးဆက်မည့် မျိုးဆက်သစ်ကလေးများမှာ ဂုဏ်ခံနှင့်ဘုံမာန်တို့ညီအစ်ကိုနှစ်ဦးနှင့် ဒိုင်ယာနာမွေးခဲ့သည့် တာရာတို့သာရှိတော့သည်။

အရွယ်ရောက်လျှင်လက်ဆက်ပေးစားစရာ ယောကျ်ားလေးနှစ်ယောက်နှင့် မိန်းကလေးတစ်ယောက်သာကျန်ရှိတော့သည့်အဖြစ်ပင်။

မိန်းမသားလူကြီးသုံးဦးဖြစ်သောဒန္တီ၊ ရတီနှင့်အနုတ္တာတို့မှာလည်း မျိုးဆက်မပွားနိုင်တော့သည့်သွေးဆုံးအရွယ်များဖြစ်နေကြပေပြီ။

ခရီးဆုံးအထိရောက်ရန် မျိုးဆက်သစ်မွေးဖွားပေးဖို့အတွက် တစ်ဦးထဲသောမိန်းကလေးတာရာ၏တာဝန်ပင်ဖြစ်ပေတော့၏။

တာရာအရွယ်ရောက်လာလျှင် ဂုဏ်ခံနှင့်ဘုံမာန် ညီအစ်ကိုနှစ်ယောက်ထဲမှ မည်သူနှင့်လက်ဆက်ပေးစားမည်နည်း။

ယခုအခါ အာကာသယာဉ်ထဲ၌ ခရီးစဉ်အစမှ လူကြီးရဦး၊ လူငယ်၃ဦးသာကျန်တော့သည်။ နောက်တိုးပွားလာသည့် ကလေးငယ်က၃ဦး။ လူဦးရေ၃ဦးဖြင့် အာကာသယာဉ်သည် ဦးတည်ရာဂြိုလ်စိမ်းဆီသို့ ခရီးဆက်လျက်ရှိလေသည်။

* * * * *

အာကာသခရီးသည်များသည် ကမ္ဘာပေါ်မှ လူသားများအတွက် မိမိတို့တာဝန်ကိုကျေပွန်စွာထမ်းဆောင်လျှက်ရှိပေ၏။

ရတီနှင့်အနုတ္တာသည် အရွယ်ကြီးပြင်းလာသော ဂုဏ်ခံ၊ ဘုံမာန်နှင့် တာရာတို့၏ပညာရေးကို တာဝန်ယူကာ သင်ပြပေးလျှက်ရှိလေသည်။

တွမ်နှင့်ဇီဇန်တို့ကလည်း လူလတ်ပိုင်းများဖြစ်လာသည့် ဗြိန္ဓာ၊ဟာကြူလီနှင့်ဟေမာတို့ကို အာကာသသိပ္ပံပညာများ၊ နက္ခတ္တပညာများအား လက်ဆင့်ကမ်းပို့ချပေးလျှက်ရှိပေ၏။

ဒေါက်တာသိဒ္ဓိနှင့်ဒေါက်တာဒဗ္ဗိတို့ကလည်း ဆေးပညာများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးများအသုံးပြုပုံကိုသင်ကြားပြသခဲ့လေသည်။

ယခုအခါ… လူကြီးများ၏အသက်သည် ငါးဆယ်ကျော်၊ ခြောက်ဆယ်နီးပါးအရွယ်ဖြစ်လာကြလေပြီ။ လူ့သက်တမ်းအရ မီးစာကုန်ဆီခမ်းအရွယ်ဖြစ်၍ မကြာခင်လူ့ဘဝကို စွန့်ခွာရပေတော့မည်။

* * * * *

အာကာသခရီးစဉ်၏ နောက်ထပ်ဆယ်နှစ်အတွင်းတွင် ကြုံတွေ့ရသောအဖြစ်များကား ထိတ်လန့်တုန်လှုပ်ဖွယ်၊ သွေးပျက်ချောက်ချားဖွယ်များဖြစ်ခဲ့သည်။

ခရီးစဉ်အစတွင် လူသားတို့ကောင်းကျိုးအတွက် စိတ်ဓာတ်တက်ကြွစွာ စွန့်ထွက်လာခဲ့ကြသော်လည်း ကာလကြာရှည်လာသည်နှင့်အမျှ လူပီသစွာပင် ငြီးငွေ့ခြင်း၊ သည်းမခံနိုင်တော့ခြင်းများရှိလာကြလေသည်။

မိမိတို့၏ခရီးစဉ်သည် အဓိပ္ပါယ်ရှိရဲ့လား၊ စွန့်စားရကျိုးနပ်ပါ့မလားဆိုသည့်ဒွိဟမေးခွန်းများ ရင်ထဲ၌ဖြစ်ပေါ်လာခဲ့ကြသည်။

ခရီးသည်တို့သည် တစ်ဦးနှင့်တစ်ဦးဖွင့်မပြောကြသော်လည်း ခရီးစဉ်အပေါ်ငြီးငွေ့စိတ်ပျက်လာမှုကိုမူ မဖုံးနိုင်မဖိနိုင်ပေါ်လွင်နေပေသည်။

အနုတ္တာ၏နောက်ရေးသောကဗျာများသည် သံဝေဂရခြင်း၊ လူ့ဘဝကိုငြီးငွေ့စိတ်ပျက်ခြင်းများ အကြောင်းကိုစပ်ဆိုလာခဲ့လေ၏။

ခရီးသည်တို့ဘဝသည် အာကာသယာဉ်ထဲ၌ပိတ်မိနေသောဘဝများဖြစ်သည်။ ငှက်လှောင်အိမ်အတွင်းမှငှက်ငယ်များနှင့် ဘာများထူးပါသေးသနည်း။ တစ်နေ့နှင့်တစ်နေ့ ခြားနားမှုမရှိပဲ အချိန်ကုန်လွန်လာရသည်မှာ ဆယ်စုနှစ်ပေါင်းများစွာနှင့်ချီ၍လာသည့်အခါ မြေကမ္ဘာပေါ်တွင်နေခဲ့ရသည့် လွတ်လပ်သောလူ့ဘဝကိုတမ်းတလာမိကြလေ၏။

အာကာသယာဉ်ပေါ်တွင် အစာရေစာအဖြစ် ဆေးလုံးလေးများသဖွယ် ကျစ်လစ်စွာဖန်တီးထားသည့် လက်သည်းခွံခန့်အလုံးလေးများကိုစားရလေသည်။ တစ်လုံးစားထားလျှင်တစ်ပတ်အစာခံအောင်ဖန်တီးထားသည့် ဆေးများဖြစ်လေသည်။ ထိုဆေးများကြောင့် အဟာရယုတ်လျော့ မသွားသော်လည်း နှစ်ချီ၍ ထိုဆေးလုံးအစာများချည်းမှီဝဲနေရသည့်အခါ ငြီးငွေ့လာလေ၏။ အသက်မသေအောင် မှီဝဲနေရသော်လည်း အာသာပြေပျောက်ခြင်းမရှိ။ မြေကမ္ဘာပေါ်မှ အရသာပြည့်စုံသော အစားအသောက်များကိုတမ်းတမိလေသည်။

မိမိတို့သည်ကိုယ့်ကိုကိုယ်အကျဉ်းချရုံမက မျိုးဆက်သစ်များကိုပါ အတူအကျဉ်းခံစေမိပြီလောဟု တွေးမိလာသည်။

ဂုဏ်ခံ၊ဘုံမာန်၊တာရာဆိုသော အာကာသယာဉ်ထဲတွင်မွေးဖွားလာသည့်ကလေးများသည် မျိုးတူလူများကိုမမြင်ဖူးရုံမက၊ သူတို့ဘဝများကို အာကာသယာဉ်ထဲ၌ပင် အပြီးတိုင်မြှုပ်နှံရပေတော့မည်။

မိမိတို့စိတ်ဆန္ဒအလျောက်ဆုံးဖြတ်ခဲ့မိသော အမှားများဒဏ်ကို ကလေးများခံနေရသည်မှာ မျှတပါရဲ့လား။

မိမိတို့ကမ္ဘာမြေပေါ်မှထွက်လာစဉ်အချိန်က ကောင်းချီးသြဘာပေးခဲ့ကြသောလူသားများသည် မိမိတို့ကို သတိမှပင်ရကြပါသေး၏လော။

ထိုင်းမှိုင်းပျင်းရိဖွယ်ဘဝထဲမှ သည်းမခံနိုင်ပဲ ရုန်းထွက်သွားသူမှာ တွမ်ဖြစ်လေသည်။ တွမ်သည် ဇနီးသည် သရီယာကိုလည်း ဆုံးရှုံးခဲ့ရသည်။ သမီးဒိုင်ယာနာကိုလည်း ဆုံးရှုံးခဲ့ရသည်။ တွမ်၏လေးလံထိုင်းမှိုင်းလာသော လှုပ်ရှားမှုများသည် ဘဝကိုစက်ဆုပ်ငြီးငွေ့နေမှန်း သိသာလှပေ၏။

တစ်နေ့တွင် တွမ်ကိုမတွေ့၍ရှာဖွေကြရာ အာကာသယာဉ်တခါးပွင့်နေသည်ကိုတွေ့ရပေ၏။ တခါးဝ၌ စာရွက်တစ်ရွက်ကပ်ထားကာ စာရွက်ပေါ်တွင် ငြီးငွေ့ဖွယ်ဘဝကြီးထဲမှ ထွက်သွားပြီးဖြစ်ကြောင်း၊ အာကာသဟင်းလင်းပြင်ထဲခုန်ဆင်းကာ မိမိဘဝကိုအဆုံးစီရင်လိုက်ကြောင်း၊ မိမိဝိညာဉ်သည် ကမ္ဘာမြေပေါ်သို့ရောက်အောင်ပြန်သွားမည်ဖြစ်ကြောင်း ရေးသားထားလေသည်။

* * * * *

ထိုအဖြစ်အပျက်များဖြစ်ပျက်ပြီး နောက်၁ဝနှစ် အကြာတွင် ကမ္ဘာမြေပေါ်မှထွက်ခွာခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ့်ငါးနှစ်ရှိခဲ့ပေပြီ။ ခရီးစဉ်၏သုံးပုံတစ်ပုံသို့လည်းရောက်ရှိခဲ့ပေပြီ။

ထိုဆယ်နှစ်အတွင်း၌ အနုတ္တာနှင့်ရမာန်တို့ လင်မယား ကွယ်လွန်ခဲ့လေ၏။

အနုတ္တာသည် သွေးဆုံးကိုင်ရောဂါဖြင့်မမာမကျန်း ဖြစ်ခဲ့ရာ ကွယ်လွန်ချိန်တွင် သူမ၏နောက်ဆုံးကဗျာကို ခင်

ပွန်းသည်၏ရင်ခွင်ထဲမှနေ၍ ရှတ်ပြုရင်းရေးသားခဲ့လေသည်။

ရတီက မျက်ရည်စက်များဖြင့် အနုတ္တာရွှတ်ပြုသောကဗျာကို စာရွက်ပေါ်၌လိုက်ရေးပြီးမှတ်တမ်းတင်ထားခဲ့လေသည်။ အနုတ္တာ၏နောက်ဆုံးကဗျာကား သံဝေဂအပိုဒ်များပါသလို၊ လူ့ဘဝကို လှောင်ပြောင်သရော်သောအပိုဒ်များလည်း ပါဝင်ခဲ့လေသည်။

ကျန်ရှိသူများသည် ထိုကဗျာကို ကမ္ဘာမြေပေါ်သို့ ပေးပို့ခြင်းမပြုတော့ပဲ ကဗျာစာရွက်ကို အာကာသယာဉ်၏နံရံပေါ်၌ကပ်ထားလိုက်လေသည်။

အနုတ္တာကွယ်လွန်ပြီး တစ်လအကြာ၌ ရမာန်လည်း ကွယ်လွန်ခဲ့လေသည်။ ရောဂါဘယမယ် မယ်ရရမရှိပဲ စိတ်ကြောင့်ကွယ်လွန်ခဲ့ရခြင်းပင်ဖြစ်လေသည်။

အာကာသယာဉ်ပေါ်၌ ခရီးစဉ်အစမှလူကြီးဂဦးထဲတွင် သိဒ္ဓိနှင့်ဒုဋ္ဌိလင်မယား၊ ဇိဇန်နှင့်ရတီ လင်မယားသာ ကျန်ရစ်တော့သည်။

လူလတ်ပိုင်းများအဖြစ် ဗြိစ္စာနှင့်ပေမာတို့ဇနီးမောင်နှံ၊ ဟာကြူလီတို့သာရှိတော့သည်။

ဤတွင်... အသက်၁၆နှစ်အရွယ်ရောက်လာသော ဂုဏ်ခံနှင့်တာရာတို့အား အကြင်လင်မယားအဖြစ်လက်ဆက်ပေးရန်စီစဉ်ကြတော့သည်။

အငယ်ဖြစ်သောဘုံမာန်ကား အသက်၁၃နှစ်အရွယ်ရှိပေပြီ။

ဘုံမာန်အရွယ်ရောက်လာလျှင်တော့ သူ့အတွက် ကြင်ယာသက်ထားမရှိတော့ပြီတည်း။ ဘုံမာန်သည် ခရီးစဉ်အဆုံးဖြစ်သောဂြိုလ်စိမ်းသို့ရောက်သည်အထိလည်း အသက်ရှင်ချင်မှရှင်ပေလိမ့်မည်။

သူကား ဘဝတလျှောက်လုံးလူပျိုကြီးဘဝဖြင့် အာကာသယာဉ်ပေါ်၌ပင် အရိုးထုတ်သွားရပေတော့မည်။

ဂြိုလ်စိမ်းသို့လူသားများရောက်သည်ထိ မျိုးဆက်ပွားပေးရမည့်တာဝန်မှာ ဂုဏ်ခံနှင့်တာရာတို့ တာဝန်သာဖြစ်ပေတော့၏။

* * * * *

နောက်ငါးနှစ်ထပ်ကြာသွားသည့်အချိန်တွင် လူကြီးများဖြစ်သော သိဒ္ဓိ၊ဒုဋ္ဌိ၊ဇိဇန်၊ရတီတို့လည်း ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြလေသည်။

အာကာသယာဉ်ပေါ်၌ ခရီးစဉ်အစက အသက်သုံးနှစ်အရွယ်ဖြင့်လိုက်ပါခဲ့ကြသော ဗြိစ္စာ၊ ပေမာ၊ ဟာကြူလီတို့သည် အသက်၄၃နှစ်အရွယ်လူကြီးများအဖြစ်သို့ ရောက်ခဲ့ကြပေပြီ။

ထိုအချိန်၌ အနာဂတ်အတွက် စိုးရိမ်ထိတ်လန့်ဖွယ်အဖြစ်တစ်ခုကိုဆင်ခြင်မိကြလေ၏။

အိမ်ထောင်သက်ငါးနှစ်ရှိပြီဖြစ်သော ဂုဏ်ခံနှင့်တာရာသည် ယခုအချိန်ထိ သားသမီးမထွန်းကားသေးသည့်အဖြစ်ပင်ဖြစ်ပါ၏။

ဂုဏ်ခံနှင့်တာရာတို့သည် အသက်၂၁နှစ်ရှိကြပေပြီ။ ယခုအရွယ်တွင် သားသမီးမွေးဖွားထားမှသာ ၄င်းတို့၏သားသမီးများသည် ဂြိုလ်စိမ်းဆီသို့အရောက်ခရီးနှင်နိုင်မည်ဖြစ်ပါ၏။

အာကာသယာဉ်ပေါ်၌မွေးဖွားခဲ့သော ဂုဏ်ခံ၊ တာရာနှင့်ဘုံမာန်တို့သည်ပင် ဂြိုလ်စိမ်းရောက်ချိန်ထိ အသက်ရှည်ကြမည်မဟုတ်ပေ။

ဂြိုလ်စိမ်းသို့ရောက်ရန် နှစ်ပေါင်း၆၀လိုပေသေး၏။

ဂုဏ်ခံနှင့်တာရာတို့ဇနီးမောင်နှံမှ မွေးဖွားသော သားသမီးများပင် အသက်၆၀အရွယ်ရှိမှ ဂြိုလ်စိမ်းသို့ရောက်နိုင်ပေလိမ့်မည်။

ဂုဏ်ခံနှင့်တာရာသည် ယခုကဲ့သို့အရွယ်ကောင်းစဉ်မှာ သားသမီးမွေးဖွားဖို့ လိုကိုလိုအပ်ပါသည်။ သားသမီးတစ်ဦးထဲမဟုတ်ပဲ များများမွေးဖွားထားဖို့လိုပေသည်။

အဘယ်ကြောင့်ဆိုသော် သူတို့သည် အာကာသယာဉ်ပေါ်တွင် မျိုးဆက်ပွားပေးနိုင်သော နောက်ဆုံးစုံတွဲဖြစ်နေသောကြောင့်ပင်တည်း။

သူတို့သည် အိမ်ထောင်သက်၅နှစ်ရှိသည်အထိ အဘယ်ကြောင့်မျိုးဆက်မထွန်းကားကြပါသနည်း။

ဖခင်နှစ်ဦးဖြစ်သော ဗြိစ္စာနှင့်ဟာကြူလီတို့သည် ဤကိစ္စအတွက် များစွာခေါင်းခဲခဲ့ကြလေသည်။

သားသမီးမထွန်းကားခြင်းမှာ ဂုဏ်ခံသော်၄င်း၊ တာရာသော်၄င်း တစ်ဦးဦးကမြုံနေသောကြောင့် ဖြစ်နိုင်လေ၏။ သို့မဟုတ် နှစ်ဦးစလုံးမြုံနေခြင်းလည်းဖြစ်နိုင်သည်။ သူတို့မောင်နှံမှ သားသမီးမမွေးဖွားတော့လျှင် ရာစုနှစ်နှင့်ချီ၍ အနစ်နာခံစီစဉ်လာခဲ့သောခရီးစဉ်ကြီးသည် အလဟသဖြစ်ရပေတော့မည်။

ကုစားရန်နည်းလမ်းကား တစ်ခုသာလျှင်ရှိပေတော့သည်။ တာရာအား ဂုဏ်ခံနှင့်ခွဲခွာစေကာ အငယ်ဘုံမာန်နှင့် ထပ်၍ပေးစားကြဖို့အစီအစဉ်ပင်ဖြစ်ပါ၏။ ဘုံမာန်နှင့်ပေါင်းသင်းလို့မှ တာရာကိုယ်ဝန်မဆောင်နိုင်ခဲ့လျှင် တာရာသည် အမြုံမတစ်ယောက်ဖြစ်ပေမည်။

လူသားတို့၏ဂြိုလ်စိမ်းသို့သွားရောက်သော မဟာအကြံအစည်ကြီးသည်လည်း လမ်းတစ်ဝက်မှာပင် အချီးနှီးဖြစ်ရုံရှိပေတော့မည်။

* * * * *

ဗြိတ္တာနှင့်ဟာကြူလီက အာကာသယာဉ်ပေါ်တွင် ဖြစ်ပျက်ခဲ့သောအခြေအနေနှင့်အခက်အခဲအား မြေကမ္ဘာသို့ သတင်းပေးပို့လိုက်လေသည်။

သူတို့ကုစားမည့်နည်းလမ်းကိုလည်း တင်ပြလိုက်သည်။

သို့သော် ယခုအခါတွင် မြေကမ္ဘာသို့သတင်းပေးပို့ရခြင်းမှာ ယခင်လိုမြန်ဆန်ခြင်းမရှိတော့ပေ။

ခရီးစဉ်တစ်ဝက်ကျိုးလုနီး မိုင်ပေါင်းသန်းချီကွာဝေးနေပြီဖြစ်၍ သတင်းပေးပို့ချက်များသည် သုံးနှစ်ကြာမှသာ ကမ္ဘာမြေပေါ်ရောက်နိုင်လေတော့၏။

ကမ္ဘာပေါ်မှသတင်းပေးပို့ချက်များကိုလည်း သုံးနှစ်နောက်ကျပြီးမှလက်ခံရရှိပေတော့သည်။

ဗြိတ္တာနှင့်ဟာကြူလီသည် တာဝန်အရမြေကမ္ဘာသို့ အလုံးစုံအသိပေးအကြောင်းကြားလိုက်ပြီးနောက် ခရီးစဉ်၏ ရှေ့ရေးအတွက် သူတို့ကြံစည်ထားသောအကြံအစည်ကို အကောင်အထည်ဖော်ရလေတော့သည်။

* * * * *

လူကြီးများက အစီအစဉ်ကိုပြောပြလိုက်သည့်အခါ ဂုဏ်ခံသည်ပေါက်ကွဲခဲ့လေ၏။

" မဖြစ်နိုင်ဘူးအဖေ၊ မဖြစ်နိုင်ဘူး၊ ဒါဟာ ကလေးကစားစရာမဟုတ်ဖူး၊ ကျွန်တော့်ရဲ့အိမ်ထောင်ရေးကို ကျွန်တော်တို့မှာဘာမှအပြစ်မရှိပဲအပျက်မခံနိုင်ဘူးအဖေ "

" သားကြီးမှာအပြစ်ရှိလို့မဟုတ်ပါဘူးကွယ်၊ အဖေတို့သွားနေတဲ့ခရီးစဉ်ဟာ လူသားအားလုံး ကောင်းကျိုးအတွက်ဆိုတာ သားသိသားပဲ၊ ခရီးစဉ်အောင်မြင်ဖို့အတွက် ကိုယ်ကျိုးကိုမငဲ့ကွက်ရဘူးလို့ သားကိုအဖေတို့ငယ်ငယ်ကတည်းကသင်ထားခဲ့သားပဲ၊ ဂြိုလ်စိမ်းကိုရောက်သည်ထိ လူသားတွေပါသွားဖို့အတွက် ပေမာဟာ သားသမီးမွေးဖွားဖို့လိုတယ်သားကြီး၊ မင်းဟာသားသမီးရအောင် မစွမ်းဆောင်နိုင်တဲ့အတွက် မင်းရဲ့ညီလေးနဲ့ပေမာကို လက်ဆက်ပေးရလိမ့်မယ်၊ ဒါဟာ ကမ္ဘာ့လူသားထုအားလုံးအတွက် စီစဉ်ရတာပါသား "

" ဘာလူသားထုလဲ၊ ဘာကမ္ဘာလဲ၊ ကျွန်တော် မမြင်ဖူးတဲ့ကမ္ဘာဆိုတာကိုရော၊ ကျွန်တော်နဲ့ဘာမှမပတ်သက်တော့တဲ့လူဆိုတာတွေကိုရော ကျွန်တော်ဘာမှငဲ့ကွက်နေစရာမလိုဘူး၊ ဒါ ကျွန်တော့်အိမ်ထောင်ရေး၊ ကျွန်တော်ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိတယ် "

" မင်းမှာဆုံးဖြတ်ပိုင်ခွင့်မရှိပါဘူးဂုဏ်ခံ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းရော ငါတို့တွေရောဟာ ကမ္ဘာ့လူသားထုအားလုံးအတွက် ကိုယ့်ကိုကိုယ်စတေးအနစ်နာခံထားပြီးဖြစ်လို့ပဲ "

" အဲဒါက ခင်ဗျားတို့လူကြီးတွေရှုံးသွပ်ခဲ့တာပဲ၊ ကျွန်တော်နဲ့မဆိုင်ပါဘူး၊ ခင်ဗျားတို့ကိုယ်တိုင် လူမှန်းမသိတတ်ခင် အသက်သုံးနှစ်အရွယ်ကတည်းက ကမ္ဘာပေါ်ကခွာခဲ့ရတာပါ၊ ခင်ဗျားတို့မိဘတွေရှုံးသွပ်တဲ့ဒဏ်ကို ခင်ဗျားတို့မှာ ဆုံးဖြတ်ပိုင်ခွင့်မရှိပဲ ရောခံခဲ့ရတာပါ၊ ကျွန်တော်တို့လက်ထက်ကျတော့ ပိုဆိုးခဲ့တာပေါ့၊ ကျွန်တော်တို့ဟာ လူဖြစ်ပါရက်နဲ့လူ့လောကထဲမှာမနေရဘူး၊ ဘာရွေးချယ်ခွင့်မရှိပဲ အာကာသထဲမှာ အကျဉ်းချခံခဲ့ရတယ်၊ ခုတစ်ခါ ခင်ဗျားတို့က ကျွန်တော့်ရဲ့ကိုယ်ရေးကိုယ်တာကိုပါ ဝင်စွက်ဖက်လာပြီဆိုတော့မလွန်လွန်းဘူးလားဗျာ၊ ကျွန်တော်သဘောမတူနိုင်ဘူး၊ ကျွန်တော့်မိန်းမတာရာကိုလည်း ကျွန်တော် မစွန့်လွှတ်နိုင်ဘူး "

" မင်းပြောတာတွေမှန်ပါတယ်ဂုဏ်ခံ၊ ဒါပေမယ့် နောက်ပြန်ဆုတ်လို့မရတော့တဲ့ဘဝမှာ ဖြစ်သင့်တာကိုပဲ ဦးစားပေးလုပ်ရတော့မယ်ကွဲ့၊ မင်းစဉ်းစားကြည့်ပါ၊ နောက်ဆပ်မျိုးဆက်မရှိရင် မင်းတို့သေလွန်တဲ့အခါ ဒီအာကာသယာဉ်ကြီးဟာဘာဖြစ်သွားမလဲ၊ ဂြိုလ်စိမ်းကိုအာကာသယာဉ် ဆိုက်ရောက်တဲ့အချိန်မှာ မင်းတို့ရဲ့အလောင်းတွေပဲပါသွားတော့မှာပေါ့ကွဲ့၊ ဂြိုလ်စိမ်းပေါ်ကိုလူသားမပါပဲရောက်သွားမယ့်ခရီးဆုံးဟာအဓိပ္ပါယ်မဲ့သွားမှာပေါ့၊ နှစ်ပေါင်းရာနဲ့ချီစီစဉ်ထားတဲ့စီမံချက်ကြီးတခုလုံးအလဟဿဖြစ်သွားမှာပေါ့ "

" ဒါတွေ ကျုပ်နားမလည်ဘူး၊ ကျုပ်အိမ်ထောင်ရေးကိုကျုပ်ဆုံးဖြတ်ခွင့်ရှိတယ်၊ ခင်ဗျားတို့ အစီအစဉ်ကို ကျုပ်သဘောမတူဘူး၊ ဒါပဲ "

" မင်းသဘောမတူလည်း တို့ကတော့ အတင်းအကျပ်စီစဉ်ရမှာပဲဂုဏ်ခံ၊ ခုအချိန်မှာ တို့ဟာ ယောဒီအာကာသယာဉ်ရဲ့အကြီးအကဲတွေဖြစ်တယ်၊ မင်းဟာ တို့ရဲ့အစီအစဉ်အတိုင်း လိုက်နာရမှာပဲဂုဏ်ခံရေ "

* * * * *

ဗြိတ္တာနှင့်ဟာကြူလီသည် သူတို့၏အစီအစဉ်ကို အားလုံးအတွက် အကောင်းဆုံးဟုယုံကြည်သည့်အတိုင်း ဖြစ်အောင်စီစဉ်ခဲ့ကြလေသည်။

ဂုဏ်ခံနှင့်ဘုံမာန်တို့၏မိခင် ပေမာကလည်း ရှေ့ရေးကိုမျှော်ကိုးကာထောက်ခံခဲ့လေ၏။

ဂုဏ်ခံသည် လူကြီးများအစီအစဉ်ကိုမလွန်ဆန်နိုင်ခဲ့ပေ။

တာရာအား ဂုဏ်ခံနှင့်ခွဲခွာစေ၍ ဘုံမာန်နှင့်တရားဝင်ပေးစားလိုက်သည့်နေ့တွင် ဂုဏ်ခံသည် အကြီးအကျယ်ပေါက်ကွဲခဲ့လေသည်။ အာကာသယာဉ်ထဲမှပစ္စည်းများကို ရိုက်နှက်ချိုးဖျက်ခဲ့လေ၏။

ထိုအချိန်မှစ၍ ဂုဏ်ခံတစ်ယောက် အရာရာကို မကြေမနပ်ဖြစ်ကာ စိတ်ဖောက်ပြန်ခဲ့လေသည်။ လောက

ပါလတရားဖြင့်ကြည့်သော် ဂုက်ခံသည် သနားဖွယ်ကောင်းသောလူငယ်တစ်ယောက်သာဖြစ်လေသည်။ သူ့တွင် ဘာအပြစ်မှမရှိပဲ ချစ်သူကိုလက်လွှတ်ဆုံးရှုံးခံကာ မိမိမျက်စေ့ရှေ့မှာ ညီနှင့်ပေါင်းသင်းနေသည်ကိုကြည့်နေရသည့်ဘဝဖြစ်သည်။

သို့သော် လူကြီးများသည် လူသားထုတစ်ရပ်လုံး မျှော်လင့်ထားကြသည့် အရေးကြီးသောလုပ်ငန်းစဉ်ကြီးအတွက်မို့ လောကအမှန်တရားကိုမျက်ကွယ်ပြုလိုက်ရပေ၏။

ဂုက်ခံ၏အတွင်းကျိတ်၍နာကြင်ကြေကွဲနေသော ခံစားချက်ကိုအမှုမထားမိခဲ့ကြချေ။

* * * * *

ဖြိစ္စာနှင့်ဟာကြူလီတို့၏စီမံချက်သည် အောင်မြင်ခဲ့လေသည်။

ဘုံမာန်နှင့်တာရာတို့ ပေါင်းသင်းကြပြီး သုံးလအကြာမှာပင် တာရာ၌ကိုယ်ဝန်ရှိလာခဲ့လေ၏။

အချိန်တန်သော် သားယောကျ်ားလေးတစ်ဦးကိုဖွားမြင်ခဲ့လေသည်။

အဘိုးနှစ်ဦးသည် သူတို့၏နောက်မျိုးဆက်သစ် ကလေးငယ်ကို လက်ပေါ်မှမချတမ်းချီပိုးကာ အာကာသခရီးစဉ်အတွက် သူတို့၏စီမံချက်အောင်မြင်မှုအပေါ် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြလေ၏။

ဤကလေးငယ်ကား ဂြိုလ်စိမ်းသို့သွားရောက်သော ခရီးစဉ်အတွက်ရောင်နီဦးပင်ဖြစ်ပေသည်။ ဂြိုလ်စိမ်းပေါ်သို့ခြေချမည့်လူသားမှာ ဤကလေးငယ်ပင်ဖြစ်ပေသည်။

တာရာသည် နောက်ထပ်သားသမီးများမွေးဖွားခဲ့လျှင်လည်း ဤမျိုးဆက်၏နောက်တွင် ထပ်၍မျိုးဆက်ပွါးဖွားရန်မရှိတော့ပါ။ အဘယ်ကြောင့်ဆိုသော် နောက်ပေါက်ဖွားမည့်မျိုးဆက်များသည် မောင်နှမအရင်းများဖြစ်နေကြမည့်အတွက် မျိုးဆက်ပွားရန်အကြောင်းမရှိတော့ပေ။ ထိုမောင်နှမများအတွက် လက်ဆက်ရန် အခြားသူစိမ်းလူသားများမရှိတော့သည့်အတွက်ကြောင့်ဖြစ်ပါ၏။

ဤကလေးငယ်သည်ပင် စကြာဝဠာခရီးစဉ်၏ ၄၁နှစ်အကြာတွင်မွေးဖွားလာခြင်းဖြစ်ရာ ဂြိုလ်စိမ်းသို့ရောက်လျှင် သူ၏အသက်သည် ၅၉နှစ်ရှိနေပေရော့မည်။

ဖြိစ္စာက အာကာသယာဉ်ပေါ်မှအောင်မြင်မှုအခြေအနေကို မြေကမ္ဘာသို့သတင်းပေးပို့လိုက်လေ၏။

မြေးဦးကလေးအတွက်နာမည်ကို အဘွားဖြစ်သူ ဟေမာကမှည့်ပေးခဲ့လေသည်။

နတ္ထိ-ဟု။

အဆိုပါ နောက်ဆုံးမျိုးဆက်ကလေးငယ် နတ္ထိ-ဆိုသူကား ယခုဤဇာတ်ကြောင်းကိုပြန်လည်ပြောပြနေသော "ကျွန်တော်" ပင်ဖြစ်ပါသတည်း။

* * * * *

## . . . အပိုင်း - ၂ . . .

ကျွန်တော်နတ္ထိသည် အဘွားဖြစ်သူဟေမာနှင့်ဖခင်ဘုံမာန်တို့လက်တွင်း၌ကြီးပြင်းခဲ့ရပေသည်။

ကျွန်တော်မွေးဖွားလာချိန်တွင် အာကာသယာဉ်ပေါ်၌ ကျွန်တော်၏အဘိုးနှစ်ဦးဖြစ်သူ ဗြိစ္စာနှင့်ဟာကြူလီတို့ရှိကြပါသေးသည်။

အဘိုးများသည် ကျွန်တော့်အားလွန်စွာချစ်ခင်မြတ်နိုး၍ အနာဂတ်အတွက် ကျွန်တော့်အားများစွာမျှော်လင့်ချက်ထားကြောင်းပြန်လည်ကြားသိရပါသည်။

သို့သော် ကျွန်တော်သည်အဘိုးနှစ်ဦးကို မမှတ်မိတော့ပါ။ ကျွန်တော်လူမှန်းမသိတတ်မီအရွယ်မှာပင် အဘိုးနှစ်ဦးလုံး တစ်လထဲခြားကာ ကွယ်လွန်အနိစ္စရောက်ခဲ့သောကြောင့်ဖြစ်ပါ၏။

အဘိုးများကွယ်လွန်ပုံမှာလည်း ဆန်းကြယ်လှလေသည်။ အာကာသယာဉ်ပြတင်းပေါက်မှ စကြာဝဠာဟင်းလင်းပြင်ထဲသို့ လိမ့်ကျသွားခဲ့ကြခြင်းဖြစ်သည်။

တစ်ချိန်က အာကာသယာဉ်ပေါ်မှ ကိုယ့်သဘောဖြင့်ကိုယ်ခုန်ချ၍ အဆုံးစီရင်သွားသော ကျွန်တော်၏အဘေးတစ်ဦးဖြစ်သူတွမ်၏အဖြစ်မျိုးလုံးဝမဟုတ်ကြောင်း အဘွားဟေမာကပြောပြပါသည်။

အဘိုး ဗြိစ္စာနှင့်ဟာကြူလီတို့အသက်သည် ကွယ်လွန်ချိန်တွင်၄၅နှစ်သာရှိကြသေးသည်။ သူတို့တွင်ဆက်လက်လုပ်ဆောင်စရာလုပ်ငန်းများ၊ ရှေ့ရည်ရွယ်ချက်များ အပြည့်ရှိနေသည်ဟုဆိုပါ၏။ စိတ်ဖောက်ပြန်နေခြင်းမျိုးလည်းမရှိပါ။

ယာဉ်ပေါ်မှခုန်ချ၍ ကိုယ့်ကိုကိုယ်သေကြောင်းကြံစည်ခြင်းလုံးဝမဖြစ်နိုင်ပါ။ ယာဉ်တခါးသည် သော့ဖြင့်အသေအချာဖွင့်မှပွင့်နိုင်သည့်တခါးမျိုးဖြစ်ရာ မတော်တဆလိမ့်ကျခြင်းမျိုးလည်းမဖြစ်နိုင်ပါ။

မည်သို့မည်ပုံ စကြာဝဠာထဲသို့လိမ့်ကျသွားကြောင်း အစပိုင်းတွင်မသိခဲ့ကြချေ။

အဘိုးနှစ်ဦးကွယ်လွန်သွားချိန်တွင် ... ယာဉ်ပေါ်၌ အဘွားဟေမာ၊ ဖခင်ဘုံမာန်၊ မိခင်တာရာနှင့် ကျွန်တော်အပြင်... ကျွန်တော်၏ဦးကြီးဖြစ်သူဂုဏ်ဓံတို့ ကျန်ရစ်ခဲ့ကြပေသည်။

လူသားငါးဦးသာကျန်ရစ်ခဲ့တော့ခြင်းဖြစ်သည်။

* * * * *

ကျွန်တော်၏ဦးကြီးဂုဏ်ဓံကိုတော့ ကျွန်တော် သေချာစွာမှတ်မိပါသေးသည်။

ဦးကြီးသည် ကျွန်တော့်အားချစ်ခင်ကြင်နာမှုမရှိပေ။ ကျွန်တော်ငယ်စဉ်က ကျွန်တော့်အား လူကြီးများကွယ်ရာ၌ အကြောင်းမရှိပဲရိုက်နှက်လေ့ရှိ၍ ကျွန်တော်ကလည်း ဦးကြီးဂုဏ်ဓံအားရွံကြောက်ကြီး ကြောက်နေမိပါသည်။

ဦးကြီးသည် ကျွန်တော့်အားအဘယ်ကြောင့်မုန်းတီးနေသည်ကို ကလေးတစ်ယောက်ဖြစ်သော ကျွန်တော်နားမလည်ခဲ့ပါ။

ကျွန်တော်အသက်ငါးနှစ်အရွယ်တွင် အာကာသယာဉ်ပေါ်၌အကြီးကျယ်ဆုံးပေါက်ကွဲမှုကြီးဖြစ်ပေါ်ခဲ့ပါသည်။

ကျွန်တော်သည် ထိုအဖြစ်ကို ယနေ့ထိမမေ့နိုင်အောင်ရင်ထဲ၌စွဲနေခဲ့ပါသည်။

တစ်နေ့သ၌ ဦးကြီးဂုဏ်ဓံကတစ်ဖက်၊ အဘွားဟေမာ၊ ကျွန်တော်၏ဖခင်မိခင်တို့ကတစ်ဖက် အကြီးအကျယ်အငြင်းအခုန်ဖြစ်ကာ ရန်ဖြစ်ခဲ့ကြပါသည်။

" တာရာနဲ့အစ်ကိုနဲ့ ပြန်ပြီးပေါင်းသင်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူးအစ်ကို၊ တာရာဟာကျွန်တော့်ဇနီးဖြစ်တဲ့အပြင် ကျွန်တော်တို့မှာ သားလေးတစ်ယောက်တောင်ရနေပါပြီ "

ကျွန်တော်၏ဖခင်ဘုံမာန်က ဒေါသဖြင့်မျက်နှာကြီးနီရဲကာ အသားများတဆတ်ဆတ်တုန်နေသော ဦးကြီးဂုဏ်ဓံကိုရှင်းပြတောင်းပန်လျှက်ရှိသည်။

" ဒါတွေငါနားမလည်ဘူး၊ တာရာဟာငါချစ်သူ၊ ငါ့မယား၊ မင်းအဖေတွေစိတ်ရူးထပြီးပေးစားထားလို့ မင်းနဲ့ပေါင်းနေရပေမယ့် တာရာက ငါ့ကိုပဲချစ်တာငါသိတယ်၊ ဒီကနေ့တာရာ့ကို ငါ့အခန်းထဲခေါ်အိပ်ရလိမ့်မယ်၊ ဒီမယ် ဘုံမာန်၊ ငါချစ်သူကို မင်း ကလေးတစ်ယောက်ရတဲ့အထိ ပေါင်းခဲ့ပြီပဲ၊ ဒါကို ငါ သည်းခံခွင့်လွှတ်ခဲ့တယ်၊ ရှေ့ဆက်ပြီးလည်း မင်းနဲ့ငါနှစ်ယောက်စလုံးနဲ့ တာရာဟာပေါင်းသင်းသွားရမယ် "

" မဖြစ်နိုင်ပါဘူးအစ်ကို၊ မသင့်တော်ပါဘူး၊ ကျွန်တော်တို့ဟာတရိစ္ဆာန်တွေမဟုတ်ကြပါဘူး အစ်ကို၊ ကျွန်တော်တို့ဟာလူတွေပါ၊ တိရစ္ဆာန်တွေလိုကျင့်သုံးလို့မတော်ပါဘူးအစ်ကိုရယ် "

အဘွားဟေမာသည် ရန်ပွဲအတွင်း၌ကြားဝင်ပါလာရလေ၏။

" ဟေ့- ဒီမယ်ဂုဏ်ဓံ၊ မင်းဘယ်လိုစကားပြောလိုက်တာလဲသားကြီးရယ်၊ တို့မျိုးရိုးဟာ အရှေ့တိုင်းသားဗုဒ္ဓဘာသာဝင်များဆိုတာကို မမေ့လျော့သင့်ဘူးကွဲ့၊ မင်းရဲ့ မိစ္ဆာဒိဋ္ဌိဆန်တဲ့အယူအဆကို ဖျောက်လိုက်စမ်းငါ့သား၊ တာရာဟာမင်းနဲ့ဘာမှမဆိုင်တော့ဘူး "

" ဟုတ်ပါတယ်အစ်ကိုရယ်၊ ကျွန်မ အစ်ကို့ကို အစ်ကိုရင်းတစ်ယောက်လိုပဲ ခင်မင်ပါရစေ၊ လေးစားပါရ

စေတော့ရှင်၊ ကျွန်မကို ဂရုဏာသက်ရှာမဲ့တဲ့မိန်းမပေါ့မျိုးဖြစ်အောင်မလုပ်ပါနဲ့အစ်ကိုရယ်၊ ကျွန်မလင်သားအပေါ်မှာ ကျွန်မသစ္စာရှိပါရစေအစ်ကိုဂုဏ်ခံ ”

ကျွန်တော်၏မိခင်က ငိုယိုရင်းဝင်၍ပြောလိုက်ပြန်သည်။

ဦးကြီးဂုဏ်ခံသည် တောက်တစ်ချက်ကိုပြင်းထန်စွာခေါက်လိုက်လေ၏။

“ မင်းတို့ကဒီလိုလား၊ မင်းတို့အားလုံး ငါ့အကြောင်းသိကြသေးတာပေါ့ကွာ ”

မီးဝင်းဝင်းတောက်သောမျက်လုံးကြီးများဖြင့် အားလုံးကိုသိမ်းကြုံးကြည့်ရင်းကြုံးဝါးလိုက်လေသည်။

ကျွန်တော်သည် ဦးကြီးကိုကြောက်ရွံ့စွာကြည့်ရင်း အဘွားရင်ခွင်ထဲ၌ခေါင်းကိုဝှက်ထားမိသည်။ ဖြစ်ပျက်နေသောအနေအထားကိုကျွန်တော်နားမလည်နိုင်ခဲ့ပါ။ ဦးကြီးသည် အမေ့အား သူ့နှင့်အတူအဘယ်ကြောင့်ခေါ်အိပ်ချင်ရသနည်း။

ဦးကြီး သူ့အခန်းထဲဝင်သွားသည်အထိ ကျွန်တော်တို့အားလုံး ယာဉ်၏အလည်ခမ်းမအတွင်း၌ ရပ်နေမိကြလေသည်။

ရန်ပွဲကားပြီးဆုံးမည်မဟုတ်သေးကြောင်းကို ကျွန်တော်သိလိုက်လေသည်။

ဘာအကြောင်းဟု ရေလည်စွာနားမလည်သော်လည်း ဦးကြီးသည် ရန်ငြိုးဖြင့် ကျွန်တော်တို့အပေါ် လက်တုံ့ပြန်တော့မည်ဖြစ်ကြောင်းကို သဘောပေါက်လိုက်မိလေ၏။

* * * * *

နောက်တစ်နေ့မနက်၌ ဆူညံသောရိုက်နှက်ချိုးဖျက်သံများကြောင့် ကျွန်တော်တို့အားလုံး အိပ်ရာမှ အလန့်တကြား နိုးလာကြလေ၏။

ယာဉ်၏ပင်မခမ်းမဆောင်ထဲသို့ ထွက်ကြည့်လိုက်သည့်အခါ... ဦးကြီးဂုဏ်ခံသည် မြေကမ္ဘာနှင့် ဆက်သွယ်ရာတွင်အသုံးပြုသောဆက်သွယ်ရေးကိရိယာများကို သံဒုတ်ကြီးတစ်ချောင်းဖြင့်ရိုက်နှက်ဖျက်ဆီးနေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ဆက်သွယ်ရေးစက်များကို ဖျက်ဆီးပြီး လေယာဉ်တခါးဝကိုဖွင့်ကာ အပြင်ပသို့ပစ်ချလျှက်ရှိလေသည်။

“ အစ်ကို၊ အစ်ကို၊ ဒါဘာလုပ်တာလဲ၊ သတိထားပါ၊ သတိထားပါအစ်ကို၊ ဒီလိုမလုပ်ပါနဲ့ ”

ကျွန်တော်၏ဖခင်က ဝင်ရောက်ဟန့်တားရင်း တောင်းပန်လေသည်။

“ ဂုဏ်ခံ၊ မင်းမိုက်မဲလှချည်လားဟင်၊ မင်းလုပ်ရပ်ကို ရပ်တန်းက ရပ်စမ်း၊ အမလေး... ဆက်သွယ်ရေးကိရိယာတွေအားလုံးပျက်စီးကုန်ပါပြီကော၊ ဘုရား ဘုရား ”

အဘွားသည်ဖြစ်ရပ်ကိုကြည့်ရင်း မျက်ရည်များကျလာလေသည်။

“ ဟားဟားဟားဟား- ခင်ဗျားတို့ရဲ့ရှုးသွပ်တဲ့ ခရီးစဉ်ကြီးကို အဆုံးသတ်အောင်လုပ်လိုက်တာလေ၊ ဟားဟား ဟား၊ ကျုပ်ကိုလူတစ်ယောက်လိုသဘောမထားပဲ ခင်ဗျားတို့စီစဉ်ချင်သလိုစီစဉ်ခဲ့လို့ ကျုပ်အသည်းတွေကွဲခဲ့ရပြီဗျ၊ အဲဒီအတွက် ကျုပ်ကလက်စားချေတာပဲ၊ ဟားဟား၊ ကျုပ်ကိုထင်ရာလုပ်ခဲ့တဲ့လူရှုးကြီးနှစ်ယောက်ကိုလည်း ယာဉ်ပေါ်ကနေတွန်းချပြီးသတ်ပစ်ခဲ့တာဗျ၊ သိရဲ့လား ”

“ ဘာ၊ မင်း-မင်း ကိုယ့်အဖေအရင်းကို ယာဉ်ပေါ်ကတွန်းချခဲ့တယ်၊ ဟုတ်လား ”

“ ဟုတ်တယ်၊ ကျုပ်အဖေဖြိုစ္စာကိုရော၊ ကျုပ်ယောက္ခမဟောင်းဟာကြူလီကိုပါ ယာဉ်ပေါ်ကနေ ကျုပ်ကိုယ်တိုင်တွန်းချပစ်ခဲ့တယ်၊ ဘာဖြစ်လဲ ”

“ ဂုဏ်ခံ၊ မင်းဟာမိစ္ဆာကောင်ပဲ၊ ငရဲလားမယ့်ကောင်ပဲ ”

“ ငရဲကိုလားရတာက ခင်ဗျားတို့ရဲ့အရှုးခရီးစဉ်နဲ့လိုက်ပါရတာထက်ကောင်းဦးမယ်ဗျ၊ ဒီတစ်ခါတော့ ဘယ်သူ့ကိုမှယာဉ်ပေါ်ကတွန်းမချတော့ပါဘူး၊ ကျုပ်ကိုယ်တိုင်ပဲ ခင်ဗျားတို့အရှုးတွေနဲ့ဝေးအောင် ထွက်သွားပါတော့မယ်၊ ဒါပေမယ့် ကျုပ်ရဲ့အသည်းနှလုံးတာရာကိုတော့ ကျုပ်နဲ့အတူအပါခေါ်သွားရလိမ့်မယ်၊ လာ-တာရာ ”

ဦးကြီးသည် ကြောင်ငေးရပ်နေသော ကျွန်တော်၏မိခင်လက်ကိုလှမ်းဆွဲလိုက်သည်။ မိခင်သည် အရုပ်ကလေးတစ်ရုပ်နှယ် ဦးကြီးဆွဲခေါ်ရာသို့ပါသွားလေ၏။

အဖြစ်အပျက်မှာမြန်ဆန်လှလေသည်။

ဦးကြီးက ကျွန်တော့်မိခင်၏ခါးကို တင်းကျပ်စွာဖက်လိုက်ကာ အသင့်ပွင့်နေသောယာဉ်တခါးဝမှတစ်ဆင့် စကြာဝဠာဟင်းလင်းပြင်ထဲသို့ခုန်ချလိုက်လေသည်။

မိခင်သည် ရုန်းကန်ရင်း၊ စူးစူးဝါးဝါးအော်ဟစ်ရင်း ဦးကြီးဂုဏ်ခံဆွဲခေါ်ရာနောက်သို့ပါသွားလေ၏။

“ သား-သား... သားသားရေ... ”

ဦးကြီးနှင့်မိခင်၏သဏ္ဌာန်သည် အပြင်အာကာသထဲသို့လုံးထွေးကျသွားပြီး လျင်မြန်သော ယာဉ်၏အရှိန်ကြောင့် နောက်တွင်လွင့်မျောကျန်ခဲ့ကာ ကျွန်တော့်တို့အမြင်မှ တဖြည်းဖြည်းသေးမွားရင်း ဟင်းလင်းပြင်ထဲ၌ ပျောက်ကွယ်သွားလေသည်။

" မေမေ– မေမေ "

ကျွန်တော်သည် မိခင်ဖြစ်သူကို လက်လွတ်ဆုံးရှုံး လိုက်ရပြီဟုသိလိုက်ကာ အော်ဟစ်ငိုယိုလိုက်လေသည်။

* * * * *

ထိုအချိန်မှစ၍ ကျွန်တော်သည် အဘွားနှင့်ဖခင်လက်ထဲ၌သာကြီးပြင်းလူလားမြောက်လာရတော့သည်။

ဦးကြီးဖျက်စီးကာ အာကာသထဲလွင့်ပစ်ခဲ့သောကြောင့် အာကာသယာဉ်ပေါ်၌ မြေကမ္ဘာနှင့် ဆက်သွယ်စရာစက်ကိရိယာတစ်ခုမှမရှိတော့ပါချေ။

ကျွန်တော်တို့ အာကာသခရီးသည်များသည်လည်း ထိုအချိန်မှစ၍ ကမ္ဘာမြေနှင့်အဆက်အသွယ်ပြတ်တောက်သွားရပါတော့၏။

ကမ္ဘာမှထွက်ခွာလာပြီး ၄၆နှစ်ကြာမြင့်ချိန်တွင်ဖြစ်ပေသည်။

ကမ္ဘာပေါ်မှလူများသည် အာကာသယာဉ်ပျက်စီးသွားပြီဟုထင်ကောင်းထင်ကြပေလိမ့်မည်။

အဆက်အသွယ်ပြတ်တောက်သွား၍ ဂြိုလ်စိမ်းသွား ခရီးစဉ်စီမံချက်ကို အောင်မြင်မှုမရသော လုပ်ငန်းရပ်တစ်ခုအဖြစ် ကန့်လန့်ကာချဇာတ်သိမ်းပစ်လိုက်ပြီးဖြစ်ပေမည်။

ယာဉ်ပေါ်၌ကျန်ရစ်သောလူသားသုံးဦးကား ဂြိုလ်စိမ်းသွားခရီးစဉ်အား ရှေ့ဆက်လျှက်ပင်ရှိလေသည်။

အဘွားဟေမာနှင့်ဖခင်ဘုံမာန်တို့သည် စိတ်ဓာတ်မကျအောင်အားမာန်တင်းခဲ့လေသည်။ သူတို့ကား ဂြိုလ်စိမ်းမရောက်မီသေလွန်ကြမည့်လူသားများဖြစ်ပေ၏။

ဂြိုလ်စိမ်းထိခရီးနှင်နိုင်မည့်သူမှာ ကျွန်တော်တစ်ယောက်ထဲသာရှိပေသည်။

အဘွားနှင့်ဖခင်သည် ကျွန်တော့်အား တတ်အပ်သောပညာရပ်များကိုသင်ပြပေးခဲ့လေသည်။

ဂြိုလ်စိမ်းသို့ကျွန်တော်ရောက်ရှိခဲ့ပါက အရာရာအဆင်ပြေစေရန် ကြိုတင်စီမံပေးခဲ့လေသည်။ သူတို့သည် ကျွန်တော့်အားစိတ်ဓာတ်ယိမ်းယိုင်မသွားအောင် ရှေ့ဆောင်မှုပေးခဲ့သောလက်ဦးဆရာများဖြစ်ပါ၏။

အဘွားသည် ကျွန်တော့်အား စာပေဘာသာရပ်များ၊ ကမ္ဘာ့ရာဇဝင်နှင့်လူသားတို့အကြောင်းများ၊ လူသားတို့၏ ဘဝတိုးတက်မှုဖြစ်စဉ်များ၊ ပထဝီဘာသာရပ်တို့ကို သင်ကြားပြသခဲ့လေသည်။

ကျွန်တော်သည် မိမိနှင့်မျိုးတူလူဆိုသောသတ္တဝါများကို အာကာသယာဉ်နှင့်ပါလာသောစာအုပ်စာတမ်းများရှိဓာတ်ပုံများ၊ လှုပ်ရှားမှုများကိုရိုက်ကူးထားသော ဗွီဒီယိုဓာတ်ပြားများမှတစ်ဆင့်သာကြည့်ရှုလေ့လာနိုင်ခဲ့လေသည်။

ကျွန်တော်တို့လူသားများ၏ ကမ္ဘာဂြိုလ်ကိုလည်း ဓာတ်ပုံ၊ ဗီဒီယိုများထဲမှကြည့်ရင်းသာလေ့လာခဲ့ရလေ၏။

ကျွန်တော်ကားမျိုးတူလူသားများနှင့် ကမ္ဘာဂြိုလ်ကို မည်သည့်အခါမှရောက်ရှိတွေ့မြင်နိုင်တော့မည်မဟုတ်ပေ။

ဂြိုလ်စိမ်းသို့ရောက်လျှင်တော့ ကျွန်တော်တို့ဖြစ်စဉ်အား ကမ္ဘာသို့ပြန်လည်သတင်းပို့ကောင်းပို့နိုင်ပါလိမ့်မည်။

ကျွန်တော်ကိုယ်တိုင်ကား ဤမျှဝေးကွာသောခရီးစဉ်ကိုဖြတ်သန်း၍ ကမ္ဘာပေါ်သို့ပြန်လည်ရောက်ရှိနိုင်တော့မည် မဟုတ်ပေ။

ဖခင်ဘုံမာန်ကတော့ ကျွန်တော့်ဘဝအတွက် အကောင်းဖက်သို့အလေးပေးကာ တွေးတော စိတ်ကူးယဉ်ခဲ့ရှာပေသည်။

ဂြိုလ်စိမ်းမှလူသားများမှာ ကမ္ဘာမှကျွန်တော်တို့လူသားများကဲ့သို့ ခြေနှစ်ဖက်၊ လက်နှစ်ဖက်နှင့် မတ်မတ်ရပ်နိုင်သောလူသားများဖြစ်သည်ကို ဓာတ်ပုံများအရသိရှိရသည်မို့… ဂြိုလ်စိမ်းသို့ရောက်လျှင် ကျွန်တော်သည် ဂြိုလ်စိမ်းမှဂြိုလ်သူမတစ်ယောက်နှင့် လက်ဆက်ပေါင်းဖက်နိုင်လိမ့်မည်ဟုဆိုလေသည်။ မျိုးဆက်များလည်းပွားများနိုင်လိမ့်မည်ဟုဆိုလေသည်။

ကျွန်တော်၏မျိုးဆက် သားသမီးမြေးမြစ်တို့သည် ဂြိုလ်စိမ်းမှလူသားများအကူအညီဖြင့် ကမ္ဘာမြေသို့ပြန်နိုင်လိမ့်မည်ဟုမျှော်လင့်ရှာပေ၏။

ကျွန်တော်ကား ရှေ့တွင် မည်သို့ကြုံရသည်ဖြစ်စေ ရင်ဆိုင်ရန်အသင့်ရှိပေသည်။ အဘွားဖြစ်သူဟောပြောထား၍ ကျွန်တော့်၌ ဗုဒ္ဓဘာသာအခြေခံတရားများရှိပေသည်။ ဖြစ်ပျက်လာသမျှမှာ ကံတရားသာတည်း။ ကြုံတွေ့လာသမျှကို သဗ္ဗေသတ္တာကမ္မသကာဟုသဘောထားကာ ဖြေရှင်းရင်ဆိုင်သွားဖို့သာရှိပေ၏။

* * * * *

ထို့ဖြင့် ကျွန်တော်သည် အသက်၂၀အရွယ်သို့ ရောက်ရှိလာခဲ့လေ၏။

ကျွန်တော်အသက်၂၀ပြည့်ချိန်တွင် အဘွားဖြစ်သူ ဟေမာကွယ်လွန်ခဲ့လေသည်။

ကွယ်လွန်ချိန်တွင် အဘွားသည် အသက်၆၄နှစ်ရှိပြီဖြစ်ပြီး မြေကမ္ဘာပေါ်မှထွက်လာပြီး ၆၁နှစ်အကြာ၌ ကွယ်လွန်ခဲ့ခြင်းဖြစ်ပါသည်။

သူမသည်အသက်၃နှစ်အရွယ်ကတည်းက ကမ္ဘာမှထွက်ခွာခဲ့သည်မှာ အာကာသယာဉ်ပေါ်၌ အရှည်ကြာဆုံးအသက်ရှင်နေထိုင်သွားခဲ့သူဖြစ်လေသည်။

အဘွားသည် ကမ္ဘာမြေကိုနင်းခဲ့ဖူး၍ ကမ္ဘာပေါ်တွင်မွေးဖွားခဲ့သော အာကာသာယာဥ်ပေါ်မှ နောက်ဆုံးလူသားဖြစ်ပေသည်။

ယခုအခါ အာကာသယာဥ်ပေါ်၌ မြေကမ္ဘာပေါ်တွင် နေထိုင်ခဲ့ဖူးသူ မကျန်ရစ်တော့ပြီ။

အာကာသတွင်းမွေးဖွားခဲ့သော ကျွန်တော့်ဖခင်ဘုံမာန်နှင့်ကျွန်တော်တို့နှစ်ဦးထဲသာ ကျန်ရှိပါတော့သည်။

ဖခင်ကြီးသည် ကျွန်တော့်အား ပညာများဆက်လက်သင်ကြားပေးခဲ့ပေ၏။ နက္ခတ္တပညာရပ်များ၊ အချိန်ကာလတွက်ချက်ပုံ၊ စကြာဝဠာအကြောင်းများကို သင်ကြားပေးခဲ့သည်။

ကမ္ဘာမြေသုံးပြက္ခဒိန်ကိုငှင်း၊ ကမ္ဘာပေါ်မှအချိန်သတ်မှတ်ချက်ကိုငှင်း သင်ပြပေးခဲ့လေသည်။

ကမ္ဘာမှထွက်ခွာစဥ်ကတည်းက ကြိုတင်ရေးဆွဲပေးလိုက်သောအနှစ် ၂၀၀ပြက္ခဒိန်သည် အာကာသယာဥ်ပေါ်၌ပါရှိလာခဲ့လေသည်။ ကမ္ဘာမြေကအချိန်သတ်မှတ်ချက်အတိုင်း သွားလျှက်ရှိသောကမ္ဘာ့နာရီကြီးသည်လည်း ပုံမှန် လည်ပတ်လျှက်ပင်ရှိပေ၏။

ကျွန်တော်တို့သည် ကမ္ဘာနှင့်လွန်စွာဝေးကွာသောအရပ်သို့ရောက်နေသော်လည်း ကမ္ဘာပေါ်တွင်ရောက်ရှိနေသောခုနှစ်၊လ၊ရက်၊အချိန်နာရီများကိုတွက်ချက်နိုင်ပါသည်။

ယခုအခါ ကမ္ဘာဂြိုလ်ပေါ်တွင် သက္ကရာဇ် ၄၄၃၂ခုနှစ်သို့ပင်ရောက်ရှိနေပေရော့မည်။

* * * * *

သက္ကရာဇ်၄၄၄၃ခုနှစ်အရောက်တွင် ကျွန်တော်၏ ဖခင်ဘုံမာန်ကွယ်လွန်ခဲ့ပါ၏။

သူသည်အသက် ၅၅နှစ်အရွယ်တွင်ကွယ်လွန်ခဲ့ခြင်း ဖြစ်လေသည်။

ကျွန်တော်သည် ဖခင်ကြီး၏အလောင်းကို ယာဥ်တခါးပေါက်မှ စကြာဝဠာထဲသို့ပစ်ချရင်း မျက်ရည်ကျမိပေသည်။

ယခုအခါ အာကာသယာဥ်ထဲ၌ လူဟူ၍ ကျွန်တော်တစ်ယောက်ထဲသာ အထီးကျန်ဆန်စွာ ကျန်ရစ်ခဲ့ပါတော့သည်။

ကျွန်တော်၏အသက်မှာလည်း ၃၅နှစ်ရှိခဲ့ပေပြီ။

ဂြိုလ်စိမ်းသို့ရောက်ရန် နှစ်ပေါင်း၂၄နှစ်သာ လိုပါတော့သည်။

ဂြိုလ်စိမ်းသို့မရောက်ခင်ကာလအထိ ကျွန်တော့်မှာထူးထူးခြားခြားရေးပြစရာမရှိတော့ပါချေ။

အာကာသယာဥ်သည် ပစ်လွှတ်လိုက်စဥ်ကအရှိန်အတိုင်း တရိပ်ရိပ်ပြေးလျှက်ရှိပေသည်။

အပြင်ရှုခင်းများမှာလည်း ကျွန်တော်မွေးကတည်းက မြင်ခဲ့ဖူးသည့်အတိုင်း နက္ခတ်တာရာများ၊ ဂြိုလ်သိမ်ဂြိုလ်မွှားများ၊ မဆုံးနိုင်အောင်နက်မှောင်သော အာကာသတွင်းနက်ကြီးများသာဖြစ်သည်။

ကျွန်တော်သည် တစ်ရက်နှင့်တစ်ရက်မထူးခြားသော အတွေ့အကြုံများကိုဖြတ်သန်းရင်း ပျင်းရိငြီးငွေ့စွာ ခရီးနှင်လျှက်ရှိပေ၏။ ကံကောင်းထောက်မ၍ ဂြိုလ်စိမ်းမရောက်မီ ကျွန်တော်သေဆုံးမသွားပါစေနှင့်။

ဤမှတ်တမ်းအား ကျွန်တော်၏အသက်၅၇နှစ်ပြည့်ချိန်၌စတင်ရေးသားခဲ့ပေသည်။

ခရီးစဥ်ကြိုတင်တွက်ချက်ထားမှုအတိုင်းဆိုပါက အာကာသယာဥ်သည် နောက်၂နှစ်အကြာတွင် ဂြိုလ်စိမ်းပေါ်သို့ဆိုက်ရောက်ပေတော့မည်။

* * * * *

အချိန်ကားတဖြည်းဖြည်းကုန်ဆုံးလာရာ... အာကာသထဲ၌နှစ်ပေါင်းများစွာကြီးပြင်းလာရသည့် ကျွန်တော့်အဖို့ ၂နှစ်ဆိုသောအချိန်ကို များစွာစောင့်ဆိုင်းလိုက်ရသည်ဟု မထင်မိပါချေ။

၂နှစ်ကာလသည် လျင်မြန်စွာကုန်ဆုံးသွားခဲ့ကာ ယခုအခါ ကျွန်တော်သည် ဂြိုလ်စိမ်းကို ရေးရေးပျပျ မြင်တွေ့ရသည်ထိနီးကပ်လာပေပြီ။

ကျွန်တော်သည် ဂြိုလ်စိမ်းပေါ်တည့်တည့်သို့ရောက်လျှင် ဂြိုလ်ပေါ်သို့ဆင်းသက်ရမည့်စက်ခလုတ်များအားပြန်လည်စစ်ဆေးကာလေ့ကျင့်ထားရပါ၏။ ကျွန်တော်၏ဖခင်များအဆက်ဆက်မှ ဆင့်ပွားသင်ကြားပေးခဲ့သော အတတ်ပညာများပင်ဖြစ်ပါသည်။

ဂြိုလ်စိမ်းသည် ကမ္ဘာသားများအမည်ပေးထားသည့်အတိုင်း စိမ်းမှောင်နေသောဂြိုလ်ကြီးတစ်ခုဖြစ်ပေ၏။

အဝေးမှအမြင်အရ အရေးအကွက်လုံးဝမရှိသည့် တစ်ခုလုံးစိမ်းနေသော အစိမ်းရောင်အလုံးကြီးတစ်လုံးဖြစ်ပေသည်။

အာကာသယာဥ်ပေါ်မှပြက္ခဒိန်သည် ကမ္ဘာ့သတ်မှတ်ချက်အရ ၄၄၆၇ခုနှစ်၊ မေလ၃-ရက်နေ့သို့ရောက်ရှိပြီဖြစ်ကြောင်းပြသနေပေ၏။

ခရီးစဥ်အစမှတွက်ချက်သော် အနှစ်တစ်ရာတင်းတင်းပြည့်ပြီး ၄လစွန်းသောအချိန်ဖြစ်ပေသည်။

ကမ္ဘာ့သိပ္ပံပညာရှင်များတွက်ချက်မှုအတိုင်း ကွက်တိရောက်ရှိခဲ့ခြင်းပင်ဖြစ်ပါသည်။

ထိုသိပ္ပံပညာရှင်ကြီးများသည် ယခုအခါ ကမ္ဘာမြေပေါ်၌သေဆုံးကုန်ပြီးဖြစ်လိမ့်မည်။ သူတို့၏တွက်ချက်မှုအတိုင်း အာကာသယာဉ်သည် ဂြိုလ်စိမ်းသို့ဘေးမသီရန်မခပဲရောက်ရှိကြောင်းသိရလျှင် မည်မျှပျော်ရွှင်ကြည်နူးပေလိမ့်မည်နည်း။

ယခုမူ ဆက်သွယ်ရေးကိရိယာများမရှိတော့သောကြောင့် အခြားသောကမ္ဘာ့လူသားများသည်ပင် ကျွန်တော်နှင့်အာကာသယာဉ်အကြောင်းကို သိရှိခွင့်ရတော့မည်မဟုတ်ချေ။

* * * * *

## . . . အပိုင်း – ၃ . . .

ဂြိုလ်စိမ်းအပေါ်တည့်တည့်သို့ အာကာသယာဉ် ရောက်ရှိသည့်ရက်မှာ ၄၄၆ရခုနှစ်၊ မေလ၃ရက်နေ့ဖြစ်ပါသည်။

ကျွန်တော်သည် စက်ခလုတ်များကိုနှိပ်ကာ ဂြိုလ်ပေါ်သို့ယာဉ်ကြီးနိမ့်ဆင်းကျရောက်သွားအောင် ပြုလုပ်လိုက်သည်။

အာကာသယာဉ်ကား ဂြိုလ်၏ဆွဲငင်အားနယ်မြေအတွင်းသို့ရောက်သွားပြီး တဖြည်းဖြည်းနိမ့်ဆင်းကာ ဂြိုလ်နှင့်နီးကပ်လာလျှက်ရှိပေ၏။

ဂြိုလ်နှင့်နီးလာလေ ဂြိုလ်ပေါ်မှမြင်ကွင်းများကို တဖြည်းဖြည်းပီသသဲကွဲစွာမြင်လာရလေဖြစ်ပေသည်။

ဂြိုလ်ပေါ်၌ လူပေါင်းများစွာသည် မတ်တပ်ရပ်လျှက်ရှိသည်။

မလှုပ်မယှက်မတ်တပ်ရပ်နေကြခြင်းဖြစ်ပါ၏။

ဂြိုလ်ပေါ်၌ မတ်တပ်ရပ်နေသောလူသားများကိုသာမြင်တွေ့ရပြီး အခြားသောသစ်ပင် ဝါးပင် အဆောက်အဦးများမတွေ့ရပါ။ သူတို့သည် ဂြိုလ်မျက်နှာပြင် လွင်တီးခေါင်ပေါ်၌ လှုပ်ရှားမှုကင်းမဲ့စွာ မတ်တပ်ရပ်နေကြခြင်းဖြစ်ပါသည်။

ဂြိုလ်ပေါ်မှလူသားများသည် သူတို့ဂြိုလ်ပေါ်သို့ ဆိုက်ရောက်လာမည့် ကျွန်တော်၏အာကာသယာဉ်ကို မျှော်၍ကြည့်နေကြသည်ဟုပင် ကျွန်တော်ထင်မိပါသည်။

ဟုတ်–မဟုတ်ကိုမူ ဂြိုလ်ပေါ်ရောက်မှသိရပေတော့မည်။

ကျွန်တော်၏အာကာသယာဉ်အား တစ်စုံတရာ အန္တရာယ်ပြုမည့်အပြုအမူကိုမူမမြင်တွေ့ရပါ။

သူတို့သည် မလှုပ်မယှက်မတ်တပ်ရပ်နေကြခြင်းသာဖြစ်ပါ၏။

ဂြိုလ်နှင့်အလွန်နီးကပ်သောအကွာအဝေးသို့ရောက်ရှိလာပေပြီ။

အာကာသယာဉ်သည် ဂြိုလ်မြေပြင်ပေါ်သို့ ဆင်းသက်ရပ်နားပေတော့မည်။

ထိုမျှအနီးကပ်သို့ရောက်ပါမှပင် ဂြိုလ်ပေါ်တွင်ရပ်နေကြသောလူသားများ၏ အရွယ်အစားကို ကျွန်တော့်မှာ မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရတော့၏။

ဂြိုလ်ပေါ်မှလူသားကြီးများသည် ကျွန်တော်တို့ ကမ္ဘာ့လူသားများထက် များစွာကြီးမားသောဂြိုလ်သားကြီးများပါတကား။

သူတို့၏အရပ်သည် ပေ၅၀ခန့်ပင် မြင့်ပေမည်။

ကျွန်တော်သည် အလွန်ကြီးမားသောလူကြီးများကို မြင်တွေ့လိုက်ရ၍ အနည်းငယ်ကြောက်စိတ်တော့ဝင်သွားမိပေသည်။

သို့ရာတွင် အာကာသယာဉ်ကား မြေပြင်ပေါ်သို့ ဆင်းသက်နေပြီဖြစ်ပေ၏။

ဂြိုလ်သားကြီးများကလည်း ယခုတိုင်မလှုပ်မရှားရှိနေ၍ အန္တရာယ်တော့မပြုတန်ကောင်းပေ။

အာကာသယာဉ်ကို မြေပြင်ပေါ်သို့ညင်သာစွာ ဆင်းသက်နိုင်ခဲ့ပေပြီ။

နှစ်ပေါင်းတစ်ရာတိတိ မရပ်မနားခရီးနှင်ခဲ့သောယာဉ်ကား အနားယူခွင့်ရရှိသွားပေပြီ။

* * * * *

ကျွန်တော်သည် အာကာသယာဉ်တခါးကိုဖွင့်ကာ ယာဉ်ပေါ်မှဆင်းလိုက်သည်။

ကျွန်တော်၏အာကာသယာဉ် ရပ်နားလိုက်သည့်နေရာမှာ မတ်တပ်ရပ်နေသောဂြိုလ်သားကြီးများနှင့်မကွာလှမ်းလှသောနေရာဖြစ်ပါ၏။

ယာဉ်၏ပြင်ပသို့ထွက်လိုက်ရာတွင် ကျွန်တော်နှင့် အာကာသယာဉ်တို့သည် ကြီးမားသောဂြိုလ်သားကြီးများ၏အောက်၌ရောက်နေသည့်အဖြစ်ကို တွေ့မြင်လိုက်ရလေတော့သည်။

ကျွန်တော်မြေပေါ်သို့ဆင်းသက်လာသည်ထိ ဂြိုလ်သားကြီးများက ကျွန်တော့်ကိုငုံ့မကြည့်ကြပါ။ နှုတ်ဆက်ခြင်း၊ ခရီးဦးကြိုပြုခြင်း၊ စုံစမ်းမေးမြန်းခြင်းတို့မပြု။ ရပ်မြဲအတိုင်းမလှုပ်မရှားရပ်နေကြမြဲ ဖြစ်လေ၏။

ကျွန်တော်သည် တအံ့တသြဖြင့် သတိထားကာ သူတို့၏အနားသို့တိုးကပ်သွားခဲ့သည်။

ထိုအခါ အလွန်အံ့သြဖွယ်ကောင်းသောအဖြစ်ကို မြင်တွေ့လိုက်ရလေတော့၏။

ကျွန်တော်တွေ့မြင်နေရသော မတ်တပ်ရပ်နေသည့်ဂြိုလ်သားကြီးများမှာ အသက်မရှိသောအလောင်းကောင်ကြီးများဖြစ်နေသောကြောင့်တည်း။

အဝေးမှကြည့်သော် မတ်တပ်ရပ်နေသည်ဟုထင်ရသော်လည်း အမှန်တော့ အလောင်းများကို ဖန်သားအခေါင်းထဲတွင်သွင်း၍ မတ်တပ်အတိုင်းထောင်ထားခြင်းဖြစ်လေသည်။

ကျွန်တော်သည် အရုပ်ကြီးတွေများဖြစ်နေမလားဟု သေချာလေ့လာစုံစမ်းကြည့်ရာ အရုပ်များမဟုတ်၊ တစ်ချိန်က အသက်ရှင်လှုပ်ရှားမှုရှိခဲ့သောဂြိုလ်သားများ၏ ရုပ်အလောင်းများဖြစ်နေသည်ကိုတွေ့ရပေ၏။

ကျွန်တော်က ဖန်အခေါင်းအား လက်ဖြင့်ခေါက်ကြည့်ရာ ဖန်ခေါင်းသည် အခေါင်းပွမဟုတ်ပဲ အလောင်းများကို ဖန်ရည်ဖြင့်မံ၍အတွင်း၌ ကျစ်လစ်စွာရုပ်လုံးသွင်းထားကြောင်းတွေ့လိုက်ရလေသည်။ ကြည်လင်သောဖန်သားများမို့ အဝေးမှကြည့်ရာတွင် ဖန်သားပြင်ကိုမမြင်ရပဲ ဂြိုလ်သားများ၏ရုပ်အလောင်းကို ဒိုးယိုပေါက်မြင်တွေ့နေရခြင်းဖြစ်ပါသည်။

ဖန်သားထဲထည့်၍ မတ်တပ်အတိုင်းသဂြိုလ်ထားခြင်းမှာ သူတို့၏ဓလေ့ဖြစ်ပုံရပေသည်။

ကမ္ဘာမှသိပ္ပံပညာရှင်များ ဤဂြိုလ်ပေါ်မှလူတို့၏ ပုံရိပ်ကိုဖမ်းယူရရှိခဲ့သည်မှာ ဤအလောင်းများ၏ပုံရိပ်ပင်ဖြစ်ပါ၏။

သင်္ချိုင်းမြေ၏ပုံရိပ်ကိုဖမ်းယူရရှိခဲ့ခြင်းဖြစ်ပေ၏။

ဂြိုလ်သားများမှာ ကျွန်တော်တို့လူများကဲ့သို့ ခြေနှစ်ဖက်၊ လက်နှစ်ဖက်ရှိသော်ငြား အရွယ်အစားမှာမူ ဆယ်ဆခန့်ပိုမိုမြင့်မားနေသည်ကိုတွေ့ရပေ၏။ ပုံရိပ်များဖမ်းယူရရှိခဲ့ရာတွင် နှိုင်းယှဉ်စရာမရှိပါ၍ ကမ္ဘာသားများကဲ့သို့ပင် အရပ်ခြောက်ပေဝန်းကျင်ဂြိုလ်သားများဖြစ်မည်ဟု ထင်မြင်ခဲ့ကြခြင်းဖြစ်ပေသည်။

ကျွန်တော်က ဖန်အခေါင်းထဲမှဂြိုလ်သားကြီးများ အလောင်းကိုမော့ကြည့်လိုက်ရာ ကျွန်တော်၏ဦးခေါင်းသည် သူတို့၏ဒူးဆစ်လောက်အထိသာရှိကြောင်းတွေ့လိုက်ရလေ၏။

အလောင်းများတွင်ဝတ်ဆင်ပေးထားသော အဝတ်အစားများကိုကြည့်၍ ယောက်ျားမိန်းမခွဲခြားသိရှိရလေသည်။ သေချာမော်၍ကြည့်မှ အလောင်းများမှာ မျက်စိများပိတ်ထားသည်ကိုတွေ့ရလေ၏။

ကျွန်တော်သည် ယာဉ်ကို ဂြိုလ်သားများ၏သင်္ချိုင်းမြေထဲတွင်ဆင်းသက်ခဲ့မိခြင်းဖြစ်လေသည်။

ဤအတိုင်းဆိုပါက ဂြိုလ်သားများနေထိုင်သောအရပ်သည်သင်္ချိုင်းမြေနှင့်မနီးမဝေး၌ရှိပေမည်။

* * * * *

ကျွန်တော်သည် အလောင်းကြီးများကြားမှလျှောက်လာခဲ့ကာ အသက်ရှိသောဂြိုလ်သားများနေထိုင်မည့်အရပ်ကိုရှာဖွေရန်ထွက်ခဲ့လေသည်။

ကျွန်တော် အတန်ကြာလျှောက်လာသည်ထိ သုသာန်မြေကမဆုံးသေးချေ။ ကြည့်လေရာ တမျှော်တခေါ်လုံးတွင် မတ်တပ်သဂြိုလ်ထားသောအလောင်းကြီးများသာပြည့်လျှက်ရှိပေ၏။

သင်္ချိုင်းမြေသည် အလွန်ပင်ကျယ်ပြောလှတော့သည်။

ကျွန်တော်သည် အလောင်းများအားအသေအချာ လေ့လာကြည့်ရာ ဖန်အခေါင်း၏အောက်ခြေ၌ ဖန်သားပြင်ပေါ်တွင်ထွင်းထုထားသော စာသားအချို့ကို တွေ့လိုက်ရလေသည်။

ဂြိုလ်စိမ်း၏ဘာသာစကားဖြင့် ရေးထိုးထားခြင်းဖြစ်ပေမည်။

ကွယ်လွန်သူ၏အမည်နှင့်အသက်တို့ဖြစ်ပုံရလေသည်။

ယင်းသို့ဖြင့် နေဝင်ချိန်သို့ရောက်သွားခဲ့လေရာ... ကျွန်တော်သည် အာကာသယာဉ်ဆီသို့သွားရောက်ပြီး အစားစားကာ အနားယူအိပ်စက်လိုက်ရပေတော့သည်။

နောက်တစ်နေ့မှပင် ဂြိုလ်သားများနေထိုင်သည့်အရပ်ကိုဆက်၍ရှာဖွေရပါတော့မည်။

* * * * *

နောက်တစ်နေ့တွင် ကျွန်တော်သည် တမျှော်တခေါ်ရှိနေသော မတ်တပ်ရပ်အလောင်းကောင်ကြီးများကြားမှ လျှောက်လှမ်းခဲ့ကာ သက်ရှိလူတို့နေသည့်အရပ်ကို ရှာဖွေခဲ့လေ၏။

ကျွန်တော်သည် မိုင်ပေါင်းများစွာလျှောက်လာခဲ့သော်လည်း သချိုင်းမြေအဆုံးသို့မရောက်နိုင်သေးပါ။

ကျွန်တော်လာခဲ့ရာ လမ်းတစ်လျှောက်လုံးတွင် အလောင်းများနှင့်ချည်းပြည့်နေကာ ကြည့်လေရာတိုင်းတွင် အလောင်းကောင်များ၏ မတ်တပ်ရပ်အနေအထားကိုသာမြင်တွေ့နေရပေ၏။

နေဝင်လုနီးသည်ထိ သချိုင်းမြေအဆုံးထိမရောက်နိုင်သေးသောကြောင့် ကျွန်တော်သည် အာကာသယာဉ်ရှိသည့်နေရာသို့နောက်ပြန်လှည့်ခဲ့ရလေတော့၏။

ပုံစံတူအလောင်းများကြားတွင် လျှောက်လှမ်းရသည်မှာဝင်္ကဘာထဲလမ်းလျှောက်ရသည့်သဖွယ်ဖြစ်နေ၍ အာကာသယာဉ်ရှိရာသို့ပြန်မရောက်မှာကိုလည်း စိုးရိမ်ရပါသေး၏။

နောက်တစ်နေ့တွင် ယမန်နေ့ကသွားခဲ့သောဖက်ကိုမသွားပဲ ဆန့်ကျင်ဖက်အရပ်ကိုလျှောက်ခဲ့ကာ သချိုင်းမြေအဆုံး လူတို့နေရာဒေသကိုရှာဖွေခဲ့ပြန်၏။

သို့သော် ကျွန်တော်လျှောက်လှမ်းခဲ့သမျှ အသွားအပြန်ဆယ်မိုင်ခန့်ခရီးစဉ်အတွင်း သချိုင်းမြေသည်ဆုံးနိုင်သည်မရှိ၍ သုသာန်တစပြင်ထဲမှထွက်နိုင်ခြင်းပင်မရှိခဲ့ပါချေ။

ဂြိုလ်သားများသည် မည်သည့်အရပ်၌နေထိုင်ကြပါသနည်း။ သူတို့သည် သချိုင်းကို လူတွေနှင့်အလှမ်းဝေးသောအရပ်၌ တည်ဆောက်ထားခြင်းလော။

ကျွန်တော့်မှာ နှစ်ပေါင်း၁၀၀အချိန်ကာလကိုအရင်းတည်၍လာခဲ့ရသောခရီးဆုံးထိရောက်နေပါသော်ငြား သက်ရှိဂြိုလ်သားများကိုမတွေ့ရသည့်အတွက် စိတ်ပျက်နေရလေ၏။

ယင်းသို့ဖြင့် တတိယနေ့သို့ရောက်ရှိလာခဲ့လေသည်။

* * * * *

တတိယနေ့၌ ကောင်းကင်ယံမှတဖြည်းဖြည်းထိုးဆင်းလာသောယာဉ်ပျံကြီးတစ်စင်းကိုမြင်လိုက်ရလေသည်။

ယာဉ်ပျံကြီးမှာလွန်စွာကြီးမားလှလေ၏။

ယာဉ်ပျံအရွယ်အစားကိုကြည့်၍ ဂြိုလ်စိမ်းမှဂြိုလ်သားများစီးနင်းလိုက်ပါလာသည့် ယာဉ်ပျံပင်ဖြစ်ကြောင်းသိလိုက်လေသည်။

ကျွန်တော်သည် ကျွန်တော်၏အာကာသယာဉ်ဆိုက်ကပ်ထားသောနေရာမှ ခပ်လှမ်းလှမ်းသို့ပြေးသွားကာ အလောင်းများကြားတွင်ဝင်၍ပုန်းနေလိုက်သည်။

ယာဉ်ပျံကြီးသည် ကျွန်တော်၏အာကာသယာဉ်နှင့် မလှမ်းမကမ်းတွင်ထိုးဆိုက်လိုက်၏။

ယာဉ်တခါးပွင့်လာကာယာဉ်ပေါ်မှ ဂြိုလ်သားကြီးတစ်ယောက်ဆင်းလာလေသည်။

ဂြိုလ်သားသည် အဖိုယောကျ်ားတစ်ယောက်ဖြစ်၍ အရပ်အမောင်းမှာ အလောင်းကြီးများနှင့်ရွယ်တူပင်ရှိပေသည်။

ဂြိုလ်သားကြီးသည် ယာဉ်ပေါ်မှဆင်းဆင်းချင်း ကျွန်တော်၏အာကာသယာဉ်ကိုမြင်သွားကာ အံ့သြသွားပုံရပေ၏။

သူက အာကာသယာဉ်ဆီသို့လျှောက်လာကာယာဉ်ကိုလက်ဖြင့်ကိုင်ကြည့်လိုက်သည်။

ကျွန်တော်သည် ရင်ခုန်ထိတ်လန့်စွာဖြင့် သူ၏အပြုအမူများအား ချောင်း၍ကြည့်နေမိသည်။

သူ့ကို ရုတ်တရက်ထွက်တွေ့ဖို့တော့ မရဲသေးချေ။

ကိုယ့်ထက်များစွာမြင့်မားထွားကြိုင်းလှသည့်လူကြီးအား မည်သို့မျက်နှာချင်းဆိုင်ရမည်ကိုတွေးမရပါချေ။

ဂြိုလ်သားကြီးသည် အာကာယာဉ်ကို ကိုင်လှုပ်၍ ကြည့်နေပေ၏။ ကျွန်တော်စီးနင်းလာသောအာကာသယာဉ်သည် မြေပြင်၌ထောင်လျှက်အနေအထားရှိနေရာ အာကာသယာဉ်နှင့်ဂြိုလ်သားကြီး၏အရပ်မှာ တညီတည်းဖြစ်နေလေသည်။

ဂြိုလ်သားကြီးက အာကာသယာဉ်ကိုလေ့လာသလို သေချာကိုင်လှုပ်ကြည့်ပြီးနောက် ခေါင်းတဆတ်ဆတ်ညိတ်ကာ သူ၏ယာဉ်ပျံရှိရာသို့ပြန်ထွက်သွားလေသည်။

ဂြိုလ်သားကြီးသည် သူစီးနင်းလာသောယာဉ်ပျံထဲသို့ပြန်ဝင်သွားကာ အတွင်းမှတစ်စုံတစ်ခုကိုထမ်း၍ထုတ်လာလေသည်။ ကျွန်တော်က အသေအချာကြည့်လိုက်သည့်အခါ အလောင်းကြီးတစ်လောင်းကိုထမ်းလာခြင်းဖြစ်ကြောင်း တွေ့လိုက်ရလေ၏။ အလောင်းကို ဖန်ထည်ထဲတွင် ဌာပနာထားပြီးသားဖြစ်ပြီး ယခင်ရှိသောအလောင်းများပုံစံအတိုင်းပင်ဖြစ်လေသည်။

ထိုအခါမှ ဂြိုလ်သားကြီးသည် သချိုင်းမြေသို့ အသုဘလာချခြင်းဖြစ်သည်ကိုသိလိုက်ရလေ၏။

အသုဘချရာတွင် လိုက်ပါပို့ဆောင်သောပရိသတ်ကိုမူမတွေ့ရပါ။ အသုဘချရာ၌ ယာဉ်ပျံဖြင့်တကူးတကလာချသည်ကိုထောက်၍ သူတို့နေထိုင်သည့်အရပ်သည် သချိုင်းနှင့်အတော်ဝေးလံသောအရပ်၌ရှိပေလိမ့်မည်။

ဂြိုလ်သားကြီးက သူထမ်းလာသောအလောင်းကြီးကို မြေပြင်ပေါ်၌ အလျားလိုက်ချထားလိုက်လေ၏။

ထို့နောက် ယာဉ်ပျံထဲသို့နောက်တစ်ခေါက်ပြန်ဝင်သွားပြန်သည်။ ယာဉ်ပျံထဲမှပြန်ထွက်လာရာ နောက်ထပ်အလောင်းတစ်လောင်းကိုထမ်း၍လာသည်ကိုတွေ့ရပြန်၏။

ဂြိုလ်သားကြီးက နောက်အလောင်းကိုလည်း မြေပြင်၌ပင်လှဲ၍ချထားခဲ့ကာ ယာဉ်ပျံထဲပြန်ဝင်သွားပြန်သည်။

ယာဉ်ပျံထဲမှပြန်ထွက်လာရာတွင် တတိယအလောင်းတစ်လောင်းကိုထမ်း၍လာသည်ကိုတွေ့ရပြန်၏။

အလောင်းချည်းသုံးလောင်းပါတကား။

ထို့နောက် ယာဉ်ပျံထဲမှ အထုတ်ကြီးတစ်ထုတ်ကို ယူလာကာ အလောင်းများအနီးတွင်ချထားလိုက်သည်။

အထုတ်ထဲမှပစ္စည်းကိရိယာများကိုဆွဲထုတ်လိုက်ရာ မြေကိုတူးဆွသည့် ပေါက်တူးပေါက်ပြားများဖြစ်နေသည်ကိုတွေ့ရပေ၏။

သူက ပေါက်ပြားဖြင့်မြေကိုတူးဆွကာ ကြေနပ်လောက်သည့်အနက်အရောက်တွင် အလောင်းတစ်လောင်းကိုမြေကျင်းထဲသို့ထိုးဆိုက်လိုက်လေ၏။

ဖန်ထည်ထဲသို့သွင်းထားသော ဖန်အခေါင်းကြီးမှာ မြေကြီးပေါ်တွင်ထောင်ရက်သားဖြင့် နေသားတကျဖြစ်သွားလေ၏။

သူကနောက်ထပ်အလောင်းများကိုလည်း ထိုနည်းတူ မြေကျင်းတူး၍ဒေါင်လိုက်ထိုးဆိုက်လိုက်လေသည်။

အလောင်းသုံးလောင်းကို လူတစ်ယောက်ထဲက တပြိုင်ထဲလာ၍သင်္ဂြိုလ်သည်မှာ ထူးခြားလှပေသည်။

ကိစ္စဝိစ္စများပြီးစီးသည့်အခါ ပစ္စည်းများကို ယာဉ်ပျံထဲသို့ပြန်ထည့်သိမ်းလိုက်ပြီး ကျွန်တော်၏ အာကာသယာဉ်အနီးသို့လျှောက်လာပြန်လေသည်။

သူသည် ဘေးပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရှုနေပေ၏။ အာကာသယာဉ်ကိုတွေ့မြင်ခြင်းအားဖြင့် ဤနေရာသို့အခြားဂြိုလ်မှသက်ရှိများရောက်နေသည်ကို သူအကဲခတ်မိပုံရလေသည်။

ကျွန်တော်သည်ပုန်းကွယ်နေရာမှ သူ၏အမူအရာကို အကဲခတ်ချောင်းကြည့်နေမိသည်။ သူ၏မျက်နှာမှာ သဘောသကာယကောင်းပုံပေါ်ကာ ရန်လိုသည့်အရိပ်အယောင်မျိုး မတွေ့ရချေ။ သူ၏အသက်အရွယ်သည်လည်း ကျွန်တော့်ထက် ငယ်ရွယ်ပုံရပေ၏။ အရွယ်အစားအရပိုမိုကြီးမားနေသော်လည်း သူ့အသက်ကို၂၀ပတ်ဝန်းကျင်လောက်သာဖြစ်မည်ဟုမှန်းဆရပေသည်။

သူသည် ကျွန်တော်ပုန်းကွယ်နေသောအလောင်းများဘေးသို့လျှောက်လာကာ အလောင်းများကြားတွင် ငုံ့၍ဟိုကြည့်သည်ကြည့်ဖြင့်ရှာဖွေနေလေ၏။

အလောင်းများစိုက်ထောင်ထားသည်မှအပ မြေပြင်သည်ရှင်းလင်းနေပေရာ မကြာမီပင်သူသည် ကျွန်တော့်အားမြင်တွေ့သွားလေတော့၏။

တွေ့တွေ့ချင်း သူ့ထက်များစွာသေးငယ်နေသော ကျွန်တော့်ကိုကြည့်၍အံ့ဩသွားပုံရလေသည်။ သူက လက်ယပ်၍ ကျွန်တော့်အားလှမ်းခေါ်လိုက်၏။ နှုတ်မှလည်း တစ်စုံတစ်ခုကိုရေရွတ်ပြောဆိုလိုက်ရာ သူ၏အသံကြီးသည် တိတ်ဆိတ်ငြိမ်သက်နေသောသချိုင်းထဲဝယ် ဟိန်းထွက်သွားလေသည်။

သူပြောလိုက်သောဘာသာစကားကို ကျွန်တော် နားမလည်သည်မှာမဆန်းပါချေ။

ကျွန်တော်သည် သူ၏ရန်လိုပုံမရသောအေးဆေးတည်ငြိမ်သည့်ပုံစံကြောင့် ရဲတင်းစွာပင် ပုန်းနေရာမှ ထွက်လာခဲ့လိုက်လေ၏။

သူက ကျွန်တော်၏မျက်နှာနှင့် တတန်းတည်းဖြစ်အောင်ကုန်းလိုက်ရာ အတော်ပင်ကုန်း၍ယူရလေ၏။

သူသည် ကျွန်တော်နှင့်မျက်နှာချင်းနီးကပ်စေရန် ကိုယ်ကိုကုန်းထားရရာ မြေပြင်ပေါ်၌ပင်လက်ကိုထောက်ထားရလေ၏။ ထို့နောက်သူက အဆင်ပြေစေရန် မြေပြင်ပေါ်၌ထိုင်ချလိုက်လေသည်။ ထိုင်ချလိုက်သည့်တိုင်ပင် မတ်တပ်ရပ်နေသောကျွန်တော်နှင့်သူသည် အတော်ပင်ကွာဝေးနေသေး၏။

" * × + = _ ž Ÿ – › "

သူက ကျွန်တော့်အား တစ်စုံတစ်ခုပြောလိုက်လေသည်။ သူတို့ဘာသာစကားဖြစ်နေ၍ ကျွန်တော် နားမလည်ပါ။

ကျွန်တော်သည် ဖခင်နှင့်အဘွားသင်ပေးထားသည့်အတိုင်း အမူအရာဖြင့်လက်ဟန်ခြေဟန်ပြကာ ကျွန်တော်သည်ဝေးကွာသောဂြိုလ်တစ်ခုမှရောက်လာသော ဧည့်သည်တစ်ဦးဖြစ်ကြောင်းပြောပြလေသည်။

ကျွန်တော်အမူအရာဖြင့်ပြောသောစကားကို သူက နားလည်ပုံရလေသည်။

ဂြိုလ်သားသည် ကျွန်တော့်အား ခဏနေဦးဆိုသည့်ပုံစံမျိုးဖြင့်လက်ကာပြကာ သူ၏ယာဉ်ပျံရှိရာသို့ထသွားလေ၏။

ယာဉ်ပျံထဲမှ သူပြန်ထွက်လာသည့်အခါ သူ့လက်ထဲ၌မြေပုံကားချပ်တစ်ခုပါလာလေ၏။

သူကမြေပုံကားချပ်ကြီးကို မြေပေါ်၌ဖြန့်ခင်းလိုက်လေသည်။ မြေပုံချပ်ကြီးမှာ ကျွန်တော့်အတွက် ကောဇောကြီးတစ်ချပ်မျှပင်ကြီးမားနေပေ၏။

မြေပုံကြီးမှာ စကြာဝဠာအစိတ်အပိုင်းတော်တော်များများပါအောင်ရေးဆွဲထားသော ဂြိုလ်နက္ခတ်တာရာများ၏

ပုံပင်ဖြစ်လေသည်။

သူက အမူအရာဖြင့် ကျွန်တော်လာခဲ့သည့်ဂြိုလ်ကို မြေပုံထဲတွင်ထောက်ပြရန်ခိုင်းရာ ကျွန်တော်လည်း ကမ္ဘာဂြိုလ်ရှိသည့်နေရာအထိ မြေပုံပေါ်တွင်တက်ရပ်ကာ ကျွန်တော်တို့ကမ္ဘာအားလက်ညှိုးထိုးပြရလေ၏။

သူက ခေါင်းတဆတ်ဆတ်ညိတ်နေလေသည်။

သူသည် ကျွန်တော်နှင့်စကားပြောနိုင်ရန်နည်းလမ်းကို စဉ်းစားနေပုံရလေသည်။

ထို့နောက် ကျွန်တော်ညွှန်ပြသော ကမ္ဘာလုံးပုံကိုထောက်ပြကာ အသံထွက်ပြရန်အမူအရာပြလေ၏။

ကျွန်တော်က– " ကမ္ဘာဂြိုလ် " ဟုအသံထွက်ပြရာ သူကလည်း ကမ္ဘာဂြိုလ်ဆိုသည့်အသံထွက်ကိုလိုက်၍ ရေရွတ်လေ၏။

ထို့နောက် သူက ကမ္ဘာအနီးရှိ အင်္ဂါဂြိုလ်ပုံကို ထောက်ပြကာ ဘယ်လိုခေါ်သလဲဆိုသည့်အမူအရာဖြင့်မေးပြန်လေ၏။

ကျွန်တော်က " အင်္ဂါဂြိုလ် "ဟုပြန်ဖြေသည့်အခါ သူက နောက်ထပ်ဂြိုလ်တစ်လုံးကိုထောက်ပြ၍ မေးပြန်သည်။

" စနေဂြိုလ် "

" ––––––– "

" ကြာသပတေးဂြိုလ် "

သူသည် နားလည်သဘောပေါက်သွားဟန်ဖြင့် မြေပုံထဲမှ အခြားသောဂြိုလ်ပုံများကိုထောက်ပြကာ " ဂြိုလ်– ဂြိုလ်– ဂြိုလ်– " ဟုရေရွတ်ပြသည်။

သူပြောတာ ဟုတ်ပါသလားဆိုသည့်သဘောဖြင့် ကျွန်တော့်အားမေးဆတ်၍မေးလေသည်။

ကျွန်တော်က ထိုအရာများကိုဂြိုလ်ဟုခေါ်သည်မှာ မှန်ကန်ကြောင်းခေါင်းညိတ်ပြလိုက်လေသည်။

သူသည် ကျွန်တော်ဖြေသည့်အဖြေများထဲတွင် ဂြိုလ်–ဆိုသည့်စကားလုံးတစ်လုံးက အထပ်ထပ်ပါနေလေရာ– ရှေ့မှစကားလုံးများသည် အမည်နာမဖြစ်ပြီး ဂြိုလ်ဆိုသည့်စာလုံးမှာ ထိုအရာကိုခေါ်တွင်သောဘာသာစကားဖြစ်ကြောင်းသဘောပေါက်သွားလေ၏။

အလွန်ပင်ဉာဏ်သွားသောပုဂ္ဂိုလ်တစ်ဦးပါတကား။

ထို့နောက် သူက ကျွန်တော်၏အာကာသယာဉ်ကို လက်ညှိုးထိုးပြကာ ဘယ်လိုခေါ်သလဲဟုမေးပြန်၏။

" အာကာသယာဉ် "

" အာကာသ "

သူက အာကာသဆိုသည့်စကားလုံးကိုလိုက်၍ ရေရွတ်ကာ မိုးကောင်းကင်ပေါ်သို့လက်ညှိုးထိုးပြလေသည်။

အာကာသဆိုသည်မှာ မိုးကောင်းကင်ကိုဆိုလိုပါသလားဟုမေးမြန်းခြင်းဖြစ်ပါ၏။ ကျွန်တော်ကဟုတ်မှန်ကြောင်းဖြေလိုက်လေသည်။

ဂြိုလ်သားကြီးသည် မြေပုံပေါ်မှ ကျွန်တော်တို့ ကမ္ဘာပုံနှင့်နေပုံကိုထောက်ပြပြန်ကာ နေတွင် ကမ္ဘာကဝိုင်းပတ်သွားသည့်သဏ္ဍာန်လုပ်ပြလေ၏။

ကမ္ဘာသည် နေကိုတစ်ပတ်ပတ်ရန် မည်မျှကြာကြောင်းမေးဟန်တူပေသည်။

ကျွန်တော်က အနီးရှိကျောက်ခဲလေးများကိုကောက်ကာ ၃လုံးတစ်ပုံ၊ ၆လုံးတစ်ပုံ၊ ၅လုံးတစ်ပုံ တန်းစီ၍ ပုံပြလိုက်၏။

နေကို ကမ္ဘာကတစ်ပတ်ပတ်မိရန် ၃၆၅ရက်ကြာကြောင်းကို ကျွန်တော်နည်းကျွန်တော့်ဟန်ဖြင့် ရှင်းပြလိုက်ခြင်းဖြစ်ပါ၏။

သူကနားလည်ဟန်ဖြင့်ခေါင်းညိတ်ပြလေ၏။

ထို့နောက်သူသည် သူ၏ယာဉ်ပျံဆီသို့လက်ညှိုးထိုးပြကာ လိုက်ခဲ့ရန်ဖိတ်ခေါ်လေသည်။

ရှေ့မှလျှောက်သွားသောသူ့နောက်မှ ကျွန်တော် လိုက်သွားခဲ့လေသည်။ သူသည် ကြီးမားသော ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားရင်း နောက်မှာကျန်ခဲ့သော ကျွန်တော့်ကို မကြာမကြာလှည့်ကြည့်လေသည်။

တစ်နေရာအရောက်တွင် သူက စိတ်မရှည်ဟန်ဖြင့် ကိုယ်ကိုကိုင်း၍ သူ၏လက်ဖြင့် ကျွန်တော့်ကို ဖမ်းဆုပ်ယူလိုက်လေသည်။

ကျွန်တော်၏ခန္ဓာကိုယ်လေးသည် လေထဲတွင်ယက်ကန်ယက်ကန်ဖြင့် သူချီမလိုက်သည့်အတိုင်း ပါသွားလေသည်။ ကျွန်တော်၏ရင်ပတ်မှပေါင်ရင်းအထိအပိုင်းကား သူ၏လက်ဝါးထဲ၌ဆုပ်ကိုင်မိရက်သားရှိနေလေသည်။

သူက ကျွန်တော့်ကိုလက်ထဲတွင်ဖမ်းဆုပ်ရင်းနှင့်ပင် သူစီးလာသည့်ယာဉ်ပျံထဲအထိခေါ်ဆောင်သွားလေသည်။

ယာဉ်ပျံကြီးကား ကျွန်တော့်အတွက်များစွာကြီးမားသောအဆောက်အဦးကြီးကဲ့သို့ဖြစ်နေကာ ယာဉ်ထဲတွင်ကျွန်တော်သည် အိမ်မွေးသတ္တဝါငယ်လေးတစ်ကောင်ကဲ့သို့ သေးမွှားစွာရှိနေလေ၏။

ဂြိုလ်သားကြီးက ယာဉ်ထဲတွင်ရှိသောစက်ကိရိယာပစ္စည်းများကိုကျွန်တော့်အားပြသလေသည်။

သူတို့ယာဉ်ပျံထဲမှစက်ကိရိယာများသည် ကျွန်တော်တို့အာကာသယာဉ်ထဲမှကိရိယာများထက် များစွာသာလွန်

ကောင်းမွန်သည်ကိုတွေ့ရှိရပေ၏။ အချို့သောအစိတ်အပိုင်းများကို ကျွန်တော့်အနေဖြင့်နားပင်မလည်မိပါချေ။

ထို့နောက် ဂြိုလ်သားကြီးက ကျွန်တော့်ထံမှ ကမ္ဘာမြေ၏ဘာသာစကားများကိုသင်ယူလေသည်။

* * * * *

အစပိုင်းတွင် ကျွန်တော်ထံမှ ဘာသာစကားများ သင်ယူနေကြောင်းကိုသဘောမပေါက်သေးချေ။

သူက သူ၏ဦးခေါင်းကိုလက်ဖြင့်ကိုင်ပြရင်း မည်သို့ခေါ်ဝေါ်ကြောင်း အမူအရာဖြင့် ကျွန်တော့်အားမေးလေ၏။

" ဦးခေါင်း "

ခေါင်းပေါ်မှဆံပင်များကိုဆွဲပြကာ ထပ်၍မေးပြန်သည်။

" ဆံပင် "

ကျွန်တော်ဖြေသည့်အဖြေများကို သူကကွန်ပြူတာကဲ့သို့ဖန်သားပြင်ပါသောကိရိယာလေးထဲတွင် မှတ်သားလေသည်။ သူတို့ဘာသာစကားဖြင့်မှတ်သားလိုက်ခြင်းဖြစ်သည်။

မှတ်သားပုံမှာ ထိုကိရိယာလေးပေါ်တွင် လက်ကိုဝဲ၍ နှုတ်မှရေရွတ်လိုက်ရုံဖြင့် မှတ်သားလိုသောစာသားများသည် ဖန်သားပြင်ပေါ်၌အလိုလိုပေါ်လာခြင်းဖြစ်လေသည်။

ကွန်ပြူတာကဲ့သို့သောထိုကိရိယာလေး၌ ခလုတ်တစ်ခုမှမတွေ့ရ။ နှုတ်မှရေရွတ်ပြရုံဖြင့် အလုပ်လုပ်နိုင်သောစက်ပစ္စည်းလေးမှာအဆင့်မြင့်လှလေသည်။

ထိုအချက်ကိုကြည့်၍ သူတို့ဆီမှ သိပ္ပံပညာတိုးတက်မှုမှာကျွန်တော်တို့ထက်သာလွန်ကြောင်းသိနိုင်လေသည်၊

သူက အင်္ဂါအစိတ်အပိုင်းအားလုံးကိုထောက်ပြကာ အခေါ်အဝေါ်များကိုမေးမြန်းပြီး ကိရိယာလေးထဲ၌ မှတ်သားလျှက်ရှိလေသည်။

လည်ပင်း၊ ရင်ပတ်၊ ခါး၊ လက်၊ ခြေ စသည်တို့ကိုကျွန်တော်က တစ်ခုချင်းပြောပြနေရလေ၏။

" ဒါ သင့်ရဲ့လက်၊ ဒါက သင့်ရဲ့ခြေထောက်၊ ဒါကတော့ သင့်ရဲ့ဦးခေါင်းဖြစ်တယ်၊ ကျွန်ုပ်ပြောတာ ဟုတ်သလား "

သူက ကမ္ဘာမြေဘာသာစကားဖြင့် တစ်လုံးချင်း ပြောလိုက်ရာ ကျွန်တော်အံ့အားသင့်သွားလေသည်။

" ဟုတ်ပါတယ် "

" သင်ဟာ ကမ္ဘာဂြိုလ်ပေါ်က လူသားအထီး ယောကျ်ားတစ်ယောက်ဖြစ်တယ်၊ ဟုတ်ပါသလား "

" ဟုတ်ပါတယ် "

ထိုအခါမှပင် သူသည် အခေါ်အဝေါ်များကိုတစ်ခုချင်းမေးမြန်းမှတ်သားရင်း ကျွန်တော်တို့ ဘာသာစကားကို သင်ယူနေခြင်းဖြစ်ကြောင်း ကျွန်တော်သဘောပေါက်လာလေသည်။

သူ၏ဉာဏ်ရည်ထက်မြက်ပုံကိုလဲ အံ့သြမိလေ၏။

" ဤအပြုအမူကိုဘယ်လိုခေါ်သလဲပြောပါ "

သူက လက်ပိုက်ပြကာမေးပြန်လေ၏။

" လက်ပိုက်တယ် "

" လက်- ပိုက်တယ်၊ လက်ဆိုတာ ဒါ- ဟုတ်တယ်နော် "

သူ၏လက်နှစ်ဖက်ကိုဆန့်ပြရင်းမေးခြင်းဖြစ်၏။

" ဟုတ်ပါတယ် "

" ဒီလိုလုပ်တာကို ပိုက်တယ်လို့ခေါ်တယ်ပေါ့ "

" ဟုတ်ပါတယ် "

" ဒါကကော "

သူက လမ်းလျှောက်ပြသည်။

" လမ်းလျှောက်တယ် "

" လမ်းလျှောက်တယ်၊ ခြေလျှောက်တယ်လို့ မခေါ်ဘူးလား၊ ခြေဖြင့်လှုပ်ရှားရသည်လေ "

" လမ်းလျှောက်တယ်လို့ပဲခေါ်ပါတယ် "

" လမ်းဆိုတာဘာလဲ "

" ခြေဖြင့်လျှောက်၍ သွားလို့ရသောမြေပြင်၊ လျှောက်သွားလို့ရအောင်ဖောက်လုပ်ထားသောအရာကို ခေါ်တာပါ "

ဂြိုလ်သားက အမြင့်တစ်နေရာတွင်တင်ထားသော ရေဖလားထဲမှရေအနည်ငယ်ကို ခွက်ထဲသို့ငှဲ၍ထည့်ကာ သောက်ပြရင်းမေးပြန်သည်။

" ဒါကို ဘာလုပ်တယ်ခေါ်သလဲ "

" ရေသောက်တယ် "

" သောက်တယ်ဆိုတာ ဤအပြုအမူကိုခေါ်တာလား "

သူက ရေကိုနောက်တစ်ကြိမ်ထပ်သောက်ပြရင်း မေးပြန်၏။

" ဟုတ်ပါတယ် "

" ဒါဖြင့် ဟောဒီအရာတွေကိုတော့ ရေလို့ ခေါ်တာပေါ့ "

" မှန်ပါတယ် "

" ဟောဒီအရာကိုရော ဘယ်လိုခေါ်သလဲ "

သူကသောက်ရေခွက်ကိုပြကာမေး၏။

" ရေခွက်ပါ "

" ရေ-ခွက်၊ ရေနှင့်ခွက်ပေါင်းထားတာပေါ့၊ ဒီလိုဆို ရေဆိုတဲ့အရာများမပါရင် သူ့ချည်းကို ခွက်လို့ခေါ်သလား "

" ဟုတ်ပါတယ်၊ မှန်ပါတယ် "

" သင်တို့ဘာသာစကားသည်သိပ်မခက်ပါ၊ စကားလုံးလည်း နည်းပါးပါသည်၊ ကျွန်ုပ်တို့ဘာသာစကားလောက်မှတ်သားရခြင်းမရှိ "

" သင်ဉာဏ်ကောင်းလို့ပါ "

" ဉာဏ်၊ ဉာဏ်ဆိုတာ ဦးခေါင်းထဲက မှတ်သားနိုင်တဲ့အရာကိုခေါ်တာလား "

" ဟုတ်ပါတယ်၊ ဦးနှောက်လို့လဲခေါ်ပါတယ် "

" ကောင်းပြီ၊ ယနေ့ညတွင် ကျွန်ုပ်တို့ဂြိုလ်ဆီသို့ဆက်သွယ်ကာ သင်တို့ကမ္ဘာဂြိုလ်အကြောင်းမှတ်သားထားသည့်အချက်အလက်များကိုတောင်းယူလိုက်ဦးမည်၊ သင်တို့အကြောင်းကို ယနေ့တစ်ည ကျွန်ုပ်လေ့လာကြည့်မည်၊ နောက်တစ်နေ့မှ သင်နှင့်ဆက်၍စကားပြောဦးမည်၊ ယခု မိုးချုပ်ပြီ၊ သင်အနားယူပါတော့ "

" ကျွန်တော်မေးပါရစေဦး၊ သင်တို့နေတဲ့နေရာဟာ ဒီကနေအတော်ဝေးသလား၊ ယာဉ်ပျံနဲ့ လာရလောက်အောင်ဝေးတဲ့အရပ်မှာ သင်တို့နေတာလား၊ အသက်မရှိသော အလောင်းကောင်များကို သင်တစ်ယောက်ထဲလာ၍သဂြိုလ်သလား၊ အခြားလူတွေမပါဘူးလား "

" အလို၊ သင်က ဤဂြိုလ်ကို သက်ရှိများနေတဲ့ဂြိုလ်လို့ထင်နေသကိုး၊ ကျွန်ုပ်တို့သည် ဤဂြိုလ်ပေါ်၌မနေ၊ ဤဂြိုလ်သည် သင်္ချိုင်းအဖြစ် ကျွန်ုပ်တို့အသုံးပြုသောဂြိုလ်ဖြစ်သည်၊ ကျွန်ုပ်တို့သက်ရှိများသည် အခြားသော ဂြိုလ်တစ်ခု၌နေထိုင်ပါသည် "

" သင်္ချိုင်းဂြိုလ်၊ ဟုတ်လား၊ အသုဘများကို သင်တို့နေတဲ့ဂြိုလ်ပေါ်မှာမချပဲ ဒီဂြိုလ်ပေါ်ထိ လာချတာဘာသဘောလဲ၊ ထူခြားလှပါလား "

" ကျွန်ုပ်တို့ဂြိုလ်သည် သန့်ရှင်းစင်ကြယ်သောဂြိုလ်တစ်ခုဖြစ်သည်၊ အလောင်းကောင်များကို ဂြိုလ်ပေါ်၌မထားပါ၊ ကျွန်ုပ်ကား သုဘရာဇာဖြစ်သည်၊ ကျွန်ုပ်တို့ဂြိုလ်၏တစ်ဦးထဲသောသုဘရာဇာဖြစ်ပါသည်၊ ယခုလာရခြင်းမှာ ဤတစ်နှစ်အတွင်းသေဆုံးသည့် အလောင်းသုံးလောင်းကို လာ၍သဂြိုလ်ခြင်းဖြစ်သည် "

" သင်တို့နေထိုင်တဲ့ဂြိုလ်က ဒီကနေ ဘယ်လောက်ဝေးပါသလဲ "

" သည်တစ်ညသည်းခံပါဦးလူသား၊ သင်တို့ကမ္ဘာအကြောင်းကျွန်ုပ်လေ့လာပြီးလျှင် သင်တို့ကမ္ဘာ၏ အခေါ်အဝေါ် အသုံးအနှုန်းများကိုအသုံးပြု၍ သင့်ကိုရှင်းပြပါမည်၊ ဒါမှ သင်အလွယ်တကူသဘောပေါက်မည်၊ ယခု အသင်နားပါလော့၊ စားသောက်စရာများရောရှိပါသလား "

" ရှိပါတယ်၊ ကျွန်တော့်မှာပြည့်စုံပါတယ် "

" ကျွန်ုပ်တွင်ပါလာသောအစားအစာများမှာ သင်တို့လူသားများအတွက်အဆင်ပြေမှုရှိချင်မှရှိလိမ့်မည်၊ ဘေးဥပါဒ်ဖြစ်မည်စိုး၍မကျွေးတော့ပါ၊ နောက်တစ်နေ့ဆိုလျှင် သင်နှင့်ကျွန်ုပ် ယခုထက်ပို၍ ရင်းနှီးစွာစကားပြောနိုင်လိမ့်မည်၊ ယနေ့ည သင်တို့ကမ္ဘာအကြောင်းကို လေ့လာပါရစေဦး "

" ကောင်းပါပြီ "

* * * * *

နောက်တစ်နေ့မနက် ကျွန်တော်အိပ်ရာမှနိုး၍ အာကာသယာဉ်အပြင်ဖက်သို့ထွက်လိုက်သည့်အခါ... အပြင်ဖက်တွင် ဆောင့်ကြောင့်ကြီးထိုင်နေသောဂြိုလ်သားကို တွေ့လိုက်ရလေ၏။

ဂြိုလ်သားက ကျွန်တော့်အားငုံ့ကြည့်ကာ ...

" နိုးပြီလားအသင်လူသား၊ ညက ကျွန်ုပ်တို့ဂြိုလ်ထံဆက်သွယ်ကာ သင်တို့ဂြိုလ်နှင့်ပတ်သက်သည့်အချက်အလက်များကို တောင်းယူပြီး တစ်ညလုံးလေ့လာလိုက်၍ သင်တို့အကြောင်းကောင်းကောင်းသိရပါပြီ "

" ကောင်းပါတယ်၊ သင်တို့ဟာ ကျွန်တော်တို့ ထက်ဉာဏ်ပညာအဆင့်အတန်းမြင့်မားလှပါတယ်၊ ချီးကျူးပါတယ်ဗျာ "

" ကျေးဇူးပါပဲ၊ ဒါနဲ့ သင်တို့ကမ္ဘာသားများဟာ လူတစ်ဦးချင်းကိုနာမည်မှည့်ခေါ်ကြတယ်လို့ သိရပါတယ်၊ သင့်နာမည်ကိုဘယ်လိုခေါ်ပါသလဲ "

" နတ္ထိလို့ခေါ်ပါတယ် "

" နတ္ထိ၊ ကျွန်ုပ်အမည်ကိုလည်းမှတ်ထားပါ "

သူက သူ့အမည်ကိုပြောပြသည်။

သူပြောလိုက်သည့်အသံထွက်မှာ ထွက်ရခက်ရုံမက ကျွန်တော်တတ်ကျွမ်းသောစာဖြင့်ရေးပြရန် မလွယ်ပါ။ အသံထွက်မှာ လယံ-လိုလို၊ လျံ-လိုလို၊ လေယံ-လိုလို၊ လီယံ-လိုလို ကျွန်တော်တို့လေသံဖြင့် လိုက်၍ထွက်ရန်ခက်သော အသံထွက်မျိုးဖြစ်နေသည်။

အလွယ်တကူဖြစ်ရန် သူ၏အမည်ကို လျံ-ဟုပဲ သုံးကြပါစို့။

လျံက စတင်၍မေးမြန်းလေသည်။

" သင်တို့ကမ္ဘာသည် ဤအရပ်မှလွန်စွာဝေးကွာလှပေ၏၊ ဤသို့လာသောခရီးအတွက် ကြာမြင့်ချိန်သည် သင်တို့၏သက်တမ်းထက်ပိုမိုနေကြောင်း တွက်ချက်လို့ရပေ၏၊ သင်သည် ဘယ်ကဲ့သို့ ဤအရပ်ထိလာခဲ့သနည်း "

" မှန်ပါတယ်၊ စတင်ခရီးထွက်ခဲ့စဉ်က ကျွန်တော်ကိုယ်တိုင်မဟုတ်ပါ၊ ကျွန်တော်၏အဘိုးအဘွားများမှ ဤခရီးကိုစတင်ခဲ့တာဖြစ်ပါတယ်၊ အဘိုးအဘွားများက ကျွန်တော်၏မိဘများကို အာကာသယာဉ်ထဲ၌ပင်မွေးဖွားခဲ့ပြီး၊ မိဘများကတစ်ဖန် ကျွန်တော့်အားမွေးဖွားခဲ့ခြင်းဖြစ်ပါတယ်၊ မျိုးဆက်များတစ်ဆက်ပြီးတစ်ဆက်ပွားများရင်း ဤဂြိုလ်ကိုရောက်သည်ထိ ခရီးနှင်ခဲ့ခြင်းဖြစ်ပါတယ်၊ ဒီဂြိုလ်ကိုရောက်ဖို့ ကျွန်တော်တို့ကမ္ဘာရဲ့ကာလအတိုင်းအတာအရ နှစ်၁၀၀ ကြာပါတယ် လျံ "

" အလို- ဆွေစဉ်မျိုးဆက်ခရီးနှင်ခဲ့ရတဲ့ ဤခရီးကို ဘာရည်ရွယ်ချက်ဖြင့်လာရသနည်း နတ္ထိ "

" သင်တို့နှင့်ချစ်ကြည်ရင်းနှီးမှုယူရန် လာခဲ့ခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့ကမ္ဘာက ဖမ်းယူရခဲ့တဲ့ ဤဂြိုလ်ပေါ်မှအလောင်းများ၏ပုံရိပ်ကို သက်ရှိလူများအထင်ဖြင့် လာရောက်မိတ်ဖွဲ့ခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့ဟာ သင်တို့ဂြိုလ်သားများကို ကျွန်တော်တို့နှင့်ရွယ်တူလူများလို့ပင် ထင်ခဲ့ကြပါတယ်လျံ "

လျံသည်ကျွန်တော့်စကားကိုနားထောင်ကာ ခေါင်းကိုခါယမ်းလိုက်ပေ၏။

" သင်တို့၏ခရီးစဉ်သည် အဓိပ္ပါယ်မဲ့ပေသည်၊ အကယ်၍ ကျွန်ုပ်တို့သည် သင်တို့နှင့်ရွယ်တူလူများဖြစ်အံ့၊ ကျွန်ုပ်တို့နှင့်သိကျွမ်းရင်းနှီးရသည့်အတွက် သင်တို့မှာ ဘာများအကျိုးရှိမည်နည်း "

လျံ၏မေးခွန်းကို ကျွန်တော်မဖြေနိုင်ခဲ့ချေ။

ထိုအမေးစကားကို ကျွန်တော်ကိုယ်တိုင်ပင် ယခုမှ တွေးတောမိပေတော့သည်။ ကမ္ဘာပေါ်မှလူသားပညာရှင်များသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ကျွန်တော့်အားဤဂြိုလ်ပေါ်သို့စေလွှတ်လိုက်ပါလိမ့်။

" ကျွန်တော်မဖြေတတ်ပါ၊ ဤခရီးကိုစီစဉ်သော သိပ္ပံပညာရှင်များတွင် ရည်ရွယ်ချက်ရှိကောင်းရှိပါလိမ့်မည်၊ ကျွန်တော်၏မိဘအဘိုးအဘွားများက သင်တို့နှင့် သိကျွမ်း မိတ်ဖွဲ့ပြီး ကမ္ဘာမြေသို့ပြန်ရန်သာမှာကြားခဲ့ပါတယ် "

" မိုက်ပေစွ၊ သင်တို့လူသားများကို ရူးနှမ်းသူများဟု ကျွန်ုပ်ကစွပ်စွဲလိုက်ချင်သည်၊ စိတ်မဆိုးပါနှင့်နတ္ထိ၊ သင်တို့သည် ဤစကြဝဠာအတွင်း၌ အခြားသောသက်ရှိများ များစွာရှိသေးကြောင်း ရှေးဦးက သိပုံမရ၊ ကျွန်ုပ်တို့သချိုင်းဂြိုလ်မှအလောင်းများ၏ပုံရိပ်များကိုဖမ်းယူမိရုံနှင့် သင်တို့ကိုယ်သင်တို့ သက်ရှိဂြိုလ်တစ်ခုကိုတွေ့ရှိပြီဟု မှတ်ယူပုံရသည် "

" ဟုတ်ပါတယ်၊ စကြာဝဠာအတွင်း သက်ရှိများ ရှင်သန်နေသည့်ဂြိုလ်များရှိကောင်းရှိမည်ဟု မှန်းဆခဲ့သော်လည်း မည်သည့်ဂြိုလ်နှင့်မှ အဆက်အသွယ်မရခဲ့ဖူးပါ၊ ကျွန်တော်လာရောက်ခဲ့သောခရီးမှာ ကမ္ဘာအတွက် အခြားဂြိုလ်နှင့်ပထမဆုံးဆက်သွယ်သောခရီးစဉ်ဖြစ်ပါသည်၊ သင်ပြောမှပင် သက်ရှိများနေထိုင်သောဂြိုလ်များ အခြားအရပ်များ၌ရှိသေးကြောင်းသိရပါသည် "

" နတ္ထိ၊ ကျွန်ုပ်တို့မှတ်တမ်းတင်တွေ့ရှိထားချက်အရ စကြာဝဠာအတွင်း၌ သက်ရှိများနေထိုင်လျှက်ရှိသောဂြိုလ်ပေါင်း တစ်ထောင်ကျော်ရှိပေသည် "

" အို-များလှပါကလား "

" သက်ရှိများသည် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့်ရှင်သန်နေထိုင်ကြသည်၊ အချို့သက်ရှိများသည် ခြေလက်အင်္ဂါမပါ၊ လုံးဝန်းသောသဏ္ဌာန်ရှိ၍ သွားလာသည့်အခါ မြေတွင်လူးလိမ့်သွားလာကြသည်၊ အချို့သက်ရှိတို့သည် ရှည်မျောသောသဏ္ဌာန်ရှိ၍ မြေ၌လူးလွန့်သွားလာကြသည်၊ အတောင်ပံပါသောသက်ရှိများကား လေတွင်အတောင်ဖြင့်ဝဲ၍သွားကြပါ၏၊ အတောင်ပံမပါသော်လည်း လေထဲ၌စွာန်ပျံ၍သွားနိုင်သော သက်ရှိများလည်းရှိသေးသည်၊ အချို့သက်ရှိတို့သည် ခြေလက်အင်္ဂါ လေးချောင်းမှ ရှစ်ချောင်း၊ အချောင်းနှစ်ဆယ်ထိရှိကြသည်။ အချို့သက်ရှိတို့မှာ လေးထောင့်သဏ္ဌာန်ရှိ၍၊ အချို့မှာ ချပ်ပြားသဏ္ဌာန်ရှိကြသည်၊ အချို့သက်ရှိများမှာ အဖိုအမ၊ အထီးအမ လိင်ကွဲပြားမှုမရှိ၊ အချို့မှာ အထီးလိင်အင်္ဂါရော၊ အမလိင်အင်္ဂါပါ နှစ်မျိုးလုံးပါကြသည်၊ သင်တို့ကျွန်ုပ်တို့ကဲ့သို့ လက်နှစ်ဖက်၊ ခြေနှစ်ဖက်ရှိ၍ လမ်းလျှောက်နိုင်သောသက်ရှိများရှိသောဂြိုလ်ပေါင်း တစ်ရာကျော်ရှိပါသည်၊ ဤသည်မှာ ကျွန်ုပ်တို့၏ပညာဖြင့် သိရှိမှတ်တမ်းတင်ထားချက်များသာရှိသေးသည်၊ ကျွန်ုပ်တို့ မသိသေးသော ဂြိုလ်များလည်း စကြာဝဠာအတွင်း၌ တပုံတပင်ရှိပေလိမ့်ဦးမည်၊ ပုံစံများကွဲပြားသကဲ့သို့ အသိဉာဏ်ပညာများလည်း ကွဲပြားသည်၊ သက်တမ်းများမှာလည်း မတူညီကြ

ပါ ”

“ ထူးလည်းထူးဆန်း၍အံ့ဩစရာလည်း ကောင်းလှပါတယ်၊ ကျွန်တော်တို့လူသားများဟာ ဤအကြောင်းအရာများကို မသိရှိကြသေးပါ ”

“ စကြာဝဠာကြီးဟာ အဆုံးမရှိကျယ်ပြောလှပါတယ်နော်ထို ”

“ သင်တို့ဂြိုလ်သားများ၏သက်တမ်းဟာ ဘယ်လောက်ရှိပါသလဲလို့ ”

“ ကျွန်ုပ်တို့ဂြိုလ်သားများသည် အသက်တစ်ရာရှည်ကြပါသည်၊ နှစ်ကာလပိုင်းခြားရာတွင်လည်း သဘာဝတရားအရ တစ်ဂြိုလ်နှင့်တစ်ဂြိုလ်မတူသဖြင့် အနှစ်တစ်ရာကို သင်တို့ဆီမှနှစ်တစ်ရာနှင့် အတူတူဟုမထင်မှတ်ပါနှင့်ဦး ”

“ နှစ်တစ်နှစ်ကာလမှာ ဂြိုလ်တစ်ခုက နေကိုတစ်ပတ် ပတ်မိသည့်အချိန်ကိုခေါ် ဆိုကြောင်း ကျွန်တော်သိပါတယ်လို့၊ သင်တို့ဂြိုလ်ဟာ နေကိုတစ်ပတ်ပတ်ရန် ဘယ်လောက်ကြာပါသလဲ ”

“ ရက်ပေါင်း သုံးသောင်းငါးထောင်ကြာပါတယ် နတ်ထို ”

“ အလိုလေး၊ ကြာလှပါချေလား၊ ဒါဖြင့် ကျွန်တော်တို့ရဲ့ နှစ်တစ်ရာကာလနဲ့သွားတူနေပါပကော ”

“ မှန်ပါတယ်၊ ကျွန်ုပ်တို့ဂြိုလ်ဟာ တစ်နှစ်ကိုရက် ပေါင်း၃၅၀၀၀ရှိတဲ့အတွက် တစ်နှစ်ကို ၃၆၅-ရက်သာရှိတဲ့ သင်တို့ကမ္ဘာနှင့်ယှဉ်လျှင် သင်တို့နှစ်တစ်ရာနှင့် ကျွန်ုပ်တို့ တစ်နှစ်ဟာ အတူတူလောက်ပင်ဖြစ်ပါတယ် ”

“ ဒါဖြင့် သင်တို့နှစ်တစ်ရာအသက်ရှည်တယ်ဆိုတာဟာ ကျွန်တော်တို့လူသားများ၏ နှစ်ကာလနှင့်တွက်ရင် နှစ်ပေါင်းတစ်သောင်းနှင့်သွား၍တူနေတာပေါ့၊ အခု သင့်အသက်ဟာ ဘယ်လောက်ရှိပါပြီလဲ ”

“ အသက်၃၀ရှိပါပြီ၊ သင်တို့ကာလနှင့်တွက်ရင် ကျွန်ုပ်လူ့လောကရောက်ခဲ့သည်မှာ နှစ်ပေါင်း၃၀၀၀ရှိပါပြီ ”

“ နှစ်ကာလအရ ပို၍ရှည်ကြာသော်လည်း ကျွန်တော်က သင့်ထက်အသက်ပိုကြီးပါတယ်လို့၊ ကျွန်တော့်အသက်ဟာ ၅၉နှစ်ရှိပါပြီ၊ သင်တို့အချိန်သတ်မှတ်ချက်အရတော့ ကျွန်တော်ဟာ အသက်တစ်နှစ်ပင်မပြည့်သေးသည့်လသားကလေးအရွယ်ပါပဲ၊ သို့သော် ကိုယ့်ဂြိုလ်၏သဘောသဘာဝအတိုင်း ကျွန်တော်ဟာ အိုမင်းရင့်ရော်နေပါပြီ၊ သင်ကတော့ အသက်၃၀အရွယ်လူငယ်တစ်ယောက်အတိုင်း နုနယ်လျှက်ပင်ရှိပါသေးတယ်လို့ ”

“ ကျွန်ုပ်ထက်အသက်ကြီးတဲ့သင့်ကို လေးစားပါတယ်၊ ဂါရဝပြုပါတယ်နတ်ထို ”

“ ဒီအတိုင်းဆိုရင်ဖြင့် သင်တို့သာ ကျွန်တော်တို့ကမ္ဘာကိုလာရင် သင်တို့ကာလနဲ့ တစ်နှစ်သာကြာမှာဖြစ်ပါတယ်၊ သင်တို့ဟာ ကျွန်တော်တို့ကမ္ဘာရှိကြောင်း မှတ်တမ်းတင်ထား၊ သိရှိထားပါရက်နဲ့ တစ်နှစ်တာအချိန်ပေးပြီး မလာရောက်သည်မှာဘာကြောင့်ပါလဲ၊ သင်တို့ဟာ ကျွန်တော်တို့ထက် သိပ္ပံပညာအရာမှာသာလွန်လို့ ကမ္ဘာကိုလာဖို့ရာ ယာဉ်ပျံများလည်း ရှိမယ်ထင်ပါတယ် ”

“ ကျွန်ုပ်တို့တီထွင်ထားသော နောက်ဆုံးပေါ် ယာဉ်များနှင့်ဆိုလျှင် တစ်နှစ်ပင်ကြာမည်မဟုတ်၊ လပိုင်းနှင့်သင်တို့ကမ္ဘာကိုရောက်နိုင်ပါသည်၊ သင်တို့ကမ္ဘာကိုသာမဟုတ်သေး၊ အခြားသက်ရှိတို့၏ မည်သည့်ဂြိုလ်ကိုမဆို ကျွန်ုပ်တို့ အချိန်တိုတိုအတွင်း ရောက်အောင်သွားနိုင်ကြပါသည်၊ သို့ရာတွင် ကျွန်ုပ်တို့သည် အခြားသောဂြိုလ်မှ သက်ရှိများနှင့်မည်သည့်အခါမှဆက်သွယ်မည်မဟုတ်ပါ ”

“ ဘာကြောင့်ပါလဲ ”

“ စကြာဝဠာကြီး၏သဘာဝတရားအရ တစ်ဂြိုလ်နှင့်တစ်ဂြိုလ်ဆက်သွယ်ရန်မလိုပါ၊ အဓိပ္ပါယ်လည်းမရှိပါ၊ သဘာဝတရားသည် ဂြိုလ်တစ်ခုနှင့်တစ်ခုမဆက်သွယ်မိစေရန် အလွန်ဝေးကွာအောင်ဖန်တီးထားပြီးဖြစ်သည်၊ အခြားဂြိုလ်မှ သက်ရှိများကို ဆက်သွယ်ရန်ကြိုးစားသောအလုပ်မှာ မိုက်မဲသောလုပ်ရပ်သာဖြစ်ပါသည် ”

“ ကျွန်တော်တို့ကတော့ စကြာဝဠာအတွင်းနေထိုင်သောသက်ရှိအချင်းချင်း ရင်းနှီးမှုရရန်ကြိုးစားခဲ့မိပါတယ်”

“ ဒါကြောင့် သင်တို့လူသားများကို ရူးနှမ်းသောသူများဟုကျွန်ုပ်ကစွပ်စွဲခဲ့မိခြင်းဖြစ်သည်၊ သင်စဉ်းစားကြည့်ပါနတ်ထို၊ ဂြိုလ်များ၌သက်ရှိများသည် သူ့ပုံစံ၊ သူ့ဝေလေ့၊ သူ့စရိုက်ဖြင့်ရပ်တည်နေကြခြင်းဖြစ်သည်၊ သက်ရှိများသည် တစ်ဂြိုလ်နှင့်တစ်ဂြိုလ် အရွယ်အစားပုံပန်းသဏ္ဌာန်ချင်းလဲ မတူကြပါ၊ သင်တို့သည် သင်တို့ရှိကြောင်းကို သင်တို့ထက်အဆများစွာကြီးပြီး ရိုင်းပျသည့်ဂြိုလ်သားများအားဆက်သွယ်အသိပေးလိုက်သည်ဆိုပါစို့၊ ထိုဂြိုလ်သားများက သင်တို့လူသားများကို သူတို့၏အစားအသောက်အတွက်သတ်ဖြတ်စားသောက်လျှင်မခက်ပါလော၊ သင်တို့ဒုက္ခရောက်ရမည်မဟုတ်ပါလော ”

“ အလို ”

ကျွန်တော်သည် လျံ၏စကားကြောင့် ကြက်သီးမွေးညှင်းထကာ လန့်ဖျတ်သွားမိလေသည်။ ကျွန်တော်တို့ မတွေးမိသော ဖြစ်နိုင်ချေရှိသည့်အကြောင်းတစ်ရပ်ပင်တည်း။

“ ထို့အပြင် သင်တို့၏ကမ္ဘာအားကျူးကျော်စော်ကားကာ သင်တို့ကိုသတ်ဖြတ်၍ ကမ္ဘာဂြိုလ်ကို အခြားဂြိုလ်သားတို့က သူတို့၏ကိုလိုနီနယ်မြေအဖြစ် သိမ်းပိုက်ပစ်မှာကိုလည်း သင်တို့စိုးရိမ်သင့်သေးသည် ”

“ ကျွန်တော်တို့ဟာချစ်ကြည်ရင်းနှီးဖို့၊ နည်းပညာချင်းဖလှယ်ဖို့ကိုသာစဉ်းစားခဲ့မိပါတယ်၊ သင်ပြောတဲ့အချက်များကို မတွေးမိရိုးအမှန်ပါ ”

“ သင်တို့လူသားများကိုဖမ်းဆီး၍ အခြားဂြိုလ်သားများက အိမ်မွေးတိရစ္ဆာန်အဖြစ်မွေးမြူကာ အလုပ်များခိုင်းစေနိုင်သည်ကိုလည်း မတွေးမိသလော ”

" အလိုလေး- ကြောက်စရာပါလား၊ လျံ- သင်တို့ဂြိုလ်သားများကတော့ ကျွန်တော်တို့ကိုသည်လိုမပြုမူဘူး မဟုတ်လားဟင် "

" ကျွန်ုပ်တို့သည် တရားဓမ္မဖြင့်အေးဆေးစွာနေထိုင်ကြသောဂြိုလ်သားများဖြစ်သည်၊ ဤသို့ယုတ်မာရိုင်းစိုင်းသောစိတ်ထားများ ကျွန်ုပ်တို့၌မရှိပါ၊ ဖြစ်နိုင်ချေရှိသည်များကို ကျွန်ုပ်ကပြောပြခြင်းဖြစ်သည်၊ ကျွန်ုပ်တို့ သင့်ကိုရော၊ သင်တို့လူသားများကိုရော အန္တရာယ်မပြုပါ၊ မစိုးရိမ်လင့် "

" ကျေးဇူးတင်ပါတယ်လျံ၊ ဒီလိုဆိုရင် ကျွန်တော် ဤဂြိုလ်ပေါ်ကိုဘေးမသီရန်မခပဲရောက်ရှိနေကြောင်း အဖြစ်စုံကို သင်တို့၏ပညာဖြင့် ကျွန်တော်တို့ကမ္ဘာကိုအကြောင်းကြားပေးနိုင်မလား "

" အကြောင်းကြားနိုင်သည့်နည်းစနစ်များရှိပါသည်၊ သို့သော် အကြောင်းမကြားတော့ပါ၊ သင်လည်း သင့်အကြောင်းကို မြေကမ္ဘာကလူများအား အသိမပေးချင်ပါနှင့်တော့၊ သင်တို့လူသားများက နောက်တစ်ကြိမ်ထပ်မံကြိုးစားနေလျှင် သင်ကဲ့သို့ အခြားသူများ ဘဝနှင့်ရင်း၍ဒုက္ခရောက်ရလိမ့်ဦးမည်၊ သင်တို့ကမ္ဘာသားများသည် စိတ်ကူးယဉ်သူ၊ အတွေးခေါင်သူ၊ရူးနှမ်းသူများမို့ နောက်တစ်ကြိမ်ထပ်၍ ရူးသွပ်သောအပြုအမူကို မပြုမူဟုမပြောနိုင်ပါ၊ သင့်အတွက်လဲအကျိုးမထူးပြီ၊ သင်တို့ကမ္ဘာကိုမေ့လိုက်ပါတော့ "

" လျံ၊ ကျွန်တော့်အတွက်လည်း ဤဂြိုလ်တွင် ကျွန်တော်နှင့်ရွယ်တူမိန်းမသားတွေ့မည်အထင်နှင့် မျိုးဆက်ပွားများကာ ကမ္ဘာသို့ပြန်မည့်အစီအစဉ်ဟာလည်း မဖြစ်နိုင်ကြောင်းတွေ့ရပါပြီ၊ ကျွန်တော့်ဘဝအတွက် ကျန်သေးသောအချိန်ကို ကျွန်တော်မည်သို့ကုန်ဆုံးရပါမလဲ၊ ကျွန်တော့်ကိုအသင်တို့ဂြိုလ်သို့ ခေါ်သွား၍ဖြစ်နိုင်ပါမည်လား "

" မဖြစ်နိုင်ပါ၊ လုံးဝမဖြစ်နိုင်ပါ၊ ကျွန်ုပ်တို့အကြီးအကဲများကလည်း ခွင့်ပြုမည်မဟုတ်ပါ၊ ကျွန်ုပ်တို့ဂြိုလ်၏ ဓလေ့စရိုက်သည် သင်တို့ကမ္ဘာနှင့်လုံးလုံးဆန့်ကျင်ပါသည်၊ သင့်ကို ကျွန်ုပ်တို့ဂြိုလ်အကြောင်းပြောပြပါဦးမည် "

" ကျွန်တော်လည်း သိချင်ပါတယ်၊ ပြောပြပါဦး၊ သင်တို့ဂြိုလ်ကို ဘယ်လိုအမည်နာမဖြင့်ခေါ်ပါသလဲ၊ ဒီကနေ ဘယ်လောက်ဝေးပါသလဲ "

* * * * *

" ကျွန်ုပ်တို့ဂြိုလ်အမည်ကို **Ł+ž□□©**ဟု ခေါ်ပါသည်၊ အဓိပ္ပါယ်မှာ **သန့်ရှင်းသောဂြိုလ်**-ဟူ၍ဖြစ်ပါသည် "

လျံက သူတို့၏ဂြိုလ်အမည်ကိုပြောပြသော်လည်း ကျွန်တော့်အတွက် မှတ်သားရန်ခက်ခဲပါသဖြင့် သူဘာသာပြန်ပြသော **သန့်ရှင်းသောဂြိုလ်**ဆိုသည့်အမည်အတိုင်းပဲရေးသားဖော်ပြလိုက်ပါသည်။

" ကျွန်ုပ်တို့ဂြိုလ်သည် သင်တို့အကွာအဝေး သတ်မှတ်ချက်အတိုင်းပြောရမည်ဆိုလျှင် ဤနေရာမှ မိုင်ပေါင်းသန်းတစ်ထောင်ကွာဝေးသောအရပ်၌ရှိပါသည် "

" ဟင်- ကျွန်တော်တို့ကမ္ဘာနဲ့ ဒီဂြိုလ်စိမ်းတို့အကွာအဝေးအတိုင်းပါလား၊ ဒီကိုရောက်အောင် သင် ဘယ်လောက်ကြာကြာလာရပါသလဲလျံ "

" ကျွန်ုပ်တို့အချိန်ကာလအားဖြင့် ၂လကြာလာရပါသည် "

" ၂လ၊ အလို- အချိန်အလွန်တိုတောင်းလှချေလား၊ သင်တို့ယာဉ်ဟာအတော်မြန်ပုံရတယ် "

" ကျွန်ုပ်တို့၂လဟာ သင်တို့ရဲ့ နှစ်ပေါင်းနှစ်ဆယ်နဲ့ညီမျှတယ်ဆိုတာ သတိချပ်ဦးနတ္ထိ "

" ဟုတ်ပေသားပဲ၊ နှစ်၂၀ဆိုတဲ့ကာလဟာလည်း မိုင်းသန်းတစ်ထောင်ခရီးအတွက် အလွန်မြန်ဆန်တဲ့ခရီးပါပဲလေ "

" မိုင်းသန်းတစ်ထောင်ခရီးကို နှစ်၂၀နဲ့ခရီးဆန့်ဖို့ အာကာသယာဉ်ဟာဘယ်လောက်မြန်ဆန်မယ်ဆိုတာတွေးကြည့်ပါနတ္ထိ၊ သင့်ကိုကျွန်ုပ်တို့ဂြိုလ်ပေါ်သို့ မခေါ်ဆောင်နိုင်ဘူးဆိုတာ ဤအချက်လည်းပါပါတယ်၊ အလွန်မြန်တဲ့ကျွန်ုပ်တို့ယာဉ်ပေါ်ကို သင့်အားတင်ဆောင်သွားမယ်ဆိုရင် သင့်ရဲ့အသားအရေတွေဟာ ပဲ့ကြွေကျပြီးကြေမွသွားလိမ့်မယ်၊ သင်တို့ခန္ဓာကိုယ်တည်ဆောက်ပုံဟာ ယာဉ်ရဲ့အမြန်နှုန်းကိုခံနိုင်ရည်မရှိဘူး "

" သြော်... "

" နောက်တစ်ချက်က ဘယ်သက်ရှိကိုမှ ကျွန်ုပ်တို့ဂြိုလ်ပေါ်သို့ခေါ်သွားလို့မဖြစ်ဖူး၊ ကျွန်ုပ်တို့၏ သန့်ရှင်းသောဂြိုလ်ဟာ အမြဲတမ်း လူဦးရေတစ်သိန်းတိတိပဲ ထားရှိတယ်၊ လူပိုခေါ်ခွင့်မရှိဘူး "

" ဘယ်လို "

" ကျွန်ုပ်တို့ရဲ့အရွယ်အစားဟာ သင်မြင်တဲ့အတိုင်းပါပဲ၊ ကျွန်ုပ်တို့ဂြိုလ်ဟာအလွန်သေးငယ်ပါတယ်၊ ဂြိုလ်ပေါ်မှာ လူဦးရေပြည့်ကျပ်မနေဖို့ လူတစ်သိန်းအထိပဲကန့်သတ်ထားတယ် "

" မိသားစုစီမံကိန်းထားရှိတဲ့သဘောပေါ့၊ ဂြိုလ်သားတွေဟာ သားဆက်ခြားတဲ့ဓလေ့ကိုကျင့်သုံးကြတာပေါ့နော် "

" သားဆက်မခြားပါ၊ သားသမီးပွားများမယ့် ညစ်ညမ်းသောအပြုအမူကိုရှောင်ရှားကြခြင်းဖြစ်ပါတယ် "

" ဟင် "

" ကျွန်ုပ်တို့ဂြိုလ်မှာလည်း အဖိုအမကွဲပြားမှုရှိပါတယ်၊ သို့သော် ကျွန်ုပ်တို့ဟာ အိမ်ရာထူထောင်ခြင်းအမှုကို မပြုကြပါဘူး၊ ယောက်ျားနဲ့မိန်းမစပ်ယှက်တဲ့အပြုအမူဟာ အလွန်ညစ်ညမ်းပြီးအောက်တန်းကျတဲ့အပြုအမူအဖြစ် မှတ်

ယူကြပါတယ် ”

“ ဒါဖြင့် ဘယ်လိုမျိုးဆက်ပွားသလဲ၊ ဂြိုလ်သားတွေဟာသက်တမ်းကုန်ရင်တော့သေကြရတာပဲမဟုတ်လား ”

“ မည်သည့်သက်ရှိမဆို သူ့သက်တမ်းကုန်ရင် သေကြရတာချည်းပါပဲ၊ မသေတဲ့နေရာမရှိပါ၊ မသေတဲ့သက်ရှိဟူ၍လည်းမရှိပါ၊ သက်ရှိမှန်သမျှ **သေမျိုး** ချည်းဖြစ်ပါတယ် ”

“ ပြောပါဦးလျှံ ”

“ ကျွန်ုပ်တို့ဂြိုလ်ဟာ အလွန်ပဲသာယာလှပပါတယ်၊ အစားအသောက်များဟာလည်း လွန်စွာပေါများလှပါတယ်၊ ဂြိုလ်အရွယ်အစားငယ်နေခြင်းတစ်ခုသာ ကျွန်ုပ်တို့ဂြိုလ်အတွက်အပြစ်ပြောစရာရှိပါတယ်၊ လူဦးရေတွေထိမ်းချုပ်ကန့်သတ်မထားရင် နေစရာနဲ့စားစရာအတွက် ဒုက္ခကြုံနိုင်တာကိုကြိုတင်သတိပြုမိလို့ ကျွန်ုပ်တို့ဟာ ဂြိုလ်ပေါ်မှာ လူတစ်သိန်းတိတိထက်မပိုဖို့ ကန့်သတ်ထားရခြင်းဖြစ်ပါတယ် ”

“ မည်သို့ကန့်သတ်ပါသလဲ၊ သင်ပြောသလို အိမ်ရာထူထောင်ခြင်းမပြုကြဘူးဆိုရင် မျိုးဆက်ပွားစရာနည်းလမ်းလဲမရှိပါ၊ သက်တမ်းကုန်လို့ ဂြိုလ်သားတွေကွယ်လွန်ကုန်ရင် လူဦးရေတစတစလျော့နည်းသွားမှာပေါ့ ”

* * * * *

ကျွန်ုပ်တို့ဂြိုလ်သားများဟာ အဖိုနဲ့အမစပ်ယှက်တဲ့ အလုပ်ကိုစက်ဆုပ်ရွံရှာကြတာမို့ အိမ်ရာထူထောင်ခြင်းမပြုတာမှန်ပါတယ်၊

နေထိုင်တဲ့နေရာမှာလည်း ယောကျာ်းတွေကတစ်အုပ်စုသပ်သပ်၊ မိန်းမတွေက တစ်အုပ်စုသပ်သပ်နေထိုင်ကြပါတယ်၊

သို့သော် ဂြိုလ်သားတစ်ဦးကွယ်လွန်သွားတဲ့အခါတိုင်း အဲ့ဒီဂြိုလ်သားနေရာမှာအစားထိုးဖို့အတွက်ဂြိုလ်သားအသစ်ကလေးငယ်တစ်ယောက်ကိုတော့ မွေးဖွားပေးရပါတယ်၊

သေသူရဲ့နေရာမှာအစားထိုးဖို့အတွက် ယောကျာ်းတစ်ယောက်နဲ့ မိန်းမတစ်ယောက်ဟာ အဲဒီအခါကျမှ အိမ်ထောင်ပြုကြရပါတယ်၊ ကျွန်ုပ်တို့အိမ်ထောင်ပြုတာဟာ ကလေးမွေးဖွားဖို့သက်သက်ဖြစ်ပြီး လူတစ်ယောက်သေသွားမှ ယောကျာ်းတစ်ယောက်နဲ့မိန်းမတစ်ယောက်ဟာ တာဝန်အရ မဖြစ်မနေအိမ်ထောင်ပြုကြတာဖြစ်ပါတယ်၊

အဲသည်လိုအိမ်ထောင်ပြုရာမှာလည်း အငြင်းပွားမှုမရှိအောင် အလှည့်ကျသတ်မှတ်ထားပါတယ်၊

ယခု ကျွန်ုပ်လာရောက်သဂြိုလ်တဲ့ အလောင်းသုံးလောင်းနေရာမှာ လူသုံးယောက်အစားထိုးဖို့လိုအပ်တာမို့ ယောကျာ်းမိန်းမသုံးစုံတွဲဟာ အိမ်ရာထူထောင်ပြီး အတူနေနေကြပါပြီ။ သူတို့ဟာ သားသမီးတစ်ယောက်မွေးဖွားပြီးတာနဲ့ တာဝန်ကျေပြီမို့ ပြန်ပြီးခွဲခွာနေထိုင်ကြပါတယ်၊

စက်ဆုပ်ဖွယ်ကောင်းတဲ့ အိမ်ရာထူထောင်ခြင်းအမှုကိုမည်သူမှမပြုချင်ကြပါ။

လူစားထိုးဖို့လိုမှသာ အဖိုနဲ့အမလိင်ဆက်ဆံဖို့လိုတာမို့ ကျွန်ုပ်တို့ဂြိုလ်ပေါ်မှာ အိမ်ထောင်ပြုခြင်းကိစ္စဟာ အလွန်ရှားပါးတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်၊

အိမ်ထောင်ပြုဖို့အလှည့်ကျတဲ့သူများကို ကံဆိုးသူများလို့မှတ်ယူကြပါတယ်၊ သဘာဝတရားအရ မလွဲရှောင်သာလို့ပြုမူကြရခြင်းဖြစ်ပါတယ်။

မွေးဖွားလာတဲ့ကလေးသူငယ်ကို ဂြိုလ်သားအားလုံးနဲ့သက်ဆိုင်တဲ့ မျိုးဆက်သစ်အဖြစ် မှတ်ယူကြပါတယ်။ မိန်းမများက ကလေးငယ်များကို တာဝန်ယူပြုစုပျိုးထောင်ပေးကြပါတယ်။ အရွယ်ရောက်လာလျှင် တတ်အပ်သောပညာများသင်ကြားပေးဖို့ ကျောင်းများရှိပါတယ်။

ကျွန်ုပ်တို့ဂြိုလ်ပေါ်မှာ လူသေခြင်းဟာလည်း အလွန်ပဲရှားပါးပါတယ်၊ တစ်နှစ်မှ ၂ယောက်၊ အများဆုံး ၃ယောက်ပဲသေကြပါတယ်၊ တချို့နှစ်တွေမှာ သေသူပင်မရှိပါ။

သက်တမ်းရှည်ပြီး သေသူနည်းတာကြောင့် မျိုးဆက်ထပ်ပွားပေးဖို့ကိစ္စဟာလည်း အလွန်နည်းပါးတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်၊

ဒါကြောင့် တချို့လူများဟာ သေသာသွားကြတယ်၊ အိမ်ထောင်မပြုဖူးလိုက်ကြပါ၊ အဲသည်လို အိမ်ထောင်မပြုဖူးပဲ လိင်ဆက်ဆံမှုတစ်သက်လုံးကင်းရှင်းစွာနေထိုင်သွားခွင့်ရတဲ့သူများကို ကံကောင်းသူ၊ ကံထူးသူ၊ သန့်ရှင်းစင်ကြယ်စွာဖြင့် ဘဝကိုကုန်လွန်သူများအဖြစ် သတ်မှတ်ကြပါတယ်၊ အားကျဂုဏ်ယူကြပါတယ်။

ဂြိုလ်သားများဟာ အဖိုရော အမရော အသက်၅၀အရွယ်ထိမျိုးဆက်ပွားနိုင်ပါတယ်၊ အသက်၅၀ကျော်ရင် မျိုးဆက်ပွားနိုင်ခြင်းမရှိတော့ပါဘူး။

အသက်၅၀ကျော်တဲ့အထိ အိမ်ထောင်ပြုဖို့ အလှည့်မကျရောက်သူများဟာ တစ်သက်တာလုံးသန့်ရှင်းစွာနေထိုင်သွားရတော့မှာသေချာတာမို့ အဲဒီလိုလူများကို သူတော်စင်များအဖြစ် လေးစားသတ်မှတ်ကြပါတယ်။

ကျွန်ုပ်ဟာလည်း ယခုအသက်၃၀အရွယ်အထိ အိမ်ထောင်ပြုရန် အလှည့်မကျရောက်သေးတဲ့အတွက် ကံကောင်းနေပါသေးတယ်၊ တစ်နှစ်မှာ ၂ယောက်၃ယောက်ပဲ သေနေကြမယ်ဆိုရင်တော့ ကျွန်ုပ်အသက်၅၀ပြည့်သည်ထိ အလှည့်ကျစရာအကြောင်းမရှိပါ။ သူတော်စင်တစ်ယောက်အဖြစ် ကျွန်ုပ်၏ဘဝကိုအချိန်ကုန်လွန်ခွင့်ရမယ်လို့ မျှော်လင့်မိပါတယ်။

* * * * *

ကျွန်ုပ်တို့ဂြိုလ်ပေါ်တွင် အစစအရာရာပြည့်စုံမှုရှိပြီးဖြစ်တဲ့အတွက် အလုပ်ကိုပင်ပင်ပန်းပန်းလုပ်စရာမလိုပါ။

ယောကျာ်းများဟာ မြေမှထွက်သည့်ကောက်ပဲသီးနှံများကိုစားစရာအဖြစ်ဖန်တီးကြပါတယ်၊ မိန်းမများကတော့ ဝတ်ဆင်စရာအဝတ်အစားများကိုချုပ်လုပ်ကြပါတယ်၊ စားဝတ်နေရေးဟာပြည့်စုံလုံလောက်နေတဲ့အတွက် အချိန်ပြည့်အလုပ်လုပ်ဖို့မလိုပါ၊ အလုပ်ကိုပင်ပန်းအောင်လည်းလုပ်ရန် မလိုအပ်ပါ။

ပိုသည့်အချိန်များတွင် ဂြိုလ်သားများဟာ တရားဘာဝနာပွားများရင်း၊ တရားဓမ္မများရွတ်ဖတ်သရဇ္ဈာယ်ရင်းဖြင့်အချိန်ကုန်လွန်ကြပါတယ်။

ကျွန်ုပ်တို့ဂြိုလ်ဟာ အေးချမ်းငြိမ်သက်စွာဖြင့်ဂြိုလ်သားအချင်းချင်းလည်း မေတ္တာတရားပွားများ၍နေကြသောဂြိုလ်တစ်ခုဖြစ်ပါတယ်။

ဉာဏ်ပညာအနေဖြင့်လဲ ကျွန်ုပ်တို့ဟာစကြာဝဠာကြီးတစ်ခုလုံးအကြောင်းကိုနားလည်သူများဖြစ်ပါတယ်။ စကြာဝဠာကြီးရဲ့လျှို့ဝှက်ချက်များ၊ အခြားသောဂြိုလ်ကမ္ဘာများအကြောင်းကိုလည်း ကျွန်ုပ်တို့သိရှိပါတယ်။

သိပ္ပံပညာများလည်း ကျွန်ုပ်တို့ဂြိုလ်ပေါ်၌ထွန်းကားပါတယ်။

သို့သော် ကျွန်ုပ်တို့သည် အတတ်ပညာဖြင့် မည်သည့်သက်ရှိဂြိုလ်ကိုမှဆက်သွယ်ရန်မကြိုးစားပါ။ ကျွန်ုပ်ရှေးဦးကပြောခဲ့သလို ဂြိုလ်တစ်ခုနှင့်တစ်ခုဆက်သွယ်ခြင်းသည် မလုပ်ကောင်းသောအရာတစ်ခုလို့မှတ်ယူပါတယ်။

စကြာဝဠာအတွင်း ဂြိုလ်များ တစ်ခုနှင့်တစ်ခု ဆက်သွယ်မှုမရှိစေရန် သဘာဝတရားကြီးက ဝေးကွာအောင်ဖန်တီးပေးထားပြီးဖြစ်ပါတယ်။ သင်တို့လူသားများသာ မိုက်မဲစွာဖြင့် အခြားဂြိုလ်ကိုဆက်သွယ်ရန်ကြိုးစားကြခြင်းဖြစ်တယ်။ ကျွန်ုပ်တို့ကတော့ စကြာဝဠာနှင့်အခြားဂြိုလ်များအကြောင်းကို ကျောင်းတွင်သင်ယူသည့်ပညာတစ်ရပ်အဖြစ်မှတစ်ပါး စိတ်မဝင်စားပါ။

ကျွန်ုပ်တို့ဂြိုလ်ပေါ်မှာ လူမျိုးတစ်မျိုးထဲသာရှိပါတယ်၊ သင်တို့ဂြိုလ်သားများကဲ့သို့ လူမျိုး၊ အသားအရောင်ကွဲပြားမှုများမရှိပါ။ သင့်ဂြိုလ်ထားသောအလောင်းများကို ကြည့်လျှင်သိသာပါတယ်။

လူမျိုးကွဲပြားမှုမရှိသည့်အတွက် ဘာသာစကားလဲ တစ်မျိုးထဲသာရှိပါတယ်။ လူမျိုး၊ ဘာသာ၊ အသားအရောင်ကွဲပြားမှုမရှိခြင်းဟာ တစ်ဦးနှင့်တစ်ဦးရန်လိုခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မလိုမုန်းထားခြင်း၊ နယ်မြေလုခြင်း၊ အငြင်းအခုန်ဖြစ်ပွားခြင်းများကို ကင်းရှင်းစေပါတယ်။

ကျွန်ုပ်တို့ဂြိုလ်ပေါ်၌ တိရစ္ဆာန်များလည်းမရှိပါ၊ ကျေးငှက်သာရကာများ၊ ပိုးမွှားများလည်းမရှိပါ။ လူများချည်းအသက်ရှင်နေထိုင်တဲ့ဂြိုလ်တစ်ခုဖြစ်ပါတယ်။

တိရစ္ဆာန်များမရှိတဲ့အတွက် တိရိစ္ဆာန်များ၏အသားကို စားသုံးရန်လည်းမလိုပါ၊ အကုသိုလ်ကင်းရှင်းစွာရှင်သန်ကြပါတယ်။ ရောဂါဘယဟူ၍လည်းမရှိပါ။

ဒါကြောင့် လူတွေဟာလည်း သက်တမ်းကုန်လွန်မှအလိုလိုသေဆုံးကြပါတယ်၊ ငယ်ငယ်ရွယ်ရွယ်ဖြင့်သေဆုံးခြင်းမရှိပါ။ သချိုင်းဂြိုလ်ပေါ်မှအလောင်းများကိုကြည့်လျှင် သက်တမ်းကုန် အသက်ကြီးရင့်မှသေဆုံးကြကြောင်း သိရပါလိမ့်မယ်၊ အလောင်းများထဲတွင် ကလေးငယ်များ၏အလောင်းမပါသည်ကို သင်တွေ့မှာပါ။

ကျွန်ုပ်ဟာ အကြီးအကဲများ၏တာဝန်ပေးမှုအရ ကျွန်ုပ်တို့ဂြိုလ်အတွက် သုဘရာဇာတာဝန်ယူရသူတစ်ဦးဖြစ်ပါတယ်၊ တစ်ဦးထဲသောသုဘရာဇာလည်းဖြစ်ပါတယ်။

ကျွန်ုပ်တို့ဂြိုလ်ဟာ သန့်ရှင်းသောဂြိုလ်ဖြစ်တဲ့အတွက် ကျက်သရေကင်းမဲ့သော အလောင်းကောင်များကိုမထားရှိပါ။ သချိုင်းအဖြစ် ဤဂြိုလ်ကိုရွေးချယ်သတ်မှတ်ကာ အလောင်းများအား လာရောက်စွန့်ပစ်ခြင်းဖြစ်ပါတယ်။

သင်သတိထား၍ကြည့်မည်ဆိုလျှင် အလောင်းများအား အကန့်ကန့်၍ပိုင်းခြားသဂြိုလ်ထားသည်ကို တွေ့ရပါလိမ့်မယ်၊ တစ်ကန့်ဟာအိမ်ထောင်သားမွေးပြုခဲ့သူ သာမန်လူများအတွက်ဖြစ်ပြီး၊ နောက်တစ်ကန့်ကတော့ အိမ်ထောင်ပြုခြင်းမှကင်းရှင်းခဲ့သူ သူတော်စင်များအတွက်ဖြစ်ပါတယ်။

ယခု ကျွန်ုပ်လာရောက်သဂြိုလ်သောအလောင်းသုံးလောင်းဟာ သူတော်စင်ပုဂ္ဂိုလ်များချည်းဖြစ်ပါတယ်။

ကျွန်ုပ်တို့ဟာ နှစ်တစ်နှစ်အတွင်းကွယ်လွန်သူများရဲ့ ရုပ်အလောင်းများကို နှစ်ကုန်ဆုံးတဲ့နောက်ဆုံးရက်အထိထားရှိကြပါတယ်။ နှစ်တစ်နှစ်ကုန်ဆုံးချိန်မှာ ကျွန်ုပ်က အလောင်းများကို သချိုင်းဂြိုလ်သို့ အာကာသယာဉ်နဲ့သယ်လာပြီးသဂြိုလ်ပေးရပါတယ်။

ယခုနှစ်အတွင်း သေဆုံးသူသုံးဦးရဲ့အလောင်းကို ဤဂြိုလ်သို့သယ်လာတဲ့နေ့ဟာ နှစ်တစ်နှစ်ရဲ့နောက်ဆုံးရက်ဖြစ်ပါတယ်။ ယခုဆိုလျှင် ကျွန်ုပ်တို့ဂြိုလ်၌ နောက်တစ်နှစ်သို့ကူးသော နှစ်သစ်ကူးပွဲတော်ကိုကျင်းပနေပြီဖြစ်ပါတယ်။

နတ္ထိ၊ ယခုကျွန်ုပ်ပြောခဲ့သည်များမှာ ကျွန်ုပ်တို့၏ သန့်ရှင်းသောဂြိုလ်အကြောင်းများပင်ဖြစ်ပါတယ်။ သင်တို့လူသားများနေထိုင်သည့်ကမ္ဘာဂြိုလ်နှင့် လုံးဝမတူကြောင်း သင်သိလောက်ပါပြီ။

* * * * *

" လျံ၊ သင်တို့ဂြိုလ်အကြောင်းကိုပြောပြသည့် အတွက်ကျေးဇူးတင်ပါတယ်၊ သင်တို့ရဲ့အေးချမ်းတည်ငြိမ်တဲ့ ဂြိုလ်ကြီးကိုလည်းအားကျမိပါတယ်၊ သင်ဟာ သန့်ရှင်းသောဂြိုလ်သားအဖြစ်မွေးဖွားလာတာ အလွန်ကံကောင်းပေတာပဲ၊ ကျွန်တော်ကတော့ သင့်စကားတွေကြားရလို့ ကျွန်တော်တို့ လူသားများရဲ့ရူးသွပ်မှုအတွက် အလွန်ပင်ရှက်မိပါတယ် "

" ရှက်စရာမဟုတ်ပါ၊ တကယ်တော့သင်ဟာ ရွေးချယ်ခွင့်မရှိပဲ လူသားသိပ္ပံပညာရှင်များ၏အစီအမံအရ ဓားစာခံဖြစ်ရသူတစ်ဦးသာဖြစ်ပါတယ်၊ သင့်ကို ကျွန်ုပ်သနားမိပါတယ်နတ္တိ "

" ခုတော့ ကျွန်တော့်ဘဝဟာ ဘာမှအဓိပ္ပါယ်မရှိပဲ ပြီးဆုံးရတော့မယ့်ဘဝပါပဲ၊ သင့်ဂြိုလ်ပေါ်ကို ကျွန်တော့်အားခေါ်မသွားနိုင်တာကိုလည်း နားလည်ပါပြီ "

" ကျွန်ုပ်တို့ဂြိုလ်ပေါ်သို့ပြန်ရမယ့်ခရီးဟာ သင်တို့ကာလသတ်မှတ်ချက်အရ နှစ်၂၀ကြာတာမို့ ခေါ်သွားလို့ရစေဦးတော့ သင်ဟာ လမ်းခရီးမှာပဲကွယ်လွန်သွားနိုင်ပါတယ်နတ္တိ၊ ကျွန်ုပ်အထင် သင့်အသက်ဟာ ကျွန်ုပ်ထက်လွန်စွာကြီးပါတယ်၊ သင်၏အိုမင်းရင့်ရော်ပုံဟာ ကျွန်ုပ်တို့ဂြိုလ်သားအသက်၆၀အရွယ်လောက်နှင့်တူညီလှပါတယ် "

" သင့်ခန့်မှန်းမှုကွက်တိမှန်ကန်ပါတယ်၊ ကျွန်တော့်အသက်၅၉နှစ်ကျော်လွန်ခဲ့ပါပြီ၊ ကျွန်တော်ဘဝဟာ သင်တို့ရဲ့သင်္ချိုင်းဂြိုလ်ပေါ်မှာပဲအဆုံးသတ်ရတော့မှာပါ၊ သင့်တာဝန်ပြီးဆုံးတဲ့အခါ ကျွန်တော့်ကိုထားခဲ့ပြီး သင်တို့ ဂြိုလ်ပေါ်ကိုပြန်ပါတော့လျံ "

" ကျွန်ုပ်မပြန်ပါ၊ သင်ကွယ်လွန်တဲ့အထိ ကျွန်ုပ် စောင့်ဆိုင်းပေးပါမည်၊ သင်ကွယ်လွန်လျှင် ကျွန်ုပ်တို့ထုံးစံနှင့်သင့်ကိုကောင်းစွာသဂြိုလ်ပေးပြီးမှ ကျွန်ုပ်ပြန်ပါတော့မည် "

" အလို–လျံ၊ ကျွန်တော်ကွယ်လွန်တဲ့အထိစောင့်ဆိုင်းနေလျှင် အသင့်အတွက်အချိန်တွေကုန်လွန်သွားမှာပေါ့၊ ကျွန်တော့်အားငဲ့ညှာစရာမလိုပါ၊ ကျွန်တော့်အတွက် တစ်ယောက်ထဲနေရတာ နေသားကျနေပါပြီလျံ "

" ကျွန်ုပ် သင့်ကိုခင်လည်းခင်မင်သည်၊ လေးစားမှုလည်းရှိသည်၊ သနားလည်းသနားမိပါသည်၊ သင်ကွယ်လွန်တဲ့အထိစောင့်ဆိုင်းရ၍ အချိန်ကုန်လွန်မည်မဟုတ်ပါ၊ သင်သည် နောက်၁၅နှစ် အနှစ်၂၀လောက်ကြာလျှင် ကွယ်လွန်တော့မည်ကို သုဘရာဇာတစ်ယောက်ဖြစ်သောကျွန်ုပ် သိပါသည်၊ ၁၅နှစ် အနှစ်၂၀ဆိုသည်မှာလည်း ကျွန်ုပ်တို့အတွက် တစ်လခွဲ၊ နှစ်လသာကြာမြင့်သောအချိန်ဖြစ်ပါသည် ကျွန်ုပ်သင့်ကိုသဂြိုလ်ပေးပြီးမှပြန်ပါတော့မည်၊ အားမနာပါနှင့်နတ္တိ "

" သင်ကား စိတ်ထားပြည့်ဝသဘောထားကောင်းမွန်သောစကြာဝဠာသားတစ်ယောက်ပါတကား "

* * * * *

ယင်းသို့ဖြင့် ကျွန်တော်သည် ဂြိုလ်စိမ်းဟု ကျွန်တော်တို့ခေါ်ဝေါ်သမုတ်ထားသော... သန့်ရှင်းသောဂြိုလ်သားများ၏သင်္ချိုင်းဂြိုလ်ကြီးပေါ်၌ လျံနှင့်အတူဆက်လက်နေထိုင်ခဲ့လေသည်။

ကျွန်တော်သည် နောက်ထပ်မည်မျှကြာကြာ အသက်ရှင်နေထိုင်ရမည်မသိသေးပါ။

လျံကတော့ ကျွန်တော်သေဆုံးမည့်အချိန်ထိ စိတ်ရှည်ရှည်စောင့်ဆိုင်းပေးနေလေ၏။

ကျွန်တော်၏အသက် ၅၇နှစ်မှ စတင်ရေးသားခဲ့သော၄င်းမှတ်တမ်းအတွက် ထပ်မံဖြည့်စွက်ရေးသားစရာ အကြောင်းမရှိတော့ပါ။ ရေးသားခဲ့သည့်မှတ်တမ်းကိုလည်း ကျွန်တော်တို့ လူသားများသိရှိအောင်ပြုလုပ်နိုင်စွမ်းမရှိတော့ပါ။

ကျွန်တော်သည် ကျွန်တော်သေလွန်ပါက မှတ်တမ်းကိုပါ ကျွန်တော်နှင့်အတူသဂြိုလ်ပေးပါရန် လျံအားမှာထားခဲ့ပါ၏။

ယခုအခါ ကျွန်တော်သည် ကွယ်လွန်သေဆုံးမည့်အချိန်အား သင်္ချိုင်းဂြိုလ်ပေါ်၌ ပျင်းရိငြီးငွေ့စွာ စောင့်စားလျှက်ရှိပေသည်။

* * * * *

## ... အပိုင်း - ၄ ...

ကျွန်ုပ်မောင်းနှင်လာသော အာကာသယာဉ်သည် သချိုင်းဂြိုလ်နှင့်တဖြည်းဖြည်းနီးကပ်လာပြီဖြစ်၏။

ယခုနှစ်အတွင်း သေဆုံးခဲ့သည့် ဂြိုလ်သားနှစ်ဦး၏အလောင်းနှစ်လောင်းကိုသဂြိုလ်ပေးရန်အတွက် တစ်ဦးထဲသောသုဘရာဇာဖြစ်သည့် ကျွန်ုပ်လျှံသည် သချိုင်းဂြိုလ်ပေါ်သို့တဖန်ရောက်ရှိလာရပြန်လေပြီ။

သချိုင်းဂြိုလ်ပေါ်တွင် ကျွန်ုပ်ကိုယ်တိုင်သဂြိုလ်ထားခဲ့သောအလောင်းကြီးများက မိုးကောင်းကင်သို့ဦးတည်ကာ မတ်မတ်ထောင်လျှက် ကျွန်ုပ်လာရောက်သည့်ခရီးစဉ်ကို ကြိုဆိုနှုတ်ဆက်နေသယောင်ရှိပေသည်။

ကျွန်ုပ်သည် အာကာသယာဉ်အား အလောင်းများနှင့်လွတ်ကင်းရာ ကွင်းပြင်ဆီသို့ထိုးဆိုက်လိုက်လေသည်။

ယာဉ်တခါးကိုဖွင့်၍ ဂြိုလ်မြေပြင်ပေါ်သို့ဆင်းသက်လိုက်သည်တွင် ယမန်နှစ်က ကျွန်ုပ်သဂြိုလ်ပေးခဲ့ရသော အခြားသောဂြိုလ်တစ်ခုမှ လူသား၏အလောင်းကို ကျွန်ုပ်သဂြိုလ်ပေးထားသည့်အတိုင်းမြင်တွေ့လိုက်ရပေသည်။

ကျွန်ုပ်သည် ကမ္ဘာဂြိုလ်မှလူသားအား သူ၏အလောင်းနှင့်အတူ သူစီးနင်းလာသောအာကာသယာဉ်ကြီးကိုပါ ဖန်ရည်ထဲ၌ ထည့်လောင်း၍ ယာဉ်ရော၊ လူသားကိုပါ ပူးတွဲသဂြိုလ်ပေးခဲ့ခြင်းဖြစ်ပါသည်။ အချိန်ကာလကြာလျှင် အာကာသယာဉ်ကြီးပျက်စီးမသွားစေရန်ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ဂြိုလ်သားအလောင်းများကြားတွင် လူသား၏သေးငယ်သောရုပ်ကလာပ်ကလေးကို အာကာသယာဉ်ကြီးနှင့်အတူ ဖန်ထည်အားဒိုးယိုဖောက်၍မြင်တွေ့နေရပါ၏။

သူကား ကျွန်ုပ်နှင့်တဒင်္ဂရင်းနှီးခင်မင်ခဲ့ရသော လူသားနတ္ထိဆိုသူပင်ဖြစ်ပါသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏အဓိကတာဝန်ဖြစ်သော အလောင်း၂လောင်းအားသဂြိုလ်ခြင်းကိစ္စကို ဦးစွာဆောင်ရွက်လိုက်လေသည်။

အလောင်းများကို ဖန်ထည်အတွင်း ဌာပနာထားပြီးဖြစ်သည့်အတွက် မြေကိုတူးဆွကာ အလောင်းများအား ထောင်ရက်အနေအထားဖြင့် စိုက်ထူလိုက်ရုံပင်ဖြစ်ပါ၏။

ကျွန်ုပ်၏သဂြိုလ်ခြင်းကိစ္စပြီးဆုံးသည့်အခါ ကျွန်ုပ်၏မိတ်ဆွေဟောင်းဖြစ်သူ နတ္ထိ၏အသုဘအလောင်းရှိရာသို့ လျှောက်လာခဲ့လေသည်။

ယမန်နှစ်က နတ္ထိကွယ်လွန်သည်အထိ ကျွန်ုပ်စောင့်ဆိုင်းနေခဲ့ရာတွင် နတ္ထိသည် တစ်လခန့်အကြာတွင် ကွယ်လွန်ခဲ့လေသည်။ ကျွန်ုပ်တို့အတွက်တစ်လသည် လူသားများအဖို့ ဆယ်နှစ်ခန့်နှင့်ညီမျှပေရာ သူသည် အသက် ရ၀အရွယ်၌ကွယ်လွန်ခဲ့ခြင်းဖြစ်ပါ၏။

ကျွန်ုပ်သည် နတ္ထိ၏အလောင်းကို ကျွန်ုပ်တို့ထုံးစံအတိုင်း ဖန်ရည်ထဲတွင်သွန်းလောင်းကာ အာကာသယာဉ်နှင့်အတူသဂြိုလ်ထားခဲ့ပါသည်။

နတ္ထိ၏အလောင်းကား ဖန်ထည်ထဲ၌မပျက်မယွင်း ရှိနေဆဲပင်ဖြစ်ပါသည်။ သို့ရာတွင် နဂိုပုံစံအတိုင်းမဟုတ်တော့ပဲ ၎င်း၏အသားအရည်များမှာ ချောက်ကပ်ညှိုးလျော်နေသည်ကိုတွေ့ရပေ၏။ ဖန်ရည်ထဲတွင်နှစ်မြှုပ်ထားသည့်တိုင် လူသားတို့၏ပျော့တွဲသောအသားအရည်ကား အချိန်ကာလဒဏ်ကိုမခံနိုင်ချေ။

ကျွန်ုပ်တို့အလိုအားဖြင့် တစ်နှစ်သာရှိသေးသော်လည်း လူသားတို့သတ်မှတ်ချက်အရ နှစ်တစ်ရာကြာမြင့်ခဲ့ပြီဖြစ်ရာ နတ္ထိ၏အလောင်းသည် ပျက်စီးယိုယွင်းခဲ့ပေပြီ။

ဖန်ထည်အခေါင်းအောက်ခြေ၌ နတ္ထိ၏ဂြိုလ်ပေါ်သို့ရောက်လာပုံနှင့်ကျွန်ုပ်နှင့်တွေ့ဆုံခဲ့ပုံများကို မှတ်တမ်းတင်ကဗ္ဗည်းရေးထိုးထားပါသည်။

လွန်ခဲ့သောနှစ်က သချိုင်းဂြိုလ်မှကျွန်ုပ်အပြန်တွင် နတ္ထိနှင့်တွေ့ဆုံခဲ့သည့်အဖြစ်များကိုရိုက်ယူထားသည့် မှတ်တမ်းများကို ကျွန်ုပ်တို့ဂြိုလ်သားများအားပြန်လည်ပြသရာ သန့်ရှင်းသောဂြိုလ်မှဂြိုလ်သားတို့ အလွန်အံ့သြခဲ့ကြလေသည်။

အလောင်းကြီးများကြားတွင် ကျွန်ုပ်နှင့်စကားပြောဆိုနေသော နတ္ထိ၏ပုံကိုကြည့်ကာ... စကြာ၀ဠာအတွင်း၌ဤမျှသေးငယ်သောသက်ရှိမျိုးရှိပါသေးလားဆိုကာ ရယ်ပွဲဖွဲ့ခဲ့ကြလေသည်။ ဝေးလံသောအရပ်မှ မိမိအသက်၏နှစ်ပြန်လောက်သောကာလကိုရင်း၍ ခရီးထွက်လာသောလူသားကိုလည်း အံ့သြဘနန်းဖြစ်ကြရလေသည်။

ကျွန်ုပ်ကား နတ္ထိ၏ရုပ်သဏ္ဌာန်ပျက်ယွင်းနေသောအလောင်းလေးကိုကြည့်ကာ သံဝေဂပွားများမိပေသည်။

နတ္ထိကား လူသားသိပ္ပံပညာရှင်များ၏ရူးသွပ်မှုကြောင့် ဘဝတစ်ခုလုံးကိုအရင်းပြုကာ စားစာခံဖြစ်ခဲ့ရသူ တစ်ယောက်ပင်တည်း။ ကမ္ဘာမှ သိပ္ပံပညာရှင်ဆိုသူတို့သည် ကျွန်ုပ်တို့ သချိုင်းဂြိုလ်မှအလောင်းကောင်များ၏ပုံရိပ်ကိုဖမ်းမိရုံဖြင့် သက်ရှိတို့၏ဂြိုလ်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပြီဟု ယုံမှတ်မှားခဲ့ကြသည်။ လူသားများကို စေလွှတ်ခဲ့ကြသည်။

တကယ်တော့ နတ္ထိအတွက် ဤခရီးစဉ်သည် သူ၏အသုဘကိုပို့ဆောင်သော နာရေးခရီးစဉ်နှင့်တူပေသည်။

ခရီးစဉ်အစတွင် မွေးဖွားခြင်းမရှိသေးသောသူတစ်ယောက်ကို သူ၏သချိုင်းရှိရာသို့ပို့ဆောင်ပေးလိုက်သောခရီး

စဉ်တစ်ခုဖြစ်ပေ၏။

နတ္ထိကား ကိုယ့်အသုဘကို ကိုယ်တိုင်လာချရှာသော လူသားတစ်ဦးပါတကား။ သူစီးနင်းလာခဲ့သောအာကာသယာဉ်သည် သူ့အတွက် အသုဘယာဉ်ဖြစ်ခဲ့ပေပြီ။

ကျွန်ုပ်သည် လူသားများ၏အတွေးခေါင်မှု၊ မိုက်မဲမှု၊ ရူးနှမ်းမှုများအတွက် ဓားစာခံဖြစ်ရရှာသောနတ္ထိကိုသနားမိပေသည်။

နတ္ထိနှင့် သူ၏အသုဘယာဉ်ကို ပူးတွဲသွန်းလောင်းထားသည့်ဖန်ထည်အခေါင်းကြီးကား ကျွန်ုပ်တို့သင်္ချိုင်းဂြိုလ်ပေါ်တွင် အချိန်ကာလကြာမြင့်စွာရှိနေပေလိမ့်ဦးမည်။

ကျွန်ုပ်သည် ကိစ္စအားလုံးပြီးစီးသည့်အခါ သင်္ချိုင်းဂြိုလ်ပေါ်မှပြန်လည်ထွက်ခွာခဲ့လေ၏။

အလောင်းကောင်များကား ဟိုဝေးဝေးဆီတွင်ကျန်ရစ်ခဲ့ပေပြီ။

ကျွန်ုပ်သည်လည်း အသက်ရှင်နေသမျှကာလပတ်လုံး ဤသင်္ချိုင်းဂြိုလ်ပေါ်သို့ တစ်နှစ်တစ်ခေါက်မှန်မှန်လာရောက်ကာ ကွယ်လွန်သူများကိုသဂြိုလ်ပေးနေရဦးမည်ပင်။

တစ်နေ့သောအခါ၌ကား ကျွန်ုပ်ကိုယ်တိုင်ပင်ကွယ်လွန်အနိစ္စရောက်ကာ အလောင်းကောင်အဖြစ်သို့ ရောက်ရှိရပေဦးမည်တည်း။

စကြာဝဠာအတွင်းရှိ သက်ရှိမှန်သမျှကား သေမျိုးများချည်းမဟုတ်ပါလော။

✉ ✉ ✉ ✉ ✉

ဆောင်းလုလင်

၁၃-၁၂-၂၀၀၄

၂၇-၁၂-၂၀၀၄

# ရှမ်းပြဇာတ်

မြဝတီ–ရဲခေါင်

ကျနော် ပွဲခင်းသို့ ရောက်သွားသောအချိန်တွင် ပရိသတ်များမှာ ရှတ်ရှတ်သဲသဲ ဖြစ်နေကြသည်။ အချိန်မှာ ည ၇ နာရီခန့် ရှိပြီ။ ထိုနေ့သည် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့ ဆင်ခြေဖုံးရှိ ကျွဲကုန်းဘုရားကို ထီးတင်သော(ပြေီလ ၂၆ ရက်)နေ့ဖြစ်သည့်အလျောက် ထိုအလှူတွင် မိမိတို့စေတနာနှင့်အင်အားအလျောက် နည်းများမဆို ကုသိုလ်ပါဝင်ခဲ့ကြသော စစ်ဘက်, နယ်ဘက်, အရပ်ဘက်ကုသိုလ်ရှင်များမှာ ကွင်းလုံးပြည့်မျှ ဖြစ်တော့သည်။

ကားတန်းရှည်ကြီးများ, လှည်းဝိုင်းကြီးများ, အစိုးရဌာနအသီးသီးမှ ပြခန်းများ, စားသောက်ဆိုင်များမှာလည်း သူ့နေရာနှင့်သူ စနစ်တကျရှိ၍ ရှမ်းအိုးစည်သံများမှာလည်း တစ်ကွင်းလုံး ညံနေ၏။ ယခင်ကဆိုလျှင် ဤမျှကြီးကျယ်ခမ်းနားသော ပွဲများကို စော်ဘွားများကသာ ကြီးမှူးကျင်းပတတ်၍ ထိုစော်ဘွားများ၏ အရင်းအနှီးဖြင့် ဒိုင်ခံဖွင့်လှစ်ထားသည့် ၃၆ ကောင်ကစားဝိုင်းမှာမူ မပါလျှင် မဖြစ်သော ပွဲသဘင်၏ အင်္ဂါတစ်ရပ်ဖြစ်ခဲ့၏။ ထို့ကြောင့်လည်း ထိုခေတ်အခါက ရှမ်းပြည်လူထု၏ အခြေမှာ (ထိုလောင်းကစားပွဲ၏ နည်းပရိယာယ်အရ) လူပေါင်း ၃၆ ဦးတွင် တစ်ဦးသာလျှင် ရယ်နိုင်, မောနိုင်၍ ကျန်သော ၃၅ ဦးတို့မှာ မျက်ရည်နှင့်မျက်ခွက်သာဖြစ်ခဲ့ကြရပါ၏။ သို့ဖြစ်သည့်အလျောက် သူတို့၏ ဘဝမှာ လူညွန့်တက်လာသည်မရှိပဲ အမြဲတစေ ဆင်းရဲ၍ နေခဲ့ကြကုန်၏။ လူတစ်ထောင်တွင်မှ တစ်ယောက် ဖြစ်တောင့်ဖြစ်ခဲ ထွန်းပေါက်၍ လာကြသော တက်ကြွနိုးကြားသည့် ရှမ်းအမျိုးသား အမျိုးသမီးအချို့မှာလည်း ရှမ်းလူထုကို ချစ်မိသောစိတ်ကြောင့် စော်ဘွားများ၏ အဖိအနှိပ်ကို ခံရကာ နိုင်ငံရေးသမား ဝရမ်းပြေးများဘဝ၌သာ ကျင်လည်ခဲ့ကြရရှာ၏။ ထို့ကြောင့်လည်း ကျွန်ုပ်တို့သည် အကယ်၍ ရှမ်းပြည်တစ်လျှောက် မိုးပေါက်များပမာ လူထု၏ မျက်လုံးအိမ်မှ ရွာခဲ့ကြဖူးသောအတိတ်မှ မျက်ရည်များကိုသာ ပြန်ဆယ်၍ ရမည်ဆိုလျှင် ကန်ငယ်ကလေးများအဖြစ် နေရာအနှံ့အပြား တွေ့မြင်ရမည်လားမပြောတတ်တော့ပေ။

ယနေ့သည်ကား ထိုသို့မဟုတ်တော့ချေ။ ကစားဝိုင်းဆို၍ ဘာတစ်ခုမျှမတွေ့ရတော့။ ရွှေပွဲလာပရိသတ်များ၏ မျက်နှာပြင်မှာလည်း ကြည်လင်သောလနှင့်အတူ အပြိုင်ပြုံး၍ ကျွဲကုန်းဘုရားပွဲပတ်ဝန်းကျင်ရှိ ပြခန်းများ၌ သူတို့သိလိုသောအချက်များကို မေးမြန်းလေ့လာနေကြ၏။ ခေတ်ဟောင်းအဆက်ဆက် အိပ်မက်မျှပင်မမက်ခဲ့ဖူးကြသောပြည်သူ့ဆိုင်ကြီး၌ ကြိတ်ကြိတ်တိုးမျှ ဝယ်ခြမ်းနေကြ၏။ စိုက်ပျိုးရေးပြခန်း၌ကား ပိုစတာနှင့်ပညာပေးကြော်ငြာများကို အားလုံးလိုလို ဗမာစာဖြင့်သာ ရေးသားထားခြင်းကြောင့် ဗမာစာမတတ်သောလူမျိုးငယ်များအား သက်ဆိုင်ရာတာဝန်ခံက အဓိပ္ပါယ်ပြန်၍(အာပေါက်ပြီး လျှာခေါက်လျက် သွားရည်များကျကာ လူကြီးသူငယ်နာဖြစ်တော့မတတ်)ဒလစပ် ရှင်းလင်းနေရသည်ကိုလည်း တွေ့ခဲ့ရ၏။ တစ်နေရာ၌မူ အတွေ့အကြုံခေါင်းပါး၍ အတွေးအခေါ် ရိုးသားလွန်းသော ရှမ်းအမျိုးသားကြီးတစ်ဦးသည် သက်ဆိုင်ရာ ဆရာဝန်ထံ လက်ဟန် ခြေဟန်ဖြင့် သူ၏ ခေါင်းကို ဆေးထိုးပေးရန် ပန်ကြားနေ၏။ အဓိပ္ပါယ်ကား သူသည် ခေါင်းအလွန်ကိုက်နေသောကြောင့် သူ့ခေါင်းကို ဆေးထိုးပေးပါဟူသတည်း။

ကျနော်သည် ထိုနေရာများမှ ဇာတ်ရုံသို့ ရောက်သွားသောအချိန်တွင် ရှမ်းပြည်ရောက် ရေးဖော်တစ်ဦးဖြစ်သော စာရေးဆရာမောင်အောင်၏ မြေယာတော်လှန်ရေးခေတ် သရုပ်ဖော် "ဒို့မြေယာ" ပြဇာတ်မှာ စတင်နေပြီဖြစ်၏။ ထိုပြဇာတ်သည် လူထု၏ လုပ်အားနှင့်လုပ်ရှားမှုအရုပ်ရုပ်ကိုသာ အလေးအမြတ်ပြုလေ့ရှိသော အလွန်တရာ တိုးတက်ခေတ်မီ တစ်ပြည်လုံးနီသည့်နိုင်ငံကြီးများ၌ဆိုလျှင် ထင်ပေါ်လောက်သည့်စင်တော်ကောက် ပြဇာတ်တစ်ခုဖြစ်တန်ရာ၏။ သူ့ပြဇာတ်သည် ခေတ်ဟောင်းနှင့်ခေတ်သစ်တို့၏ အကြား နယ်နိမိတ်ကာလများကို ပြတ်သားစွာ ဖော်ပြထား၏။ ပုဂ္ဂိုလ်စွဲ ပုတ်ခတ်ချက်ဟူ၍လည်း တစ်ကွက်မျှမပါ၊ သူယုံကြည်ရာ မြန်မာ့ဆိုရှယ်လစ်လူ့ဘောင်သို့ အလုပ်သမား၊ လယ်သမားနှင့်ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံအပေါ်၌ သစ္စာရှိရှိ တာဝန်သိသိဖြင့် မည်သို့မည်ပုံ ပူးပေါင်းဆောင်ရွက် ချီတက်သွားကြရမည်ကိုလည်း ရှင်းလင်းစွာ ပြဆွန်ထား၏။

ဇာတ်ကွက် ဇာတ်လမ်းအလိုက် ဗမာ့အနုပညာရပ်များအား ညှပ်ထားသည်ကိုလည်း တွေ့ရသေး၏။ အထူးခြားဆုံးနှင့်စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးသော သူ၏တီထွင်ချက် ၂ ရပ်မှာကား သူ့ပြဇာတ်တွင် ဗမာဆိုင်းဝိုင်းကိုသာ အသုံးပြုခြင်းနှင့်လူထုကိုသာ အဓိက ဇာတ်ဆောင်သူအဖြစ် ထားခြင်းဖြစ်၏။ လွမ်းခန်းဟူ၍ တစ်ခန်းမျှမရှိ၊ တောသူ တောင်သား လယ်သမားများအတွက် ပေးထားလိုက်သည့်ပညာတွေကလည်း အပြည့်၊ လူထုအပေါ်ထားသည့်သူ့စေတနာတွေ မေတ္တာတွေကလည်း ကြီးမားလှပါဘိ၊ ထိုမျှမကသေး သူ့ပြဇာတ်သည် ခေတ်ဟောင်း၏ အငွေ့အသက်ကို လျှာဖြင့်လျက်၍ နေလိုသေးသော ပြဇာတ်ရေးဆရာများနှင့်(ကောင်လေးတစ်ယောက်နှင့်ကောင်မလေးတစ်ယောက်တို့၏ အကြောင်းကိုသာ ဇာတ်လမ်းဖွဲ့၍ သရုပ်ဖော်ကာ အဓိကထားပြီး စားသောက်လာခဲ့ကြသော)အစဉ်အလာသမား ပြဇာတ်ဆရာများနှင့်မူ ဇာတ်လမ်းတည်ဆောက်ပုံမှအစ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်ကို တွေ့ရ၏။ လုပ်နည်း လုပ်ဟန် ပုံစံ ဥပဒေသတစ်ခုသည် သူများနှင့်မတူဘဲ တစ်မူထူးခြားကာ နိုင်ငံနှင့်လူထုအား လျှင်မြန်စွာ အကျိုးပြုပါက တော်လှန်ရေးကျ၏ ဟုဆိုပါလျှင် သူ၏ပြဇာတ်မှာ တစ်ကယ့်ပြဇာတ်တော်လှန်ရေးအစစ် အဖြစ်ကြီး ဖြစ်ရပေတော့မည်။

ထို့ကြောင့်လည်း ကျနော်သည် တစ်မြှော်တစ်ခေါ်ကြီး စဉ်းစားနေ၏။ စားနေကျ ကြောင်ပါး ပညာရှင်ဆိုသူများ၏ အလိုအရ ဗမာနိုင်ငံသားများသည် ဇာတ်လမ်းကို ရှည်မှကြိုက်သည်။ ဇာတ်လိုက်မင်းသမီးနှင့်မင်းသား ဘယ်တော့မျှ မသေစေရ၊ မင်းသမီး မင်းသားများသည် ဇာတ်လမ်းအရ အပျို လူပျို ဖြစ်ရမည်။ အသံကောင်းရမည်။ သီချင်းဆို၍ ငိုတတ်ရမည်။ သူတို့သည် အပြိုင်အဆိုင်ပွဲမှန်သမျှ အနိုင်ရရမည်။ သူတို့သည် တရားမျှတသည့်ဘက်၌ အမြဲတမ်းရှိနေရမည်။ ဇာတ်လမ်းဆုံးလျှင် မင်းသမီး မင်းသားကို ညားဖြစ်အောင် ညားပေးလိုက်ရမည်။ အကယ်၍ ဇာတ်လမ်းဖန်တီးသူက မတော်တဆ သူ၏ဇာတ်လမ်းတွင် မင်းသမီး မင်းသား မညားနိုင်သော အခက်အခဲသို့ရောက်နေပါကလည်း (ဘယ်သူ ဘာပြောပြော) ထိုအခက်အခဲမှ သိကြားမင်းက ကယ်လိုက်ခြင်းကြောင့်သော်၎င်း၊ ထီပေါက်ခြင်းကြောင့်သော်၎င်း၊ အတိုက်အခံနှင့်ရန်သူများက အလိုအလျောက် စိတ်ပြေသွားသောကြောင့်သော်၎င်း၊ ရုတ်တရက် အခြေအနေပြောင်းသွားခြင်းကြောင့်သော်၎င်း တစ်နည်းနည်း သက်တောင့်သက်သာ ပြေလည်သွားစေရမည်။

အကယ်၍ ဇာတ်လမ်းဖန်တီးသူက သူ၏ဇာတ်လမ်းတွင် မင်းသမီးကို၎င်း၊ မင်းသားကို၎င်း တစ်ယောက်ယောက်အား သေသွားစေခဲ့ပါမူလည်း ကျန်ရစ်ခဲ့သူအတွက် (သူနှင့်ညားရန်)မင်းသမီး မင်းသားတစ်လက် စပယ်ယာဇာတ်လိုက်အဖြစ် အစားထိုးထည့်ရမည်။ အကယ်၍ မင်းသမီး မင်းသား နှစ်လုံးပြိုင်သေသွားသော်(ဘာဘဲဖြစ်ဖြစ် ဟုတ်ဟုတ် မဟုတ်ဟုတ်)နတ်စိမ်းဘဝ, ဥစ္စာစောင့်ဘဝတို့တွင် ညားဖြစ်အောင် ညားပေးလိုက်ရမည်။ ထို့

ပြင်လည်း ဇာတ်လမ်းအရ ဆီဆိုင်သည်ဖြစ်စေ မဆီဆိုင်သည်ဖြစ်စေ လူရွှင်တော်များကို ကြံဖန်ထည့်၍ ဤပရိသတ်ကို ရယ်အောင် လုပ်ရမည်။ သဘာဝထက် ပသာဒကို အဓိကထားရမည်။ သရုပ်မှန်ထက် လုပ်ကြံချက်ကို အရေးထားရမည်။ ယုတ္တိရှိရန် မလို၊ ပွဲကြည့်ပရိသတ်ကို စာရေးဆရာသည် မည်သည့်အခါမျှ အသိမှန်နှင့်ပညာဉာဏ်ကို မပေးရ၊ အဘယ့်ကြောင့်ဆိုသော် လူထုသည် အမြင်ကျယ်လာလျှင်(တိုင်းပြည်နှင့်လူမျိုး တိုးတက်မှုထက် မိမိတို့အရင်း မပြုတ်ရေးနှင့်ကြီးပွားချမ်းသာရေးကိုသာ အစဉ်တစိုက် ဦးစားပေးခဲ့သော)ပေါက်ကရလေးဆယ် ဗမာရုပ်ရှင်နှင့်ပြဇာတ်နယ်ကို စွန့်ခွာ၍ နိုင်ငံခြားရုပ်ရှင်ကြည့် ပရိသတ်အဖြစ်သို့ ရောက်သွားမည်ကို စိုးရသောကြောင့် လူထုအား အမြဲတမ်း အဆင့်အတန်းနိမ့်ကျနေအောင် လုပ်ထားရမည်။

ထို့ကြောင့် ဗမာရုပ်ရှင်နှင့်ပြဇာတ်များအဖို့ ဇာတ်လမ်းကောင်း ရရှိရေးမှာ အရေးမကြီး၊ အရေးကြီးသည်မှာ ပရိသတ်အကြိုက် အသံကောင်း, ရုပ်ချော, အပြောပိုင်, အနိုင်သတ်ပြသော နာမည်ကျော် မင်းသမီး မင်းသားများကိုသာ တွင်တွင်ကြီးသုံး၍ ပရိသတ်အား ငိုအောင် ရယ်အောင် ထိတ်လန့်အောင် တဏှာရာဂ ကြွအောင် ပြုလုပ်ခိုင်း၍ ရက်တိုတိုနှင့်ဇာတ်လမ်းပြီးစေရမည်။ ထိုသို့လုပ်နိုင်လျှင် ပိုက်ဆံရသည်။ စားသာသည်။ အမြတ်အစွန်းရသည်ဟုဆို၏။ ကျွန်ုပ်တို့ရုပ်ရှင်နှင့်ပြဇာတ်သမားများသည် ကျန်ရစ်ခဲ့လေသော ခေတ်အဆက်ဆက်တွင် ဤသို့စီးပွားရေးအမြင်သန်ပြီး တစ်ကိုယ်ကောင်း အလွန်ဆန်သော အနုပညာသေနင်္ဗျူဟာနှင့်နည်းပရိယာယ်နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့ကြသည်။

တစ်ဖက်တွင် ကျွန်ုပ်တို့ အနုပညာထုတ်လုပ်သူများက လွန်စွာ ဖောက်ပြန်၍ တစ်ကိုယ်ကောင်းဆန်ကြသည်နှင့်အမျှ အခြားတစ်ဖက်တွင်လည်း ခေတ်ဟောင်းအစိုးရများက ရုပ်ရှင်ပြဇာတ်စသော ဇာတ်သဘင်အဖွဲ့အစည်းများအပေါ်၌ ဇိမ်ခံပစ္စည်း ကုန်ထုတ်စွမ်းအားစုအရင်းအနှီးကဲ့သို့ ပြောင်ပြောင်ကြီး သဘောထားကာ အမြတ်တော်ကြေးနှင့်ပွဲခွန်တော်များကို အညှာအတာ ကင်းမဲ့စွာ ရက်ရက်စက်စက် ကောက်၏။ သို့နှင့်ပင် (အနုပညာသည် တိုင်းပြည်အတွက် ဖြစ်မလာနိုင်တော့ဘဲ အမြတ်အစွန်းရရေးနှင့်အခွန်တော်ပေးဆောင်ရေးအတွက်သာ ဖြစ်လာရပေသည်။) ဤသို့သော နည်းအရ ဗမာ့အနုပညာလောကမှာ မျက်နှာငယ်ခဲ့သည်။ အဆင့်အတန်းနိမ့်ခဲ့သည်။ ရှက်ဖွယ်လိုလိုဖြစ်ခဲ့သည်။ နောက်ဆုံးတွင် အခွန်သတ်၍ ပြဇာတ်လည်း သေခဲ့ရသည်။ တိုင်းပြည်လည်း ပျက်ခဲ့သည်။ နောက်အစိုးရလည်း တက်ခဲ့သည်။

ကျနော်၏စိတ်ကူးများသည် ပျံ့လွင့်နေရာမှာ ဇာတ်ရုံထဲသို့ပြန်ရောက်လာ၏။ မောင်အောင်၏ "ဒို့ယာမြေ"ပြဇာတ်ကို ကျနော်သည် ရုံမတင်မီကပင် ကြိမ်ဖန်များစွာ ကြည့်လာရသူဖြစ်ခြင်းကြောင့် ဇာတ်လမ်းသိပြီးသားဖြစ်၏။ သို့သော် ရှေ့ပွဲလာပရိသတ်မှာမူ ဇာတ်လမ်းကို မသိသေးသည့်ပြင် ဗမာစကားကိုပင် မတတ်သူများရှိနေခြင်းကြောင့် သူတို့အတွက် ဇာတ်ကြောင်းပြန်သူက ရှမ်းဘာသာဖြင့် တဖွဖွပြောပေးနေရ၏။ ည ၁၁ နာရီထိုးသောအခါ၌ "ဒို့ယာမြေ"ပြဇာတ် ပြီးသွားသော်လည်း ဇာတ်ဆရာဦးကျော်သိန်းဦးစီးသော ဟဲခန်းရွှာမှာ နာမည်ကျော်ရှမ်းပြဇာတ်ကို ဆက်လက် တင်ဆက်မည်ဖြစ်ခြင်းကြောင့် ပရိသတ်မှာ အိပ်မကွဲပဲ ဇွဲနဘဲဖြင့် စောင့်မျှော်နေကြ၏။

ဦးကျော်သိန်း၏ရှင်းလင်းပြောပြချက်အရ သူတို့သည် ဤပြဇာတ်ကို ထောင်ခဲ့သည်မှာ ၃–၄ နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ မနှစ်ကမှစ၍ လူသိများလာကြောင်း၊ သူတို့သည် ဤပြဇာတ်ကို အပျော်တမ်းဘဝမှစတင်ခဲ့ရ၍ ငွေရင်းတစ်သောင်းကျော် ဝင်နေကြောင်း၊ ဇာတ်ခေါင်းကွဲသည့်အချိန်၌ ပြဇာတ်အဖွဲ့ဝင်များသည် မိမိတို့၏မူရင်း

အလုပ်ဖြစ်သော တောင်သူဘဝ၊ လဖက်ခြောက်စက်ရုံလုပ်သားဘဝများသို့ ပြန်လည်ရောက်သွားကြကြောင်း၊ သူတို့ပြဇာတ်အဖွဲ့ဝင်များမှာ လူပေါင်း ၃၀ ခန့်ရှိသော်လည်း များမကြာမီက မော်တော်ကားမှောက်ခဲ့သဖြင့် ယခု လူ ၂၀ ခန့်မျှသာ ကျန်တော့၍ အချို့မှာ ဆေးရုံတက်နေရကြောင်း၊ သူတို့ပြဇာတ်၌ ပြဇာတ် ဇာတ်ညွှန်းဟူ၍ မည်မည်ရရလည်း မရှိ၊ ဇာတ်ညွှန်းရေးဆရာဟူ၍လည်း မထားဘဲ သူတို့ကြားဖူးသမျှသော (ဗမာ၊ တရုပ်၊ ကုလား)ရုပ်ရှင်များမှ ကောင်းနိုးရာရာ အလုပ်ဖြစ်မည့်ဇာတ်လမ်းများကို ရွေးချယ်၍ လက်တွေ့ဇာတ်တိုက်ကြည့်ကာ အဆင်မပြေသောအကွက်အချို့ကို ပြင်ဆင်ပြောင်းလဲပြီး ယခုကဲ့သို့ ကပြခြင်းဖြစ်ကြောင်း၊ ယခုအခါ သူတို့ပြဇာတ်မှာ လူကြိုက်အတော်များလာသောကြောင့် တစ်ချီလျှင် ၁၅ဝိ မှ ၃ဝဝိ စသည်အားဖြင့် ယူ၍ ကပြကြောင်း၊ ထိုငွေကိုလည်း ပြဇာတ်အဖွဲ့ဝင်များအား မုန့်ဖိုး ပဲဖိုးအဖြစ် ဝေငှပေးရသောကြောင့် အရင်းမပေါ်သေးကြောင်းများကို သိရ၏။

သူတို့ပြဇာတ်အဖွဲ့ဝင်များတွင် လွန်စွာချီးကျူးဖွယ်ရာကောင်းသောသူမှာ ခေါင်းဆောင်မင်းသမီးမစိန်ထွန်း ဖြစ်၏။ သူ၏ရုပ်ရည်မှာ မာမာအေးနှင့်တူသောကြောင့် (ရှင်းရှင်းဆိုရသော်)အရုပ်ဆိုးမကလေးဖြစ်၏။ သို့ရာတွင် သူ၌ သူတကာထက် တော်သောအရည်အသွေးများ ရှိ၏။ လွန်စွာ အလုပ်လုပ်နိုင်သူဖြစ်၏။ မာန်မာန မရှိ။ လူမှုဆက်ဆံရေးတွင် တော်၍ ဖော်ရွေသူဖြစ်၏။ သို့သော် ကလက်တက်တက် မဟုတ်၊ အကကောင်း၏။ အပြောပိုင်၍ အဆိုနိုင်သည်ကို (ကျနော်ကိုယ်တိုင် ရှမ်းစကား မတတ်သော်လည်း)ရွှေပွဲလာပရိသတ်၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ခြင်းအားဖြင့် သိရ၏။ သူ့ကို မြင်ရသည်မှာ မောစရာပင် ကောင်းလှတော့သည်။ သူသည် ရှေ့ပိုင်း သူ့အလှည့်သို့မရောက်မီအချိန်များတွင် ယောကျ်ားကဲ့သို့ဝတ်ဆင်ကာ ပတ္တလားဝင်၍ ခေါက်လိုက်သေး၏။ နောက်ခံကားလိပ်များကိုလည်း ကိုယ်တိုင်ဝင်၍ အတင်အချလုပ်လိုက်သေး၏။ ခန်းဝင်ခန်းထွက်ဆိုင်ရာပစ္စည်းများကိုလည်း အပြေးအလွှား အသယ်အချ လုပ်ပေးလိုက်ရသေး၏။ သူ့လက်ထောက်မင်းသမီးများ အလှပြင်ရာတွင်လည်း သူမပါလျှင် မပြီးချေ။ ရှေ့ပိုင်းထွက် တပင်တိုင်မင်းသမီးများ အသံမှားနေသောအခါ၌လည်း မစိန်ထွန်းခမျာ မနေတတ်ရှာ၊ လိုက်ကာကြားမှ ထောက်၍ အသံကို ပြပေးလိုက်ရသေး၏။ အနည်းငယ်အားလပ်နေချိန်များ၌လည်း သူသည် (ဗမာပြဇာတ်အဖွဲ့ဝင်များထံမှ)ဗမာသီချင်းအချို့ကို ဂရုတစိုက် ကျက်မှတ်ဆွေးနွေးနေလိုက်သေးသည်။ ထို့ကြောင့် ကျနော်က စိတ်ထဲတွင် မှတ်ချက်ချလိုက်၏။ ဆိုရှယ်လစ်ဗမာနိုင်ငံနှင့် လွန်စွာထိုက်တန်သောအနုပညာသည်တစ်ဦး။

သူတို့“ရှမ်းပြဇာတ်”မှာ ပြဇာတ်ဟုသာဆိုရသော်လည်း (ရှေးယခင်အခါ ရှမ်းအိုးစည်၊ ရှမ်းတိုးနယား၊ ရှမ်းကိန္နရာမောင်နှံ၊ ရှမ်းသိုင်းစသည်များကိုသာ မိုးအလင်းကသောခေတ်မှ ယခုကဲ့သို့ ဗမာများနှင့်ရင်ဘောင်တန်းလိုက်နိုင်အောင် ကြိုးစားပြုပြင် တီထွင်လှုပ်ရှားနေရသည့်ခေတ်ပြောင်းတော်လှန်ရေးကာလဖြစ်သောကြောင့်လား မသိ)ရှေ့ပိုင်းတွင် ၎င်းတို့၏ရိုးရာအကများအပြင် တပင်တိုင်အငြိမ့်၊ နှစ်ပါးသွားအကများနှင့်တကွ ရှမ်းသံချပ်များကို ထိုးပြနေသည်အထိ အစွမ်းကုန်ကြိုးစားတင်ဆက်နေကြသည်ကို တွေ့မြင်ရ၏။ ပဒေသာကပွဲဆန်၏။

ကျနော် သတိထားမိသလောက် သူတို့အငြိမ့်တွင် ကျနော်တို့ ဗမာအငြိမ့်နှင့်မတူသောအချက်တစ်ခုကို တွေ့ရ၏။ ၎င်းမှာ လူပြက်များသည် မင်းသမီး က,နေစဉ်အတွင်း လိုက်ကာကြားထဲ၌ ဝင်နေကြကာ မင်းသမီးကကြိုးဆုံးမှသာ ဇာတ်ခုံရှေ့သို့ထွက်၍ နောက်ပြောင်ကြခြင်းဖြစ်၏။ စည်းကမ်းရှိ၏။ နယ်နိမိတ်ကို လေးစား၏။ တစ်ဦးအလှည့်တွင် တစ်ဦးက ဝင်ရောက်နှောင့်ယှက်၍ ရောင့်တက်ကျူးလွန်သော သဘောကို မတွေ့ရပေ။ ထို့

ပြင် မင်းသမီးများ၏ ကကြိုးကဟန်မှာ အရပ်သူဆန်လှရုံမက မရွှက်ငင်းဆိုသူ သီပေါသူမင်းသမီးချောကလေးမှာမူ အရပ်ဝတ်အရပ်စားနှင့်ပင် ဝင်ရောက်ကပြသွားသည်သည် ရှုချင့်ဖွယ်ရာဖြစ်သောကြောင့် အဆန်းထဲက အရိုးမှာတစ်မျိုးတော့ စိတ်ဝင်စားဖွယ်ရာ ကောင်းနေ၏။

ရှမ်းသီချင်းတိုင်းလိုလိုပင် အချပိုဒ်တွင် ငါးပေါက်တင်ပြီး နှစ်ပေါက်(ဆစ်ကြီး)နှင့်ချလေ့ရှိသည်ကို ကြားရ၏။ သီချင်းစာသားသာ ပြောင်းသွားသော်လည်း သီချင်းသွားတီးလုံးမှာ မပြောင်းပေ။ ထပ်တလဲလဲဖြစ်နေ၏။ ဒါကိုမူ ကျနော့်အနေဖြင့် အားမရချေ။ သီချင်းသွားနှင့်တီးလုံးများကို အသစ်ထွင်သင့်ကြောင်း ကျနော်က အကြံပေးသောအခါ ဇာတ်ဆရာဦးကျော်သိန်းက “ကျနော်တို့လဲ ထွင်ချင်ပါတယ်၊ ဒါပေမယ့် လက်တွေ့မှာ ကျနော်တို့အဖို့ ရင်ဆိုင်နေရတဲ့အခက်အခဲက စကားလုံး ရှားပါးမှုဘဲ။ ဗမာစကားမှာရှိတဲ့ဝေါဟာရတစ်ချို့ဟာ ကျနော်တို့ရှမ်းစာမှာ မရှိဘူး၊ သူ့စကားရင်းအတိုင်း သုံးလိုက်ပြန်ရင်လဲ နားမလည်တဲ့လူတွေက များနေတယ်။ ဒီတော့ ထွင်ချင်တိုင်း ထွင်လို့မရသေးတာ ခက်တယ်”ဟုညည်းညူရှာ၏။

ကျနော်သည် ဦးကျော်သိန်း၏ စကားကို ခေါင်းတညိတ်ညိတ် နားထောင်နေရာက သူတို့ဆိုင်းဝိုင်းအဖွဲ့ရှိရာသို့ လှမ်းကြည့်လိုက်၏။ တူရိယာပစ္စည်းမှာလည်း ဘာမျှစုံစုံလင်လင် မရှိလှ။ ခြောက်လုံးပတ်နှင့်ပတ်မ၊ သံပတ္တလား၊ နှဲ၊ လင်းကွင်း၊ ရှမ်းတယော၊ ဤမျှလောက်သာ ဖြစ်၏။ ကျနော်သည် သက်ပြင်းကို ချကာ တစ်စုံတစ်ခုသောဝေဒနာကို ရင်တွင်း၌ ခံစားနေရသည်။ ကျနော်သည် သူတို့ကို ကူညီလိုပါ၏။ သို့ရာတွင် ကျနော်သည် ရှမ်းစကားနှင့်ရှမ်းစာကို တတ်မြောက်လာသူ မဟုတ်၊ အတီးအမှုတ်လည်း မတတ်။ ကျွန်တော်၏ ဘဝမှာ ရေနစ်သူကို ဆယ်လိုပါလျက် ကိုယ်တိုင်က ရေမကူးတတ်ခြင်းကြောင့် မြစ်ကမ်းပါးတစ်လျှောက် သောကမီးတောက်၍ ပြေးလွှားနေရသူနှင့်တူ၏။ ထိုအတွင်း မင်းသမီး၏ သီချင်းသံကိုပါ တစာစာ ကြားလိုက်ရပြန်သည်။

တန်းဆု၊ တန်းဟောင်း၊ မူးပေါင်း ဟုတ်လမ့်ထော်၊ ဖျောင့်ဝုပ်ထိန် အဆုံးတိုင်ကမ္ဘာပေါ် လုကွယ်လိုက်၊ လောင်ဟတ်လောင်ဟတ် ဝုမ်စူလယ်ဟောင်နိုက် ယာဟိုက်မန်ဝိုင်(အွန်ဖတ်အွမ်ယံရော် ဟောက်ဆူ ၂)

ထိုသီချင်း၏ အဓိပ္ပါယ်မှာ (ခင်နဲ့မောင် တူစုံတွဲ တစ်ခရီးထဲ လျှောက်လို့နေကာ ဒီကမ္ဘာဆုံးတိုင် မမုန်းနိုင်ယုံပါ၊ စစ်မှန်တဲ့သစ္စာ အချစ်သန်မယ့်မေတ္တာ ထာဝရမပျက်ပြုန်း တစ်သက်လုံး ချစ်ချစ်နေမှာ)ဟူ၍ဖြစ်၏။ မင်းသမီး၏ သီချင်းသံနှင့်ကကြိုးမဆုံးမီကပင် ရွှေပွဲလာအစ်ကိုကာလသားများ၏ လက်ခေါက်မှုတ်သံနှင့်လက်ခုပ်တီးသံများမှာ ပွဲခင်းတစ်ခုလုံး ညံသွား၏။ စာရေးဆရာမောင်အောင်၏ ကျေးဇူးကြောင့် အညတြမြေဝတီရဲခေါင်ဘဝမှ ရောမဆရာသမားအပူဇော်ခံ လူတန်းစားအဖြစ်သို့ “ဂျမ့်ပရိမိုးရှင်း”စနစ်ဖြင့် တဟုန်ထိုးရောက်၍သွားရသော ကျနော့်မှာ ထိုအခါက မင်းသမီးဆိုသောသီချင်းကို ဘာမှန်းမသိသော်လည်း သူများနည်းတူ ခပ်တူတူလုပ်ကာ လက်ခုပ်သြဘာ ပေးလိုက်ရပါ၏။

ထိုအငြိမ့်ပြီးသည့်နောက် မင်းသမီး မင်းသားနှစ်ပါးသွား ထွက်လာ၏။ နှစ်ပါးသွားပုံစံမှာ ကျွန်ုပ်တို့ဗမာဇာတ်များအတိုင်း သက်ဦးဆံပိုင်ခေတ်၏ အရိပ်အငွေ့များ မကုန်သေးသည်ကို တွေ့ရ၏။ မင်းသားတစ်လက် မင်းသမီးသုံးလက်ဖြင့် အလဲအလှယ် ကသွား၏။ ကကြိုးကကွက်မှာ မြေဝိုင်းလောက်လည်း ရှေးမကျ၊ မြိုင်ထလောက်လည်း ယိုးဒယားမဆန်၊ အခုန်အပျံ၊ အဆတ်အတောက်များလွန်းသည် ထင်၏။ ကျနော့်စိတ်ထဲ၌မူ အကျိတ်အခဲတစ်ခုဖြစ်နေသည်။ ထိုနှစ်ပါးသွားပုံစံသည် မယားငယ်စနစ်ကို အားပေးနေသော လွန်စွာဖောက်ပြန်

သည့်ပုံစံတစ်ရပ် ဖြစ်ခြင်းကြောင့် အမှန်အားဖြင့် မကြိုက်လှပေ။

ထိုအခန်းများ ပြီးသည့်နောက် ကျနော် အားခဲထားသော ပြဇာတ်အလှည့်သို့ရောက်လာ၏။ ပြဇာတ် ဇာတ်လမ်းမှာ စောစောက ဦးကျော်သိန်းပြောသည့်စကားအရ တစ်စုံတစ်ခုသောဗမာ၊ တရုပ်၊ ကုလားရုပ်ရှင်ကားများမှ ဖြစ်တန်ရာ၏။ ဇာတ်လမ်းအတိုချုပ်မှာ တရံရောအခါ တောမြို့တစ်မြို့၌ လွန်စွာကပ်စေးနှဲသော သူဌေးလင်မယားနှင့်သားတစ်ယောက် ရှိ၏။ ထိုလင်မယားသည် သူတို့သားအား လွန်စွာချစ်မြတ်နိုးသောကြောင့် မြို့ကြီးသို့ပို့၍ ကျောင်းနေစေ၏။ သူဌေးသားသည် ပညာကို မည်မည်ရရ မသင်ဘဲ မိန်းမယူကာ သူအလွန်ချစ်သောသူငယ်ချင်းတစ်ဦးနှင့်အတူ အိမ်သို့ပြန်လာ၏။ သူဌေးကတော်ကြီးသည် သား၏ သူငယ်ချင်းနှင့်ချွေးမဖြစ်သူအား မလိုလားသော်လည်း သားမျက်နှာကြောင့်သာ လက်ခံထားရလေသည်။ ချွေးမဖြစ်သူမှာကား လွန်စွာရိုးသား၍ လိမ္မာသူဖြစ်၏။ သို့ရာတွင် သူဌေးသားမှာ လူရှုပ်လူပွေဖြစ်သည့်အလျောက် ကလေးတစ်ယောက်ရသောအချိန်တွင် သူ့မယားကို သူငယ်ချင်းဖြစ်သူနှင့်ယိုးစွပ်၍ အိမ်မှထွက်သွားကာ အခြားမြို့တစ်မြို့၌ နောက်အိမ်ထောင်ပြုလိုက်လေသည်။ သူငယ်ချင်းဖြစ်သူမှာလည်း လွန်စွာစိတ်မကောင်းဖြစ်သွားသောကြောင့် သူဌေးသားထံသို့ ကျိုးကြောင်းရှင်းလင်းချက် စာတစ်စောင်ရေး၍ ရဟန်းဝတ်သွား၏။ စာထဲတွင် သူသည် ကျေးဇူးရှင်ကိုကျေးမစွပ်တတ်ကြောင်း၊ သူသည် ကျောင်းနေစဉ်ကပင် မော်တော်ကားမှောက်ကာ ပန်းသေသွားသူဖြစ်သော်လည်း သူ့ဘဝကို ရှက်၍ ဖွင့်မပြောခဲ့ကြောင်း၊ ထိုကိစ္စဟုတ် မဟုတ်ကို သက်ဆိုင်ရာ ဆရာဝန်ထံ စုံစမ်းကြည့်စေလိုကြောင်း၊ ကလေးငယ်မှာ မိမိနှင့်ဘာမျှမပတ်သက်ဘဲ သူဌေးသား၏ ရင်သွေးအစစ်ဖြစ်ကြောင်း စသည်တို့ပါရှိ၏။

သူဌေးသားမှာ သူ့သူငယ်ချင်းထံမှစာကို ဖတ်ရသောအချိန်တွင် အမြင်မှန်ရသွားကာ သူ့မယားကြီးရှိရာ မိဘအိမ်သို့ပြန်လာ၏။ ထိုအချိန်တွင် သူ၏ မယားမှာ ယောက္ခမဖြစ်သူများက အိမ်ပေါ်မှနှင်ချလိုက်သဖြင့် ကလေးငယ်ကို ရင်ဝယ်ပိုက်၍ မိဘရပ်ထံ ပြန်လာစဉ် လင်ဖြစ်သူနှင့်တွေ့ကြ၏။ သူဌေးသားက သူ၏ အမှားကို ဝန်ချတောင်းပန်နေဆဲ သတင်းအရ လင်စိတ်မွှန်၍ နောက်ယောင်ခံလိုက်လာသောမယားငယ်ဖြစ်သူသည် မယားကြီးဖြစ်သူအား သေနတ်နှင့်ပစ်လိုက်ရာ လူကြီးကို မမှန်ဘဲ ကလေးကို ထိမှန်၍ ပွဲချင်းပြီးသေဆုံးသွား၏။ မယားငယ်လည်း အဖမ်းခံရ၏။ မယားကြီးလည်း ရူးသွား၏။ သူဌေးသားမှာလည်း မယားကြီးနောက်သို့ တကောက်ကောက်လိုက်၍ စောင့်ရှောက်ရင်း အတိဒုက္ခရောက်နေရှာ၏။ ထိုသတင်းကို ရဟန်းဝတ်သွားသော သူဌေးသား၏ သူငယ်ချင်းဦးပဉ္ဇင်းသည် ကြားရစဉ်အခါ၌ ထိုအရူးလင်မယားကို သူ့ကျောင်းသို့ခေါ်သွားပြီး သူ့ဆရာဘုန်းတော်ကြီး အကူအညီဖြင့် ဆေးကုပေးလိုက်၏။ ရောဂါပျောက်သောအခါ သူဌေးသားလင်မယားမှာ မိဘရပ်ထံသို့ ပျော်ရွှင်စွာ ပြန်သွားကြလေသတည်းဟူ၍ဖြစ်၏။

ထိုဇာတ်လမ်းတွင် အကောင်းဆုံးသရုပ်ဆောင်နိုင်သူများမှာ မယားကြီးလုပ်သော ခေါင်းဆောင်မင်းသမီး မစိန်ထွန်းနှင့်သူဌေးသားသူငယ်ချင်း ၂ ဦးလုပ်သော လူရွှင်တော် မင်းသားကိုခန်းလှိုင်နှင့်ကိုအော်လိန်းတို့ဖြစ်၏။ လူရွှင်တော်မင်းသားများက ရွှေပွဲလာပရိသတ်အား တဝါဝါပွဲကျသွားစေသည်နှင့်အမျှ အရူးမခန်းတွင် သရုပ်ဆောင်ရသော မစိန်ထွန်းကလည်း ကျနော်နှင့်တကွ ပွဲကြည့်ပရိသတ်အား မျက်ရည်ဝဲစေခဲ့သည်။ ဒေါသထွက်စေခဲ့သည်။ ကြည်နူးသွားစေခဲ့ကြသည်။ တရားရစေခဲ့သည်။ တော်ပေစွ–တော်ပေစွ၊ အနုပညာမြောက်လွန်းပေစွ။

ကျနော်သည် အနုပညာကြွယ်ဝသော မာယာသည်မကလေး မစိန်ထွန်း၏ ညှို့ကွက်၌ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေစဉ် ဇာတ်ဆရာ ဦးကျော်သိန်းက ကျနော်၏ ပေါင်ကိုပုတ်၍ "ဘယ့်နှယ်လဲဗျ ကျနော်တို့မင်းသမီး"ဟု ထင်မြင်ချက် တောင်းခံလိုက်၏။ ကျနော်သည် သူ့အား လွန်စွာ အားရနှစ်သိမ့်သောအကြည့်ဖြင့် ပြုံး၍ ကြည့်လိုက်ပြီး "အောင်မလေး... ခင်ဗျားတို့မင်းသမီး တော်လှချည့်လားဗျာ၊ ကြည်ကြည်ငွေးပါပဲ၊ ဘာမှမထူးပါဘူး၊ ရန်ကုန်ရောက်မှ ဖောက်သည်ချလိုက်ရဦးမယ်"ဟု လွှတ်ခနဲ ပြောလိုက်မိပါသတည်း။ ။

မြဝတီ–ရဲခေါင်

မှတ်ချက်။ ။၁၉(?)–ခုနှစ်၊ (?)လထုတ် မြဝတီမဂ္ဂဇင်း စာမျက်နှာ(၁၈၃–၁၈၈)တွင် ပါသော ဆောင်းပါးကို ပြန်လည်၍ စာစီရိုက်ထားပါသည်။



# ဝတ္ထုတို
# ဖိုးကျော့

သူသည် တိတ်ဆိတ် ငြိမ်သက်နေခြင်းကိုသာ လိုလား၏။ ဆူညံခြင်းကို လုံးဝမနှစ်သက် တတ်။ သူ့နားကလည်း ပါးလွန်းသည်။ တခါတခါ သစ်တောကို လေပြင်းတိုးသံ၊ သစ်ခြောက်ရွက်များ တသဲ့သဲ့ ကြွေကျသံ၊ တောသစ်သီးလုံးများ တဖြောက်ဖြောက် ကြွေကျသံနှင့် တောတိရစ္ဆာန်များ အော်မြည် ညည်းတွားသံတို့ကိုပင် သူ့နားက မကြားချင်။ ထို့ကြောင့်လည်း သူသည် အသံမျိုးစုံတို့ဖြင့် ဆူညံနေတတ်သော ပတ်ဝန်းကျင်နှင့် အပြင်လောကကို ရှောင်နေသည်။ တိတ်ဆိတ်အေးချမ်းသော သူ့မြေအောက်ကမ္ဘာထဲ၌သာ သူ့မိသားစုနှင့်သူ အေးချမ်းဆိတ်ငြိမ်စွာ နေထိုင်လေ့ရှိသည်။

တနေ့သ၌ အစာရှာဖွေစားသောက်ရန် မြေအောက်ကမ္ဘာကျင်းထဲမှ အပြင်လောကသို့ သူ့မိသားစုနှင့်အတူ သူထွက်လာသည်။ လေနှင့်ကြွေပြီး သူ့ကျင်းဝကို လာပိတ်နေကြသော သစ်ရွက်ခြောက်များကို ဦးစွာ ဖယ်ရှားပစ်ရသည်။ သစ်ရွက်ခြောက်များပေါ်တွင် တင်ကျန်နေ ကြသော နှင်းရည်နှင်းစက်များကို လျက်သောက်ကြလေ၏။
နှင်းရည်သောက်ယင်း သူတို့ မိသားစုသည် ဆင်ခြေလျှောအတိုင်း စမ်းပေါက်တခုနား ဆင်းလာကြသည်။ သူ့နောက်တွင် စီတန်းလိုက်ပါလာကြသော သူ့မိသားစုကို တချက် သူလှည့် ကြည့်သည်။ အားလုံး ပျော်ပျော်ရွှင်ရွှင် မြူးမြူးကြွကြွပင်။ ဤတော ဤတောင်တွင် သူတို့ မိသားစုကို ရန်မူရဲသော တောတိရစ္ဆာန်ဆို၍လည်း တကောင်တမြီး၊ တအုပ်တမမျှ မရှိကြ။ တောဘုရင်ဖြစ်သော ကျားကြီးများပင် သူတို့ မိသားစု ထွက်လာသည်ကို မြင်လျှင် မယောင် မလည်နှင့် ရှောင်သွားကြ၏။ တခြား တောတိရစ္ဆာန်များဆိုလျှင်မူ သူတို့ မိသားစု အနားကိုပင် မသီရဲကြ။ ဝေးဝေးကပင် ရှောင်ပြေးတတ်ကြ၏။ ထို့ကြောင့်လည်း သူတို့ မိသားစုမှာ အနှောက် အယှက်ကင်းမဲ့စွာ အစာရှာဖွေစားသောက်နိုင်ကြသည်။ ဤတော ဤတောင်တွင် လွတ်လွတ် လပ်လပ် သွားလာနေနိုင်ကြသည်။
တောင်ချိုင့်တခု၏ စမ်းပေါက်နားရှိ စိမ်းလန်းသော ဆင်ငိုမြက်ခင်းပြင်နားသို့ မိသားစုလိုက် ဆင်းလာကြသည်။ ဆင်ငိုမြက်ဥတွေမှာ သူတို့ အကြိုက်ဆုံး အစားအစာ ဖြစ်၏။ သူတို့ တူးဖော်စားသောက်ရန် ရည်ရွယ်ထားသော ဆင်ငိုမြက်ခင်းနား အရောက်တွင် ဂက်အော်သံများကို

ကြားကြရသည်။ သူတို့ မိသားစုကို မြင်သည်နှင့် ဂက်များသည် ကစဉ့်ကလျား ထွက်ပြေးသွားကြ၏။ မြက်ခင်းကား ဂက်တွေ ဦးသွား၍ ထောင်းလမောင်း ကြေသွားလေပြီ။ ဆင်ငိုမြက်ဥများတွင်မက မြက်ပုတ်အောက် မြုပ်နေကြသော ခရုလုံးများပါ တက်တက်စင်သွားလေသည်။

သူသည် ဂက်ပုတ်များကို ဒေါသဖြစ်စွာနှင့် သူတွေ့ထား၊ မြင်ထားဖူးသော နောက်ထပ် ဆင်ငိုမြက်တခင်းရှိရာသို့ ဦးဆောင်ထွက်လာလေသည်။ မြက်ခင်းတွင် မြက်ဥများကို အေးအေး လူလူ တူးဖော် စားသောက်နေကြစဉ် တကြိမ်တခါမှ မကြားဖူးသေးသော အသံထူး အသံဆန်း တခုကို ကြားလိုက်ရသည်။ ထိုအသံသည် သူ၏ ပါးလွန်းသော နားထဲ တချက်ချင်း စူးဂင်လာသည်။ အလွန် နားကလောစရာကောင်းသော အသံပင်။

သူသည် တမြုံ့မြုံ့ဂါးနေသော ဆင်ငိုမြက်ဥများကိုပင် ဆက်မဂါးမိတော့ပဲ အသံကို နားစွင့်လိုက်မိ၏။ သူ၏ ထူးခြားစွာ နားစွင့်နေမှုနှင့် အတူ သူ့မိသားစုသည်လည်း အသံ လာရာဆီသို့ နားစွင့်နေကြသည်။ ကြောက်လန့်၍မဟုတ်၊ နားထဲစူးဂင်လာသော အသံကို နားကလော၍ ခံပြင်း၍သာ ဖြစ်သည်။ သူတို့ မိသားစုကား ဆူညံမှု၊ နားကလောမှုကို လုံးဂ မခံနိုင်ကြ။

တချက်ချင်း တပုတ်ပုတ် ပေါင်လိုက်သော အသံက ထူးဆန်းသည်။ တိရစ္ဆာန် အချင်းချင်း ကိုက်ခဲသတ်ဖြတ်လိုသော ဒေါသသံ အပြည့်ပါသည်။ မာန်ဂင်နေသော အာကလောင်ခြစ်၍ ပေါင်သံက ဟိန်းထွက်လာသည်။ တတောလုံး တတောင်လုံး ဆူညံသွား၏။ ဆူဆူညံညံ အသံဗလံများကို နားမခံနိုင်ကြသော သူတို့၏ မိသားစုနှင့်လည်း ပိုနီး လာ၏။ နားထဲ ပိုခံပြင်းလာသည်။ ထို့ကြောင့် သူတို့ မိသားစုအားလုံးသည် အသံရှင်ကို မည်သူမည်ဂါ ဖြစ်မှန်း သိလိုသဖြင့် အကုန်နားစွင့်နေကြ၏။

အစကမူ ချေ(ဂျီ)ငယ် ဟောက်သံလားဟု ထင်မိ၏။ လုံးဂမဟုတ်။ သူသည် ဤတော ဤတောင်၌ ကျားမြည်သံကအစ တောတိရစ္ဆာန်မျိုးစုံနှင့် ငှက်မျိုးစုံတို့၏ မြည်သံများကို အကြိမ် ပေါင်း မရေမတွက်နိုင်အောင် ကြားဖူးထားသည်။ ယခု အော်မြည်လာသံမှာ ဘယ်တိရစ္ဆာန် အော်မြည်လာသံနှင့်မှ မတူ။ ကိုယ်ပိုင်စွမ်းအားဖြင့် တပါးသူကို ကိုက်ခဲသတ်ဖြတ်ရန် လိုက်လံ အော်ဟစ်လာသံထက် အားကိုးတခုခု၊ အမှောင့်ပရောဂ တဦးဦးက ဂင်ပူးစေခိုင်း လာသံလို အားမန် အပြည့်ပါလာသံ။

အသံမှာ ပို၍ နီးလာသည်။ ဆင်သံ၊ ကျားသံ၊ ပြောင်သံ၊ ဆတ်သံ၊ ဂက်သံ၊ ချေ (ဂျီ)သံ စသည့် သူကြားဖူးခဲ့သမျှ အသံများစွာကို သူပြန်စဉ်းစားသည်။ မည်သည့် တောတိရစ္ဆာန်၏ မြည်သံနှင့်မှမတူ။ တမူထူးခြား ရန်လိုလာသော အသံပင်။ အလွန်နားကလော လာသော အသံကို နားစွင့်ကာ သူတို့ မိသားစုအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ထို့ကြောင့် သူတို့ မိသားစုသည် သဘာဂဖန်ဆင်းရှင်က ပေးအပ်ထားသော ကိုယ်ပေါ်က ဆူးတောင်တွေကို ချက်ချင်းအသင့်ပြင် ထောင်ထားလိုက်ကြသည်။

တခါမှ မကြားဖူးသော ထူးထူးခြားခြား အသံရှင်သည် သူတို့ဆီလာပြီး သူတို့ကို ရန်မူလာလျှင် ကိုယ်ပေါ်က ဆူးချွန်တွေကို ရုတ်ချည်းခါထုတ်ပစ်ပြီး ရန်သူကို တိုက်ခိုက်ရန် ဖြစ်၏။ သူတို့

မိသားစုသည် ဤသို့ပင် တောတိရစ္ဆာန်များကို ဆူးချောင်းတွေနှင့် ပစ်လွှတ်ပြီး အနားမသီရဲအောင် ခြောက်လှန့်ကာကွယ်ခဲ့ကြသည်။ သူတို့ ဆူးတွေနှင့် လှမ်းပစ်၍ မထိလျှင်လည်း အရေးမကြီး။ ဆူးနှင့် လှမ်းပစ်ခဲ့၍ မထိနိုင် မဖောက်နိုင်သော အရေထူ အရေပျော့ တောတိရစ္ဆာန်များဆိုလျှင် ကိုယ်ပေါ်က ဆူးတောင် ဆူးချွန်တွေကို ဖြန့်ထောင်ထား လိုက်ရုံသာ။ သားစားကြူးသော ကျားရဲက လာကိုက်မလား လာကိုက်လှည့်။ ကိုက်သည်နှင့် တပြိုင်နက် ကျား၏ အာခံတွင်းကို ဆူးစူး၍ အော်ပြေးရမည်။ ခြေထောက်နှင့် နင်းမလား၊ ကိုယ်နှင့် ဖိသတ်မလား၊ လာခဲ့။ ရန်သူ၏ ခြေထောက်နှင့် ကိုယ်လုံးက သူတို့ ကိုယ်ခန္ဓာကို မဖိ မနင်းမိမီ သူတို့ ဖွရွထားသော ဆူးတောင်တွေက ရန်သူတောတိရစ္ဆာန်၏ ခြေထောက်ကို ဦးစွာ စူးဝင်ကြပေလိမ့်မည်။ အဖျားတွင် အဆိပ်ပါသော သူ့ဆူးတောင်၏ ထိ ရှ စူး ကျင်ခြင်းကို ဘယ် တောတိရစ္ဆာန်မှ မခံနိုင်ကြ။ အနက်ရစ် တမြုပ် အဆိပ်စူးခံရသော တောတိရစ္ဆာန်မှာ လုံးဝ မသေနိုင်သော်လည်း နာကျင်ကိုက်ခဲကာ ခြေလှမ်း ရာပေါင်းများစွာ ပြေးနေရပေမည်။ ထိုအဆိပ်စူးနှင့်ပင် သူတို့ မိသားစုမှာ ဤတော ဤတောင်ရှိ ကျားရဲတကွသော အန္တရာယ် ပြုတတ်သူ မှန်သမျှကို ဆုံးမထားရလေသည်။ ထို့ကြောင့် တောတိရစ္ဆာန်များသည် သားစဉ် မြေးဆက် သူတို့မိသားစုနှင့် ကင်းကင်းရှင်းရှင်း နေကြ၏။ သူတို့ရှိရာ မြေအောက်ဥမင်နားကို မည်သူမျှ မလာရဲ။ တခါတခါ မလွှဲမရှောင်သာ၍ ကျင်းပေါ်ရှိ မြေပြင်ထက်မှ ဖြတ်ပြေးသွားတတ် ကြသော ခြေသံများလောက်သာ ကြားရသည်။ ဤသည်ကိုပင် သူတို့မိသားစုကလည်း အိပ်ပျော်နေရာမှ လန့်နိုးရပ်မလားဟု အားလုံး စိတ်တိုတတ်ကြ၏။ သူတို့မှာ နားပူသည်ကို ဤမျှထိ မခံချင်ကြသူတွေ။

ထို့ကြောင့် ယခု ဆူညံအော်ဟစ်ကာ ပြေးလာနေသော အသံကို မလိုမုန်းထားစွာ အားလုံး နားစွင့်ထားကြ၏။ သူတို့ကို အန္တရာယ်ပြုရန် လာလျှင် ဆူးချောင်းတွေ ဆူးတောင်တွေနှင့် လှမ်းပစ်ရန်ကိုလည်း အသင့်ပြင်ထားကြ၏။ ကလေးတွေကအစ ကြောက်ရွံ့ ထိတ်လန့်မှုတော့ မည်သူမျှ မဖြစ်ကြ။ တပုတ်ပုတ် တဝေါင်းဝေါင်း ဟောင်လာသော ဆူညံသံကို နားမခံသာ၍သာ ပစ်ခတ်ခြောက်လှန့်ရန်သာ။

တပုတ်ပုတ် ဟောင်လိုက်လာသော အသံရှင်၏ ခြေသံနှင့်အတူ သူ့ကို ကြောက်ရွံ့၍ ဆောက်တည်ရာမရ ပြေးလာသော တောတိရစ္ဆာန်တကောင်၏ ခြေသံက သူတို့အနား ရောက်လာသည်။ သူတို့မိသားစုသည် ဆူးတောင်တွေကို ထောင်ကာ ငေးကြည့်နေကြ၏။ ကျီကန် မြည်လိုက်သော ချေ(ဂျီ)ငယ်၏ အထိတ်တလန့် အော်လိုက်သံနှင့်အတူ အသံရှင်၏ ကိုက်ခဲ မာန်ဖီလိုက်သံက သူတို့နားထဲမှာ ဆူညံ ပေါက်ကွဲသွားသည်။ သူတို့၏ မျက်စိရှေ့၌ပင် ချေ(ဂျီ)ငယ်သည် လဲကျသွား၏။ အသံရှင်သည် ချေ(ဂျီ)ငယ်ကို ကျားကုတ်ကျားခဲ ကိုက်လုဲလိုက်သည်။ ခဏသာကြာ၏။ ဆန့်ငင်ဆန့်ငင် ဖြစ်နေသော ချေ(ဂျီ)ငယ်နားကို အသံရှင်၏ သခင်ရောက်လာသည်။ ထူးခြားသော အသံရှင်နှင့် သူ့သခင်ကို ကြည့်ကာ သူတို့မိသားစုမှာ ဖွတ်မေ့ပတတ်မေ့ ဖြစ်သွားကြ၏။

'ပုတ်'

'ပုတ်'

သူတို့မိသားစုကို ခွေးတိရွှစ္ဆာန် မြင်သွားပုံရ၏။ ချက်ချင်း လှမ်းဟောင်သည်။

သူ့ သခင်အားကိုးနှင့် ချေ(ဂျီ)ငယ်ကို ကိုက်လုဲထားရာမှ သူတို့မိသားစုနားသို့ တပုတ်ပုတ်ဟောင်ကာ ပြေးလာသည်။ သူ့သခင်ကမူ သူတို့မိသားစုကို လန့်၍ ချက်ချင်း အနားကို မလာရဲသေး။ သူ့ခွေးကိုပင် ပြန်ခေါ်၏။ သို့သော် သခင်အားရ ကျွန်ပါး၊ လုပ်ချင်နေသော ခွေးတိရွှစ္ဆာန်သည် သူတို့မိသားစုအား ဟန်နှင့် မာန်နှင့် ကိုက်ခဲသတ်ဖြတ်ရန် ပြေးလာ၏။ သူတို့မိသားစုကား ဤတော ဤတောင်တွင် မည်သူ့ကိုမျှ ကြောက်ရွံ့တတ်သူများ မဟုတ်ကြ။ ထိုကြောင့် ခွေးတိရွှစ္ဆာန်ပြေးလိုက်လာသည်ကို မြင်သော်လည်း လုံး၀ ထွက်မပြေး ကြ။ အတွေ့အကြုံအရ ကလေးတွေကအစ ကိုယ်ပေါ်က ဆူးတောင်တွေကို ချက်ချင်းဖြန့် ထောင်ကာ တိုက်ခိုက်ရန် အသင့် ပြင်ထားကြ၏။

သူကား ခွေးတိရွှစ္ဆာန်ကြီးကို ဒေါသဖြစ်ကာ သတိနှင့် စူးစိုက်ကြည့်နေ၏။ အခြေလေး ချောင်းရှိသော သတ္တ၀ါအချင်းချင်း ကိုယ်ချင်းမစာပဲ ချေ(ဂျီ)ငယ်အား အခြေနှစ်ချောင်းရှိသော သူ့သခင် သတ္တ၀ါကြီးကို ကိုက်သတ်ပေးရုံနှင့် အားမရသေး၊ မျက်နှာလိုမျက်နှာရနှင့် သူတို့ မိသားစုကိုပါ ကိုက်သတ်ရန် ပြေးလာချေ၏။ သူသည် ဒေါသဖြစ်ဖြစ်နှင့် ဆူးတကမ်း သို့အရောက်တွင် သူ့ကိုယ်မှ ဆူးတွေကို ခါထုတ်ပစ်လိုက်သည်။ သူ့အခြေအနေကို စောင့်ကြည့်နေသော သူ့မိသားစုတွေကလည်း ကိုယ်ပေါ်က ဆူးတွေကို သစ္စာဖောက် ခွေးတိရွှစ္ဆာန်ဆီ ခါလွှတ်လိုက်ကြသည်။ သူတို့ကိုယ်ပေါ်မှ ခါပစ်လိုက်သော ဆူးတောင်များ သည် သစ္စာဖောက် ခွေးတိရွှစ္ဆာန်ကို ဘယ်နှစ်ဆူး ထိသွားသည်မသိ၊ တဂိန်ဂိန်အော်ကာ သူ့သခင်ရှိရာသို့ ချက်ချင်းပြန်ပြေး၏။ သူတို့ မိသားစုမှ တဖြန်းဖြန်း တဖြန်းဖြန်း ခါထုတ် လိုက်သော ဆူးတောင်များကို ကြောက်ကာ သူ့သခင်က သစ်ပင်ကြီးတပင်နှင့် သူ့ကိုယ်ကို ကွယ်ထားသည်။ သူအကာအကွယ် ယူထားသော သစ်ပင်၏ ပင်စည်အခေါက်၌ပင် ဆူး တောင်သုံးလေးချောင်း စူးစိုက် စူးနစ်၀င်နေသည်ကို မြင်ရ၏။ သူ မပြေးသလို သူတို့၏ မိသားစုလည်း မည်သူမျှ ထွက်မပြေးကြ။ သစ္စာဖောက် ခွေးတိရွှစ္ဆာန်နှင့် သူ့သခင်ကိုသာ စိုက်ကြည့်နေကြ၏။ နောက်တခါ ဆူးတောင်တကမ်းသို့ ခွေးတိရွှစ္ဆာန်နှင့် သူ့သခင်တို့ ပြန်ရောက်လာကြလျှင် သူတို့ကိုယ်ပေါ်တွင် နောက်ထပ် ကျန်နေသေးသော ဆူးတောင်များနှင့် ပစ်လွှတ်ရန် ချိန်ရွယ်ထားကြသည်။

မလာရဲကြတော့။ ခွေးတိရွှစ္ဆာန်နှင့် သူ့သခင်တို့သည် သူတို့ မိသားစုကို ကြောက်ရွံ့သွား ကြလေပြီ။ ဆူးစူးခံထားရသော သစ္စာဖောက်ခွေးတိရွှစ္ဆာန်မှာ သူ့သခင်နားတွင် တဂိန်ဂိန် အော်နေ၏။ သို့သော် သူ့သခင်ကမူ သူ့ကို ကယ်ဆယ်ရန်မဆိုထားနှင့် သူကိုက်ပေးထားသော ချေ(ဂျီ)ငယ်ကိုပင် မကောက်ရဲသေးပဲ သစ်ပင်ကြီး၌သာ ကိုယ်ကို ကပ်၍ ပုန်းနေ၏။ သူတို့ မိသားစုဆီက နောက်ထပ်ပစ်လွှတ်မည့် ဆူးတွေကို ကြောက်နေလေသည်။

ခွေးတိရွှစ္ဆာန်နှင့် သူ့သခင်တို့က သူတို့ မိသားစုဆီသို့ နောက်ထပ် ရန်ရှာရန် မကပ်ပုံကြ တော့ပေ။ သူတို့မိသားစုသည်လည်း သူတို့သိုက်နန်းရှိရာ မြေအောက်ဂူမှာသို့ အေးဆေးစွာ ပြန်လာကြလေသည်။ သို့သော် ဖြူကောင်တို့၏ စိတ်ထဲ၌မူ ခွေးတိရွှစ္ဆာန်အား လုံး၀ မကျေနပ်ကြ။

အခြေခြေလေးချောင်ရှိသော တိရစ္ဆာန်အချင်းချင်း ကူညီရိုင်းပင်းရမည့်အစား အခြေနှစ်ချောင်းရှိသော သတ္တဝါကိုသာ မျက်နှာလို မျက်နှာရ၊ မျိုးတူဇာတ်တူ အချင်းချင်းကို လိုက်လံ ကိုက်သတ်ပေးနေခြင်းသည် တိရစ္ဆာန်လောကကို သစ္စာဖောက်ခြင်းပင်။ တိရစ္ဆာန်လောကကို သစ္စာဖောက်နေသူကား ခွေးတိရစ္ဆာန်ပင်တည်း။ ။

ဖိုးကျော့
သဘင်မဂ္ဂဇင်း

# မယားရှိခိုး သွားမကျိုး

## ခင်မျိုးချစ်

စံပယ်ဖြူမဂ္ဂဇင်း၊ ၁၉၈၇ ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ် ၃၅၊ နှာ ၇၂-၇၃။

"မယားရှိခိုး သွားမကျိုး"ဆိုတဲ့စကား ကြားဖူးကြရဲ့လား။ အစက မကြားဖူးလည်း အခုကြားဖူးရောပေါ့။ ဒီစကားက နယ်နယ်မထင်နှင့်။ ဗုဒ္ဓဘုရားရှင်လက်ထက်က အစပြုပြီး ဖြစ်ပေါ်လာခဲ့တယ်။

မယားရှိခိုးတဲ့ထုံး သာဓကတစ်ခုကတော့ ဓမ္မကထိကဆရာတော်ကြီးများ ဟောကြားလို့ လူသူလေးပါး သိကြ၊ ကြားဖူးကြတဲ့ဓမ္မဒိန္နာထေရီကို အကြောင်းပြုပြီး ဖြစ်ပေါ်လာခဲ့ပါတယ်။

ဓမ္မဒိန္နာအမျိုးသမီးဟာ ဝိသာခသူဌေးကြီးရဲ့ဇနီးဖြစ်တယ်။ အသက်ငယ် အရွယ်ကောင်း အလွန်ချော အလွန်လှပါသတဲ့။ သူရဲ့ခင်ပွန်းသည် သူဌေးကြီးကို ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ ရိုသေမြတ်နိုး ပြုစုလုပ်ကျွေးတဲ့ဇနီးကောင်းတစ်ယောက် ဖြစ်တယ်။

ဝိသာခသူဌေးကြီးက ဗုဒ္ဓဘုရားရှင်ရဲ့ဥပါသကာကြီး ဖြစ်တယ်။ နေ့စဉ် ဗုဒ္ဓဘုရားရှင်ထံ အမြဲဆည်းကပ်ပြီး တရားနာယူတယ်။ နာယူပြီး အမြဲနှလုံးသွင်းတယ်။ သို့ပေမယ့် သူရဲ့ဇနီးဓမ္မဒိန္နာကတော့ဖြင့် ဗုဒ္ဓဘုရားရှင်ရဲ့ကျောင်းတော်ကို တစ်ခါမှ သူဌေးကြီးနှင့်အတူ လိုက်မသွားခဲ့ဘူးတဲ့ငယ်ရွယ်သူဆိုတော့ ဘုရား-တရားကိစ္စကို စိတ်မဝင်စားဘူးပေါ့လေ။ သူ့ခင်ပွန်းသူဌေးကြီးအပေါ်မှာပဲ ဝတ္တရားမပျက် အစွမ်းကုန်ပြုစုတယ်။

သူဌေးကြီး ဘုရားကျောင်းတော်က ပြန်လာလျှင် ယာဉ်ရထားဆိုက်တာနှင့်သူဌေးကတော်လေးက တံခါးဝကို ရောက်နှင့်နေတယ်။ သူဌေးကြီးနှင့်အတူ လက်တွဲပြီး အတူအိမ်ထဲဝင်နေကျပဲ။

ဝိသာခသူဌေးကြီးကလည်း ဗုဒ္ဓဘုရားရှင်ရဲ့တရားကို နာယူကျင့်သုံးပြီး ပုထုဇဉ်ဘဝကနေပြီး အရိယာအဆင့်မှာ ပထမဆင့်ဖြစ်တဲ့သောတာပန် ဖြစ်တည်တယ်။ သောတာပန် တည်တယ်ဆိုပေမယ့် သာမန်အမြင်အားဖြင့်ဆိုလျှင် ပုထုဇဉ်နှင့်တယ်ပြီး ကွဲပြားခြားနား မရှိဘူး။ သောတာပန်ဆိုတာ ဗုဒ္ဓ-ဓမ္မ-သံဃာ ရတနာသုံးပါးကို အသက်နှင့်ခန္ဓာကိုယ် ပုံပြီး ယုံကြည်တယ်။ မည်သူက လာဘ်လာဘနှင့်ဖျားယောင်းစေကာမူ သို့မဟုတ် တုန်လှုပ်ထိတ်လန့်အောင် ခြောက်လှန့်စေကာမူ ရတနာသုံးပါးကို မယုံကြည်ဘူးလို့ မဆိုတော့ဘူး။ (တစ်နည်းဆိုလျှင်) ရတနာသုံးပါးကို မစွန့်လွှတ်တော့ဘူး။

ပြီးတော့ ပဥ္စသီလ၊ ငါးပါးသီလကိုလည်းပဲ အသက်နှင့်ထပ်တူ စောင့်ရှောက်တယ်။ ဒီလိုအရည်အချင်းဆိုတာက လူ့ရဲ့အတွင်းသဏ္ဍာန်မှာ ရှိနေတာ မဟုတ်လား။ ဘယ်သူက သွားပြီး စစ်ဆေးကြည့်လို့လည်း ဖြစ်တာမဟုတ်ဘူးလေ။

ဒီတော့ ဝိသာခသူဌေးကြီးဟာ ပထမအဆင့်သောတာပန် တည်၊ ဒုတိယအဆင့် သကဒါဂါမ် တည်ခဲ့တယ်။ ဒီအဆင့်ထိတော့ အကြမ်းစား အကုသိုလ်တွေသာ ပယ်ရှားတာပဲ ရှိတယ်။ လူလောကထဲမှာ ဃရာဝါသ သားမယားဥစ္စာ စည်းစိမ်တွေနှင့်ပျော်ပျော်နေတုန်း ရှိတာပဲ။ ကျောင်းအစ်မကြီးဝိသာခါ(အခုပြောနေတဲ့ဝိသာခသူဌေးကြီးနှင့်နာမည်ချင်း ဆင်တယ်နော်၊ မမှားကြနှင့်ဦး) ဗိမ္ဗိသာရမင်းကြီးတို့လည်း သောတာပန်တွေပဲလေ။ လူလောကထဲမှာ စည်းစိမ်ဥစ္စာရတနာတွေနှင့်ပျော်နေကြတာပဲ။

ဝိသာခသူဌေးကြီးလည်း အရိယာကြီးအဖြစ်နှင့်ပဲ ဇနီးသည်လေး ဓမ္မဒိန္နာနှင့်ရွှေလည်ချင်းယှက်တာကို မဖြုတ်သေးဘူးပေါ့။

တစ်နေ့တော့ ဝိသာခါသူဌေးကြီးဟာ သူ့ပါရမီအလျောက် တတိယမဂ်ဖြစ်တဲ့အနာဂါမ်အဖြစ်ကို ရောက်သွားတယ်။ အဲဒီအဆင့်ကို ရောက်သွားတဲ့ဥပါသကာ ဥပသကီ တစ်ဦးဟာ ရဟန်းဘောင်ကို ဝင်ချင်လည်း ဝင်မယ်။ ရဟန်းဖြစ်လောက်တဲ့ပါရမီ မပါလာရင်တော့ လူသူတော်အဖြစ်နှင့် သန့်ရှင်းတဲ့ဘဝမှာပဲ နေတယ်။ သားမယားဃရာဝါသအမှုကိုတော့ လုံးဝစွန့်လွှတ်တယ်။

ဝိသာခသူဌေးကြီးလည်း အနာဂါမ်အဖြစ် ရောက်တော့ ချစ်လှစွာသော ဇနီးဓမ္မဒိန္နာနှင့်လက်တွဲ ဖြုတ်တော့တာပေါ့။ ရှိတဲ့ဥစ္စာစည်းစိမ်တွေကို အပ်နှင်းပြီး သားမယားအဖြစ်နှင့်မဟုတ်ဘဲ နှမငယ်တစ်ဦးလို စောင့်ရှောက်တော့မည်ဆိုတဲ့ အခြေအနေဖြစ်လာတယ်။

ဓမ္မဒိန္နာလည်း ဒီအခြေအနေကို လုံးဝနားမလည်နိုင်ဘူး။ သူ့ကို ခင်ပွန်းသည်က စွန့်လွှတ်လိုက်တယ်ဆိုတာ နားလည်တယ်။ ဒီတော့ ဓမ္မဒိန္နာစိတ်မှာ ဘယ်လိုတရားသိလို့ ခုလို စွန့်လွှတ်နိုင်တာပါလိမ့်လို့ သိချင်တယ်။ ဒီတရားကို သူလည်း သိချင်တယ်။ သိအောင် အားထုတ်လို့ ဖြစ်မလားလို့ ဝိသာခသူဌေးကြီးကို မေးတာပေါ့။ ဒီတော့ သူဌေးကြီးက ဖြစ်နိုင်ကြောင်းကို ပြောတယ်။

ဒါနှင့် ဓမ္မဒိန္နာသူဌေးကတော်လေးဟာ ယခင်က ဗုဒ္ဓဘုရားကျောင်းတော်ကို ယောင်လို့တောင် ခြေဦးမလှည့်ခဲ့ပေမယ့် ဒီတစ်ခါတော့ ဘိက္ခုနီဝတ်ပြီး တရားအားထုတ်တော့တာပဲ။

ရှေးဘဝအဆက်ဆက်က ပါရမီဖြည့်ခဲ့ဖူးတော့ ဓမ္မဒိန္နာဘိက္ခုနီမဟာ ရဟန္တာမအဖြစ် အရဟတ္တမဂ်ဖိုလ်မှာ တည်သွားတယ်။ သူ့ခင်ပွန်းဟောင်း ဝိသာခသူဌေးကြီးက အနာဂါမ်ဆိုတော့ ဓမ္မဒိန္နာက တစ်ဆင့်သာသွားတာပေါ့။

ဒီလိုအတောအတွင်းမှာပဲ ဝိသာခသူဌေးကြီးလည်း ဓမ္မဒိန္နာဟာ ငယ်ရွယ်သူဖြစ်တာမို့ တရားကို ပေါက်ပေါက်မြောက်မြောက် အားထုတ်နိုင်ပါ့မလားလို့ စိုးရိမ်မကင်း ဖြစ်မိတယ်။ ဒီတော့ ပညာရှိပီပီ ဓမ္မဒိန္နာရဲ့အရည်အသွေးကို သိချင်လို့ မေးခွန်းပြဿနာတွေ ထုတ်တယ်။

ပထမမေးခွန်းပြဿနာက သောတာပန်အဆင့် မဂ်ဉာဏ်ရသူသာ ဖြေနိုင်မည့်ပြဿနာ။ ဒုတိယမေးခွန်းက သကဒါဂါမ်အဆင့်ဉာဏ်မီမှ ဖြေနိုင်မည့်ပြဿနာ။ တတိယမေးခွန်းကတော့ အနာဂါမ်အဆင့်ဉာဏ်မီမှ ဖြေနိုင်မည့်ပြဿနာ။ အဲဒီလို ပြဿနာသုံးမျိုး မေးတယ်။

ဒီတော့ ဓမ္မဒိန္နာထေရီမက ပြဿနာသုံးမျိုးစလုံးကို ပြတ်သားရှင်းလင်းစွာ ဖြေကြားလိုက်တယ်။ ပြီးတော့ ဓမ္မဒိန္နာက "တကာကြီးဝိသာခသူဌေးကြီး၊ ထပ်မေးစရာ ရှိသေးလား"လို့ မေးတယ်။ သူဌေးကြီး "ပြည့်စုံပါပြီ ထပ်မေးစရာ မရှိပါဘူး"လို့ လျှောက်တယ်။

ဒီတော့မှ ထပ်မေးစရာ မရှိလျှင် သူဟောပြောစရာ ရှိတယ်ဆိုပြီး ရဟန္တာများတို့ရဲ့ဉာဏ်အဆင့်မီတဲ့တရားကို ဟောတယ်။ ဝိသာခသူဌေးကြီးလည်း အလွန်အားရကြည်ညိုပြီး ဓမ္မဒိန္နာထေရီကို လက်အုပ်ချီမိုး ကန်တော့ရှိခိုးသွားပါတယ်။

ဝိသာခသူဌေးကြီး မေးတဲ့ပြဿနာများနှင့်ဓမ္မဒိန္နာထေရီ ဖြေဆိုတဲ့တရားဓမ္မကို စူဠဝေဒလ္လသုတ်အမည်နှင့်ဗုဒ္ဓ၏တရားတော်အစစ် သံဂါယနာတင်ကျမ်းဝင်သုတ်တော်တစ်ခုအဖြစ် တည်နေခဲ့ပါတယ်။ ဓမ္မဒိန္နာထေရီက ဟောခဲ့တဲ့တရားကို မြတ်စွာဘုရားကိုယ်တော်တိုင် ဟောသကဲ့သို့ လက်ခံကြဖို့ အတည်ပြုခဲ့ခြင်း ဖြစ်တယ်။ ပြီးတော့လည်း ဓမ္မဒိန္နာထေရီကို ဓမ္မကထိကအရာမှာ ဧတဒဂ်အရာ ချီးမြှောက်တော်မူခဲ့တယ်။

မယားရှိခိုးတဲ့သာဓကတွေ နောက်လည်း အများကြီး ရှိသေးတယ်။ နေကောင်းလို့ ရေးနိုင်လျှင် ရေးရဦးမှာပဲ။

ခင်မျိုးချစ်

# အဝါး မဝသော

Written by သုမောင်

Friday, 26 March 2010 05:01




၁၉၉၁ ခုနှစ်လောက်က ဖြစ်သည်။ ကျွန်တော့်ထံ စာရေးဆရာ လေသူရဲတစ်ဦး(ဦးလှဝင်း- ကျောက်မျက်ကုန်သည်) ရောက်လာပါသည်။ သူ၏ ကျောက်မျက် သင်တန်းတွင် ၆ လမျှ အခမဲ့ သင်တန်း တက်ပါရန် လာရောက် အကူအညီ ပေးခြင်းပင်။ ကျွန်တော်သည် ကျောက်မျက်ဝေးလို့ အနပညာ စီးပွားရေးပင် စိတ်ဝင်စားသူ မဟုတ်ပေရာ ငြင်းဆိုခဲ့ပါသေးသည်။ သူက ဖွတ်အတင်း တောင်းဆိုသဖြင့် ပညာတစ်ရပ် တတ်ထားလည်း မနည်းဘူး ဟူ၍ သဘောတူလိုက် ပါသည်။ တကယ်လည်း ကျောက်မျက်နှင့် ပတ်သက်၍ သိပ်ကျွမ်းကျင်စွာ မတတ်မြောက်ခဲ့ သော်လည်း စက်မှုပုံဆွဲ တတ်ကျွမ်းထားသော ကျွန်တော့်အဖို့ ကျောက်မျက်တို့၏ အလင်းတန်း ယိုင်ပုံ၊ ကျောက်မျက်ပုံ ပေါ်ပုံ၊ ကျောက်မျက် အလှသွေးပုံ စသည်များ လေ့လာခွင့် ရပါသည်။ အထူးသဖြင့် ကျောက်မျက်များကို လည်ဆွဲ၊ လက်စွပ်၊ လက်ကောက် စသည်ဖြင့် ဆင်မြန်းသဖြင့် ကျန်းမာရေး စိတ်ဓာတ်များနှင့် ဆက်နွယ်ပုံများ၊ ကျောက်မျက် ရှေးဟောင်း ဒဏ္ဍာရီများကို သိရှိခွင့် ရခဲ့ပါသည်။

ထိုအတော အတွင်းမှာပင် မြန်မာ မဂ္ဂဇင်း လောက၌ အလွန် အောင်မြင်သော စီးပွားရေး မဂ္ဂဇင်းကြီး တစ်စောင် ထွက်ရှိနေပါသည်။ ဦးလှဝင်းလည်း ပါဝင် ရေးသား နေပါသည်။ ဦးလှဝင်းက "ကိုသုမောင်လည်း ဝင်ရေးစမ်းပါ။ ပိုပြီး လှပတဲ့ ဆောင်းပါးတွေ ဖြစ်လာလိမ့်မယ်" ဟု အဆိုပြုရာ စိတ်ဝင်စားသွားပါသည်။ နောက်တစ်ကြောင်းမှာ ထိုစီးပွားရေး မဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာမှာ ကျွန်တော်က တစ်ဖက်သတ် လေးစားနေသော စာရေးဆရာ ဖြစ်နေခြင်းပင်။ ထူးခြားတာက ထိုစာရေးဆရာမှာ စီးပွားရေး မဂ္ဂဇင်းတွင် အယ်ဒီတာ လုပ်နေသော်လည်း သူ၏ ဝတ္ထုတိုများမှာ အခြေခံ ဘဝ အောက်ခြေ လူတန်းစားများ အကြောင်းဖြစ်နေခြင်းပင်။ (ဒါကတော့ ဒီကနေ့ ကိုယ်ပိုင်ကားနှင့်၊ တိုက်နှင့် နေထိုင်ပြီး ဆင်းရဲသားများ အကြောင်း ဒိုင်ခံ ရေးနေသော စာရေးဆရာများစွာ ရှိနေသဖြင့် မပြောပလောက်ပါပေ။) ရေးဖော်ရသည်ကိုပင် ချီးကျူး ဂုဏ်ပြုရပေသည်။

သို့နှင့် ထိုအယ်ဒီတာထံ ကျွန်တော် ဖုန်းဆက်လေသည်။

"ဆရာ ကျွန်တော် စာမူတစ်ပုဒ် ပို့ချင်လို့ပါ"

ထိုအချိန်က ကျွန်တော့်မှာ မဂ္ဂဇင်း၊ ဂျာနယ် အယ်ဒီတာများ ဝိုင်းဝိုင်းလည် နေသော ကာလဖြစ်သဖြင့် ကိုယ့်ကိုယ် ကို အထင်ရောက်နေတာလည်း ပါပါ လိမ့်မည်။ စောစောက ပြောသလို ပုဂ္ဂိုလ် ခင်လို့ တရားမင်တာလည်း ပါပါသည်။ ထိုအခါ သူ့စကားပြန်ကို တအံ့တသြ ကြားရပါသည်။

"ကိုသုမောင်က ကျွန်တော့်မဂ္ဂဇင်း မူဝါဒကို သိလို့လား"

တဲ့။ ကျွန်တော်လည်း ရုက်ရက်နှင့် တယ်လီဖုန်း အသာချလိုက်ရပါ သည်။ တကယ်တော့ "ကျောက်မျက်" ဒဏ္ဍာရီ အကြောင်း ရေးချင်သည်ကို နိဒါန်း ပျိုးရမှာ ကျွန်တော် မေ့သွားပါသည်။ ခဏနေတော့ သူ့ထံ ဖုန်းပြန် ဆက်ရာ သူမရှိတော့ပေ။ လက်ထောက် အယ်ဒီတာလေး လာကိုင်ပါသည်။

"ဆရာလေးရေ ခင်ဗျားတို့ မဂ္ဂဇင်းမူနဲ့ ကျွန်တော့်စာမူ ခွင်မကျလို့ မပို့တော့ ပါဘူးဗျာ"

ဆိုတော့ အားနာစွာ၊ နားလည်စွာ ပင် အယ်ဒီတာလေးက ပြန်ပြောရှာပါသည်။

"ဆရာ့ကို ကျွန်တော် နားလည်ပါတယ် ဆရာ"

တဲ့။ နောက်ပိုင်း ထိုမဂ္ဂဇင်းကြီးနှင့် အတူ ထိုဘဝ စာရေးဆရာ အယ်ဒီတာလည်း ပျောက်ကွယ်သွားပါသည်။

တစ်လောက အယ်ဒီတာနှင့် ထုတ်ဝေသူ အမျိုးသမီးငယ်များ ကျွန်တော့်ထံ ရောက်လာကြပါသည်။ ထုံးစံအတိုင်း စာမူ တောင်းရန်ဖြစ်ပါသည်။ သူတို့ ပြန်လည် အသက်သွင်းမည့် မဂ္ဂဇင်းကြီး အတွက်ဖြစ်ပါသည်။ ထိုမဂ္ဂဇင်းကြီး ပထမအကြိမ် ထုတ်ဝေ အောင်မြင်စဉ်က ပထမဆုံး တစ်အုပ် အမှတ်(၁)မှ ရပ်တန့် သွားသည်အထိ အယ်ဒီတာပုဂ္ဂိုလ်စွဲဖြင့် ကျွန်တော် ရေးသားပေးခဲ့ပါသည်။ နောက်တော့ တိမ်မြုပ် ပျောက်ကွယ်သွားရာမှ ယခုတစ်ဖန် ပြန်လည်ဆန်းသစ်မှာ ဖြစ်သည်။ ပြဿနာမှာ ယခုထုတ်ဝေမည့်သူများ၊ အယ်ဒီတာများကို ပုဂ္ဂိုလ်ရေး မကျေနပ်သူ စာရေးဆရာ အချို့က သပိတ်မှောက်သဖြင့် သူတို့ မကျေမနပ် ဖြစ်နေကြရှာပါသည်။ ကျွန်တော် ကမူ "လူငယ်မိန်းကလေးများ" ဟူသော အသိဖြင့် ချက်ချင်းပင် စာမူပေးပါမည့် အကြောင်း ကတိပြုလိုက်ပါသည်။ ကနေ့လူငယ်များ မိဘ ပိုက်ဆံ ချမ်းသာလို့ဖြစ်ဖြစ်၊ ဝါသနာကြောင့် ဖြစ်ဖြစ် စာပေ လုပ်ငန်းသို့ ဝင်လာလျှင် ကျွန်တော် ဦးစားပေးပြီး စာမူချက်ချင်းပေးပါ သည်။ ကုန်ကုန်ပြောရလျှင် တစ်နေ့စာ တစ်ပုဒ် ပြီးအောင် ရေးသော ကျွန်တော့်မှာ တစ်လ တစ်လ၊ တစ်ပတ်တစ်ပတ် ဂျာနယ်၊ မဂ္ဂဇင်း တွေ လက်ဆောင်ရတာ အိမ်မှာပုံနေသည်။ သို့သော် မီးပွိုင့်လို၊ လက်ဖက်ရည်ဆိုင်လို နေရာ မျိုးမှာ လက်ပွေ့ဂျာနယ် ရောင်းသော လူငယ် လေးတွေတွေ့လျှင် ကိုယ့်ရှိပြီးသားပေမည့်ထပ် ဝယ်အားပေးပါသည်။

ဆိုကြပါစို့ရဲ့။ ထိုမဂ္ဂဇင်း ပထမအုပ် အတွက် စာမူပေးသော အခါ စေတနာပိုပြီး ဆက်တိုက် ပေးနိုင်မည့် စာမူ အမျိုးအစားကို ရေးပေးပါ သည်။ (သူတို့ကလည်းလစဉ်တောင်းတာပါ။) အောင်မယ် စာမူခနှင့် အတူ အရက် အကောင်းစား

တစ်ပုလင်းပါ ပါလာသေး၏။ ဟော ဒုတိယ အုပ်လည်းကျရော စာမူတော့ ပါပါရဲ့၊ စာအုပ် လက်ဆောင်နှင့် စာမူခ ခုထိ လာမပို့သည့်ပြင် ကျွန်တော့်ထံ လုံးဝ အဆက်အသွယ် မလုပ်တော့ပါ။ မဂ္ဂဇင်းပဲ ရပ်တန့်သွားတာလား၊ ဘုရားပြီး ပြေမ်းဖျက်တာလား မသိရပါပေ။

တစ်ခါကလည်း လူငယ်တစ်စု ဂျာနယ် အသစ်တစ်စောင် အတွက် စာမူ တောင်းလာပါ သည်။ ခွေးမြီးကောက် သုမောင်သည် လူငယ် ဆိုလိုက်သည်နှင့် (စာပေကိစ္စဆိုတာနှင့်) ချက်ချင်းပင် သဒ္ဓါ၊ စေတနာတွေ ရေစီးကမ်းပြို လိုက်တော့၏။ သူရို့ကလည်း အပတ်စဉ်လိုချင် သည်ဟု နမ်းထောင်းဖြူးလေရာ ကျွန်တော့်မှာ သူငယ်ချင်း အယ်ဒီတာ တစ်ယောက်၏ ဂျာနယ်တွင် နီဒါန်းပျိုးထားသော အခန်းဆက်ဆောင်း ပါးကို တောင်းပန်ပြီး လူငယ်လက်သစ်များသို့ လွှဲပေးလိုက်ပါသည်။ ဘာကြာမလဲ သုံးလေး ပတ်လည်းရှိရော "ဖုတ်လေတဲ့ငါးပိ" ဖြစ်သွား ပါတော့သည်။ သတင်းစုံစမ်းတော့ ကျွန်တော့် ဆောင်းပါးနှင့် သူရို့ဂျာနယ် မူမကိုက်လို့တဲ့။ လက်ကလေး ၆ ခါ လှုပ်ရုံနှင့်၊ "ဟယ်လို" ဟု တစ်ခွန်း ပြောရုံနှင့် ကျွန်တော့်အား အကျိုး အကြောင်း ပြောလို့ ရပါသည်။ သို့သော် အားနာလို့လား၊ သောက်ဂရုမစိုက်လို့လား မသိ။ ခပ်တည်တည်ပင် အဆက် ဖြတ်လိုက်ကြလေသည်။ ဒါတောင် ကျွန်တော့် အခန်းဆက် ဆောင်းပါးနှင့် ပတ်သက်ပြီး အသုံးပြုရန် ကျွန်တော့်အား ရှထောင့်ပေါင်းစုံမှ ဓာတ်ပုံပေါင်း များစွာ ရိုက်သွား၏။ ထိုဆောင်းပါး အတွက် အသုံးပြုရန် လိုအပ်သော သရုပ် ဖော်ပုံအတွက် ကျွန်တော်ပိုင် ပစ္စည်းများ၊ ပန်းချီကားများ တစ်နေကုန် ဓာတ်ပုံ ရိုက်သွားသေး၏။ ဘယ့်နယ် စဉ်းစား ရမှန်း မသိတော့ပေ။ တစ်ခါတစ်ရံ စာပေ ပွဲများတွင် တွေ့သောအခါများကျတော့ လည်း ဘာမှုမဖြစ်သလို "ဆရာ နေကောင်းလား"တဲ့။ စကတည်းက ယခုတိုင် မကျဆုံးသေးသော မဂ္ဂဇင်း ကြီးတစ်စောင်က ပုံမှန်အခန်းဆက် ဆောင်းပါး တောင်းသဖြင့် "သမီးစိုးအိမ် သူ့ထံ ပေးစာ" သဘောလူငယ်လုံမငယ် ပညာပေးစာ သဘောရေးပေးခဲ့ရာ အပုဒ် ၂၀ ခန့် ရှိသွားခဲ့ပါသည်။

တစ်ခါတွင် စာဖတ်သူပေးစာကဏ္ဍတွင်-

"သုမောင်ရဲ့ သမီးထံပေးစာ ဆောင်းပါးဟာ သုံးမရတဲ့ အလကား အပေါစားပဲ။ ဒီလို မဂ္ဂဇင်းမှာ မသုံးသင့်ဘူး။ ဆက်မထည့်သင့်ဘူး"

စသည်ဖြင့် ပက်ပက်စက်စက် အကြံပြုထားပါသည်။ ရိုးရိုးသားသား ပြောရလျှင် ကျွန်တော်၏ စာမူမှန်သမျှ စေတနာမပါတာ မရှိပါ။ ထိုစာမူများ မှာလည်း မိန်းကလေးငယ်တို့အား ယဉ်ကျေးမှု အခြေခံများ ရှင်းပြထားခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်သည် မျိုးချစ် မျက်ကန်း မဟုတ်ပါ။ ရိုးရာမှ ရိုးရာ မဟုတ်ပါ။ ရိုးရာကိုလည်း ကောင်းတာ လေးတွေ ပြန်သုံး၊ ခေတ်ပေါ်ထဲမှလည်း ယူသင့်တာယူဖို့ သမီးကိုပြောပြနေသည့် သဘောဖြစ်သည်။ တကယ်က သမီး စိုးအိမ်သူကိုပြောနေသော်လည်း သမီး နှင့် တစ်ရွယ်တည်းသော လုံမငယ်အား လုံးကို ပြောနေခြင်းသာ ဖြစ်သည်။

အယ်ဒီတာပုဂ္ဂိုလ်စွဲဖြင့် ရေးမိတာ ကျွန်တော့် အမှားဟုပင် ဆိုရပါမည်။ တကယ်တော့ ထိုမဂ္ဂဇင်း ရပ်တည်နေ သည်မှာ အတို့အထောင်၊ ပုဂ္ဂိုလ်ရေး ထိပါးမှု၊ အကန်အခတ်၊ အပုပ်ချမှု စသော အတုအယောင် ဂေဖန်ရေးစာမူ များကြောင့်သာဖြစ်ကြောင်း ကျွန်တော် သတိမထားမိခဲ့ပါ။ ဤတွင် ထိုမဂ္ဂဇင်း၌ စာရေးဆရာမျာ းသာမက၊ စာဖတ် သူပေးစာကဏ္ဍမှ ပုဂ္ဂိုလ်များကပါ သံယောင်လိုက်ပြီး ဒီစာရေးဆရာဖြင့် ဆော်ပလော်တီးလိုက်ဦးမှဆိုပြီး ပေးစာ ကဏ္ဍမှ နာမည်ရ စာရေးဆရာများကို ဘုန်းကြီးခေါင်းခေါက် လုပ်လာပါတော့ သည်။ တကယ်တော့ ထိုပေးစာရေးသူ မန္တးမနပ်များအပြစ် မဟုတ်ပါ။ သူရို့ကလည်း လူကြီးပခုံး ဖက်လျှင် နာမည်ကြီးမည်ဟု ခံယူထားသူ စိတ်ဓာတ် အောက်တန်းကျလှသူများသာ ဖြစ်သည်။ တကယ်တော့ ကိုယ်တိုင် တကူးတက စာမူအခန်းဆက်တောင်းခံပြီး လစဉ် ပုံမှန် တယုတယ ထည့်ပေးနေသော မိတ်ဆွေ အယ်ဒီတာမှာသာ တာဝန်ရှိလေ သည်။ သူသည် သူ့မဂ္ဂဇင်းရပ်တည် ရေးအတွက် မည်သည့် "ဆူးလှည်း" ကိုမဆို တွန်းဆွဲနေသော သူသာတည်း။ ကျွန်တော်လည်း ဆက်မရေးတော့ပါ။ ပေးစာရေးသူကြောင့်လည်းမဟုတ်၊ အယ်ဒီတာကြောင့်လည်း မဟုတ်။ သမီးထံ ရေးစရာ အကြောင်းအရာ ရှားပါးလာသောကြောင့်သာ ဖြစ်၏။ သူရို့ကိုပင် ကျေးဇူးတင်ရလေတော့သည်။ ထို အခန်းဆက် ဆောင်းပါးကို စောင့်ဖတ်သော စာဖတ်သူများကိုဖြင့် အားနာရ လေသည်။ —

တစ်လောက ကွာလတီ မဂ္ဂဇင်း တစ်စောင်မှ လမ်းထွက် အယ်ဒီတာမလေး တစ်စု အိမ်ရောက်လာသည်။ "စာမူ" ကိစ္စပင်ဖြစ်သည်။ ခေတ်ပေါ် အဝတ်အစားများ ဝတ်ဆင်ထားကြပြီး လှပငယ်ရွယ် တက်ကြွနေကြသည်။ ထုံးစံအတိုင်း

လူငယ်များကို စေတနာ ရေစီးကမ်းပြို လိုက်မိပြန်သည်။

"အေး အေး ရေးပေးမယ် သမီး ရို့။ စာမူပြီးရင် လေးလေး ဖုန်းဆက် လိုက်မယ်"

ပြီးရောပေါ့။ အဲ သဒ္ဒါပိုပြီး

"ဟဲ့ ညည်းရို့တိုက်က ဘယ်နားလဲ။ လေးလေးက တစ်ပတ် တစ်ခါနစ်ခါ ဂျာနယ်၊ မဂ္ဂဇင်းတိုက်တွေ အလည် ထွက်တယ်။ ကြုံရင် ဝင်လည်ရတာပေါ့" ဟု သွားပြောမိသည်။ ထိုအခါ

"ဆရာတို့ ခြံရှေ့က ဘတ်စ်ကား ၃၄ စီး၊ တာမွေမှာဆင်း၊ (__)ပြန်စီး။ ဘယ်မှတ်တိုင်ဆင်း၊ ဘယ်လမ်းထဲ လျှောက်ဝင်။ အမှတ်ဘယ်လောက်။ ဘယ်နလွှာ..." စသည်ဖြင့် လမ်းညွှန် လေရာ ရင်မောရလေသည်။ ရယ်ချင် ပက်ကျိဖြစ်ရလေသည်။ ကျွန်တော်တို့ လို စာရေးဆရာကြီးတွေ ကိုယ်ပိုင်ကား မရှိဟု ထင်နေသော အစွဲကား မပျောက် သေးပါတကား။ စာရေးဆရာ ဟူသမျှ ငမွဲတွေဟု ယူဆသော ဝါဒသည် ခေတ်မီ ပါသည်ဟုဆိုသော သူငယ်မများအား ဘာကြောင့် ခုတိုင် လွှမ်းမိုး နေပါသနည်း။ ကနေ့ စာရေးဆရာတွေ ဂျင်းဘောင်းဘီ ဝတ်ပြီး စူပါဆလွန်း စီးနေတာ မသိလေရော့ သလား။ သုမောင်ကြီးမှာ ကားတစ်စီးတော့ ရှိပါကြောင်း၊ အနည်းဆုံး ဖိုးသောကြာ ကားလောက်တော့ ကပ်စီးနိုင်ကြောင်း မသိတာ အံ့ဩစရာ ဖြစ်သည်။ သည်အတွက် ဂုဏ်ယူနေတာ မဟုတ်ပါ။ အထင်သေး ခံရခြင်း အတွက်လည်း ဝမ်းနည်းစရာ

မဟုတ်ပါ။ သို့သော် သူရို့၏ ခေတ်မီ အဂတ်အစား၊ အနေအထိုင်၊ အပြောအဆို၊ အလုပ် အကိုင်နှင့် အယူအဆဝါဒ မဟာပ်မိတာကိုသာ စိတ်မကောင်း ဖြစ်နေပါသည်။



# အဝါးမဝသော

ညိုမြ

## ကျေးဇူးပဲ AIDS

by Seagull on Mon 01 Mar 2010 14:26 MMT | Permanent Link

ကျွန်မနာမည် "နန်း"ပါ။ အေအိုင်ဒီအက်စ် ရောဂါဆိုးကြီးကိုပဲ ကျေးဇူးဥပကာရ တင်နေသူပေါ့ရှင်။ ဒီလိုပါရှင့်။ ကျွန်မက "လန်ပန်" ဇာတိပါ။ ယိုးဒယားမြောက်ပိုင်းသူပေါ့။ မိသားစုခုနစ်ယောက်ရှိပြီး ကျွန်မက ကျောင်းပညာ တစ်ဂက်တစ်ပျက်နဲ့ပေါ့။ အိမ်အလုပ်တွေ ဝိုင်းလုပ်နေရတာကိုး။

အမှတ်ရရ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ တစ်ရက်နေ့မှာ ကျွန်မ လက်ထပ်ခဲ့ပါတယ်။ ကျွန်မယောက်ျားကိုပြောတယ်။ ကလေးလိုချင်တယ်လို့။ ဒီတော့ကျွန်မတို့ဟာ သားသမီး အဆက်ခြားဖို့တို့၊ အကာအကွယ်သုံးဖို့တို့ ဘာတို့ မလုပ်ခဲ့ဘူးပေါ့။ ပထမ သားဦးလေး ကိုယ်ဝန်သုံးလရတော့ ဆေးရုံမှာသွားပြီး ဆေးစစ်ရပါတယ်။ အဲဒီမှာ ဆရာဝန်တွေက ကျွန်မကို သွေးသုံးကြိမ်စစ်ပါတယ်။ ကျွန်မ နားမလည်နိုင်တာက သူရို့ဘာကြောင့် ကျွန်မကို ဆေးပညာအကြံပေးတာတွေ ဘာတွေ သိပ်လုပ်နေကြသလဲဆိုတာပါပဲ။ နောက်မှသိရတာက ကျွန်မမှာ အေအိုင်ဒီအက်စ် ရောဂါ စွဲကပ်နေပါပြီတဲ့။ သိပ်ဂမ်းနည်းစရာ ကောင်းတဲ့ အဖြစ်ပေါ့။ ဆရာဝန်က ရှင်းပြနေတဲ့အချိန်မှာ ကျွန်မယောက်ျားက ဘာမှ သိပ်တုန်လှုပ်ပုံမရပါဘူး။ သူက ကလေးကို ဆက်ယူလို့ ဖြစ်မဖြစ်ပဲ မေးပါတယ်။ ဆရာဝန်က ယူလို့တော့ရပါတယ်။ ဒါပေမဲ့ သူရို့ပေးတဲ့အကြံအတိုင်း လိုက်နာရမယ်တဲ့။

ကျွန်မဟာ ကလေးမွေးဖွားနိုင်ဖို့အတွက် ပုံမှန်ဆေးစစ်မှုတွေလုပ်ခဲ့ပါတယ်။ ဆရာဝန်ရဲ့ ရက်ချိန်းတွေလည်း မှန်မှန်ပဲပြသခဲ့ပါတယ်။ ဒီလိုနဲ့သားလေးကို မွေးဖွားနိုင်ခဲ့ပါရော ဆိုပါတော့။ သားလေးဟာ တစ်နှစ်ခွဲသားမှာ အေအိုင်ဒီအက်စ် ဝေဒနာရှင်လေးဖြစ်ခဲ့ပါတယ်။ နဂိုတည်းက စိတ်မချလို့ ဆေးစစ် သွေးစစ်ခဲ့တာကိုး။ ကလေးဟာ နှစ်နှစ်နဲ့လေးလမှာ ကျွန်မတို့နဲ့လောကကြီးကို ခွဲခွာသွားပါတော့တယ်။ သားလေးဆုံးပါးသွားပြီပေါ့။ ကျွန်မဘဝ ဘယ်လောက် ဂမ်းနည်း ကြေကွဲမယ် ဆိုတာ စဉ်းစားသာကြည့်ပါတော့ရှင်။ ဒီနောက်ပိုင်းမှာ ကျွန်မတို့လင်မယားဟာ တကျက်ကျက်

ဖြစ်ခဲ့ရတာပေါ့။ ရန်ဖြစ်တိုင်း အမိကပြောသနာက ဘယ်သူဟာ အေအိုင်ဒီအက်စ် ရောဂါကို သယ်လာခဲ့သလဲ။ ဘယ်သူကတရားခံလဲ။ ဘယ်သူက ဘယ်သူ့ဆီ ရောဂါဖြန့်ခဲ့တာလဲ ဆိုတာတွေပါပဲ။ နောက်တော့ အဖြေဆက်ရှာ မနေတော့ပါဘူး။ သူ့ကို ကျွန်မကွာရှင်းပစ်လိုက်ပါတယ်။ သေချာပါပြီ။ နောက် ခြောက်လနေ တော့ သူသေရှာတာပါပဲ။ ဟုတ်ပ့ါ အေအိုင်ဒီအက်စ် နဲ့ပေါ့။

ကောင်းပါပြီ။ ဒါပေမဲ့ ကျွန်မဘဝကို အဖြစ်ဆိုးစေတဲ့ ...ကျွန်မသားလေးကို ဘဝ ဆိုးစေတဲ့ အေအိုင်ဒီအက်စ်ကို ဘာကြောင့် ကျွန်မကျေးဇူးတင်ရတာတဲ့လဲ။ဒီလိုပါ။

ကျွန်မကို ဆရာဝန်တွေက "စင်တာဂမ်" အဖွဲ့နဲ့ မိတ်ဆက်ပေးပါတယ်။ သူရို့က အေအိုင်ဒီအက်စ် ဝေဒနာရှင် တွေကို ကူညီနေတဲ့အသင်းပါ။ ထောက်ပံ့တယ်။ ကုသပေးတယ်။ စည်းရုံးတယ်။ လူမှုရေး အသင်းဆိုပါတော့။ ဆေးရုံနဲ့ ဆက်သွယ်ပြီးတော့လည်း ကျန်းမာရေး လိုအပ်ချက်တွေကို လုပ်ဆောင်ပေးကြပါတယ်။ သူရို့အသင်းနဲ့ ကျွန်မ တလတစ်ကြိမ် တွေ့ဆုံပါတယ်။ ဒီလိုနဲ့ ၁၉၉၆ ခုနစ်မှာ ကျွန်မဟာ အဲဒီအသင်းမှာ အရေးပါအရာရောက်တဲ့ အဖွဲ့ဝင် ဖြစ်လာပါတော့တယ်။ နောက်ပိုင်း အတွင်းရေးမှူးဖြစ်ပြီး နောက်ဆုံးဥက္ကဋ္ဌ ရာထူးကိုတောင် ရလိုက်တာပါပဲ။

၁၉၉၇ ခုနစ်မှာတော့ ကျွန်မကို ခရိုင်တစ်ခုလုံးက လေးစားကြည်ညို လာကြရပါတယ်။ကျွန်မဟာ ကလေးတွေရဲ့ ကျန်းမာရေး၊ ကျောင်းသူကျောင်းသားတွေရဲ့ ပညာရေးတွေမှာ အေအိုင်ဒီအက်စ်နဲ့ ပတ်သက်တဲ့ ဟောပြောပို့ချမှုတွေ လုပ်လာခဲ့ရပါပြီ။ ပြီးတော့ လန်းပန် စီရင်စုရဲ့ အေအိုင်ဒီအက်စ် ဝေဒနာရှင်များအသင်းရဲ့ အတွင်းရေးမှူးလည်း ဖြစ်လာခဲ့ပါပြီ။ အလုပ်တွေ အများကြီးလုပ်ခဲ့ရာမှာ လူတွေအများကြီးနဲ့လည်း ရင်းရင်းနှီးနှီး ဆက်ဆံခွင့်ရခဲ့ပါတယ်။အဲဒီတော့ အစိုးရအဖွဲ့အစည်းတွေနဲ့ရော ပြင်ပ အကျိုးဆောင် အဖွဲ့အစည်းတွေနဲ့ပါ ဆက်ဆံရပြီပေါ့။ ကျွန်မပိုပြီး ထင်ပေါ်ကျော်ကြား လူသိများလာခဲ့ရပါပြီ။ လူတွေရဲ့ အလေးပေးမှုကို ကောင်းကောင်းကြီးရခဲ့ပါပြီ။

အဲဒီအတွက် ကျွန်မ ဂုဏ်ယူလို့မဆုံးတော့ပါဘူး။ ကျွန်မဟာ အရင်ကလို အညတရ ကျေးတောသူ တစ်ယောက် မဟုတ်တော့ပါဘူး။ သာမန် အေအိုင်ဒီအက်စ် ရောဂါသည်လို လူတွေရဲ့ ဖယ်ကြဉ်မှုကိုလည်း မခံရတော့ပါဘူး။ ဘယ်လောက်ထိလဲဆိုရင် ကျွန်မဟာ ချင်းမိုင် မှာ ကျင်းပတဲ့ နိုင်ငံတကာ အေအိုင်ဒီအက်စ် နီးနှောပွဲလို အစည်းအဝေးကြီး တွေမှာလည်း တက်ရောက်နေပါပြီ။ ကျွန်မလား.... အင်္ဂလိပ်လို မပြောတတ်ပါဘူး။ ဒါပေမဲ့ရှင် ကျွန်မအတွက် သူရို့က စကားပြန်တွေ ဘာတွေ ထားပေးကြတယ်ရှင့်။ ဘယ်လောက် မျက်နှာပန်းပွင့်သလဲလို့။ အဲဒီဆွေးနွေးပွဲတွေမှာ အလွန် အဖိုးတန်တဲ့ ကာကွယ်ကုသနည်း တွေလည်း တွေ့ရတယ်ရှင့်။ တခြားမဟုတ်ပါဘူး။ တချို့နိုင်ငံတွေက ရောဂါသည်တွေဟာ AZT,DDC,DDI စတဲ့ကာကွယ်ဆေးတွေမသုံးဘဲ လူကောင်းလိုနေနိုင်ကြတယ်ဆိုတာ ပါပဲ။ ဘာကြောင့်လဲတဲ့။ တခြား မဟုတ်ပါဘူး။ သူရို့ဟာ သူရို့ကိုယ်သူရို့သိပ်ဂရုစိုက်ကြတယ်။ ထိန်းသိမ်းကြတယ်။ လေ့ကျင့်ခန်းတွေပုံမှန်လုပ်ကြလို့ပါပဲတဲ့။ ဒီတော့ သူရို့မှာ အေအိုင်ဒီအက်စ် လက္ခဏာ သိပ်မပြကြပါဘူးတဲ့။ ကျွန်မတို့ ယိုးဒယားနိုင်ငံသားတွေကတော့ ရောဂါလက္ခဏာတွေ များများပြကြတယ်။ အင်းလေ… ခန္ဓာကိုယ် တည်ဆောက်ပုံကလည်း သေးကွေးကြတာကိုး။

အဲဒီအတွေ့အကြုံတွေကို ကျွန်မက ပြန်ပြီး အသုံးချပါတယ်။ ယိုးဒယားဝေဒနာရှင်တွေကို ရှင်းလင်းပြောပြပြီး အတုယူစေပါတယ်။ ကျွန်မလည်း အချိန်ရှိသရွေ့ လေ့လာမှတ်သား နေရတာပေါ့လေ။ ပြီးတော့ သူရို့ကို ပြောရတယ်။ စိတ်ဓါတ်မကျနဲ့ ..ပေါက်တတ်ကရတွေ (ကိုယ့်ကိုကိုယ် သတ်သေဖို့ကြိုးစားတာတို့ ... တစ်ပါးသူကို ရောဂါဖြန့်တာတို့ ) မလုပ်ကြဖို့ပေါ့။ ဟုတ်တယ်လေ။ လူတိုတာက စိတ်ဓာတ်ကျလာရင် ရန်လိုတတ်တာကိုး။ ကျွန်မကတော့ အဲသလို ကူညီလုပ်ကိုင်ပေးနေရတာကို ဂမ်းသာပါတယ်။ ပီတိဖြစ်ရပါတယ်။ ကိုယ့်ဘဝ ကိုယ်တောင် မေ့မေ့နေတတ်ပါရဲ့။ ဒါပေမဲ့ရှင်…ကျွန်မတို့ဆီရောက်ရောက်လာတဲ့ ရောဂါသည်တွေဟာ အများအားဖြင့် ရောဂါကျွမ်းနေသူတွေ၊ နောက်ဆုံးအချိန်ကို ရောက်နေသူတွေ များနေတော့

တော်တော်စိတ်မကောင်းဖြစ်ရပါတယ်ရှင်။ ဒီတော့လည်း ထင်သလောက်မကူညီနိုင်ဘူး။ ကူညီလို့မရဘူးပေါ့လေ။

ဘာပဲဖြစ်ဖြစ်ကျွန်မကတော့ ဖွဲ့မလျှော့ပါဘူး။ ခုဆိုရင် ဆရာဂန်တစ်ယောက်နဲ့ရင်ပေါင်တန်းပြီး ရေဒီယိုကနေ ဟောပြောပို့ချမှုတွေ ဘာတွေ လုပ်နေရပါပြီ။ ကျွန်မလေ ... ကိုယ့်အိမ်မှာပဲ အေအိုင်ဒီအက်စ် ဝေဒနာရှင်များ အဖွဲ့လေးတောင် တည်ထောင်ထားပါတယ်။ ကျွန်မအိမ်က အဖွဲ့လေးက လူဆယ်ယောက်ရှိပါတယ်။ အောင်မယ် အဲဒီလူအင်အားနဲ့ပဲ ကျွန်မတို့ ရွာတော်တော်အလုပ်ဖြစ်တာပါ။ တစ်ပိုင်တစ်နိုင်ပေါ့နော်။ ရွာက မိဘမဲ့ကလေးတွေ ဆိုရင် ကျွန်မတို့က ကောင်းကောင်း စောင့်ရှောက်ပေးထားပါတယ်။

တကယ်တော့ရှင် စိတ်ဓာတ်ဟာ သိပ်အရေးကြီးပါတယ်။ ရောဂါတော်တော်များများကို စိတ်ဓာတ်နဲ့ကုလို့ရပါတယ်။ ကျွန်မကတော့လေ... အသက်ရှင်ခွင့်ရနေသေးသရွေ့ ဖွဲ့မလျှော့ဘူး။ ဘဝတူ ဝေဒနာသည်တွေကို ကူညီမယ်။ စောင့်ရှောက်မှု လိုအပ်နေသူတွေကို စောင့်ရှောက်မယ်။ ကြိုတင်ကာကွယ်ဖို့ လိုအပ်နေသူတွေကို ပညာပေးစည်းရုံးမယ်။ မွန်မြတ်တဲ့ စေတနာရှင် ဖြစ်ရတဲ့ဘဝကို ကျွန်မ မြတ်နိုးတယ်။

ကျွန်မစာကို ဖတ်ရတဲ့ သူများကိုလည်း ပြောလိုက်ချင်ပါတယ်။ ကျွန်မလည်း ရှင်တို့က အားပေးကလူရှိကြပါဦးလို့။
ကျေးဇူးပါပဲ ... ဆရာဂန်တို့ရေ။ ကျေးဇူးပါပဲ.. နိုင်ငံတော်အစိုးရရေ။

အဲ ..ပြီးတော့ မချွင်းမချန် ကျေးဇူးတင်လိုက်ရပါဦးမယ်။ ကျေးဇူးပါပဲ "အေအိုင်ဒီအက်စ်" ရေ။ ရှင်နဲ့ကျွန်မ စတွေ့တဲ့နေ့ကစ လို့ ခုဆို ဆယ်နှစ်တိုင်တိုင် အသက်ရှင်နေခဲ့ပါပြီ။ ရှင်ဟာ ကျွန်မရဲ့ သူငယ်ချင်းကောင်းတစ်ယောက်လိုကို ဖြစ်နေပါပြီ။ ဟုတ်တယ်လေ... ရှင်က ပညာပေးလို့

ကျွန်မကလည်း ဘဂတူဝေဒနာရှင်တွေကို ကျေးဇူးပြုနိုင်တာမဟုတ်လား။ ကျွန်မဘဂ ဟာလည်း သာမန်လူတစ်ယောက် မဟုတ်တော့ပဲ လူသိရှင်ကြား ဝေဒနာရှင်ဘဂ ရောက်ခဲ့တာပဲ မဟုတ်လား။ အေအိုင်ဒီအက်စ် ကြီးရေ ...။

နန်း

"မစ္စ နန်း" ဟာ ပထမဦးဆုံးသော "အေအိုင်ဒီအက်စ်ရောဂါဆိုးကြီးကို ကျေးဇူးတင်ပါတယ်" ဟု ပြောချလိုက်သည့် ယိုးဒယားမလေး ဖြစ်ပါသည်။ လောကတွင် အကောင်းမြင်တတ်သည့် စေတနာရှင်၊ ကရုဏာရှင်တို့သည် အဆိုးကိုပင်လျှင် ယောနိသော မနသိကာယ နှလုံးသွင်းပြီး အကောင်းဘက်က ရှုမြင်တတ်ပေသည်။ ထို့အတွက် ကာယကံရှင်မှာရော၊ ပတ်ဂန်းကျင်မှာပါ စိတ်ချမ်းသာကိုယ်ကျန်းမာမှုများ ရရှိနိုင်ပါသည်။ လောကကြီးကတော့ အကောင်းရော အဆိုးရော ခွန်တွဲဖော်ကျူးနေမှာ ဓမ္မတာဖြစ်သည်။ ကိုယ်က သန့်ယူ ကန့်ယူတတ်ဖို့ အရေးကြီးပါသည်။ "မစ္စနန်း" သည် အဆိုးဝေဒနာများကို ယောနိသော မနသိကာယ စိတ်သွင်း၍ နှလုံးအေးခဲ့ပါသည်။ သူသည် အဆိုးထဲမှ အကောင်းကို ရွေးထုတ် စစ်ထုတ်ပြီး ဘဂ သင်ခန်းစာများကို ရယူခဲ့ပါသည်။ ထိုနည်းတူ ... ထိုအကောင်းစိတ်ကလေးကိုလည်း ဖြန့်ဝေပေးနိုင်ခဲ့သူ ... သူတော်စင်မလေး ဟု ဆိုက လွန်အံ့မထင်ပါလေ။ မစ္စနန်း အသက်ရာကျော်ရှည်ပါစေသော်ဂ်.....။

သုမောင်

၁၁-၁၁-၀၆

*Japan International Cooperation Agency မှထုတ်ဝေသော Lesson of Life စာအုပ်ငယ်မှာ AIDS ဝေဒနာရှင် တစ်ဦး၏ ကိုယ်ရေးအကျဉ်းဖြစ်ပါသည်။*

# ကူးတို့လှေငယ်ရှင်

## မောင်ခင်မင်(ဓနုဖြူ)

ရန်ကုန်တက္ကသိုလ်နှစ်လည်စာစောင် ၁၉၅၉-၆၀၊ အတွဲ ၄၊ အမှတ် ၁၊ နှာ ၄၆။

ငါသည် ဆရာ၏အထံဝယ် အထူးထူးသော စာပေကျမ်းဂန်များကို လေ့လာဆည်းပူးခဲ့ကြသည်မှာ ကြာခဲ့ပေပြီ။ သို့သော် ဆရာ၏ထူးမြတ်လှသော ကျေးဇူးဂုဏ်များကို ငါသည် လေးနက်စွာ ဆင်ခြင်မိခြင်း မရှိလေခဲ့။

တစ်နေ့သောအခါ...

ဆရာသည် ငါ့အား တခုသော မြစ်ဆိပ်ကမ်းနားသို့ ခေါ်ဆောင်ခဲ့လေသည်။

အပြောကျယ်လှစွာသော မြစ်ပြင်၌ တပြောင်းတပြန် လူးလိမ့်နေသည့်လှိုင်းတံပိုးများ၏အကြားဝယ် တဦးသော "ကူးတို့လှေငယ်ရှင်"ကို ငါမြင်ရသည်။

လှေငယ်ရှင်သည် လှိုင်းလေတို့၏အန္တရာယ်ကို ဂရုမူမိဟန် မတူပေ။ လှေငယ်ကို တဘက်ကမ်းမှသည် အခြားတဘက်ကမ်းသို့သာ လှော်ခတ်ကာ ကူးတို့ပို့ဆောင်လျက် ရှိနေပေသည်။

ယင်းသည့်အခိုက်ဝယ် ဆရာ၏အောင်မြင်ခန့်ညားလှသော မိန့်မြွက်သံကို နာခံရတော့သည်။

"ချစ်တပည့်၊ ဤကူးတို့လှေငယ်ရှင်သည် အန္တရာယ်များလှစွာသော မြစ်ပြင်ဝယ် ပင်ပန်းကြီးစွာ လှော်ခတ်နေခြင်းဖြင့် ခရီးသည်များအား မည်သို့သော အကျိုးသက်ရောက်မှုကို ဖြစ်စေဘိသနည်း။

ငါသည် မဆိုင်းမတွပင် ဤသို့ ဖြေကြားလိုက်ပါ၏။

"မြတ်ဆရာ၊ ဤလှေငယ်၏ကျေးဇူးကြောင့် ခရီးသည်များသည် ကူးဖြတ်ရန် ခဲယဉ်းစွာသော မြစ်ပြင်ကျယ်ကို အလွယ်တကူ ကူးဖြတ်နိုင်ကြ၏။ သို့ဖြစ်ခြင်းကြောင့် ဤလှေငယ်ရှင်သည် ခရီးသည်များအား အကျိုးများစွာ ဖြစ်ထွန်းစေသည်။"

"ကောင်းလှပေပြီ ချစ်တပည့်၊ ဤသို့ ပို့ဆောင်ခြင်းဖြင့် ဤလှေငယ်ရှင်အဘို့ မည်သို့သော ကိုယ်ကျိုးသက်ရောက်မှု ဖြစ်သနည်း။"

"မြတ်ဆရာ၊ ဤလှေငယ်ရှင်၏ သံသရာအကျိုးကား များလှစွာ၏။ ပစ္စုပ္ပန်အနေနှင့်မူ အနည်းငယ်မျှသော အသပြာကိုသာ ကူးတို့ခအဖြစ် ရရှိပေသည်။

ငါ၏စကားအဆုံးဝယ် ဆရာသည် တည်ငြိမ်လှစွာသော အသံဖြင့် ဤသို့ မိန့်မြွက်လေတော့သည်။

"ချစ်တပည့်၊ ဆရာတို့၏ဘဝသည်လည်း ဤကူးတို့လှေငယ်ရှင်၏ဘဝနှင့်မည်သို့မျှ မခြားနားပေ။ ကျောင်းသားလူရွယ် "ခရီးသည်"များအား "ဘဝ"မြစ်ပြင်ကို အလွယ်တကူ ဖြတ်ကျော်၍ "ရည်မှန်းချက်ပန်းတိုင်"တည်းဟူသော တဘက်ကမ်းသို့ ရောက်ရှိနိုင်ရန် "ပညာ"လှေဖြင့် ပို့ဆောင်ပေးရသည့်တာဝန်ကား ဆရာတို့ပြုအပ်သည့်တာဝန်ပင် ဖြစ်တော့သည်။ ဆရာတို့သည် ဘဝပန်းတိုင်သို့ ရောက်လေပြီးသော ဘဝခရီးသည် တပည့်များအား နှစ်ထောင်းအားရစွာ ရှုကြည့်ခြင်းဖြင့်လည်းကောင်း၊ ဘဝမြစ်ပြင်တွင် ကူးခတ်ဆဲဖြစ်သော ဘဝခရီးသည်များအား လိုရာသို့ ပို့ဆောင်ပေးခြင်းဖြင့်လည်းကောင်း၊ လာလတ္တံ့သော ဘဝခရီးသည်များအား မျှော်လင့်စောင့်စားခြင်းဖြင့်လည်းကောင်း၊ မိမိတို့၏ဘဝကို နှစ်သိမ့်ကြည်နူးနေကြရပေသည်။ ဆရာတို့အနေနှင့်မူ သံသရာအကျိုးများသော်လည်း ပစ္စုပ္ပန်အားဖြင့် အနည်းငယ်မျှသော အသပြာဖြင့်သာ ရောင့်ရဲလျက် နောက်ဆုံးတွင် ဤကူးတို့လှေငယ်ရှင်ကဲ့သို့ပင် မထင်မရှားဘဝကို စွန့်လွှတ်ရမည်ဖြစ်ပေသည်။

ဤသို့ မိန့်မြွက်ပြီးသည်၏အဆုံးဝယ် ငါသည် ဆရာမြတ်၏ကျေးဇူးဂုဏ်ကို သံသယမရှိ၊ စေ့စုံရှင်းလင်းစွာ ဆင်ခြင်မိပြီဖြစ်၍ ရွှင်လန်းသောစိတ်ထားဖြင့် ဆရာ့အား ဦးခိုက်မိသတည်း။

"ကျေးဇူးရှင်ဆရာများသို့"

မောင်ခင်မင်(ဓနုဖြူ)

## သိက္ခာရှိတဲ့ မုန့်ဟင်းခါး




သိက္ခာရှိတဲ့ မုန့်ဟင်းခါး

ကျွန်မနှင့် ညီမလေး သူဇာတို့သည် တစ်ယောက်ကိုတစ်ယောက် အလွန်ချစ်ကြပါသည်။ အထက်အောက် တစ်နှစ်သာ ကွာခြားပြီး ညီအစ်မ နှစ်ယောက်တည်းသာရှိသဖြင့် တခြားမောင်နှမတွေ ချစ်ကြတာထက် ပိုသည်။ စားလည်း အတူတူ၊ ကစားလည်း အတူတူ၊ ကျောင်းသွားတော့လည်း အတူတူ အမြဲတမ်း မခွဲမခွာ ရှိနေကြသည်။

ရုပ်ချင်းကလည်း တူသဖြင့် အမြွှာညီအစ်မဟုပင် ထင်ကြပါသည်။
အမြွှာတွေလားဟု မေးလျှင် ကျွန်မတို့ကလည်း ငြင်းဆန် မနေတော့၊ ရယ်စစနှင့် ခေါင်းညိတ်ပြလိုက်ကြသည်သာ ဖြစ်သည်။ မေမေကလည်း ကျွန်မတို့ နှစ်ယောက်ကို အဝတ်အစား ဆင်တူချုပ်ပေးသည်။ ညီမလေးက ထွားသဖြင့် ကိုယ်လုံးကိုယ်ထည်ချင်းလည်း အတူတူလောက်ပင် ဖြစ်နေသည်။
သူစိမ်းများက ကျွန်မတို့ ညီအစ်မကို ရုတ်တရက် မခွဲခြားတတ်။
သို့သော် ဖေဖေ မေမေနှင့် ရင်းနှီးသော ဆွေမျိုး မိတ်ဆွေများကတော့ ကောင်းကောင်းကြီး ခွဲခြားတတ်ပါသည်။
ကျွန်မနှင့် ညီမလေး သူဇာ၏ အကြိုက်နှင့် စရိုက်ကတော့ အရှေ့နှင့် အနောက်လို လုံးဝ ကွဲပြားခြားနား၍ နေပါသည်။ ကျွန်မက အစိမ်းရောင် ကြိုက်

လျှင် ညီမလေးက အနီရောင် ကြိုက်သည်။ မေမေက သည်တစ်ခါ ကျွန်မ
ကြိုက်သည့် အဆင် အသွေးကို အင်္ကျီချုပ်ပေးလျှင် နောက်တစ်ခါ ညီမလေး
ကြိုက်သည့် အဆင်ကို ချုပ်ပေးရသည်။
အစာ စားသည့်အခါ ကျွန်မက ချဉ်ချဉ်စပ်စပ် ကြိုက်သည်။
ညီမလေးက ချိုချိုဆိမ့်ဆိမ့် ကြိုက်သည်။ ငါးတစ်မျိုးတည်းကို မေမေက ညီမလေး
အတွက် ကြော်ပေးရပြီး ကျွန်မအတွက် ချဉ်ရည်ချက်ပေးရသည်။ ကျွန်မက
တိတ်တိတ်ဆိတ်ဆိတ် နေတတ်သည်။ ညီမလေးက သွက်သွက်လက်လက် သွား
လာလှုပ်ရှားနေတတ်သည်။ ကျွန်မက သည်းခံသည်။ သို့သော် စိတ်ကြီးသည်။
ညီမလေးက စွာသည်။ သို့သော် အတေးအမှတ် မထားတတ်။ ကျွန်မက သိမ်း
သိမ်း ဆည်းဆည်း နေသည်။ ညီမလေးက ဖြစ်ကတတ်ဆန်း နေသည်။ သို့သော်
ကျွန်မတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ချစ်ကြသည့်အတွက်
အဆင်တော့ ပြေပါသည်။
ကျွန်မမို့ သူများက အနိုင်ကျင့်ခံရပြီ ဆိုလျှင် ညီမလေးက သိသိချင်း
သွားပြီး ရန်တွေ့တတ်သည်။ သူ့ကို ကြောက်သဖြင့် ကျွန်မကို မထိရဲကြ။
ညီမလေး သူ့အခန်းထဲမှာ ဖွထားသမျှတွေကိုတော့ ကျွန်မက မေမေ မသိအောင်
သိမ်းဆည်းပေးရတတ်ပါသည်။
မေမေကတော့ ကျွန်မတို့ နှစ်ယောက်ကို ဘယ်လောက် ဝေးဝေးက
မြင်ရသည်ဖြစ်စေ ဘယ်ဟာ သူဇာပဲ၊ ဘယ်ဟာ နန္ဒာပဲ ဆိုတာ အရိပ်မြင်ရုံဖြင့်
သိသည်ဟု ဆိုပါသည်။
ကျွန်မတို့နှစ်ယောက် အရွယ်ရောက်သည့်အခါ အသွင်သဏ္ဌာန်ချင်း
က ပို၍ ကွဲပြား ခြားနားလာသည်။ ညီမလေးက အင်္ကျီ ဆင်တူဝတ်ဖို့
ငြင်းဆန်တတ်လာသည်။ ကျောင်းကို သူ့သူငယ်ချင်းများနှင့် သူ သွားသည်။
သူ ကြိုက်သည့် ဟင်းကို သူ့ဘာသာ ဝင်ချက်ပြီး တစ်ယောက်တည်း စားလေ
သည်။ သူ့အခန်းထဲကို ကျွန်မ ဝင်ရောက် ရှင်းလင်းပေးတာကိုလည်း မကြိုက်
တော့။ ကျွန်မ ရှင်းလိုက်လျှင် သူ မှတ်သားထားသည့် ပစ္စည်းတွေ နေရာ ရွေ့သွား
သည်ဟု အဆိုရှိလေသည်။
ရုပ်ရှင်ကြည့်လျှင်လည်း သူနှင့် ကျွန်မ အကြိုက်ချင်းမတူ။ တီဗွီ ကြည့်
လျှင်လည်း ကျွန်မ နှစ်သက်သည့် ဇာတ်လမ်းမျိုးကို သူက ငြီးငွေ့ သန်းဝေကာ
ထသွားတတ်သည်။ ကျွန်မတို့ ညီအစ်မနှစ်ယောက် တစ်စတစ်စ ကင်းကွာ
လာကာ တွဲ၍ မဖြစ်တော့။ သို့သော် အချစ်တော့ မပြယ်ကြပါ။
ဖေဖေက သွက်လက်ပြီး စာတော်သော ညီမလေးကို ချစ်သလို
မေမေက စဉ်းစား တွေးခေါ်တတ်သော ကျွန်မကိုသာ အားကိုးကာ အစစ
အရာရာ တိုင်ပင်ပါသည်။
ကျွန်မ ဆယ်တန်းမှာ တစ်နှစ်ကျသဖြင့် ကျွန်မနှင့် ညီမလေး
တက္ကသိုလ်သို့ အတူတူ တက်ရသည်။ ယူသည့် ဘာသာရပ်ချင်းတော့ မတူကြပါ။
ကျွန်မတို့ ညီအစ်မကိုလည်း အမြွှာညီအစ်မဟု ဘယ်သူကမှ မထင်တော့။ ကျွန်မ
ကျောင်းတက်သည့် နေရာသို့ ညီမလေး လာသည့်အခိုက် ကျွန်မက သူငယ်ချင်း
များနှင့် မိတ်ဆက်ပေးသည်။ 'ညီအစ်မ တစ်ဝမ်းကွဲလား'ဟု သူငယ်ချင်းများက
မေးသည်။
'မဟုတ်ပါဘူး၊ ညီအစ်မ အရင်းပါ၊ ရုပ်ချင်း ဒါလောက် တူတာကို'

'မတူပါဘူး'
သူငယ်ချင်းများက ပြိုင်တူ အော်ကြသည်။
'တခြားစီပဲ'

နောက်တစ်ယောက်က ဖြည့်စွက်သည်။
ညီမလေးနှင့် အတူ ပါလာသော သူငယ်ချင်းများကလည်း သိပ်မတူ
ဘူးဟု မှတ်ချက်ပေးကြသည်။ ကျွန်မတို့ ညီအစ်မ ပြုံးနေလိုက်ရသည်။ ထို့ထက်
ဆိုးတာက ကျွန်မနှင့် ညီမလေး အသက်တစ်နှစ်သာ ကွာပါသည် ဆိုတာကို
လည်း ဘယ်သူကမှ မယုံကြ။
'ကိုယ်က သိပ်ရင့်နေတယ် ထင်တယ်'
ကျွန်မကပြောတော့ 'မဟုတ်ပါဘူး၊ တစ်ယောက် တစ်မျိုးတော့
လှတာပါပဲ'ဟု နှစ်သိမ့်ပေးကြပါသည်။
'မင်းညီမလေးက လှလဲလှတယ်၊ နုလဲနုတယ်၊ ကလေးလေးလိုပဲ၊
တက္ကသိုလ်ကျောင်းသူလို့တောင် မထင်ရဘူး၊ ဒါပေမယ့် မင်းကမှ ရင့်ကျက်ပြီး
အေးအေးချမ်းချမ်းနဲ့ လှတာပါကွာ'
သည်စကားကိုတော့ သူငယ်ချင်းများက ညီမလေး ကွယ်ရာကျမှ
ပြောခြင်း ဖြစ်ပါသည်။
ညီမလေးရဲ့ သူငယ်ချင်းများကလည်း ကျွန်မ ကွယ်ရာမှာ ပြောကြ
သည်တဲ့။
'မင်းအစ်မက မင်းနဲ့ တစ်နှစ်ပဲကွာတယ်သာ ဆိုတယ်၊ မင်းနဲ့ ယှဉ်လိုက်
တော့ အဘွားကြီးလေး ကျနေတာပဲ' တဲ့လေ။
* * *
ကျွန်မနှင့် ညီမလေး တစ်နှစ်တည်း အတူတူ ဘွဲ့ရကြသည်။ ကျွန်မက
ကျွန်မ ဝါသနာပါသော ကျောင်းဆရာမအလုပ်ကို ဝင်လုပ်ပါသည်။ ညီမလေး
ကိုလည်း ဖေဖေနှင့် မေမေက ရုံးတစ်ရုံးမှာ ဝင်လုပ်စေချင်ပါသည်။ ညီမလေးက
ခါးသည်းစွာ ငြင်းဆန်သည်။
'လခစားတော့ မလုပ်ပါရစေနဲ့၊ ဘယ်တော့မှ ကြီးပွားမှာ မဟုတ်ပါဘူး'
'ဒါဆိုရင် သမီးက ဘာလုပ်ချင်လို့လဲ၊ ဖေဖေတို့မှာ အရင်းအနှီးတော့
များများ မရှိဘူးကွယ်'

ဖေဖေကတော့ ဝန်ထမ်းဘဝနှင့် ကျင်လည်လာခဲ့ရသူပါပဲ။ သို့သော်
ညီမလေးက ထက်မြက်သူ ဖြစ်လေတော့ ညီမလေး၏ အလိုဆန္ဒကို ဖေဖေက
ကန့်ကွက်လိုစိတ် မရှိ။
'သမီးက ကုန်ကူးချင်တယ် ဖေဖေ၊ အရင်းအနှီး သိပ်မလိုပါဘူး၊
မော်လမြိုင်မှာ သမီး သူငယ်ချင်းတွေ ရှိတယ်၊ သူတို့ကလဲ ခေါ်နေတာ၊ သမီး
တစ်ခေါက် သွားချင်တယ်'
'ဒါတော့ မလုပ်ပါနဲ့ သမီးရယ်၊ အသည်း တထိတ်ထိတ်နဲ့ လုပ်ရမယ့်
အလုပ်မျိုးတော့ မလုပ်ပါနဲ့၊ သမီး လုပ်ချင်ရင် ဆိုင်ဖွင့်ရင် ဖွင့် အတည်တကျ
ရောင်းဝယ်တာမျိုး လုပ်ပါ၊ မေမေတို့ တတ်နိုင်သလောက် မတည်ပေးပါ့မယ်'
ကျွန်မတို့ မိသားစုအားလုံးက ညီမလေးကို ငယ်ငယ်ရွယ်ရွယ် လှလှ
ပပနှင့် ဟိုသည် ကူးသန်းရသော အလုပ်ကို လုံးဝ မလုပ်စေချင်ကြပါ။ ဒါကိုတော့
ဖေဖေကလည်း သဘောမတူ။ နောက်ဆုံးတော့ ရှိရှိသမျှ ပေါင်နှံ ရောင်းချကာ
ညီမလေးအတွက် အလှကုန်ဆိုင်လေး တစ်ဆိုင် ဖွင့်ပေးကြပါသည်။
သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်ရှိသော ညီမလေး၏ ဆိုင်
ကလေးက တစ်နှစ်အတွင်းမှာ သားသားနားနား ဖြစ်လာသည်။ ကျွန်မကတော့
ခြင်းလေးတစ်လုံး လက်ဆွဲကာ မူလတန်းပြ ဆရာမလေး ဘဝက မတက်ခဲ့ပါ။
သို့သော် သူ့နည်း သူ့ဟန်တော့ ကျွန်မတို့ နှစ်ယောက်လုံး စိတ်ချမ်းသာမှု ကိုယ်စီ
ရှိကြပါသည်။ ကျွန်မက တပည့်တပန်း ကလေးငယ်တွေနှင့် ထွေးရောယှက်တင်
ဖြစ်ကာ ပျော်ပိုက်နေသကဲ့သို့ ညီမလေးကလည်း သူ့ အလှကုန် ပစ္စည်းတွေ၊

အမြတ်အရှုံး စာရင်းဇယားတွေနှင့် မအားမလပ်သည့်ကြားက တစ်နေ့တစ်ခြား လှပ စိုပြည်၍ နေပါသည်။
ဘဝဆိုတာ ကိုယ့်ဘဝကိုယ် ကျေနပ်နှစ်သိမ့်ဖို့ အရေးကြီးသည်ဟု ပထမဆုံးအနေဖြင့် သုံးသပ်မိသည်။ ကျွန်မကလည်း ညီမလေးကို ဘာမျှ ဝေဖန် မနေသကဲ့သို့ ညီမလေးကလည်း ကျွန်မကို နှိမ်ချခြင်းမျိုး မရှိခဲ့။ တစ်ခုတော့ ရှိရဲ့။ ဖေဖေတို့ မေမေတို့ အနေနှင့်တော့ ညီမလေးရဲ့ ဝင်ငွေကို ပိုပြီး အားထား လာရသည့် အခြေအနေမှာ ရှိခဲ့ရလေသည်။
* * *
ညီမလေးသည် ကျွန်မထက် တစ်နှစ်စော၍ လက်ထပ်ပါသည်။

ဖေဖေနှင့် မေမေသည် သမီးနှစ်ယောက်၏ အိမ်ထောင်ရေးကိုလည်း စိတ်တိုင်းကျ ဖြစ်စေခဲ့ပါသည်။ 'သမီး နှစ်ယောက်က တစ်ယောက် တစ်မျိုးစီ လိမ္မာတာပါပဲ၊ ဒီလောက်ဆိုရင် ဖေဖေတို့ ကျေနပ်တယ်'ဟု ဖေဖေက ဖွင့်ဟ သည်။ သို့သော် ညီမလေး တစ်ယောက် အိမ်ထောင်ပြုပြီး အိမ်က ခွဲထွက်သွား သည့်အတွက်တော့ ကျွန်မတို့ မိသားစု စိတ်မကောင်း ဖြစ်ခဲ့ရသည်။
နကိုကမှ လူနည်းရသည့်အထဲ ညီမလေး မရှိတော့ ကျွန်မတို့ တစ်အိမ်လုံး ခြောက်သွေ့သွားပါသည်။ ညီမလေးနှင့် စာလျှင် ကျွန်မ မရှိတာကမှ အိမ်မှာ သိပ်ပြီး ထူးခြားမည် မဟုတ်။ အထူးသဖြင့် ညီမလေးကို အချစ်ပိုသော ဖေဖေတစ်ယောက် ငြိမ်သက်တိတ်ဆိတ်၍ သွားသည်။ ညီမလေး၏ စတိုးဆိုင် လေးလည်း မရှိတော့။ ညီမလေးက ခင်ပွန်းလောင်းကိုလည်း စနစ်တကျ ရွေးချယ်တတ်သည်။
သူ့ခင်ပွန်းက အောင်မြင်သော စီးပွားရေးသမား တစ်ယောက်ပေပဲ။ လင်မယား နှစ်ယောက်လုံး တက်ညီလက်ညီ စီးပွားရှာကြလေသည်။ တစ်နှစ် အတွင်းမှာ ညီမလေးက ခြံနှင့် အိမ်နှင့် ကားနှင့် တင့်တောင့်တင့်တယ် ဖြစ်၍ နေသည်။
ညီမလေးသည် အိမ်ကို မကြာမကြာတော့ ရောက်၍ လာပါသည်။ ဖေဖေနှင့် မေမေတို့ ကြိုက်တတ်သော အစားအသောက် အဝတ်အထည်လေး တွေ အမြဲ ပါလာသည်။ လစဉ်လည်း ထောက်ပံ့ပါသည်။ သို့သော် ညီမလေး သည် အိမ်မှာ ကြာကြာ မနေနိုင်။
'သွားမှ ဖြစ်မယ် ဖေဖေ၊ သူဇာ မရှိရင် မဖြစ်ဘူး၊ ကြာကြာနေလို့ မဖြစ်ဘူး၊ ဖေဖေ လိုတာရှိ ဖုန်းဆက်နော်၊ သွားမယ် မမ၊ သွားမယ် မေမေ'
ညီမလေးသည် ကသောကမျော နှုတ်ဆက်ကာ ပြန်သွားရမြဲ ဖြစ်သည်။ ညီမလေးတို့က လမ်းမကြီးတစ်ခုပေါ်မှာ ပြည်ပ ပစ္စည်းအစုံရသော မီနီမားကတ် ဆိုင်ကြီးတစ်ဆိုင်လည်း ဖွင့်ထားသည်။ ရုပ်ရှင်လုပ်ငန်း တစ်ခု မှာလည်း ရှယ်ယာပါသည်။ တကယ့် စီးပွားရေးသမားကြီး ဖြစ်နေသည်။ သို့သော် ညီမလေးကို ကြည့်ရသည်မှာ ယခင်လို သက်တောင့်သက်သာ မရှိလှ။ အလှအပ သည်ပင် ကပိုကရို ဖြစ်နေပြီ။
'တစ်ခါတလေ အေးအေးဆေးဆေး ထမင်းလေးဘာလေး စားသွား စမ်းပါ သမီးရယ်'
မေမေက ပြောလျှင် မီးဖိုထဲ ဝင်ကာ ကမန်းကတန်း လုန်လော စားသွားသည်။

'သူဇာ့ကို ကြည့်ရတာ မေမေ မောလိုက်တာကွယ်'
မေမေက သက်ပြင်းချ၍ ညည်းလေသည်။ ပြီးတော့ မေမေက ကျွန်မကို ပြောသည်။

'သမီး အိမ်ထောင်ပြုရင်တော့ အိမ်က ခွဲမသွားပါနဲ့'တဲ့။
ကျွန်မကဖြင့် မေမေတို့ကို ညီမလေးကဲ့သို့ ပြည့်ပြည့်စုံစုံ ထောက်ပံ့နိုင်သည် မဟုတ်ပါ။ သို့သော် ကျွန်မက နွေးထွေးသော ယုယမှုဖြင့် ပြုစုနိုင်ဖို့ ကြိုးစားရပါမည်။ အသက်ကြီးလာသော ဖေဖေ မေမေတို့အတွက် ထိုအရာလေးတွေ လိုအပ်နေသည်ဟု ကျွန်မ မြင်လာသည်။

* * *

ကျွန်မ ကိုလွင်နှင့် လက်ထပ်သည့်အတွက် ဖေဖေ မေမေတို့က ပိုပြီး ကျေနပ်ပျော်ရွှင်နေကြပါသည်။ အစက အချက်ကတော့ ကျွန်မ အိမ်က ခွဲမသွားရလို့ပါပဲ။ ကိုလွင်ကလည်း ဖေဖေ့လို ရိုးရိုးအေးအေးသမား ရုံးဝန်ထမ်း တစ်ဦး။ ညီမလေး မရှိတော့သည့် နောက်ပိုင်း ပင်စင်စား အဘိုးကြီးတစ်ယောက်အဖြစ် ငြီးငွေ့ ထိုင်းမှိုင်းနေသော ဖေဖေသည် ပြောကာဆိုကာ ရယ်ကာမောကာဖြင့် ကျန်းကျန်းမာမာ ဖြစ်လာသည့်အတွက် ကျွန်မ ဝမ်းသာရပါသည်။
ညီမလေးရဲ့ ယောကျ်ားနှင့်ဆိုလျှင် ဝါဝင်ဝါထွက် ပစ္စည်းတွေ တစ်ပုံတစ်ပင်နှင့် လာကန်တော့သည့်အခိုက် မာကြောင်းသာကြောင်းလောက်သာ ပြောကြသည်။ ဖေဖေက သားမက်ဖြစ်သူ စီးပွားရှာတော်ကြောင်း ချီးကျူးတတ်သော်လည်း ရင်းရင်းနှီးနှီးတော့ မရှိခဲ့။
ကိုလွင့်ကိုတော့ သားတစ်ယောက်လိုပဲ ချစ်ရှာသည်။ ကျွန်မတို့ နှစ်ယောက်လုံး အလုပ်သွားသည့်အခိုက် မေမေသည် မညည်းမညူ ချက်ပြုတ်ကျွေးမွေးရှာပါသည်။ သားမက်ကိုလည်း ခင်ပွန်းနှင့်တန်းတူ အခွင့်အရေးပေး ကျွေးမွေး ပြုစုသည်။ ကျွန်မမှာတော့ နှစ်ယောက်ပေါင်း လခကို အသုံးစရိတ်တွေ နုတ်ပြီး အပ်ရတိုင်း မျက်နှာပူရသည်။ ညီမလေးလို မထောက်ပံ့နိုင်သည့်ပြင် မေမေ့ကိုပါ ဒုက္ခပေးနေရသည်မို့ တောင်းပန်နေမိသည်။
'မေမေတို့ ကိုသိုလ်ကောင်းပါတယ်ကွယ်၊ အသက်ကြီးလာတဲ့ အချိန်မှာ သမီးငယ်က ပြည့်စုံအောင် ထောက်ပံ့သလို သမီးကြီးကလဲ စိတ်ကျန်းမာအောင်၊ အသက်ရှည်အောင် ထောက်ပံ့တာပါပဲ၊ ပြည့်စုံရုံနဲ့လဲ မပြီးသေးဘူး၊

စိတ်ကျန်းမာဖို့လဲ လိုသေးတယ် သမီးရဲ့၊ သမီးဖေဖေဆို ကြည့်၊ ခု ဘယ်လောက်ကျန်းမာနေသလဲ၊ မြေးများ ချီရရင် ပိုပြီး ကျန်းမာမှာ မြင်ယောင်သေး'
မေမေက ပြောမှ ညီမလေးမှာ ကလေးမရသေးတာ သတိရသည်။
သြော် ညီမလေး တစ်ယောက်ကော စိတ်ကျန်းမာပါလေစ။ သူ့ခင်ပွန်း အသောက်အစားများတာ မေမေတို့ကို ပြောမပြမိ။ ကျွန်မဘဝမှာ ညီမလေးကို ကြည့်ပြီး ကိုယ့်ကိုကိုယ် အားမရခဲ့တာကို ဖြေသိမ့်လိုက်ရသည်။ ဘဝရဲ့ ပြီးပြည့်စုံခြင်းကို ကျွန်မ ဆန်းစစ်နေမိသည်။

* * *

'မမက စာရေးတယ် ဟုတ်လား၊ စာရေးဆရာမကြီးပေါ့၊ ညီမလေးဖြင့် သိတောင် မသိဘူး၊ တစ်နေ့ကမှ မမ သူငယ်ချင်း ဈေးလာဝယ်လို့ ပြောမှ သိရတာ၊ မမ ဘာတွေ ရေးလဲ၊ ညီမလေးလဲ ဖတ်ကြည့်ဦးမယ်'
ထုံးစံအတိုင်း ညီမလေးက အိမ်ကို ဝါကျွတ် လာကန်တော့ရင်း ဟောဟောဒိုင်းဒိုင်း ပြောနေပါသည်။ ညီမလေးတို့က ကားကို တစ်နှစ် တစ်စီး လဲစီးသည်။ ပိုပြီးတော့လည်း လှလာသည်။ သူ့ခင်ပွန်းကလည်း ပိုဝ ပိုခန့် နေသည်။
'မမက ခုမှ တစ်ပုဒ်စ နှစ်ပုဒ်စ စမ်းရေးတာပါကွယ်၊ နာမည် မကြီး သေးပါဘူး'
ကျွန်မကတော့ ခုတလောမှ စိတ်ကူးယဉ် အိပ်မက်လေးတွေကို အကောင်အထည်ဖော်နေမိသည်။ ရင့်ကျက်လာသည့် ကာလမှ စာရေးမည်ဟု

ကျွန်မ ရည်ရွယ်ခဲ့သည့်အတိုင်း ဝတ္ထုတိုလေးတွေ စရေးဖြစ်သည်။ ယခုမှ အောင်မြင်မှု လမ်းစလေးက ရေးတေးတေး။
'မမကလဲ ဒီအရွယ်ကျမှ စာရေးပြီး ခုမှ အတိုလေး နှစ်ပုဒ်သုံးပုဒ် ဆိုတော့ ဘာလုပ်ရမှာလဲ၊ လုပ်မနေစမ်းပါနဲ့ မမရယ်၊ လုံးချင်း ထုတ်လိုက်စမ်းပါ၊ ညီမလေးတို့တောင် ခု ရုပ်ရှင်က မဟန်လို့ ထုတ်ဝေရေး လုပ်မလို့၊ မမစာအုပ် ညီမလေး ထုတ်ပေးရမလား'
'မမက စာအုပ်ထုတ်လို့ရတဲ့ အဆင့် မဟုတ်သေးပါဘူးကွယ်'
'ဟာ မမကလဲ အဲဒါတွေ ခက်တာပဲ၊ ညီမလေးတောင် ထုတ်မလို့၊ နာမည်လှလှ တစ်ခု ရွေးပြီး ထုတ်ရုံပဲ၊ ကိုယ်တိုင်လဲ ရေးဖို့ မလိုပါဘူး၊ ဟုတ်တယ် မဟုတ်လားဟင် ကိုကို'

သူ့ခင်ပွန်းဘက် လှည့်ပြောတော့ ရယ်ပြီး ခေါင်းညိတ်သည်။
'သူဇာက ဘာမဆို သူ လုပ်ရင် ဖြစ်မယ် ထင်နေတာခင်ဗျ'
သူက မျက်နှာပျက်သော ကျွန်မကို ကြည့်ပြီး ဖြေ၍ ပြောပါသည်။
'အို ဖြစ်ရမှာပေါ့၊ ခုချိန်ထိ သူဇာ လုပ်တာ မဖြစ်တာ ဘာရှိသေးလဲ၊ ကြည့်နော်၊ စာရေးဆရာလဲဖြစ်အောင် လုပ်ဦးမယ်၊ ဒါပဲနော် မမ၊ လုံးချင်းဝတ္ထုရေး သိလား၊ ဆယ်အုပ်လောက် ရေးထားသိလား၊ တော်ကြာ ညီမလေးက မမအရင် စာရေးဆရာ ဖြစ်သွားဦးမယ် ဟင်းဟင်း'
ချစ်လှစွာသော ညီမလေး ပြန်သွားတော့ ကျွန်မ တွေဝေ ငြိမ်သက်၍ ကျန်ရစ်သည်။ အမြဲတမ်း ညီမလေးကို အထင်ကြီး အားကျခဲ့သော ကျွန်မ။ ယနေ့အဖို့တော့ ဘဝင်မကျနိုင်ပါ။ ဝတ္ထုတိုလေးတွေ ပါသော မဂ္ဂဇင်းလေး သုံးလေးအုပ်ကို ထားစရာ မရှိအောင် ဖြစ်နေသော ကျွန်မ။ ပန်းချီသရုပ်ဖော် လေးကို ကြည့်လိုက်၊ ဖတ်ပြီးသား ပုံနှိပ်စာလုံးလေးတွေကို ပြန်ဖတ်လိုက်နှင့် အသက်သုံးဆယ်ကျော်မှ ကလေးတစ်ယောက်လို ရူးနေသော ကျွန်မ။ ညီမ လေးအတွက် ပြက်ရယ်ပြုစရာ ဖြစ်နေပြီလား။ ညီမလေးက ကျွန်မရဲ့ ကလောင် နာမည်လေးကိုမှ မေးသွားဖော် မရပေ။
* * *
မနေ့က သားဦးလေးရဲ့ မွေးနေ့။ ကျွန်မတို့အိမ်မှာ မုန့်ဟင်းခါးချက်ပြီး ရင်းနှီးသော မိတ်ဆွေတွေကို ကျွေးသည်။ ညီမလေးတို့ မိသားစုလည်း လာသည်။ အဲ မိသားစု ဆိုပေမယ့် သူတို့ ဇနီးမောင်နှံ နှစ်ယောက်တည်းပါ။
ညီမလေးက တန်ဖိုးကြီး မွေးနေ့လက်ဆောင်တွေ ဝယ်လာသည်။
လွန်ခဲ့သော တစ်နှစ်က ပြောခဲ့သည့်အတိုင်း ညီမလေးသည် တကယ့်ကို စာရေး ဆရာမကြီး ဖြစ်၍နေပြီ။ သူဘာတွေ ရေးသလဲ ကျွန်မ မဖတ်။ ကျွန်မကတော့ ဝတ္ထုတိုလေးတွေဖြင့် နာမည်ရစပြုပြီဟု ဆိုရမည်။ လုံးချင်းထုတ်ဖို့တော့ စိတ်မကူးရဲသေး။ သို့သော် မဂ္ဂဇင်းကြီး တစ်အုပ်မှာ ဝေဖန်ရေးဆရာကြီး တစ်ဦးက အားပေး ချီးကျူးခြင်း ခံရသဖြင့် ထိုနေ့က ကျွန်မ အပျော်ဆုံးနေ့ ဖြစ်ခဲ့ရသည်။ ညီမလေးကလည်း ကျွန်မဝတ္ထု တစ်ပုဒ်တလေကိုသော်မှ စိတ်ဝင်တစား ဖတ်ရှု ဟန် မတူပါ။
မုန့်ဟင်းခါးဝိုင်းမှာ ကျွန်မကျောင်းမှ မိတ်ဆွေများက ကျွန်မ ဝတ္ထုလေး တစ်ပုဒ်အကြောင်း စကားရောက်ပြီး ပြောစဉ် ညီမလေးက မုန့်ဟင်းခါးစားရင်း

မျက်စိစွေကြည့်သည်။ ကျွန်မက ညီမလေး စာရေးသည့်အကြောင်း သည်နေရာ မှာ မပြောချင်။ ညီမလေး ကိုယ်တိုင်ကကော ပြောစေချင်ရဲ့လား ကျွန်မ မသိ။ ဝတ္ထုအကြောင်း ပြောပြီးတော့ မုန့်ဟင်းခါးဘက် ရောက်သွားသည်။
'စားလို့ ကောင်းတယ်ဗျာ၊ မုန့်ဟင်းခါးက တော်တော် ကောင်းတယ်၊

စားဖူးသမျှထဲမှာ အကောင်းဆုံးပဲ၊ မြှောက်ပြောတာ မဟုတ်ပါဘူး၊ တကယ်
ပြောတာ၊ သိက္ခာရှိရှိနဲ့ ကောင်းတဲ့ မုန့်ဟင်းခါး'

'ပြောတော့မယ်၊ ကျောင်းဆရာပီပီ စကားတတ်တယ်၊ မုန့်ဟင်းခါးပဲ
သိက္ခာရှိရတယ်လို့'

ညီမလေးက စောင်းငဲ့၍ နားထောင်နေသည်။

'ဟာ ရှိတာပေါ့ဗျာ၊ ဘယ်အရာမဆို သိက္ခာဆိုတာ ရှိတာပဲ၊
မုန့်ဟင်းခါးဆိုပေမယ့် အချိုမှုန့်တွေ အများကြီး ကူပြီး ချက်တာ၊ တချို့
ဆေးသကြားတွေ ထည့်တာ၊ အဲသလို ချိုတာ ကောင်းတာ မဟုတ်ဘူး၊ စနစ်
တကျ ချက်ထားမှန်း စားတာနဲ့ သိတယ်၊ အဲဒါကြောင့် သိက္ခာရှိတဲ့ မုန့်ဟင်းခါးလို့
ပြောရတာ'

ကျွန်မတို့အားလုံး ရယ်ကြရသည်။ ညီမလေးက သူ့ဝိုင်းက ထသွား
သည်။

ထိုနေ့က ညီမလေး စောစော ပြန်သွားပါသည်။ နောက်တော့ ညီမ
လေး စာအုပ်မထုတ်တော့။ တခြား ကန်ထရိုက်အလုပ်တစ်ခု ပြောင်းလုပ်နေ
သည်ဟု သိရသည်။

* * *

အသက် သုံးဆယ်ကျော်မှ စာ စရေးခဲ့သော ကျွန်မသည် ယခု အသက် ငါးဆယ်
ကျော်မှာ မဂ္ဂဇင်း တစ်စောင်ကို ဦးစီး၍ လုပ်ကိုင် နေရပါသည်။
ကျွန်မသည် ညီမလေးလို စီးပွားရေးမှာ အောင်မြင်သူ မဟုတ်။
သို့သော် ကျွန်မ၏ ရည်မှန်းချက်များ အောင်မြင်ခဲ့သည်ဟု ဆိုရမည်။
ကျွန်မလုပ်နေသော မဂ္ဂဇင်းလေးကို အောင်လည်း အောင်မြင်
စေချင်ပါသည်။

ပြီးတော့ သိက္ခာလည်း ရှိစေချင်ပါသည်။

(စံပယ်ဖြူ။ ။မတ်လ၊ ၁၉၉၀)

## ကမဝိုမြေရဲ့ချစ်သူ

ကမဝိုမြေရဲ့ချစ်သူ

ရှူး

သူကသာ ကျွန်မကို နှုတ်မဆက်လျှင် ကျွန်မသူ့ကို လုံးဝမှတ်မိမှာ မဟုတ်ပါ။ သူသည်
ကျွန်မချစ်ခဲ့ဖူးသော လူတစ်ယောက်မဟုတ်တော့ပဲ လူစိမ်းတစ်ယောက်ဖြစ်နေပြီ။ သူ့အသားအရေက
ညိုမောင်းလျက်၊ သူ့ခန္ဓာကိုယ်ကတော့ ကျစ်လစ်တုတ်ခိုင်နေ၏။ သူ၏ နူးညံ့ညိုလဲ့သော
မျက်ဝန်းများနှင့် ပြုံးလိုက်လျှင်ချိုင့်သွားသော ညာဖက်နှုတ်ခမ်းထောင့်စွန်းက
အချိုင့်ရာလေးကိုသာ မမြင်ရလျှင် သူ.. ဟု ကျွန်မဘယ်လိုမှ ထင်မိမှာမဟုတ်။
အနှစ်နှစ်ဆယ်ဟူသော အချိန်ကာလသည် မြတ်နိုးစုံမက်စွာ ချစ်ခဲ့မိသူတစ်ယောက်အား
မမှတ်မိနိုင်လောက်အောင် မကြာမြင့်လှပါ။ သို့သော် ထိုအချိန်ကာလအတွင်းတွင် သူက
အပြောင်းလဲကြီး ပြောင်းလဲသွား၏။

ဟိုတုန်းက သေသပ်စွာ ဖြီးသင်ထားလေ့ရှိသော ခပ်တိုတိုအညိုရောင်ဆံပင်လှိုင်းကလေးများ ပျောက်ကွယ်လျက် ဖွာကြမ်းတွန့်လိမ်သော နီညိုရောင် ဆံပင်ရှည်များ ရောက်နေသည်။ မကျဉ်းမကျယ် ပြေလျောသော နဖူးသည် ဆံပင်ရှိင်းများအောက်တွင် ပျောက်ကွယ်လုနီးပါးဖြစ်နေ၏။ နူးညံ့သော ပန်းသွေးဖျော့ဖျော့ နှုတ်ခမ်းများသည် တင်းမာခြောက်သွေ့သော အညိုရောင်နှုတ်ခမ်းများအဖြစ် ပြောင်းလဲနေပေပြီ။

နဲ့ ခရီးသွားမလို့လား။

သူ့အသံသည်လည်း ဟိုတုန်းက နူးညံ့သိမ်မွေ့မှုများ ပျောက်ကွယ်လျက် မာကျောပြတ်တောက်နေ၏။ သို့သော် မျက်လုံးများ၏ နူးညံ့မှုကတော့ ကံကောင်းထောက်မစွာ ကျန်ရှိနေဆဲဖြစ်သည်။

ဟုတ်ကဲ့.. အိုမဟုတ်ဘူး။ သားတို့ရထားများ ဆိုက်လာမလားလို့ လာစုံစမ်းတာ။

သူသည် လှုပ်ခတ်သွားသော အနေအထားကို သဘောကျသလားမသိ၊ ပခုံးများ လှုပ်အောင် ရယ်မောလေသည်။ ထို့နောက်လွယ်ထားသော ကျောပိုးအိပ်ကို နေရာတကျပြန်ပြင်လိုက်၏။

ဘာရထားလဲ။

ဟိုက ပုံမှန် ညနေ ငါးနာရီခွဲထွက်တဲ့ရထားပဲ။ စပယ်ရှယ်ထရိန်းပေါ့။

အား.. ဒါဆို မမျှော်လင့်နဲ့ဦး။ အိမ်ကိုအေးအေးဆေးဆေးပြန်နားဦး။ အဲဒီရထားက မနက်တစ်နာရီ အစောဆုံးရန်ကုန်ကို ဝင်မယ်တဲ့။

သူ့စကားကို ဘယ်တုန်းကမှ မယုံကြည်ခဲ့သော ကျွန်မသည် ၊မ်တွင်လည်း မယုံသင်္ကာပြန်မေးမိ၏။

ရှင်က ဘာဖြစ်လို့ အတိအကျပြောနိုင်ရတာလဲ။

သူက ပခုံးတွန့်ပြပါသည်။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ်အခုပဲ မေးထားလို့ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကလည်း မဲဒီရထားနဲ့ ပြန်လိုက်မှာမို့ပေါ့။

ကျွန်မ စိတ်ပျက်စွာပင် လက်ကနာရီကို ကြည့်လိုက်မိသည်။

ဒုက၊ဘဲ မနက်ခုနစ်နာရီဝင်မယ့်ရထားက ည တစ်နာရီမှ ဝင်မယ်ပေါ့။ ဘုရား.. ဘုရား... ရထားလမ်းတွေများ ဘာဖြစ်သွားသေးလဲမသိ။ ဘယ်အချိန်ဘယ်ကာလကျမှ ရထားတွေ အချိန်မှန်ထွက်နိုင်မလဲမသိ။ ကျွန်မဖြင့် တစ်နေ့လုံး ဘူတာကို ဖုန်းဆက်တဲ့အလုပ်ပဲ လုပ်နေရတာပဲ။

သူက ကျွန်မကို ပြုံးရုံပြုံးကြည့်လျက် ဘာမှ မပြောချေ။

ထို့နောက် ကျွန်မတို့သည် ရုတ်ရုတ်သဲသဲ ပြည့်လျှံတိုးကြိတ်နေသော လူအုပ်ကြီးထဲမှ တရွေ့ရွေ့ထိုးဖေါက်လျက် ဝင်ပေါက်ရှိရာ ပြန်ထွက်လာကြသည်။ သူ့အရပ်ကြီးက ဟိုတုန်းကထက်ပင် ကျွန်မအပေါ် အုပ်မိုးနေသယောင် ခံစားရသည်။ သူ ၁းနှင့် ပြန်မည်ဆိုလျှင် သူလည်း နံနက်တစ်နာရီအထိ ရထားစောင့်ရတော့မှာပေါ့။ ကျွန်မသူ့ကို စာနာစွာ တစ်ချက်ကြည့်လိုက်တော့ သူက ကျွန်မကို ငဲ့ကြည့်ပြုံးနေ၏။ သူ့မျက်လုံးတွေကတော့ လွန်ခဲ့သည့် နှစ်ပေါင်း(၂၀)က ကျွန်မကိုကြည့်ခဲ့သည့် မျက်လုံးမျိုးအားတိုင်းဖြစ်၏။

နှ အခု ဘာအလုပ်လုပ်နေသလဲ။

သူငယ်ချင်းတစ်ယောက်နဲ့ ကုမ္ပဏီတစ်ခု စပ်တူဖွင့်ထားတယ်။

သူက လေတစ်ချက်ချွန်လိုက်သည်။

တယ်ဟုတ်ပါလား။ တွက်ခြေရော ကိုက်ရဲ့လား။

ကျွန်မသူ့ကို စေ့စေ့ကြည့်ပြီး ပြုံးပြလိုက်ပါသည်။

နုနုမေတို့က မပိုင်ရင် ဘာမှ မလုပ်ဖူးလေ

သူက သဘောကျစွာ ရယ်မောလေသည်။

ဒါနဲ့ ကိုမြင့်ဆွေရော ဘာလုပ်နေလဲ

သူက ချက်ချင်းမဖြေသေးဘဲ ပြုံးနေ၏။ ဘူတာ ဆင်ဝင်ဘက်ထွက်မိတော့မှ ကျွန်မကို ငဲ့ကြည့်ပြီး ညင်သာစွာခေါင်းရမ်းရင်းဖြေပါသည်။

ကိုယ့်အလုပ်ကို နုစိတ်ဝင်စားမှာ မဟုတ်ပါဘူး။ ကိုယ့်အလုပ်က ဝင်ငွေမကောင်းဘူးနုရဲ့

ကျွန်မသည် သူ့အပြောကြောင့်ပင် စိတ်ဝင်စားလာကာ မျက်မှောင်ကြုတ်မိ၏။

စိတ်ဝင်စားတယ် ဘာအလုပ်လဲ။

သူက တစ်ချက်ရယ်ပြန်သည်။

တကၢငှားကားထောင်သလို ဆင်အငှားလိုက်စားတဲ့အလုပ်

ဆင်..ဟုတ်လား။

ကျွန်မ တအံ့တသြဖြစ်သွားသည်ကို သူက သဘောကျ ုံးနိုင်အောင်ရှိသည်။

ကိုမြင့်ဆွေမှာ ဆင်ရှိတယ်ပေါ့။

အင်းလေ..။

ဘယ်နှစ်ကောင်ရှိလဲဟင်..။

နှစ်ကောင်၊ တစ်ကောင်က နည်းနည်းငယ်သေးတယ်။

ကျွန်မ သူ့မျက်နှာကို စူးစိုက်ကြည့်မိ၏။

ဟား.. ဒါများ ဝင်ငွေမကောင်းဘူးပြောရသေးလား။ ဆင်တစ်ကောင်ကို ကာလပေါက်ဈေး
တစ်ဆယ်လောက်ရှိတာ။ နှစ်ကောင်ဆိုတော့။

ကျွန်မစကားမဆုံးမီ သူမျက်ခုံးပင့်ပြ၏။

နက အလကြီးပဲ၊ ဆင်အကြောင်းသိလို့ပါလား။ ဧကန 堅ု ရဲ့ကုမ ္ပီက သစ်ကုမ ္ပီဖြစ်ရမယ်။

ကျွန်မနှင့် ပတ်သက်သမျှ သူ့ခန့်မှန်းချက်များ အမြဲမှားယွင်းလေ့ရှိသလို သည်တစ်ခါလည်း
သူမှားသွားပါသည်။

ဟင့်အင်း.. ပဲအမျိုးမျိုးနဲ့ နမ်း

ထို့နောက် ကျွန်မတို့နှစ်ယောက် ဟက်ဟက်ပက်ပက်ရယ်မောရင်း ဟိုတုန်းကလို ပြန်လည်ရင်းနှီးသွားကြသည်။

ဒါနဲ့ ကိုမြင့်ဆွေ တစ်ယောက်တည်းလား။

တစ်ယောက်တည်းပဲ။

အခု ရထားမဝင်သေးဘူးဆိုတာ အတိအကျသိရပြီဆိုတော့ အခုကျန်နေတဲ့ ခုနစ်နာရီလောက်အချိန်တွေ
ရှင်ဘယ်လိုဖြုန်းမှာလဲ

သူ ကျွန်မကို စူးစူးစိုက်စိုက်ကြည့်နေ၏။

ဘူတာမှာ ပုဆိုးတစ်ထည်ဖြန့်ခင်းပြီး အိပ်စောင့်လိုက်မှာပေါ့ နရဲ့။

ကျွန်မ သူ့ကို မျက်စောင်းထိုးလိုက်မိသည်။

ကြည့်၊ ပစ်စလတ်ခတ်နေတတ်တဲ့ အကျင့်က မပျောက်သေးပဲကိုး။ ခြင်က ကိုက်နဲ့
ကိုမြင့်ဆွေနှယ်။

ရန်ကုန်က ခြင်လောက်တော့ ကိုယ်မဖြုန်ပါဘူး။ ကိုက်မှန်းတောင်မသိရဘူး။ ကိုယ်တို့ဆီက ခြင်တွေ မှတ်တွေကိုမြင်ရင် နှ ဖျားတောင်ဖျားသွားနိုင်တယ်။

နေပါဦး၊ ခုရှင် ဘယ်မှာနေတာလဲ။ မန 塘鹿:မှာလား။

မဟုတ်ဘူး။ သံတောင်နားမှာပဲဆိုပါတော့။

ဘယ်က သံတောင်လဲ။

ကျွန်မ စပ်စပ်စုစုမေးတော့ သူပြုံးသည်။

လိပ်ကျွန်းကပေါ့

သူပြောသည့်နေရာတွေကို ကျွန်မမသိပါ။

ဘာဘဲ လိပ်ကျ

လိပ်ကျဆိုတာ ပြင်ဦးလွင်နားက ရွာကြီးပဲဆိုပါတော့နရယ် ၊ နသိမှာ မဟုတ်ပါဘူး။ သံတောင်ဆိုတာ ရွာသေးသေးကလေး၊ ကိုယ်နေတာ အဲဒီသံတောင်နဲ့ သုံးလေးမိုင်ဝေးတဲ့နေရာလေး။

ကျွန်မသည် သူ့မျက်ဝန်းထဲက အေးစက်တည်ငြိမ်မှုကို ပြန်လည်မှတ်မိသွား၏။

ကျွန်မနားလည်ပြီ၊ ဒါလောက်ခေါင်တဲ့တောမှာ ရှင်လာလို့သွားနေသလဲဆိုတာ မမေးတော့ပါဘူး။

ထို့နောက် အနားမှာ ရှုတ်ရှက်ခတ်စွာ ဝင်ထွက်သွားလာနေကြသော လူများကို ရှောင်တိမ်းငဲ့ပေးရင်း ကျွန်မ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

အတော်ပဲ ကိုမြင့်ဆွေ။ ရှင်ကျွန်မတို့အိမ်မှာ ညစာလိုက်စားပေါ့။
အေးအေးဆေးဆေးစကားပြောကြရအောင်။ ည တစ်နာရီမှာ ကျွန်မယောကျ်ားက သားတွေကို လာကြိုရင်း ရှင့်ကို ဘူတာလိုက်ပို့ပေးပါလိမ့်မယ်။

သူ ငြင်းတော့မည့်ပုံစံဖြင့် တွန့်ဆုတ်သွားခိုက် ကျွန်မက ကမန်းကတန်းလှည့်ထွက်လိုက်သည်။

လာ.. ကျွန်မယောကျ်ားကို ရှင်တစ်ခါမှ မတွေ့ရသေးဘူး။ သူ့ကို ရှင် သဘောကျမှာပါ။ သူက တော်တော်သိမ်မွေ့တယ်။ သဘောလည်းကောင်းတယ်။

ကားရပ်ထားရာသို့ ကျွန်မတို့လျှောက်လာခဲ့စဉ် ညနေခင်းသည် လျှင်မြန်စွာ မှောင်လာတော့သည်။

## ငါးမျှားခြင်း

ငါးမျှားခြင်း

ငါးမျှားခြင်း၏အဓိကရည်ရွယ်ချက်မှာ ငါးရဖို့မဟုတ်ပါ။

၊ဒသည် တစ်မြို့လုံးတွင် အေးဆေးတိတ်ဆိတ်သောနေရာဖြစ်သည်။ ထို့အပြင် သစ်ရိပ်ဝါးရိပ်ဖြင့် အုပ်ဆိုင်းထူထပ်သောနေရာလည်းဖြစ်သည်။ မြို့၏အစွန်အဖျားရှိတောအုပ်ဘေးတွင် နက်ရှိုင်းသောရေကန်တစ်ခုရှိနေသည်မှာ သူ့အတွက်အားတက်စရာပင်ဖြစ်သည်။ ထိုရေကန်တွင်ငါးများရှိနေသည်မှာလည်း သူ့အတွက်ကံကောင်းခြင်းပင်ဖြစ်သည်။

သူသည်နှစတော်တော်များများပင် ငါးမျှားခြင်းနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။

ပထမဦးဆုံးအကြိမ်၊ဒသို့ ငါးလာမျှားစဉ်က သူ့အသက် ၄၈နှစ်သာရှိသေးသည်။ ယခု သူ့အသက် ငါးဆယ့်လေးနှစ်ရှိပြီ။

သူသည် ဖြောင့်မှန်ရိုးအသော အထက်တန်းစာရေးကြီးဖြစ်၏။ ကောက်ကျေ့မှု၊ လှည့်ပတ်မှုကို မုန်းတီးသူ၊ လိုက်လျောညီထွေနေခြင်းနှင့်လည်း မရင်းနှီးသူ မှန်ကန်စွာပြုမူဆောင်ရွက်တတ်သူလည်းဖြစ်သည်။

သူ့အိမ်သည် ့်မိုင်ဝက်ခန့်ဝေးသောနေရာတွင်ရှိသည်။ ရုံးဆင်းသည်နှင့်တစ်ပြိုင်နက် အိမ်ပြန်ရောက် လက်ဆွဲအိပ်ချကာ ငါးမျှားတံနှင့်ကရိယာတန်ဆာပလာများယူဆောင်လျက် ။ာသို့ထွက်လာနေကျဖြစ်သည်။

လမ်းတစ်လျှောက်တွင် ဈေးဆိုင်ကလေးများ၊ လက်ဖက်ရည်ဆိုင်များ၊ အကြော်အလှော်ဆိုင်များကို ဖြတ်သန်းလာခဲ့ရသည်။ ရယ်မောသံများ၊ စကားသံများ၊ နွားနို့ညှီနံ့များ၊ လက်ဘက်ခြောက်နံ့များ၊ ဆီကြော်ညှော်နံ့များကို သူနည်းနည်းမျှ စိတ်မဝင်စားပါ။ သူစိတ်ဝင်စားသည်က အုပ်ဆိုင်းသောတောအုပ်နှင့် ရေကန်ကြီးသာဖြစ်သည်။ ပူအိုက်သောနွေရာသီများတွင် အဝတ်အစားတွေကို သစ်ပင်အောက်မှာ ပုံထားပြီး သူရေဆင်းချိုးနိုင်သေးသည်။အေးစိမ့် ချမ်းမြသော ဆောင်းရာသီများတွင် သစ်ရွက်ခြောက်များကို မီးရှို့ပြီး မီးလှုံနိုင်သေး၏။ မိထားသောငါးများကို ကင် ၁းနိုင်သေး၏။ ။ာလောက် သူ့အတွက်နားခိုစရာကောင်းသောနေရာ ဘယ်မှ မရှိပါ။

× × × × × ×

သူ့တွင် သူ့ဩဇာမတည်သော သားနှစ်ယောက်ရှိသည်။ အဝတ်အစား အသစ်အဆန်းမှန်သမျှ မက်မောသော သမီးတစ်ယောက်ရှိသည်။ သူလုပ်ကိုင်သမျှကို အပြစ်ရှာအပြစ်မြင် ဖျစ်တောက်တောက် ညည်းညူပူဆာတတ်သော ဇနီးတစ်ယောက်ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကတော့ သူသည် တက်ကြွသော လူငယ်တစ်ယောက်ဖြစ်ခဲ့သည်။ အောက်တန်းစာရေးရာထူးမှ အထက်တန်းစားရေးရာထူးတက်ခွင့်ရရန် အလွန်မျှော်လင့်ပျော်ရွှင်ခဲ့သည်။ လက်ထပ်ခြင်း။ အိမ်ထောင်သားမွေးပြုခြင်းသည် လူ့လောကဝတ 炘 ၁စား၊ မဖြစ်မနေဆောင်ရွက်ရမည့်အရာများဟု ယူဆကာ ထိုအရာများအတွက် ပြင်ဆင်ခဲ့သည်။ သူသည် အရာရာကို ရိုးရိုးရှင်းရှင်းသာတွေးတတ်သည်။ ကလေးတစ်ယောက်ပြီးတစ်ယောက်မွေးတော့လည်း ပျော်ရွှင်နေခဲ့၏။

တကယ်တော့ အိမ်ထောင်ရေးဆိုသည်မှာ သူလိုလူမျိုးအတွက် မဖန်တီးမပြုလုပ်သင့်သော အရာတစ်ခုသာဖြစ်ကြောင်း နှစ်ပေါင်းများစွာနောက်ကျပြီးမှ သူသိခဲ့သည်။ အိမ်ထောင်ပြုခြင်း၏နောက်တွင် မလိုချင်သော ဗီဇစရိုက်များ ပါလာသည့် သားသမီးများလည်း မွေးတတ်သေးကြောင်း သူယခုမှသိသည်။ ထိုသားသမီးများ လိမ်မာရေးခြားရှိဖို့၊ ပညာတတ်ကျွမ်းဖို့၊ ကိုယ်ကျင့်သိက႑ကောင်းမွန်ဖို့ကို သူဘယ်လိုမှ မတတ်နိုင်ပဲရှိနေသည်။

သမီးကြီးသည် ရုပ်ရည်သင့်တင့်၏။ အလှအပကို အလွန်အကျွံမက်မော၏။ ငယ်ရွယ်စဉ်ကတည်းက ပညာထက်အလှပြင် ပစၥကရိယာများကို ပို ်ဖိုးထားတတ်၏။ အတန်းထဲတွင် စာမေးခံရပြီး မဖြေနိုင်ခြင်းထက် ဆံပင်တွင် ကလစ်ရောင်စုံဖဲကြိုးရောင်စုံ မဆိုးနိုင်ခြင်းကို ပို ၁စုံးက်၏။ ဆယ်တန်းကျပြီး ရပ်ကွက်ဈေးကလေးတွင် ကုန်စိမ်းရောင်းသောအလုပ်ကို သမီးလုပ်သောအခါ သူမအံ့ဩသော်လည်း ဖခင်ကို ခြေရာတိုင်းလာသောအခါ သူအံ့ဩမိသည်။ ဖအေရှေ့မရှောင် မအေရှေ့မရှောင် တစိမ်းယောကျ်ားလေးများနှင့် ရင်းရင်းနှီးနှီးပုတ်လိုက်ခတ်လိုက် နေတာကို သူအံ့ဩမိသည်။ ဆုံးမပြုပြင်ဖို့ကြိုးစားတိုင်း လူမှုဆက်ဆံရေးကို အဖေနားမလည်ပါဘူးဟု ပြောခံရသောအခါ သူရှက်လာ၏။ ဗိုင်းကောင်းကျောက်ဖိ ရှက်ကြောက်တတ်သော သမီးမိန်းကလေးကို လိုချင်သော ဖခင်သည် ရဲတင်းကလက်သော သမီးကိုသာ ရခဲ့၏။

ဝပ်ရှော့တွင်အလုပ်လုပ်သည့် သားကတော့ တစ်မျိုး။ ရုပ်ရည်လေးသင့်တင့်တာကို အခွင့်ကောင်းယူလျက် မိန်းကလေးများနှင့် ရှုတ်ရှက်ခတ်နေ၏။ ထိုသားကြောင့် သူမကြာခဏ ရပ်ကွက်လူကြီးအိမ်ရောက်ရ၏။ သမီးရှင်များ၏ လက်ညှိုးထိုးမာန်မဲမှုကို မကြာခဏခံရ၏။ မိန်းကလေးများကို ဖျက်ဆီးသူဟု နာမည်ပျက်ရနေသည့်သားကို လမ်းမှန်ပြုပြင်ပြောင်းလဲပေးဖို့ သူကြိုးစားဖူးသည်။ "အဖေကလဲ ဘာမှမသိပဲနဲ့ ။

ဒါ ကျွန်တော့်အပြစ်ချည်းမဟုတ်ဘူးဗျ။ သူတို့ကိုယ်က အလိုတူအလိုပါတွေ။" ဟု ပြန်ပြောတာကို နားထောင်လျက် ပါးစပ်အဟောင်းသားဖြစ်နေခဲ့ရသည်။ ကိုယ်ကျင့်တရားအကြောင်း ဆွေးနွေးဖို့ကြိုးစားတိုင်း သူအရှုံးပေးခဲ့ရသည်။

သားသမီးမကောင်း မိဘခေါင်းဟူသော စကားပုံရှိသော်လည်း သူ့ဇနီးကြောင့် စကားပုံအသစ်ဖြစ်၏။ သားသမီးမကောင်း ဖခင်ခေါင်းဟူသောပုံစံမျိုး ဖြစ်နေအောင်ပင် သူ့ခေါင်းပေါ်ပုံကျနေခဲ့သည်။ ။လုံးမှာ သူ့တာဝန်သာဖြစ်သည် ..တဲ့..။ သူ ခေါင်းတရမ်းရမ်းနေရုံမှလွဲ ဘာမှ မတတ်နိုင်ပါ။

သူ့ဇနီးမှာ ပုံပျက်လုနီးပါးဝနေသော မိန်းမကြီးတစ်ယောက်ဖြစ်သည်။ ထိုမိန်းမကြီးသည် ညအိပ်လျှင် ကျယ်လောင်စွာဟောက်တတ်သည်။ သွားကြိတ်တတ်၏။ အိမ်နေရင်း ဝတ်သည့် ထမိန်တစ်ထည်ကို မလျှော်ဖွတ်ပဲ တစ်ပတ်လောက်ဆက်တိုက်ဝတ်တတ်သေးသည်။ လက်သည်းမှန်မှန် မညှပ်ပဲ လက်သည်းကြားမှာ ချေးတွေဖြင့် ထမင်းဟင်းချက်တတ်သူ၊ ထမင်းစားတတ်သူဖြစ်၏။ ထမင်းစားလျှင် လက်ခုံထိ ထမင်းဟင်းပေကျံအောင် အားရပါးရနယ်ဖတ်တတ်သူဖြစ်၏။ အိမ်က ယောက်ျားအသုံးမကျသည့်အကြောင်းကို ရှေ့ခုနှစ်အိမ် နောက်ခုနှစ်အိမ် လည်ပတ်အတင်းပြောတတ်သူဖြစ်၏။ ဟင်းကို နည်းနည်းနှင့်ကောင်းအောင်မချက်တတ်ပဲ ဖုံးပေါလအောချက်ပြီး သွန်ပစ်တတ်သူဖြစ်၏။ တစ်ခွက်ပင်ဖြစ်စေ အရသာရှိရှိချက်ဖို့ သူပြောလျှင်တော့ မဖြစ်စလောက်လစာကလေး..ဟူသောစကားဖြင့် ရန်တွေ့တတ်သူဖြစ်၏။ လခထုတ်ရက်တိုင်း လခရင်းကို တပြားမကျန်သူအပ်သည့်အခါ စိတ်မပါ့တပါ၊ မယူချင့်ယူချင်ပုံစံဖြင့် သက်ပြင်းချကာ ယူတတ်သည်။

ဟိုဘက်အိမ်ကလူကတော့ မိန်းမကို တစ်လ သုံးလေးထောင်အပ်တာ ဟု အောက်ကလိအာသံဖြင့် သူ့ဒေါသကို ဆွပေးတတ်သေး၏။ ဟိုဘက်အိမ်ကလူက သူ့လိုပင် အထက်တန်းစာရေး။ စာရေးချင်းအတူတူ ဘာ့ကြောင့်သူ့ထက်ငွေပိုရသနည်း။ တွေးကြည့်လျှင် တနည်းသာရှိ၏။ "မလုပ်ကောင်းတဲ့အလုပ်တွေ လုပ်နေလို့ဖြစ်မှာပေါ့ကွာ" ဟု အေးအေးဆေးဆေးဖြေရင်းတော့ သူ့မိန်းမက မျက်လုံးပြူးကြည့်၏။ "ဒီခေတ်မှာ မလုပ်ကောင်းတဲ့အလုပ်ဆိုတာ မရှိဘူးတော့၊ အားလုံးလုပ်နေကြတာပဲ" ဟု ရန်တွေ့သည်။ "ဒါဖြင့်လည်း မင်းသွားလုပ်ပေါ့ကွာ" ဟု သူပြီးရာပြီးကြောင်းတစ်ခွန်းသာ ပြောမိသည်။ သူ့မိန်းမက ဖြုန်းကနဲ ခြေဆောင့်နင်းကာ ထွက်သွား၏။

ညနေတိုင်း အရက်မူးကာ မျက်ထောင့်နီနီကြီးဖြင့် ပြန်ပြန်လာတတ်သော သားဖြစ်သူကတော့ အိမ်မှာ လူပိုသက်သက်ဖြစ်သည်။ ဘာအလုပ်မျှလည်းမရှိ။ အလုပ်လည်း မမြဲ၊ မပင်ပန်းပဲအသက်ရှင်ချင်သည့်အပြင် အရက်သေစာသောက်စားဖို့အတွက်ပါ အိမ်မှ ပိုက်ဆံကို ဖြုန်းသေးသည်။ မှန်မှန်ပေးနေသော ညီထံမှ တစ်ခါတစ်လေမရလျှင် ညီအစ်ကိုချင်းထိုးကြိတ်သည်အထိ ရန်ဖြစ်တတ်သေးသည်။ ဖအေ၊ မအေကိုလည်း ငဲ့ညှာရကောင်းမှန်းမသိချေ။

တောင်းဆိုးပလုံးဆိုးသာပစ်ရိုးထုံးစံရှိသည် သားသမီးဆိုးကို ပစ်ရိုးထုံးစံမရှိဟူသော စကားပုံကို ယခုမှပင် အခြေခံကျကျနားလည်ခွင့်ရသွား၏။ လက်စသတ်တော့ သားသမီးဆိုးဆိုတာ မွေးပြီးရင် ပစ်လို့မှ မရတော့ပဲကိုးဟု ယခုမှပင် သူသဘောပေါက်ရသည်။ သို့သော် သူ့အတွက် အားလုံးလွန်ခဲ့ပြီ။

× × × × × ×

သူ့ဘဝတွင် အတွယ်တာဆုံးသောအရာမှာ ငါးမျှားတံဖြစ်၏။

တွန့်လိန်နေသော တီကောင်လေးကို ငါးမျှားချိပ်တွင် ဖေါက်ကနဲ ထိုးချိပ်လိုက်ရစဉ် သူအပိုင်နိုင်ဆုံးအရာမှာ ငါးမျှားခြင်းဖြစ်ကြောင်း သူ ဝမ်းပမ်းတနည်းသိရသည်။ နိုင်လွန်ကြိုးကို လက်ဖြင့် ဖွဖွထိသပ်နေရစဉ် ၊ထိတွေ့မှုသည် သူ့အတွက် ကျေနပ်စရာဖြစ်သည်။ ကြိမ်တံ၏လက်ကိုင်ကို လျော့ရဲစွာ၊

သို့သော သတိရှိစွာ ကိုင်တွယ်ရင်း ရေပေါ်မှ ငြိမ်သက်ခြင်းကို စောင့်ကြည့်နေရစဉ်မှာတော့ သူ့ပတ်ဝန်းကျင်တစ်ခုလုံးကို သူအောင်နိုင်နေသည်။

လောကတွင် သူအောင်နိုင်သောသတ 光 မှာ ငါးသာဖြစ်၏။

ွင် ငါးမျိုးစုံရှိသည်။ သူ့ငါးမျှားချိပ်တွင် ငါးမျိုးစုံသူမိဖူးသည်။ ယောကျ်ားလက်ဖျံလောက် တုတ်သော ငါးကြင်းကြီးများမှအစ လက်ညှိုးလုံးလောက်သေးသော ငါးစင်းလုံးလေးများအထိ သူ ရသည်။ ငါးမျှားသက် နှစ်ပေါင်းကြာလာသောအခါ သူ့လက်မှာ ကိုင်ထားသော ငါးမျှားတံအဖျားရှိ လှုပ်ရှားမှုကို မှန်ကန်စွာ ကောက်ချက်ချတတ်သွားသည်။ ကြိုးကလေး ဖော့တုံးကလေး ငြိမ့်ကနဲလှုပ်ရှားသွားသည်ကအစ သူကျွမ်းကျင်စွာ အကဲဖြတ်တတ်သွားပြီး လျှင်မြန်စွာ မှန်ကန်စွာ ဆွဲတင်နိုင်သည်။ ငါးစာကို လာဟပ်သော ငါးမှာ သူ့လက်မှ လွတ်ရသည်ဟူ  ရှိရအောင် ါးကို ကျွမ်းကျင်လာ၏။

ရေထဲစိုက်ထားသော ငါးမျှားကြိုးကို စူးစိုက်စွာကြည့်ရင်း စိမ်းမှောင်သောရေပြင်ပေါ်တွင် အတိတ်က အရိပ်များစွာ ထင်လာတတ်သည်။ တစ်ခါတစ်ရံတွင် နုပျိုသော လူငယ်တစ်ယောက်၏မျက်နှာ (ထိုမျက်နှာပိုင်ရှင်သည် သူဖြစ်၏) တစ်ခါတစ်ရံ မိန်းမငယ်တစ်ဦး၏မျက်နှာ (ထိုမျက်နှာပိုင်ရှင်သည် သူ့ချစ်သူဖြစ်၏)

ချစ်သူအကြောင်း ပြန်တွေးရသည်မှာ ခပ်ဝါးဝါးသာဖြစ်သော်လည်း ရင်ခုန်စရာကောင်းသည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်က သူ့ချစ်သူသည် တစ်ပတ်လျှိုဆံထုံးလေးနှင့် ခရေပန်းများ ဝေနေအောင်ပန်တတ်သည့်မိန်းကလေးဖြစ်၏။ လက်မောင်းလက်ဖျန်များ တောင့်တင်းပြီး ဖျတ်လတ်သော၊ ကျန်းမာသန်စွမ်းသော မိန်းကလေးဖြစ်၏။ ကြည်လင်တောက်ပသော မျက်ဝန်းကလေးများ၊ နီမြန်းသော နှုတ်ခမ်းပါးကလေးများဖြင့် စွဲမက်ဖွယ်ရာဖြစ်၏။ သူတို့နှစ်ယောက် ချိန်းတွေ့နေကျ လေးထပ်ဘုန်းကြီးကျောင်းထောင့်က ခရေပင်ကြီးကို သူမြင်ယောင်လာသောအခါ သူ စိတ်မှတ်မထင်ပြုံးမိသည်။

သနပ်ခါးနံ့သင်းသင်းလေးကို မွှေးကြူရင်း ခရေနံ့လေးကိုပါ ရှူရှိုက်မိသော တန်နက်ခင်းက သူ့ရင်တွေ တဖြတ်ဖြတ်ခုန်ခဲ့ရကာ၊ဘယ်လိုမှ မခွဲနိုင်အောင် ချစ်မြတ်နိုးစိတ်ဖြင့် မချင့်မရဲဖြစ်ခဲ့ရသည်။ ဆောင်းရာသီနံနက်ခင်းတိုင်း၊ မိုးရာသီညနေခင်းတိုင်း ခရေပန်းများက တဖြုတ်ဖြုတ်ကြွေလွင့်နေသည်။ ခရေပွင့်ကလေးများကို အလောတကြီးကောက်နေသော ကိုယ်လုံး ကျစ်ကျစ်ခဲခဲကလေးမှာ ငေးကြည့်  ဝနိုင်အောင် လှနေခဲ့၏။ နီးကြိုးကလေးဖြင့် သီကုံးပေးရန်ကတော့ သူ့တာဝန်ဖြစ်သည်။ သူသည် လက်ကိုင်ပုဝါထဲက ပန်းကလေးများကို စိတ်ရှည်လက်ရှည်သီပေးခဲ့ဖူးသည်။ သီပြီးသွားသော ပန်းကုံးကလေးများကို မိန်းကလေး၏ဆံထုံးမှာ စိုက်  န်ပေးရသည့်အရသာမှာ တမ်းတလွမ်းဆွတ်ဖွယ်ရာဖြစ်သည်။

သူသည် ခရေပင်ကြီးဆီသို့ မရောက်ဖြစ်တာ ကြာလှပြီ။

ခရေပင်ကြီးရှိရာ ဘုန်းကြီးကျောင်းသို့ပင် မရောက်ဖြစ်တာ ကြာလှပြီ။ တစ်နေ့နေ့မှာ သွားမည်ဟု ကြံရွယ်လျက် ဘယ်တော့မှ မရောက်ဖြစ်ခဲ့ပါ။ တစ်ခါတစ်ရံ ဥပုသ်ယူသော သူ့မိန်းမနှင့်အတူ လေးထပ်ဘုန်းကြီးကျောင်းသို့ လိုက်သွားရန်ကြိုးစားဖူးသည်။ သို့သော် ဘုန်းကြီးထံ သီလမယူမီ ဝိုင်းဖွဲ့စကားပြောကြသည့် အုပ်စုများတွင် သူမပါဝင်ချင်ပါ။ အဖိုးတန်ပါတိတ် ထက်အောက်ဆင်တူဖြင့် ရွှေကြိုးများ၊ ကြယ်သီးများဖြင့် ဥပုသ်လာစောင့်သော မိန်းမကြီးငယ်များ၏ ကဲ့ရဲ့စကားတင်းဆိုဟန်များကို သူရှောင်ချင်သည်။ "ရှင် အကုသိုလ်တွေချည်းနေ့တိုင်းလုပ်နေတာ တစ်ခါလောက် ကျွန်မနဲ့လိုက်ပြီး ဘုန်းကြီးကျောင်းမှာ ကုသိုလ်ယူပါလား။" ဟူသည့် မိန်းမ၏ တိုက်တွန်းချက်ကို ကြားရသောအခါ ကုသိုလ်ယူချင်စိတ်ကလေး လုံးဝ ကုန်ဆုံးသွားကာ မလိုက်တော့ဘူးဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

သည်လိုနှင့်ပင် အကုသိုလ်ကို ဆက်လုပ်ဖြစ်နေသည်။

သူသည် ငါးမျှားနေရင်းမှ လူအမျိုးမျိုး၏ပုံကို ဖေါ်ကာ အနိုင်ယူလို့ရသည်။ ဥပမာ သမာအာဇီဝကို နည်းနည်းမျှ စိတ်မဝင်စားသည့် အရာရှိတစ်ဦး၏ ခပ်ထူထူ ခပ်လန်လန်နှုတ်ခမ်းများကို ရွံမုန်းစွာတွေးတောရင်း သူ ငါးကို စိတ်ပါလက်ပါမျှားသည်။ ရရှိလာသော ငါး၏ ဟစိဟစိပါးစပ်ကို အသေအချာကြည့်တော့ ထိုအရာရှိ၏ ပါးစပ်ကိုပင် မြင်တွေ့လိုက်ရလေသည်။ သူသည် ငါးမျှားချိပ်မှ ငါးကို ပျော်ရွှင်စွာ ဆွဲဖြုတ်ပြီး မြေပြင်ပေါ် ဘုတ်ခနဲ ပစ်ချလိုက်ဖူးသည်။ တစ်ခါတစ်ရံသူ့မိန်းမ၏ ပွစိပွစိ နှုတ်ခမ်းတို့ကို စိတ်ထဲမြင်ယောင်လျက် ဒေါသတကြီး ငါးကို မျှားသည်။ မိလာသော ငါး၏ပါးစပ်ကို သူကြည့်သောအခါ တကယ်ပင် သူ့မိန်းမ၏ ပါးစပ်ဖြစ်နေတတ်သည်။ သူသည် ရှိကနဲလေချွန်လျက် ထိုပါးစပ်ကို အရသာခံ ကြည့်နေတော့၏။ ငါးကလေးသည် ဖတ်လတ်ဖတ်လတ်နှင့် အစွမ်းကုန်ရုန်းကန် နေသည့်အခါမှာတော့ စိတ်မကောင်းဟန်ဖြင့်သက်ပြင်းတစ်ချက်ချကာ ငါးမျှားချိတ်မှ ငါးကို ညင်ညင်သာသာလေး ဆွဲဖြုတ်လိုက်သည်။ ထို့နောက် ရွှရွှလေးကိုင်ကာ သူနှင့် အဝေးဆုံးနေရာမှာ ချထားလိုက်ဖူးသည်။

ငါးမျှားခြင်းဖြင့် သူ ၊ဘမှာ ကြာကြာထိုင် ိုင်နေခြင်းအပေါ် မည်သူမျှသံသယမဝင်အောင် ဖြေရှင်းပြီးသားဖြစ်သွားသည်။ သူသည် ငါးမျှားချင်ယောင်ဆောင်လျက် ရေထဲသို့ ငါးမျှားချိတ်နှစ်ချကာ နာရီဝက်တစ်နာရီလည်း မလှုပ်မယှက်ထိုင်နေလို့ရသည်။ မိန်းမကို မပြောဖြစ်သည့် စကားများကိုလည်း ခပ်တိုးတိုးရေရွတ်နေလို့ရသည်။ တစ်ခါတစ်ခါ ကံဆိုးစွာ အဆော့သန်သော ကလေးများ စပ်စုတတ်သော လူကြီးများရောက်လာလျှင် "ရှူးတိုးတိုး။ ငါးလန့်သွားမယ်" ဟူသော သတိပေးချက်ဖြင့် စကားမပြောအောင် မနှောင့်ယှက်အောင် တားဆီးနိုင်ခွင့်ရှိသေးသည်။ သူ့ကို ကောင်းကောင်း နှောင့်ယှက်တတ်သူမှာ ကန်စောင်းတွင်နေသော အဘိုးကြီးတစ်ယောက်ဖြစ်သည်။

အဘိုးကြီးကတော့ ငါးမျှားခြင်းကို အကုသိုလ်အလုပ်ဟု ယူဆကာ သူ့ကို ကဲ့ရဲ့ ရှုတ်ချတတ်၏။ အဘိုးကြီးက ရေကန်ကမ်းစပ်ရှိ ကြာဖူးများကို ခဏခဏလာခူးသည်။ ဘာလုပ်ဖို့လဲဟု သူမေးတော့ ချက်စားဖို့ဟုပြော၏။ ကြာဖူးကို ချက်စားရသည်ဟု တစ်ခါမျှ မကြားဖူးပါ။ ဦးလေး.. ဟင်းမရှိရင် ဒီငါးတွေ ယူသွားပါလားဗျဟု သူ စိတ်လိုလက်ရပေးဖူးသည်။

သူသည် ၊းကို စားသောက်ရန်၊ ရောင်းချရန် မျှားခြင်းမဟုတ်။ အစောပိုင်းနှစ်တွေတုန်းကတော့ ငါးများ၏ ပါးဟက်များကို ဖေါက်လျက် လျှော်ကြိုးဖြင့်သီကာ တန်းလန်းဆွဲပြီး အိမ်ပြန်ရသည်မှာ ပျော်စရာ၊ နောက်ပိုင်းတော့ ထိုငါးများကြောင့်ပင် ဇနီးဖြစ်သူ၏ အပြစ်ရှာခြင်းကို ခံခဲ့ရသည်။ "ဒီငါးမျိုးဖြင့်တော်..တနေကုန်အောင် သွားမျှားနေစရာမလိုပါဘူး။ ဈေးထဲမှာ တစ်ဆယ်သား နှစ်ကျပ်ရယ်၊ ဗိုက်ရိုက်ပြီးစားပါလေ့။"ဟူ ်မျိုး။ " ရှင့်ငါးတွေက အင်းစော်နံလှချည်လား။ ဘယ့်နှယ်စားမှာတုန်း" ဟူ ်မျိုး၊ " ဒီငါးမျိုးကိုမှတ်ထား၊ ငါးမောင်းမလို့ခေါ်တယ်။ ငါးထဲမှာ အရသာမရှိဆုံးငါးပဲ" ဟူ ်မျိုး။ " ငါးခုံးမလိုငါးများ အချိန်ကုန်ခံပြီး မျှားနေရသေးလားတော်။ အဲဒီကုန်တဲ့အချိန်မှာ ရေလေးဘာလေးဆွဲတာမှ အသုံးကျဦးမယ်။"ဟူ ်မျိုး။ အမျိုးအမျိုးရှုတ်ချသောအခါ ငါးများကို အိမ်သို့အလေးခံသယ်မသွားတော့ပေ။ နည်းနည်းနွမ်းပါးမည်ထင်ရသော အသိမိတ်ဆွေအိမ်များသို့ အလှည့်ကျစနစ်ဖြင့် ဟင်းလျာပေးလိုက်ခြင်းအားဖြင့် ဇနီးဖြစ်သူနှင့်လည်း စကားပြောရသက်သာသွားပြီး ကျေးဇူးလည်းတင်ခံရသည်။

အဘိုးကြီးကတော့ ငါးများကို မယူပါ။

ငါက ပဲသက်သူသားပဲစားတာကွ။ မြင်းသားကြားသားမစားဘူး။ ဟူ၏။

သူဒေါသထောင်းကနဲထွက်သွားသေးသည်။ ခင်ဗျားတို့အတွက် ဖမ်းပေး သတ်ပေးတဲ့သူတွေ ရောင်းတဲ့လူတွေရှိနေလို့ပေါ့ဗျာ။ မရှိရင် ခင်ဗျားလဲ မြင်သား ကြားသားတင်မကဘူး။ ကိုယ်တိုင်တောင် သတ်ပြီး စားမှာ မဟုတ်လား။ သို့သော် အသက်ကြီးသောလူတစ်ယောက်နှင့် ယှဉ်ပြိုင်ပြီး ရန်ဖြစ်ရတာ မကောင်းပါ။

နောက်ပိုင်းတော့ အဖိုးကြီးက ကြာဖူးရူးချိန်နှင့် သူငါးမျှားချိန်တို့ တော်တော်များများ တိုက်ဆိုင်နေတော့သည်။ ကြာဖူးသာမက ကြာပွင့်များပါ ခူးတာမြင်တော့ သူအံ့ဩသွား၏။ ကြာပွင့်ကရော ချက်စားလို့ရသလား သူမေးတော့ အဘိုးကြီးက လျှို့ဝှက်စွာပြုံး၏။ မဖြေချင်သလိုလို တွန့်ဆုတ်နေပြီးမှ နောက်ဆုံးမှာ သူ့အမေးကိုဖြေလိုက်သည်။

ချက်မစားပါဘူး ဆွဲကြိုးလုပ်ဖို့။

ဟာ.. ဆွဲကြိုး၊ ဘာလုပ်ဖို့လဲ။

အဘိုးကြီးတွင် ဇနီးသားသမီးမရှိ၊ မြေးမရှိ၊ တစ်ယောက်တည်းသာဖြစ်သည်။ အဘိုးကြီးက သူ့ရှေ့မှာပင် ကြာပွင့်တစ်ခိုင်ကိုယူလျက် ကြာရိုးဆွဲကြိုးလုပ်နေ၏။ ကြာရိုးဆွဲကြိုးက လုပ်ရတာ အလွယ်လေးဖြစ်သည်။ ငါးမျှားသလိုမခက်ပါ။ ကြာရိုးကို လက်တစ်ဆစ်နီးပါး အဆစ်ကလေးများလုပ် တစ်ဆစ်ချင်းချိုးသွားရုံပဲဖြစ်သည်။ ကြာရိုးကျိုးသွားပြီး အမျှင်အစေးများကြောင့် ထိုချိုးပြီးသား အဆစ်ကလေးက တွဲလွဲဖြစ်နေသည်။ နောက်တစ်ဆစ်ထပ်ချိုး၊ အမျှင်ကို ဟိုဘက်သည်ဘက် တစ်လှည့်စီ တန်းနေအောင် တစ်ဖက်ဟီချိုးချသွားရုံသာဖြစ်သည်။ ထိပ်ဆုံးမှာတော့ ကြာပွင့်လေ့ကကသီးလေး။

ဟိုတုန်းကတော့ ငါ့မိန်းမကို အဲဒီလို ကြာလည်ဆွဲလုပ်ပေးနေကျကွ။ ငါ့မိန်းမခမျာ သေသာသွားရော သူ့ဘဝမှာ ပုလဲပုတီးလေးတစ်ကုံးတောင် ဆွဲမသွားရရှာပါဘူးကွာ၊ ကြာလည်ဆွဲကိုပဲ မညည်းမညူဆွဲသွားရရှာတယ်။ သူ့အသက်အငယ်ကလေးမှာ ကလေးမွေးရင်း ဆုံးသွားတာပဲ။

ထိုစကားပြောပြီးနောက် သူ့အဖြေပြည့်စုံသွားသလိုပင် အဘိုးကြီးက သူ့ကို နှုတ်မဆက်ပဲ ထွက်ခွာသွားသည်။ လက်မှာ တန်းလန်းဆွဲထားသော အနီရောင်ကြာပွင့်နှင့် ဆွဲကြိုးကလေးမှာ လေအဝေ့တွင် လွင့်လူပ်လျက်ပါသွားသည်ကို ငေးမောကြည့်နေခဲ့၏။

× × × × × ×

အေးမြသော ဆောင်းဥတု နံနက်ခင်းဝေလီဝေလင်းအချိန်တစ်ခုတွင် သူသည် ထူးဆန်းစွာပင် နှင်းမှုန်ကြားထဲမှာ လမ်းလျှောက်နေတော့သည်။ သူ့ခြေတောက်များက သူမသိလိုက်မီမှာပင် မြို့၏ ဟိုးဘက်အစွန်းက လေးထက်ဘုန်းကြီးကျောင်းရှိရာသို့ လျှောက်သွားနေကြသည်။ ငါးဆယ့်လေးနှစ်အရွယ်သည် ဘုန်းကြီးကျောင်းဆီသို့ နံနက်လင်းအားကြီးလျှောက်သွားလျှင် အသင့်တော်ဆုံးအရွယ်ဖြစ်သည်။

လမ်းခရီးတွင် ဈေးရောင်းရန် ဟင်းရွက်စည်းများဖြင့် ဈေးသို့သွားကြသော ရွာသူ့ရွာသားများကို မျက်နှာချင်းဆိုင်တွေ့ရသည်။ မိန်းမများသည် ပုဆိုးများထဲတွင် ဟင်းရွက်စည်းများထည့် ထုပ်ပိုးပြီး ခေါင်းပေါ်ရွက်ထား၏။ ယောကျ်ားများကတော့ တောင်းများဖြင့်ထည့်ကာ ထမ်းပိုးဖြင့်သယ်ဆောင်လာသည်။ နေထွက်စအချိန်တွင် နှင်းများ ပိုမိုသိပ်သည်းလာ၏။ လမ်းဘေးဝဲယာ သစ်ပင်များကိုသာ စိမ်းစိုစွာမြင်ရပြီး ခပ်ဝေးဝေးက သစ်ပင်များကိုတော့ သဲကွဲစွာ မမြင်ရပေ။ ၎င်း အိမ်ခြေကျဲပါးသည်။ မြို့နှင့်မတူပဲ ရွာနှင့်တူသော ရပ်ကွက်ဖြစ်သည်။ တစ်ချိန်တုန်းက သူ့ချစ်သူသည် ၎ကွက်တွင်နေခဲ့ဖူးသည်။

အုတ်တံတိုင်းကာရံထားသော ဘုန်းကြီးကျောင်းသည် ဆောင်းနှင်းမှုန်များအောက်တွင် အိမင်းရင့်ရော်စွာ ရပ်တည်နေ၏။ သူခဏတာမျှ ငေးကြည့်နေပြီး ကျောင်း၏ထောင့်တစ်ဖက်က ခရေပင်အုပ်ရှိရာ

လျှောက်သွားလိုက်သည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ခရေပင်များမှာ မြင့်မားလျက်ရှိသည်။ သစ်ပင်တွေ နှစ်၃၀အသက်ရှင်နေတာ အံ့ဩစရာ မဟုတ်သော်လည်း သူတို့ကောက်ခဲ့သော ခရေပန်းများလိုပင် ယခုအချိန်အထိ ခရေပန်းများ ခြွေချပေးနေသည်မှာ အံ့ဩစရာ။ သူဖြေးညှင်းစွာ ေ လျှောက်သွား၏။ ပန်းများ တဖြုတ်ဖြုတ် လွင့်ကျနေသည်။

ႏုပင်ကြီးအောက်တွင် ငယ်ရွယ်သော သူ့ချစ်သူနှင့်အတူ သူ ထိုင်ခဲ့ဖူးသည်။

× × × × × ×

သူသည် အပင်တည့်တည့်အောက်တွင်ရပ်  ဖူဖွေးသော ခရေပွင့်ကားကားလေးများ၊ ညှိဝါသော ခရေပွင့်ခြောက်ကလေးများကို ငေးမောကြည့်နေသည်။ ခရေပန်းများနှင့် လုပခဲ့သော သူ့ချစ်သူကို သတိရစိတ်ဖြင့် ရင်ထဲမှာ နာကျင်လာ၏။ သူထိုင်ချကာ လတ်ဆတ်သော ပန်းကလေးများကို ရွေး  ကောက်နေမိတော့သည်။

ဟိုတုန်းကတော့ သူ့ချစ်သူကို သူ အမြတ်တနိုး ချစ်ခဲ့သည်။ သူ့ချစ်သူကလည်း သူ့ကို အားကိုးတကြီး ချစ်ခဲ့သည်။ ထိုမိန်းကလေးသည် သူ၏ ပထမဆုံးနှင့် နောက်ဆုံးချစ်သူဖြစ်ခဲ့သည်။ သူသည်လည်း မိန်းကလေး၏ ပထမဆုံးနှင့် နောက်ဆုံးချစ်သူဖြစ်သည်။ သူတို့နှစ်ယောက်လက်ထပ်သောအခါ လောကတစ်ခုလုံး လုပသာယာလျက်ရှိခဲ့ပါသည်။

ချစ်ခြင်းမေတ 屛ိသည်မှာ လှည့်စားတတ်သော ကံကြမ္မာအောက်တွင် အရှုံးပေးရတတ်သလား။ သူသည် ဖြစ်ပျက်နေသမျှ အရာရာကို နားမလည်နိုင်အောင်ရှိတော့သည်။ သူဝမ်းနည်းနေသည်။ နှစ်ပေါင်း၃၀သည် လူအားလုံး၏ဘဝကို ပြောင်းလဲစေနိုင်သည်သာမက အချစ်ကိုလည်း ပြောင်းလဲစေနိုင်သည်။ တိတ်ဆိပ်သော ပတ်ဝန်းကျင်တွင် ခြေသံဖွဖွကလေးကြားလိုက်ရသည်။

သူ ငယ်စဉ်က စောင့်နေကျနေရာတွင် သူငယ်စဉ်က ကြားနေကျ ခြေသံမျိုး (ဖိနပ်မပါ ဗလာခြေတောက်အစုံ၏ ခြေသံမျိုး) ကိုကြားလိုက်ရသောအခါ လက်ရှိဘဝနှင့် ငယ်ဘ၀ ရောထွေးကာ ရင်တလှပ်လှပ်ခုန်လျက် နောက်ဘက်သို့ ဗြုန်းကနဲ လှည့်ကြည့်လိုက်သည်။

ခပ်လှမ်းလှမ်းတွင် မိန်းကလေးတစ်ယောက်..။ ဆံပင် ကုပ်ဝဲလေးနှင့် အပြာရောင်ဝတ်စုံပွပွလေးသည် နံနက်ခင်းလေအောက်မှာ လွင့်လူးပ်နေသည်။ အေးချမ်းသော .. နုငယ်သော မိန်းကလေးတစ်ဦး။ သူမက သူ့ကို တစ်ချက်သာ အကဲခတ်ကြည့်လျက် ခရေပွင့်များကို စတင်ကောက်လေသည်။ သူသည် နာကျင်သောရင်ဖြင့် မိန်းကလေးကို ငေးမောကြည့်နေခဲ့မိသည်။

ထို့နောက် ဟာလာဟင်းလင်းရင်ဖြင့် ဗြုန်းကနဲ လှည့်ပြန်လာခဲ့တော့သည်။

× × × × × ×

ရုံးသွားရန်ပြင်ဆင်နေစဉ် သူ့ဇနီးက အခန်းထဲဝင်လာသည်။

ဝဖြိုးသောခန္ဓာကိုယ်ကို သူ့မျက်စိက ခဏကြည့်မိပြီးနောက် မျက်နှာလွှဲလိုက်ရ၏။ ဘယ်လိုမှ မယုံနိုင်စရာကောင်းသောအဖြစ်များပါလား။ သူနည်းနည်းရှက်ရွံ့စွာ စကား စ လိုက်၏။

ငါ မနက်အစောကြီး လမ်းလျှောက်သွားရင်း လေးထပ်ကျောင်းဘက် ရောက်ခဲ့သေးတယ်ကွ။ ခရေပင်ကြီးတွေက အခုချိန်ထိ ပွင့်နေကြတုန်းပဲ။ ခရေပန်းတွေကလည်းကွာ ဖွေးနေတာပဲ။ ဟိုတုန်းကထက်တောင် များသေး။

သူ့မိန်းမမျက်နှာ နူးညံ့မသွားပါ။

ငါ နည်းနည်းတောင် ကောက်လာခဲ့သေးတယ်။ စားပွဲပေါ်မှာ။

ထိုစကားကြောင့် သူ့မျက်နှာသာ နည်းနည်းနွေးသွားသော်လည်း သူ့ဇနီးကတော့ စိတ်ဝင်စားဟန်မရှိပါ။

ခရေပန်း ။ ဘာလုပ်ရမှာလဲ။ ဈေးထဲသွားဝယ်ရင် တစ်ကျပ်ဖိုးဆို သုံးလေးကုံးရတာ။

သူ့ဇနီးကို သူငေးကြည့်နေမိသည်။

ဟိုတစ်နေ့က လာပြောသွားတဲ့ကိစ၊ ရှင်ငြင်းမယ် မကြံနဲ့နော်။ ဒါ သူများ ပစ၊ခိုးတာမဟုတ်ဘူး။
သူ့ဇနီး၏မျက်နှာမှာ လောဘ၏အရေးအကြောင်းများသာ ရှိနေပါသည်။

ထိုကိစ၊ သူ့ခေါင်းထဲက ထုတ်ပစ်ထားသည်မှာ လာပြောချိန်ကတည်းကဖြစ်သည်။ သူ့ဘဝတွင်
ကိုယ်ကျင့်သိက္ခာကို တစ်သက်လုံးထိမ်းခဲ့သည်။ သေသည်အထိ ထိန်းသွားမည်။

သို့သော် စကားရှည်မနေချင်သောကြောင့် ခပ်မြန်မြန် ထွက်လာခဲ့ရ၏။

× × × × × ×

နောက်ရက်များတွင်လည်း ထုံးစံအတိုင်းငါးမျှားသည့်အလုပ်ကို သူစိတ်ပါဝင်စားစွာ မပျက်မကွက်
လုပ်မြဲဖြစ်လေသည်။

(ဂျူး)

( ၁၉၉၂၊ ဇွန်လ၊ မြားနတ်မောင်)


ယှဉ်ရဲပါ့မလား
လက်ရည်ကျော်

## ယုဉ်ရဲပါ့မလား

(၁)

၁၉၈၀ ပြည့်လွန်နှစ် တစ်နှစ်၏ တစ်ခုသော ဆောင်းဦးကာလ။

အင်းလျားကန်ဘောင်ရိုးပေါ်တွင် ဆေးကျောင်းသားကလေး မောင်"ကကြီး" နှင့် ဆေးကျောင်းသားလေး မောင်"ခခွေး" တို့ ရောက်နေကြသည်။ ချိန်းဆိုထားသည်လည်း မဟုတ်။ ထူးခြားသော အကြောင်းကိစ္စလည်းမရှိ။ သည်လိုပဲ အမှတ်တမဲ့ ရောက်လာကြခြင်း ဖြစ်သည်။

စကားတွေ ဟိုရောက်သည်ရောက် ပြောဖြစ်ကြသည်။ တကယ်တော့ မောင်"က" နှင့် မောင်"ခ" တို့မှာ အလွန်ရင်းနှီးသော သူငယ်ချင်းများဟုလည်း ပြော၍မရ၊ မဟုတ်ဘူးဟူ၍လည်း မပြောနိုင်။ မောင်"က" မှာ လူလတ်တန်းစား မိဘများမှ ပေါက်ဖွားလာသည့်အားလျော်စွာ ဆေးတက္ကသိုလ် စရိတ်ကို ပညာထူးချွန်ဆု စရိတ်ကလေးအားကိုးနှင့် ရုန်းကန်၍တက်နေရသူဖြစ်သည်။ တစ်တန်းတည်းသား ပညာတတ် လူကုံထံ သားသမီး အသိုင်းအဝိုင်းတွင်လည်း မဝင်ဆံ့။ မောင်"ခ" ကတော့ ဆရာဝန်ကြီး တစ်ဦး၏ သား၊ ဘိုးဘွားစဉ်ဆက် ကတည်းက ချမ်းသာလာခဲ့ပြီး ပညာရော အားကစားပါထူးချွန်သူ တစ်ဦးဖြစ်၍ ဆရာများအကြားတွင်ရော ကျောင်းသူများအကြား တွင်ပါ ရေပန်းစားသူတစ်ဦးဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် မောင်"က"၏ ဆေးတက္ကသိုလ်မတက်ခင် ငယ်သူငယ်ချင်း မိန်းကလေးနှင့် မောင်"ခ"တို့ ချစ်သူဖြစ်သွားကြသည်။ ထိုချစ်စရာကောင်းသော မိန်းကလေးတစ်ဦးကို အကြောင်းပြု၍ မောင်"က"နှင့် မောင်"ခ" နည်းနည်းရင်းနှီးသွားကြခြင်း ဖြစ်လေသည်။

"ကျောင်းလည်း ပြီးတော့မယ်ကွ၊ အတန်းထဲက တော်တော်များများအတွဲတွေလည်း လက်ထပ်ဖို့ တာစူနေကြပြီ၊ မင်းတို့ရော ဘယ်တော့လဲ"

မောင်"က" ၏ အမေးစကားကို မောင်"ခ"က သွားကြားက တိုးထွက်သော လေသံသဲ့သဲ့ဖြင့် ချုပ်တည်းစွာ ရယ်သည်။

"ငါ MRCP ရပြီးမှ ယူမှာကွ"

မောင်"က"ကြီး စကား မပြန်နိုင်။ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ နောက်မှ

"မင်းဟာကွာ...MRCP ဆိုတာ လွယ်တာမှ မဟုတ်တာ"

"လွယ်ပါတယ်၊ သူ့လမ်းနဲ့သူ ခွင်ကျအောင် သွားရင် နိုင်ငံခြားမှာတော့ လူတွေအများကြီး ရနေတဲ့ ဘွဲ့ပါကွာ၊ PLAB ဖြေမယ်၊ အောင်ရင် အလုပ်ဝင်လုပ်မယ်။ ပြီးတော့ MRCP ဖြေမယ်၊ ရပြီးမှ ယူမှာ"

မောင်"က" တော်တော်ဦးနှောက်ခြောက်သွားသည်။ ပတ်ဝန်းကျင် ဆွေမျိုးအသိုင်းအဝိုင်းထဲတွင် ဆရာဝန်တစ်ယောက်မှ မရှိဘဲ ဆေးတက္ကသိုလ်ကြီးကို ယောင်ဝါးဝါးနှင့် တက်ခဲ့ရသော မောင်"က" အဖို့ မောင်"ခ" ၏ အနာဂတ်စီမံကိန်းများကို ဉာဏ်မမီနိုင်ခဲ့။

"အေးကွာ မင်းတို့ကတော့ အဆက်အသွယ်များတာကိုး၊ ငါကတော့ လက်ထောက်ဆရာဝန်ပဲ လုပ်မှာ၊ ဆရာဝန်ဖြစ်ပြီး ဆေးကုရရင် တော်ပါပြီ၊ ဘွဲ့လွန်ရဖို့ မရဖို့ဆိုတာက ကံတရားပဲ၊ စိတ်ကူး မယဉ်ရဲသေးပါဘူး"

ထိုအချိန်တွင်ပင် မျှော်လင့်မထားမိလောက်အောင် ရက်စက်သောစကား မောင်"ခ" နှုတ်ဖျားမှ ထွက်ကျလာလေသည်။ ရယ်ကျဲကျဲနှင့်ပါ။

"ယှဉ်မပြောနဲ့လေကွာ၊ မင်းနဲ့ ငါက တူလို့လား၊ မင်းငါ့ကို ဘယ်တုန်းကယှဉ်နိုင်ဖူးလို့လဲ"

မောင်"က" တစ်ယောက် အာစေးမိသွားခဲ့ပါသည်။

(၂)

၁၅ နှစ်ဆိုသော အချိန်ကာလသည် လူ့ဘဝ၏ ဇာတ်လမ်းများစွာကို စာရေးဆရာများထက်ပင်လျှင် ဆန်းကြယ်စွာ စိတ်ဝင်စားဖွယ်ရာ၊ အံ့သြဖွယ်ရာ ဖန်တီးနိုင်စွမ်းရှိလေသည်။

မောင်"က" တစ်ယောက် အသက်၃၀ကျော်၊ ၄၀နီးပါးအရွယ် ဒေါက်တာ"က" ဖြစ်နေခဲ့လေပြီ။ ကျောင်းသားဘဝကတည်းက မျှော်လင့်ခဲ့သည့်အတိုင်း လက်ထောက်ဆရာဝန်ဘဝနှင့် နယ်စွန်နယ်ဖျား ရှေ့တန်းစစ်မျက်နှာပါမကျန် တာဝန်ထမ်းဆောင်ဖြစ်ခဲ့၏။ မထင်မှတ်ဘဲလည်း အထူးကုဆရာဝန် တစ်ဦး ဖြစ်လာခဲ့သည်။ မထင်မှတ်ဘဲလည်း ပညာတော်သင် ခရီးစေလွှတ်ခြင်းခံရပြီး တစ်သက်လုံး တွင်စိတ်ကူးမယဉ်ရဲခဲ့သော MRCP ဘွဲ့ကို ရခဲ့လေသည်။

မောင်"ခ"ကတော့ သူပြောသလိုပင် နိုင်ငံခြားကို ထွက်လာခဲ့သည်။ မျှော်လင့်ထားသော စာမေးပွဲများကိုမူ မအောင်မြင်ခဲ့။ လူမှုရေးပြဿနာတစ်ခုကြောင့် မောင်"ကကြီး" သူငယ်ချင်း မိန်းကလေးကိုရော မိဘဆွေမျိုးသူငယ်ချင်းအားလုံးနှင့်ပါ အဆက်အသွယ် ပြတ်ခဲ့သည်။ "ဆံထုံးနောက် သျှောင်ပါ" ရာမှ နိုင်ငံတစ်နိုင်ငံ ထပ်ပြောင်း၍နေထိုင်ခဲ့ပြီး ဒုတိယရောက်ရှိသော နိုင်ငံမှ စာမေးပွဲများကိုမူ အောင်မြင်ခဲ့သည်။ သူ့ဟာသူကျတော့ အခြေတကျ ရှိလာခဲ့သည်။

ရန်ကုန်က လူမှုရေးကိစ္စတစ်ခုကြောင့် နိုင်ငံခြားတွင်ရောက်ရှိနေသော ဒေါက်တာ"က"တစ်ယောက် ဒေါက်တာ"ခ"ဆီ မဖြစ်မနေ ဖုန်းဆက်ဖို့ လိုလာခဲ့သည်။

သက်ပြင်းအကြိမ်ကြိမ်ချပြီးနောက် ဒေါက်တာ"က" တစ်ယောက် ဒေါက်တာ"ခ" ရှိရာ နိုင်ငံသို့ ဖုန်းခေါ်ခဲ့သည်။ သူငယ်ချင်းငတ်နေသော ဒေါက်တာ"ခ" က ဝမ်းသာအယ်လဲပင် တုံ့ပြန်နှုတ်ဆက်ခဲ့သည်။ သို့သော်

"ဟေ့ကောင်၊ မင်း MRCP ကို အဲဒီမှာ ဘယ်သူမှအသိအမှတ် မပြုကြဘူးကွ"

ငယ်ငယ်တုန်းကလိုတော့ အောင့်သက်သက် မခံစားရ၊ ရင့်ကျက်မှုကြောင့် ပြုံး၍သာ ဒီကောင် ငယ်ငယ်ကအကျင့်တွေ မပျောက်သေးဘူးဟု တွေးမိသည်။

"ဒါတော့ကွာ၊ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ဘွဲ့ကိုမှ တစ်ကမ္ဘာလုံးက အသိအမှတ် မပြုကြပါဘူး"

တကယ်တော့ တစ်ကမ္ဘာလုံး ဘယ်နိုင်ငံ ယူသွား ယူသွား တင့်တယ်တာက ဆရာဝန်တစ်ယောက်ရဲ့ စေတနာနဲ့မေတ္တာတရား၊ အဲဒါကို မင်းယှဉ်ရဲ့ပါ့မလားဟူသော စကားလုံးတို့ကိုတော့ မလွှဲမကင်းသာ မျိုချလိုက်ရပါသည်။

တစ်ဆက်တည်းမှာပင် MRCP ဘွဲ့ရသည့်အချိန်က ဒေါက်တာ"ခ"ကို မိမိလုံးဝ သတိမရသည့်အကြောင်း၊ MRCP ဘွဲ့ကြောင့် ကိုယ့်ကိုယ်ကို ဒေါက်တာ"ခ"ထက်သာသွားပြီဟု တစ်ခါမှမတွေးခဲ့မိသည့်အကြောင်းလည်း သတိထားမိလိုက်ပါသည်။ တကယ်တော့လည်း လွန်ခဲ့သည့် ၁၅ နှစ်အတွင်း ဒေါက်တာ"က" တစ်ယောက် ဒေါက်တာ"ခ" ကို တစ်ကြိမ်သာ သတိရခဲ့ဖူးပါသည်။

ထိုတစ်ကြိမ်သည်လည်း "ကြက်ဥထုပ်ကြီး" တစ်ထုပ်အပေါ်မူတည်၍ သတိရမိခြင်းသာဖြစ်ပါသည်။

(၃)

၁၉၉၀ ပြည့်ကာစ နှစ်များအတွင်းက ဖြစ်ပါသည်။ နယ်စွန်နယ်ဖျား ဒေသများသို့ တရစပ် လှည့်လည် ပြောင်းရွှေ့နေရသော ဒေါက်တာ"က" တစ်ယောက် ခရိုင်အဆင့် တောမကျ မြို့မကျ ဆေးရုံကလေး တစ်ခုသို့ ပြောင်းရွှေ့တာဝန်ချထား ခံခဲ့ရပါသည်။ ထိုစဉ်က ခရိုင်အဆင့် ဆေးရုံမှာ ခုတင် ၁၀၀ အင်အားသာရှိပါသည်။ အထူးကု ဆရာဝန်များ မရှိပါ။

ဒေါက်တာ"က" ကို မြို့နယ်ဆရာဝန်ကြီးက ကလေးကုသဆောင်ကို တာဝန်ယူစေခဲ့သည်။ သူပဲ တာဝန်ခံဆရာဝန်၊ သူပဲ လက်ထောက်ဆရာဝန်ပေါ့။

ထိုအချိန်မှာပင် သူ ငါးနှစ်သားအရွယ် လူနာကလေး "မောင်သုည" ကို စတင်တွေ့ရှိခဲ့ပါသည်။

(၄)

"ငါးနှစ် ဟုတ်ရဲ့လား ဆရာမရယ်၊ ဒီမှာ ၁၅ ပေါင်ပဲရှိတယ်၊ ရှစ်လသားလောက် ဖြစ်နေပြီ"

"ဟုတ်ပါတယ် ဆရာရဲ့၊ ဒီမှာက တော်တော်များများ မိဘတွေ မွေးနေ့ မမှတ်မိတတ်ပေမယ့် ဒီကလေး အဖေက အတိအကျ မှတ်ထားရှာပါတယ်၊ တကယ့်ကို အာဟာရပြတ်လို့ သေးနေတာပါ"

ကလေး၏ရောဂါက တီဘီ။ သာမန်အဆင့်တော့ မဟုတ်။ ဆေးပညာအရ Milliary TB ဟုခေါ်သော သွေးကြောများ တစ်လျှောက် TB ပိုး ပျံ့နှံ့ခြင်းရောဂါ ဖြစ်လေသည်။ ကလေးက နာတာရှည် ဖျား၍ ရောက်လာခြင်းဖြစ်သည်။ ဆေးရုံမတက်ခင်က နှစ်လဖျားခဲ့သည်။ ယခု ဆေးရုံပေါ်မှာ နှစ်လရှိနေပြီ။ အဖျား မကျသေး။

အနာလည်း သိပြီ၊ ဓာတ်မှန်က ဆေးရုံက စိုက်၍ရိုက်ပေးထားသည်။ ဆေးလည်း ရှိပြီ။ တီဘီ တိုက်ဖျက်ရေးဌာနမှ လိုအပ်သောဆေးများ ပံ့ပိုးထားသည်။ အဖျားကား မကျသေး။ ကျသင့်သော အချိန်ကို ကျော်နေသည်မှာ ကြာပါပေါ့။

သာမန်အခြေခံ ဆရာဝန်ကလေးတစ်ဦး ဖြစ်သော ဒေါက်တာ"က" ဉာဏ်မမီရှာ။ ခေါင်းကို မသိမသာကုတ်ရင်းက ပိန်လှီခြောက်ကပ်လွန်း၍ မည်းကြုတ်နေသော မျက်နှာကလေးကို ငုံ့ကြည့်မိသည်။ မျက်လုံးဖြူဖြူ ပြူးပြူးကလေး တစ်စုံက ပြန်၍ မော့ကြည့်လေသည်။

"အမေရော၊ ဘာလို့ မစောင့်တာလဲ?"

"သေပြီတဲ့ ဆရာ၊ တီဘီပဲတဲ့၊ အဖေတော့ ကျွန်မတို့ စစ်ပေးပြီးပြီ၊ မရှိဘူး။ အမေပဲ စောင့်ခွင့်ပေးရမယ်ဆိုပေမယ့် အဖေမှ ပေးမစောင့်ရင် သူတို့လည်း ပြန်ရုံပဲ ရှိတာနဲ့ ကျွန်မတို့လည်း မျက်စိမှိတ်စောင့်ခိုင်းထားတာ၊ နှစ်လ လုံးလုံးပြန်ချင်တယ် တစ်ခွန်းမှ မပြောတာတောင် ကျေးဇူးတင်နေရတယ်။ သူ့သားတော့ သူတော်တော် ဂရုစိုက်ပုံအရသား။"

"အေးဗျာ၊ ဆေးကလည်း ရှေ့ကဆရာဝန်က ပေးသင့်ပေးထိုက်တာ အကုန်ပေးပြီးသား၊ အဖျားကလည်း မကျဘူး၊ အထူးကုတွေမရှိတော့ ဘယ်မေးရမှန်းလည်း မသိ၊ ကျွန်တော့်ဟာကျွန်တော် တတ်သလောက် မှတ်သလောက် စဉ်းစားကြည့်ပါအုံးမယ်။ စာလည်းဖတ်ကြည့်ပါအုံးမယ်၊ ဟုတ်လား"

(၅)

ထိုစဉ်က သည်နိုင်ငံတွင် အေအိုင်ဒီအက်စ် ဝေဒနာရှင် ကလေးများ မတွေ့ရှိရသေး။ ဒီတော့ ဒါကို မစဉ်းစားဖြစ်တော့။ တီဘီကလည်း သေချာနေသည်။ တီဘီဆေးပေးလို့ မကျတာသာရှိသည်။ ဒီတော့ ဒါကိုပဲ ဦးတိုက် စဉ်းစားသည်။

တစ်ညနေလောက် စဉ်းစားလိုက်တော့ အဖြေတစ်ခု ရေးရေးပေါ်လာသည်။

"ထမင်းကျွေးလား ကလေးအဖေ"

"ဟုတ်ကဲ့ သူစားနိုင်ပါတယ်"

"ဘယ်က ထမင်းရလဲ"

"ဆေးရုံက ကျွေးတာပဲပေါ့ ဆရာရယ်၊ အသားဟင်း ဘာညာတော့လည်း ဝယ်မကျွေးနိုင်ဘူးပေါ့"

ဟုတ်ပြီ။ ဒါပဲဖြစ်ရမယ်။ အာဟာရ ချို့တဲ့သဖြင့် အသက် ငါးနှစ်အရွယ်တွင် ရှစ်လသား ပေါင်ချိန်သာရှိသော ကလေး။ တီဘီကလည်း ဖြစ်နေသည်။ အခုလည်း အသားမကျွေးနိုင်သေး။ ဆေးရုံ

အနေနဲ့ကလည်း နယ်ဆေးရုံငယ်ကလေး။ ဆင်းရဲသား လူနာကအများစု။ သည့်ထက်တော့ ဂရုမစိုက်နိုင်တော့။

ဒီတော့ သည်ကလေးမှာ အသားဓါတ် ပရိုတိန်းလိုနေမည်။ ပရိုတိန်းမရှိတော့ ကိုယ်ခံအား မရှိ။ ကိုယ်ခံအား မရှိတော့ ပဋိဇီဝဆေးဝါးများ ပေးထားပေမယ့် တီဘီပိုးဘက်ကပဲ နိုင်နေမည်။ သည်တော့ အဖျားမကျ။ ဒါအဖြစ်နိုင်ဆုံး အဖြေဖြစ်သည်။ ဒီတော့ ဒီကလေးကို အသားကျွေးကြည့်မည်။ ခက်တာက ဘယ်ကပိုက်ဆံနှင့် ဝယ်ကျွေးရမှာလဲ။

ဒေါက်တာ"က" အိမ်ထောင်ကျနေပြီ။ ဇနီးက တစ်၊ သားက တစ်။ လခက ၁၂၀၀ ကျပ်။ ယောက္ခမမြို့ ဖြစ်၍ ယောက္ခမအိမ်မှာ ကပ်စားနေသည်။ ဘယ်က ငွေပိုရှိပါ့မလဲ။ ဆေးခန်းကလည်း မထိုင်ဖြစ်သေး။ နောက်ဆုံးတော့ ကိုယ်တတ်နိုင်သမျှ အထွာထဲက အကောင်းဆုံးဖြစ်အောင်ပဲ စီစဉ်နိုင်အောင် ကြိုးစားရတော့သည်။

"ကလေးအဖေ၊ ဒီမှာ ငွေနှစ်ကျပ်တွေ့လား၊ ကြက်ဥတစ်လုံး သွားဝယ်ချေ။ ဆရာမတွေကို ပြုတ်ပေးခိုင်း၊ ခင်ဗျားသားကို ကျွန်တော် ကြက်ဥ တစ်နေ့တစ်လုံး ကျွေးချင်တယ်။ ဆေးလို့ပဲ သဘောထား။သွားဝယ်ဖို့နဲ့ ကလေးတစ်လုံးလုံး အကုန်စားဖြစ်ဖို့က ခင်ဗျားတာဝန်။ ကြက်ဥဖိုး တစ်နေ့ ငွေနှစ်ကျပ်က ကျွန်တော့်ဆီမှာ မှန်မှန်လာယူ။ ဟုတ်ပြီလား။"

ခံစားချက်မရှိသော မျက်နှာသေကြီးနှင့် ပြူးကြောင်ကြောင် ကြည့်ရင်းက ခေါင်းညိတ်ပြရှာလေသည်။

(၆)

လူနာဆောင်အလယ်တွင် ဒေါက်တာ"က" ၏ စားပွဲကလေး ချထားသည်။ စားပွဲကလေးပေါ်တွင် ဖန်ခွက်အဟောင်းကလေးတစ်လုံး ရှိသည်။ ထိုညနေက ထိုဖန်ခွက်အဟောင်းလေးထဲတွင် ပိုက်ဆံအကြွေသုံးမတ် ရောက်နေသည်။

"ဆရာမ၊ ဒါကဘာတွေလဲ"

"ဟိုအဖေလေ ဆရာ။ ကြက်ဥက ငါးမတ်ပဲ ပေးရတယ်ဆိုပြီး သုံးမတ်ပြန်လာထားသွားတာ၊ ကလေးကလည်း ဆရာ့ကြက်ဥကို စားလိုက်တာ ဆရာရယ်၊ သူ့ဟာသူ ထိုင်ပြီးကိုက်စားတာ တစ်ထိုင်တည်းနဲ့ ကုန်ရော"

ရင်ထဲတွင် နွေးခနဲ ကြက်သီးထမိသည်။ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်တော့ အိတ်ထဲတွင် ၁၅ ကျပ်သာရှိကြောင်း သတိထားမိပြန်သည်။

"ကောင်းသားပဲ၊ ကျွန်တော် မနက်ဖြန်အတွက် ငါးမူးပဲပေးဖို့ လိုတော့တာပေါ့"

ကိုယ့်အလှူ ငါးမတ်ကို ဂုဏ်ယူရမလား၊ ကိုယ့်မှာလည်း မပိုလျှံလို့ သုံးမတ်ပါ ယူလိုက်တော့လို့ မပြောနိုင်တာ ရှက်ရမလား။ မဝေခွဲတတ်သော စိတ်နှင့် ဒေါက်တာ"က"တစ်ယောက် ရယ်ကျဲကျဲ လုပ်နေရသည်။

(၇)

သည်လိုနှင့် ဆက်တိုက် ရက်၂၀ခန့် ကြာသွားသည်။ ရက်၂၀အတွင်းမှာ လူနာကလေး မောင်သုည ထူးခြားစွာ ပြောင်းလဲလာခဲ့သည်။

အဖျားကျသွားသည်။ ပေါင်ချိန် သိသိသာသာတိုးတက်လာသည်။ ခွေယိုင်လဲနေရာက ထထိုင်၊ နောက်တော့ လမ်းပါလျှောက်လာသည်။ စကားစပြောလာသည်။ ကြက်ဥ အလုံး၂၀၏ တန်ခိုးလား၊ ဆေးဝါးများ၏ တန်ခိုးလား၊ စေတနာ၊ မေတ္တာ၏ တန်ခိုးလားမသိ။ ငါးမတ်တန် ကုသိုလ်၏ အစွမ်းကို လှည့်လည်ပြောဆိုရန် ရှက်သဖြင့် ဒေါက်တာ"က" တစ်ယောက် ပီတိကို ကြိတ်၍ ဖြစ်နေရသည်။

မောင်သုညကလေးတစ်ယောက် မောင်ဝလုံး ဖြစ်လာသည်။ မပြောင်းလဲသူကတော့ မောင်သုည၏ အဖေ။ သူသည် အမူအရာကင်းမဲ့သော မျက်နှာသေကြီးနှင့် တစ်ရက်ခြားတစ်ခါ ဖန်ခွက်ထဲသို့ ပိုက်ဆံသုံးမတ် လာလာထည့်နေမြဲ။

နောက်သုံးပတ်ခန့်အကြာတွင်တော့ မောင်သုည ဆေးရုံကပါ ဆင်းခွင့်ရခဲ့သည်။ ဆရာမကြီးကို ရယ်မောနုတ်ဆက်နေသော မောင်သုညကလေးကို တွေတွေကြီးစိုက်ကြည့်နေသော သူ့ဖခင်၊ ဒေါက်တာ"က" ဘက်သို့ တစ်ချက်လှည့်ကြည့်သည်။ စကားမဆို မပြုံးပြ ငူငူငိုင်ငိုင်သာ ရှိနေသည်။ ဆို့နင့်နေရှာတယ် ထင်ပါရဲ့ဟုသာ တွေးမိသည်။

”သေသေချာချာ ရက်ချိန်းပြန်လာပြနော် ကလေးအဖေ”

ခေါင်းတစ်ချက်သာ ညိတ်ပြ၍ မောင်သုညကလေး၏ လက်ကို ဆွဲကာ လူနာဆောင်ထဲက ထွက်ခွာသွားသည်။

ဒေါက်တာ”က” တစ်ယောက်လည်း ဆေးရုံဝင်းအတွင်း ဆရာဝန်ငယ်များ စက်ဘီးအပ်နေကျ တဲကလေးဆီသို့ လျှောက်ခဲ့သည်။ သူပိုင် တစ်ပတ်ရစ် စက်ဘီးလေးဆီ အရောက်တွင်တော့ စက်ဘီး ရှေ့ခြင်းအတွင်းက ထူးဆန်းသော စက္ကူထုပ်ကြီးကို မြင်မိလေသည်။

”မိန်းမကြီး တစ်ယောက် လာထားသွားတာပဲ ဆရာ၊ ဆရာသိတယ်မှတ်လို့ ကျွန်တော်လည်း မမေးလိုက်ဘူး”

နီးကြိုးနှင့်ချည်ထားသော အညိုရောင် စက္ကူထုပ်ကို ဖြေကြည့်တော့ ကြက်ဥအလုံး၂၀ခန့် ထွက်လာသည်။ ဒေါက်တာ”က” ပါးစပ် အဟောင်းသား ဖြစ်သွားပါသည်။

(၈)

ဘယ်သူဘယ်ဝါပေးသွားသည် ဆိုတာကတော့ ဒေါက်တာ”က” တစ်ယောက် ဘယ်တော့မှ မသိခဲ့ရ တော့ပါ။ သေချာသည်ကတော့ လွန်ခဲ့သည့် နှစ်ပတ်အတွင်း သူ၏ ကြက်ဥစီမံကိန်းကို အဝေးတစ်နေ ရာမှ စောင့်ကြည့်နေသူသာဖြစ်ရမည်။

ကိုယ်တိုင်မပြည့်စုံရသည့်ကြားထဲက လူနာအတွက် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဖျစ်ညှစ်၍ ဖန်တီးပေးချင်သည့် ဆရာဝန်ကလေးတစ်ဦး၏ စေတနာနှင့် မေတ္တာကို အသိအမှတ်ပြု ကူညီလိုစိတ် ကို ပြလိုက်ခြင်းသာ ဖြစ်ရပေလိမ့်မည်။

အမည်တပ်ရခက်သော ခံစားချက်တစ်ခုဖြင့် ပီတိပြုံးမကျ၊ မချိပြုံးမကျ၊ ပြုံးရင်းက ကြက်ဥထုပ် ကြီးကို ပိုက်၍ ဒေါက်တာ”က”တစ်ယောက် လူနာဆောင်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။ ကလေး ကုသဆောင်တွင် ရေခဲသေတ္တာမရှိပေမယ့် ဆေးဝါးကုသဆောင်တွင် ရေခဲသေတ္တာရှိသည်။ ထိုရေခဲ သေတ္တာတွင် ဒီကြက်ဥတို့ကို ထည့်မည်။ နောင်လာလတ္တံ့သော မောင်သုညများစွာတို့အတွက် တစ် တပ်တစ်အား ဖြစ်စေမည်ဟု ရည်ရွယ်လေသည်။

ထိုအချိန်မှာပင် ဖျတ်ခနဲ ဒေါက်တာ”ခ”ကို သတိရမိလိုက်သည်။

Material Success ခေါ် ဘဝ၏ ရုပ်ပိုင်းဆိုင်ရာ အောင်မြင်မှု၊ စည်းစိမ်ကျော်ကြားမှု၊ ဘွဲ့ထူး ဂုဏ်ထူး စသည်တို့အပေါ် တန်ဖိုးထားတတ်လွန်းသော ရလည်း ရတတ်လွန်းသော ဒေါက်တာ"ခ" တစ်ယောက် မေတ္တာ၏ ရောင်ပြန်ဟပ်မှုကို ကြည်နူးစွာ ခံစားရဖူးမည်ဟု မထင်ပါ။

ခုနေများ ဒေါက်တာ"ခ"နှင့် ပက်ပင်းတိုးမိမည် ဆိုပါလျှင်။

မင်း ငါ့ကို ယှဉ်နိုင်လို့လားဆိုသည့် စကားကို သူထပ်ပြောခဲ့ဦးမည်ဆိုပါလျှင်။

လက်ထဲကကြက်ဥထုပ်ကြီးကို ပြ၍ "မင်းမှာရှိတဲ့ ဘွဲ့တွေ၊ ငွေတွေအားလုံးကို ဒီကြက်ဥထုပ် တစ်ထုပ်လောက်မှ ငါတန်ဖိုးမထားဘူး သူငယ်ချင်း" ဟု ရင်ကော့၍ ပြောပြလိုက်ချင်စမ်းပါဘိတော့ သည်။ ။

# သော်တာဆွေ

# ခွဲရမှာ သည်းမြည်းရယ်

ထိုည မသူနှင့်ကျွန်တော် မည်သို့ စံစားကြရမည်ကို အထူးဖော်ပြစရာ လိုတော့မည် မဟုတ်ပါ။ မသူအား ကျွန်တော်များများစားစား ပေးနိုင်သော အခြေလည်း မရှိတော့ပါ။

ကျွန်တော် တတွတ်တွတ်မှာသည်ကား–

'မသူ အမောင်မရှိရင် ဒီကသာမှာ မနေနဲ့တော့နော်။ မသူမှာ အမေရှိတယ်ဆို၊ ရွာပြန်ပြီးတော့ မိသူအမေနဲ့ အတူတူနေပေါ့နော်'

သူသည် အဖြေမပေး မျက်ရည်များသာ တတွေတွေ ကျလျက်။

ကျွန်တော်သည် မျက်ရည်စများကို သုတ်ပေးကာ–

'ပြောစမ်းပါကွယ်၊ ရွာကိုပြန်မယ် မဟုတ်လားလို့'

သူ့မျက်ရည်တွေကား သုတ်၍မနိုင်ပါ။ တစ်ပေါက်ပြီးတစ်ပေါက် မျက်ရည်မိုး ရွာချ နေ၏။

'အို…ပြောစမ်းပါကွယ်၊ ကိုယ် ဟိုရောက်ရင်လေ မသူ ရင်းနှီး စားဖို့ ဟိုဘက်စန်းက စာရေးကြီးကတစ်ဆင့် ငွေပို့လိုက်မယ်'

သူ့နှုတ်က ဘာမျှမပြော။ မျက်ရည်တွေသာ တရဟော။

ကျွန်တော်သည် အားမလိုအားမရနှင့် သူ့ပစုံးလေး နှစ်ဖက်ကို ကိုင်ကာ–

'ဟင့်…ကြည့်စမ်း၊ သူ ရွာကို ပြန်မနေချင်ဘူး ထင်ပါရဲ့၊ ဘာလို့လဲ၊ ပြောစမ်း– ပြောစမ်း'

သို့တိုင်လည်း ဘာမျှမပြော။

'ဘာလို့လဲဟင်၊ အမေနဲ့ ရန်ဖြစ်ထားလို့လား၊ ရွာသားတွေနဲ့ မတည့်လို့လား၊ ဘာပဲ ဖြစ်ဖြစ် ပြန်နေကွယ်၊ ပြန်နေရင်နေမယ် မဟုတ်လား၊ အမောင်စိတ်ချမ်းသာအောင် ခေါင်းလေးသာ ညိတ်ချလိုက်စမ်းပါ မသူရယ်၊ အချစ်ရယ်'

ကျွန်တော့်နှလုံးသားက တဒုန်းဒုန်း ခုန်လှသည်။ ရင်ချင်းအပ်လိုက်လျှင် တစ်ဖက်နှင့် တစ်ဖက် တူနှင့် နှက်နေဘိသို့။

ထိုနေ့ညကား ကျွန်တော်တို့သည် တစ်ရေးမျှပင် မေးစက်ခဲ့ကြသည် မထင်။

ဘာမျှ နားမလည်ရှာသော သူ့သား ဖိုးကံကောင်းလေးသည် ခါတိုင်းကဲ့သို့ပင် လင်းကြက်နိုး တွန်သံကျူးလိုက်လေပြီ။

'အောအီးအီးအွတ်'

ဟိုအနောက်ဘက် တောင်ကုန်းကြောင် တောင်တန်းဆီက ယောက်ဖခွေးခေါ်ငှက်တို့ သည် အရှက်ဦးကိုမျှော်၍ 'ယောက်ဖခွေးခေါ်…ယောက်ဖခွေးခေါ်' ဟု ကြားရ သူတို့၏ စိတ်ထဲမှ ပီပီသသ ရွတ်ဆိုသည်ဟု ထင်ရသော တေးသံသာသာလေးဖြင့် ချိုချို စူးစူး ခွန်းဆင့်ကာ ကျူးရင့်လိုက်လေသည်။

'ဟင်း…သူ့အသံလေးက သိပ်သာယာတာပဲနော်'

'ဟုတ်တယ်အမောင်၊ ကြည်နူးပြီး လွမ်းစရာလဲ ကောင်းတာပဲ'

ခါတိုင်းနေ့များ၌ ကျွန်တော်တို့ ဤအချိန်မှာ အိပ်ရာက နိုးလျှင် နှစ်ယောက်သား တီးတိုးပြောလေ့ရှိကြ၏။

ယခုမူကား ကျွန်တော်တို့သည် ဤအသံတွေသို့ အရသာ မခံနိုင်။ မသူမူကား ကြားဟန်မျှမတူ။ နှစ်ယောက်သား အိပ်ရာမှ ထကြ၍ မျက်နှာသစ်ကြပြီး...။

မသူသည် ၁၉၄၇-ခုနှစ်၊ ဇန်နဝါရီလ ၂၆-ရက်၊ ဗုဒ္ဓဟူးနေ့ ညဉ့်ဦးပိုင်းတွင် မိုးညှင်းမြို့ ဘူတာဝင်းအတွင်း တည်းခိုစန်း၌ ပူးပေါင်းခဲ့သော သူ့အိပ်ရာနှင့် ကျွန်တော့် အိပ်ရာ နှစ်ခုကို ယခု ဇွန်လ ၆-ရက်၊ တနင်္ဂနွေနေ့ လင်းအားကြီး အချိန်တွင် ကသာ ဘူတာဝင်းရှိ ကျွန်တော်တို့ အိမ်တန်းလျားကြီး၌ သူ့အိပ်ရာ ကိုယ့်အိပ်ရာ ခွဲခြမ်းနေရပေပြီ။

ကျွန်တော် မကြည့်ရက်နိုင်။ ရင်ထဲမှာ ဆို့နင့်၍လာသည်။

သင်္ဘောဆင်းရန် အချိန်ရောက်၍ အနီးပါးနားက မိတ်ဆွေတွေ နှုတ်ဆက်ပြီး နှစ်ယောက်သား အိမ်ခန်းမှ ဆင်းခါနီး၌ ကျွန်တော်သည် သူ့ကိုယ်ကို နောက်ဆုံးပွေ့ဖက်ခြင်း ဖြင့် အားရ ပါးရ ပွေ့ဖက်လိုက်ကာ-

'မသူ အမောင် မှာခဲ့တဲ့အတိုင်း ရွာကိုပြန်နေနော်၊ နေမယ်မဟုတ်လားဟင်၊ ပြောစမ်း ပဟာဒီပါးစပ်ကလေးက'

သူသည် နှုတ်ကလည်းမဟ၊ ခေါင်းကလည်းမညိတ်။ မျက်ရည်တွေသာ တစိမ့်စိမ့် ကျနေပြီးမှ သူ့ရင်ဘတ်ထဲက စာအိတ်ကလေးတစ်ခုကို ထုတ်လိုက်၏။

'ရော့ အမောင်၊ အမောင်သိချင်တာတွေ ပဟာဒီအထဲမှာ အကုန်ပါတယ်၊ အခု မဖတ်ရဘူးနော်၊ သင်္ဘောထွက်သွားမှ ဖတ်'

စာအိတ်ပေါ်၌ကား မိန်းမလက်ရေး။ မသူလက်ရေး။ စာမတတ် တတတ် တောသူမလေး လက်ရေးဖြင့် 'အချစ်ဆုံး အမောင်' တဲ့။

ကျွန်တော် သူ့စာအိတ်ကလေးကိုနမ်း၍ အိတ်ထဲသို့ ထည့်လိုက်သောအခါ၌ သူ ဆုံးဖြတ်ချက် ချပြီးဟန်နှင့် အပြုံးပန်းကလေးပင် ညှိုးနွမ်းစွာ ပွင့်လိုက်ကာ-

'ကဲ...အမောင်ရေ သွားကြမယ်၊ အချိန်တော်ပြီ' တဲ့။

ကျွန်တော်တို့ ဆိပ်ကမ်းသို့ ဆင်းခဲ့ကြရာ၌ ကျွန်တော်က အဝတ်သေတ္တာကိုဆွဲ။ မသူက ပိုးကံကောင်းလေးကို ရင်ခွင်ပိုက်လို့။

'လာ သားလေး၊ နင့်ဖေဖေကို လိုက်ပို့ကြရအောင်'တဲ့ သူ အိပ်တန်းက ကြက်ကလေးကို ဖမ်းပြီး ပြောခဲ့တာလေ။

ယခု ပိုးကံကောင်းမှာ ဟိုနေ့က ကိုမူကြက်ကြီးနှင့်ခွပ်သော ခွပ်ဖေး(အနာဖေး)တွေ ကွာ၍ မျက်နှာလေး ပြန်ပြီး နီရဲလှပနေပြီ။ သူသည် ရှစ်လကိုးလသား ကြက်ဖကြီး အရွယ် ရောက်နေပြီဖြစ်၍ လမ်းကကြက်တွေမြင်လျှင် တစ်ချက်တစ်ချက် တွန်လိုက်သေး။ ခွပ်ဖူးနေပြီ ဖြစ်၍ ကြက်ဖချင်းမြင်လျှင် ဆင်းခွပ်ချင်စိတ်နှင့် မသူလက်ထဲက ရုန်းကန်သည်။ သူ့အမေက မြဲမြဲကြီးပိုက်လို့။

ကသာမြို့ နံနက်ခင်းကား မိုးနှင်းကလေးတွေ ညင်းညင်းတွဲ့တွဲ့နှင့် ပတ်ဝန်းကျင်မှာ ဝေလို့ရီလို့။ ကျွန်တော်တို့ ဘူတာဝင်းထဲကထွက်၍ မြစ်ကမ်းပေါ် တက်မိလျှင် ရှေးဦးစွာ မသူ နှင့်ကျွန်တော် ရေကူးရင် တူတူပုန်းခဲ့သော မြစ်ကကွေ့လေးသို့ ရောက်သည်။ ထိုမှ လူတွေ စည်ကားနေသော သင်္ဘောဆိပ်။

တိုင်ရှိသည် ရောဝတီ ဖလိုတီလာ နှစ်ထပ်သင်္ဘောငယ်ဖြစ်၍ ကျွန်တော်တို့ အပေါ် ထပ်သို့ တက်ခဲ့လျှင် အစ်ကိုသည် သင်္ဘောဦးပိုင်း ကေဗင်အခန်းဝမှ ကျွန်တော့်ကို ဆီးကြို နေသည်။ အိပ်ရာလိပ်ရွက်၊ ကြက်ဖလေးပိုက်ထားသော ကျွန်တော့်နောက်က မသူကိုမြင်လျှင် မည်သူမည်ဝါဟု သိပြီးဖြစ်သော်လည်း သူ့မျက်နှာက အပြုံးမစွက်သဖြင့် ကျွန်တော်က မိတ်ဆက်မပေးတော့ပေ။

ကျွန်တော် အခန်းထဲဝင်ပြီး မိမိအိပ်ရမည့်ခုံပေါ်၌ ကျွန်တော့်လက်က အဝတ်သေတ္တာ ကို ချလိုက်လျှင် မသူလည်း သူ့ခေါင်းပေါ်က အိပ်ရာလိပ်ကို ထိုင်ခုံပေါ်သို့ ချလိုက်ပြီး ကြက်ကလေးကိုတော့ သူ့လက်ကမလွှတ်ဘဲ အခန်းပြတင်းဝမှ မြစ်ပြင်ကို ကြည့်နေသည်။

ဆိပ်ကမ်းမှာ လူတွေ စည်စည်-စည်စည်၊ စုရုံးစုရုံးနှင့်ကမ်းနဖူးတည့်တည့်မှာတော့ ၁၉၄၉-ခုနှစ်၊ နိုဝင်ဘာလတွင် ကျွန်တော် ကသာရောက်ရောက်ချင်း ဆန်တက်စပ်သည့် ပွဲရုံ လေးတစ်ခု၊ ကျွန်တော်က

ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်တွေး၍ မျက်စိထဲမှာတရေးရေး။ မသုကတော့ ဘာတွေတွေးနေမှန်းမသိ။ ကြက်ကလေးက သူ့ရင်ခွင်၌ပင်။ ကျွန်တော့် အစ်ကို လည်း ဘာမျှမပြော၊ သူ့အိပ်ခုံပေါ်၌ တုံဏှိတာဝေ ထိုင်နေသည်။ ရင်ထဲ၌ အသီးသီး ခံစားမှု တွေရှိသည်ကတော့ အမှန်။ အစ်ကို့စိတ်ထဲမှာတော့ ငါ့ညီ ကသာမှာ သောင်တင်နေတာ ဒီကောင်မကြောင့်ဆိုသော ဒေါမနဿ၊ ကျွန်တော်နှင့်မသုကတော့ သက်ဆုံးတိုင် ခွဲရတော့ မည့် လင်မယား။

သို့နှင့် အချိန်သည် တစ်စတစ်စ ကုန်၍လာရာ နောက်ဆုံး သင်္ဘောထွက်တော့မည်။ မလိုက်သူတွေ အောက်ပြန်ဆင်းကြတော့ ဟူသော သတိပေး ဥသြဆွဲလိုက်လေသည်။

ယင်းမှ မသုသည် အသက်ဝင်လာသလို အခန်းပြတင်းဝမှ အတွင်းဘက် ပြန်လှည့်လာကာ အိပ်ခုံပေါ်ထိုင်နေသော ကျွန်တော့်ရှေ့မှောက်၌ ဒူးထောက်ကလေးထိုင်ပြီး သူ့ကြက်ကလေးကို ဘေးသို့ချ၍ ကျွန်တော့်ကို ရှိခိုးကန်တော့လျက်—

'သွားပေတော့ အမောင်ရေ'

ယင်းအခိုက်၌ ကြက်ကလေးကလည်း ကျွန်တော့်ခြေစုံကို မနာမကျင် လာ၍ဆိပ်လေ ရာ ကျွန်တော့်စိတ်ထဲမှာ မသုသုံး ဖိုးကံကောင်းကလေးကလည်း 'အဖေကြီးရေ သွားပေတော့' ဟု ပြောလိုက်သည့်အလား ခံစားရ၍ ကျွန်တော့် မျက်ရည်တွေ မျို့တက် လာပါသည်။

မသုသည် ကျွန်တော့်အား ဦးသုံးကြိမ်ချပြီးနောက် ကြက်ဖလေးကို ကောက်ယူကာ ထိုင်ရာမထ,၍ အခန်းပြင်သို့ ထွက်သွားပါလေတော့၏။ ကျွန်တော်လည်း အခန်းပြင် ထွက်ကာ မသု လှေကားမှ အောက်ဆင်းသွားသည်ကို ကြည့်ပြီးနောက် ကမ်းပေါ်ကိုမြင်ရ သော သင်္ဘောလက်ရန်းဆီသို့ ပြေးသွားကာ အောက်သို့ ငုံ့ကြည့်နေသည်။

ဟော...မသု သင်္ဘောထဲကထွက် ကုန်းပေါင်ပေါ် တက်လာပြီ။

ကုန်းပေါင်ကဆင်းသည်။ မြစ်ကမ်းပေါ်တက်သွားပြီ။

ကျွန်တော့်ကို ပြန်ကြည့်လိမ့်မလားဟု နောက်ဆုံး လက်ပြနှုတ်ဆက်ရန် ကျွန်တော့်လက် အသင့်ပြင်လို့—

သို့သော် မသုသည် သင်္ဘောကို လုံးဝ လှည့်မကြည့်တော့ပါ။ ကျွန်တော့်ကိုများ စိတ်နာသွားပြီလား၊ သူ့လက်ကလေးနှစ်ဖက်က သူ့သား ဖိုးကံကောင်းလေးကို ကျစ်ကျစ် ပါအောင် ရင်ခွင်ပိုက်ပြီး ကျွန်တော့်ဘက်ကိုတော့ ကျောပေးလို့၊ ဝေးသည်ထက် ဝေးဝေး သွားပြီးနောက် လမ်းတစ်ဆစ် ချိုးလိုက်တော့ ကျွန်တော့်မျက်စိမြင်ကွင်းမှ လုံးဝ ပျောက်ကွယ်သွားပေပြီ။

ယင်းအခိုက် တိုင်ရှိသည် နောက်ဆုံးဥသြကို ဆွဲလိုက်ပြီးနောက် ဘေးတိုက်ဦးခြာ ကမ်းကခွာလေပြီ။

ထိုမှ သင်္ဘောထွက်မှ ဖတ်ပါဟုပြော၍ မသုပေးလိုက်သောစာကို ကျွန်တော့်အိတ်ထဲမှ ထုတ်လိုက်တော့၏။

(မှာထားပါရစေ၊ မသု စာကောင်းကောင်း မရေးတတ်ပါ၊ ထို့ပြင် သူနှင့်တွေ့ကြုံခဲ့ရ သော လူများ၏ နာမည်၊ ရာထူး၊ ဂုဏ်ဒြပ်များကို အမှန်အတိုင်း ဖော်ပြထားပါသဖြင့် ကျွန်တော်က ဖျောက်ဖျက်၍ မည်သူ့ဂုဏ်ကိုမျှ မထိခိုက်အောင် စာလည်းပြေပြစ်ရန် ပြင်ဆင် ရေးသားလိုက်ပါသည်။)

မိသုအကြောင်းဇစ်မြစ်ကို သိလှချင်တဲ့ အမောင်ရေ—

ဟုတ်တိုင်းမှန်ရာ မချန်မခြွင်း ပြောလိုက်မယ်ပ၊ ပါးစပ်နဲ့ဆိုရင် မရဲပါဘူး၊ စာနဲ့မှ အကုန်ရေးဝံ့တော့တာ၊ ကျွန်မဟာ အခု အသက်(၁၉)နှစ်၊ ဟို ဂျပန်ခေတ်မှာ ကျွန်မ (၁၆)နှစ် အပျိုဖြစ်လို့ အရွယ်ရောက်ခါစ ကျွန်မတို့ရွာမှာဆိုရင် ကျွန်မက ညီအစ်မသားချင်း တွေထဲမှာ ထွန်းပြီးတော့ သူများနဲ့မတူအောင် ရုပ်ရည်က လှခဲ့တာပ၊ ဒါနဲ့ အတော်ပဲ လှဂုဏ်မောက်ပြီး ကိုယ့်ရွာကလူတွေဆိုရင် စိတ်ကူးမထည့်၊ မြို့ပေါ်က ရောက်လာတဲ့ လူချောချောတစ်ယောက်နဲ့ ကျွန်မ ကြိုက်ပါရော။ ကြိုက်တယ်ဆိုရင်ပဲ အရှူးအမူး၊ သူခေါ်ရာ ကို ခိုးရာလိုက်ခဲ့တာပ၊ ကသာမြို့ရောက်တော့ သူ့ဦးကြီးဆိုတဲ့

မန္တလေးက မကြာခင်တုန်းက မှ ပြောင်းလာတဲ့ ရဲအရာရှိကြီးအိမ်မှာ နေရတယ်၊ နောက်တော့ အဲဒီလူကြီးဟာ တခြားလူ ဟုတ်ပါရိုးလား၊ ကျွန်မ ဒုတိယ ယူရတဲ့ လင်ကြီးပေါ့။

ဖြစ်ပုံက ပြောရမှာရှက်လိုက်ပါဘိ၊ ကျွန်မတို့ သူ့အိမ်ရောက်တော့ ၁၀-ရက် လောက်ပဲရှိသေးတယ်၊ တစ်နေ့ခင်းလုံး ကျွန်မတစ်ယောက်တည်း အခန်းထဲမှာ အိပ်ပျော် နေတုန်း အဲဒီလူကြီး ဝင်လာပြီး ကျွန်မကို မတရားကျင့်တယ်၊ အဲဒါကို ကျွန်မယောက်ျား ပြန်လာလို့ ပြောပြတော့ သူက ဘယ့်နှယ်ပြောတယ်မှတ်သလဲ၊ အဲ့ဒါ လူတင်ပါလို့ နွားကျား လိုက်တာ၊ နင်ဟာ နည်းနည်းမှ သစ္စာရှိတာ မဟုတ်ဘူး၊ နင့်လင်ကြီးနဲ့ပဲ နင်နေခဲ့ပေတော့ ဆိုပြီး သူ အိမ်ကဆင်းသွားတယ်၊ အဲဒီတော့ သူ့ဦးကြီးဆိုတဲ့လူကြီးက 'ကဲ…မထူးတော့ ပါဘူး၊ မင်းကို ငါ တကယ်ချစ်တယ်၊ ငါ့မှာလဲ သားမယားမရှိဘူး၊ မင်းကို ကောင်းကောင်း မွှန်မွှန်ထားမယ်' ဆိုပြီး ခရိုး ဆက်တော့တာကိုး၊ အဲဒါ ကျွန်မအပြစ်လား အမောင်။

အမှန်ကတော့ ကျွန်မ နောက်မှသိရတာက သူတို့ချင်းက အချိတ်အဆက် အမောင်ရဲ့၊ အဲဒီအကောင်က ကျွန်မကို ငွေတစ်ထောင်နဲ့ ရောင်းခဲ့တာလေ၊ ဒါနဲ့ ကျွန်မဟာ ဖွတ်မိုက်ရတော့တာပေါ့။ အဲဒီလူကြီးက ကျွန်မကို မယားအဖြစ်နဲ့ အတော်ပဲ ကြင်ကြင်နာနာ မြှောက်စားထားပါတယ်။

ဒါပေမယ့် အစုထိ ကျွန်မ ကလေးမမွေးနိုင်အောင် တားဆေးတွေ ကျွေးပစ်ခဲ့ တာက အဲဒီလူကြီးပဲ အမောင်ရေ့၊ ကျွေးမှာပလေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မနဲ့အတူပေါင်း လို့ ခြောက်လလောက်လဲကြာရော သူ့သားမယားတွေ မန္တလေးက လိုက်လာတာပဲ၊ အဲဒီတော့ ကျွန်မကို သူ့အိမ်ကြီးပေါ် မထားတော့ဘူး၊ ချောင်ကျကျနေရာမှ အိမ်ကလေး တစ်လုံး ငှားပေးထားတယ်။

အဲဒီအခါမှာ လူမိုက် အောင်သင်းက ကျွန်မရဲ့အစောင့်ထိန်းပေါ့၊ သည့်ပြင် လူဆို ယင်ဗိုမှ မနားရပါဘူး၊ အဲဒီလူကြီးပဲ ကျွန်မဆီကို လာချင်တိုင်း လာတယ်၊ ခေါ်ချင်တဲ့ နေရာ ခေါ်သွားတယ်၊ အမယ် သူက ပြောလိုက်သေး၊ သူ့မယား သေနာမကြီးဟာ မကြာခင်ပြန်မှာ၊ အဲဒီတော့ အစိုးရအိမ်ကြီးမှာ အတူတူ ပြန်နေမယ်တဲ့၊ ကျွန်မ မိတောသူက ယုံမိတာပေါ့၊ ဒါပေမယ့် နောက် ခြောက်လလောက်လဲ ကြာရော၊ အဲဒီလူကြီး ဟာ သူ့အလုပ်နဲ့ ပြောင်းသွားရပါရော၊ ကျွန်မကတော့ အိမ်ကလေးတစ်လုံးနဲ့၊ အောင်သင်း က အစတော့ တော်ပါသေးတယ်၊ သူ့ဆရာကတော်အဖြစ်နဲ့ လက်ဖျားနဲ့တောင် မတို့ပါဘူး။

အဲ့ဒီတော့ ကျွန်မမှာ ရွာပြန်ရခက်၊ ဆက်နေရအခက်နဲ့ အကျပ်တွေ အောင်သင်းက ကျွန်မကို အရာရှိတစ်ယောက်က ရချင်တယ်ဆိုပြီး ဆွယ်ပေးတယ်၊ အဲဒီ လူဟာ ကျွန်မရဲ့တတိယလင်ပေါ့၊ သူနဲ့ ကျတော့ အဲဒီအိမ်ကလေးမှာပဲ တိတ်တိတ်ပုန်း မယားလေ၊ ဒါပေမယ့် အဝတ်အစားတွေ မပြတ်ဝယ်ပေး၊ ပိုက်ဆံ ဖောဖောသီသီပေး၊ ပွဲတို့ ရုပ်ရှင်တို့ သွားကြည့်ချင်ရင် အထိန်း အောင်သင်းက လိုက်ပို့နဲ့ ကျွန်မတို့ တောရွာအနေနဲ့ မတူတော့ (ဝန်ခံပါရဲ့) ကျေနပ်မိတာပေါ့။

ဒါပေမယ့် လင်များရမယ့် ကျွန်မမှာ အဲဒီဆရာနဲ့ ခုနှစ်လလောက်ပဲ ကြာလိုက် တယ်၊ သူ့အလုပ်နဲ့ တစ်ရပ် တစ်ကျေး ပြောင်းပြေးရပါရော၊ အဲဒီအခါမှာ ကျွန်မ လင်ဆွယ် ပေလို့ မြက်မြက်တွေ့နေတဲ့ အောင်သင်းက နောက်တစ်ယောက်နဲ့ ဆောင်ကြဉ်းပေးပြန်ပါ ရော၊ အဲဒီလူကျတော့ ဟို အစဦးနှစ်ယောက်လောက် အဆင့်အတန်း မမြင့်ဘူး၊ ရာထူး ခပ်ငယ်ငယ်ပဲ၊ ဒါပေမယ့် သူက အောက်ဆိုက်ကောင်းလို့ အတော်လေးပဲ လှလှဝဝ နေလိုက်ရပါတယ်၊ သူနဲ့ကျတော့ လေးလ လောက်ပဲ ကြာလိုက်ပါတယ်။

အဲဒီ လူနဲ့လဲကွဲရော အမောင်ရေ၊ ကျွန်မမှာ သိမ်ငယ်လာလိုက်တာ အောင်သင်းကပါ စော်ကားတော့တာပါပဲ၊ ဒီတော့မှ ကျွန်မ ဘဝ ကျွန်မသိပြီး မြို့မှာ ကိုယ်နဲ့ မတန်တဲ့ အဝတ်လှလှတွေ၊ ဘာမှမလုပ်ရတဲ့ အနေလှလှတွေ မမက်တော့ဘဲ တောမှာပဲ ကောက်စိုက် ကောက်ရိတ်၊ ငါးပက်ရတဲ့အလုပ်နဲ့ပဲ နေပါတော့မယ်လို့ဆိုပြီး ရွာပြန်ပြေးပါ တယ်။

ဒါပေမယ့် ဘဝဆုံးဖို့ အကုသိုလ်ကံ ပါလာတဲ့ ကျွန်မမှာ ရွာမှာ မကောင်း သတင်း ပြေးနေလိုက်တာက မြို့မှာ ကျွန်မဖြစ်ခဲ့တာထက်ပိုဆိုးပြီး ပြည့်တန်ဆာမ၊ မကောင်း တဲ့မိန်းမရယ်လို့ ဘယ်သူကမှ အပေါင်းမလုပ်ကြဘဲ တံတွေးခွက် ပက်လက် မျောတော့တာပါ ပဲ၊ ကျွန်မကို မိန်းမဖော်တွေ၊ ယောက်ျားလေးတွေကလဲ ဝိုင်းပြီး နှိမ်ကြတော့တာပေါ့။

ကျွန်မမှာ နေစရာ ထိုင်စရာ မရှိတော့ဘူး၊ ဒီတော့ ကျွန်မလဲ စိတ်ခပ်ဆတ် ဆတ်နဲ့ အို…ငါ ဒီမှာနေလဲ ဘာထူးသေးလဲ၊ လူတောထဲ တိုးနိုင်တာမှ မဟုတ်တော့ဘဲ၊ အသိတွေ ဆွေမျိုးတွေ

မျက်မှောက်မှာ အရှက်တော့ ခံမနေဘူး၊ သူတို့မမြင်ကွယ်ရာမှာပဲ ငါ ဖြစ်ချင်သလိုဖြစ်လို့ဆိုပြီး ကသာကို ပြန်လာခဲ့တော့တာပါပဲ။

ရှေ့ဆက်တော့ အထူးမရေးပါရစေနဲ့တော့ အမောင်ရယ်၊ ဖြစ်လိုရာဖြစ်ဆိုပြီး အောင်သင်းကြီးလက်ထဲ ပြန်ရောက်ခဲ့တာမို့ အမောင်ပဲ စဉ်းစားကြည့်တော့၊ ဒါပေမယ့် ကသာပြန်လာပြီး တစ်လလောက်ပဲ ကြာပါတယ်၊ သူက မတရား အနိုင်ကျင့်လွန်းတာနဲ့က သူနဲ့ရန်ဖြစ်ပြီး အမောင့်ဆီ ရောက်ခဲ့တာပါပဲ။

ကဲ...အမောင် ကျွန်မအကြောင်းတွေ အမှန်အတိုင်းသိရတော့ အော်ဂလီဆန် မသွားဘူးလား၊ ရွံမသွားဘူးလား၊ ဒါကြောင့် အမောင် မေးတိုင်း မေးတိုင်း မပြောပါရစေနဲ့ လို့ တောင်းပန်ခဲ့တာ၊ မပြောတာကလဲ တခြားကြောင့်မဟုတ်ဘူး၊ အမောင့်ကို ချစ်လွန်းလွန်း လို့ အမောင်က ကျွန်မဘဝ ရွံပြီး ကျွန်မကို ပစ်သွားမှာစိုးလို့၊ အခုတော့ ဘာထူးသေးလဲ၊ အမောင် ကျွန်မကို ပစ်သွားပြီ မဟုတ်လား။

အမောင်ရေ...သွားတော့ သွားတော့၊ ကျွန်မရဲ့ အသည်းနှလုံးထဲက နှစ်နှစ် ကာကာ ချစ်မိတဲ့ အမောင်ရယ်။

အမောင်ဟာ ကျွန်မကို သူများလို လှည့်စားယူတာလဲမဟုတ်၊ လူမိုက်ငွေပေးပြီး ယူတာလဲမဟုတ်၊ တကယ့်စိတ်ကောင်း၊ တကယ့်သတ္တိနဲ့ ယောကျ်ားပီပီ လူမိုက်လက်ထဲက ကျွန်မဘဝကို ကူညီကယ်တင်တာ ကျွန်မသိပါတယ်၊ ဒါကြောင့်လဲ အမောင့်ကို ကျွန်မချစ်တာ၊ ချစ်တာ အသက်ပေးပြီးချစ်တာ၊ အမောင့် စတွေ့တွေ့ချစ် အစ်ကိုလို့ခေါ်ခဲ့ရာက နောက်တော့ နှလုံးသားထဲမှ ပေါ်လာတဲ့အတိုင်း 'အမောင်' လို့ ဘယ်သူ့ကိုမှ မခေါ်ဖူးတာ ခေါ်ခဲ့တာပဲ အမောင်ရယ်။

အမောင်ကလဲ ကျွန်မကို တကယ်ချစ်တာပါပဲ။ ကျွန်မ သိပါတယ်၊ ဒါပေမယ့် အမောင် အခု ဆက်မချစ်နိုင်တော့ဘူး မဟုတ်လား၊ မယားရှိရာနေရပ်ကို ပြန်ရတော့မယ်၊ ပြန်ပါ ပြန်ပါ အမောင်ရေ၊ ကျွန်မကို မေ့လိုက်ပါတော့၊ လူဆိုတာ သတ္တဝါတစ်ခု ကံတစ်ခုပဲ၊ အမောင် ဟိုကနေပြီး ငွေပို့မယ်ဆိုတာလဲ မပို့နဲ့တော့၊ အမောင်မရှိတဲ့နောက် ကျွန်မလဲ ဒီဘုတာဝင်းက ဝေးတဲ့နေရာ သွားတော့မယ်။

လူ့ဘဝဆိုတာ ဒီလိုပဲ 'ဆန်ဆုံစား၊ ကံကုန်သွား' ကြတာပါပဲ၊ အမောင်ရေ... သွားတော့....သွားတော့....

မသူ

သူစာဆုံးတော့ ကျွန်တော့်မျက်စိတွေမှာ မျက်ရည်တွေ ဝေ၍ဝါး၍ နေပါပြီ။

တိုင်ရှိ သဘော်ကား ဂယက် ဖွေးဖွေး လှိုင်းသံတေးနှင့် ကသာကမ်းနဘေးက ဝေးသည်ထက် ဝေးခဲ့ပြီတကား...။

သော်တာဆွေ

## တောဘဲကလေးတွေ ချစ်စရာ

### အပိုင်း(၁)

ပြာမှောင်မှောင်၊ ခိုးမင်အသွေးရယ်နဲ့
ရွာမယောင်၊ မိုးဆင်လို့ပေးပြန်တော့
ပျိုးပင်ကလေးတွေ၊ စိမ့်လဲ့ကြည်။
ခနိတောမှာလ
ငါးပိပေါသနဲ့
မိချောထဘီ ရေတွေစိုလို့၊
စိန်ရွှေကို ပျိုမမက်ပါဘူး၊
ဣန္ဒြေနဂိုအရှက်ကို
ဖုံးဝှက်လို့ငို၊
အာလူးကြော် အညှိတစ်ပွဲရယ်နဲ့
ငါမှူးပြီနော် အတည်ဆဲမိလိမ့်၊
ဟော့.... ဒီငနဲက သောက်လေကွာ
နောက်တစ်ခါဖြင့် ဝီစကီတစ်လုံး။

ထွေးလုံးသည် တကြော်ကြော် အော်၍ နေလေရာသူ့အမေ ဒေါ်သန်းရွှေက
"ဟဲ့သား.... ဘာတွေပေါက်တတ်ကရလျှောက်ဆိုနေတာလဲ"

ထွေးလုံးမှာ သူ့ဘဲကလေး ၁၀ကောင်နှင့်သိပ်ပျော်နေသည်။ မိုးရာသီ သူတို့ခြံထဲ မြေစိုစိုမှာ တီကျစ်စာပုံတွေတူးဆွ၍ သူ့ဘဲကလေးများအား တီကောင်တွေ ကျွေးနေလေသည်။ ဝမ်းဘဲတို့ မည်သည့်တီကောင်ကိုအကြိုက်ဆုံးဖြစ်၏။ တစ်ချက်တူးလိုက်၊ တီကောင်တွေ ပေါ်လာလိုက်၊ ဝမ်းဘဲကလေးတွေ တွီစလီ၊ တွီစလီ မြည်လျက် လုစားလိုက်၊ သူတို့နှုတ်သီးလေးတွေ တူရွင်းနှင့်မထိအောင် မနည်းသတိထားရသည်။ ထွေးလုံးသည် ပျော်လွန်လွန်း၍ သူ့နှုတ်ထဲရရာတွေ လျှောက်ဆိုနေသည်။ မအေလည်း သူ့သားလှမ်းကြည့်၍ စိတ်ထဲကျေနပ်အားရလျက် "ဒီမဟုတ်တရုတ်သီချင်းတွေ မင်းဘယ်ကရလာတာလဲကွ"

"ဩော်.... အမေကလဲ အရက်ဆရာ ဦးဦးသော်တာ သူမူးရင် အရပ်ထဲအော်အော် ဆိုသွားတာ ကြားရဖန်များလို့ တချို့တစ်ဝက် ကျွန်တော် ရနေတာအမေရဲ့"

ဒေါ်သန်းရွှေသည် နောက်ဖေးကြမ်းပြင်မှာ ပန်းကန်ဆေးရင်း....

"အရက်သမားသီချင်းတွေဟယ်"

စင်စစ် သီချင်းမဟုတ်ပေ၊ ရှေးခေတ် ဒဂုန်မဂ္ဂဇင်းကြီးတွင် ဆရာ ဒဂုန်နတ်ရှင် က'ပါနောက်' အမည်နှင့်ရေးခဲ့သော ဟာသ လေးချိုးတွေထဲမှ ဟိုတစ်ပိုဒ် သည်တစ်ပိုဒ်ဖြစ်သည်။ ထိုအချိန်က ဆယ့်လေးငါးနှစ်မျှ ရှိခဲ့သော မောင်သော်တာ ကလေးက အလွတ်ကျက်ခဲ့ရာ ယခုအသက် ဖ၀ကျော် ပင်စင် ကျောင်းဆရာကြီး

ဦးသော်တာဟု အရက်မူးရင်း ဆိုလေ့ရှိသဖြင့် အရက်သမားသီချင်းဟု မအေက ပြောသည်ကို ထွေးလုံးက တယ်ပြီးမကျေနပ်လှ။

"ဆိုလို့တော့ကောင်းတာပဲ အမေရယ်"

"ကဲကဲ.... ဒါဖြင့်ဆိုတော်မူပါ ရှင်၊ ပါးစပ်ကဆိုရင်းလက်က တူးနေတော့ ဘဲကလေးတွေခေါင်းလဲ ထိမိခိုက်မိနေဦးမယ်၊ ဩော်...ဒါနဲ့ သားရေမင်းဘဲကလေးတွေတီကောင်တွေ ကျွေးပြီးရင် ညိုမနဲ့ ကြန်စုံတို့ သားအမိကို သွားပြီးမောင်းတိုင်ရွှေ့ပေးလိုက်ဦး"

"ဟုတ်ကဲ့... အမေ"

"နောက်ပြီး အင်းထဲက ကန်စွန်းရွက်ညွန့်ကလေးများလည်း ချူးခဲ့ပါကွယ်"

"ဟုတ်ကဲ့.... အမေ၊ ကျွန်တော် ငါးလူးတွင်းတွေထဲက ငါးရချင်လဲရဦးမှာ"

ထွေးလုံးသည် ၁၁ နှစ်အရွယ် ၅ တန်း ကျောင်းသားကလေးဖြစ်၏။ သူတို့ရွာကျောင်းမှ မူလတန်း အောင်ပြီးနောက် နှစ်မိုင်မျှဝေးသော မြို့ပေါ်ရှိ အထက်တန်းကျောင်းသို့ ပြောင်းခဲ့ရသည်။ ထွေးလုံး၏အမေ ဒေါ်သန်းရွှေနှင့် အဖေဦးထွန်းစိန်သည် လယ်ပိုင်ယာပိုင်မရှိ၊ လက်လုပ်လက်စား ဖြစ်လေရာ ဦးထွန်းစိန်က ကျုရာအလုပ်ကိုလုပ်၍ ဒေါ်သန်းရွှေက ရွာမှထွက်သော ဟင်းသီးဟင်းရွက်ကို နေ့စဉ် မြို့ပေါ်သို့သွားရောင်းလေ့ရှိ၏။ သို့ဖြင့် သူတို့ရွှေရွှေ တာတာ စုစုဆောင်းဆောင်း လုပ်ခဲ့ရာ နွားမတစ်ကောင်ဝယ်၍ မွေးနိုင်ခဲ့၏။ 'ညိုမ'ဟု နာမည်ပင် ပေးသည်။

ညိုမဖီးနှင့် အရင့်အမာရှိသော တစ်နေ့၌ ထွေးလုံးညနေကျောင်းကပြန်အလာ တွင် "သားရေ၊ ညိုမကိုသွားရှာချေဦး၊ သူ့မှာမွေးခါနီးနေပြီ၊ ကောင်မက မြက်နုကကြိုက် ပါဘိသနဲ့၊ မတော်တဆ အင်းစပ်ထဲ့ နွံထဲ မွေးနေမှဖြင့် နွားကလေးနစ်နာနေမှာ စိုးရတယ်"

ထွေးလုံးသည် သူတို့ရွာအနီးက ရွှေကြာအင်းဆီသို့ ဒုန်းစိုင်းခဲ့လေ၏။ အင်းစပ်က တောင်ကမူစာ ရောက်သောအခါ မြက်နုကလေးတွေ တဝကြီးစားပြီး ကိုယ်ဝန်အရင့်အမာနှင့် မြက်ခင်းပေါ်တစောင်းလှဲကာ ခေါင်းထောင်၍ပါးစပ်တလှုပ် လှုပ်နှင့် စားမြုံ့ပြန်နေသော ညိုမကို လှမ်းမြင်သည်နှင့် လက်ထဲရှိ တုတ်ကလေးကို ဝှေ့ယမ်းလျက်တအားပြေးဆင်းသွားလေ၏။

တောင်ကမူစာခြေရင်းရောက်သော် သူ့ခေါင်းပေါ်မှ တဖျတ်ဖျတ်တောင်ပံခတ်သံ ကြားရသောကြောင့် အသာလေးကြည့်လိုက်တော့ လားလား တောဘဲငန်းဖြူကြီးတစ်ကောင်၊ တောင်ပံမှာ ခရမ်းရောင်မှန်ကူကွက်နှင့် လှလိုက်တဲ့ငန်း၊ ထွေးလုံးသည် ထိုဝမ်းဘဲကို တအံ့တသြ ငေးမောနေစဉ် ဝမ်းဘဲက အင်းလက်တက်ဖြစ်သော ချောင်းဘက်ပျံသွားပြီး အင်းစပ်ရှိ ကိုင်းတောပေါ် အရောက်တွင် သုံးလေးပတ် လှည့်၍ဝဲသည်။ ထို့နောက်ကိုင်းပင်များအကြားသို့ ထိုးဆင်းသွား၏။

တိရစ္ဆာန်ကိုချစ်ခင် နှစ်သက်တတ်သော ထွေးလုံးသည် ယင်းဝမ်းဘဲကို အနီးကပ်မြင်လိုစိတ် ပေါ်သောကြောင့် ချောင်းရိုးအတိုင်း အင်စစပ်ကိုင်းတောရှိရာသို့ ခြေဖွဖွကလေး နင်းကာသွားလေ၏။ မိုးဦးကျသည်မှာ သိပ်မကြာသေးသည် မဟုတ်သောကြောင့် ချောင်းကလေးသည် ရေကသူ့ခြေသလုံးဝက်မျှသာ ရှိသေးသည်။ ကိုင်းတောအနီး ရောက်လျှင်သူသည် ချောင်းထဲဆင်းကာ ခါးကိုကုန်း၍ကုန်း၍ ဖြည်းဖြည်းချင်း လှမ်းကာ ကိုင်းတောချုံပုတ်များ အတွင်းသို့မျက်စိကစားရင်းအခုန ဝမ်းဘဲကြီးကိုရှာသည်။ ချောင်းကွေ့တစ်နေရာ၌ သူသည် ရုတ်တရက် နွံ့ဗွက်အိုင်လေး တစ်ခုကိုနင်းမိ၍ စွပ်ခနဲ ဒူးဆစ်ထိဝင်သွားသည်၍ လျှာကလေးတစ်လစ်ထုတ်မိကာ ခေါင်းနားပန်းကြီးသွားလေသည်။ မတော်တဆ သည်အသံကို ဝမ်းဘဲများ ကြားသွား၍ ထပျံပြေးလေမလားပေါ့။ သို့သော် တော်ပါသေး၏။ ဝမ်းဘဲထပျံသည်ကိုမမြင်ရ။

ထို့နောက်သူ့ခြေထောက်ကို နွံထဲမှ ဆွဲထုတ်ကာတစ်လှမ်းချင်း ချွတ်နင်းလျှောက်ရင်း ကိုင်းပင်များ ချုံပုတ်များကို အသာဖြဲကာ ဖြဲကာ ချောင်းကြည့်ခဲ့ရာ လေးငါးကိုက်မျှသွားမိလျှင် ဆင်ငိုမြက်ကြီးများ ဝန်းရံလျက်ရှိသော မြက်ခြောက် သစ်ရွက်ခြောက်များပေါ်၌ ကျကျနန ဝပ်နေသော ဝမ်းဘဲမကို ဘွားခနဲတွေ့ရလေ၏။ ဝမ်းဘဲမသည်ဖြူဖွေးသော သူ့အမွေးအတောင်များကိုနှုတ်သီးဖြင့် ထိုးဆွကာ သူ့ကိုယ်သူ သနေသည်။ ဦးခေါင်းကို ရှေ့တိုးနောက်ငင်လုပ်ကာ ဟန်ရေးပြနေသည်။ ထွေးလုံးမှာ ပီတိဖြာနေ၏။

နောက်တစ်ခဏ အကြာ၌ ဝမ်းဘဲမသည် ဝပ်နေရာမှ ဖြုန်းခနဲထကာ တစ်ဟုန်ထိုး ပျံတက်သွားလေသည်။ သူသည်လှုပ်ရှားသမှု မပြုဝံ့သေး။ ဝမ်းဘဲမသည် အပေါ်မှနေ၍ သူ့ဝပ်ကျင်းရှိရာကို သုံးလေးပတ်မျှ ပါးစပ်က ဂတ်ဂတ်ဂီးအော်မြည် လျက် ဝဲပြီးနောက် သူ့လာလမ်းအတိုင်း ပျံသန်းသွားလေ၏။ အောက်ကချောင်း ကြည့်နေသော ထွေးလုံးမှာ ဝမ်းဘဲမသူ့မျက်စိတဆုံးရောက်သွားတော့မှ အသက်ရှူ ဖြောင့်လျက် တဒိတ်ဒိတ်ခုန်သောရင်ဖြင့် ဝမ်းဘဲမအသိုက်ရှိရာသို့ ခပ်သွက်သွက် သွားလေ၏။ ဟာ..... ဆင်ငိုမြက်ဖုတ်အလယ်မှာ ကိုင်းရွက်ခြောက်တွေ၊ ဘဲမွေးတွေ အပုံကြီး။ ၄င်းကိုဖြဲကြည့်လိုက်တော့ ထွေးလုံးဝမ်းသာလိုက်တဲ့ဖြစ်ခြင်း၊ ဝမ်းဘဲဥ ပြာပြာကြီးတွေ ၅ လုံး၊ အပေါ်ဆုံးတစ်လုံးကလေးကိုလက်နဲ့ အသာကိုင်ကြည့်လိုက်တော့ ပူပူနွေးနွေးရှိသေး၊ ခုနကလေးကမှ ဥခဲ့တာကိုး။ ထိုစဉ် ထွေးလုံးစိတ်ထဲ အကြံတစ်ခုဒိုင်းခနဲ ရောက်လာသဖြင့် ဥတွေကို မူလအတိုင်း ဖြစ်အောင်ဘဲမွေးတို့ဖြင့် ပြန်ဖုံးလိုက်ပြီး သူ့စိတ်ကူးနှင့်သူ အလွန်ပီတိဖြစ်လျက် သူ့လာလမ်းအတိုင်း ပြန်ခဲ့ကာ ညိုမကိုအိမ်သို့ပြန်မောင်းခဲ့လေ၏။

ထွေးလုံးတွင် အချစ်ဆုံးသူငယ်ချင်း သူ့ထက်နှစ်နှစ်ကြီးသော ခုနစ်တန်း ကျောင်းသားကြီး ငွေးနီမည်သော လူငယ်ရှိ၏။ ထွေးလုံးက သူတွေ့ထားသော ဝမ်းဘဲမအသိုက်နှင့်သူ့ဆန္ဒပြောသောအခါ ငွေးနီက 'အေး.... မင်း ဘဲကလေးတွေ လိုချင်တယ်ဆိုရင် မင်း ဒီဘဲသိုက်တွေ့ထားတာကို ဘဲမကြီးမသိစေနဲ့၊ ဝမ်းဘဲထုံးစံ ဆယ့်လေးငါးလုံးဥပြီးရင် ဝပ်လိပ်မယ်၊ သီတင်းလေးပတ် ၂၈ ရက်ကြာတော့ အကောင်လေးတွေပေါက်မယ်၊ ဒီတော့တို့ သူ့အမေကြီးပါ သွားဖမ်းယူမယ်"

"ဘဲမကြီးက အဖမ်းခံပါ့မလား၊ ထွက်မပြေးဘူးလား"

"သူ့ကလေးတွေ ချစ်တဲ့ဇောနဲ့ ထွက်မပြေးတဲ့အပြင် မင်းကိုတောင် နှုတ်သီးနဲ့ ဆွဲလိမ့်ဦးမယ်ကွ"

သို့သော် ကြေကွဲဖွယ်ရာကား ဘဲမကြီး ဥတစ်ဆယ့်နှစ်လုံးမြောက် ဥပြီးသော နောက်တစ်နေ့၌ မြို့မှ ရွှေကြာအင်းသို့ ပျော်ပွဲစား ထွက်လာကြသော လူတွေလက်ချက်နှင့် သေနတ်မှန်၍ သေဆုံးသွား၏။ နေ့စဉ် ဘဲမကြီး အရိပ်အခြည်နှင့် ဘဲမကြီးဥကျင်းကို သွားကြည့်နေသော ထွေးလုံးသည် ထိုနေ့၌ ဘဲမကြီးမလာတော့သည်နှင့် မနေ့က တနင်္ဂနွေမှာ မြို့ကြီးသားတွေ သေနတ်နှင့် ပျော်ပွဲစား လာကြသည်ကိုဆက်နွယ်ကြည့်ခြင်းဖြင့် ဘဲမကြီး ကံကြမ္မာကို သိလေပြီ။ ထွေးလုံးသည် ထိုအကြောင်းကို ငွေးနီနှင့် ဆွေးနွေးသောအခါ သူတို့အိမ်မှာ ကြက်ဘဲများ မွေးမြူသည်ဖြစ်၍ ထိုတိရိစ္ဆာန်တို့အကြောင်းသိနေသော ငွေးနီက...

"ဟေ့... ထွေးလုံး မင်းဒီဘဲဥတွေ စားပစ်ချင်သလား၊ ဒါမှမဟုတ် ဘဲကလေးတွေ မွေးချင်သလား"

"ဟာ... ငါ ဘဲကလေးတွေ သိပ်မွေးချင်တယ်ကွာ"

"ဒါဖြင့် ဒီလိုလုပ်၊ ငါတို့အိမ်မှာ နေမကောင်းတဲ့ ငါ့ညီမလေးကို နေ့တိုင်းကြက်ဥတစ်လုံး တစ်လုံးကျွေးနေရလို့ ဥတွေကုန်ပြီ ဝပ်ချင်နေတဲ့

ကြက်မရှိနေတယ်။ အဲဒီတော့မင်းဘဲဥတွေကို ငါတို့ကြက်မ ဥကျင်းထဲယူထည့်၊ ပေါက်တော့ရင် ဘဲကလေးတွေမင်းအိမ်ယူသွား”

ယင်းသို့ဖြင့်ထွေးလုံးတို့အိမ်က ညိုမက သူ့သားကလေးကြန်စုံမွေးဖွားပြီး သုံးပတ်မျှအကြာတွင် ထွေးလုံး၏ တောဘဲဥ ဆယ့်နှစ်လုံးသည် ဘဲကလေးဆယ်ကောင်ပေါက်သဖြင့် သူ့အိမ်သို့ယူဆောင်ခဲ့လေ၏။

ဤနည်းဖြင့်အမိမဲ့ ဘဲကလေးများအား မွေးစားအဖေလုပ်ခဲ့သော ထွေးလုံးမှာ သူ့ဘဲကလေး ဆယ်ကောင်နှင့်ပျော်လှသည်။ နောက်ပြီး သူတို့အိမ်မှာ မိခင်နွားမကြီး ညိုမနှင့် သားကြန်စုံကလဲ ရှိနေသည်။ ယခုကြန်စုံက နှစ်လသားရှိပြီ။ ဘဲကလေးတွေ က တစ်လကျော်ကျော်လောက်ရှိပြီ။ အထီးအမတော့ခွဲမရသေး။

ထွေးလုံးသည်ထိုဘဲကလေးများအား တီကောင်ဝလောက်အောင် ကျွေးခဲ့ပြီးနောက် ခားမတိုလေးတစ်ချောင်း ခါးထိုးပြီးအိမ်မှထွက်ခဲ့သည်။ ညနေ နေထန်းတစ်ဖျားခန့် ရှိ၍မိုးသားမိုးတိမ် ကင်းစင်လျက် ရာသီဥတု သာယာနေသည်။ ရွာထိပ်က ညောင်ပိန္နဲပင်ကြီးအောက် ရောက်သောအခါ သူတို့ရွာသား ကျောင်းနေဖော်များ ဖြစ်ကြသော ငွေးနီ၊ အောင်ထွန်း၊ အုန်းကျော်စသော ကလေးများ ကစားနေကြသည်။ ထိုနေ့သည် ကျောင်းပိတ်ရက်ဖြစ်သဖြင့် နေ့ခင်းကြီးကတည်းက လာရောက်ကစားနေသည်။

မီးခြစ်ဆံတမ်း ဂေါ်လီရိုက်ကြသည်။ သားရေကွင်းပစ်ကြသည်။ မျောက်ပန်းလှန်ကြသည်။ ပိုက်ဆံတမ်း။ ကြည့်စမ်းသည်ခေတ်ကလေးတွေ သည်လောင်းကစားမှု မကင်းသောနည်းတွေကစားနေကြသည်။ ထွေးလုံးမှ သူ့အိမ်မှာ သူချစ်သော တိရစ္ဆာန်ကလေးတွေ ရှိနေသည်မို့ အခြားကလေး အဖော်များနှင့် ကစားစရာမလိုတော့။ ဒါကလေးတွေ ကျွေးမွေးပြုစုရသည်နှင့်ပဲ ပျော်နေသဖြင့် သူ့အချစ်ဆုံး သူငယ်ချင်းငွေးနီက ကစားရန်ဆီးခေါ်သည်မှ...

“ဟေ့အေးကွာ.....၊ ငါအင်းထဲသွားပြီး နွားသားအမိမောင်းတိုင် ရွှေ့ပေးရဦးမယ်”

မောင်းတိုင်ဆိုသည်မှာ ဆုံလည်တိုင်ပေါ်တွင် ဝါးဆစ်ခေါင်းတစ်ခုနှင့် မောင်းတံစွပ်ထား၍ ထိုမောင်းတံအဖျားမှာ နွားကြိုးကို ချည်၍ထားသည်။ မောင်းတံ အဖျားသည် အစဉ်အဖြင့် အပေါ်ထောင်နေသောကြောင့် နွား၏ခြေထောက်ကို ကြိုးမငြိနိုင်။ နွားသည် သူ့ချည်သောကြိုးနှင့် မောင်းတံအရှည်နှစ်ခုပေါင်း အချင်းဝက် ရှိသော စက်ဝိုင်းအတွင်းမှာ လှည့်ကာ ပတ်ကာ အစာစားနေရသည်။ ယခုလို မိုးတွင်းအချိန်မှာ လယ်များတွင် ကောင်ပင်များရှိနေပြီ ဖြစ်သောကြောင့် နွားများကို လွှတ်ထား၍ မဖြစ်တော့။ သည်လိုစားကျက်တွင် နွားများကိုမောင်းတံနှင့်လှန်၍ ထားရသည်။

ထွေးလုံးရောက်သွားသောအခါ ညိုမ သားအမိသည် သူတို့လှည့်ပတ်နိုင်သော စက်ဝိုင်းအတွင်းမှာ ခွာချင်းထပ်နေပြီဖြစ်သောကြောင့် အဆင်သင့်ပဲ ထွေးလုံးက မောင်းတိုင်ကိုနေရာပြောင်းပေးလိုက်သည်။ ပထမ မောင်းတံကိုချွတ်။ ထို့နောက် မောင်းတိုင်ကိုနှဲ့နှဲ့နုတ်။ ပြီးလျှင်အခြားတစ်နေရာသို့ မောင်းတိုင်ကိုယူသွားပြီး လန်းဆန်းစိုပြည်သော မြက်များရှိရာနေရာမှာ မောင်းတိုင် အဖျားချွန်ချွန်ကို မြေပျော့တွင်ဆောင့်ဆောင့်စိုက်၊ ထိုနောက် နွားမချည်ထားသော မောင်းတံကို နွားမနှင့် ဆွဲယူလာပြီး မောင်းတိုင်မှာ ပြန်စွပ်ပေးလိုက်သည်။ သူ့အဖေ ဦးထွန်းစိန် လုပ်ပေးထားသော မောင်းတိုင်။

ယင်းကိစ္စပြီးသောအခါ ထွေးလုံးသည် မောင်းတိုင်နှင့် တယ်ပြီးမဝေးလှသော ရွှေကြာအင်းထဲဆင်း၍ ကန်စွန်းညွှန့်ချူးသည်။ သို့ချူးရင်း အင်းကမ်းစပ်မှာ သူလုပ်ထားသော ငါးလူးတွင်းကလေးတွေကို လျှောက်ကြည့်ရာ ငါးရံ့ခေါင်းတိုကလေး နှစ်ကောင်နှင့် လက်ငါးခူကြီးတစ်ကောင် ရလိုက်သဖြင့် ထွေးလုံး ဝမ်းသာလှ၏။

နေကိုမော့ကြည့်လိုက်သော် အချိန်ရှိသေးသဖြင့် ထွေးလုံးသည် အင်းကမ်းစပ်မှာ ငါးလူးတွင်းကလေးတွေ ထပ်ပြီးလုပ်သည်။ သူ့ခါးမတိုကလေးနှင့် ရေစပ်မှာ တောင်ဆုပ်လောက် နက်အောင် အချင်းတစ်မိုက်မျှရှိသော တွင်းဝိုင်းဝိုင်းကို တူးသည်။ ပြီးလျှင် ရေစပ်က တွင်းနှုတ်ခမ်းတစ်ခြမ်းမှာရွှံ့ကိုချောပြောင်နေအောင် ပွတ်သပ်ထားလိုက်သည်။ ငါးရှူ ငါးရံ့ကလေးတို့သည် သည်လို ချောပြောင်နေသော ရွှံ့သားကိုတွေ့လျှင် တက်ပြီးလူးတတ်သည်။ ဤအခါတစ်ဖက်သို့လွန်ပြီးတွင်းထဲကျ၊ ဤတွင်းထဲမှာရေမရှိ။

ထွေးလုံးသည် သူ၏ ငါးလူးတွင်းကလေးများကို အင်းကမ်းပါးမှ လျှောက်သွားသောသူတို့မမြင်ရ မသိရအောင်တွင်းဝအပေါ်မှာ ကိုင်းရိုးဆောက် ကိုင်းဆောက်ကလေးတွေနှင့် အုပ်ထားသည်။ အချိန်မရွေး ငါးကလေးတွေက ကျနေတတ်တာပဲ။ မိုးရွာသည် ငါးမြူးသည် ဆိုသောအခါများ တစ်တွင်းတည်း နှစ်ကောင်သုံးကောင်ပင်ရတတ်သည်။ သည်နေ့တော့ နေသာသဖြင့် ငါးမမြူး။ ထို့ကြောင့်သူ့ ငါးလူးတွင်း ဆယ်လေးငါးတွင်းမှ ငါးသုံးကောင်တည်းသာရခဲ့သည်။

ညနေစောင်း နေဝင်ရီသရောအချိန်တွင် နွားသားအမိကို မ၍ကန်စွန်းရွက် စည်းကြီးနှင့် ငါးသုံးကောင်ကို သီတံနှင့်ဆွဲပြီး ရွာတွင်းသို့ဝင်လာသော ဆယ်နှစ်ကျော် ကျော်မျှရှိသေးသော သူငယ်ကလေးသည် မည်မျှကျက်သရေရှိပါသနည်း။

## ဘဲကလေးတွေနာမည်

"အမေရေ ကျွန်တော်သူတို့ကလေးတွေကို နာမည်ပေးထားပြီ၊ သူကမီးခိုး၊ သူက မဲလုံး၊ သူက မှိုင်းပြာ၊ သူက ညိုမောင်း၊ သူက ဖြူရော်၊ သူက ဝါနု၊ သူက ရင်ကျား၊ သူက ကျောကွက်၊ သူက ဘေးဖြူ၊ သူက ရောင်စုံတဲ့ အမေ"

ဘဲကလေးများသည် သူနှင့်လက်ပွန်းတတီး နေနေကျ၍ အလွန်ယဉ်ကျေးနေသည်။ ထွေးလုံးပတ်ချာလည်မှာ ပါးစပ်ကလေးတွေက တွီစလီ တွီစလီ မြည်လျက် လှုပ်လှုပ်ရွရွနေသည်ကို ထွေးလုံးက သူ့အမေအား တစ်ကောင်စီ တစ်ကောင်စီဦးခေါင်းကလေးတွေ လက်ညှိုးနှင့် ထောက်ပြ၍ နာမည်ကလေးတွေ မှည့်ခေါ်နေလေရာ သူ့အမေက...

"သားရဲ့နှင့် ဘဲကလေးတွေက ငါ့မျက်စိထဲမှာတော့ ညိုညိုပြာပြာ၊ ဖြူဖြူဝါဝါ ကလေးတွေချည်ပါပဲကွယ်၊ တစ်ကောင်နဲ့တစ်ကောင် ခွဲမသိပါဘူး"

"ကျွန်တော်ကတော့ သိတယ်၊ ဟောဒါ ညိုမောင်း၊ ဟောဒါ ရင်ကျား၊ ဟောဒါ ရောင်စုံ၊ ဟောဒါ ဘေးကွက်"

"မင်းဘယ်လိုမှတ်သလဲ"

"မြင်နေကျတော့ အလိုလိုသိနေတာပေါ့ အမေရယ်၊ ကဲ... မကြီး မငယ်တို့ အမြွှာပူး ညီအစ်မလေ၊ နံဘေးက လူတွေက ခွဲမသိကြဘူး၊ ဟော သူ့အမေကတော့ သိနေတာပေါ့၊ အဲဒီလိုပေါ့၊ နောက်ပြီး သူများကျွဲတွေကို စုကျောင်းတဲ့ကိုပေတူးကြီးလေ၊ ကဲ...ကျွဲတွေ အကောင်နှစ်ဆယ်အစိတ်ကို ဘယ်သင်း ဘယ်သူ့အိမ်က ကျွဲဆိုတာကို သူခွဲခြားသိနေတာကော၊ အဲဒါမှ အံ့သြဖို့ကောင်းတာ၊ မကြီး မငယ်တို့က ညီအစ်မနှစ်ယောက်တည်းရယ်၊ ကျွန်တော့ ဘဲကလေးတွေ ဆိုတာကလဲ အမွေးအရောင်လေးတွေ နည်းနည်းစီ ကွဲကြသေးတယ်၊ ကဲ....ကျွဲတွေကျ တော့ အားလုံး အရောင်တူ၊ ချိုတူတွေလေ၊ မဟုတ်ဘူးလား အမေ"

"ဟုတ်ပါတယ် သားရယ်"

"ကဲ... ဘုန်းကြီးတွေကြည့်ဦး၊ အလျှမှာ ဘုန်းကြီးဆယ့်လေးငါးပါးကြွလာတယ်၊ သင်္ကန်းဝါဝါနဲ့ချည်းပဲ ဒါပေမယ့် အမေတို့ ကိုယ့်ကျောင်းက ဘုန်းကြီးတော့ ကိုယ်မှတ်မိတယ်၊ ခွဲခြားပြီး သိတယ်မဟုတ်လား"

"ဟယ်... ငထွေးလုံးနှင့်ဟာတော်တော့၊ ဘယ့်နှယ်တော် ဘဲကနေ မကြီးမငယ် ရောက်၊ မကြီးမငယ်ကနေ ကျွဲရောက်၊ ကျွဲကနေ ဘုန်းကြီးရောက်၊ မစပ်မရာတွေ"

"သြော်... သဘောပြောတာပါ အမေရဲ့၊ ဒါနဲ့အမေ ဘုန်းကြီးနဲ့ကျွဲနဲ့ မတည့်ဘူးနော်၊ ကျွဲတွေဟာ ဘုန်းကြီးတွေမြင်ရင် လိုက်ခတ်တာပဲ၊ ဘုန်းကြီးတွေ လယ်ကွင်းထဲများ ကြွရရင် ကျွဲအုပ်ကို ဝေးဝေးကရှောင်ရတယ်၊ ကျွဲတွေက ဘုန်းကြီးတွေကိုဘာလို့ လိုက်လိုက်ခတ်တာလဲ အမေ"

"ဟဲ့...ကျွဲက ဘုန်းကြီးတွေရယ်လို့ ခတ်တာမဟုတ်ဘူး။ သူတို့မျက်စိထဲမှာ နီနီဝါဝါ အရောင်တွေကိုသာ လိုက်ခတ်တာ"

"ဟုတ်မယ်အမေ ဟုတ်မယ်၊ တစ်ခါက ကျောင်းကကိုရင်ကြီး ရှင်တိသနဲ့ ကျွန်တော် ဥသျှစ်ကုန်းရွာက မသာသွားတော့ အပြန်မှာ ချုံကွယ်တစ်ခုကနေ ရုတ်တရက်ကျွဲတစ်ကောင် ထွက်ပြေးလာပြီး ကိုရင်ကြီးကို လိုက်ခတ်တာ ကိုရင်ကြီးက ပြေးရင်း စိတ်ကူးရပြီး သူ့ဧကသီကြီး ချွတ်၊ ချုံတစ်ခုပေါ် တင်ပစ်ခဲ့တော့ အဲဒီကျွဲကြီး ဟာလေ ကိုရင်ကြီးကိုဆက်မလိုက်တော့ဘူးဗျ၊ အဲဒီချုံပေါ်က သင်္ကန်းကြီးကိုချည်း ဆောင့်ဆောင့်ခတ်နေတော့တာပဲ၊ ဟီး...ဟီး ရယ်ဖို့ကောင်းလိုက်တာ"

"ရယ်မနေနဲ့ငါ့သား၊ မင်းလဲ တစ်နေ့ ကိုရင်ဖြစ်ရဦးမှာပဲ"

"ဘယ်တော့လဲ အမေ"

"ကြန်စုံကြီးတော့လေ၊ ကြန်စုံကိုရောင်းပြီး မင်းကိုရှင်ပြုဖို့ တို့ စိတ်ကူးထားတာပဲ"

"ဟင် ကြန်စုံကို မရောင်းနဲ့အမေ၊ ကြန်စုံကို မရောင်းရဘူး၊ ကြန်စုံမရှိတော့ ကျွန်တော်ငိုနေမှာ၊ ဘယ့်နှယ့်လုပ်ရှင်ပြုဖြစ်တော့မလဲ"

"ဟယ်... နောက်လေးငါးနှစ်လိုပါသေးတယ်ကွာ၊ မင်းကြီးတော့ စိတ်ပြောင်းလာဦးမှာပါ"

"မပြောင်းဘူးအမေ၊ ဘယ်တော့မှ မပြောင်းဘူး"

## ရန်သူ

ထွေးလုံးက သူ့ဘဲကလေးတွေ နာမည်ပေးသောအချိန်မှာ ဘဲကလေးတွေက ငယ်လှသေးသည်။ ကျောမကုန်းသေး မွေးကြမ်းမထိုးသေး၊ ဥမှ ထွက်ခဲ့သော မွေးနု မွေးညင်းကလေးတွေနှင့်သာ ရှိသေးသည်။ အဲသည် အရွယ်မှာအင်မတန် ပျောက်တတ်ရှတတ်သည်။ နေ့အချိန်မှာ ကျီးရန်၊ စွန်ရန်ရှိသည်။ ထို့ကြောင့် ထွေးလုံးသည် နေ့အချိန်မှာ သူမကြည့်နိုင်လျှင် ဘဲကလေးတွေကို အပြင်သို့မလွှတ်။ ညအချိန်မှာ သူ့ဘဲကလေးတွေ အိပ်သောနေရာသို့ မြေကြွက်ကြီးများ မဝင်နိုင်ရန် ရေနံဆီပုံး၊ အပျက်များမှ သံပြားတွေကို လုံခြုံစွာဝိုင်းထားသည်။

သို့တိုင် သူ့ဘဲကလေးတွေ နာမည်ပေးပြီး လေးငါးရက်လောက်အကြာမှာ ဘဲကလေးတစ်ကောင် စတင်၍ပျောက်လေ၏။

ထွေးလုံးသည် ညနေကျောင်းမှအပြန် သူတို့နွားညိုမတို့ သားအမိကိုမောင်းလှန်ထားသော ကွင်းထဲမှ ပြန်မရုပ်သိမ်းမီ ဘဲကလေးတို့အား တီကောင်တူး၍ ကျွေးနေကျ၊ နေ့စဉ် အချိန်မှန်မှန် အပြင်ထွက် အစာစားနေကျ ဖြစ်သော ဘဲကလေးတို့သည် ထွေးလုံးလာသည်ကိုမြင်လျှင် ဝပ်နေရာမှ ထကြပြီး

ပါးစပ်ကလေးတွေဖြဲ၍ တွီစလီ တွီစလီ မြည်လျက် ဘဲခြံတံခါး ဖွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ရှေ့မှပေါက်ပြား၊ သို့မဟုတ် တူရွင်းကို ထမ်းသွားသော ထွေးလုံးနောက်သို့ ခြေထောက်နားမှ ကပ်၍ လိုက်ကြတော့သည်။

ထိုနေ့ညနေ၌ထွေးလုံးသည် တစ်ဖက်မှာ ချုံပင်များရှိသော ခြံစည်းရိုးအနီးမှာ ဘဲကလေးတွေ တီကောင်တူးကျွေးနေစဉ် သူ့အမေက အိမ်နောက်ဖေး ရေကပြင်မှနေ ၍.....

သားရေ မင်းဘဲကလေးတွေ ခဏထားပြီး အမေ့ကိုရေတစ်ခေါက်လောက် တင်ပေးစမ်းပါကွယ်”ဟု ဆိုသဖြင့်.....

“ဟုတ်ကဲ့အမေ”ဟု ပြန်ပြောပြီးလက်ထဲက ပေါက်ပြားကိုချခဲ့၍ အိမ်ဆီသို့ပြန်လာခဲ့သည်။ ပေါက်ပြားကိုချမထားခဲ့၍ကားမဖြစ်၊ ထိုပေါက်ပြားနှင့် ထွေးလုံးသွားမည်ဆိုပါလျှင် ဘဲကလေးတွေက နောက်မှစုပြုံလိုက်မည်သာ။ သူတို့သဘောမှာ လူ့ထက်ပေါက်ပြားက သူတို့အား တီကောင်ကျွေးသည်ဟု ယူဆဟန်တူသည်။ ပေါက်ပြားနားမှာ ဝိုင်းအုံ၍ကျန်ခဲ့သည်။ အကယ်တန္တိအခြား တစ်စုံတစ်ယောက်က ဤပေါက်ပြားကိုလာယူ၍သွားအံ့။ ထိုလူနောက်သို့ သူတို့စုပြုံလိုက်ကြပေလိမ့်မည်။ စင်စစ်သူတို့စိတ်ထဲတွင် သူတို့အားတီကျွေးသည်မှာ လူကမဟုတ်။ ပေါက်ပြားသာမဓာနဟု အောက်မေ့ကြကုန်၏။ ဥပမာ ကြည့်ပါ၊ ထွေးလုံးအဖေရယ်၊ ထွေးလုံးအမေရယ်၊ ထွေးလုံးရယ် သုံးယောက် အတူလာပြီး ဘဲခြံကိုဖွင့်ပေး၊ ပေါက်ပြားကိုင်သူ၏ နောက်ကိုသာသူတို့လိုက်ကြသည်။ ဤပေါက်ပြားက သူတို့အား တီကောင်ကျွေးသည်ဟု ဘယ့်ကလောက် အစွဲအလမ်းကြီးနေသလဲဟူမူ သူတို့နေ့စဉ်မြင်နေကျ ထွေးလုံးတို့မိသားစု မဟုတ်ဘဲ အခြားလူတစ်ယောက် ပေါက်ပြားထမ်းသွားသည်ကိုမြင်လျှင်လည်း ထိုလူနောက်မှ စုပြုံလိုက်သွားတတ်သည်။ ထို့ကြောင့် ထွေးလုံးတို့ အိမ်ခြံတံခါးဝမှာ ဘဲမထွက်နိုင်အောင် တစ်တောင်သာသာမြင့်သော ဝါးထရံလေး ရက်၍ ကာထားရသည်။ အဘယ့်ကြောင့်ဆိုသော သူတို့သည်လမ်းမက လူတစ်ယောက်ပေါက်ပြားထမ်းသွားသည်ကိုမြင်လျှင် နောက်မှစုပြုံလိုက်သွားတတ် သောကြောင့်ဖြစ်၏။ အတော်ခက်တဲ့အကောင်မျိုး။

ပြန်ဆက်စို့။ ထိုနေ့ညနေက ထွေးလုံးသည်သူ့အမေအား ရေခပ်ပေးခဲ့ပြီးနောက် (ဆယ်မိနစ်လောက်ပဲ ကြာပါတယ်) ပြန်လာပြီး ဘဲကလေးတို့အား တီကောင်ဆက်၍တူးကျွေးနေသည်။ သို့စဉ် ထွေးလုံးသည် သူ့ဘဲအုပ်ကိုကြည့်ရသည်မှာ အားမရ၊ တစ်စုံတစ်ခု ချွတ်ယွင်းနေသည်ဟု အောက်မေ့လာ၍ တစ်နှစ်သုံး လေးရေကြည့်တော့ ဟိုက်.... ကိုးကောင်တည်း။ သူထပ်ရေပြန်သည်။ ဟုတ်တယ် ကိုးကောင်တည်းပဲ။ ဟိုက် တစ်ကောင်ဘယ် ရောက်သွားပါလိမ့်၊ အနီးပတ်ဝန်းကျင်ကို ကြည့်တယ်။ မမြင်ဘဲတို့၏ သဘာဝမှာ တစ်ကောင်နှင့်တစ်ကောင်လည်း ခွဲမနေတတ်။ ဧကန္တဘဲကလေးတစ်ကောင်တော့ ပျောက်ပါပြီ။ ငါရေခပ်နေတုန်း ကျီးကန်းများ သုတ်သွားလေသလော၊ ဟင့်အင်း... ကျီးကန်းလည်း သည်အနီးပတ်ဝန်းကျင်မှာ မမြင်ပါဘူး။

ထွေးလုံး အိမ်မှာရှိနေလျှင် ကျီးကန်း သူတို့ခြံထဲတောင် မလာဝံ့ဘူး။ အဘယ့်ကြောင့်ဆိုသော်ထွေးလုံးလက်ထဲမှာ သို့မဟုတ် ခါးမှာ ခွလေးက အမြဲရှိနေ၏။

ကဲ...ဒါဖြင့် စွန်များလား၊ ဟင့်အင်းစွန်တို့မည်သည် သည်လိုမိုးရာသီတွင် လူတို့ရပ်ရွာတွင် မနေတတ်။ ဝါတွင်းကာလမှာ ဟိမဝန္တာတောသို့သွား၍ ဝါဆိုနေကြသည်ဟုလူကြီးသူမများ ပြောကြ၏။

ထွေးလုံးသည် သည်ရာသီမှာ စွန်တစ်ကောင် တစ်မြီးမျှလည်းမမြင်တော့။ သူ့ဘဲကလေးတစ်ကောင် ပျောက်သည်ကိုမစဉ်းစားတတ်အောင် ဖြစ်နေတော့၏။ သူ့ဘဲအုပ်ကိုသူထပ်၍ထပ်၍ရေသည်။ ဘယ်နှစ်ခါရေရေ ကိုးကောင်ဟာ ကိုးကောင်ပဲ။

နောက်ဆုံး၌ ထွေးလုံးသည် သူ့ပုဆိုးစထဲသို့ တစ်ကောင်နှစ်ကောင် ကိုးကောင်ဟု ရေတွက်ထည့်ခဲ့ပြီး ထိုင်ရာမှထ၍ ငိုယိုကာ အိမ်သို့ ပြန်ခဲ့လေ၏။

"အမေရေ... ဘဲကလေးတစ်ကောင် ပျောက်သွားပြီဗျ"

ဝမ်းခေါင်းသံကြီးနှင့် လှမ်းအော်ပြောလိုက်တော့ သူ့အမေက မီးဖိုချောင်ထဲမှ...

"ဟဲ့... ဘယ့်နှယ်လုပ် ပျောက်တာတုံး"

"သိဘူး၊ အမေရေခပ်ခိုင်းလို့ ရေခပ်ပြီး ပြန်လာတော့ တစ်ကောင်လျော့နေတာပဲ"

"မင်း... မျက်စိများ မှားသလားကွယ်"

"မှားပါဘူး၊ အခုပဲ တစ်ကောင်စီဖမ်းပြီး ကျွန်တော့်ပုဆိုးထဲထည့်ခဲ့ပြီ အမေလာကြည့်ပါဦး"

သူ့အမေလည်း အိမ်အောက် ဘဲခြံသို့ ဆင်းလာတော့ ထွေးလုံးသည် ဘဲခြံဝမှာ ဆောင့်ကြောင့်ထိုင်၍ သူ့ပုဆိုးခါးပုံစထဲမှ တစ်ကောင်စီထုတ်ကာ "ဟောဒါက ဝါနု၊ ဟောဒါက ညိုမောင်း၊ ဟောဒါက မီးခိုး၊ ဟောဒါက ရင်ကျား၊ ဟောဒါက ဖြူရော်၊ ဟောဒါက မီးခိုး၊ ဟောဒါက ရင်ကျား၊ ဟောဒါက ဖြူရော်၊ ဟောဒါက မှိုင်းပြာ၊ ဟောဒါက မဲလုံး၊ ဟောဒါက ကျောကွက်၊ ဟောဒါက ရောင်စုံ၊ ကဲကုန်ပြီ ဘေးဖြူရယ် ပျောက်သွားတာပေါ့"

"ကျီးကန်းများ ထိုးသလားကွယ်"

"ကျွန်တော့်ခြံထဲ ကျွန်တော်ရှိရင် ဘယ်ကျီးကန်းမှ မလာရဲဘူး"

"စွန်တို့ ချိုးသိမ်းတို့လဲ ဒီအချိန်မှာ မရှိပါဘူး၊ ကြွက်များ ဆွဲသွားသလား၊ အဲဒီအနားမှာ ကြွက်တွင်းရှိသလား"

"ဘာတွင်းမှ မရှိဘူး၊ ကျွန်တော်ပေါက်ပြားနဲ့ လှျောက်ပေါက်ထားတာ မြေတွေမွလို့"

ဒါဖြင့် မြွေများလား"

"မြွေဆို ကျွန်တော်တွေ့ရမှာပဲ၊ မြွေဆိုတာ သူ့သားကောင်ကို ဘယ်တော့မှ ချီမယူသွားဘူး၊ ရတဲ့နေရာမှာ မျိုတာပဲ၊ ကဲ... ဒီတော့ ကျွန်တော်ရေခပ်နေတဲ့ အချိန်ဟာ ခဏလေးပဲ၊ အဲဒီအတွင်းမှာ ဘဲက အငယ်လေးမို့ သူမျိုပြီးသွားလဲ မဝသေးဘူး၊ နောက်တစ်ကောင်ပြီး တစ်ကောင်သူဖိုက်မပြည့်မချင်း မျိုနေဦးမှာပဲ"

"အင်း... ငါ့သားပြောတာမှန်တယ်၊ ဒါဖြင့် ဘယ်လိုကဘယ်လိုများ ပျောက်ပါလိမ့်ကွယ်၊ ကဲတိတ်ပါ သားရယ်၊ ကိုယ့်မှာ ကိုးကောင်ကြီးများတောင် ကျန်သေးတာပဲ"

"ဘေးဖြူလေးကိုသနားတာ အမေရဲ့၊ ဘာကောင်များ စားသွားတာပါလိမ့်"

"ကဲ... တိတ်တိတ်၊ ဘဲခြံကိုပိတ်ခဲ့၊ ညိုမတို့သားအမိဆီ သွားချေဦး"

ဘဲခြံတို့မည်သည် ကြက်ခြံလိုမဟုတ်။ အပေါ်ကအုပ်စရာမလို။ ဒူးဆစ်လောက်မြင့်သော အကာရှိလျှင်ပင် ဘဲများမထွက်နိုင်တော့ပြီ။

ထွေးလုံးသည်သူ့ဘေးဖြူလေးအတွက်ရင်ထဲက တသသနှင့်ရွာမှ ကွင်းထဲသို့ထွက်ရလေရာ သူ့အမေဘေး၌ ခုန်ပေါက်မြူးတူးနေသော ကြန်စုံလေးကို မြင်လိုက်ရတော့မှ သူ့ဘဲကိစ္စကို ခေတ္တမေ့ပျောက်သလို ရှိသွား၏။ သို့သော် ထွေးလုံးခမျာ သူ့ဘဲကလေးများအတွက် ပူရသည်မှာ ဘေးဖြူတစ်ကောင်တည်းနှင့် မပြီးသေးချေ။ နောက်တစ်နေ့ နံနက်တွင် ဘဲခြံထဲ၌ပင် နောက်ထပ်နှစ်ကောင် ပျောက်နေပြန်လေ၏။

"အောင်မလေး အမေရဲ့" ငိုသံပါကြီးနှင့် "လာကြည့်ပါဦးဗျ၊ ရောင်စုံနဲ့ မှိုင်းပြာ နှစ်ကောင်မရှိတော့ပြန်ဘူးဗျ"

ထွေးလုံးအဖေ ကိုထွန်းစိန်မှာ ပန်းရံဆရာဖြစ်၍ ထိုအချိန်၌ အခြားရွာတွင် ပန်းရံသွားလုပ်နေသဖြင့် သူတို့အိမ်မှာ သည်သားအမိနှစ်ယောက်တည်း။ မအေကြီးပဲ ဘဲခြံရှိရာဆင်းလာပြီး....

"ဟင်.... ဘယ်လိုများ ပျောက်ရပြန်ပါလိမ့်ကွယ်၊ လူဝင်ခိုးတာဆိုလဲ"

တစ်ကောင်မှ မချန်ဘူး အားလုံးယူသွားမှာပေါ့ အမေရယ်"

"ဒါဖြင့် ခွေးဝင်ကိုက်သွားတာများလား"

"ဒီအနီးအနားမှာ ကြက်၊ ဘဲကိုက်တတ်တဲ့ခွေး မရှိပါဘူး၊ ရှိလဲ ကျွန်တော်တို့ခွေး မျောက်ညိုက ကျွန်တော်တို့ခြံထဲ တခြားခွေး အဝင်မှမခံတာ၊ ဟင်း ဘေးဖြူရယ်၊ ရောင်စုံရယ်၊ မှိုင်းပြာရယ်၊ နင်တို့ ကုသိုလ်ကံလေးတွေက ဆိုးလိုက်တာ ဟယ်"

"သြော်..... သားရယ်၊ သတ္တဝါတစ်ခု ကံတစ်ခု၊ သေနေ့စေ့တော့ တစ်နည်းနည်း သေရမှာပဲ၊ တရားနဲ့ဖြေပါကွယ်"

"အဖေရှိရင်တော့ ကောင်းမှာပဲ"

"မင်းအဖေရှိတော့ကော ဘာတတ်နိုင်မှာလဲ"

"တရားခံရှာနိုင်မှာပေါ့ဗျာ"

"ကဲ.... သားမျက်ရည်တွေ သုတ်ကွယ်၊ ကျောင်းသွားဖို့ပြင်တော့"

"ကျွန်တော်မသွားနိုင်ဘူး၊ ဒီဘဲကလေးတွေကို စိတ်မချဘူး"

"ကျောင်းမသွားလို့ ဘယ်ဖြစ်မလဲ သားရယ်၊ သွားသာသွားပါ၊ အမေကြည့် ထားလိုက်ပါ့မယ်"

"အမေဈေးရောင်းသွားရင်ကော"

"တောင်းနဲ့အုပ်ပြီး အပေါ်က ခဲဖိခဲ့ပါ့မယ်၊ ငါ့သားစိတ်ချလက်ချသာသွား"

"ခုသူတို့ကိုအမေ အစာကျွေးလိုက်ပါဦး"

"ညက ထမင်းကြမ်းကျန်ကို ရေဖျော်ပြီး ကျွေးလိုက်ပါ့မယ်"

ထွေးလုံးသည် ယခုမနက် သူ့အမေချက်ထားသော ထမင်းပူပူနွေးနွေးကို မနေ့က သူ့ငါးလူးတွင်းမှရခဲ့သော ငါးဟင်းနှင့်စားပြီး အိမ်မှထွက်ခဲ့လေ၏။ သူကျောင်းသွားရသည်မှာ ဖြောင့်ဖြောင့်တန်းတန်း မဟုတ်သေးချေ။ လွယ်အိတ်ကိုပခုံးစလွယ်သိုင်းလျက်ညိုမတို့သားအမိကို ကွင်းစားကျက်ထဲသို့ ပို့ခဲ့ရသေး၏။ ရောက်သော် နွားမကြီးကို မောင်းတံတွင်ချည်ပြီးမှ ကျောင်းသွားရန် တာလမ်းမကြီးသို့ တက်ခဲ့ရ၏။

တာလမ်းပေါ်တွင် သူ့အား အသင့်စောင့်နေသော သူငယ်ချင်း ဝွေးနီနှင့်တွေ့လျှင် သူ့ဘဲကလေးသုံးကောင်ပျောက်ရပုံကို အသေးစိတ်ပြောပြသည်။ သူတို့အိမ်မှာ ကြက်၊ ဘဲ မွေးနေကျဖြစ်သော ဝွေးနီသည် အတော်ကြစဉ်းစားပြီးနောက်

"ငါ့စိတ်ထဲမှာ ဒီရန်သူတော့ ပေါ်လာပြီဟေ့"

"ဘယ်သူလဲ... ဘာကောင်လဲ"

"မပြောသေးဘူးကွာ၊ မျက်ဝါးဝါးထင်ထင်မိမှ မင်းသိရစေ့မယ်၊ ညနေကျောင်း ဆင်းတော့မင်းတို့အိမ်ငါလိုက်ခဲ့မယ်"

သူ့စကားအတိုင်း ဝွေးနီသည် ထွေးလုံးတို့အိမ်လိုက်လာပြီး ဘဲခြံကိုကြည့်လျက် ခေါင်းတစ်ချက်နှစ်ချက်ညိတ်၏။

"မင်းဘာခေါင်းညိတ်တာလဲ"

"ငါ့တွေးတောချက် မှန်နိုင်လို့ပါကွာ၊ ကဲ.... မင်းဘဲလေးတွေကော ဟိုတောင်းအောက်မှာလား"

"အေး အမေက သူမရှိရင် အုပ်ပစ်ခဲ့တာကွ"

"ကဲ... ဖွင့်လိုက်ပါကွာ"
ထွေးလုံးက ဖွင့်လိုက်၏။
"ဟိုက်တစ်ကောင် ပျောက်သွားပြန်ပြီ၊ ခုနစ်ကောင် ရှိရမှာ ခြောက်ကောင်တည်း"
ထွေးလုံးသည်မျက်ရည်တွေဝဲလျက်....
"အမေရေ.... တစ်ကောင် ပျောက်ပြန်ပြီဗျ၊ ကျောကွက်ရယ် မရှိတော့ဘူး"
မီးဖိုချောင်မှ သူ့အမေက ထလာပြီး...
"ဟဲ့ ငါအပြင်ထွက်မယ်လုပ်တော့ အဲဒီတောင်းနဲ့ အုပ်ပစ်ခဲ့တာပဲ၊ ပြန်တောင်ဖွင့်မပေးရသေးဘူး၊ ငါမေ့နေလို့၊ ဒီတောင်းထဲမှာ ဘာကောင်က ဝင်နိုင်မှာမို့လဲ၊ အောက်က မြေကြီးမှာများ ကြွက်ဖောက်ရာရှိသလား"
ထွေးလုံး။ ။ "မရှိဘူး"
ငွေးနီ။ ။ "အရီးသန်းရွှေ ဘဲကလေးတွေ တောင်းအုပ်တော့ ဘယ်အချိန်လဲ"
"နာရီပြန် တစ်ချက်လောက်ပါဟယ်"
"သူတို့ကိုအုပ်တော့ ဘယ်နှစ်ကောင်ရှိသလဲ၊ အရီးသန်းရွှေ ရေကြည့်မိသေး လား"
"ဒီရွှစိရွှစိကလေးတွေ ငါ မရေနိုင်ပါဘူးဟယ်၊ သူတို့စုပ်နေတာ အပေါ်က တောင်းအုပ်လိုက်တာပဲ"
ငွေးနီသည် ခေါင်းတစ်ချက် ဆတ်လိုက်ပြီးနောက်
"ကဲ.... ထွေးလုံး၊ ဘဲကလေးတွေ အပေါက်ဖွင့်ထုတ်မနေ့က တစ်ကောင်ပျောက်တဲ့နေရာ ခေါ်သွားပြီး မနေ့ကလို တီတူးကျွေးနေ၊ အဲ မင်း မနေ့က ရေခပ်တဲ့အချိန်ကျတော့ ငါ့ဆီပြန်လာခဲ့"
ထွေးလုံးသည်ပေါက်ပြားထမ်း၍ ဘဲကလေးတွေကသူ့နောက်မှ တွီစလီ တွီစလီ မြည်လျက်ဝမ်းသာအားရလိုက်သွားကြသည်။ မနေ့ကနေရာရောက်တော့ ငွေးနီမှာသည့်အတိုင်းပင် တီတူးကျွေးနေသည်။
ငွေးနီကတော့ သူတို့အိမ် ရေကပြင်မှာထိုင်၍ ကြည့်နေသည်။ ထွေးလုံးသည် သူမနေ့က ရေခပ်ချိန် ရောက်ပြီလို့ထင်သောအခါ ပေါက်ပြားချခဲ့၍ ငွေးနီရှိရာသို့ ပြန်လာခဲ့သည်။
ငွေးနီ။ ။ "လာ... ဒီကနေ အသာကြည့်နေ၊ ငါထင်တာမှန်ရင်တော့ ဘဲကလေးတစ်ကောင်တော့ စတေးရဦးမှာပဲကွ"
ဘဲကလေးများသည် ထွေးလုံးချထားခဲ့သော ပေါက်ပြားပတ်လည်မှာ တူးဆွထားသော မြေပွပွတွင် နုတ်သီးနှင့်လှျောက်ထိုး၍ တီကောင်ရှာနေကြသည်။ တယ်ပြီး မကြာလိုက်ပါ။ ခြံစည်းရိုး ဟိုဘက်ချုံပုတ်ထဲရှိ ကျောဝါဝါဗိုက်ဖြူဖြူကြောင် ကြီးတစ်ကောင် ရုတ်တရက်ခုန်ထွက်လာတဲ့ပြီး ဘဲကလေးတစ်ကောင်ကို ချီသုတ်သွားလေ၏။
ထွေးလုံးသည် ရေကပြင်မှခုန်ချကာ ထိုကြောင်အားသူအမိ ဖမ်းနိုင်တော့မည် နှယ် ပါးစပ်မှဆဲဆို ရေရွတ်လျက်တအားပြေးလိုက်သည်။ သို့သော်ကြောင်ဆိုးကား အရိပ်အယောင်မျှ မမြင်ရတော့ပြီ။
ငွေးနီက အေးဆေးစွာပင် လျှောက်လာလျက် ခြံစည်းရိုးဟိုက်ဘက်ကူးမည်ပြု နေသော ထွေးလုံးအား....
"ဟေ့.... မင်းလိုက်နေလို့ အပိုပေါ့ကွ၊ ဒီအချိန်မှာ ဟိုကြောင်က သူပုန်းခိုနေကျနေရာမှာ မင်းဘဲကလေးစားလို့ တစ်ဝက်လောက်ကုန်နေရော့မယ်"
ထွေးလုံးကိုယ်မှ အသားများ တဆတ်ဆတ်တုန်လျက်
"ကျွန်တော် အဲဒီကြောင်ကို သတ်ချင်လိုက်တာ"

"ဒီကြောင်သတ်ချင်တဲ့လူဟာ မင်းတစ်ယောက်တည်းမဟုတ်ဘူး၊ တို့အပိုင်းမှာ ကြက်ဘဲမွေးတဲ့လူ အားလုံးကပဲ"

"ဘယ်သူ့အိမ်က ကြောင်လဲကွ၊ မင်းသိလား"

"သိတာပေါ့၊ ဦးဘသိန်း ဒေါ်ထွေးနွယ်တို့အိမ်က သူတို့အချစ်တော်ကြီးပဲ၊ မင်းအိမ်ဘဲကလေးတွေရှိမှန်း သူမနေ့ကမှ စသိလို့ သိသိချင်းတစ်ကောင်၊ ဟော.... ညကနှစ်ကောင်၊ နေ့လယ်က မင်းအမေ တောင်းနဲ့မအုပ်ခင် တစ်ကောင်၊ အခုတစ်ကောင်"

ထွေးလုံးသည် မျက်ရည်ရွဲရွဲနှင့် သူ့ဘဲကလေးတွေ စိုက်ကြည့်နေရာမှ

"အခုပါသွားတာ ညိုမောင်းရယ်ကွ၊ တောက်..... မနေ့ကဒီအချိန်ကနေပြီး အခုဒီအချိန် ၂၄ နာရီအတွင်းမှာ ငါးကောင်ဆွဲတော့ မလွန်လွန်းဘူးလားကွာ"

"အေး.... မနေ့ညက လာတဲ့အချိန်မှာပဲ ခုညသူလာလိမ့်ဦးမယ်"

"ငါ မအိပ်ဘဲ စောင့်ချောင်းနေပြီး လုံ့နဲ့ထိုးသတ်မယ်"

"ရမလားကွ၊ ကြောင်က ည မျက်စိမြင်တဲ့အမျိုး၊ မင်းကသူ့ဘယ့်နှယ်လုပ် မြင်မလဲ၊ မီးခွက်ကြီး ကိုင်စောင့်နေရင် ကြောင်က ဟီးဟီးလို့တောင် ရယ်သွားလိမ့်ဦး မယ်"

"တောက်... အဖေရှိရင် ကောင်းမှာကွာ"

"မင်းအဖေရှိရင်လဲ ဒီလိုနေရာမျိုးမှာ ကြောင်ကိုဘာမှမတတ်နိုင်ဘူး"

"ဒါဖြင့် တို့ ဒီကြောင်ကိုဘယ့်နှယ်လုပ်ရမလဲကွာ၊ ဒီလိုပဲကြည့်နေရတော့မှာ လားကွာ"

"ရပါတယ်၊ ကဲ.... ဒီညနေမင်း လုပ်စရာရှိတာလုပ်၊ ငါအိမ်ပြန်မယ်၊ ညစာထမင်းစားပြီးတော့ ငါလာခဲ့မယ်၊ ဘဲကလေးတွေကို လူမကြည့်နိုင်တဲ့အချိန်မှာ တောင်းနဲ့အုပ်ထားနော် မင်းတို့ဘခြံက ကြောင်မလုံဘဲကိုကွ"

ပြောပြီး ငွေးနီပြန်သွားသည်။

ည ရီတမှောင်ရှိသော အချိန်၌ ငွေးနီသည် သူ့စကားအတိုင်း ပြန်လာ၍ ထွေးလုံးက "ကဲ... တို့ဘာလုပ်ကြမလဲ" ငွေးနီက "တို့ဘာမှမလုပ်နိုင်ဘူး၊ လုပ်နိုင်တဲ့လူဆီကိုသွားကြရလိမ့်မယ်"

"ဘယ်သူ့ဆီလဲ"

"ရွာတောင်ပိုင်းက စစ်ပြန်လက်သမားဆရာကြီး ဦးတေနောင်"

ထွေးလုံးသည် သူ့အမေအား ပြောပြီးသူငယ်ချင်းနှစ်ယောက် ရွာရိုးလျှောက်ခဲ့ကြရာ ဦးတေနောင်၏ အိမ်သို့ရောက်သောအခါ ကျောင်းဆရာကြီး ဦးသော်တာကိုပါနှစ်ယောက်သား လက်ဖက်ရည်ကြမ်း သောက်နေသည်ကို တွေ့လိုက်ရသည်။

ဦးတေနောင်က...

"ဟော့.... သူငယ်လေးတွေ ဘာကိတ်"

လူကြီးတွေအနား သူတို့ကိုယ်ကလေးတွေ ယို့ယို့နှင့် ထိုင်လိုက်ကြပြီး ငွေးနီက

"ကျွန်တော်တို့အပိုင်းမှာ ကြောင်သောင်းကျန်းထနေပြန်ပြီ အဘရဲ့"

"ဘယ်သူ့အိမ်က ကြောင်လဲကွ"

"ဦးဘသိန်း ဒေါ်ထွေးနွယ်တို့အိမ်ကကြောင်ပါခင်ဗျာ့"

"တော်တော်ဆိုးနေပြီလား"

"ကမ်းကုန်နေပါပြီ ခင်ဗျာ၊ ဟောဒီ ထွေးလုံးတို့အိမ်က ဘဲကလေးတွေတောင် ၂၄ နာရီအတွင်းမှာ ငါးကောင်စားပစ်ပါပြီခင်ဗျာ့"

ဤတွင်ကျောင်းဆရာကြီး ဦးသော်တာက မျက်မှောင်ကုန်စဉ်းစားလျက်

"ဦးတေနောင်ရဲ့၊ ဒီကြောင်တို့ ခွေးတို့ဆိုတာဟာ ဆုံးမပေးရင်ရပါတယ်၊ ဥပမာ ခွေးတစ်ကောင် ကြက်ကိုက်လာမယ်ဆိုရင် အဲဒီကြက်ပြုပြီး ခပ်စပ်စပ်ကလေး ရိုက်ထားလိုက်မှတ်သွားရော၊ နောက်မကိုက်တော့ဘူး၊ ကြောင်လဲဒီလိုပဲ"

ဤတွင်ဝွေးနီက....

ဆရာကြီးပြောတာဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီအိမ်က ကြောင်ရှင်အမျိုးသမီး တွေက သူတို့ကြောင် ကြက်ဘဲကိုက်တာကိုပဲ ဝမ်းသာနေကြတယ်လေ၊ ဘာကြောင့်ဆိုသူတို့ ခြံထဲကို ကြက်ဘဲလာတာကို မကြိုက်ဘူးတဲ့ခင်ဗျာ့"

ဆရာကြီး ။ ။"ဘာလို့လဲသူတို့ခြံထဲ ကြက်ဘဲဖျက်ဆီးနိုင်တဲ့အပင်များ စိုက်ထားလို့လား"

"ဘာမှဖြစ်ဖြစ်မြောက်မြောက် စိုက်တာလဲ မဟုတ်ပါဘူး၊ ကြက်တွေက အမှိုက်တွေ လာလာယက်တာ မကြိုက်ဘူးတဲ့လေ"

"တယ်.... မသိသားဆိုးရွားတာတွေပဲ၊ ဒီလို သစ်ရွက်တွေအမှိုက်တွေဆိုတာက ကြက်ဘဲရှိမှ သူတို့က ယက်ပြုထိုးဆွနေကြတော့ ခြတွေ ပုရွက်ဆိတ်တွေမနေနိုင်ဘူး၊ မြွေကင်းမခိုအောင်းနိုင်ဘူးဆိုတာ နားမလည်ကြဘဲကိုး"

ဦးတေနောင် ။ ။"ဒီဦးဘသိန်းတို့ ဒေါ်ထွေးနွယ်တို့ဆိုတာ ခြံကြီးကျယ် ကျယ်၊ အိမ်ကြီး ရခိုင်နဲ့နေပြီး အောက်သက်ကျေကြတာမဟုတ်ဘူးဗျ၊ သူတို့အိမ်မှာ ကြက်ဘဲတိရိစ္ဆာန်မမွေးဘူး၊ တခြားကလာတာလဲ မကြိုက်ဘူးဆိုတာကိုပဲ သူတို့ကိုယ်သူတို့ အထက်တန်းကျလှပြီ၊ လူကြီးလူကောင်းတွေဖြစ်နေပြီလို့ ယူဆနေကြတာဗျ"

ဦးသော်တာ။ ။ "ကဲ....ဒါဖြင့် သူတို့အိမ်က ကြောင်က တခြားအိမ်က ကြက်ကလေး ဘဲကလေးတွေ လိုက်ကိုက်နေတယ်ဆိုတာ မသိကြဘူးလား"

ဝွေးနီ။ ။ "သိပါတယ်ခင်ဗျာ၊ သူတို့အိမ်နားက ကိုကံညွန့်တို့ ကိုအောင်ချစ်တို့ ကြက်ကလေးတွေတစ်အုပ်ပြီးတစ်အုပ် ကုန်ပေါင်းများလှလို့ သွားပြောတော့ 'သူတို့ခြံထဲလာရင် ကိုက်မှာပဲ၊ ကိုက်ပါစေ၊ မလာအောင်ကိုယ့်ကြက် ကိုယ်ထိန်းကြ'တဲ့၊ ကိုကံညွန့်တို့က 'ခင်ဗျားတို့ခြံထဲတင်မဟုတ်ဘူး၊ ကျုပ်တို့ခြံထဲလာပြီးတော့ နေ့ရောညရော ကိုက်တာပဲ" ဆိုတော့ သူတို့ကြောင်ဟာ သူတို့အိမ်နဲ့ သူတို့ခြံဝင်းထဲက ဘယ်မှသွားတာ မဟုတ်ဘူးတဲ့လေ"

ဦးတေနောင်။ ။ "အဲဒါ မသိသား ဆိုးရွားတာပဲဗျ၊ ကြောင်ဆိုတဲ့ အကောင်မျိုးဟာ ကြက်ကလေး ဘဲကလေးစားဖူးပြီး ခံတွင်းတွေ့သွားပြီဆိုရင် မစားရမနေနိုင်တော့ဘူး၊ ရွာရိုးကိုးပေါက် လျှောက်ကိုက်တော့တာပဲ၊ အဲဒါကိုမိန်းမ ဉာဏ်တွေနဲ့ ဘယ်စဉ်းစားတတ်မလဲလေ"

ဦးသော်တာ။ ။ "ဒါဖြင့် သူတို့အိမ်က ဦးဆောင်ယောကျ်ားဖိုးဘသိန်းကို ပြောပါလား"

ဝွေးနီ။ ။ "အဲဒီလူကြီးကလဲ မယားက ငါးခြောက်ဆိုရင် ဆီဆမ်းပြီးသား လူစားကြီးဗျ၊ ကျွန်တော်တို့ကပြောတော့ 'ငါ့ကြောင် မင်းတို့ဆီလာကိုက်တယ်ဆို ဖမ်းသတ်လိုက်ပေါ့ကွ'တဲ့ ခက်တာက ကြောင်ဆိုတာ အပြင်ဘက်မှာ သူစိမ်းယူဖမ်းလို့ ဘယ်တော့မှမရတာမျိုးမဟုတ်ဘဲ၊ သူတို့အိမ်ထဲအတင်းဝင်ဖမ်းမှပဲ ရမယ်"

ဦးသော်တာ။ ။ "ဒါဖြင့်ရပ်ရွာလူကြီး သွားတိုင်ကွာ၊ ကြက်ဘဲဆိုတာ ပြည်သူ့ပဟင်းလျာ၊ ဒီကြောင်ဟာ ရွာရိုးကိုးပေါက် ပြည်သူ့ပစ္စည်းကို ဖျက်ဆီးနေတာပဲ၊ ရပ်ရွာလူကြီးက အရေးယူသင့်တယ်"

ဦးတေနောင်။ ။ "ဦးသော်တာပြောတာ မှန်တယ်၊ ရပ်ရွာလူကြီးတာဝန်ပဲ၊ ဒါနဲ့ကျုပ်တို့မြန်မာပြည်မှာ ဒီလိုရပ်ရွာလူကြီးတွေ မဖွဲ့ခင်ကတည်းက ကချင်ပြည်နယ်မှာရှိတဲ့ ဓလေ့ထုံးစံလေး သဘောကျသဗျာ"

ဦးသော်တာ။ ။ "ဘယ်လိုတုံး စစ်ပြွန်ကြီးရဲ့"

ဦးတေနောင်။ ။ "ဒီလိုအိမ်ကြောင်ဆိုးလဲ ရွာထဲမှာမရှိရဘူးဗျ၊ ဒါပေမယ့် ညညမှာ တောကြောင်တွေက လာတတ်ကြတယ်၊ အဲဒီတောကြောင်တွေကို ရအောင်ဖမ်းနိုင်တဲ့သူကို ရွာထဲမှာ ကြက်ဘဲမွေးတဲ့အိမ်တိုင်းက ကြက်သားခွဲလေး တစ်ကောင်စီပေးရတယ်၊ ကြက်ကလေးမရှိရင် ကြက်ဥပေးပေါ့လေ၊ သူ့ကိုကျေးရွာအန္တရာယ်ကာကွယ်တဲ့ ဆုကြေးပေါ့"

ဦးသော်တာ။ ။ "တယ်နိုပ်ပါလားဗျ၊ ကောင်းတဲ့ဓလေ့ပဲ"

ဦးတေနောင်။ ။ "ဒီတောကြောင်သာ မဟုတ်သေးဘူး၊ ကြက်ဘဲအကောင်ကြီးတွေတောင် သုတ်တတ်ကုတ်တတ်တဲ့ စွန်တို့၊ ချိုးသိမ်းတို့၊ လင်းယုန်တို့ကို ထောင်လို့သော်လည်းကောင်း၊ ပစ်ခတ်လို့သော်လည်းကောင်း ရရင် အဲဒီလူကိုလဲ အားလုံးကြက်ကလေးတစ်ကောင်စီ ပေးရတာပဲ"

ဦးသော်တာ။ ။ "ဟန်သဗျာ၊ အဲဒီစံနစ်ကတော့"

ထွေးလုံး။ ။ "ဒါနဲ့ မသိလို့ မေးပါရစေ ဘကြီး၊ ဒီလိုမိုးရာသီဝါတွင်းကာလမှာ စွန်တွေ၊ သိမ်းတွေ၊ လင်ယုန်တွေ ကျွန်တော်တို့ဆီ မလာကြတာက သူတို့ဟာ ဟိမဝန္တာတောထဲ သွားပြီးဝါဆိုနေကြလို့ဆို"

ဦးသော်တာက ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး

"တို့ဗမာများ ကြံဖန်ပြီးတော့ ဝါတွင်းကာလနဲ့ပတ်သက်ပြီး ပြောတတ်ကြတာကွ"

ငွေးနီ။ ။ "နို့မဟုတ်ဘူးလား"

ဦးသော်တာ။ ။ "ဘယ်ဟုတ်ရမှာလဲကွ၊ စွန်တို့၊ သိမ်းငှက်တို့၊ လင်းယုန်တို့ဆိုတဲ့ သားစိမ်းငါးစိမ်းစား ငှက်တွေကို မိုးတွင်းမှာဆိုရင် သူတို့အတွက်အစာကြွက်တို့၊ မြွေတို့၊ ဖားတို့၊ ငါးတို့ပေါတဲ့ အင်းအိုင်ဒေသတွေသွား နေကြတာကွ၊ မိုးကုန်လို့ အဲဒီမှာ ဖားငါးရှားလာတော့မှ လူတို့ရပ်ရွာဆီ စားကျက်ပြောင်းလာပြီး မင်းတို့မွေးတဲ့ ကြက်ဘဲတွေကိုသုတ်ကြတော့တာကွ"

ထွေးလုံး။ ။ "အင်း... ဟုတ်မှာပဲ၊ ဒီသားစိမ်းစားတဲ့ ငှက်တွေက ဝါဆိုတယ်လို့ဗျာ၊ ကြံကြံဖန်ဖန်ဘုန်းကြီးတွေပဲ ဝါဆိုတာကြီးကို၊ ဒီစွန်တို့ သိမ်းတို့ လင်းယုန်တို့ဆိုရင် ကျွန်တော်မကြောက်ပါဘူးဗျာ၊ ခွလေးတစ်ချောင်းနဲ့ ကျွန်တော့်ဘဲတွေကိုကျောင်းနိုင်တာပဲ၊ အခုညဘက်ပါလာပြီး အလစ်သုတ်နေတဲ့ကြောင်တော့ ဘယ်လိုလုပ်ရမယ်မသိဘူး"

ဦးသော်တာ။ ။ "ငါခုနပြောသလိုပဲ ရပ်ရွာလူကြီးသွားတိုင်ကွာ"

ဦးတေနောင်။ ။ "ဒီအထိမလိုပါဘူးဗျာ၊ ဒီကြောင်ကျုပ်သုတ်သင်နိုင်ပါတယ်၊ ဦးသော်တာ ခင်ဗျားကြောင်သားစားလား"

ဦးသော်တာ။ ။ "ကျုပ်က လူစားတာမှန်သမျှ အကုန်စားတယ်"

ဦးတေနောင်။ ။ "အဲဟုတ်ပြီ၊ ဟေ့ငွေးနီ အဲဒီကြောင်ဘယ်လောက်ကြီးသလဲကွ"

ငွေးနီ။ ။ "နှစ်ပိဿာကျော် သုံးပိဿာပဲ ဘကြီးရေ့"

ဦးတေနောင်။ ။"ဒီအကောင်ကြီးဆိုရင် အုန်းနို့နဲ့နှပ်လိုက်ရပထမတန်းပေါ့ကွာ၊ အုန်းသီးလိုနေပြီ"

ဦးတော်တာ။ ။ "အုန်းသီးခြောက်တွေ ကျုပ်အပင်မှာရှိပါ့ဗျာ၊ တက်မယ့်လူ လိုနေတယ်"

ငွေးနီ။ ။ "ကျွန်တော် တက်နိုင်တယ် ဘကြီး"

ဦးတေနောင်။ ။ "အေး ဟုတ်ပြီ၊ ကဲမင်းတို့ ငါ့ထောင်ချောက်ယူရအောင်လာတာမဟုတ်လား၊ ဟောဲတို့လှေကားခုံအောက်မှာ ယူသွားကြပေရော့"

စစ်ပြန်လက်သမားကြီး ဦးတေနောင်၏ ကြောင်ထောင်ချောက်မှာ တစ်ပေပတ်လည် သေတ္တာရှည် အလျားနှစ်ပေခွဲလောက်ရှိသည်။ ကြောင်ဝင်ပေါက်ကို ဖင်ပိုင်းဟု ဆိုကြပါစို့ ခေါင်းပိုင်း၏ လက်တစ်ဝါးလောက်နေရာမှာ ကြောင်စာထားရန် သံဇကာထားသော အကန့်ကလေးရှိသည် သေတ္တာ၏ လေးပုံတစ်ပုံနေရာမှာ အပေါ်က မောင်းတိုင်ထူ၍ ကြောင်ဝင်ပြီးပိတ်သွားရန် မောင်းတံဆင်ထားသည်။ သေတ္တာအတွင်းမှာ ပျဉ်ပြားတစ်ခုကြောင်တက်နင်းလိုက်ကက မောင်းတံပြုတ်သွားရန် ကြိုးနှင့်စီမံထားသည်။

ငွေးနီသည် ဤထောင်ချောက်အလုပ်ကို ကျွမ်းကျင်နေပြီဖြစ်၍ ထွေးလုံးတို့ခြံ ထဲမှာ မောင်းတင်လိုက်သည်။ အပေါ်ဘက်မှဖွင့်၍ပိတ်၍ရသော ကြောင်စာအကန့် လေးထဲသို့ ဘဲကလေးတစ်ကောင်ကိုထည့်ပြီး ပိတ်ထားလိုက်သည်။ ကျန်ဘဲကလေး အားလုံးကို ကြောင်မမြင်ရအောင် တောင်းနှင့် မှောက်ထားလိုက်သည်။

ထိုကြောင် လာချိန်တန်တော့လာမည်။ ထောင်ချောက်ထဲက ဘဲကလေးကို သံဇကာပေါက်မှသူမြင်တော့ အပြေးဝင်၍ ခုတ်မည်။ ဤ ထောင်ချောက်မောင်းက ကျသွားကာမောင်းတံနှင့်ဆွဲထားသော ပျဉ်ပြားက ဒေါက်ခနဲကျ၍ ပိတ်သွားလေပြီ။

အားလုံး ပြင်ပြီးသွားသောအခါ ထွေးလုံးက မေးသည်။

"ဟော့... ငွေးနီ၊ အထဲက ဘဲကလေးကို ကြောင်လက်သည်းနဲ့မကုတ်နိုင်ဘူးလား ကွ"

"ဘယ်ကုတ်နိုင်မှာလဲ၊ သံဇကာက သံကြိုးမျှင်မျှင် သေးသေးလေးတွေနဲ့ အပေါက်ကျဉ်းကျဉ်း ကလေးတွေပဲ၊ ကြောင်လက်မဝင်နိုင်ဘူးကွ၊ မင်းဘဲကလေး အတွက်ဘာမှမစိုးရိမ်နဲ့၊ ကြောင်မိပြီးတဲ့အခါမှာ မင်း ဘဲကလေးပြန်ထုတ်ပြီး သူ့အဖော်တွေနဲ့ အိပ်ပါစေတော့၊ ကဲ.... ငါပြန်မယ်၊ မနက်စောစောမှ လာခဲ့တော့မယ်"

"ဒီကြောင်လာမှာလား၊ မိမှာလား"

"စိတ်ချစမ်းပါကွာ၊ ဘကြီးတေနောင်နဲ့ ငါနဲ့စားနေကျပါ"

"ငါတော့ အဲဒီကြောင် မမိမချင်း ထိုင်စောင့်နေမှာပဲ"

ထွေးလုံးသည် သူ့စကားအတိုင်း မအိပ်ဘဲ ခြံဆီနားစွင့်လျက် စာကျက်နေ၏။ တယ်ပြီးမကြာလိုက်၊ ဖြနာရီလောက်တွင် ဒေါက်ခနဲ ထောင်ချောက်ကျသံ ကြား၍ ထွေးလုံးကပျာကသီ မီးခွက်နှင့် ဆင်းကြည့်လိုက်တော့၊ ဟုတ်တာပေါ့၊ ဟုတ်တာပေါ့၊ စားနေကျ ကြောင်ဖားကြီး အထဲ မာန်ဖီပြီး သံဇကာကို လက်သည်းနှင့် ကုတ်ခြစ်နေလိုက်သေး၊ ထွေးလုံးစိတ်ထဲ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း၊ "ဟင်း... ငါ့ဘဲကလေး ငါးကောင်အပင်းဆို့သွားတဲ့ အယုတ်တမာကောင်ကြီး၊ နင်ဝိပါတ်လည် ပြီမှတ်"

နံနက် ဝေလီဝေလင်းတွင် ငွေးနီရောက်လာသော် ကြောင်ထောင်ချောက်အနားမှာ ပီတိဖြစ်နေသော ထွေးလုံးကိုတွေ့ရသည်။ သူတို့နှစ်ယောက်သည် ကြောင်ထောင်ချောက်ကိုသယ်ဆောင်ကာ ဦးတေနောင်အိမ်သို့ ရွာအပြင်လမ်းမှ သွားကြလေ၏။ ရေနွေးကြမ်းတစ်အိုးနှင့် ထိုင်နေသော ဦးတေနောင်ကိုအသင့်တွေ့ရသည်။

"ကြောင်ဖြစ်လျက် ကြွက်ကိုမခုတ်၊ ကြက်ဘဲခုတ်သည့် ထိုကြောင်ယုတ်ကို သုတ်သင်ရန်မှာ လူတာဝန်တည့်"

ထိုနေ့သည် ထွေးလုံးတို့ ကျောင်းပိတ်ရက် ဖြစ်လေရာ ရပ်ရွာ၏ ရန်သူ့အသားကို ဦးသော်တာ၏ အုန်းနို့နှင့်နှပ်ပြီး သူတို့လူသိုက် အောင်သေ အောင်သားစားကြသတည်း။

တယ်ကောင်း။

ယခုအချိန်၌မူ ထွေးလုံးသည် အနွေရယ်ကင်းရှင်းသွားပြီ ဖြစ်သော မီးခိုး၊ မဲလုံး၊ ဖြူရော်၊ ဝါနု၊ ရင်ကျားမည်သော ဘဲကလေးငါးကောင်နှင့် ပျော်ရွှင်စွာ ရှိလေသတည်း။

## အပိုင်း(၂)

မီးခိုး၊ မဲလုံး၊ ဖြူရော်၊ ဝါနု၊ ရင်ကျား မည်သောထွေးလုံး၏ ဘဲကလေးငါးကောင်သည် တစ်နေ့တခြားကြီးပြင်း၍လာခဲ့ရာ နှစ်လကျော်သောအခါ သိသိသာသာကြီးပြင်း၍ လာခဲ့ရာ တစ်ကောင်လျှင် ကိုယ်အလေးချိန် နှစ်ဆယ်သားမျှ ရှိလာလေပြီ။ ပုံသဏ္ဌာန် လည်းပြောင်း၊ အသံလည်းပြောင်းလာသည်။ ငယ်ငယ်ကလို တွီစလီ တွီစလီ မဟုတ်တော့ဘဲ အထီးက လေချွန်သလို ရှီရှီမြည်၍ အမက ဂတ်ဂတ်ဂတ် အော်၏။

အလို မီးခိုနှင့် မဲလုံးက အထီး၊ ဖြူရော်၊ ဝါနု၊ ရင်ကျားတို့က အမကလေးတွေ ပါလား။

သူတို့၏ ကိုယ်ပုံသဏ္ဌာန်များလည်း မွေးကင်းခါစကလို ကျောကော့ကော့လေး များမဟုတ်တော့ဘဲ ခါးကလေးတွေကုန်းပြီး မွေးနု မွေးညင်းကလေးတွေထဲမှာ ရင်ဘတ်နှင့်တောင်ပံတို့၌ မွေးကြမ်း(ကြီးမွေး) တွေပေါက်လာချေပြီ။ ကိုယ်အင်္ဂါတို့လည်း သန်စွမ်းလာ၏။ မိုးရွာတုန်း မိုးရေထဲမှာ ငါးကောင်စု ပြိုင်တူ ပြေးလိုက်ကြတာခြေဖဝါးသံလေးတွေ တဖျတ်ဖျတ်နှင့်။ နောက်ပြီး ရေအိုင်တွေ့လျှင် ရေကူးလိုက်ကြသည်။

အောင်မယ်လေး ရေကူးပြီး အိုင်ထဲက ပြန်တက်လာတော့ သူတို့ အမွေးအလေ့း ခါတယ်ပေါ့။ အတောင်ခတ်လိုက်ကြတာလေ တောင်ပံမွေးရှည်က မရှိတော့ အတောင်ရိုးလေးတွေ တမြှောက်မြှောက်နဲ့ လူကလေးတွေ လက်လှုပ် ရှားနေသည်နှင့် တူသေး၊ ဟီဟိ၊ ထွေးလုံးရယ်မိသည်။ သူသိပ်ပျော်နေသည်။

ဩော်... မူလ ၁၀ကောင်အနက် ငါးကောင် ဆုံးပြီ။ သည်ငါးကောင်ကလေး ယခုအထိ သက်ဆိုးရှည်နေရသည်ကား စစ်ပြန်ကြီး ဦးတေနောင်၏ ကျေးဇူးပေတကား။ သူနှင့် ငွေးနီ၊ ဦးဘသိန်း ဒေါ်ထွေးနွယ်တို့အိမ်က ကြောင်ဆိုးကြီး ထောင်ချောက်နှင့် ဖမ်းပြီးသွားပို့တဲ့နေ့က ဦးတေနောင်ပြောသော စကားများကို သတိရလှသည်။

ဦးတေနောင် အိမ်ရှေ့ကပြင်တွင် လက်ဖက်ရည်ကြမ်းသောက်နေရာမှ...

"ဟန်ခဲ့ကြရဲ့လား ဟေ့"

ငွေးနီ။ ။ "ဘယ်လွတ်မလဲဆရာ"

"အေး.... အဲဒီနှာ၊ ခဏ ချထားကြဦးကွ၊ ကဲ.... ငွေးနီ မီးကျီခဲများများရအောင် မီးလှိုင်လှိုင်ထည့်ကွာ"

ငွေးနီသည် ဦးတေနောင်ထိုင်သော ကပြင်ရှေ့ မြေကြီးပေါ်တွင် ဖိုခနောက်သုံးလုံးနှင့် ရှိသော မီးဖိုမှာ ထင်းများစွာထည့်လေသည်။

ထွေးလုံး။ ။ ထောင်ချောက်ကြည့်၍ "အဘဒီကြောင်ကြီး ဘယ့်နှယ်ထုတ်မလဲ"

ဦးတေနောင်။ ။ "ဟောဟိုတောင်းပေါ်မှာတင်ထားတဲ့ အိတ်ကြီးယူလိုက်ကွာ"

ဆန်တစ်တင်းကျော်ကျော်လောက်ဝင်သည့် ပလတ်စတစ်အိတ်ဖြူဖြူကြီး ထွေးလုံးက ယူပေးသောအခါ ဦးတေနောင်က

"အဲဒါနဲ့ ထောင်ချောက်ဝစွပ်ပြီး ပိတ်ထားတဲ့ပျဉ်ပြားဖွင့်ပေးလိုက်တော့ ဒီကောင်အိတ်ထဲ ရောက်လာတော့တာပေါ့ကွ"

ထွေးလုံး။ ။ "သိပြီ... သိပြီ၊ ကျွန်တော်ဒီကောင်ကြီးကို သတ်မယ်"

ဦးတေနောင်။ ။ "မင်းဘယ့်နှယ်လုပ်သတ်မလဲ"

ထွေးလုံး။ ။ "အိတ်အပေါက်ဝက စုကိုင်ပြီး မြေကြီးကိုင်ရိုက်မယ်၊ ဓားနှောင့်နဲ့ ခေါင်းထုမယ်"

ဦးတေနောင်။ ။ "ဒီလိုဆို ဘယ်တော်တော်နဲ့သေမလဲ၊ တိရစ္ဆာန်ညှင်းဆဲသလို နေမှာပေါ့ကွ၊ သနားစရာ"

ထွေးလုံး။ ။ "ကျွန်တော့ဘဲကလေး ငါးကောင်ကို သတ်ထားတာ ဒီကောင်ကြီး မသနားနိုင်ဘူး"

ဦးတေနောင်။ ။ "ဟာ... ဒီလို ဘယ်ဟုတ်ဦးမလဲကွာ၊ သူက မင်းဘဲကလေးတွေ သေစေဆိုတဲ့သဘော မဟုတ်ပါဘူး၊ သူ့အစာအဖြစ်နဲ့သာ သေစေဆိုတဲ့သဘော မဟုတ်ပါဘူး၊ သူ့အစာအဖြစ်နဲ့သာ ကိုက်စားတာပါ၊ သူ့မှာအပြစ်မရှိပါဘူး၊ အပြစ်ရှိတာက သူ့သခင်တွေပဲ၊ ကိုယ့်ကြောင့်မဟုတ်တဲ့အလုပ် လုပ်လာတယ်သိရင် ကုပ်ကိုင်ပြီးတော့ အဲဒီပထမဦးဆုံး ကိုက်လာတဲ့ ကြက်ကလေး ပြပြပြီးခပ်ဆတ်ဆတ်ကလေး ရိုက်လိုက်၊ တစ်ခါကနှစ်ခါ မရိုက်ရပါဘူး၊ ခွေးဖြစ်ဖြစ် ကြောင်ဖြစ်ဖြစ် မှတ်တတ်ပါတယ်ကွ၊ ခုတော့ဒီလိုမဟုတ်ဘူး၊ ကိုယ့်အိမ်ကကြောင် သူများကြက်ဘဲကိုက်တာပဲ ဝမ်းသာနေတယ်ဆိုတော့ သူတို့ကြောင် သူတို့ဖျက်ဆီးပစ်တာပဲ၊ ကြောင်များဟာ ကြက်ဘဲစားမိရင်ဘယ်တော့မှ ကြွက်မခုတ်တော့ဘူး၊ ကြွက်ထက်အရသာတွေ့တဲ့၊ ဖမ်းရလွယ်ကူတဲ့ ကြက်ကလေး၊ ဘဲကလေးတွေပဲ ရွာရိုးကိုးပေါက် လျှောက်စားနေပြီပဲ မှတ်ပေရော့၊ အဲသည်တော့ ဒီကြောင်ကပြည်သူ့အာဟာရ၊ ပြည်သူ့ပစ္စည်းဖျက်ဆီးတဲ့ ရပ်ရွာရဲ့ရန်သူဖြစ်နေပြီး လူတို့အကျိုး ပျက်စီးစေတဲ့အတွက် လူ့အားသတ်တဲ့အခါမှာ နှိပ်စက်ရာ မရောက်ပါစေနဲ့၊ ဝေဒနာမခံစားရပါစေနဲ့၊ သူ့ကိုယ်သူ နာလိုက်မှန်းတောင်မသိ၊ အမြန်ဆုံးသေအောင် ဟောဒီလို" ဟု ပြောပြောဆိုဆို ဦးတေနောင်သည် အခုန ပလတ်စတစ်အိတ်ကို ကြောင်ထောင်ချောက် အပေါက်ဝစွပ် ပျဉ်ပြားဖွင့်ပေးလိုက်၊ ကြောင်ကထွေးခနဲ အိတ်ထဲအရောက်၊ ကြောင်ကောင်လုံးပေါ်အောင် အိတ်ကိုစုကိုင်လိုက်ပြီး ကြောင်ခေါင်းပုသဏ္ဌာန်ကို ပလတ်စတစ်အိတ်ပါးမှာ မြင်ရသည်၌ နားရောင်တည့်တည့်ကို တုနဲ့ဆတ်ခနဲ တစ်ချက်တည်း ထုလိုက်သည်။ ကြောင်သည် တုတ်တုတ်မျှမလှုပ်တော့။ ခဏကြာ၍ အိတ်ထဲမှသွန်ထုတ်လိုက်သော အခါစန့်နေလေပြီ။

"မှတ်ထားကွ၊ ကြောင်တို့ ခွေးတို့သတ်တဲ့အခါ တခြားနေရာတွေ ရိုက်နှက်မနေနဲ့၊ ဟောဒီ နားရောင်တည့်တည့်သာ အဲဒီလို ခပ်ဆတ်ဆတ်ကလေး ထုလိုက်၊ တစ်ချက်တည်းနဲ့ ကိစ္စပြီးတာပဲ" ဆိုပြီး ကြောင်သေ ပျော့ခွေခွေကြီးကို ဦးတေနောင်သည် ဝွေးနီဆီသို့ ပစ်ပေးလိုက်တော့ ဝွေးနီက ကြောင်သေကို မီးမြိုက်လေ၏။

ထွေးလုံး ဦးတေနောင်၏ မျက်နှာကို အံ့ဩကြည်ညိုစွာနှင့်ကြည့်ကာ

"အဘ... အဘဟာ ဒိုပြင်လူကြီးတွေနဲ့မတူဘူး"

"ဘယ်လိုမတူတာလဲကွ"

"တခြားလူကြီးတွေဆိုရင်လေ အိမ်မှာ ကြက်တို့၊ ဘဲတို့ ချက်စားကြမယ်ဆိုရင် ဒါဟာ လူကြီးတွေနဲ့ မလျော်ဘူးဆိုတဲ့ သဘော၊ သားတွေကိုသတ်ခိုင်းကြတယ်၊ ဥပမာ ဝွေးနီတို့ အဖေကိုကြည့်၊ ဝွေးနီကို ဆော်ခိုင်းတာပဲ"

ငွေးနီ။ ။ "အေးကွ၊ သူကလူကြီး၊ ငရဲကြီးမယ့်ကိစ္စမလုပ်ချင်တော့ဘူးတဲ့လေ"

ဦးတေနောင်။ ။"ဩ... မင်းအဖေက ငါလူကြီး ငရဲမသွားတော့ဘူး၊ သားကလေးတော့ သွားပါစေတဲ့လား။ တယ်တော်တဲ့အဖေပဲ၊ ငါသာဆိုရင်ကွာ မလွဲမရှောင်သာတဲ့အလုပ်၊ ငရဲသွားရမယ်ဆိုရင် ငါ့သားသမီးတွေတော့ မသွားစေရဘူးဟေ့ ငါပဲသွားမယ်"

ထွေးလုံး။ ။ "အဘ အခု ဒီကြောင်ကြီးသတ်လိုက်တာ အပြစ်ရှိတယ် မထင်ဘူးလား"

ဦးတေနောင်။ ။ "မထင်ပေါင်ကွာ၊ အပြစ်ရှိတယ်ထင်ရင် ငါ အလုပ်မလုပ်ပါဘူး"

"ဟင်..... သူများအသက်သတ်တာ အပြစ်မရှိဘူး"

"သတ်သင့်လို့သတ်တာကို မရှိဘူးလို့ ငါ ယူဆတယ်ကွ၊ ကဲကြည့် ဒီကြောင်ဟာ ကြက်ကလေးဘဲကလေးတွေ အသက်ပေါင်းများစွာကိုသတ်ခဲ့ပြီ၊ သူရှိနေရင် နောက်လည်းဆက်သတ်ဦးမယ်၊ ဒါကိုငါက တားမြစ်ပိတ်ပင်ရာ ရောက်တဲ့အတွက် ကုသိုလ်တောင် ရတယ်လို့ငါထင်တယ်ကွ၊ နောက်ပြီး ရပ်ရွာပြည်သူလူထု အကျိုးစီးပွားကို ကာကွယ်ပေးရာရောက်တယ်လို့လဲ ငါယုံကြည်တယ်ကွ၊ ငါဟာ ဘီအိုင်အေကတည်းက စစ်ထဲဝင်ပြီး တော်လှန်ရေးမှာရော စစ်တိုက်လာတဲ့အကောင်ပါကွာ၊ ဒီကြောင် သတ်တာများထည့်ပြောမနေနဲ့၊ အများအကျိုးအတွက်ပါကွ၊ ဟေ့ ဒီမှာမို့လို့ ငါပြောခဲ့ပြီကောကွာ၊ ကချင်ပြည်နယ် ကျေးရွာတွေမှာဆိုရင် ဒီလိုအန္တရယ်ကောင် ရှင်းပေးတဲ့လူကို ကြက် သားခွဲကလေးတစ်အိမ်တစ်ကောင်စီ၊ ကြက်ငယ်ငယ်မရှိတဲ့လူက ကြက်ဥ ဘဲဥတွေ ပေးတာကွ၊ အခုတော့ဒီကြောင်သားပဲ ကောင်းကောင်းကြီး ကြိတ်ရတော့မယ်" ဆိုပြီး ဦးတေနောင်သည် ထိုင်ရာမှထ၍ ထရံတွင် ထိုးထားသော ဓားဦးချွန်မြမြကို ယူကာ ငွေးနီမီးမြို့က်နေသဖြင့် မည်းမည်းကြီးဖြစ်နေသော ကြောင်သေကိုယူလျက် ဓားသွားနှင့် တချင်ချင်မည်အောင် ခြစ်လေသော် ကြောင်အရေပြားသည် ဝက်ကလေးကင်အရောင်လို ဖြစ်လာလေ၏။ ကြောင်ကိုယ်ထည်မှာလည်း တောင့်တင်းမာကျောလို့နေ၏။ ဟင်းကိုင်ဖို့သာရှိတော့၏။

ထိုအချိန်၌ နေရောင်ဖြာပြီဖြစ်၍ ဦးတေနောင်၏ ကလေးမြေးငယ်များ အိပ်ရာမှထလာကြသော် သူတို့အဘိုးလက်ထဲက ပစ္စည်းကိုမြင်လတ်သော် ဝမ်းသာအားရ 'ကြားသောင်.... ကြားသောင်'ဟု အော်ကြရာ ဦးတေနောင်က "အေး ဟုတ်တယ် သုံးပိဿလောက်ရှိမယ်၊ ငရုတ်၊ ကြက်သွန် နီဖြူ၊ ချင်း စပါးလင် ဘယ်လောက်စီ တောင်းရမယ်ဆိုတာသိတယ် မဟုတ်လား"

မြေးများက သံပြိုင်...

"သိတယ်... သိတယ်၊ စားနေကျ ကြောင်ဖားတွေ၊ ကြောင်သားကြီးစားမယ်"

ထို့နောက် ဦးတေနောင်က ငွေးနီနှင့် ထွေးလုံးအား... "ကဲ... မင်းတို့က ဦးသော်တာအပင်က အုန်းသီးရအောင် လုပ်ချေကြလကွာ၊ ငါက ဟင်းကိုင်ထားလိုက်မယ်၊ ဒီကောင်ကြီး သုံးနာရီလောက် နှပ်ရမယ်ကွ"

ထိုမှ တစ်နာရီမျှအကြာ ဦးသော်တာနှင့် ငွေးနီက အုန်းသီးခြောက် တစ်ယောက်တစ်လုံးစီကိုင်၍ လည်းကောင်း၊ ထွေးလုံးက ငါးခူနှစ်ကောင်၊ ငါးသင်းအုံ သုံးကောင်ပါသော ငါးတီသံနှင့် ကန်စွန်းရွက်စည်းကြီးကိုပိုက်၍ လည်းကောင်း သုံးယောက်သား ရောက်လာကြ၏။

ထွေးလုံးသည် ငွေးနီ အုန်းပင်တက်နေစဉ်မှာ ညိုမနှင့် ကြန်စုံတို့သားအမိကို ကွင်းထဲသွားလှန်ရင်း အင်းထဲမှ ကန်စွန်းရွက်နှင့် သူ့ငါးလူးတွင်းမှ ငါးများရလာခြင်း ဖြစ်သည်။

ယင်းတို့ကိုကြည့်၍ ဦးတေနောင်က...

"ဟာ .. သိပ်ကောင်းတာပေါ့ကွာ၊ ကန်စွန်းရွက် ငါးချဉ်ရည်ဟင်းနဲ့ ကြောင်သားအုန်းနို့နှပ်နဲ့"

ထိုအချိန်တွင် ကြောင်သားဟင်းအိုးလည်း မီးဖိုပေါ်မှာ ကျွတ်ကျွတ်ဆူနေလေပြီ။

"ကဲ.... ဒီတစ်ရေခန်းပြီး နောက်တစ်ရေမှာ အုန်းနို့ထည့်လိုက်ရအောင်၊ အုန်းသီးခြစ်ဖို့ လုပ်ကြလေကွာ"ဟု ဦးတေနောင်ကပြောသည်။ ငွေးနီနှင့် ထွေးလုံးသည် အုန်းသီးခြောက် အခွံနွှာ၊ အုန်းမှုတ်ခွဲအရည်တွေသောက်ပြီး အုန်းသီးခြစ်ကြလေ၏။

ဤစဉ်ဦးတေနောင်၏ မြေးငယ်များက အင်္ဂလိပ်စာဖတ်နေကြလေရာ ဦးသော်တာက....

"ဒီခေတ်ကလေးတွေ ဟန်ကျတယ်ဗျာ၊ ကိုယ့်ရွာက မူလတန်းကျောင်းမှာပဲ အင်္ဂလိပ်စာ သင်ကြရတယ်၊ ကျုပ်တို့ခေတ်တုန်းကဆိုရင် ကျေးရွာနဲ့ အင်္ဂလိပ်စာဟာ ဘုန်းကြီးနဲ့ဘီးဗျ"

ဦးတေနောင်က "ဟုတ်လား ပြောပြပါဦးဗျ၊ ခင်ဗျားတို့ခေတ်က ပညာရေး"

ဦးသော်တာ။ ။ "ကျုပ်တို့ မွေးခဲ့ရတာက အင်္ဂလိပ်ကျွန်ခေတ်လားဗျာ၊ နယ်ချဲ့အစိုးရဟာ သူ့ကျေးကျွန်များကို လူတန်းစားခွဲပြီး အုပ်ချုပ်ရမှာ ဖြစ်လေတော့ ကျောင်းတွေ ပညာရေးကစပြီး ခွဲခြားလိုက်တာပဲဗျ၊ အဲဒီခေတ်က ကျောင်းသုံးမျိုးရှိတယ်ဗျ၊ 'ဗာနေကလာစကူးလ်'တဲ့၊ 'အင်္ဂလိုဗာနေကလာစကူးလ်'တဲ့၊ 'မစ်ရှင်စကူးလ်'တဲ့၊ ဗာနေကလာစကူးလ်ဆိုတာက ဗမာစာသက်သက်ပဲ သင်တယ်၊ မြူနီစပယ်ကျောင်းလို့ခေါ်တယ်၊ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းလို့ သုံးမျိုးသုံးစားခွဲပြီး ကျေးရွာတွေမှာရော၊ မြို့တွေမှာရော အများဆုံးရှိတယ်၊ အင်္ဂလိုဗာနေကလာစကူးလ်ဆိုတာက အထက်တန်းကျောင်း၊ ငါးတန်းကစပြီး အင်္ဂလိပ်စာ စသင်တယ်၊ မြို့ပေါ်မှာပဲရှိတယ်၊ အစိုးရဟိုက်စကူးလ်လို့ ခေါ်တယ်၊ 'မစ်ရှင်စကူးလ်' ဆိုတာက ခရစ်ယာန် သာသနာပြု ကျောင်းတွေ၊ သူတို့က အင်္ဂလိပ်စာ အဓိကထားသင်တယ်၊ မြို့တိုင်းမှာ မရှိဘူး၊ ရန်ကုန်မန္တလေးမြို့ကြီးများနဲ့ မေမြို့၊ ကလော၊ တောင်ကြီးလို့ မျက်နှာဖြူတို့ စံမြန်းရာ တောင်စခန်းမြို့များမှာပဲ ရှိတယ်။

"အဲဒီကျောင်းသုံးမျိုးမှာ အစိုးရဟိုက်စကူးလ်က ကျောင်းလခပေးရတယ်၊ မစ်ရှင်စကူးလ်က ပိုပြီးပေးရတယ်၊ တော်ရုံတန်ရုံသူ မနေနိုင်ဘူး၊ အထက်တန်းစားတွေ ကျောင်းဆိုပါတော့၊ မြန်မာစာသက်သက်သင်ရတဲ့ မြူနီစပယ်ကျောင်းကတော့ ကျောင်းလခမရှိဘူး၊ ဆင်းရဲသားကျောင်း၊ ဒါပေမယ့် အဲဒီခေတ်က ဆင်းရဲသားတွေဟာ အဲဒီအလကားသင်ရတဲ့ ကျောင်းတောင်မှ ဖြစ်မြောက်အောင် မနေနိုင်ကြပါဘူးဗျာ၊ စာလေးမတောက်တခေါက် ဖတ်တတ်ရုံ၊ နှစ်တန်းရောက်ထွက်၊ သုံးတန်းရောက်ထွက်နဲ့၊ ဟော့ ငွေးနီနဲ့ ထွေးလုံးတို့ ခုခေတ်မှ မူလတန်းကျောင်းဖြစ်နေတဲ့ အခုတို့ရွာက ဘုန်းတော်ကြီးကျောင်းဟာ အဲဒီတုန်းက ခုနစ်တန်း၊ အလယ်တန်းကျောင်းခေါ်တယ်ကွ"

"ဟုတ်လား... ဘကြီး"

"အေး.... ဟုတ်တယ်၊ အဲဒီတုန်းက ငါတို့ ကျောင်းနေရပုံပြောရဦးမယ်၊ သူငယ်တန်းတုန်းက ဆယ့်လေးငါးယောက်ရှိခဲ့တယ်ကွ၊ ဒုတိယတန်း၊ တတိယတန်းရောက်တော့ ခုနှစ်ယောက် ရှစ်ယောက်ရှိတော့သကွ"

"ဘာလို့လဲ ဘကြီး"

“သူတို့မိဘတွေ ဆင်းရဲတော့ ကျောင်းဆက်မထားနိုင်ဘူး၊ အိမ်မှာ ကျီးမောင်း၊ ကြက်နှင်၊ ကလေးထိန်းပေါ့ကွာ၊ တောက်တိုမည်ရရိုင်းဖို့ ကျောင်းနုတ်ကြရတယ်၊ အဲ... စတုတ္ထတန်းဆိုတာကတော့ တို့ရွာသားအများစုရဲ့ နောက်ဆုံးအတန်းဆိုပါတော့ကွာ၊ အဲဒီခေတ်တုန်းက စတုတ္ထတန်း၊ သတ္တမတန်း၊ နဝမတန်း၊ ဒသမတန်းတို့က အစိုးရစာမေးပွဲကိုးကွ၊ အဲဒီမှာရှုံးကြပါပြီဗျာ၊ ဒီလေးတန်းမှာ တို့ရွာက ငါနဲ့ထွန်းရွှေဆိုတဲ့ ငါ့သူငယ်ချင်း နှစ်ယောက်ပဲအောင်တယ်”

ထွေးလုံး။ ။ “ဘကြီးတို့နှစ်ယောက်က ဉာဏ်ကောင်းလို့ ပေါ့နော်”

“ဉာဏ်ကောင်းလို့ မဟုတ်ပါဘူးကွာ၊ ကျောင်းမှန်မှန်တက်နိုင်လို့၊ တို့မိဘတွေက ချောင်ချောင်လည်လည်လေးရှိကြလို့၊ ကျန်နေတဲ့ ကလေးတွေမိဘ များက ဆင်းရဲကြတော့ကောက်စိုက်ချိန်၊ ကောက်ရိတ်ချိန်တွေမှာ အိမ်မှာ ကူဖော်လောင်ဖက် သုံးကြတော့ ကျောင်းပျက်ကြရတယ်၊ ဒါနဲ့ ငါနဲ့ထွန်းရွှေ နှစ်ယောက်ပဲ ခုနှစ်တန်းတန်းအထိ သင်နိုင်ကြတယ်”

ငွေးနီ။ ။ “ဟင်... ခုနှစ်တန်း တစ်တန်းလုံးမှ ဘကြီးတို့ နှစ်ယောက်တည်းရယ်”

ဦးသော်တာ။ ။ “ဒီလိုလဲ မဟုတ်သေးဘူးကွ၊ မူလတန်းကျောင်းရှိတဲ့ သဖန်းကုန်းနဲ့ ကန်ဦးရွာက ငါးတန်းကတည်းက လာနေကြတဲ့ ကျောင်းသားလေး ယောက်ရှိသေးတော့တို့ခုနှစ်တန်းမှာ ကျောင်းသားခြောက်ယောက်ကွ”

ထွေးလုံး။ ။ “ခုနှစ်တန်းကြီးတစ်တန်းလုံးမှ ကျောင်းသားက ခြောက်ယောက်တည်း”

ဦးသော်တာ။ ။ “အေးကွ၊ အဲဒီခေတ်က ဒီလိုပဲ”

ငွေးနီ။ ။ “အခု ကျွန်တော် ခုနှစ်တန်းဖြင့် လူ ၁၀၀ ကျော်လို့အဘီခွဲထားရတယ်”

ဦးသော်တာ။ ။ “အေး.... အင်္ဂလိပ် ကျွန်ခေတ်နဲ့ လွတ်လပ်တဲ့ မြန်မာပြည်မှာ လူတွေ စီးပွားရေးအခြေဘယ်လို နေသလဲဆိုတာ ပြတာပေါ့ကွာ၊ ဒါနဲ့ အဲဒီခေတ်က ငါတို့ပညာရေးဆက်ပြောရဦးမယ်၊ ကျောင်းက အဲဒီသတ္တမတန်း ခြောက်ယောက်ဖြေတာ ငါနဲ့ထွန်းရွှေ နှစ်ယောက်ပဲ အောင်တယ်ကွ”

ထွေးလုံး။ ။ “ဟင်..... တခြားရွာက လာနေတဲ့သူတွေ တစ်ယောက်မှမအောင်ဘူး”

ဦးသော်တာ။ ။ “ဘယ်အောင်မလဲကွ၊ ဒီကောင်တွေက စာလဲသိပ်သင်ချင်ကြတာ မဟုတ်ဘူး၊ မိဘက ထားလို့သာနေကြရတာ၊ သူတို့က ကျောင်းမှန်မှန်တက်ကြတာမဟုတ်ဘူး၊ လမ်းမှာ အိုင်တွေ့ငါးပက်နေကြတယ်၊ ယုန်တွေ့ ယုန်လျှောက်လိုက်နေကြတာကိုးကွ၊ အဲဒီခေတ်က ပညာကိုတန်ဖိုးထားကြ ရမှန်းလဲ မသိဘူး၊ မိဘတွေကလဲ မထားနိုင်ကြဘူးလေ၊ ကြည့်စမ်း ငါတို့ရွာက ငါနဲ့ထွန်းရွှေ နှစ်ယောက် ခုနှစ်တန်းအောင်တော့ ရှစ်တန်းက မြို့ကျောင်းသွားကြရ မယ်ဆိုတော့ ထွန်းရွှေမိဘက ဆက်မထားနိုင်တော့ဘူး၊ ငါတစ်ယောက်တည်း ငါ့မိဘများက ချောင်ချောင်လည်လည်လေးရှိလို့ မြို့ကျောင်းဆက်နိုင်ခဲ့တယ်၊ အဲဒီနေရာမှာ ငါလူပျိုကြီးဖားဖား ဖြစ်တောင်မှ အင်္ဂလိပ်စာ မသင်ခဲ့ရသေးပုံကို ပြောပြချင်တယ်၊ မြို့မှာ အင်္ဂလိပ်စာနဲ့တွဲသင်တဲ့ ဂါးဗားမင့်ဟိုက်စကူးလ်ရယ်၊ မြန်မာစာ သက်သက်သင်တဲ့ မြူနီစပယ်အထက်တန်းကျောင်းရှိတာမှာ ငါဟာ အင်္ဂလိပ်ကျောင်းပြောင်းမယ်ဆိုရင်ငါးတန်းပြန်ဆင်းရမယ်၊ မြူနီစပယ်ကျောင်းသွားမှ

ရှစ်တန်းဆက်ရမယ်ဆိုတော့ သုံးတန်း သုံးနှစ်ကြီး အနာမခံနိုင်ဘူးဟေ့၊ မြန်မာကျောင်းပဲဆက်နေခဲ့တော့ ငါအင်္ဂလိပ်စာနဲ့ ဝေးခဲ့တော့တာပေါ့ကွာ”

“ဘကြီး အခုတော့ အင်္ဂလိပ်လို တတ်သားပဲ”

“အဲဒါတက်ခဲ့ရပုံလေး ပြောပြရဦးမယ်၊ ၁၉၃၈ ခုနှစ်မှာ မြန်မာလို ၁၀ တန်းအောင်တော့ ကြည့်မြင်တိုင်ဆရာ ဖြစ်သင်ကျောင်း သွားရတယ်ကွ၊ ဆရာဖြစ်က သီအိုရီရော ပရက်တီကယ်လ်ရော သင်ရတယ်၊ ပရက်တီကယ်လ်ကကျောင်းတွေကို ကိုယ်တိုင်သွားပြီးတော့ အတန်းတစ်တန်းမှာ သင်ခန်းစာတစ်ခုခု သင်ပေးရတယ်ကွ၊ တစ်နေ့ လမ်းမတော်အထက်တန်းကျောင်းမှာ ကိုးတန်း ဆယ်တန်းကို သင်္ချာသင်ရအောင် သွားတာ ငါတော်တော် ရှူးကျကျဝတ်သွားတယ်၊ အဲဒီ အချိန်မှာ ငါ့အသက်က ၁၉နှစ် ကိုးတန်း ဆယ်တန်းကျောင်းသူကလေးတွေကလဲ အပျိုတွေဆိုတော့”

ဝွေးနီ။ ။ “ဟဲ…ဟဲ.. ဘကြီးက ရှိတ်မယ်ပေါ့”

ဦးသော်တာ။ ။ “အဲဒီခေတ်က အခုမင်းတို့သုံးနေကြတဲ့ ‘ရှိတ်’ဆိုတာ မပြောနဲ့ စစ်ပြီးစခေတ်မှာ သုံးလာတဲ့ ’ဂေါ’ဆိုတာတောင် မပေါ်သေးဘူး၊ ‘ပိုးတယ်’ ဆိုတာပဲ ရှိသေးတယ်၊ နောက်ပြီး ပြောရဦးမယ်၊ အဲဒီတုန်းက ကျောင်းဆရာတွေဟာ ခေါင်းပေါင်းနဲ့ ကျောင်းတက်ရတယ်ကွ၊ တို့ဆရာလောင်းတွေလဲ ခေါင်းပေါင်းပေါင်း ရတယ်ကွ၊ ဆရာမလောင်းတွေက ဘီးဆံထုံးထုံးပြီး ပဝါချရတယ်၊ အဲဒီနေ့က ငါ့စတိုင် ကောင်းကောင်းမှတ်မိသေးတယ်”

“ရှူးဖိနပ်က လိမ္မော်ရောင်ကွ၊ ပုဆိုးက ဇန်ကောက်လုံချည် ရွှေဖလားရောင်၊ ပိုး၊ အပေါ်အင်္ကျီက အဝါနု၊ ခေါင်းပေါင်းက ပန်းနုရောင်”

“ဟာ.... ဘကြီးတစ်ကိုယ်လုံး ဝါဝါဝင်းရွှေပါလား”

“နောက်ပြီး ဆေးတံကလဲ ခဲလိုက်သေးကွာ”

“ဟာ.... အပြတ်သားနားနေတာပေါ့”

“အဲဒီတုန်းက စမတ်ကို ဂွမ်နေတယ်လို့ ခေါ်တယ်ကွ၊ အဲဒီစတိုင်နဲ့ ငါကျောင်းထဲဝင်သွားတယ်ဆိုပဲ ‘ဟေ့ တို့ ကျောင်းဒီနေ့ ဆရာလှလှလေးလာတယ်’ လို့ပြောသံတွေ ကြားရသကွ”

“ဘကြီးကလဲ အဲဒီတုန်းက တော်တော်ချောပါလိမ့်မယ် အခုတောင်မှုပဲ ဒီရွာမှာ အသက်ဖိုဝကျော် အဘိုးကြီးချင်း အချောပြိုင်ရင် ဘကြီးက အပိန်ဆုံးနေမှာ”

“ဟာ.... ဝွေးနီကလဲ လူကြီးအားတိတ်အောင် မလုပ်စမ်းပါနဲ့ကွာ၊ ငယ်မူလေးများ ပြန်စမ်းပါရစေ၊ အဲဒီနေ့က မင်းတို့ပြောသလို ကောင်မလေးတွေရှိတ် ရင်း စာပြပြီး အောင်မြင်စွာပြန်အလာ လမ်းမှာ မျက်နှာချင်းဆိုင်ကလာတဲ့ မျက်နှာဖြူ တစ်ယောက်ဟာ ငါ့ရှေ့ရောက်တော့ တုံ့ခနဲ့ ရပ်လိုက်ပြီး အင်္ဂလိပ်လို တစ်ခုခု မေးတယ်ကွ၊ ငါက ဘာမှ နားမလည်ဘူး၊ ဒါကြောင့် ငါက ခေါင်းပေါင်းတကားကားနဲ့ ဦးခေါင်းကိုယမ်းရင်း ပါးစပ်က ဆေးတံချွတ်ပြီး ‘အိုင်နိုး... အိုင်နိုး’လို့ ပြောလိုက်တယ်”

ဝွေးနီက....

“ဟင်... ဘကြီးက အိုင်နိုး အိုင်နိုး ဆိုပြီးခေါင်းယမ်းပြတယ်”

“အေးပေါ့ကွာ၊ အဲဒီတုန်းက ငါက အင်္ဂလိပ်စာမှာ ဩ နဲ့ ဉသတ နိုးနှစ်မျိုး ရှိတာမှ မသိသေးဘဲကိုးကွ၊ ငါက ဩ နိုးပဲသိပြီး ငါ‘အိုင်နိုး အိုင်နိုး’ ဆိုလိုတာက ခင်ဗျားပြောတာ ကျွန်တော်နားမလည်ဘူး၊ မသိပါဘူး ပြောတာ၊ အဲဒီမှာ ကိုရွှေမျက်နှာဖြူ ငါ့မျက်နှာကြည့်ပုံက မရေမရာ မချေမင်၊ မဲ့သလိုလိုနဲ့ ပြုံးသယောင်ယောင်ကွ၊ ဒီတော့ငါ့စိတ်ထဲ ငါဘာပြောမိလို့လဲ၊ ငါဘာများ အမှားပြုမိလို့လဲ၊ တအံ့ရွှေးရွှေးနဲ့ တစ်နေ့တော့ အင်္ဂလိပ်စာတတ်တဲ့ ငါ့မိတ်ဆွေတစ်ယောက် အကျိုးအကြောင်းပြောပြတော့

သူက ခွက်ထိုးခွက်လန် ရယ်မောပြီး ကိုရင့်ဟာ အိုင်နီး အိုင်နီး၊ ညသတ၊ ဩတ ဆိုတာက ကျွန်တော်သိတယ် ကျွန်တော်သိတယ်၊ ပြောရင်း ခေါင်းခါပြနေတော့ မောင်ရင့်ကို စိတ်မနှံ့သူ ထင်သွားမှာပေါ့ ကိုယ့်လူရဲ့လို့ပြောပြီး စုပ်တသတ်သတ်နဲ့ မောင်ရင့်ရုပ်နဲ့ စတိုင်က မြို့အုပ်လား၊ ရှေ့နေလား ထင်နေရတာ၊ ဒီတော့ ကိုယ့်ပုံပန်းနဲ့ ကိုက်ညီအောင် အင်္ဂလိပ်စာတော့ သင်ဦးသူငယ်ချင်းရယ်”တဲ့။

“အဲဒီခေတ်မှာ ‘အေဘီစီဒီ မတတ်ဘဲနဲ့ အရပ်ထဲကိုလယ်’ ဆိုတဲ့ သီချင်းလဲ ပေါ်နေတော့ ငါသိပ်ရှက်သွားတာပဲကွာ၊ ဒါကြောင့် ငါဆရာဖြစ် အောင်သော်လဲ အင်္ဂလိပ်စာမတတ်ဘဲနဲ့တော့ အရပ်မပြန်တော့ပါဘူးလို့ ဆုံးဖြတ်ပြီး အိမ်ကို စာရေးလိုက်တယ်၊ မိဘများကလဲ တော်ပါပေတယ်၊ ကျောင်းနေခွင့်ပေးလို့ ရန်ကုန် အင်္ဂလိပ်စာအလွတ်ပညာသင်ကျောင်းတစ်ခုမှ နေခဲ့ရတယ်၊ ဒါပေမယ့် ဘကြီးပညာပါရမီက သိပ်ပြီး မရင့်သန်ခဲ့ဘူးကွာ၊ ၁၉၃၉–၄၀–၄၁– ခုနှစ် ဒီဇင်ဘာ ၂၃ရက်နေ့ မြန်မာပြည် ပထမဦးဆုံးအကြိမ် ဂျပန် ဗုံးလာချတော့ ရန်ကုန်မြို့ကြီး ပျက်ကရော၊ ဘကြီးဟာ အင်္ဂလိပ်စာ နှစ်နှစ်ခဲပဲ သင်လိုက်ရတယ်၊ တက္ကသိုလ်မရောက်ခဲ့ဘူး၊ ဒါကြောင့် မြန်မာကျောင်းဆရာအဖြစ်နဲ့ပဲ ပင်စင်ယူခဲ့ရတယ်။

“ကဲ.... အခုခေတ် ပညာရေးနဲ့ ဘယ်လောက် ကွာသလဲ၊ မင်းတို့ဆိုရင် အခုကိုယ့်ရွာက မူလတန်း ကျောင်းမှာပဲ အင်္ဂလိပ်စာစသင်ရတယ်၊ ကိုယ့်မြို့မှာ ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်မသွားနိုင်တဲ့ လူတွေအဖို့ ဒေသကောလိပ်တွေရှိတယ်၊ စာပေးစာယူ သင်တန်းတွေ ရှိတယ်၊ အဲ.... တက္ကသိုလ် ပညာကို ကိုယ့်အရပ်မှာပဲနေရင်း ရနိုင်တာဘယ်လောက်ကောင်းသလဲကွာ၊ မင်းတို့ ပညာသာ ကြိုးစားပေတော့၊ တောသား မြို့သားရယ်လို့ အင်္ဂလိပ်စာတတ်တဲ့လူ မတတ်တဲ့လူရယ်လို့ခွဲခြားမရှိတော့ဘူး၊ အားလုံး ပညာရေးတစ်ပြေးတည်း ဖြစ်နေပြီ၊ သိပ်ကောင်းတဲ့ စီမံကိန်း”

ကျောင်းဆရာကြီး ဦးသော်တာ မြန်မာပြည် ပညာရေးအကြောင်း လေပန်းနေစဉ် ငွေးနီက အုန်းနို့ညစ်နေခြင်းဖြင့်လည်းကောင်း၊ ထွေးလုံးကြောင်သား အိုးထင်းမပြတ်ထိုးနေခြင်းဖြင့် လည်းကောင်း။ အုန်းနို့လည်း ညှစ်ပြီးပြီ။ ဟင်းအိုးပထမရေလည်းခမ်းနေပြီ။ သည်တော့ဦးတေနောင်ထိုင်ရာမှထ ဟင်းကိုအပေါ့အငန် မြည်းပြီး အုန်းနို့ရည်တွေ ထည့်လိုက်လေ၏။

ငွေးနီ ထိုင်ရာမှထ၍ အညောင်းဆန့်သောအခါ ဦးသော်တာက

“ဟေ့... မောင်ငွေးနီ ထန်းရည်ကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲကွ”

“တော်ဒီ”

“ဒါဖြင့် ဝမ်လ်ယူဘရင်းဆမ်းတော်ဒီဖော်မီ”

“ရက်ဆား ဖရောင်(မ်)ဝှ်ယား”

“မှောင်ခိုကြီးဆီသွားကွ၊ ငါမနေ့ကတည်းက မှာထားတယ်၊ ထန်းဖိုရည် သန့်သန့်တစ်ပင်တည်းက ချတာချည်းငါးလုံးပေးလိုက်ပါလို့ ရှော့ပိုက်ဆံ”

၁၅မိနစ်ခန့်အကြာ ငွေးနီပြန်လာသောအခါ သူ့ကျောမှာ ပိုးလာသည့် နှစ်တောင်လောက် ရှည်သော ဝါးကျည်တောက်ကြီး ထိပ်ဝမှာ အမြုပ်တွေ ဝေနေသဖြင့် ဦးသော်တာက “ဟဲ့... ဒါ ငါးပုလင်းကမယ် မဟုတ်ဘူး”

ငွေးနီ။ ။ “ခုနှစ်ပုလင်းဝင် ကျည်တောက်တဲ့၊ ဟောဒီမှာ ဘကြီးပိုက်ဆံ ငါးကျပ်လဲ ပြန်ပေးလိုက်တယ်၊ ကိုမောင်ခိုကြီးက ကျွန်တော်တို့ ဟင်းရတယ်ကြားလို့ သူလဲလာစားမယ်၊ ဒီထန်းရည်ကို သူကဆပ္ပလိုင်းလုပ်ပါရစေတဲ့”

ဦးတေနောင် သဘောကျသွားလျက်

"အေး.... ကောင်းတာပေါ့ကွ၊ ဒီ သုံးပိသာလောက်ရှိတဲ့ အကောင်ကြီးတို့ချည်း ဘယ်ကုန်နိုင်မှာလဲ၊ သူ ဘယ်အချိန်လာမတဲ့လဲ"

ငွေးနီ။ ။ "၁၀ နာရီလောက်မှ သူ့ထန်းပင်တွေကိုင်ပြီးမယ်တဲ့"

ဦးတေနောင်။ ။ "အေး... ဟင်းကျက်မှာနဲ့ အလောတော်ပေါ့ကွာ၊ ကဲ... ဟင်းအားလုံးမကျက်မီ ရှေ့တော်ပြေးကလေး မြည်းလိုက်ရအောင်၊ ထွေးလုံးရေ နောက်ထည့်တဲ့ အုန်းနို့ရည်ဆူပြီလား"

"ဆူတော့မယ် အဘ"

"တစ်ချက်မွှေလိုက်စမ်းကွာ၊ ဆူရင်ပြော၊ ဟော့ဟို ပန်းကန်ထဲမယ် ဆားနယ်ထားတဲ့ ကြောင်အူနဲ့ အသည်းရှိတယ်"

ဦးသော်တာ။ ။ "ဒါတွေ ခင်ဗျားက တစ်ခါတည်းထည့်မချက်ဘူးလား"

ဦးတေနောင်။ ။ "မချက်ရဘူးဗျ၊ အူတို့အသည်းတို့ရဲ့ သဘောမှာ တစ်ခဏနဲ့ ကျက်ပြီးစားကောင်းတဲ့ အချိန်ကလေးရှိတယ်၊ ကြာကြာချက်ရင်အကျက် လွန်ပြီး မာသွားရော၊ စားမကောင်းတော့ဘူး"

ထွေးလုံး။ ။ "အဘရေ ဟင်းအိုးဆူပြီ"

ဦးတေနောင်။ ။ "ဆူရင် အဲဟိုပန်းကန်ထဲက ကြောင်အူနဲ့အသည်းထည့်လိုက်ကွာ၊ ထည့်ပြီး တစ် နှစ် သုံးမှန်မှန်ရေ၊ ၂၅၀ ရောက်တော့ဆယ်လိုက်၊ အဲဒါ နှစ်မိနစ်ကြက်ဥဟပ်ဘွိုင်ပြုပ်တဲ့ အချိန်ပဲ"

ဦးသော်တာ။ ။ "ဟင် ..... ဦးတေနောင်က တယ်ပြီး တိကျလိုက်ပါလား"

ဦးတေနောင်။ ။ "ကျုပ်က တပ်မတော်ထွက်ကိုးဗျ"

ထွေးလုံးသည် နှုတ်မှပွစိ ပွစိနှင့် ရေတွက်နေပြီး ၂၅၀ ပြည့်သောအခါ ကြောင်အူနှင့် အသည်းကို ပြန်ဆယ်၍ ပန်းကန်ထဲထည့်လိုက်၏။ ဦးတေနောင်က

"အေး...... ဒီကိုယူခဲ့ကွာ"

သူ့ရှေ့ရောက်သော် သုံးလေးပိုင်းဖြတ်၍ ထက်ခြမ်းခွဲထားသော ကြောင်အူ အခွေများကို ခါးလယ်က ခက်ရင်းနှင့် ထိုး၍ ကတ်ကြေးနှင့် လက်နှစ်သစ်စီခန့်ဖြတ်ရင်း

"ကဲ.... ဦးသော်တာ မြည်းကြည့်စမ်း"

ဦးသော်တာ တစ်ခုယူဝါးရင်း

"ဟာ.... ထုတ်ထုတ် ထုတ်ထုတ်နဲ့ တယ်စားကောင်းတာပဲဗျ"

ဦးတေနောင်။ ။ "အဲဒါ ဒီအနေနဲ့မို့၊ ဒီထက်ကျက်သွားရင် မာပျဉ်းသွားရောဗျ၊ အမဲအူ၊ ကြက်အူ၊ ဝက်အူ၊ ဘဲအူရော ဒီလိုပဲ၊ သူ့အနေတော် စားကောင်းတဲ့ ဝါးရတဲ့အချိန်ရှိတယ်"

ဦးသော်တာ။ ။ "ဟုတ်တယ်ဗျို့၊ ကျွန်တော်တို့ ကျောင်းသားတုန်းက ရန်ကုန်မှာ အမဲအူ ခေါက်ဆွဲကြော် တွေရှိတယ်ဗျ၊ ဟတ်က တရုတ်တွေကြော်တာ အမဲပုဆိုးကြမ်းတွေ၊ အူတွေထပ်တစ်ရာတွေ ရေဆေးပြီး အစိမ်းလိုက် တွဲလွဲဆွဲထားတယ်၊ စားမယ့်လူက မှာမှ ဓားနဲ့ ပါးပါးလှီးပြီးခေါက်ဆွဲကြော်နဲ့ ကြော်တာ၊ ဒီပြင်ဝက်သား၊ ဘဲသားတို့နဲ့ကြော်သလောက်ပဲကြာတယ်၊ စားလို့သိပ်ကောင်းတာပဲဗျာ၊ အဲ.... အိမ်တော့ ထုပ်ယူမသွားပါနဲ့၊ အေးလဲ အေးသွားရောမာပြီး ဝါးလို့မရတော့ဘူး၊ ဆိုင်မှာသာ ပူပူနွေးနွေး စားလို့ရတာ"

ဦးတေနောင်။ ။ "ဟုတ်တယ် အူတို့ သဘောဟာ ဒီလိုပဲ၊ အသည်းလဲ ဒီလိုပဲ၊ အဲ.... ကြောင်သည်းလေး မြည်းကြည့်ပါဦး"

ဆိုပြီး ကတ်ကြေးနှင့် တစ်ဖဲ့ညှပ်ပေးလိုက်သည်။

ဦးသော်တာ ယူစားပြီး

"ဟာ.... တယ်ဆိမ့်တာပဲဗျာ"

နောင်။ ။ "ဒီထက်ကြာရင် မာသွားမယ်ဗျ"

တာ။ ။ "ဟုတ်ပ၊ ကျုပ်တစ်ခါ ကံညွန့်တို့ချက်တာသွားစားတယ်၊ မာတဲ့အပြင် ခါးသက်သက်တောင်နေတယ်၊ အူကလဲ မာပျဉ်းပျဉ်းကြီး နေတယ်၊ ခုဟာတော့ အလောတော် စားကောင်းရုံလေးပဲ ကျုပ်တော့ ထန်းရည်နဲ့ချတော့မယ်"

နောင်။ ။ "ချလဗျာ ကျုပ်လဲသောက်ချင်ပြီ" ဆိုပြီးဝါးဆစ်ခွက် နှစ်လုံးသွားယူပေးသည်။ ဦးသော်တာက ကျည်တောက် အဖျားပိုင်းကို ပေါင်ပေါ်တင်ရင်း....

"ဟို သူငယ်နှစ်ယောက်တော့ မသောက်ဘူးနော်"

ငွေးနီနှင့် ထွေးလုံး။ ။ "ဟုတ်ကဲ့ ကျွန်တော်တို့မသောက်တတ်သေးပါဘူး"

"အေး.... ကျောင်းသား မသောက်တာ ကောင်းပါတယ်ကွာ၊ ကြီးလဲ မသောက်ပါနဲ့ကွာ"

ဦးတေနောင်။ ။ "ဒါတော့ ပြောရမလားဗျ၊ ထန်းရည်အရက်ဆိုတာ သူသောက်ချင်တဲ့သူ သောက်တာပဲ၊ တားမရဘူး၊ မသောက်ချင်တဲ့လူ ကျတော့လဲ အတင်းတိုက်လို့မရဘူး၊ အေး... သောက်ရင် သောက်တတ်ဖို့ လိုတယ်ဗျ၊ သောက်တတ်ရင်ဆေး၊ မသောက်တတ်ရင်ဘေးဖြစ်တယ်၊ ဦးသာရွှန်းပြောသလို 'ကျုပ်သမက်က အရက်လဲမသောက်တတ်ဘူးဗျ၊ ဖဲလဲမရိုက်တတ်ဘူးဗျ၊ ကြက်လဲ မတိုက်တတ်ဘူးဗျ'တဲ့၊ ဒီတော့ကြားရတဲ့ လူတွေက 'ဒါဖြင့် ခင်ဗျားသမက် တယ်လိမ္မာတပဲ၊ တော်တာပေါ့' ဆိုတော့ 'မတော်ဘူးဗျ'တဲ့ 'ကျုပ်သမက်က အရက်မသောက်တတ်ဘဲနဲ့သောက်၊ ဖဲမရိုက်တတ်ဘဲနဲ့ရိုက်၊ ကြက်မတိုက်တတ်ဘဲနဲ့ တိုက်တော့ အားလုံးဒုက္ခရောက်ကုန်တော့တာပေါ့ဗျာ'တဲ့၊ အဟား... ဟား...ဟား"

ဤသို့လျှင် ထန်းရည်ကို ပထမဦးဆုံးစား၍ရသောကြောင်အူ ကြောင်သည်း၊ ကြောင်ဦးနှောက်တို့နှင့် မြည်းရင်းစကားတပြောပြောနှင့် နေခဲ့ကြလေရာ ဆယ်နာရီကျော်ခန့် ရှိလတ်သော် ကြောင်သားဟင်းလည်း ဆီပြန်ပြီ။ ထန်းရည်ဒါယကာ ဦးမောင်ခိုကြီးလည်း ရောက်လာပြီ။ သူတို့သောက်ပွဲကြီးလှိုင်ဘော လယ်ကြလေ၏။

ဦးသော်တာသည် ပထမဦးဆုံး ကြောင်သား တစ်တုံးကိုကော်ခပ်ယူလိုက်ပြီး....

"အောင်မယ် ဦးတေနောင်ရဲ့၊ ခင်ဗျား ကြောင်သားက ဝက်သားလို အခေါက်နဲ့ အဆီတစ်ထပ်၊ အသားတစ်ထပ်ပါလားဗျ၊ ကံညွန့်တို့အိမ်မှာ ကျုပ်စားရတုန်းက အခေါက်နဲ့အဆီမပါပါလားဗျာ"

ကိုမောင်ခို။ ။ "ဟာ....ဒီကောင်တွေက ကြောင်သားမှချက်တတ်ကြတာမဟုတ်ဘဲ၊ ကြောင်ကိုကြွက်လိုအရေခွံဆုတ်ပစ်တော့ ကြွက်သားလိုနေတော့တာ ပေါ့ဗျ၊ အခုအဘနောင် ချက်တာက အရေမဆုတ်ဘဲ အမွေးမီးဖြိုက် ချက်တာကိုးဗျ၊ မီးဖြိုက်နံ့လေးကော သင်းမနေဘူးလား"

ဦးသော်တာ။ ။ "အေး.... ကမ္ဘာ့လူထုအကြိုက် စမုတ်ကင်းစမဲလ်ခေါ်တယ်ကွ၊ အနံ့နို့နံ့လေးနဲ့ ရောသင်းနေတယ်"

ဦးတေနောင်။ ။"ဟေ့..... မောင်ခို၊ မင်းထန်းရည်လဲသိပ်ကောင်းတာပဲ၊ အရိုးစွဲပြီထင်တယ်၊ ဒါလက်ငုတ်ရည်တွေပဲ"

ကိုမောင်ခို။ ။"ဟုတ်တယ်၊ အဲဒီထန်းဖိုပင်က သုံးစစွဲတယ်၊ နှစ်စလွတ်သွားတယ်"

ဦးသော်တာ။ ။"ဘာလဲစွဲတယ်၊ လွတ်သွားတယ်ဆိုတာက"

ကိုမောင်ခို။ ။"ဒီလိုဆရာကြီးရဲ့၊ ထန်းသီးခိုင်မှာ သီးလုံးတွေပြွတ်နေတဲ့ သီးညှာတံနဲ့အရင်းက အရိုးတံရှိတယ်မဟုတ်လား၊ ထန်းဖိုမှာလဲ ဒီလိုပဲ၊ ထန်းလက်ဝါးကြီးတွေ ကားထွက်နေတဲ့ အညှာတံနဲ့ အရင်းက အရိုးတံရှိတယ်၊ ထန်းရည်အရိုးမစွဲဘူးဆိုတဲ့ ထန်းစက ထန်းမမှာဆိုရင် သီးညှာတံကုန်တာနဲ့ထန်းရည်ပြေးရော၊ ထန်းဖိုမှာလဲ ထန်းလက်ဝါးထွက်တဲ့ အညှာတံကုန်တာနဲ့ ထန်းရည်မထွက်တော့ဘူး"

ဦးသော်တာ။ ။"သြော်....သိပြီ....သိပြီ၊ လက်ရင်းလက်ငုတ်ထိအောင် အရည်ထွက်မှ အရိုးစွဲတယ် ခေါ်တာပေါ့"

ဦးတေနောင်။ ။"ဟုတ်တယ်၊ ဒါကြောင့်လက်ငုတ်ရည်ခေါ်တာပေါ့"

ဦးသော်တာ။ ။"နေပါဦး ထန်းပင်တိုင်း ထန်းစတိုင်းအရိုးမစွဲဘူးလား"

ကိုမောင်ခို။ ။"မစွဲဘူး ဆရာကြီးရဲ့၊ ထန်းကိုင်တဲ့လက်နဲ့ ထန်းပင်အမျိုးအစားပေါ်မှာ တည်သေးတယ်"

ဦးသော်တာ။ ။"သြော်.... ထန်းပင်မှာ အမျိုးမျိုးအစားစား ရှိသေးသလား"

ကိုမောင်ခို။ ။"ရှိတာပေါ့ ဆရာကြီးရဲ့၊ ထန်းသီးတွေကို သတိထားကြည့်မယ်ဆိုရင် တစ်ပင်နဲ့တစ်ပင်မတူဘူး၊ အရောင်အမျိုးမျိုး ကွဲတာကို တွေ့ရလိမ့်မယ်၊ ထန်းနက်၊ ထန်းညို၊ ထန်းပြာ၊ ထန်းဝါ၊ ထန်းဖြူ၊ ထန်းကြောင်၊ ခြောက်မျိုးတောင်ရှိတယ်၊ နောက်ပြီးအကြီးအသေး၊ လုံးရှည်၊ လုံးဝိုင်းလဲ ကွဲသေးတယ်"

ဦးသော်တာ။ ။"ထန်းသီးကြီးတဲ့အပင်က ပိုပြီးထန်းရည်ထွက်မယ်လား"

ကိုမောင်ခို။ ။" ဒီလိုလဲမဟုတ်သေးဘူးဆရာကြီးအသီးသေးပေမယ့် အလုံးရှည်ပြီး ထန်းစေ့အိမ်နက်တဲ့ ထန်းပင်မှထန်းရည်အထွက်ကောင်းတယ်၊ အများအားဖြင့် ထန်းဖြူ၊ ထန်းဝါ၊ ထန်းကြောင်တွေဟာ အသီးကြီးတွေကြီးပြီး အလုံးဝိုင်းဝိုင်းနဲ့ ထန်းစေ့အိမ်တိမ်တယ် ဘယ်တော့မှ ထန်းရည်များများမထွက်ဘူး၊ အရိုးလဲမစွဲဘူး ဒါကြောင့် ကျွန်တော်တော့ ထန်းနက် ထန်းညို ထန်းပြာမှာ အခိုင်များ များထွက်ပြီး အသီးရှည်ရှည်နဲ့ ထန်းစေ့အိမ်နက်တဲ့အပင်ကို ရွေးပြီးတက်တယ်။ ထန်းဖိုမှာလဲ ထန်းစများများထွက်ပြီးထန်းလက်ဝါးရှည်တဲ့အပင်ကိုရွေးတယ်"

ဦးတေနောင်။ ။"ဟေ့.... မောင်ခို၊ မင်းဒီနှစ် အရိုးဘယ်နှစ်ပင်စွဲလဲ"

ကိုမောင်ခို။ ။"လေးငါးပင်တော့ သေချာနေပြီအဘ"

ဦးတေနောင် ။ ။"ဟာ...ဒါဖြင့် နတ်တော်ပြာအထိ မင်းထန်းရည်မပြတ် တော့ဘူးပေါ့"

ကိုမောင်ခို ။ ။"နှစ်ပတ်လည်ဆက်မယ်၊ ပြာသိုမှာသီးနှအတီစကိုင် မှာပဲ"

ဦးသော်တာ။ ။"ဟေ့.... ထန်းသီးမှာ အတီသီး၊ အတီသီးနဲ့ပြောကြပါ တယ်၊ ဘယ်လိုအသီးခေါ်တာလဲ"

ကိုမောင်ခို။ ။"ရှေ့အတီတေဆိုတဲ့ စကားကလာတယ်နဲ့တူပါတယ်၊ ပထမဦးဆုံးအစောဆုံး သီးတဲ့ ထန်းခိုင်ကိုခေါ်တာပဲ"

ဦးသော်တာ။ ။" သီးနှကိုင်တယ် ဆိုတာကကော"

ကိုမောင်ခို။ ။"ထန်းသီးကလေးတွေ လက်သီးဆုပ်လောက်မှာ ထန်းရည်ထွက်အောင် လုပ်တာကို သီးနှကိုင်တယ်ခေါ်တယ်၊ ထန်းသီးကြီးတွေ ရင့်မှကိုင်တာကို သီးရင်ကိုင်တယ်လို့ခေါ်တယ်"

ဦးသော်တာ။ ။"တစ်စရည်၊ လက်ငုတ်ရည် ဆိုတာကကော"

ကိုမောင်ခို ။ ။ "ထန်းစ တစ်စတည်းက ကျတဲ့အရည်ကို တစ်စရည်ခေါ်တာပဲ၊ ဒီပြင်အစကကျတာနဲ့ မပေါင်းဘဲသူ့ချည်းသာ သောက်တာ ပိုကောင်းတယ်၊ လက်ငုတ်ရည်ဆိုတာကတော့ ခုနပြောခဲ့တဲ့ အရိုးစွဲနဲ့ ထန်းစတိုကို လက်ငုတ်ခေါ်တယ်၊ အဲဒီက ကျတာကိုလက်ငုတ်ရည် အခုကျွန်တော်တို့ သောက်နေကြတာ လက်ငုတ်ရည်ပေါ့၊ ထန်းရည်ကောင်းတို့မည်သည်မှာ သောက်လိုက်ရင် အာခေါင်မှာရှသွားရတယ်၊ လေတက်ပြီးရင် ချောင်ရမယ်၊ အခု ကျွန်တော့ထန်းရည် အဲဒီလိုနေရဲ့လား ဆရာကြီး"

ဦးသော်တာ။ ။ "နေပါတယ်၊ ကောင်းပါတယ် ထန်းရည်ဆရာကြီးရယ်"

ယင်းသို့ လူကြီးတွေ ထန်းရည်သောက်ရင်း ထန်းဋ္ဌီကာဖွင့်နေစဉ်ဝယ် ထွေးလုံးနှင့် ငွေးနီတို့သည် ဦးတေနောင်၏ သားများနှင့်ထမင်း တစ်ဝိုင်းစားကြ၏။ ကန်စွန်းရွက်၊ မန်ကျည်းသီးစိမ်းနှင့် ငါးချဉ်ရည်ဟင်း၊ ထိုဟင်းထဲက ငါးဖတ်ကို ငါးပိစိမ်းစား၊ ပိန်သီးနှင့်ထောင်း၊ သခွားသီးစိမ်း၊ ပဲစောင်းလျားသီး ရေနွေးဖျောတို့က ကြောင်သားအုန်းနို့ဆီပြန်ဟင်းကို အအီဖြေလျက် စားလို့ကောင်းလိုက်တဲ့ဖြစ်ခြင်း။

ကြောင်သားနဲ့အုန်းနို့ဆီပြန်
ပြည်တန်နဲ့ဟင်း
ပင်ကျရည်ခါးချိုပြင်းရယ်နဲ့
ကောင်းလိုက်တဲ့ဖြစ်ခြင်း။

"ဟဲ့သား ဒီသီချင်း ဘယ်ကရပြန်တာလဲ"

ထွေးလုံးက သူတို့ခြံထဲတွင် ဘဲကလေးတွေ တီကောင်တူးကျွေးရင်း ဆိုနေသည်ကို အနီးတွင် သစ်ပင်တွေ ပေါင်းသင်နေသော သူ့အမေက မေးသဖြင့်...

"ဟိုလေ ကျွန်တော်တို့ ဟိုကြောင်ကြီး အောင်သေ အောင်သားစားတဲ့နေ့က ဆရာကြီး ဦးသော်တာ လက်တန်းစပ်တဲ့ကဗျာ ကျွန်တော်မှတ်ထားလိုက်တာ၊ အမေရဲ့ အဲဒီဆရာကြီးဆီက ကျွန်တော်ကဗျာစပ် သင်မလို့၊ ဆရာကြီးက သင်ပေးမယ်တဲ့"

"ဦးသော်တာဆီက ကဗျာစပ်ပဲသင်ပါနော်၊ အသောက်တော့သင်မလာနဲ့"

"အမေကလဲဗျာ ဆရာကြီးက လူငယ်တွေ မဟုတ်တာလုပ်ပေးမလားဗျ၊ ကျွန်တော်တို့ကို ဘယ်တော့မှ မသောက်နဲ့တောင် ပြောပါတယ်"

"အလကား အမေက စတာပါကွယ်၊ ဆရာကြီးငါကြည်ညိုပါတယ်၊ ဆရာကြီးက မူးရင် သီချင်းဆိုတာကလွဲရင် ဘာအပြစ်မှမရှိဘူး"

"အမေကလဲ ဆရာကြီးဆိုတာ သီချင်းမဟုတ်ဘူးဗျ၊ ကဗျာတွေ ကျွန်တော်တော့ သိပ်ကြိုက်တယ်"

ထွေးလုံးက ကဗျာဝါသနာပါသူသည် စာပေသမားဖြစ်လာတတ်၏။ ထွေးလုံးသည် တိရစ္ဆာန်ကလေးကိုလည်း ချစ်တတ်၏။ တိရစ္ဆာန်ချစ်တတ်သူသည် မေတ္တာကရုဏာတရားရှိသူဖြစ်၏။ မေတ္တာကရုဏာတရားရှိသူသည် လူ့လောက၌ မိုက်မဲသောအမှုကို မပြုတတ်ချေ၊ လမ်းတွေ့ခွေးမြင် ခဲနှင့်ပေါက်ခြင်း၊ ကြက်ကလေး ငှက်ကလေးတွေ ပစ်ချင်ခတ်ချင်သော ကလေးတို့ အားမိဘတို့သည် တားမြစ်ဆုံးမပေးဖို့သင့်၏။

ထွေးလုံး၏ ဘဲကလေးငါးကောင်တို့သည်ဦးဘသိန်းဒေါ်ထွေးနွယ်တို့၏ ကြောင်ကြီးကို သုတ်သင်ပြီးမှ အန္တရယ်ကင်းရှင်းစွာ ခြံထဲမှာ လွတ်လွတ်လပ်လပ်နေရ လျက် တစ်နေ့တခြားကြီးပြင်းလာခဲ့ရာ ခြောက်လကျော်ခုနစ်လထဲရောက်သည်၌ အမွေးအတောင် ပြည့်စုံသော အကောင်ကြီးများ ဖြစ်ခဲ့လေ၏။

'မီးခိုး'ကမှိုင်းပြာပြာ၊ 'မဲလုံး'က ဘဲနက်၊ သူတို့ဘဲထီးတို့မှာ ရှိအပ်သော အစိမ်းရောင်မှန်ကူကွက်တွေနှင့် အလွန်လှပ၏။ 'ဖြူရောင်'က အပျိုဖြစ်လာသောအခါ ဆွတ်ဆွတ်ဖြူသော ဘဲဖြူမ၊ 'ဝါနု' ကြီးလာသောအခါ အဝါရောင်မဟုတ်တော့၊ သနပ်ခါးရောင်၊ 'ရင်ကျား'က အမွေးရောင်စုံသည့် ဘဲကျားမဖြစ်လာလေ၏။ ဘဲထီးတို့ မည်သည်ခေါင်းစိမ်းရ၏။ အမြီးတွင် အဆီဘူးရင်းမှာကပ်၍ အမွေးကလေးတစ်ချောင်း တည်းကော့ထောင်ကွေးနေ၏။ ဤကား အရွယ်ရောက်ပြီဖြစ်သော ဘဲထီး၏ အင်္ဂါ။ ထို့ပြင်ဘဲထီးတို့ မည်သည်မှာ အသံကိုကျယ်လောင်စွာ မမြည်တတ်ချေ။ ရှီးရှီးရွဲရွဲမျှသာ။ ဘဲမတို့ကား တဂတ်ဂတ်နှင့် ဆူညံအောင်အော်တတ်ကြ၏။

ယခုထွေးလုံးတို့အိမ်မှာ ဘဲထီးနှစ်ကောင်၊ ဘဲမ သုံးကောင်။ ဘဲတို့မည်သည် ကြက်နှင့်မတူ။ တစ်ကောင်နှင့် တစ်ကောင် ထိုးခြင်းဆိတ်ခြင်းမရှိ။ အလွန်သင့်မြတ်ကြ၏။ စားအတူ သွားအတူ အိပ်အတူ။ သူတို့သည် တစ်ကောင် ကောင်ကိုခေါင်းဆောင်ထားတတ်၏။ ထိုခေါင်းဆောင်ရှေ့ကသွားလျှင် အားလုံးနောက်ကလိုက်၏။ ခေါင်းဆောင်ရပ်လျှင်ရပ်၏။ ခေါင်းဆောင်အိပ်လျှင် စုပြုံအိပ်ကြ၏။

ထွေးလုံးတို့အိမ်က ဘဲအုပ်မှာ 'မဲလုံး'မည်သော ဘဲနက်ကြီးက ခေါင်းဆောင်။ သူသည်အကောင် အထွားဆုံး ဘဲချော ဘဲလှကြီးဖြစ်၏။

ထွေးလုံးသည် သူ့ဘဲများကို ကြည့်မဝ၊ ရှုမငြီး။ သူ့ဘဲတို့သည် နာမည်ကိုသူ ခေါ်လျှင် လာတတ်၏။ ငယ်စဉ်ကတည်းက တီတူးကျွေးလေ့ရှိ၍ ထွေးလုံးသာ ရှေ့က ပေါက်ပြားသို့မဟုတ် တူရွင်း ထမ်းသွားလျှင် ဘယ်လောက်ဝေးဝေးလိုက်၏။ ထို့ကြောင့်ထွေးလုံးက ပြောစမှတ်ပြု၏။ နွားကကြိုးနဲ့ဆွဲမှ မောင်းမှရတာ၊ ကျွန်တော့ဘဲတွေကတော့တူရင်း ပေါက်ပြားနဲ့ဆို ဘယ်ခေါ်ခေါ်ရတယ်။

သူ့ဘဲတွေသူ အလွန်ချစ်လှ၏။ "ထွေးလုံး မင်းဘဲတွေရောင်းမလား"မေး၊ "တစ်ကောင်ကို တစ်ရာပေးတောင်မရောင်းဘူးဗျ"

သို့နှင့် တစ်နေ့သောညနေ ထွေးလုံးကျောင်းမှ ပြန်အလာခါတိုင်း သူလာတာမြင်လျှင် တံခါးဝသို့ ပြေးလာကြိုလေ့ရှိသာ ဘဲတွေတစ်ကောင်မှ မမြင်။ ဒါနဲ့အိမ်ပေါ်တက်လွယ်အိတ်ကိုချိတ်ပြီး ဘဲခြံများ သွားအိပ်နေသလားဟု သွားကြည့်တော့လည်း တစ်ကောင်မျှ မတွေ့။ ထို့ကြောင့်

"အမေရေ.... ကျွန်တော့် ဘဲတွေကောဗျ"

အော်တော့ မီးဖိုချောင်ထဲမှ သူ့အမေက

"ဟဲ့... ရှိမှာပေါ့ဟဲ့"

"ခါတိုင်းလို ကျွန်တော့လဲ လာမကြိုဘူး၊ ဘဲခြံထဲမှာလဲမရှိဘူး"

"ဟဲ့....ခြံဝင်းထဲ ဟိုဟိုဒီဒီ ချုံကြိုချုံကြားထဲ ဝင်ချင်ဝင်နေမှာပေါ့"

သို့သော်ထွေးလုံးသည် ဘဲမထွက်နိုင်အောင်ကထားသော သူတို့ခြံထဲ ခြေရာချင်းထပ်အောင် ရှာသော်လည်း တစ်ကောင်တစ်မြီးမှ မတွေ့တော့ပြီ။ အပြင်ထွက်သွားရအောင် အပေါက်လည်း တစ်ခုမျှမတွေ့။

"အောင်မယ်လေး.... ကျွန်တော့ဘဲတွေ ပျောက်ကုန်ပါပြီဗျ၊ ဒီတစ်အုပ်လုံး ဘယ်သူခိုးသွားသလဲ"

ဆယ့်တစ်နှစ်သားရှိပြီဖြစ်သော ထွေးလုံးသည် အော်ကြီးဟစ်ကျယ် ငိုလေ၏။

"အိမ်မှာအမေရှိရက်သားနဲ့ မသိဘူးလားဗျ၊ ဘဲမဆိုတာ သူ့ဖမ်းရင် အင်မတန်အော်တာ"

မိခင်ဒေါ်သန်းရွှေသည် မီးဖိုချောင်ထဲမှ ရေကပြင်ထွက်လာကာ သူ့သားဖြစ်ပုံကိုကြည့်၍ စဉ်းစားနေရာမှ တစ်စုံတစ်ခုသတိရလျက်ယယယ

"လူကလေး ဒီနားလာစမ်း" သူ့သားကို အနီးသို့ခေါ်လိုက်ပြီး

"နေ့ခင်း ငါအိပ်ရာထဲ တုံးလုံးလှဲနေတုန်းက အိမ်ခေါင်မိုးပေါ်က တောဘဲငန်းတွေအော်သံ ငါကြားလိုက်မိတယ်ထင်တယ်"

"အဲဒါ ဘာဖြစ်လဲဗျ"

"ဘာဖြစ်ရမလဲဟ၊ နင့်ဘဲတွေက ရိုးရိုး အိမ်ဘဲမှမဟုတ်ဘဲ တောဘဲငန်းမဥက ပေါက်တဲ့ တောဘဲငန်းတွေ မဟုတ်လား"

ထွေးလုံးရုတ်တရက်စဉ်းစားမိကာ...

"အင်း ဟုတ်တယ်၊ အဲဒီတော့ ဘာဖြစ်နိုင်သလဲ အမေ"

"ဒီရာသီ တန်ဆောင်မုန်းနတ်တော်လဆိုတာက တောဘဲငန်းတွေမြူးချိန်၊ သူတို့ကလေးတွေ အပျံသင်တဲ့အချိန်၊ အဲဒီတော့ သူတို့အုပ်တို့ရွာဖြတ်လာရင်းနဲ့ မင်းဘဲလေးတွေ မြင်တော့ သူတို့အမျိုးမှန်းသိပြီး အပေါ်ကခေါ်လိမ့်မယ်၊ ဟုတ်မယ်ဟေ့"

ဒေါ်သန်းရွှေသည် ရေရေလည်လည် သဘောပေါက်လာဟန်နှင့် "ငါ့စိတ်ထဲသင်းတို့နှယ် ငါ့အိမ်ခေါင်မိုးပေါ် ဘာလို့ဝဲလှည့်အော်နေကြပါလိမ့်လို့ အောက်မေ့မိသေး၊ ဟုတ်ပြီ ဟုတ်ပြီ၊ ဒီတော့ မင်းဘဲကလေးတွေကလဲ သူတို့အမျိုးမှန်းသိပြီး သူတို့လိုပဲ အပေါ်ကိုပျံကြည့်လိမ့်မယ်၊ သူတို့အတောင်အလက် စုံနေပြီပဲ၊ သူတို့ပျံနိုင်မှန်းလဲသိရော လိုက်သွားတာ ဖြစ်မှာပေါ့ကွ"

"အောင်မယ်လေးဗျာ၊ ဒါဖြင့် ကျွန်တော် ဘဲကလေးတွေဆုံးပြီထား၊ သူတို့ပြန်မလာကြတော့ဘူးလား"

ထွေးလုံး ဖင်ထိုင်လျက်ကျသွားပြီး လက်နှစ်ဖက်နောက်ပစ်ပြီး မြေကြီးထောက်၍ ငိုကြွေးလေ၏။ မိခင်သည် သားအားကရုဏာသက်လှစွာ ရေကပြင်မှဆင်းလာပြီး မျက်ရည်တွေသုတ်ပေးရင်း....

"တိတ်စမ်းပါဦးသားရယ် ဒီမှာ သူတို့ကြီးပြင်းခဲ့တဲ့နေရာ၊ သူတို့အိပ်ရာရှိတဲ့ဌာနကို ပြန်မလာဘူးလို့လဲ မပြောနိုင်ပါဘူး၊ နောက်ပြီးတော့ အဲဒီဘဲအုပ်ဟာ ဒီအချိန် သူတို့အိပ်တန်းမပြန်ကြသေးပါဘူး၊ တို့ရွှေကြာအင်းထဲမှာ ရှိချင်ရှိနေဦးမယ်"

ဤစကားကြားသည်နှင့် တစ်ပြိုင်နက်တည်း ထွေးလုံးသည် ဝေါက်ခနဲထပြီး သူ့ဘဲခေါ် အာဏာတည်ပေါက်ပြားကို ထမ်းကာ ရွှေကြာအင်းရှိရာသို့ တစ်ဟုန်တည်း သုတ်ခြေတင်လေသတည်း။

"ဟဲ့ နင့်ဘဲတွေ တွေ့တွေ့မတွေ့တွေ့ အပြန်နွားသားအမိတော့ မခဲ့နော်"

သူ့အမေက လှမ်းမှာလိုက်သေး၏။ ဒေါ်သန်းရွှေကတော့ ဘဲတွေကို သံယောဇဉ်ရှိပုံ မပေါ်လှပေ။ သူ့နွားသားအမိကိုသာ တွယ်တာ၏။

ထွေးလုံးကား သည်အချိန်မှာ နွားတွေကိုတယ်ပြီးဂရုမပြုနိုင်။ ညီမတို့ထားရာ စားကျက်ထဲရောက်၍ ကြန်စုံတပဲပဲအော်လျက် သူ့ကိုခေါ်သည်မှ လှည့်မကြည့်နိုင်ဘဲ ရွှေကြာအင်းဆီသို့သာ အမြန်ပြေးသည်။ ကမ်းပါးရောက်သော် ဟုတ်တာပေါ့ဗျာ။ ကမ်းမှ ခဲတစ်ပစ်လောက်အကွာတွင် ဘဲတစ်အုပ်။ ကျွဲအုပ်ထဲတွင် ကိုယ့်ကျွဲကိုယ် မှတ်မိသကဲ့သို့ ထွေးလုံးသည် ဘဲအုပ်ထဲတွင် သူ့ဘဲသူ မှတ်မိလေသည်။

"ဟော့ မီးခိုး၊ မဲလုံး၊ ဖြူရော်၊ ဝါနု၊ ရင်ကျား"ဟု ဝမ်းခေါင်းသံကြီးနှင့် တအားအော်ခေါ်သော် ဘဲအုပ်သည် လန့်၍အထက်သို့ပျံတက်လေ၏။ ထိုအခါ ထွေးလုံးက ပေါက်ပြားနှင့်မြေကြီးကိုကုန်း၍ ပေါက်ပြ၏။ ယင်း၌ဘဲငါးကောင်သည်

ဘဲအုပ်မှခွဲထွက်လာကာ သူ့ဆီသို့ဆင်းလာ၏။ မြေပြင်ပေါ်ရောက်သည်နှင့် ထွေးလုံးသည် သူ့ဘဲများကိုပွေ့ဖက်ယုယကာ....

"အောင်မယ်လေး ငါနင်တို့ပျောက်သွားပြီမှတ်လို့ ရင်ထဲပူလိုက်ရတာဟယ်၊ ဩော်... နင်တို့က ရေထဲက ဝါးစားတဲ့အမျိုးကိုး၊ ငါးကျွေးပါ့မယ်ဟယ်"ဆိုပြီးနောက် သူနောက်ကလိုက်လာသည့် သူ့ဘဲများနှင့်အတူ ငါးလူးတွင်းတွေ လျှောက်နှိုက်ရာ ငါးရံ့ခေါင်းတို၊ ငါးပနော်၊ ငါးသင်းအုံတစ်ကောင်စီရသဖြင့် ဤသုံးကောင်ကို ပေါက်ပြားနှင့် တုံးတစ်ပြီး ဝေခြမ်းကျွေးမွေးလေ၏။ ပြီးသော်...

"ကဲကုန်ပြီ၊ ဒီနေ့တော့ တော်ကြဦးစို့၊ အိမ်ပြန်မယ်" ဆိုပြီး သူက ပေါက်ပြားထမ်း၍ ရှေ့မှဝမ်းဘဲများကနောက်မှလိုက်လာကြသည်။ နွားသားအမိရှိရာသို့ ရောက်သည်၌ ညိုမကြီးကို မောင်းတံမှဖြုတ်၍ အိမ်ပြန်ကြရာတွင် ကြန်စုံက ဝမ်းသာအားရ အမြီးထောင်လျက် တပဲပဲအော်ကာ ရှေ့မှပြေး၊ မအေကြီးကလည်း တစ်နေ့လုံး ချည်ထားတာ ကြိုးညောင်းသဖြင့် သားနောက်က အတင်းပြေးလိုက်၊ ထွေးလုံးကလည်း သူ့ဘဲတွေပြန်တွေ့သောကြောင့် အလွန်ရွှင်မြူးပြီး အားလုံးပြေးကြလေရာ ဘဲတို့မှာ ကုန်းကြောင်း လိုက်ခြင်းအားဖြင့် မမီနိုင်သည့်အတွက် အထက်ပျံ၍လိုက်ကြသည်တွင်နွားအော်သံ၊ ဝမ်းဘဲတောင်ပံခတ်သံတို့နှင့် ရွာအဝင်ဝယ်တစ်ရွာလုံးမှာ အထူးအဆန်းပဲ လူတိုင်း တအံ့တဩလှမ်း၍ ကြည့်နေကြလေရာ အိမ်မှ ဆီးကြိုနေသော သူတို့အမေလည်း မည်မျှဝမ်းသာလိမ့်မည်နည်း။

စာရှုသူလည်း ဝမ်းသာပါစေ။

ကဲ ဤဝတ္ထုတွင် လူသား၊ နွားနှင့် ဝမ်းဘဲတည်းဟူသော သတ္တဝါသုံးမျိုး၏ မေတ္တာကို ဖော်ကျူးသည်ဖြစ်သောကြောင့်သိကြားနတ်များက ကောင်းချီးပေးသော အားဖြင့် ကောင်းကင်မှ နတ်ဩဇာသီးသုံးလုံး ကျလာသည်ဆိုပါစို့။ စာဖတ်သူက တစ်လုံးစားပါ။ စာရေးသူအား တစ်လုံးပေးပါ။ ကျန်တဲ့တစ်လုံးတော့ ကျန်တဲ့လူတွေ စားပါစေဗျာ....။



◘ ဘဝမှာ ကိုယ့်လောက် စာမေးပွဲဖြေဖူးသူရှိခဲ့လျှင်တောင် တော်တော်တော့ ရှားမည်ဟု ဒေါက်တာအောင်ကျော် တွေးမိသည်။

ကျခဲ့သည့် စာမေးပွဲတွေလည်း အများကြီး။

အောင်ခဲ့သည့် စာမေးပွဲတွေလည်း အများကြီး။

သည်လောက် စာမေးပွဲပါးဝနေတာတောင် စာမေးပွဲတစ်ခုဖြေဖို့ စောစောစီးစီးကတည်းက လုံလောက်စွာ စနစ်တကျ ကြိုတင်ပြင်ဆင်ခဲ့သည်ဟု တစ်ခါမှ မရှိခဲ့ဖူး။ တကယ် ဖြေရတော့မည်ဆိုမှပဲ နေမီး၊ ညမီးနှင့် ဝုန်းဒိုင်းကျဲရတာချည်းသာ။

သူ့ကို စာမေးပွဲဖြေရတာ ပျော်နေသည်ဟု လူငယ်တွေက ထင်တတ်ကြသည်။ တကယ်တော့ စာမေးပွဲဖြေရတာ တစ်ခါမှ သူမပျော်ပါ။ လုပ်စရာ အလုပ်တစ်ခုကို လုပ်ချိန်တန်လျှင် ရှောင်လွှဲမသွားတတ်သော သူ့ဝသီကြောင့် စာမေးပွဲတွေ တစ်ခုပြီးတစ်ခု ဖြေနေရခြင်းဖြစ်ပါသည်။

တကယ်တော့ စာမေးပွဲဖြေတာကလွဲလျှင် သူလုပ်ရတာပျော်သောအလုပ်တွေက အများကြီး။ ငယ်စဉ်ကဆိုလျှင် ရုပ်ရှင်ကို ရုံမှာသွားတန်းစီကြည့်ရတာကိုလည်း သူပျော်သည်။ အပေါင်းအသင်းတွေနှင့် ခရီးသွားရတာကိုလည်း သူပျော်သည်။ အတန်းပညာနှင့် လုံးလုံးမသက်ဆိုင်လျှင် ဘာစာဖတ်ရဖတ်ရ သူပျော်သည်။ နည်းနည်း အရွယ်ရလာ၊ တီဗွီပေါ်လာတော့ တီဗွီရှေ့ထိုင်ရတာကို သူပျော်သည်။ နောက်ပိုင်း ကွန်ပျူတာရှေ့၊ အင်တာနက်ရှေ့ ထိုင်ရတာ ပျော်သည်။ အိမ်ထောင်ကျပြီး တာဝန်အရ မိသားစုနှင့်ခွဲနေရသည့်အချိန်က အတူနေရသည့် အချိန်ထက် ပိုများတော့ မိသားစုနှင့် နေရတာကို သူပျော်သည်။

စာမေးပွဲဖြေရန် ပြင်ဆင်ရတာကလွဲလျှင် ဘာလုပ်လုပ် ပျော်နေတတ်သူ၏ ဘဝမှာ အသက် ၄၀ ကျော်သည်အထိ စာမေးပွဲတွေ ဖြေမဆုံးနိုင်ဖြစ်ခဲ့ရတာက လောကကြီး တော်တော်မတရားဟု သူထင်သည်။

ဘွဲ့တွေအများကြီးရသော ခွဲစိတ်ဆရာဝန်ကြီးတစ်ဦးဘဝကို လူတကာက အားကျနေကြချိန်တွင် ဒေါက်တာအောင်ကျော်က ထိုဘွဲ့တွေ အများကြီးရဖို့အတွက် သူ မပျော်ဘဲ ဖြေလိုက်ရသည့် စာမေးပွဲတွေကိုသာ သတိရနေမိသည်။

လူ့ဘဝဆိုတာ ဒီထက်တော့ ပျော်ပျော်ကလေး နေလိုက်ရပြီး ကုန်သွားခဲ့ဖို့ ကောင်းတာပေါ့။

စာမေးပွဲတစ်ခါ ဖြေပြီးတိုင်း ဖြေပြီးတိုင်းလည်း တော်ပြီ၊ နောက်ဆို ငါဘာစာမေးပွဲမှ မဖြေတော့ဘူး။ ရာထူးမတက်ချင်နေပါစေတော့ဟု အကြိမ်ကြိမ်ဆုံးဖြတ်မိခဲ့သည်ချည်းသာ ဖြစ်သည်။ ပြီးတော့လည်း အချိန်တန်တော့ မဖြေမဖြစ် စာမေးပွဲတစ်ခုက ပေါ်လာခဲ့သည်ချည်းသာ။

အသက် ၄၅ နှစ်တွင် ခွဲစိတ်ပါရဂူဘွဲ့ရပြီးချိန်တွင်တော့ တကယ့်ကို ဘာစာမေးပွဲမှ ဖြေစရာမရှိတော့ဟု စိတ်ကို ဒုံးဒုံးချလိုက်သည့်နောက်ပိုင်း ဆယ်နှစ်လုံးလုံး ဘဝကအေးချမ်းလို့။

အသက် ၅၅ နှစ်ကျတော့မှ နောက်ဆုံး စာမေးပွဲတစ်ခု ရှိနေတာကို ဖြန်းစားကြီး သတိထားမိတော့သည်။

(၂)

ငိုက်ခဲ့နေလျှင် ခါးက ခဏခဏ ကိုက်နေသည်ကို သတိထားမိသည်မှာ တော်တော်ကြာပြီ။ အထူးသဖြင့် ခြေနှင့်ဆိုင်သော ခွဲစိတ်မှုလိုမျိုး ကြာကြာခွဲရသည့်အခါမျိုးတွင် မခံမရပ်နိုင်အောင် ကိုက်လေ့ရှိသည်။

'ကျီးပေါင်းတက်တာ နေမှာပေါ့ ဆရာကျော်ရယ်'

မေ့ဆေးဆရာဝန်ကြီးက ထင်မြင်ချက်ပေးသည်။



'ရက်စက်ပါ့ ဆရာရယ်၊ ကျွန်တော်က ကိုယ့်ကိုယ်ကို ငယ်ငယ်ကလေးပဲ ထင်နေတာ'

ရယ်ရွှမ်းပတ်ရွှမ်းနှင့် ပြန်ချေပမိသည်။ တကယ်တော့ အရိုးကျီးပေါင်းတက်သည်ဆိုသည်မှာ တော်တော်ကြီးမှ ဖြစ်နိုင်သည်ဟု သူ ခံယူထားသည်။

'ခွဲစိတ်ဆရာဝန်ဆိုတာ လူသာ ငယ်လျှင်ငယ်မယ်၊ ခါးက အိုတာ မြန်နိုင်တယ်ဗျ၊ တစ်ချိန်လုံး ကုန်းခွဲနေရတာ၊ ခင်ဗျား ဓာတ်မှန်တော့ ရိုက်ကြည့်သင့်တယ်'

'ဓာတ်မှန် ဘာလုပ်မှာလဲ ဆရာကျော်ရဲ့၊ 'MRI' အမ်အာရ်အိုင် ရိုက်ပါလား၊ ပီအိုင်ဒီ PID ဆိုရင် MRI ကမှပေါ်တာ'

ခွဲစိတ်ခန်းပေါက်ဝမှ ခေါင်းပြူ၍ မီးယပ်သားဖွားဆရာဝန်မမက ဝင်အကြံပေးသည်။ ပီအိုင်ဒီဆိုတာကလည်း ကျောရိုးဆစ်နှစ်ခုကြားမှ အရိုးနုပြားလေး ကျွံထွက်တာ။ အလေးချိန် သိပ်များတဲ့လူတွေမှဖြစ်တာပါပဲ။ ငါ ဒီလောက် မဝအောင် ထိန်းထားနိုင်ခဲ့တာ၊ အဲဒါတော့ ဖြစ်စရာအကြောင်းမရှိပါဘူး။

အင်း ဓာတ်မှန်တော့ ရိုက်လိုက်မှ။

(၃)

ကင်ဆာတဲ့။

အစာလမ်းကြောင်း၊ တစ်နေရာရာက လာသတဲ့။ အခု အရိုးကိုပြန့်နေတာတဲ့။

ဘုရားရေ။

ငါ မကြာခင် သေရတော့မှာတဲ့လား။

ဆရာဝန်၊ ဆရာဝန်ချင်း လူနာပြန်လုပ်ရသောအခါ သူငယ်ချင်းဆရာဝန်များက သူ့ကို အဖြေမှန် ပြောမပြဘဲ ကြာကြာ မဖုံးကွယ်နိုင်ခဲ့။

သိရသောအခါတွင်လည်း သူအရူးမီးဝိုင်း ဆောက်တည်ရာမရ ဖြစ်ခဲ့သည်။ ပိုဆိုးသည်က ဇနီးနှင့်သားသမီးများကလည်း သူ့ကို ဖေးမနှစ်သိမ့်နိုင်ဖို့ နေနေသာသာ။ သူတို့ကိုယ်တိုင်ပင် အရူးမီးဝိုင်း၊၊ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေကြသည်။

'နိုင်ငံခြား သွားကုရမလား'

'သူငယ်ချင်း သဘောပဲ၊ ကြိုးစားတာကတော့ အရှုံးမရှိပါဘူး'

ဘုရား။

သည်အဖြေက သိပ်ပြီး အားတက်သရော မရှိ။ ကုသပေးနေသည့် ဆရာဝန်ကိုယ်တိုင်က သူ့အပေါ်မှာ မျှော်လင့်ချက် သိပ်ထားနိုင်ပုံ မပေါ်။

ဒါ စာမေးပွဲ ကျတာပါပဲ။

ရက်ပိုင်း၊၊ အလွန်ဆုံး လပိုင်းလောက် ကုသမှုခံလိုက်ရလျှင် ကောင်းသွားမည်ဟု ယူဆထားခဲ့မိသော ခါးနာဝေဒနာ၊ ယခုတော့ ကုသ၍ မပျောက်သည့်အပြင် အသက်ကိုပါ မလွှဲမသွေ သိမ်းပိုက်တော့မည်တဲ့။ ရှုံးပြီ။

နေပါဦး။ ငါ ခါတိုင်းလည်း စာမေးပွဲ အကြိမ်ကြိမ် ကျခဲ့၊ ရှုံးခဲ့ဖူးတာပဲ။

ခါတိုင်း စာမေးပွဲကျရင် ငါ ဘယ်လောက် ကြာကြာကြေကွဲခဲ့လို့လဲ။ လူးလဲထပြီး နောက်တစ်ခါ ပြန်ဖြေဖို့ ပြင်ဆင်တာပဲ မဟုတ်လား။

သည်တစ်ခါရော အဲ့သည့်အတိုင်း လုပ်ရင် မရနိုင်ဘူးလား။

သေရမည့်ရောဂါတစ်ခု မိမိကိုယ်ထဲ ရောက်နေသည်။ အဲသည့်ရောဂါကို အမြစ်ပြတ်မောင်းထုတ်ချင်သည်။ နည်းလမ်းတွေ စဉ်းစားလိုက်တော့ သိပ်မရေရာ။ သည့်ထက် သေချာရေရာပြီး အကျိုးအမြတ်ရှိမည့်ကိစ္စ ဘာကိုမှ မလုပ်လိုက်ရဘဲ ရှိစုမဲ့စု ကျန်နေသည့်အချိန်ကလေး ကုန်ဆုံးသွားဖို့ ရှိသည်။

တော်ပြီ။

အဲဒီ စာမေးပွဲ ငါ မဖြေကြည့်တော့ဘူး။

ငါ သေသွားတဲ့အချိန်မှာ ရှင်ကျန်နေခဲ့တဲ့လူတွေလည်း အချိန်တန်ရင် အားလုံး သေကြရဦးမှာပဲ။ ငါလည်း ခုတစ်ခေါက်ရှင်ရင် နောက်တစ်ခေါက်မှာ နောက်ရောဂါတစ်ခုနဲ့ သေဦးမှာပဲ။ သေမင်းနဲ့ ယှဉ်ပြိုင်ပြီးနိုင်အောင် စာမေးပွဲဖြေဖို့ ဆိုရင်တော့ ရှုံးရာကျတော့မယ်။

အဆင်သင့်အနေအထားနှင့် သေနိုင်ဖို့။

စာမေးပွဲလိုပေါ့။

လုံလောက်သော ပြင်ဆင်မှုများနှင့် စာမေးပွဲခန်းကို ဝင်ခဲ့သလို လုံလောက်သော ပြင်ဆင်မှုများနှင့် သေခြင်းတရားကို ရင်ဆိုင်ဖို့။ ဒါက နည်းနည်းနီးစပ်မည်။ ယုတ္တိတန်မည်။

လုပ်စရာရှိသည့်အလုပ်တွေကို ဇယား တွက်ချက်ကြည့်သည့်အခါကျတော့ ခါတိုင်း စာမေးပွဲတွေ ဖြေခဲ့သလိုပင်။ လုံလောက်သော ကြိုတင်ပြင်ဆင်ချိန် သူ့မှာမရှိတော့ကြောင်း အလန့်တကြား တွေ့ရလေသည်။

(၄)

သားနှင့်သမီးက ကျောင်းမပြီးသေး။ အိမ်ထောင် မကျသေး။

ထားလိုက်တော့။ ထားလိုက်တော့။

အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တွေ တက်နေတာပဲ။ ကျောင်းပြီးသည့်အထိ ဆက်ထားနိုင်ဖို့အတွက်တော့ သူ့ဇနီးမှာ လုံလောက်သော အင်အား၊ စိတ်ဓာတ်နှင့် ဉာဏ်ရည်ရှိသည်။ အဲသည့်ဉာဏ်ရည်ကို သတိပြုမိ၍သာ ဇနီးသည်ကို ငယ်စဉ်က သူရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ဒါအတွက် ပူစရာ မလို။

လိုတော့ရော ဘာတတ်နိုင်မှာတဲ့လဲ။

သားနှင့်သမီး ကျောင်းပြီးသည်အထိ သူ့အသက်ကို ဆွဲဆန့်၍မှ မရတာ။ ထားလိုက်၊ ထားသာ ထားလိုက်တော့။

ကိုယ့်ကိုယ်ကို အတွက်ရော။

သေခြင်းတရားကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်ဖို့ ဘယ်လောက် အဆင်သင့်ဖြစ်နေပြီလဲ။

သင်ခန်းစာတွေ ကြေလို့လား။

ခေါင်းကိုသာ ယမ်းမိသည်။

တော်ပါသေးရဲ့။ မိရိုးဖလာထက် ပို၍ သဒ္ဓါတရားထက်သန်သော ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်နေခဲ့လို့။

သည်စာမေးပွဲအတွက် စာမကျက်ရသေးပေမဲ့ အဲသည့်စာတွေက ဘယ်ကရှာကျက်ရမည်ဆိုတာတော့ သူသိလေသည်။

(၅)

ဖနီးသည်က သူ့ကို သွေးရူးသွေးတန်း ဖြစ်နေသည်ဟု ထင်သည်။ သူငယ်ချင်းဆရာဝန်ကြီးများကို တိုင်ပင်သည်။

ကောင်ဆယ်လင်း(Counselling) နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်းအတွက် ဘယ်ဆရာဝန်ကို အားကိုးရမလဲဟု။ သူငယ်ချင်းဆရာဝန်များက ခေါင်းကုတ်သည်။ သူတို့အမြင်တွင် အောင်ကျော်သည် ရောဂါကို ရင်ဆိုင်ရာတွင် သူကိုယ်တိုင် လူနာဖြစ်နေလင့်ကစား ဆရာဝန်များထက်ပင် သွေးအေးနေသည်။

ရက်ချိန်း မှန်မှန်လာသည်။ ကုသမှု မှန်မှန်ခံယူသည်။ လာပြီးလျှင်တော့ ချက်ချင်း ထပြန်သည်။ တတ်နိုင်သမျှတော့ ခဏခဏ မလာဘဲနေချင်ကြောင်း ဖြောင်ပြောသည်။

လမ်းမှန်မှန် လျှောက်နေသေးသည်။ အစားအသောက် မပျက်။ ဟိုဟာစမ်းကြည့်ရအောင်၊ ဒီဟာ စမ်းကြည့်ရအောင်ဆိုလျှင်တော့ 'နိုး'ပဲ။ ပိစပ်၊ ဆူလာနဖာ၊ ယတြာ၊ အကြားအမြင် အကုန်ငြင်းသည်။

ခိုင်မာစွာ သက်သေမပြနိုင်သော မျှော်လင့်ချက်များအတွက် သူ့မှာ အချိန်မရှိ။

အားသည်နှင့် ကက်ဆက်နား သွားထိုင်သည်။ မီးမလာလျှင် ဓာတ်ခဲနှင့် ဖွင့်သည်။

အရှင်ဉာဏိသရ၊ အရှင်ဇဝန၊ အရှင်ဆေကိန္ဒ၊ အရှင်ဆန္ဒာဓိက၊ အရှင်ပညိဿရ ထွက်ထွက်သမျှသော တရားခွေတွေကို ဝါးစားပစ်သလို နားထောင်သည်။ တရားစာအုပ်တွေ ဖတ်သည်။

သည်အထဲကနေ ငြိမ်းချမ်းစွာ သေဖို့ နည်းလမ်းကောင်းတွေကို တွေ့ရမည်ဟု သူ ယုံကြည်ထားသည်။

တစ်နေ့ တစ်နာရီခန့် တရားမှတ်သည်။ မထိုင်နိုင်ပါ။ လှဲ၍ မှတ်သည်။

တရားမှတ်သည် ဆိုတာထက် သေနည်း လေ့ကျင့်နေသည်ဆိုလျှင် ပို၍ မှန်မည်ထင်သည်။ ဖြစ်ပျက်ကို မြင်အောင် ရှု၍မရ။ ဝေဒနာကိုပဲ စိတ်စွဲနေသည်။ မျက်လုံးတွေ မှိတ်ယောင်နေအောင် အမြဲငိုနေကြသည့် ဖနီးနှင့်သမီးမျက်နှာကို အာရုံထဲက ထုတ်၍မရ။

ကိုင်း မတတ်နိုင်ပါဘူး။ သေနည်းသာ လေ့ကျင့်။ မေတ္တာကို စူးစူးစိုက်စိုက်ပွား ကြည့်သည်။ ပြီးတော့ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ။ အာရုံတွေ လွင့်သွားသည်။ ကိုင်း မမြဲတတ်တာ မှတ်။

(၆)

ရောဂါက ရင့်လာတော့ လမ်းမလျှောက်နိုင်တော့။ အိပ်ရာထဲက ထတာတောင် လူတွဲထရသည်။ ဒါက ရုပ်။

ရုပ်ယိုယွင်းနေတာ။ အဲသည့် ယိုယွင်းနေသည့် ရုပ်တွေထဲမှာ မကြာခင် ဦးနှောက်နှင့် အသိတရားပါ သွားပေတော့မည်။

ဘုရားရေ။ သင်ခန်းစာတွေက မကျေညက်သေးပါလား။ ထားလိုက်၊ ထားလိုက်။

အရင်စာမေးပွဲတွေ ဖြေခဲ့တုန်းကရော သင်ခန်းစာတွေအားလုံး ကိုယ့်စိတ်ကြိုက် ကြေညက်ပြီးမှ ဖြေခဲ့ရသည့် စာမေးပွဲ ဘယ်နှစ်ခါများ ရှိခဲ့ဖူးလို့လဲ။ အဲသည့် စာမေးပွဲဖြေသူအားလုံးထဲက သင်ခန်းစာအပြီးဆုံး၊ အပေါ်ဆုံး သုံးပုံတစ်ပုံလောက်ထဲမှာပါရင်ကို အောင်လာခဲ့တာ မဟုတ်လား။

သည်တစ်ခါလည်း သည်လိုပဲပေါ့။ ပြီးမှ မဟုတ်ဘူးဆိုပြီး စိတ်လျှော့လိုက်မှ စာမေးပွဲက ကျတော့မည်။ သည်တစ်ခါကျလျှင် ခါတိုင်းနှင့်မတူတာက နောက်တစ်ခါလည်း ပြန်ဖြေခွင့်ရတော့မှာ မဟုတ်။ ရသလောက်နှင့် ဖြေ။ ဒါပဲ။ ယခုတော့ အချိန်နည်းနည်းရသေးသည်။ ဆက်လုပ်၊ ဆက်လုပ်။

(၇)

'သူငယ်ချင်း ဆေးရုံမှာ ခဏလာနားပါလား'

တော် တော်။ မင်းပြောတဲ့ ခဏ ငါသိတယ်။ ခက်တာက ငါ့မှာ အဲဒီခဏပဲ ရတော့တာ။

'ကိုယ် နေသာပါတယ်ကွ၊ သူငယ်ချင်းလည်း ခဏခဏမလာနဲ့၊ မင်းလက်ထောက်တွေ ဘာတွေ တစ်ခါတလေ လွှတ်ကြည့်နိုင်း'

သူငယ်ချင်းဆရာဝန် မျက်နှာပျက်သွားသည်။

'ဟ ငါ လာနိုင်ပါတယ်ကွ၊ အဲဒါကြောင့် ပြောတာ မဟုတ်ဘူး'

'သိပါတယ် သူငယ်ချင်းရ၊ မင်းဘယ်လောက် အလုပ်များများ ကြိုးစားပြီးလာကြည့်ပေးမယ်ဆိုတာ၊ ခက်တာက ငါကလည်း မင်းလာတော့ စကားကပြောချင်တယ်၊ မင်းတပည့်လေးတွေလာတော့ ခဏနဲ့ပြန်၊ ငါလည်း အမှတ်ကလေးနဲ့ ပြန်နေ၊ တို့ငယ်ငယ်တုန်းက စာမေးပွဲဖြေခါနီး စာကျက်ရင် စကားမပြောမိအောင် တစ်ခန်းစီနေပြီး သွားကျက်ကြတာလေ၊ အချင်းချင်း စာမေးချင်တဲ့အခါနဲ့ စားတဲ့သောက်တဲ့အခါပဲ ပြန်ပေါင်းကြတာ သတိမရဘူးလား'

သူငယ်ချင်းက မျက်မှောင်ကုတ်ကြည့်သည်။

'အခု မင်းက ဘာစာမေးပွဲ ဖြေနေလို့လဲ'

ဒေါက်တာ အောင်ကျော်က သိမ်မွေ့စွာ ပြုံးသည်။

'ဘဝကူး စာမေးပွဲလေကွာ၊ ငါ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကူးချင်တယ်၊ ငြိမ်း

ငြိမ်းချမ်းချမ်း ကူးတဲ့နည်းရှိတယ်၊ လှေကျင့်လို့ရတယ်လို့လည်း ငါ ယုံကြည်တယ်၊ အဲဒါ ငါလှေကျင့်နေတာ၊ အောင်မြင်ရင် ငါစာမေးပွဲ အောင်တာပဲ'

သူငယ်ချင်းဆရာဝန် ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

(၈)

ခက်သည်က ဇနီးနှင့်သမီး။

သွားရတော့မည်ဆိုတာ သိလာလေလေ။ သူတို့က အနားက မခွာတော့လေ မိမိကျန်နေသေးသည့် သင်ခန်းစာတို့မကျေညက်လေ။

ချစ်သည်လေ။ တစ်သက်လုံးချစ်ခဲ့တာပဲ။ ခွဲရခါနီးမှာ ပိုချစ်တော့တာပေါ့။ ဇနီးက ထားဦး။ တော်တော်ကြာကြာ ချစ်ခဲ့ရပြီး၍ ကျေနပ်သည်ပဲထား။ သမီးက ၁၈ နှစ်။ ချစ်၍ မဝတတ်သေး။ သည်ကြားထဲမှာ သမီးက ကြီးလာလေလေ ဒေါက်တာအောင်ကျော်နှင့် တူလာလေလေ။

ကိုယ့်မျက်နှာ ကိုယ်ပြန်မြင်နေသလိုရှိသော ကိုယ့်သွေး၊ ကိုယ်သားတစ်ဝက်တီတီပါသော သည်ရုပ်နာမ်အတွဲကလေးကို ဘယ်လို မချစ်ဘဲ နေနိုင်ပါမည်လဲ။

ခက်တာက သူတို့ကို ချစ်နေလို့ သင်ခန်းစာတွေ မပြီးလည်း စာမေးပွဲက နောက်ဆုတ်ပေးမှာ မဟုတ်။

သူတို့ အဲသလို လွမ်းပြ၊ ပူဆွေးပြနေလျှင် သင်ခန်းစာတွေ၊ လှေကျင့်ခန်းတွေက တကယ်ကို ထိခိုက်တော့မည်။

ငယ်ငယ်တုန်းက စာမေးပွဲဖြေခါနီး သူတို့နားမှာ စာကျက်၍မရသဖြင့် တမင် ဆေးရုံမှာ သွားသွား စာကျက်သလို ကျက်လို့ရလျှင် အကောင်းသား။

ဒါကလည်း မဖြစ်နိုင်။ ကိုယ်က သူတို့ထူမှ ထနိုင်သည့်ဘဝ။ သံယောဇဉ်ကို ဖြတ်နိုင်မှ အစွဲအလမ်းကင်းကင်းနှင့် ငြိမ်းချမ်းစွာ သေနိုင်မှာ။ သူတို့က ပိုစွဲလမ်းအောင် လုပ်နေကြသည်။

သား။ မင်း မှန်တယ်။ မင်းလည်း ဖေဖေ့ကိုချစ်တာ ဖေဖေ သိတယ်။ မင်းအလုပ်ကို မင်း ပုံမှန် မပျက်မကွက်ဆက်လုပ်နေတာ။ အဲဒါ မင်းအတွက်ရော ဖေဖေ့အတွက်ရောပါ ကောင်းတယ်။ သိလား။ မကြာခဏ သတိမေ့မျောတတ်လာသည်။

နိုးလာတိုင်း ငိုနေသည့် ဇနီးနှင့်သမီးမျက်နှာကို တွေ့ရသည်။ သူကတော့ သူ့ကိုယ်သူ ခဏအိပ်ပျော်သွားသည်ဟုသာ ထင်သည်။ သူတို့တွေကတော့ သူ့ကို မျောနေကြသည်ဟု ထင်ဟန်ရှိသည်။ မျက်လုံးဖွင့်ကြည့်သည်နှင့် 'ကို၊ ဖေဖေ' ဟု အတင်းခေါ်ကြသည်။ သားကြီးက ခေါင်းရင်းကနေ တရားစာရွတ်ဖတ်နေရင်းက ရပ်၍

'မလုပ်ကြနဲ့လေ၊ ဖေဖေ့ ကို စိတ်မဖြောင့်အောင် မလုပ်ကြနဲ့' ဟု တားသည်။

သူ သိပ်နားမလည်။ သူ့အတွက်တော့ ပုံမှန် အိပ်ပျော်နေသလိုပါပဲ။ တစ်ခါတလေ အိပ်မက်ပင် မက်လိုက်သေးသည်။

သူက နောက်ဆုံးနှစ် အပိုင်း (က) စာမေးပွဲ ဖြေမလို့တဲ့။ အိတ်ကပ်ထဲမှာ ဘောပင်နှစ်ချောင်း၊ ခဲတံတစ်ချောင်း၊ ပေတံတိုတစ်ချောင်းထည့်၍ ကျောင်းကို သွားသည်။ ယခု သူ့ကို ဆေးကုနေသည့် သူငယ်ချင်းက တအံ့တသြမေးသည်။

'အောင်ကျော်၊ စာအုပ်လည်း တစ်အုပ်မှ မပါပါလား'

'တော်ပြီကွာ၊ ဝင်ခါနီးမှ ကပ်ဖတ်ရင် ရင်ပူတယ်၊ ချောက်ချားတယ်၊ ညက ညဥ့်နက်အောင် ဖတ်တယ်၊ မိုးလင်းရင် မကိုင်တော့ဘူး'

သူငယ်ချင်းက ခေါင်းတဆတ်ဆတ် ညိတ်သည်။

'မင်းကတော့ စာတွေပြီးနေတာကိုးကွာ'

သူရယ်သည်။

'စာပြီးအောင် ဖတ်ပြီးမှ ဖြေဖြစ်တဲ့ စာမေးပွဲရယ်လို့တော့ ဘယ်ရှိမလဲကွာ၊ ရသလောက် အချိန်ထဲမှာ နိုင်သလောက်တော့ လုပ်ထားပေါ့၊ ဟိုဟာက မလုပ်ရသေးဘူး၊ ဒီဟာက မဖတ်ရသေးဘူး၊ ဒီအချိန် လိုက်တွေးနေရင် ဒီစာမေးပွဲက ဘယ်လိုမှ ဖြေနိုင်မှာမဟုတ်တော့ဘူး၊ ငါ လုပ်သင့်သလောက်၊ နိုင်သလောက် လုပ်ထားပြီးပြီ၊ ထပ်လုပ်ချင်ရင်လည်း လုပ်ဖို့အချိန် မရှိတော့ဘူး၊ စိတ် အေးအေးပဲ ထားဖြေတော့မယ်၊ ဒီလိုပဲ သဘောထားရတာပေါ့'

ခေါင်းတဆတ်ဆတ် ညိတ်နေသော သူငယ်ချင်းမျက်နှာ ရုတ်တရက်ဆိုသလို နှစ်ပေါင်း ၃၀ စာလောက် အိုစာသွားသည်။

ပြီးတော့ သိသိသာသာ မျက်နှာပျက်နေသည်။

'ပရက်ရှာ ဖိးရိုး'

လေသံတိုးတိုးနှင့် ပြောသည်။

ဇနီးနှင့်သမီးတို့၏ ရှိုက်သံများထွက်လာသည်။

'သား လာ၊ ဖေဖေ့ကို ကန်တော့ကြရအောင်'

'ပြီးမှ ကန်တော့ မေမေ၊ ဖေဖေ့ကို တရားစာဆိုပေးရအောင်၊ ညီမလေးလည်း ငိုမနေနဲ့၊ လာ ကိုကိုနဲ့အတူ တရားစာ လာဆိုချေ'

သားအသံ ခေါင်းရင်းက ထွက်လာသည်။

သူ ကျေနပ်စွာပြုံးမိသည်။ ငါ့သား ငယ်ငယ်ရွယ်ရွယ်နဲ့ စာမေးပွဲ ဖြေတတ်နေပါရောလား။

သားအမိ သုံးယောက်စလုံး၏ တရားစာဆိုသံက တိုးတိုးကလေး။ မသဲမကွဲ။ သူ့ရှေ့က သူငယ်ချင်းက နှစ် ၃၀ စာ ပြန်နုပျိုသွားသည်။

'ဘဲလ်တီးနေပြီ ဟေ့ကောင်၊ လာ'

'ရတယ်လေ၊ အချိန်ကျတော့လည်း ဖြေရုံပေါ့'

သူ ထပ်အိပ်ပျော်သွားသည်။



## ဒေဝတာမြို့တော်

( ပြီးခဲ့သောဇာတ်လမ်းအကျဉ်း )

စာပေနှင့် ရုပ်ရှင်နယ်တွင် ခြေရှုပ်နေသောမျောက်ညီနောင်လေးဖော်မှ အငယ်ဆုံးကောင် မျောက်လူသည် စာပေလောကသားများကို ဇာတ်ကောင် လုပ်၍ 'စာပေကြော်ငြာစတိတ်ရှိုးပွဲတော်'ဆိုသော ဝတ္ထုတစ်ပုဒ်ကို ရေးလိုက်ရာ ဇာတ်လမ်းထဲတွင်ပါဝင်သော စာရေးဆရာအချို့က မကျေနပ်သဖြင့် လေထန်ဖုန်းတရားရုံးတွင် တရားစွဲဆိုကြ၏။

သုခမိန်ကြီးပေါင်စိန်က အပြစ်ထင်ရှားသည်ဆိုပြီး မျောက်လူကို လိပ်ခေါင်းခါးစက်ဖြင့် လက်ဖြတ်ပစ်ရန် အမိန့်ချမှတ်သည်။ ဦးရီးတော် ပဝမ်ကွေးနှင့် ပညာရှိအမတ်ကြီး ဘိုးဘိုးကြပ်တို့က မေတ္တာရပ်ခံသဖြင့် အူမတက်မချင်း ကလိထိုးကြရန် ပြောင်းလဲအမိန့်ချသည်။ စာရေးဆရာများလည်း မျောက်လူကို ဝိုင်း၍ ကလိထိုးကြရာ ရယ်ရလွန်းသဖြင့် အူတက်ပြီး သတိလစ်သွားလေ၏။

မပြီးသေးသော ဇာတ်လမ်းအကျယ်

သူ သတိပြန်ရလာ၏။

မရောက်ဖူးသော နေရာတစ်ခု။ ပတ်ဝန်းကျင်ကိုကြည့်လိုက်သည်။ ပင်လုံးကျွတ်ပွင့်နေသော ကသစ်ပင်များမှလွဲ၍ ဘာမှမရှိ။ လူသူလည်း တစ်ယောက်မှ မတွေ့ရ။ မြေပြင်တစ်ခုလုံးမှာ မီးခိုးငွေ့လိုလို၊ မြူနှင်းတွေလိုလို ဝေ့ဝဲပိတ်ဖုံးနေ၏။

ဒါ ဘယ်နေရာလဲဟု စဉ်းစားကြည့်သည်။ မီးခိုးငွေ့တွေရှိပုံထောက်တော့ စတိတ်ရှိုးစင်မြင့် ဖြစ်မှာပဲ တွေးမိသေးသည်။ စတိတ်ရှိုးစင်မြင့် ဆိုလည်း ဒီလောက်တော့ ကြီးမားကျယ်ပြန့်စရာ အကြောင်းမရှိ။ စည်ပင်သာယာကများ အထူးသန့်ရှင်းရေးအတွက် ခြင်ဆေးငွေ့တွေ မှုတ်ထားတာလား၊ ဒါလည်း မဖြစ်နိုင်။ မီးခိုးငွေ့တွေ အပေါ်ကို ပျံ့လွင့်တက်မလာဘဲ မြေပြင်မှ တစ်ပေလောက်မှာသာ ဝပ်ဆင်းဝေ့ဝဲနေ၏။ သူ အစဉ်းစားရကြပ်လာသည်။ ထို့ကြောင့်

"ဘယ်မှာလဲ မသိတော့ဘူး၊ ပြောပါတော့ ပြောပါတော့"ဟု သံကုန်အော်လိုက်၏။

ထိုအခါ ရှေ့ခပ်လှမ်းလှမ်းဆီတွင် မီးခိုးငွေ့တွေ အနည်းငယ်ပြယ်သွားပြီး တံတားလေးတစ်စင်းကို လှမ်းမြင်လိုက်ရသည်။ သူ ထရပ်ပြီး တံတားလေးဆီသို့ လျှောက်သွားသည်။

တံတားအောက်တွင် ရေမရှိဘဲ ရွှေမှုန်ငွေမှုန်ကလေးတွေသာ တလွင့်လွင့် မျောနေသည်။ တံတား၏ တစ်ဘက်ကမ်းမှာတော့ ကနုတ်ပန်းပွင့်တွေနှင့် ဘောင်ကွပ်ထားသော ဆိုင်းဘုတ်တစ်ခုရှိ၏။

"ဒေဝတာမြို့တော်"

ထိုအခါကျမှ နတ်ပြည်၏ အဝင်ဝကို ရောက်နေကြောင်း သိလိုက်ရ၏။ ဒါဆိုငါက သေခဲ့ပြီပေါ့ဟု တွေးလိုက်၏။ ဒီလိုလည်း မဟုတ်သေး။ သူ့ခန္ဓာကိုယ်က အကောင်းပကတိအတိုင်းကြီး ရှိနေသေးသည်။ အရှင်လတ်လတ် နတ်ပြည်ရောက်တာမျိုးများလားဟု သူ့ကိုယ်သူ အထင်ကြီးမိလိုက်၏။ သို့ရာတွင် သူ့ပုံစံက အရပ်ဝတ်အရပ်စားနှင့်ပဲ ရှိနေ၏။ နတ်ဝတ်တန်ဆာတွေ၊ မကိုဋ်တွေနှင့်နှင့် မဟုတ်။

နတ်ဆိုလျှင် တန်ခိုးရှိသည်၊ လိုတရသည်ဟု ကြားဖူးသည်။ စမ်းကြည့်မှပဲ ဆိုပြီး...

"လက်ဖက်ရည်တစ်ခွက် လာထား"

ဟု ခေါ်ပြီး လက်ဝါးဖြန့်လိုက်၏။ ဘာမှမလာ။ ဒါဆိုလျှင်တော့ မဟုတ်သေးဘူး။ ဒါတွေ နောက်မှ စဉ်းစား၊ ခုလောလောဆယ်ရောက်တုန်း ရောက်ခိုက် ဝင်လေ့လာသွားဦးမှပဲ။ ဒါမှ လူ့ပြည်ပြန်ရောက်တဲ့အခါ

ဂျာနယ်မှာ ဆောင်းပါးရေးလို့ ရမည်။ ဒါမှမဟုတ် ဆရာအောင်မောင်းတို့၊ ဆရာကျော်ရင်မြင့်တို့၊ ဆရာကိုရိုးကွန့်တို့လို ခရီးသွား အတွေ့အကြုံ ဆောင်းပါးတွေ ရေးနိုင်မည်။ ခေ၊ မြန်မာ့ခေ၊ ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန် မဂ္ဂဇင်းတွေက စာမူခကောင်းကောင်း ပေးသည်ဟု ကြားဖူး၏။

သူသည် တံတားလေးပေါ် ဖြတ်လျှောက်လိုက်၏။ အလယ်လောက် အရောက်မှာပင် တစ်ဘက်ကမ်း တံတားထိပ်တွင် ဝုန်းခနဲ ဝုန်းခနဲ မီးလုံးကြီးများ ထွက်လာပြီးနောက် လူနှစ်ယောက်ပေါ်လာသည်။

သူတို့သည် အရပ်ခြောက်ပေကျော် ခုနစ်ပေနီးပါးရှိသော လူထွားကြီးများ ဖြစ်ကြ၏။ အလွန်တောင့်တင်း သန်မာကြပုံရသည်။ ပုဆိုးခါးတောင်းကျိုက်ထားပြီး အပေါ်ပိုင်းမှာ ဘာမှဝတ်ဆင်မထားကြ တစ်ယောက်က ခက်ရင်းခွလှံတံကြီး ကိုင်ထားသည်။ နောက်တစ်ယောက်က ပေါက်ဆိန်ကြီးကို ထမ်းထား၏။

တစ်ယောက်က လက်လှမ်းတားပြီး

"ရပ်လော့၊ ရပ်လော့"

ဟု ပြော၏။ မျောက်လူက

"ခင်ဗျားတို့ ဘာလုပ်ကြတာလဲ၊ ဂိတ်ကြေးတွေ မကောက်ရတော့ဘူးလို့ ညွှန်ကြားထားတယ် မဟုတ်လား"

ဟု ခပ်တည်တည် ပြန်ပြောသည်။ အစောင့်က

"ဘာတွေ လာပြောနေတာလဲ၊ နားမလည်ဘူး၊ မင်းနာမည် ဘယ်သူလဲ"

"မျောက်လူ"

"ရှာကြည့်စမ်းဟေ့"

ဘေးကတစ်ယောက်ကို လှည့်ပြောလိုက်သည်။ အစောင့်တစ်ယောက်က သားရေစာအုပ်ကြီးကို လှန်ကြည့်ပြီး

"မတွေ့ဘူး"

"ကဲ...ဒီကိုလာရမယ့်စာရင်းထဲမှာ မင်းနာမည်မပါဘူး၊ ဒီကပဲ လှည့်ပြန်ပေတော့"

"ဒီလိုပါ၊ ကျွန်တော်က ခဏအလည်လာတာပါ၊ ကြုံတုန်းဝင်ပြီး လေ့လာချင်လို့"

"ဒါဆို ဖိတ်စာပါလား"

ဟိုက်၊ ဒီမှာလည်း ဖိတ်စာပြဿနာ ရှိတာပါလား၊ ဘာပဲဖြစ်ဖြစ် ဂျာနယ်သမားတွေနဲ့ ပေါင်းနေတာပဲ၊ ဒီလောက်တော့ ရပါတယ်ဟု တွေးပြီး ခပ်တည်တည်ဖြင့်

"ကျုပ်က စာရေးဆရာဗျ၊ ဖိတ်စာ မလိုဘူး"

"ဒါ ရုပ်ပါမားကက် မဟုတ်ဘူး၊ ဝင်ချင်တိုင်းဝင်လို့ ရတယ်မှတ်နေလား"

အင်း...ဒီလူတွေကြည့်ရတာ လူ့ပြည်မှာတုန်းက ဆေးရုံအပေါက် စောင့် လုပ်ဖူးတယ်ထင်တယ်ဟု တွေးပြီး အင်္ကျီအိတ်ထဲ လက်နှိုက်မည်ပြုစဉ်...

"အံ့မယ်ကြည့်စမ်း၊ လူ့ပြည်ကအပေါက်မျိုး လာချိုးနေတာကိုး၊ ဟော့ သွားမလား၊ မသွားဘူးလား"

ဆိုပြီး ပေါက်ဆိန်ကြီးကို မြှောက်၍ ရွယ်လိုက်၏။ ကိုင်း...ဒီလိုမှ မရရင်တော့ ရတဲ့နည်းကို သုံးရတော့မှာပေ့ါ။ ထို့ကြောင့် လွယ်အိတ်ထဲ တွင်ပါလာသော ပတ္တမြားကျောက်စီပုလင်းကိုထုတ်၍ မြှောက်ပြလိုက်ရလေသည်။

ထိုအခါကျမှ အစောင့်နှစ်ယောက်လည်း ပျာပျာသလဲ ဒူးထောက်ထိုင်ချလိုက်ပြီး...

"ဝမ်းပက်၊ ဝမ်းပက်၊ ဝမ်းဝမ်းပက်"

ဟု ပြိုင်တူအော်၍ အရိုအသေပေးကြ၏။

သူတို့ကို ပတ္တမြားကျောက်စီပုလင်းထဲမှ နှစ်တစ်ထောင် ရှည်မတက်ဥ စိမ်ထားသော ဘီအီးတစ်ပက်စီ တိုက်လိုက်သောအခါ အစောင့်များလည်း အငမ်းမရ မော့သောက်ကြပြီးနောက်...

"ဆရာ ဘယ်ကို သွားချင်လို့ပါလဲ အမိန့်ရှိပါ"

"ကျုပ် စာရေးဆရာတွေရှိတဲ့နေရာ သွားချင်တယ်၊ ကကတစ်စင်း

လောက် ခေါ်ပေးစမ်းပါ”

“ဒီမှာ ကကတော့ မရှိဘူး၊ နနပဲ ရှိပါတယ်”

“အဲဒီ နနပဲ ခေါ်ဗျာ”

သူတို့က ‘နနတစ်စင်း လာထား’ဟု အော်လိုက်သောအခါ စောစော ကလို ဝုန်းခနဲ မီးခိုးလုံးကြီးတက်လာပြီးနောက် ဇာတ်သဘင်တွေထဲမှာ တွေ့ဖူးသော ပန်းရထားလို ယာဉ်တစ်စင်းပေါ်လာသည်။ တစ်ခုရှိတာက ဇာတ်ထဲက ပန်းရထားတွေလို ချပ်ဘီးမျိုးမဟုတ်ဘဲ သတ္တုစပ်အလွှိုင်းဘီး တပ်ထားခြင်းပင် ဖြစ်၏။ ပန်းရထားမောင်းသူက

“ဘယ်သွားမလဲ အကြည်တော်၊ အဲ...သူငယ်ချင်းက ဘယ်လိုဖြစ် လာတာလဲ၊ လာချိန်လည်း မတန်သေးဘဲနဲ့” ကဗျာဆရာခေါင်းထက်က မေးသဖြင့် “ကျွန်တော် ခဏ လာလည်တာ ရောက်တုန်းရောက်ခိုက် လှေ့လာချင်လို့၊ အဲ နေစမ်းပါဦး၊ ခင်ဗျားက ဒီမှာ တက္ကစီမောင်းနေတာ လား”

“ဘယ်ကလာ တက္ကစီရမှာလဲ၊ ဒါ ကိုယ်ပိုင်ပါ၊ ကဗျာရေးနေရင်းက ခေါင်းကြည်လင်သွားအောင် အပြင်တစ်ပတ် ထွက်မောင်းရင်း မုခ်ဝက အကူအညီတောင်းသံကြားလို့ လာခဲ့တာ၊ ဒီမှာတော့ ဒီလိုပဲ ကြုံတဲ့ရထား က ကြုံသလို ခေါ်တင်သွားကြတာပဲ”

“ဩော် မသိပါဘူး၊ ဟိုပုဂ္ဂိုလ်တွေက နနလို့ပြောတာနဲ့ လူပြည်က ကကလိုများလားလို့”

“ဒီမှာတော့ ဒီလိုပဲ ခေါ်ကြတာပဲ”

ခေါင်းထက်ကို အကဲခတ်ကြည့်လိုက်သောအခါ နတ်ဝတ်နတ်စား နှင့်မဟုတ်ဘဲ စတစ်ကော်လာ ရှပ်အင်္ကျီဖြူနှင့် မာစရိုက် ချည်ချောလုံချည် သာ ဝတ်ထားတာ တွေ့သဖြင့်...

“ခင်ဗျားအဝတ်အစားက...”

“ဩော်...ခင်ဗျားက ပြောင်ပြောင်လက်လက် ချွန်ချွန်တက်တက်တွေ ဝတ်ထားမယ်ထင်လို့လား၊ အဲဒါက ဇာတ်ထဲမှာ ဝတ်ကြတာပါ၊ ဒီမှာတော့ ကိုယ်ဝတ်နေကျအတိုင်းပဲ ဝတ်ကြတာပါပဲ”

"သူငယ်ချင်း ခုနပြောတဲ့အထဲမှာ ကဗျာရေးနေတယ်ဆိုတာ ပါတယ်နော်၊ ကဗျာရေးပြီး ဘာသွားလုပ်မှာလဲ"

"မဂ္ဂဇင်းထဲ ထည့်မှာပေါ့"

"ဒီမှာ မဂ္ဂဇင်းရှိတယ်"

"ရှိတာပေါ့။ စာရေးဆရာတွေ ကွယ်လွန်ပြီး နတ်ပြည်ရောက်သလိုပဲ၊ မဂ္ဂဇင်းတွေလဲ ကွယ်လွန်တဲ့အခါ နတ်ပြည်ရောက်လာတာပဲလေ"

"ဘယ်လိုဗျ၊ ကျွန်တော် နားမလည်ဘူး"

"ဒီလိုလေ၊ လူ့ပြည်မှာထုတ်တဲ့ မဂ္ဂဇင်းတွေထဲက ဆက်မထုတ်နိုင်ဘဲ ရပ်သွားတဲ့ မဂ္ဂဇင်းတွေဟာ ကွယ်လွန်ကုန်ကြတဲ့သဘောပဲ မဟုတ်လား၊ အဲဒီမဂ္ဂဇင်းတွေကို နတ်ပြည်မှာ ဆက်ထုတ်ကြတာပေါ့"

"တယ်ဟုတ်ပါလားဗျ"

"ဟိုမှာရော မဂ္ဂဇင်းတွေ အခြေအနေဘယ်လိုရှိလဲ"

"ဒီလိုပါပဲ...၊ တချို့မဂ္ဂဇင်းတွေကတော့ အဆင်ပြေကြပါတယ်၊ အများစုကတော့ မပြုတ်အောင် အတော်ကြိုးစား ရပ်တည်နေကြရတာ ခင်ဗျားတို့ဆီမှာ မဂ္ဂဇင်းတွေ တိုးကောင်းတိုးလာနိုင်တယ်ဗျို့၊ ဂျာနယ်တွေကတော့ တော်တော်များတယ်၊ ဂျာနယ်တစ်ခေတ်လို့တောင် ဆိုနိုင်တယ်"

"ရေးစရာ၊ နေရာများလာတော့ စာရေးဆရာတွေအတွက် ကောင်းတာပေါ့ဗျာ၊ ကဗျာတွေ အခြေအနေကော ဘယ်လိုရှိလဲ"

"ကဗျာကတော့ အခြေအနေကောင်းတယ်ပြောရမှာပဲ၊ ပုံသဏ္ဌာန်ရော အကြောင်းအရာပါ ပိုပြီးဆန်းသစ်တဲ့ကဗျာတွေ ရေးလာကြတယ်၊ လူငယ်ကဗျာဆရာတွေလည်း အများကြီး ထွက်လာတယ်၊ တော်ကြပါတယ်"

"ဒါဆိုရင်တော့ ဝမ်းသာစရာပဲ၊ အဲဒါနဲ့ ခင်ဗျားဘယ်သွားချင်သလဲ ပြောဦးလေ"

"ကျွန်တော့်အဖေဆီ သွားချင်တယ်"

"ဆရာသာခုက ဆရာကြီးတွေချည်းပဲ စုပြီးနေတဲ့ နေရာမှာဗျ၊ လူကြီးတွေ စိတ်အေးချမ်းသာ နေလို့ရအောင်ဆိုပြီး ဆိတ်ငြိမ်ရပ်ကွက်မှာ နေရာ

ပေးထားတာ၊ ပြီးမှ အေးအေးဆေးဆေး သွားတာပေါ့"

"ခင်ဗျားတို့ကျတော့ ဘယ်မှာနေကြလဲ"

"ခြောက်ထပ်ဗိမာန်တွေမှာ ကိုယ့်အခန်းနဲ့ ကိုယ်နေကြတာပဲ"

"ခင်ဗျားတို့ကျတော့ သီးခြားဗိမာန် မရဘူးလား"

"လိုချင်ရင်တော့ မြို့တော် အုပ်ချုပ်ရေးအဖွဲ့ဆီ လျှောက်လို့ ရပါတယ်၊ ဒါပေမယ့် ဘာလုပ်မှာလဲ၊ ခုလို လူငယ်တွေစုပြီးနေရတာက ပိုပြီး ပျော်စရာကောင်းတာပေါ့။ ဆရာဒေါင်းနွယ်ဆွေတောင် သူရတဲ့ ဗိမာန်ကြီးက ခမ်းနားလွန်းလို့ မနေတတ်ဘူးဆိုပြီး ကျွန်တော်တို့ဆီမှာ မကြာခဏ လာနေတတ်တယ်"

"ဆရာဒေါင်းက ဒေါ်သကြီးတုန်းပဲလား"

"ထုံးစံအတိုင်းပဲ၊ ဒါပေမယ့် ဆရာ့ဒေါသက အတ္တနဲ့ယှဉ်တဲ့ဒေါသမှ မဟုတ်ဘဲ၊ ကဗျာဒေါသကိုး၊ အားလုံးက ကျေနပ်ကြပါတယ်"

"ခင်ဗျားတို့ စုပြီးနေကြတာ ဘယ်သူတွေရှိလဲဗျ"

"ဆရာမောင်လေးအောင်က အကြီးဆုံးပေါ့၊ ဆရာ မောင်လူမိုက်လဲ ရှိတယ်၊ ခင်ဗျားတို့အုပ်စုထဲက တိုးမိုးလည်း ရှိတယ်"

"အေးဗျာ၊ တိုးမိုးနဲ့လည်း တွေ့ချင်သေးတယ်၊ ဒီကောင် ခုထိ အပျင်းထူတုန်းပဲလား"

"အကျင့်ဆိုတာကတော့ ဖျောက်နိုင်ခဲ့သားပဲ၊ သူ့အခန်းထဲမှာ တကုပ်ကုပ်နဲ့ ရေးနေတာတော့ တွေ့တွေ့နေတာပဲ။ များသောအားဖြင့်တော့ လိမ့်အိပ်နေတာပဲ"

"တခြားကော ဘယ်သူတွေ ရှိသေးလဲ"

"ပန်းချီတဂိုးမျိုးလဲ ရှိတယ်၊ ဒါပေမယ့် သူက ဆရာဗဂျီအောင်စိုးဆီ သွားနေတာများတယ်"

"ဦးလေးအောင်စိုးနဲ့တွေ့ရင် သူ့ပန်းချီကားတွေကို နိုင်ငံခြားက အရမ်းဈေးကြီးပေးပြီး ဝယ်နေကြတယ်ဆိုတာ ပြောပြလိုက်ပါဦး"

"ဟုတ်လား ဆရာကြီးတော့ ဝမ်းသာမှာပဲ"

"ဒါနဲ့ စကားမစပ်၊ ခုနခင်ဗျားပြောတဲ့အထဲမှာ မြို့တော်အုပ်ချုပ်ရေးအဖွဲ့ဆိုတာ ကြားလိုက်ပါတယ်၊ ဘယ်သူတွေနဲ့ ဖွဲ့ထားတာလဲ"

"ဆရာကြီးသခင်ကိုယ်တော်မှိုင်းက နာယက၊ ဆရာကြီးဂျမ်းလှကျော်က ဥက္ကဋ္ဌ၊ ဆရာ သိပ္ပံမောင်ဝက အတွင်းရေးမှူး၊ ဆရာပီမိုးနင်း၊ ဆရာကြီးဒဂုန်ရွှေမျှား၊ ဆရာဇော်ဂျီ၊ ဆရာကြီးဦးရန်အောင်၊ ဆရာဦးခင်မောင်လတ်တို့က အဖွဲ့ဝင်တွေ"

"ဟိုတလောက ဆရာမကြီး ဒေါ်ခင်မျိုးချစ်လိုက်လာတော့ ဆရာလတ်ကြီး ပျော်မသွားဘူးလားဗျ"

"ပျော်တာပေါ့၊ ဘာဖြစ်လို့ခုမှလိုက်လာတာလဲလို့တောင် အပြစ်တင်သေးတယ်။ ဆရာမကြီးက ကျုပ်က ရှင်သွားပြီးကတည်းက လိုက်လာချင်တာ၊ ဟိုက စာရေးဆရာတွေက အတင်းဆေးကုပြီး ဝိုင်းဆွဲထားလို့ဆိုပြီး ချော့လိုက်မှ ကျေနပ်သွားတာ"

ပန်းရထားသည် လှစ်ခနဲ လှစ်ခနဲ ပြေးနေ၏။ လမ်းတွေက စကျင်ကျောက်လို ဖြူဖွေးပြီး ညီညာချောမွေ့လှသည်။ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ တိမ်တောင်တိမ်လိပ်တွေက မိုးပေါ်မှာမဟုတ်ဘဲ မြေပေါ်မှာပင်။ ဇောင်းထက် စောစောကပြောခဲ့သော လူငယ်တွေ စုပေါင်းနေကြသည့် ခြောက်ထပ်ဗိမာန်များ၊ လုံးချင်းဗိမာန်များကို မြင်ရသည်။

"ခင်ဗျား ဘယ်ကို အရင်သွားချင်တယ်ဆိုတာ ပြောဦးလေ"

ဟုဇောင်းထက်က သတိပေးသည်၊ ရင်းရင်းနှီးနှီး ပြောမနာဆိုမနာ ရှိနိုင်မည့်သူတစ်ယောက်ကို စဉ်းစားမိသည်။

"အစ်ကိုကြီးငြိမ်းကျော်ဆီကို ပို့ပေးပါ"

"အတော်ပဲ ဒီဘက်လမ်း ချိုးသွားရုံပဲ"

သူကပြောပြီး ရထားကို ဘယ်ဘက်ကွေ့လိုက်၏။ ကွေ့တယ်ဆိုရာမှာ ကားတွေလို စတီယာရင်ကိုလှည့်ပြီး ကွေ့ခြင်းမျိုးမဟုတ်။ ဘယ်လက်ကို ဆန့်ထုတ်ပြီး ညွှန်လိုက်ရုံဖြင့် အလိုလို ကွေ့သွားခြင်းဖြစ်၏။

"ခင်ဗျားယာဉ်က တယ်ဟုတ်ပါလား၊ ဒါနဲ့ ဒီပန်းရထားက ရှေ့ယက်လား၊ နောက်ယက်လား"

"အရေးထဲ နောက်နေပြန်ပါပြီ"

ထိုစဉ်ရှေ့မှ ပန်းရထားတစ်စင်း အရှိန်ပြင်းစွာ နှင်လာသည်။ မောင်းလာသူက ဆရာအထောက်တော်လှအောင်။ မျောက်လုံ့က လှမ်းနှုတ်ဆက်

သည်။ ဆရာသည် ရေးကြီးသုတ်ပျာနိုင်လှ၏။ ကောင်းကောင်းတောင် စကားမပြောလိုက်ရ။

"အောင်ပြည့်တစ်ယောက်နေကောင်းရဲ့လား၊ ဝင်းငြိမ်းရော၊ မြတ်နိုင်ရော"

ဟု သတိရသမျှ လှမ်းအော်မေးရင်း တစ်စတစ်စ ဝေးသွားသည်။

ခေါင်းထက်၏ပန်းရထားသည် လမ်းချိုးကလေးတစ်ခုထဲ ကွေ့ဝင်သည်။ ဂရင်းနိုက်လို ကျောက်သားမျိုးဖြင့် ဆောက်ထားသော ဗိမာန်တစ်ခုရှေ့မှာရပ် ရပ်သည်။

"ဒါ ဆရာငြိမ်းကျော်ရဲ့ ဂေဟာပဲ၊ ခင်ဗျားပြန်ချင်တဲ့အချိန်ကျရင် လာထားလို့ သုံးခါအော်လိုက်"

ဟု ပြောပြီး ထွက်သွားသည်။

အဆောက်အဦထဲသို့ ဝင်လိုက်၏။ ဆရာငြိမ်းကျော်သည် ကြမ်းပေါ်မှာ ဖျာကလေးခင်း ဝမ်းလျားမှောက်ပြီး ရင်ဘတ်အောက်မှာ ခေါင်းအုံးကလေးခုလျက် စာရေးနေသည်။

"အစ်ကိုကြီး"

မော့ကြည့်ပြီး အံ့ဩသွား၏။

ပြီးမှ

"ဟာ...ဟော့ကောင် မင်းလာလည်တာ မဟုတ်လား"

ထထိုင်ရင်း မေးသည်။

"အံမယ် ကျွန်တော် လာလည်ရုံသက်သက်ပဲဆိုတာ ဘယ်လိုသိလဲ"

"သိတာပေါ့ကွ၊ မင်းကိုယ်က လူစော်နံနေသေးတာကိုး။ တို့ဆီက ပုဂ္ဂိုလ်တွေမှာ ကိုယ်နံ့လုံးဝမရှိဘူးကွ"

"အစ်ကိုကြီး ဘာတွေ ရေးနေတာလဲ"

"ဟိုမှာတုန်းက မပြီးပြတ်သေးတာလေး ဆက်လုပ်နေတာပါကွာ၊ ပျူခေတ်ဂီတအကြောင်း သုတေသနစာတမ်းလေ၊ ဒါနဲ့ မင်း အတူးဆီရော ရောက်သေးရဲ့လား" သူ့ဇနီးကို သတိတရ မေးသည်။

"အရင်ကတော့ ဆွမ်းကျွေးရှိတိုင်း ရောက်ပါတယ်၊ ခုနောက်ပိုင်း မရောက်ဖြစ်တာ နည်းနည်းကြာသွားပြီ"

"ဒီရောက်တော့ မင်းအဖေဆီ သွားပြီးပြီလား"

"မသွားရသေးဘူး၊ အစ်ကိုကြီးဆီ အရင်ဆုံးဝင်လာတာ"

"ဒီအချိန်သွားလဲ မင်းအဖေ နိုးမှာမဟုတ်သေးဘူး"

"အဖေဒီမှာနေရတာ အဆင်ပြေရဲ့လား"

"ပြေပ့ါဗျာ၊ မင်းအဖေက သူ့ရဲ့ ရေးဖော်ရေးဖက်တွေနဲ့ ပြန်တွေ့နေလို့ ဟန်ကျနေတယ်။ ဆရာတင့်တယ်၊ ဆရာသန်းဆွေ၊ ဆရာအောင်လင်း၊ ဆရာသော်တာဆွေ၊ ဆရာစိန်ခင်မောင်ရီတို့လေ၊ ပဒေသာမဂ္ဂဇင်း ပြန်ထုတ်ဖို့တောင် ကြိတ်ပြီးတိုင်ပင်နေတယ် ကြားတယ်။ ခုလောလောဆယ် ရှုမဝမှာ ရေးနေကြတယ်ကွ"

"သြော် ရှုမဝလဲ ပြန်ထွက်နေတာကိုး၊ ဦးလေးဆွေနဲ့ ဦးလေးကျော် ပြန်ဆုံကြပြီပေါ့"

"အစစ်ပဲ၊ ရှုမဝဦးကျော်က ဆရာသော်တာဆွေကို ကိုရင့်စက်ကွင်းကလွတ်ပြီဆိုပြီး ဝမ်းသာနေတာ၊ အခုတော့ ကိုရင်ဟာ ဒီအထိ လိုက်လာပြီး ကျုပ်ကို ဒုက္ခပေးဦးမလားဆိုပြီး ခဏခဏ ပြောတယ်တဲ့"

"ဦးလေးဆွေက ဦးလေးကျော်ကို စိတ်တိုအောင် အမြဲ စ,နေ နောက်နေကျကိုး"

မျောက်လူက ရယ်ရင်းပြောသည်။ ဆက်၍

"ဒါနဲ့ ဦးလေးကိုတင်အောင်ကော"

"ဆရာဇန်းမော်တင်အောင်လား၊ သူကတော့ ဒီမှာ ဖေးဇရိတ်ပဲလေ၊ အားလုံးက ချစ်ကြခင်ကြ၊ လေးစားကြတယ် မဟုတ်လား၊ မင်းအဖေဆိုရင် သူ့ကို ခဏခဏဖိတ်ပြီး စကားတွေ ထိုင်ပြောလိုက်ကြတာ တစ်ခါတစ်ခါ သုံးလေးရက်တောင် ကြာတတ်တယ်"

"ဆရာမြရော၊ ဒီကို ရောက်လာပြီမဟုတ်လား"

"အေးလေ၊ ရောက်လာလို့ ကြိုဆိုပွဲတောင် အကြီးအကျယ်လုပ်ကြသေးတယ်"

"ဆရာမြသန်းတင့်နဲ့လဲ တွေ့ချင်သေးတယ်"

"သူမရှိဘူး၊ ခရီးသွားနေတယ်"

"ဟင်...ရောက်တာမှ မကြာသေးဘူး"

"ဆရာမြအကြောင်း မင်းသိသားပဲ၊ ခရီးသွားရတာကို သိပ် ဝါသနာပါတာ မဟုတ်လား၊ ဒီကြားထဲ အလုပ်မရှိရင် မနေတတ်တဲ့ဆရာမင်းကျော်ရယ်၊ ငြိမ်နေရင် မအီမသာဖြစ်တတ်တဲ့ ဆရာမောင်နေဝင်းရယ်နဲ့ ပေါင်းမိတော့ နတ်ပြည်ခြောက်ထပ်တစ်ခွင် ပြုံပြုံစင်အောင် လှေလာရေးခရီးထွက်နေကြလေရဲ့ကွာ"

"နင်ရောက်တယ်လို့ ဖောင်းထက်ကပြောလို့ လာခဲ့တာ"

ဟု ပြောသည်။ ရုတ်တရက် မမှတ်မိ။ သေသေချာချာ ကြည့်တော့မှ

"ဟင် အစ်မ၊ ကြည့်စမ်း၊ ရုတ်တရက် မမှတ်မိဘူး၊ အသားတွေဖြူပြီး ပိုချောလာတယ်"

သူကား ဆရာမမိုးမိုး(အင်းလျား)ပင်တည်း။

"နင် အဲဒီလို မြှောက်ပင့်ပြောရင် ငါ လန့်တယ်၊ ဆရာကောက်လှိုင်းပြောလို့ ငါသိပြီးပြီ၊ နင်က စာရေးဆရာတွေကို ဓာတ်ကောင်လုပ်ပြီး ပေါက်ကရတွေ ရေးနေတယ်ဆို"

"စာပေသမားတွေ ပျော်စေချင်လို့ပါဗျာ"

"ငါ့ကိုတော့ ချမ်းသာပေးပါဟယ်၊ နင်ရေးချင်ရင် မစန္ဒာအကြောင်းများများရေး"

"ဒါတော့ စိတ်ချပါ"

"ဟဲ့၊ သူက စာ သိပ်မရေးတော့ဘူးဆို"

"ဟုတ်တယ်၊ ဆောက်လုပ်ရေးဘက်မှာ အလုပ်များနေလို့ မအားဘူး"

"ဟယ်...တိုက်တွေဆောက်တာ ဘယ်သူဆောက်ဆောက် ရပါတယ်။ စာက လူတိုင်း ရေးနိုင်တာ မဟုတ်ဘူး"

"ဟာ...ဟုတ်တယ်၊ ဟုတ်တယ်၊ အစ်မကြီးမစန္ဒာနဲ့ တွေ့ရင် အဲဒါပြောပြရမယ်"

"ကဲ...ငါလဲ သွားဦးမှ၊ တွေ့ချင်လို့သာ ဝင်လာတာ၊ သွားစရာရှိသေးတယ်၊ ဒီနေ့ဆွေးနွေးပွဲ ရှိတယ်၊ သတင်းစာပညာအကြောင်းကို ဆရာသိန်း

ဖေမြင့်ရယ်၊ ဆရာဦးညိုမြရယ်၊ ဆရာလူထုဦးလှရယ်က ဦးဆောင် ခွေးရွေးကြမှာ"

"ကျွန်တော်လဲ နားထောင်ချင်လိုက်တာ"

"မရဘူးဟ၊ ကြိုတင်စာရင်းပေးထားတဲ့လူမှ ဟက်ခွင့်ရတာ၊ ကိုငြိမ်းကျော်ရော မတက်ဘူးလား"

"လာခဲ့မယ်၊ ဒီကောင့်ကို သူ့အဖေဆီ လိုက်ပို့ပေးလိုက်ဦးမယ်"

ဆရာမမိုးမိုးအင်းလျားထွက်သွားပြီးနောက် ဆရာကိုငြိမ်းကျော်က သူ၏ပန်းရထားဖြင့် ဆရာကြီးများနေထိုင်ရာအရပ်သို့ လိုက်ပို့ပေးသည်။ သွားရင်းက ဗိမာန်ကြီးများကို ညွှန်ပြပြီး "ဒါက ဆရာကြီး မဟာဆွေရဲ့ ဗိမာန်၊ ဟိုဘက်က ဆရာကြီးဦးရန်အောင်နေတာပေါ့" စသည်ဖြင့် ညွှန်ပြသွား၏။

ဆရာကြီးများနေသော နေရာမှာ မြို့တော်၏ဆိတ်ငြိမ်အေးချမ်းသော နေရာဖြစ်၏။ သစ်ပင်အုပ်များကြားတွင် လျှိုမြောင်စိမ့်စမ်းများဖြင့် အလွန်သာယာသည်။ ကျောက်စိမ်းတောင် တောင်ကုန်းများပေါ်မှ ရွှေမှုန်၊ ငွေမှုန်များက ရေတံခွန်လို စီးကျနေသည်။ သစ်ပင်များပေါ်တွင် တစ်ခါမှမမြင်ဖူးသော ပုံသဏ္ဍာန်မျိုးစုံရှိသည့် ရောင်စုံပန်းများ ဖူးပွင့်နေသည်။

"ကဲ ရောက်ပြီ၊ ဟောဒါက ဆရာသာခုရဲ့ ဗိမာန်ပဲ"

အဖေ့ဗိမာန်ကို သူ့အကြိုက်မီးခိုးရောင် သုတ်ထားသည်၊ ပုံသဏ္ဍာန်က သူ၏စာသဘင်စာအုပ်တိုက် တံဆိပ်လို စာအုပ်ပုံပါဝင်သော ကျောက်တိုင်ကြီးထောင်ထားသည့်အတိုင်း ဖြစ်၏။

"တံခါးပိတ်ထားတယ်ကွ၊ မနိုးသေးဘူးထင်တယ်"

ထိုစဉ်တစ်ဘက်မှ လှမ်းအော်သံ ကြားရသည်။

"ဟေ့ ဘယ်သူတွေလဲကွ၊ ဒီအချိန် သာခု မနိုးသေးဘူးဆိုတာ မသိဘူးလား"

အသံကြားရာကို လှမ်းကြည့်လိုက်တော့ ဆရာသော်တာဆွေ။

"ဟာ...ဦးလေးဆွေ"

"ဟယ်...ခွေးပစ်တဲ့ တုတ်ပါလား၊ ဘယ်က ဘယ်လို ရောက်လာ

တာလဲ"

ခေါ်နေကျအတိုင်း နှုတ်ဆက်သည်။

"ကျွန်တော် ခဏလာလည်ရင်းအဖေ့ဆီလာတာ"

"ဟာ...ကိုယ့်အဖေအကြောင်း ကိုယ်မသိဘူးလား၊ ဒီကောင်က ဇိုးကွက်လိုပဲ၊ လူတွေအိပ်တဲ့အချိန် အလုပ်လုပ်ပြီး သူများတွေနိုးရင် သူက အိပ်ရော၊ ကဲ...လာလာ ငါနဲ့ စကားလေးဘာလေးပြောရင်း စောင့်ပေါ့ကွာ"

ဆရာသော်တာဆွေဘက် ကူးလာခဲ့သည်။ သူ၏ဗိမာန်ကတော့ ပုံဆန်းဆန်းဖြစ်၏။ ပုလင်းတစ်လုံးထောင်ထားသည့်ပုံဖြစ်ပြီး ထိပ်မှာ ကြက်နှစ်ကောင်ခွပ်နေပုံ ရုပ်ထုကို တပ်ထားသည်။

"ဟို လူပိန်သလောက် အသံပြဲတဲ့ကောင်၊ မင်းလည်း လာလေကွာ"

ဆရာငြိမ်းကျော်ကို လှမ်းခေါ်သည်။

"ကျွန်တော် သတင်းစာပညာဆွေးနွေးပွဲသွားမလို့ ဆရာ၊ မဝင်တော့ဘူး၊ ဒီကောင်ကို လိုက်ပို့တာ"

ဟု ပြောပြီး ဆရာငြိမ်းကျော် ထွက်သွားသည်။

"လာကွာ၊ ဒီမှာပဲ ထိုင်တော့"

အပြင်ဘက်ရှိ ကျောက်သားထိုင်ခုံမှာ ထိုင်ခိုင်းသည်။ ကျောက်စားပွဲဝိုင်းကြီးဘေးမှာ ထိုင်ခုံကလေးတွေ ခင်းထားခြင်းဖြစ်၏။ ကျောက်သားဆိုသော်လည်း ထိုင်ချလိုက်သောအခါ အိအိစက်စက် နွေးနွေးထွေးထွေး ရှိလေသည်။

"ကဲ၊ မင်းက ဧည့်သည်ဆိုတော့ ငါကပဲ ဧည့်ခံရမှာပေါ့ကွာ"

ဆိုပြီး ဆရာသော်တာဆွေက ကျောက်စားပွဲအောက်မှ ပုလင်းတစ်လုံးကို ထုတ်ပြီး စားပွဲပေါ်တင်သည်။

"ဟာ...ဦးလေး ကျွန်တော် မသောက်ဘူး"

"လုပ်မနေစမ်းပါနဲ့ကွာ၊ မင်း ခွက်ပုန်းဆိုတာ ငါ သိပါတယ်၊ ငါနဲ့ ညောင်တုန်းဟောပြောပွဲ လိုက်လာတုန်းကတောင် တစ်ခွက်တစ်ဖလားဝင်နှိပ်သေးတာပဲ မဟုတ်လား"

"ကျွန်တော် အခု မသောက်တော့..."

"ဘာလဲ၊ မင်းအဖေ သိမှာကြောက်လို့လား၊ ကိစ္စမရှိပါဘူးကွ၊ ဒီဟာက အနံ့လုံးဝမထွက်ဘူး၊ မင်းတို့ဆီက ဟာတွေလို မှတ်နေလို့လား၊ ဒါ စပယ်ရှယ်ကွ၊ ဟိုမှာ ဒါမျိုးမရဘူး၊ ကြုံတုန်းကြုံခိုက် ချသွားစမ်းပါ၊ လူပြည်ပြန်ရောက်တဲ့အခါ ကိုပိုက်တို့ ကြွားလို့ရတာပေါ့"

ဒါမျိုးက ကြုံရဆုံရခဲသည်။ အခွင့်အရေးရတုန်း မြည်းစမ်းကြည့်သင့်သည်။ ဟိုပြန်ရောက်တဲ့အခါ မင်းခိုင်ဦးတို့၊ နောင်ဝင်းထွန်းတို့ကို ပြန်ပြောလျှင် ဘယ်လောက် မနာလို ဖြစ်ကြမလဲလို့။ ကာတွန်းဝင်းအောင်တို့၊ စောမင်းဝေတို့၊ ဆွေမင်း(ဓနုဖြူ)တို့ဆိုလျှင်တော့ သူတို့အတွက် မယူလာရကောင်းလားဆိုပြီး စိတ်ကောက်ချင် ကောက်ကြလိမ့်မည်။

ဆရာသော်တာဆွေက ကျောက်စိမ်းနှင့် ပြုလုပ်ထားသည်ဟု ယူဆရသော ခွက်နှစ်ခွက်ထဲသို့ ငှဲ့ထည့်လိုက်သည်။

"ကဲ၊ ချကွာ"

သူက ခွက်ကိုယူကြည့်လိုက်၏။ ခွက်ထဲမှာ အရည်များမဟုတ်ဘဲ အခိုးအငွေ့များ ဖြစ်နေ၏။

"ဒါက ဘယ်လိုဖြစ်တာလဲ ဦးလေးရဲ့"

"တို့ ဒေဝတာတွေဟာ အငွေ့ကိုပဲ စားသုံးကြတယ်လေကွာ"

"ဒါဖြင့် ကျွန်တော်က ဘယ်လို"

"လွယ်ပါတယ်၊ အဲဒီအငွေ့တွေကို ဆေးလိပ်သောက်သလို ရှိုက်သွင်းလိုက်ပေါ့၊ ဒီမှာကြည့်"

ဆရာသော်တာဆွေက လုပ်ပြသည်။ သူလည်း လိုက်လုပ်၏။ ခွက်ထဲက အခိုးအငွေ့များကို ပါးစပ်နှင့်စုပ်ယူပြီး ဆေးလိပ်မီးခိုးကို ရှိုက်သလို ရှိုက်လိုက်သည်။

အနံ့က အလွန်မွှေးကြိုင်သည်။ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားပြီး ခဏအကြာမှာ အလွန်ထူးခြားသော ခံစားမှုကို ရလိုက်၏။

"ဘယ်လိုလဲကွ"

"တော်တော်ကောင်းတာပဲ ဦးလေး၊ ဒါနဲ့ ဦးလေးကို ကျွန်တော်

တစ်ခုမေးရဦးမယ်၊ စာရေးဆရာတွေ ကွယ်လွန်ရင် ကောင်းရာ သုဂတိကို ရောက်ကြတာပဲလား"

"ဒါပေါ့ကွ၊ စာရေးဆရာဆိုတာ ကိုယ်က လူပင်ပန်း စိတ်ပင်ပန်း ဆင်းရဲခံပြီး အများအတွက် ဆောင်ရွက်ကြတာကိုး၊ ပရဟိတစိတ်ရှိတဲ့ လူတွေပဲလေကွာ"

ထိုအခိုက် လမ်းမကြီးပေါ်မှ မြင်းဖြူကြီးတစ်ကောင်ကို အသားကျ စီးလာသော လူကြီးတစ်ယောက်ကို လှမ်းမြင်လိုက်ရ၏။ သူသည် အရပ် မြင့်မြင့်ကြံ့ခိုင်သော မေးရိုးရှိပြီး မျက်နှာထားက ဣန္ဒြေကြီးလှသည်။ ဆေး တံခဲထားသည်ကို မြင်တော့မှ

"ဟာ...ဆရာကြီး ရွှေဥဒေါင်း မဟုတ်လား"

"အေးဟုတ်တယ်ကွ၊ ဝက်ထား၊ ဝက်ထား"

ဆိုပြီး ပုလင်းနှင့်ခွက်ကို စားပွဲအောက် ဝက်ထားသည်။ ဆရာကြီး လွန်သွားမှ ပြန်တင်ပြီး

"ဦးကြီးက ဆရာကြီးမြမျိုးလွင်ဆီ သွားတာကွ၊ သူတို့နှစ်ယောက် နေ့တိုင်း ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်အကြောင်း ဆွေးနွေးကြတယ်၊ လက်တွေ့ လည်း ကျင့်ကြတယ်"

ဆရာကြီး သွားရာဘက်သို့ လှမ်းကြည့်လိုက်၏။ ဆရာကြီး၏ မြင်း နောက်မှ ခွေးလေးတစ်ကောင် ပြေးလိုက်သွားတာ တွေ့လိုက်၏။

"ဦးလေး အဲဒီခွေးလေးက"

"ဆရာကြီးရဲ့ အချစ်တော် ဘော်ဘီလေကွာ"

"ကဲကဲ ချလိုက်ဦးကွဆိုပြီး တစ်ခွက် ထပ်ငှဲ့ပေးသည်။ အငွေ့များကို တစ်ရှိုက် ရှိုက်လိုက်ပြီးနောက် အဖေ့ဗိမာန်ဘက် လှမ်းကြည့်၏။ တံခါး ပိတ်ထားတုန်း။

"ဖေဖေနဲ့ ဦးလေးကော ရန်ဖြစ်ကြတုန်းပဲလား"

ဦးလေးဆွေက ရယ်လိုက်ပြီး

'ဘာပြောကောင်းမလဲကွာ၊ တကျက်ကျက်ပေါ့၊ ဒါပေမယ့် မင်းသိ တဲ့အတိုင်း ငါတို့သူငယ်ချင်းနှစ်ယောက်က ဒီနေ့ရန်ဖြစ်လိုက်၊ နောက်နေ့

ကျတော့လည်း လည်ပင်းဖက်ပြီး ရယ်လိုက်မောလိုက်နဲ့ ငါတို့နှစ်ယောက် ရှိလို့ စိုစိုပြည်ပြည် ဖြစ်နေတာလို့ တင့်တယ်တို့ သန်းဆွေတို့ကတောင် ပြောသေးတယ်"

"အဖေကတော့ ဘုဂလန့် ကျတုန်းပဲလား"

"ထုံးစံအတိုင်းပေါ့၊ နတ်သဘင် အစည်းအဝေးကျရင် သိကြားမင်းကို ခွကျကျမေးခွန်းတွေ ထထမေးတတ်တယ်ကွ၊ ဟိုက ပြန်ရှင်းတာကျတော့ သူက မကြားလို့ ငါက အော်အော်ပြီး ပြန်ပြောပြရတယ်"

"ဟင် ကျွန်တော်ကြားဖူးတာက နတ်တွေဟာ ဒိဗ္ဗစက္ခုရတယ်ဆို၊ ဒါဆို ဒိဗ္ဗသောတရော မရနိုင်ဘူးလား"

"မင်းလဲ မင်းအဖေလိုပဲ၊ တော်တော် ကပ်သီးကပ်သပ် ပြောတတ်တယ် ဟား...ဟား..."

ပြိုင်တူရယ်လိုက်ကြပြီးနောက် ခွက်များကိုမြှောက်၍ တစ်ရှိက်ရှိက်မည်ပြုစဉ် နောက်ဘက်က တစ်စုံတစ်ယောက်က ဆတ်ခနဲ လုယူသွား၏။ လန့်ပြီး လှည့်ကြည့်တော့...

"ဟင်...ဖေဖေ"

အဖေသည် အလွန် ဒေါသထွက်နေသော မျက်နှာထားဖြင့် စိုက်ကြည့်နေသည်။

"မင်း...မင်း ဘာလုပ်တာလဲ၊ ဒါ..."

ခွက်ကိုနမ်းကြည့်၊ နှာခေါင်းရှုံ့ပြီး လွှင့်ပစ်လိုက်၏။ ထို့နောက် လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီး ရွယ်လိုက်စဉ်...

"ဟာ...ဦးလေးဆွေ...ကယ်ပါဦး"

ဆရာသော်တာဆွေ၏နောက်သို့ ပြေးဝင်ပြီး အကာအကွယ်ယူလိုက်သည်။

"ဟော့..ဟော့...သိပ်ဒေါသမကြီးနဲ့လေ၊ ငါ...ပြောပါရစေဦး"

ဆရာသော်တာဆွေက ဟန့်တားလိုက်ရာ အဖေက လက်ညှိုးငေါက်ငေါက်ထိုးပြီး...

"ဟဲ့...ငသော်တာ၊ နင်က ဘာကောင်လဲ၊ ငါ့သားတွေကို လူ့ပြည်မှာတုန်းက အရက်တိုက်တာ အားမရသေးလို့ ဒီအထိခေါ်ပြီး တိုက်တာလား

ဟဲ့၊ ကြက်သမားရဲ့..."

"အောင်မာ၊ ဒီမှာ သာစု နားထိုင်းရဲ့၊ နင့်သားတွေက သူတို့ဘာသာ တခြားမှာ သောက်တတ်လာပြီးမှ ငါနဲ့ လာတွဲတာဟဲ့၊ ရမ်းမပြောနဲ့၊ အခု လဲ နင် သောက်အိပ်ကြီးနေလို့ ငါက အကောင်းညှဉ့်ခံထားရတာ"

"ဘာမှ စကားရှည်မနေနဲ့ ဖယ်ပေး၊ ဟေ့ကောင်...ထွက်ခဲ့"

အဖေက ရှေ့တိုးလာသည်။ ဆရာသော်တာဆွေက ဆီးကာထားပြီး

"ဟေ့ကောင်လေး ပြေးတော့...ပြေးတော့လေ"

သူ လှစ်ခနဲ လှည့်ပြီးပြေးသည်။ ပြီးမှ သတိရသည်။ အဖေနှင့်တွေ့ခွင့် ရဖို့ဆိုတာ ရှားရှားပါးပါးအခွင့်အရေး။ ရိုက်ချင်ရိုက်၊ ထိုးချင်ထိုးစေတော့ ဆိုပြီး ပြန်လှည့်လိုက်၏။

ဆရာသော်တာဆွေက အဖေ့ကို ရှင်းပြနေ၏။

"ဒီမှာ သာစုရဲ့၊ ဒါ အရက်မဟုတ်ပါဘူးဟ၊ မဋ္ဌူသက အသက်ရှည် ဆေးပါ၊ ဒီကို ရောက်ကတည်းက ငါမသောက်တော့ဘူးဆိုတာ နင် သိသား ပဲ မဟုတ်လား၊ အခုဟာက နင် ဒေါသဖြစ်တာ မြင်ချင်လို့ တမင်တကာ အရက်သောက်ချင်ယောင် ဆောင်ပြီး နင့်ကို စတာပါ ဟား... ဟား..."

ဆရာသော်တာဆွေက ရယ်သည်။ အဖေက ဘုကြည့်ကြည့်လိုက် ၏။ ထို့နောက် သူ့ဘက်လှည့်ကြည့်သည်။ သူသည် အဖေ့ရှေ့မှာ ဒူးတုပ် ထိုင်ချလိုက်ပြီး ကန်တော့သည်။ ပြီးတော့ ဆရာသော်တာဆွေကိုပါ ကန် တော့သည်။ ပြန်မော့ကြည့်လိုက်တော့...

အဖေသည် လက်သီးဆုပ်ထားရာမှ ဖြေလျော့လိုက်သည်။ မျက်နှာ ပေါ်မှ တင်းမာမှုတွေလည်း ပျောက်သွား၏။ ဆရာသော်တာဆွေက ပြုံး ကြည့်နေသည်။ အဖေက မေးသည်။

"မင်းအမေ နေကောင်းလား"

"ဟုတ်ကဲ့ ကောင်းပါတယ်"

"ဟိုကောင်တွေရော..."

"ကောင်းပါတယ်"

"မင်းတို့ မိန်းမနဲ့ ကလေးတွေရော..."

"ကောင်းပါတယ်"

"ဒါဆိုပြီးရော"

ဆိုပြီး လှည့်ထွက်သွား၏။ ခပ်လှမ်းလှမ်းရောက်မှ တစ်ချက်ငဲ့ကြည့်ပြီး..."

"မင်း ပြန်တော့၊ မင်းအနေနဲ့ ဒီကိုရောက်ဖို့ အချိန်တွေ အများကြီးလိုသေးတယ်၊ အေး...တစ်ချိန်ချိန် ဒီလိုမြင့်မြတ်တဲ့နေရာမျိုးကို ရောက်ချင်ရင် စာဖတ်ပရိသတ်ကို ငါ့ကိုယ်စား ရိုရိုသေသေ လေးလေးစားစား စေတနာထားတတ်ရမယ်...ဒါပဲ"

"ဟုတ်ကဲ့ပါ ဖေဖေ"

ထိုစဉ်ပတ်ဝန်းကျင်တစ်ခုလုံး အခိုးအငွေ့များ ဖုံးလွှမ်းသွား၏။ ဘာကိုမှမမြင်ရတော့။ 'ပြန်ချင်ရင် လာထားလို့ အော်လိုက်' ဆိုသော ဖောင်းထက်၏စကားကို သတိရ၏။

"လာထား၊ လာထား၊ လာထား"

ဟု အော်လိုက်သည်။

"ဟော သတိရပြီထင်တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ တစ်ခုခု ပြောနေတယ်"

မီးခိုးငွေ့များ ပြယ်စပြုလာသည်။ မြင်ကွင်းသည် တစ်စတစ်စ ကြည်လင်လာ၏။ တစ်စုံတစ်ယောက်က လက်ကို လာကိုင်သည်။

မျက်စိ ဖွင့်ကြည့်လိုက်၏။ သူ့မိန်းမျက်နှာကို မြင်ရသည်၊ ပြီးတော့ နားကြပ်ကို လည်ပင်းမှာ ဆိုင်းထားသော ဆရာဝန်တစ်ယောက်။ သူ ဆေးရုံပေါ်ရောက်နေခြင်း ဖြစ်၏။

"ကျွန်တော် ဘာဖြစ်သွားတာလဲ"

သူက မေးသည်။ ဆရာဝန်က...

"ခင်ဗျားကို စာရေးဆရာတွေက ဝိုင်းပြီး ကလိထိုးကြလို့..အူအတက်လွန်ပြီး အာရုံကြော ထိခိုက်သွားတာပါ"

"ထူးထူးဆန်းဆန်း ဆရာရယ်၊ အူအတက်ပေါက်တယ်ပဲ ကြားဖူးတယ်၊ အူအတက်လွန်တယ်လို့များ.."

"အခု ကောင်းသွားပါပြီဗျ"

သူ့မိန်းမက ဝင်ပြောပြန်သည်။

"သူသတိလစ်နေတုန်းက သူ့ကို ကလိဝိုင်းထိုးတဲ့ စာရေးဆရာတွေ၊ ဆရာမတွေ လာကြသေးတယ်၊ စားစရာ သောက်စရာတွေ ပေးသွားကြတာ အများကြီးပဲ"

"ဩော်...ဟုတ်လား၊ ငါက အဖေတို့ဆီ သွားလည်နေတာ"

မိန်းမမျက်လုံးအနည်းငယ် ပြူးသွား၏။ ဆရာဝန်ကို အဓိပ္ပါယ်ပါပါ မော့ကြည့်သည်။ ဆရာဝန်က...

'ခင်ဗျား အေးအေးဆေးဆေး အနားယူလိုက်ပါဦး၊ ကျွန်တော် ဆေးတစ်လုံး ထိုးပေးမယ်"

ဟု ပြောသည်။ သူက

"ကျွန်တော် အခုရောက်နေတာ ဘာဆေးရုံလဲဟင်"

"ဦးနှောက်နဲ့ အာရုံကြောရောဂါ အထူးကုဆေးရုံလေ"

ဆရာဝန်က ဆေးတစ်လုံး ထိုးပေးသည်။ ခဏအကြာတွင် သူ ပြန်အိပ်ပျော်သွားလေ၏။ အိပ်မက် ထပ်မက်မလား မမက်ဘူးလားဆိုတာတော့ တပ်အပ် မပြောနိုင်။

♦ ♦ ♦

(ကွယ်လွန်လေပြီးသော စာရေးဆရာကြီးများကို အမှတ်တရရှိကြစေရန် အလွမ်းပြေ ရေးလိုက်ခြင်း ဖြစ်ပါသည်။)

(သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်း။ ဩဂုတ်လ၊ ၁၉၉၉)

# ေသာ်တာေဆြ

# မွန္ကန္ျခင္းႏွင့္ ရဲရင့္ျခင္း

သတၱိႏွင့္ သစၥာ၊မွန္ကန္ျခင္းႏွင့္ ရဲရင့္ျခင္းတို႔သည္ ဒြန္တြဲေန၏။ သစၥာမဲ့သူသည္ သတၱိမဲ့သူျဖစ္၏။
သစၥာရွိသူသည္ သတၱိရွိသူျဖစ္၏။ သစၥာကို သတၱိႏွင့္ ေစာင့္ထိန္းရ၏။ သတၱိဆိုရာ၌ မွန္ကန္ေသာ
ကိစၥကိုရဲ၀့့္စြာ ျပဳလုပ္ျခင္းသာမဟုတ္ေသး။ မေကာင္းမႈကို ေစာင့္ထိန္းျခင္း၊ မွားယြင္းေသာ ဆႏၵေလာဘကို
ခ်ဳပ္တည္းႏိုင္ျခင္း၊ ေအာင့္အည္း သည္းခံႏိုင္ျခင္းလည္း သတၱိမည္၏။
မွန္ကန္ျခင္းႏွင့္ ရဲရင့္ျခင္းလည္း ထိုနည္းအတူ တစ္ခုႏွင့္တစ္ခု အမွီသဟဲျပဳေန၏။ ပင္ကိုယ္မူလက
မည္မွ်ပင္ ရဲရင့္သူ ျဖစ္ေနေစကာမူ မမွန္ကန္ေသာ အမႈကို ျပဳလိုက္မိၿပီဟု မိမိကိုယ္ကိုမိမိ
သိလိုက္မိသည္ႏွင့္တၿပိဳင္နက္ ထိုသူ၏ ရဲရင့္ျခင္းတို႔သည္ ေပ်ာက္ကြယ္သြား ၍ ေၾကာက္ရြံ႕သူအျဖစ္သို႔
ေရာက္ရွိသြားေတာ့၏။

၀တၳဳတစ္ပုဒ္ႏွင့္ သာဓကျပပါမည္။

လြန္ခဲ့ေသာ ႏွစ္ေပါင္း ၃၅ႏွစ္ေက်ာ္က ျဖစ္ပါသည္၊ ကာယကံရွင္မ်ားမွာမူလူ႔ေဘာင္၌ မရွိၾကေတာ့ၿပီ။
ဦးေအာင္ဒြန္း -----။

ကြၽန္ေတာ္တို႔ ရြာမွ ရြာသူႀကီး ဦးေအာင္ဒြန္း၊ အင္မတန္မွ ရဲရင့္ သတၱိရွိသည္ဟု ေက်ာ္ၾကားသည္၊
သူခိုးဓားျပကို လက္ရဖမ္းခဲ့ဖူး ၍ နာမည္ေကာင္းလက္မွတ္ႏွင့္ ဆုေတာ္ေငြမ်ား ရခဲ့ဘူးသည္။ ႏွစ္လုံးပူး
ေသနတ္ကိုင္ရသည္။ ဆယ္စိုင္သူႀကီးခန္႔အပ္ျခင္းခံရ ၍ ရြာဆယ္ရြာကို အုပ္ခ်ဳပ္ရသည္။ ထိုရြာမ်ား၌
ျဖစ္ေပၚေသာ အမႈႀကီးငယ္တို႔သည္ ဆယ္အိမ္ေခါင္းမ်ားမွ တဆင့္ သူ႔ဆီေရာက္ရသည္။ ႀကီးေသာ
အမႈဆိုလွ်င္ ရုံးဂတ္ပို႔ ၍ ငယ္ေသာအမႈဆိုလွ်င္ သူပင္စီရင္ခ်က္ခ်လိုက္သည္။ တစ္ညခ်ဳပ္ေနွာင္ခ္ဆြင့္ႏွင့္
ငါးက်ပ္အထိ ဒဏ္ေငြတပ္ႏိုင္ေသာ အာဏာရွိသည္။
လူေကာင္ႀကီးမားလွ၍ ဥပဓိရုပ္လည္းေကာင္းလွသည္။ အင္အားဗလလည္း ျပည့္စုံလွသည္။
ႏြားထီးတစ္ေကာင္ကို လက္ျပင္ရိုး လက္သီးႏွင့္ထိုး ၍ လဲႏိုင္သည္ဟု ေျပာၾကပါသည္။
သူ႔အိမ္ႏွင့္ ကြၽန္ေတာ္တို႔အိမ္မွာ မ်က္ေစာင္းထိုး ဓါးလြယ္ခုတ္ အိမ္နီးခ်င္း ျဖစ္ပါသည္။

ကျွန်တော် အမှတ်သညာ ထားတတ်သောအရွယ်မှ သူ့အသက်သည် ၅၀–မျှဟု ခန့်မှန်းမိပါသည်။ ဆွေမျိုး မတော်သော်လည်း သူ့ကို ကျွန်တော်က 'ဘိုး' ဟုခေါ်ပါသည်။

ဘိုးသည် ကျွန်တော့်ကို ငယ်စဉ်က ချီပိုးလာခဲ့သူ ဖြစ်ပါသည်။ ဘိုးသည် အသားဖြူရာဝယ် သူ့တစ်ကိုယ်လုံးမှာ ဆေးနီ ဆေးနက်များ ထိုးထား ၍ အလွန်လှသည်ဟု ကျွန်တော်ယူဆခဲ့ပါသည်။ ကျွန်တော့်အဖေကိုယ်မှာလည်း ဆေးရုပ်များရှိပါသည်။ သို့သော် သူ့လောက်မများ၊ ထို့ပြင် အနက်ရုပ်သာရှိ ၍ အနီရုပ်မရှိ။ ဘိုး၏ကျောပြင်ကိုကား ကျွန်တော်က အရုပ်ကားဟု ခေါ်ပါသည်။

'ဘိုးရယ်... ဝမ်းလျားမှောက်စမ်းပါအုံး။ ကျွန်တော် အရုပ်တွေ ကြည့်ချင်လို့ပါ...'
'အို... အခုထိုင်ရင်းကြည့်လဲ မြင်နေရတာပဲ မြေးရဲ့...'
' မဟုတ်ဘူး.. မဟုတ်ဘူး၊ မှောက်ကြည့်ရမှ ပိုကောင်းတယ်...'
ဘိုး၏ ကျယ်ပြန့်သောကျောပြင်ဝယ် နဂါးရုပ်၊ ဂဠုန်ရုပ်၊ ဇော်ဂျီရုပ်၊ ကြောင်ရုက်၊ ကျားရုပ်၊ ခြသေ့်ရုပ် စသည်တို့မှာ ဆေးနီဆေးနက်တို့ဖြင့် ယခုမျက်စိနှင့်ကြည့်သော် လွန်စွာမှ လက်ရာမြောက်လှပေသည်။ အချိုးအစားကျ ၍ ပီပီသသ ရှိပါပေသည်။
'ဘိုးရယ် ဒီအရုပ်တွေ ဘိုးကို ဘယ်သူထိုးပေးတာလဲဟင်'
"ဘိုးဟာဘိုး ထိုးတာပေါ့ကွ.."
'အောင်မယ် မဖြစ်နိုင်တာကြီးကို၊ ဘိုးဝါတယ်၊ ကဲ ..... ဘိုးကျောကုန်းဘိုးမြင်ရလို့လား'
'မှန်ထဲ နောက်ပြန်ကြည့် ထိုးတာပေါ့ကွ..'
'အောင်မယ်.. အောင်မယ်.. ဘိုးအိမ်မှာ ဘိုးကျောကုန်းလောက် ကြီးတဲ့မှန် တစ်ချပ်မှ မရှိပဲနဲ့..'
ဘိုးသည် ရယ်မောကာ ...
' အလကားပြောတာပါကွာ၊ ဆရာဦး ထိုးပေးတာပေါ့ကွ၊ ဆရာဦးကို မင်းသိတယ်မဟုတ်လား ...'

ဆရာဦးသည် ဘိုးအိမ်ခေါင်းရင်းက ထိုးကွင်းထိုး ဆရာဖြစ်ပါ၏။ ထို့ပြင် ရုပ်သေးရုပ်တွေထုသော ပန်းပုဆရာလဲ ဖြစ်ပါ၏။
'ဘိုး ဒီအရုပ်တွေထိုးတော့ မနာဘူးလားဟင်'
'နာတာပေါ့မြေးရဲ့၊ ဒါပေမဲ့ ယောက်ျားဆိုတာ ဆေးထိုးခံနိုင်တဲ့ သတ္တိရှိရမယ်ကွယ့်၊ ငါ့မြေးလဲ ကြီးရင် ထိုးကွင်းထိုးရမယ်ကွယ့်'

သို့သော် ကျွန်တော်တို့ အချိန်ရောက်သော ကာလ၌ ထိုးကွင်းထိုးခေတ်ကုန် ၍ အလွန်ကံကောင်းသည်ဟု ဆိုရမည်။ သို့ရာတွင် အချို့လူကြီးများက မကြိုက်ညီကြ။ ကျွန်တော် ၁၄နှစ်သားလောက်၌ ဆရာဦးက ကျွန်တော့်ပေါင်မှာ ကျားရုပ်ထိုးပေးသည်။ ထိုးရမည်မှာ အနီစင်း အနက်စင်းနှင့် တကယ့်ကျားရောင်ထွက်ရမည်။ အသက်လည်းပါရမည်။ သို့သော် ဤဖေကိုယ် သတ္တိခဲက အဖေချုပ်ကိုင်ထားသည့် လက်ထဲမှ ကုန်းအော် ၍ရုံးထွက်သဖြင့် ပထမဆုံး တစ်ကြောင်းမျှ သွားရသေးရာ ကျားရုပ်မဖြစ်၊ ကြွက်ရုပ်ကလေးလို ရေးရေးမျှ ထင်တော့၏။ သည်တော့ ဆရာဦးက ကျွန်တော့်အဖေကို ဘာပြောမည်ထင်သနည်း။
"မောင်ဆယ်ရေ၊ ခုခေတ်ခလေးတွေတော့ သတ္တိသုဉ်းကုန် ပါပြီကွာ၊ ငါ့သားတွေလဲ အတူတူပဲကွ၊ မင်းတို့လို ငါတို့လို ဆယ်နှစ်၊ ဆယ့်တစ်နှစ်သားလောက်က ထိုးကွင်းထိုးခံလာခဲ့လို့ရှိရင် ဒီကျားရုပ်လောက်တော့ ဘယ်ဖြုံလိမ့်မလဲကွာ။ ခံနိုင်ရည် ရှိနေမှာပဲ။ ခုတော့ မင်း သားက မိဖုရား ×××× ကင်းကိုက်တဲ့အတိုင်းပဲ သွား .... သွား...."

ဆရာဦးက ကျွန်တော့ကို နှင်လွှတ်ပါသည်။ ကျွန်တော်သည် ပေါင်ကလေး ထော့နဲ့ထော့နဲ့၊ မျက်ရည်ကလေး စို့စို့နှင့်၊

ဘယ်မျက်ရည် မစို့ပဲ ခံနိုင်မလဲမျ၊ လေးခွရှိတဲ့ ကြေးစုတ်ကြီးနဲ့ တချက်ထိုးလိုက်ရင်း သွေးတစ်ပေါက်ထွက်လာရင်း။

ဤအခါ၌ ကျွန်တော်သည် ထိုးကွင်းမျှမက၊ ဆေးရုပ်တွေ တကိုယ်လုံးတွင်ရှိသော အဖေတို့ ဘိုးတို့ သတ္တိကို ချီးကျူးမိပါသည်။ ဘိုးက ပို ၍များပါသည်။ ဘိုးသည် ခေါင်းဖြူဖြူတွင် ကတုံးရိတ်ထားသူ ဖြစ်လေရာ ယင်ထိပ်မှစ ၍ ခြေဖမိုးအထိ ကျောကုန်း လက်ပြင်၊ ခြေသလုံး၊ ခြေကျင်းဝတ်ပါမကျန်၊ ဆေးတွေအပြည့်ရှိ၏။

ဘာရည်ရွယ်ချက်နှင့် ဘာအစွမ်းထက်သည်တော့ ကျွန်တော်မပြောတတ်ချေ၊ သို့သော ခံနိုင်ရည်ရှိသော ယောကျ်ားကောင်းတစ်ယောက် ဖြစ်ကြောင်းတော့ ထင်ရှား၏။

ဘိုးသည်ခွန်အားဗလနှင့် ရဲစွမ်းသတ္တိကောင်းရုံသာ မဟုတ်သေး၊ စာပေပညာကိုလည်း တတ်ကျွမ်းသူဖြစ်၏။ ဘိုးသည် ဘိသိက်ဆရာဖြစ်၏။ ဘုရားကိုးဆူဆရာဖြစ်၏။ စာဟောဆရာဖြစ်၏။ ရတုဩဘာ စာရေးဆရာဖြစ်၏။

ဘိုးသည် နေ့စဉ်နံနက်တိုင်း ဘုန်းကြီးကျောင်းက ဆုန်းမောင်းခေါက်တွင်ထ၍ ဘုရားရှိခိုးပြီး စာရွတ်၏။ သူစာရွတ်သည်ကို ဘေး သုံးလေးအိမ်က ကြားရ၏။ သို့သော် ဘာမျှ နားမလည်နိုင်ပေ။ သူ့အသံ ‘ဟာနံနံ – ဟာနံနံ’ ဟု ၍သာ ကြားနေရ၏။

“ အဖေ.. ဘိုးက ဟာနံနံ – ဟာနံနံနဲ့ ဘာလုပ်နေတာလဲ အဖေရ’
ကျွန်တော်ငယ်စဉ်က အိပ်ရာထဲတွင် အဖေ့အား မေးခဲ့၏။

“စာဝါးတာ ခေါ်တယ်သားရဲ့ ”
“ ဘာလို့ စာဝါးတာလဲ အဖေရ ”
“ သူရထားတဲ့ စာတွေကို မမေ့မပျောက်အောင် နှုတ်က မြန်မြန်ရွတ်နေတာပေါ့ကွာ ”
“ ကျွန်တော်လဲ ဘိုးလို စာဝါးချင်တယ်အဖေ”
“ ဒါဖြင့် စာများများ တတ်အောင် သင်ပေါ့ကွ၊ ထမင်းစားချင်တော့ ထမင်းရှိမှ ဖြစ်သလို စာဝါးချင်တော့ ကိုယ်တတ်ထားတဲ့ စာ ရှိမှပေါ့ကွ ”

ကျွန်တော်သည် ဘိုးကို အစစအရာရာ ချီးကျူး အားကျသူ ဖြစ်ခဲ့၏။ ကျွန်တော်သည် ဘိုးအတုကို ယူကာ က–ကြီး၊ ခ–ခွေးကစ ၍ စာဝါးခဲ့ပါ၏။ နို့ပြီး ဘိုးက (အဆက်ဆက်က အစဉ်သာယာတဲ့ သရက်တပင်ရွာက အထူးအကျိုးပြုတဲ့ ဦးမိုးနဲ့) ဟုရှင်ပြုဖိတ်စာတွင် ရေးလျှင် ကျွန်တော်ကလည်း (မချို့ အစဉ်သာတဲ့ ကြို့ပင်ရွာက အထူးအကျိုးသယ်တဲ့ ဦးဘိုးဆယ်) ဟု ကျွန်တော့် အဖေနှင့် ရွာနာမည်ကို နဘေထပ်ဆိုလိုက်သော အခါ ဘိုးက လွန်စွာ သဘောကျလှ၏။ “ မောင်ဆယ်၊ မင်းသားကြီးလာရင် ငါ့ခြေရာနင်းလိမ့်မယ် ” ဟုဂုဏ်ယူပြောဆို၏။ သို့သော် ဘိုးခြေရာနင်းဖို့၊ ဘိုးကို မှီဖို့က ခဲယဉ်းလှပါ၏။

ဘိုးသည် ရပ်ရွာ၌ အုပ်ချုပ်စီမံရာတွင်သူ၊ မင်္ဂလာဆောင်၌ ဘိသိက်သွန်းရာတွင်သူ၊ ရှင်ပြု ပဌာန်းခံတို့၌ ဩဘာစာများ ရေးသားဖတ်ကြားရာတွင်သူ၊ ရပ်သူရွာသားတို့ အပျင်းလဲပြေ ပညာဗဟုသုတလဲရအောင်၊ ဇာတ် နိပါတ်တော်တို့ကို သံနေသံထားနှင့် ပြောရာတွင်လည်းသူ။

သူ… သူ… သူ…. ထိုသူသည် အသက်ငါးဆယ်ကျော်၌ ကံချော် ၍ အကြံတော် တလွဲကို လိုက်မှားမိချေသည်။

မချောဖြူ ……။

သူသည် နာမည်နှင့်လိုက်အောင် ဖြူသည်၊ ချောသည်၊ လှသည်။ ချောသည် လှသည်နှင့် အမျှ ကမြင်းကြောထ ၍ လင်ငယ်နေတတ်သူ။

သူ၏ပထမဆုံးယောက်ျားသည် သူမျောက်မထားတာ ပက်ပင်းမိ ၍ သူ့အားလယ်ကွင်းထဲခေါ်သွားကာ ဓားနှင့် ခုတ်သတ်ပြီး သူ့ကိုယ်သူတော့ မီးရထား အနင်းခံ ၍ ပွဲချင်းပြီး စီရင်ပစ်လိုက်သည်။ သို့သော် မကောင်းမှု ပြုရန် အကုသိုလ်ကံ ကျန်နေသေးသော မဟာဒုကာကား မသေ၊ လည်ပင်းဓားဒဏ်ရာတွေနှင့် မေ့မြောနေရာမှ သတိ ပြန်ရလာခဲ့သည်။

ဘိုးနှင့် အချင်းဖြစ်ပွားရန် အချိန်မှာ ထိုမိန်းမသည် အသက် ၃၀ခန့်၊ လည်ပင်းမှာ ဓားဒဏ်ရာ နှစ်ချက်ရှိသည်၊ အသားရောင် ဖြူဖြူဝင်းဝင်းနှင့် ပြည့်ပြည့်တင်းတင်း။ ထိုအချိန်၌ သူ၏ ဒုတိယလော တတိယလော မပြောတတ်သည့် လင်ယောက်ျားမှာ ဘိန်းစား ဖိုးဆိုင်။

ကျွန်တော်သတိပြုမိသောအချိန်မှာ မချောဖြူသည် ရွာထဲမှာ ခံတောင်းရွက်၍ ပြုတ်၊ ကြက်သွန်၊ ဆီ၊ ဆား စသော ကုန်စုံရောင်းသည်။ ဘိုးသည် ထိုကုန်စုံဝယ်ရင်းမှ စတင်သည်။

ကျွန်တော်သည် အမှတ်သညာထားတတ်သော အရွယ်မှစ၍ ဘိုးအိမ်မှာ အနေအစားများ သည်။ အကြောင်းမှာ ဘိုးအိမ်သည် ဘယ်တော့မှ ဟင်းကောင်းမပြတ်ချေ။ မပြတ်ခြင်းမှာ ကျေးရွာ ဓလေ့ထုံးစံရှိ၏ ရွာတွင် ကျွဲနွားသေ၍လည်းကောင်း၊ သတ်၍လည်းကောင်း၊ အမဲသားပေါ်လျှင် သူကြီးအိမ်ကို တစ်တွဲပို့ရတော့ ဘိုးအိမ်မှာ အမဲဟင်းလျာပြတ်သည်မရှိချေ။

ဘိုးကိုယ်တိုင်ကတော့ အမဲသားမစားချေ။ ကျွန်တော့်အဖေလည်း မစားချေ။ ကျွဲနွားဖြင့် အသက်မွေးရသော ကျေးရွာတို့တွင် အမဲသားမစားခြင်းသည် လူကြီးလူကောင်းတို့၏ ဂုဏ်အင်္ဂါ တစ်ရပ် ဖြစ်ပေသည်။

ဘိုးတို့ ငေါ်ပုံတစ်ရပ်ကို တွေး၍ ရယ်ချင်ပါသေးသည်။

ဝါတွင်းမိုးရာသီဆိုတော့ ကျွန်တော်တို့ လယ်တောဒေသမှာ ငါးပေါသည်။ သည်တော့ မချောဖြူက ကုန်စုံရောင်းခြင်းကို ရပ်ဆိုင်း၍ မုံ့ဟင်းခါးရောင်းသည်။ ထိုအခါ ဘိုးကကျွန်တော့်ကို ခုတုံး လုပ်၍ မနက်တိုင်း မချောဖြူမုံ့ဟင်းခါးလာတိုင်း

ဟော့––– မင်းဒီနေ မုံ့ဟင်းခါးစားအုံးမလား––– မေးသည်။ ကျွန်တော်ကတော့ ၁၀ နှစ်သား အရွယ်လောက် ဘယ်သိလိမ့်ဦးမှာတုန်း၊ အမြဲတမ်း ခေါင်းညိတ်သည်ပေါ့။ ဘိုး၏ အိမ်သားများက တော့ နှာခေါင်းရှုံ့ကြပြီ၊ ရိပ်မိနေကြပြီ။ ထိုအခါ ဘိုးမှာ ဇနီးအမယ်ကြီးနှင့် သမီးနှင့် သမက်ရှိသည်။

ကျွန်တော့်ကို မုံ့ဟင်းခါးကျွေးတော့ ဝါတွင်းမှာ သက်သတ်လွတ်သမား ဘိုးက မုံ့ကို ဘယ်လို စားပါသနည်းဟူမှ ဟင်းရည်မဆမ်းစေဘဲ သူ့အိမ်က နှီဆီနှင့်ဆမ်း၍စားပါသည်ခင်ဗျား။

သြော်––– အာဂဘိုး၊ လူကြီးလူကောင်း ငေါ်ပုံမဆိုးဘူးနော်၊ ဦးကြီးတို့ နည်းယူကြ။

ထို့ပြင် ဘိုးတွင် သူများနှင့်မတူသော ထူးခြားချက်တစ်ရပ်ရှိသေးသည်။ ဘိုးသည် ထမင်းစားပြီး ပလုတ်ကျင်းသောအခါ၌လည်းကောင်း၊ တစ်ခုခုစားသောက်ပြီး ပလုတ်ကျင်းသောအခါ၌ လည်းကောင်း ဘယ်တော့မှ ထွေးမပစ်ချေ။ ပလုတ်ရေကို မျိုချလိုက်သည်သာဖြစ်၏။

ကျွန်တော်က ဘိုးလုပ်ပုံဟာ သူများနဲ့မတူဘူး၊ မရှုံဘူးလား––– ဟု မေးသောအခါ ဟာ––– ကိုယ့်ပါးစပ်ထဲကဟာ ကိုယ်ရှုံနေမှဖြင့် ငါ့လခွီးတဲ့၊ လည်ပင်းလှီးပစ်ဖို့သာ ရှိတော့တာပေါ့ကွ––– ဟု ပြန်ဖြေပါသည်။

ယင်းသို့လျှင် မချောဖြူသည် ကုန်စုံရောင်းရင်းဖြင့်လည်းကောင်း၊ မုံ့ဟင်းခါးရောင်းရင်းဖြင့် လည်းကောင်း၊ ဘိုးအိမ်နေ့တိုင်းလိုလိုဝင်ထွက်နေရာမှ လေးငါးလမျှကြာသော် မချောဖြူယောကျ်ား ဘိန်းစားကိုဖိုးဆိုင်မှာ အိတ်ထဲ ဘိန်းငါးကျပ်သားခန့်နှင့် လက်ပူးလက်ကြပ် ဘိုးကဖမ်းမိလေ၍ ခမျာ ထောင်ကျသွားရှာလေသည်။

ဒါ ဘိုးက သူ့နောက်လိုက် မတရားသက်သေများနှင့် သက်သက်အမှုဆင်တာဖြစ်ကြောင်းကို တစ်ရွာလုံးကသိကြ၍ တဖျစ်တောက်တောက်နေကြ၏။ ကိုဖိုးဆိုင်သည် သူ့ဟာသူ ထန်းတက်၍ စား၏။ ပုံး မြှုးထောင်၍စား၏။

ထိုမှ အရပ်ထဲက လူကြီးများသည် ဘိုးကို ဝိုင်းကြဉ်စပြုလာ၏။ သည်နောက်မကြာမီတွင် ဘိုးသည် သူ့အိမ်သူအိမ်သားများနှင့် ရန်ဖြစ်ကြလေ၍ အမယ်ကြီးသည် သမီးနှင့်သမက်ကို ခေါ်ကာ သူ့ဇာတိရွာသို့ ပြန်သွားလေတော့သည်။

ဘိုးကိုကား မည်သူမျှ တရားချ၍မရတော့ပြီ။ ယခင်တုန်းက ရပ်ရွာအိမ်ထောင်ရေးကိစ္စတို့မှာ သူကသာ ဖျန်ဖြေစီမံခန့်ခွဲပေးခဲ့သည်။ သူ့ဇာတ်တွင်ကား သူသာဇာတ်ဆရာ၊ အခြားဇာတ်ဆရာကို လက်မခံတော့ပြီ။

နောက်ဆုံးတစ်နေ့၌ကား မချောဖြူသည် ဘိုး၏အိမ်ပေါ်သို့ ရောက်လာလေသတည်း။ သို့သော် ဤဖြစ်ရပ်တွင် ဘိုး၏ရလဒ်ကား ကျဆုံးခြင်းပင်တည်း။

မချောဖြူ ဘိုးအိမ်ရောက်ပြီး ဒုတိယမြောက်နေ့ နံနက်တွင် အသက် ၆၀ မျှ ရှိမည်ဖြစ်သော အမယ်ကြီးတစ်ယောက် ဆောင်ဓားရှည်ကြီးတစ်လက်ကိုကိုင်ကာ ဘိုး၏ အိမ်ဝင်းထဲ ရောက်နေလျက် ဓားတစ်လက်လက်နှင့် ဆဲရေးကြိမ်းမောင်းနေပေတော့သည်။

ဟဲ့––– အောင်ဒွန်း၊ နင် ●လကောင်းလှတယ်။ သတ္တိကောင်းလှတယ်ဆို၊ ကြိုက်တဲ့လက်နက် ကိုင်ပြီး တံခါးဖွင့်ဆင်းခဲ့စမ်း

ချလွှမ် –

အိမ်ရှေ့နံရံအကာကို သူ့ဓါးနှင့်ပစ်လိုက်သည်။ ထို့နောက် ပြန်ကောက်ကာ

ဟဲ့... အောင်ဒွန်း နင်သတ္တိနဲ့လှချေလား၊ ငါလို အမယ်ကြီးအိုနဲ့မှ ရင်မဆိုင်ဝံ့တော့ ဘူးလား၊ လူချင်းကြောက်ရင် နင့်မှာ နှစ်လုံးပြူးသေနတ်ရှိတယ်မဟုတ်လား ဒီမှာပစ်လိုက်စမ်းပော့––

ရင်ကိုကော့ပြပြီး သူ့ဓါးတစ်ဖန် ပစ်လိုက်ပြန်လေသည်။ အိမ်ပေါ်ကတော့ ဘာသံမျှ မကြားရ၊ ဆိတ်ငြိမ်လှသည်။ လူတစ်ယောက်မျှ မရှိဘူးဟု ထင်ရသည်။ သို့သော် ဘိုးနှင့်မချောဖြူ ရှိတာအမှန်၊ ညကပင် မီးအိမ်ထွန်းတာမြင်ရသေးသည်။ ယခုမနက် အစောကြီးမှ စောစောစီးစီး ဒီအမယ်ကြီးက ကျွန်တော်အိပ်ရာက မနိုးမီပင် လာရောက်ဆူပူနေခြင်း ဖြစ်သည်။

ဘိုးအိမ်သည် တစ်ထပ်အိမ်မြင့်၊ အောက်ဆင့်မရှိ၊ မြေကြီးပေါ် စားပွဲကုလားထိုင်ထားသည်။ အိမ်အကာမှာ နှစ်တစ်လက်မ သစ်သားတန်းတွေကို ကြက်ခြေခတ်ရိုက်ကပ်ထားသည်။ ထိုနံနက်၌ အပေါ်ထပ်ရော၊ အောက်ထပ်ရော တံခါးတွေအားလုံး ပိတ်ထားသည်။

ကျွန်တော်သည် အိပ်ရာမှထကာ ပြူတင်းပေါက်မှ အံ့သြစွာနှင့် လှမ်းကြည့်၍နေသည်။ အမယ်ကြီးသည် ပိန်သော်လည်း စိတ်ကဆောင်နေ၍ တော်တော်ပဲ မာကျောပုံပေါ်သည်။ သူသည် အော်ဟစ်ဆဲရေးရင်း အောက်နံရံကို ဓါးနှင့်ခုတ်လိုက်၊ အိမ်အပေါ်ထပ်ကို လှမ်းပစ်လိုက်၊ မောလျှင် ထိုင်ပြီး နားလိုက်၊ နောက်ပြီးတစခန်းထလိုက်နှင့် အရှုယ်နှင့်မလိုက်အောင်ပင် ဒေါသနှင့်ဖွဲ့သတ္တိက ကြီးလှပါသည်။

ဟေ့---- အောင်ဒွန်း မယားခိုးရဲ့၊ လူ့တိရစ္ဆာန်ရဲ့၊ နင်ငါ့သမက်အိတ်ထဲ အတင်းဘိန်းထည့်ပြီး နင့်နောက်တော်ပါ သက်သေလိမ်တွေနဲ့ အမှုဆင်ပြီး ထောင်ချတယ်ဆိုတာ လူတိုင်းကသိကြတယ်ဟဲ့-

ချလွှမ်း ----

ဓါးနှင့် တစ်ချက်ပစ်လိုက်ပြန်သည်။

နင်ဟာ ဆယ်ခိုင်သူကြီး၊ ဘုရားကိုးဆူဆရာကြီး၊ ဘိသိက်ဆရာကြီး၊ ရတုသြဘာဆရာကြီး၊ ကွက်စိပ်ဆရာကြီးဆိုတဲ့ ဂုဏ်တွေမှ မထောက်ဘူး---- ဝအောင်ဒွန်းရယ်၊ ဟို မျောက်မထားမရော ဆင်းခဲ့၊ နင့်ပါ ငါ နုတ်နုတ်စဉ်းပစ်မဟဲ့၊ နင့်အတွက် ငါ တစ်ခါက နှစ်ခါရှက်၊ နှစ်ခါက သုံးခါရှက် တစ်သက်လုံး ရှက်နေရမှာလားဟဲ့---- နင်တို့သတ်ပြီး ငါပါ သေပစ်လိုက်မဟဲ့----

ဤအချိန်၌ ကျွန်တော့်မှာ အသက် ၈ နှစ်၊ ၉ နှစ်မျှ ရှိဦးမည်ဖြစ်၍ အဖေ့အနားသို့ ချဉ်းကပ်သွားကာ ----

အဖေရယ်---- ဘိုးက ဒီအမယ်ကြီးပိန်ပိန်ကလေးများ ဘာလို့ကြောက်နေရသလဲ၊ အောက်ဆင်းပြီးဖမ်းလိုက်ရောပေါ့၊ ဘိုးက အားအများကြီး ကြီးတာပဲမဟုတ်လား၊ နို့ပြီး ဘိုးကသူကြီး----

ဟဲ့ ဘာကြီးဖြစ်နေနေ ကိုယ်အမှား လုပ်မိတဲ့အခါမှာ မှန်သူကို ရင်မဆိုင်ရဲတော့ဘူး၊ ကြောက်နေရော၊ ဒါဟာ တရားသဘောပဲ

ကျွန်တော် နားမလည်ပါဘူး အဖေရာ

အေး ငါ့သားကြီးတော့ နားလည်ပါလိမ့်မယ်

ထိုအချိန်၌ ကျွန်တော်သည် ဘိုးကိုသာ သနားနေတော့သည်။ ဘိုးဘက်မှ မည်သူမျှ ကူညီမည့်သူလဲမရှိပါလား၊ ဒီအမယ်ကြီးကို လာတားခြင်း၊ ဆွဲဝင်ခြင်းလည်း မည်သူမျှမပြုကြ၊ အကယ်တိ အခြားအိမ်၌သာ ဤသို့ဖြစ်နေပါမူ ဘိုးကိုယ်တိုင်သွားရောက်စီစဉ်ဖျန်ဖြေချေမည်။

စင်စစ်တော့ သူကြီးဦးအောင်ဒွန်း၏ မတရားပြုမှုကို တစ်ရွာလုံးကမုန်းတီး ရွံရှာနေခြင်းဖြစ် သည်။ ဖြစ်နိုင်လျှင် အမယ်ကြီးဘက်ကပင် အကူအညီပေးကြဦးမည်။ သို့သော် ကူညီရောပင်မလို၊ အမယ်ကြီးကား အံ့ဖွယ်ကောင်းလောက်အောင်ပင် ဖွဲ့သတ္တိကြီးလှပါဘိ။ ဤနေ့ ပထမနေ့က နံနက် ဝေလီဝေလင်း၌ ယမန်နေ့က အတိုင်း ရောက်လာပြီး ယမန်နေ့ကအတိုင်း ပြုမူပြန်တော့သည်။

အမယ်ကြီးသည် ဤသို့ချည်း မနက်တိုင်း လာလုပ်၏။

ပဥ္စမမြောက် ညနေခင်းဝယ် ဦးအောင်ဒွန်းနှင့် မချောပြုတို့သည် ပစ္စည်း ပစ္စယများကို လှည်းတစ်စီးနှင့် တင်၍ ထွက်ခွာသွားကြလေတော့သည်။

ဤအခင်းဖြစ်နေချိန် ဘိုးအိမ်မသွားရန် ကျွန်တော့အား တားမြစ်ထား၍ ယင်းညနေ လှည်းပေါ် ပစ္စည်းတွေတင်နေတုန်းမှာ ဘိုးကို ကျွန်တော် နောက်ဆုံးမြင်လိုက်ရခြင်းပင် ဖြစ်သည်။ ထိုအချိန်၌ သူ့အား မည်သူကမှလည်း လာ၍ နှုတ်မဆက်ကြချေ။

ရွာတွင် သူကြီးမရှိတော့ကြောင်း ကြားသိရသော အခါ၌ ဆယ်အိမ်ခေါင်းတွေခေါ်၍ ဖြစ်ပုံကို စစ်ဆေးမေးမြန်းပြီး ဦးအောင်ဒွန်းအား သူကြီးရာထူးမှ ချလိုက်ကာ နောက်ထပ် သူကြီးအသစ် ရွေးကောက်ပွဲ လုပ်လိုက်လေသည်။

ဦးအောင်ဒွန်းကား ဂုဏ်သိက္ခာ အဖတ်ဆယ်မရလောက်အောင် ကျဆင်းလေ၍ ရွာသို့ပြန်ပြီး မချဉ်းကပ်ရဲတော့ပေ။ သူ့အိမ်ကို သူ့အမယ်ကြီးနှင့် သမီး သမက်တို့ ပြန်၍နေကြသည်။

ဦးအောင်ဒွန်းသည် ဤမှ မကြာမီတွင် စိတ်ရော၊ လူရော ပင်ပန်းဆင်းရဲလှစွာဖြင့် သေဆုံးသွားသည်ဟု ကြားသိရလေသည်။

# ပို့စကတ်လေးတစ်စောင်

အဖြစ်ဟောင်းဟူသည် လူတိုင်းကိုယ်စီရှိကြစမြဲ ။ အချစ်ဟောင်းဆိုသည်မှာလည်း များသောအားဖြင့် ရှိခဲ့ကြစမြဲ။ ထို့ကြောင့်လည်း မောင့်တွင် အချစ်ဟောင်း ရှိခဲ့ဖူးသည်နှင့်ပတ်သတ်၍ ကျွန်မစိတ်မှာ အထူးအထွေ မဖြစ်မိ။ ကျွန်မတွင်လည်း ရှိခဲ့သည်သာ။

ငယ်ကအချစ် အနစ်တစ်ရာဆိုသော်လည်း မောင်နှင့်လက်ထပ်ပြီးသည့် အချိန်မှစ၍ ကျွန်မသည် အချစ်ဟောင်းရော ၊ အချစ်နှောင်းပါမေ့ပြီတည်း။ ကျွန်မဘဝတွင် မောင်သာရှိသည်။ ကျွန်မအချစ်သည် မောင့်ဆီမှာသာ တည်သည်။ မောင့်ကိုလည်း ထိုသို့ပင်ဖြစ်စေချင်သည်။ သို့သော် မောင်က သည်နယ်မဟုတ်။

ကျွန်မတို့ လက်ထပ်ပြီးသည့်နောက် မောင့်အိမ်မှာပင် ကျွန်မလိုက်နေရသည်။ မောင့်အိပ်ရာ ၊ မောင့်စားပွဲ ၊ မောင့်စာအုပ်စင်တို့သည် ယခင်လူပျိုဘဝအတိုင်း နေရာမပျက်ရှိနေသည်။ မောင့်ရည်းစားစာ တစ်ထပ်ကြီးကလည်း မောင့်စာအုပ်စင်မှ စာအုပ်ကြားတွင် နေရာမပျက်။ ကျွန်မစာများက အပေါ်ဆုံးမှာ ဆိုပါတော့။ နောက်ဆုံးရည်းစားစာပေကိုး။

ကျွန်မက ကျွန်မစာများမှလွဲ၍ ကျန်သောစာများကို ထီးနန်းချလိုက်သည်။ သွားလေရော အချစ်ဟောင်းများ ၊ သွားလေရော အဖြစ်ဟောင်းများ။ ကျွန်မတို့သည် အချစ်သစ်နှင့် ဘဝသစ်ထူထောင်မည့်သူများ မဟုတ်ပါလား။ ကျွန်မ လုပ်သည်ကို မတရားပါဟု မည်သူပြောမည်နည်း။ မောင့်ဘဝတွင် ကျွန်မခြယ်လှယ်ပိုင်ခွင့်ရှိပြီ။

သို့သော် ကျွန်မစိတ်ကို တစ်စုံတစ်ခုသည် အနှောင့်အယှက်ပေးလျက်ရှိသည်။ မောင့်စာများထဲတွင် အထင်ရှားဆုံး ၊ အများဆုံးနေရာယူထားသော စာရွက်ပြာပြာလေးများပါတည်း။ သူမကို မောင်အချစ်ခဲ့ဆုံး ထင်သည်။ သူမကလည်း မောင့်ကို အတော်လေးချစ်ခဲ့ပုံရသည်။ သူမ၏ လက်ရေးက လှပသည်။ အရေးအသားက ချွဲနွဲ့သည်။ သူ့အမည်က `စံပယ်´။ နာမည်ရင်းတော့ မဟုတ်တန်ရာ။ မောင်တင်စားပေးထားသော နာမည်ဖြစ်ကောင်းဖြစ်မည်။ မောင့်ကို ကျွန်မ ဘာမျှမမေး။ ကျွန်မတစ်ယောက်လုံး အနားမှာ ရှိလျက် အတိတ်ကချစ်သူကို တမ်းတသတိရစေမည့်အဖြစ်မျိုး ကျွန်မ မလိုလား။ ထို့ကြောင့်

သတိရစရာအကြောင်းကို ကျွန်မဖန်တီးမပေး။ ဒါမျိုးဆိုတာ ကြာရင်မေ့မြဲ။ မေ့လည်း မေ့စေရမည်။ မမေ့ဘဲ ရှိနေသေးသည်ဆိုလျှင်တော့ ကျွန်မည့်လို့ပဲ။

`စာ ခင်ဗျ´

စာပို့လုလင်ထံမှ စာတစ်စောင်ကို ကျွန်မလှမ်းယူလိုက်သည်။ သို့သော် စာမဟုတ် ၊ ပို့စကတ်လေးတစ်ခုဖြစ်သည်။ မောင့်အမည်ကို လိပ်တပ်ထားသည်။ မှ ဟူသော ဘက်တွင် ဘာမျှမရေးထား။ သည်လက်ရေးကို မြင်ဖူးသည်။ ကျွန်မကောင်းကောင်းမှတ်မိသည်။ မောင့်ဆီမှာ အများဆုံးတွေ့ရသော စာရွက်ပြာပြာလေးများထဲမှ သည်လက်ရေး။ ရုပ်ပုံရှိရာဘက်သို့ လှန်၍ ကြည့်လိုက်သည်။ အမယ် အမယ် ၊ အမိပ္ပါယ်ကလည်း အပြည့်အဂပါလား။ ပြာသောကောင်းကင်နောက်ခံတွင် သစ်ကိုင်းလေးတစ်ခု ထိုးကျနေသည်။ ရွက်ဂါလေးများ လေတွင် လွင့်ဂဲနေသည်။ သစ်ကိုင်းပေါ်တွင် ငှက်ကလေးတစ်ကောင်တည်းမှ တစ်ကောင်တည်း။ ဖော်ကွဲတဲ့ငှက်ငယ်အသွင်။

စာဆိုရင်တော့ ကျွန်မဖောက်ဖတ်မိမည် မဟုတ်။ ခုတော့ ပို့စကတ်ဖြစ်နေ၍ မဖောက်ဘဲနဲ့ မြင်ရသည်။ မစူးစမ်းဘဲနဲ့ သိရသည်။ ဘာပဲဖြစ်ဖြစ် ကာယကံရှင် မောင့်ကိုတော့ ကျွန်မပေးလိုက်ရသည်။ မောင်က အမှတ်တမဲ့ကြည့်ပြီး စားပွဲပေါ်ပစ်တင်လိုက်သည်။ ဘာမျှ အလေးမထားသည့် သဘော။ သို့သော် ကျွန်မရှေ့မို့ ဟန်ဆောင်သည်လား မသိနိုင်ချေ။

`ပို့စကတ်ပို့တာ ဘယ်သူလဲဟင်´

ကျွန်မကသိလျက်နဲ့ မေးလိုက်သည်။ ဘာမျှမမေးဘဲ နေမည်ဟူသော ကျွန်မဆုံးဖြတ်ချက်ကိုလည်း ရုတ်တရက် မေ့သွားသည်။

`ဟိုလေ စံပယ်ပါ´

`ဩော်နာမည်လဲ မထိုးထားဘူးနော်။ သူ့လက်ရေးကို မောင်မှတ်မိလိမ့်မယ်လို့ ယုံကြည်ပြီးသားထင်ပါရဲ့´

ကျွန်မအသံက ခန့်သံပါသွားသည်။ သို့သော်မတတ်နိုင်ပြီ။

`အလကားပါ ထားရယ်။ ဘာမှ စိတ်အနှောင့်အယှက် ဖြစ်မနေပါနဲ့။ မောင် သူ့ကိုမေ့နေတာ ကြာပါပြီ။ လာကွာ ထမင်းစားကြစို့´

ဟုတ်ပါရဲ့။ မောင်အလေးမထားတာကို ဘာကြောင့်များ အရေးတယူလုပ်ပြီး အစဖော်ပေးနေမိပါလိမ့်။ စိတ်ထဲကမူ `မောင့်ကိုတော့ သူ မမေ့သေးဘူး´ဟု ပြောနေမိသည်။

သည်ဇတ်လမ်းက သည်တွင် တစ်ခန်းရပ်လိုက်လျှင် ကောင်းမည်။ ပြည်ဖုံးကားချလိုက်ဖို့ သင့်သည်။ သို့သော် မဆုံးနိုင်သေးသော တေးတစ်ပုဒ်သဖွယ် မစံပယ်က ဆက်လက်သီဆိုနေချေသည်။ စံပယ်ထံမှ ပို့စကတ်များကား ရောက်လာမစဲ တသဲသဲတည်း။ အမိပွဲယ်ကလည်း ထပ်တူသာပင်။ ငါးလေးတစ်ကောင်တည်း ဖော်ကွဲနေပုံ ၊ သမင်မလေး တစ်ကောင်တည်း တောလမ်းထဲမှာ လမ်းမှားနေပုံ ၊ သစ်ခြောက်ပင်ကြီး တစ်ပင်တည်း နွေအထီးတည်း ကန္တာရမှာ မားမားကြီး ရပ်တည်နေရပုံ စသည် စသည်တို့တည်း။

မစံပယ် ဘယ်လိုရည်ရွယ်လေသလဲ ၊ ဘာကိုဆိုလိုသလဲ။ ဘာကိုဖြစ်စေချင်သလဲ။ ကျွန်မ သံသယ မကင်းနိုင်ပါ။ မောင်နှင့်မစံပယ် ဘယ်သို့အခြေရောက်ခဲ့ပါသနည်း။

ဒုတိယအကြိမ် မောင့်ကို ကျွန်မရင်ဆိုင်ရပါပြီ။ သည်တစ်ခါ ပဋိပက္ခ အစပျိုးမိပြီ။

`မောင် ထားတစ်ခုမေးမယ်။ မှန်မှန်ဖြေမလား´

`ဘာများလဲ ထားရယ်´

`မောင်နဲ့စံပယ်ကဘယ်လိုလဲ´

`ဘယ်လိုမှ မလဲပါဘူး ထားရဲ့။ မောင်တို့ချင်း ချစ်ခဲ့ကြတာ သာမန်ပါပဲ။ ထားနဲ့မတွေ့ခင် သူနဲ့ပြတ်သွားတယ်။ သဘောချင်း မတိုက်ဆိုင်လို့ ဆိုပါတော့။ လမ်းတွေ့ရင်တောင် မခေါ်တော့ပါဘူး။ ထားနဲ့တွေ့ပြီးမှ လုံးဝတောင် မတွေ့တော့ပါဘူး´

`ဒါပေမယ့် သူက အမြဲ ပို့စကတ်တွေ ပို့နေတာက ဘာသဘောလဲ မောင်။ မောင်လက်ထပ်လိုက်တဲ့အတွက် သူ့မှာ သိပ်စိတ်ထိခိုက်နေရပါပြီ။ သူ့ဘဝဟာ မောင့်ကို ဆုံးရှုံးရလို့ အထီးကျန်ဖြစ်နေရပါပြီလို့ မောင့်ကို တိုင်တည်နေတာပေါ့ ဟုတ်လား´

`မောင် ဘယ်သိပ့်မလဲ ထားရယ်။ မောင် သူ့ကို လုံးဝပြတ်ပြီးသားပါ။ ဒါတွေအတွက် မောင့်ရင်ကို ဘာမှ မထိခိုက်စေတော့ပါဘူး။ မောင်ချစ်တာ ထားပါပဲ။ ထားလဲ ဒါကို လျစ်လျူရှုထားလိုက်ပါ ထားရယ် .. နော်နော်´

မောင်က တောင်းပန်တိုးလျှိုးသံဖြင့် ပြောပါသည်။ မောင့်အမူအရာသည်လည်း မောင်အမှန်တကယ်ပြောနေသည်ဟု ယုံကြည်လောက်ပါသည်။ မောင့်ကိုယုံကြည်လို့သာ လက်ထပ်ခဲ့သည်ပဲ။ `မောင်နဲ့စံပယ် လမ်းမှာတစ်ခါမှ မဆုံဘူးလား´ဟု မေးလျှင် မောင်က မျက်နှာထားမှန်မှန်ဖြင့် ခေါင်းကို တွင်တွင်ယမ်းသည်။ `တွေ့လဲ ပြောချင်မှ ပြောမှာပေါ့´ဟု စိတ်ထဲက ထင်လိုက်သော်လည်း ဘာမျှ ဆက်မမေးတော့။ သည်အဖြေကိုပဲ လိုချင်တာ။ သည်အဖြေရရင် ကျေနပ်ရောပေါ့ဟု ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်လိုက်ရသည်။

ပို့စကတ်များ အလာကျဲသွားသည်။ အထီးကျန်ဆန်သော ပုံလေးများ ရောက်မလာတော့ဘဲ ၊ ဂါဆိုလပြည့် ၊ သီတင်းကျွတ်ပွဲတော် ၊ ပြည်ထောင်စုနေ့ စသည်ဖြင့် ပို့စကတ် အထူးထုတ်ဝေချိန်တွင် ထိုအထူးထုတ် ပို့စကတ်လေးများ ရောက်လာတတ်သည်။ အစဉ်မမေ့ကြောင်းကို ပြသည့်သဘောပင်ဖြစ်၏။ တစ်ခါတစ်ရံ ကျွန်မက မောင့်ကိုစတတ်သည်။

`လွတ်လပ်ရေးနေ့ကို နှစ်ရက်တောင် လွန်လာပြီ မောင်´

`ဘာဖြစ်လို့လဲ ထားရဲ့´

`ဩော် လွတ်လပ်ရေးနေ့ ပို့စကတ်လဲ မရောက်သေးပါလားလို့´

`ထားကလဲကွာ´

မောင်က ရယ်မောပစ်တတ်သည်။ အင်း လုပ်လိုက်ဦးပေါ့ မစံပယ်ရေ။

မောင့် အပေါင်းအသင်းဆိုလျှင် ကျွန်မ မသိသူ နည်းသည်။ တစ်ခါမျှတော့ဖြင့် မြင်ဖူးသည်သာ။ သို့သော် ယနေ့လာသော သူကို ကျွန်မ မမြင်ဖူး။ သူ့အသားက ဖြူသည်။ ပိန်ပိန်သွယ်သွယ်ဖြစ်သည်။ မောင်နှင့် တိုက်ရိုက်တွေ့သွားသည်။

ဉေ့သော်က ကျွန်မကို သာမန်မျှသာ တစ်ချက်ပေ့ကြည့်ကာ မောင်နှင့် အပြင်ပြန်ထွက်သွားသည်။ ကျွန်မက ခါတိုင်းလို `လက်ဖက်ရည်ဆိုင် သွားလိုက်ဦးမယ်ထားရေ´လို့ပင် ပြောမသွားနိုင်သော မောင့်ကို မကျေမနပ်ဖြစ်မိသည်။ ခါတိုင်းလည်း ယောကျ်ားဉေ့သည်လာလျှင် မောင်က ကျွန်မကို ဒုက္ခမပေးတတ်။ လက်ဖက်ရည်ဆိုင်သို့ ခေါ်သွားကာ သူ့ဘာသာ ဉေ့ခံတတ်သည်။ ယနေ့တော့ ည၉နာရီကျော်ပြီမို့ မသွားသင့်တော့ဟု ကျွန်မထင်သည်။ ဉေ့သည်ကလည်း ဒီအချိန်ကြီးမှာ ဘာကိစ္စများ ရှိလို့ပါလိမ့်။ ရန်ကုန်မြို့လယ်ခေါင်ဆိုတော့ ညဉ့်နက်ပြီဟု မဆိုသာ။

`စောစောက ဉေ့သည်ကိုသိလားဟင်´

`၁၀နာရီပင် ရှိပြီမို့ ကျွန်မက မောင့်ညှို်ငယ် အထွေးကို လှမ်းမေးလိုက်သည်။

`သိတာပေါ့ ကိုကို့ရည်းစားရဲ့မောင်လေ´

အနားမှ အစ်မ အကြီးဖြစ်သူက လှမ်း၍ လက်ကုပ်လိုက်သော်လည်း အထွေးက ဒါမျိုးဆိုလျှင် ပြောချင်သူပီပီ ပြောဖြစ်အောင် လှမ်းပြောလိုက်သည်။ ကျွန်မ မျက်နှာပျက်သွားမိ၏။

`အထွေးတို့ ကိုကိုက ရည်းစားက များများရယ် ၊ဘယ်ရည်းစားလဲ အထွေးရဲ့။ ဟို စံပယ်ဆိုတာလား´

ကျွန်မက ဘာမျှ အလေးအနက် မထားသလို ရယ်ရယ်မောမောဖြင့် ပြောလိုက်၏။ ကျွန်မ အကုန်သိပြီးသားပါ။ ကိစ္စမရှိပါဘူးဟူသော မျက်နှာထားမျိုးလည်း နေပြလိုက်သည်။

`အလကားပါ ထားရယ် .. ဒီကောင်က ဘာရယ်မဟုတ်ပါဘူး။ ဟဲ့ အထွေး အိပ်ရာတွေ ပြင်ချေလေ။ တော်ကြာ ဟိုနားလဲ့အိပ် ၊ ဒီနားလဲ့အိပ်နဲ့´

မမကြီးက စကားရောဖောရောဖြင့် အထွေးကိုနှင်လိုက်ပါသည်။ သို့သော် အထွေးက ဂရုမစိုက် ၊ ကျွန်မကို လှည့်ကြည့်ကာ ပြောလိုက်သေးသည်။

`ဟုတ်တယ် ဟုတ်တယ်။ သူပဲ ။ သူပဲ ပို့စကတ်တွေ ပို့ပို့နေတာလေ။ အရင်က အိမ်တောင်လာဖူးသေးတယ်´

မမကြီးက အထွေးကိုလှမ်း၍ ခေါင်းခေါက်လိုက်သည်။ ကျွန်မက ဟန်လုပ်၍ ရယ်နေရ၏။

\+ + + +

လူခေါ်ခေါင်းလောင်းသံက ညင်ညင်သာသာလေး မြည်လာသည်။ ခပ်ဖွဖွလေး နှိပ်လိုက်ဟန် တူ၏။ ကျွန်မ နာရီကို လှမ်းကြည့်မိရာ ၁၂နာရီ ထိုးတော့မည်ကို တွေ့ရသည်။ တံခါးကို ကျွန်မကပင် ဖွင့်လိုက်သည်။ ကျွန်မ စောင့်မည်ဟု မမကြီးကိုပြော၍ အိပ်ခိုင်းခဲ့ရ၏။ ခါတိုင်းဆိုလျှင် မမကြီးသာ နောက်ဆုံးမှ အိပ်တတ်သည်။

`ထား မအိပ်သေးဘူးလား´

`ဘယ်အိပ်နိုင်ပါ့မလဲ´

ကျွန်မက တွေ့တွေ့ချင်း အငေါ်တူးလိုက်မိသည်။ အိပ်ခန်းတံခါး ပိတ်ပြီးသည်နှင့် ပြဿနာကို ကျွန်မက စလိုက်သည်။

`မတော်လိုက်ရတဲ့ ယောက်ဖက ဘယ်ခေါ်သွားပြီး ဘာတွေများ ပြောနေလို့ ဒါလောက်ကြာနေရတာလဲ ပြောစမ်းပါဦး´

မောင်မျက်နှာပျက်သွားသည်။ မောင်က စကားစကို ရှာနေသည်။ မောင့်ကို စေ့စေ့ကြည့်မေးလျှင် ဖုံးကွယ်နိုင်စွမ်း ရှိသူ မဟုတ်။

`စံပယ့်အကြောင်း လာပြောတာပါ´

`စံပယ်က ဘာပြောခိုင်းလိုက်လို့လဲ´

ကျွန်မက ဒက်ခနဲ ပြန်မေးလိုက်သည်။

`သြော် ဟို ဟိုဒင်းပါ။ သူက မောင်တို့ကို အခင်မင်မပျက် ဆက်ဆံချင်တဲ့အကြောင်း။ မိတ်ရင်းဆွေရင်းတွေလိုပါ။ အိမ်နဲ့ကလည်း အစကတည်းက ခင်နေခဲ့တာကိုး။ ဒါပါပဲ မောင်တို့ တခြားအကြောင်းတွေပြောရင်းနဲ့ ကြာသွားကြတာ´

`ဘယ်မှာများ သွားပြောနေသလဲ မောင်ရယ်။ ဒီအချိန်ထိအောင်´

`ပန်းခြံမှာ´

`ပန်းခြံမှာဟုတ်လား ။ သူ့မောင်တစ်ယောက်တည်း လာတာဟုတ်ရဲ့လားမောင်ရယ်´

မောင်က ဆတ်ခနဲ ကျွန်မကို လှမ်းကြည့်သည်။ စိတ်ဆိုးသွားပုံရ၏။

`တစ်ယောက်တည်းမလာလို့ ဘယ်သူပါလာရဦးမှာလဲ ထား။ မောင်ဒီလောက် သစ္စာမမဲ့ပါဘူး။ ထား မောင့်ကို မယုံဘူးလား။ မောင် ဒါမျိုး ဘယ်တော့မှ မလုပ်ဘူး´

`မောင့်ကို မယုံလို့မဟုတ်ဘူး။ သူ့ကိုမယုံလို့။ သူ ဘာလို့ ဒီလောက် သဲသဲမဲမဲ ဖြစ်နေရသလဲ။ ဘာလို့ ဒီလောက် အနှောင့်အယှက်ပေးနေရသလဲ´

`ဒါတော့ မောင်မသိဘူး။ မောင့်ဘက်က ဘာမှ ခံစားမှုမရှိတော့တာကတော့ အမှန်ပဲ။ သူကလဲ တစ်ချိန်က သူ ပစ်ပစ်ခါခါ လုပ်ခဲ့တာကို ပြန်တောင်းပန်တဲ့သဘောပါ။ သူကောင်းကောင်းလဲ နေမကောင်းဘူး´

မောင့်အသံက သူ့အပေါ် ကြင်နာဟန်ပါသွားသည်ဟု ထင်မိသည်။

`ဒီမှာ မောင် ၊ မောင်တို့နှစ်ယောက်ရဲ့ မေတ္တာဇာတ်လမ်းမှာ ထားဟာ လူဆိုးတစ်ယောက်နေရာများ ရောက်နေပလားဟင်´

`အို မဟုတ်တာဘဲ ။ သူနဲ့မောင် ကင်းကင်းပြတ်ပြတ် ဖြစ်ခဲ့ပြီးသားလို့ မောင်ပြောခဲ့ပါပကော´

`ဒါနဲ့တောင် သူက ဒီလောက်စွဲစွဲလမ်းလမ်း ဖြစ်နေတာ မောင် ထားကိုကွာပြီး သူ့ကိုပဲယူလိုက်ပါတော့´

ကျွန်မစကားက ရင့်သီးသွားသည်လားမသိ။ မောင် ကျွန်မပါးစပ်ကို လှမ်းပိတ်လိုက်သည်။

`တော်တော့ ထား ။ နောက်ကို ဒီလိုစကားမျိုးမပြောနဲ့´

မောင် စံပယ့်ဘက်ကပဲ နာသည်လား ၊ ကျွန်မဘက်ကပဲ စိတ်ထိခိုက်သည်လားမသိ။ မောင့်လက်က ကြမ်းတမ်းပြင်းထန်လှသဖြင့် ကျွန်မပါးနှစ်ဖက် နာကျင်သွားသည်။ ရင်ထဲက ပိုလို့သာနာမိပါ၏။ ရက်စက်ပေဦးတော့ မစံပယ်။

ကျွန်မ သတင်းစာဖတ်လျှင် နောက်ကျောဘက်မှ စ၍ ဖတ်လေ့ရှိသည်။ သာရေး ၊ နာရေးသတင်းများ ၊ စာအုပ်ကြော်ငြာများ ၊ ရုပ်ရှင်ကြော်ငြာများကို ကျွန်မစိတ်ဝင်စားသည်။ သူငယ်ချင်းတွေထဲက ဘယ်သူတွေ လက်ထပ်သွားပြီလဲ ကျွန်မ အမြဲရှာ၏။ တစ်နေ့တွင် သတင်းတစ်ပုဒ်ကို ကျွန်မတွေ့သည်။

`ကိုကြည်မောင်နှင့်ဖြူနှင်းလွင်´

လက်ထပ်ပြီးစီးခြင်း သတင်းတစ်ပုဒ်ဖြစ်၏။ ဖြူနှင်းလွင်ဆိုသော နာမည်ကို ကျွန်မသိသည်။ ရုတ်တရက် လူပုံပန်းကို စဉ်းစား၍မရ။ အတန်ကြာမှ ဖျက်ခနဲသတိရလိုက်သည်။ ဟုတ်ပြီ။ စံပယ် .. စံပယ် ... မောင့်အချစ် စံပယ်။ အထွေးပြောပြ၍ သိရဖူးသည်က တက္ကသိုလ်ရောက်မှ ပြောင်းသည့်နာမည်က ဖြူနှင်းလွင်။ ဒါကလည်း မောင့်အမည်ကို အစွဲပြု၍ ပြောင်းခြင်းဖြစ်သည်။ မောင့်အမည်က ကိုအောင်လွင်။

သူ လက်ထပ်လိုက်ပြီကိုး။ မောင့်ဆီကို ပို့စကတ်တွေ မရောက်တာတောင် အတော်ကြာပြီပဲ။ မောင်နှင့် ရန်ဖြစ်ရသည့်နေ့ကစ၍ပဲ ထင်သည်။ မောင်ဘယ်လိုစီစဉ်ခဲ့သည်မသိ။ ခုတော့ သူလက်ထပ်လိုက်ပြီ။ ကျွန်မ မျှော်လင့်သည့်နေ့ကို ရောက်ခဲ့ပြီ။

သိကြရောပေါ့ စံပယ်ရယ်။

သည်အပတ် ပိုလ်ချုပ်ဈေးကို ကျွန်မသွားသည်။ ကျွန်မမှာ ဂယ်စရာ ထွေထွေထူးထူးမရှိ။ ပို့စကတ်လှလှလေးတွေ ရောင်းသော ဆိုင်များကိုသာ သွားသည်။ ကျွန်မလိုချင်သောပုံကို ရှာသည်။ တော်တော်နှင့် စိတ်ကြိုက်မတွေ့နိုင်။ နောက်ဆုံး အကောင်းဆုံး ဖြစ်မည်ထင်ရသော ပုံတစ်ပုံကို ရွေးချယ်လိုက်ရသည်။ သာယာလွမ်းမောဖွယ်ကောင်းသော ရှုမျှော်ခင်းကို နောက်ခံထား၍ အမျိုးသမီးလေးတစ်ယောက် မတ်ကပ်ရပ်နေသည်။ သူ့ဟန်က နွမ်းလျလျဖြစ်သည်။ အနီးရှိ ရေပြင်ကျယ်ဂယ် ဘဲငန်းလေးနစ်ကောင် ရေကူးနေသည်။ မောင်နံ့ဖြစ်၏။ အမျိုးသမီးငယ်သည် တူစုံမောင်နံ့ ဘဲငန်းလေးနစ်ကောင်ကို ကြည့်၍ စိတ်မကောင်းဖြစ်ဟန်ဖြစ်၏။

ဟန်တော့ကျပြီ။ ဒါတောင် စိတ်ကြိုက်မတွေ့လှသေး။ ပို့စကတ်မှာ တစ်မတ်တန် အညံ့စားဖြစ်၏။ ပန်းချီကလည်း ညံ့သည်။ လှုပြိန်းကြိုက် ၊ ကလေးကြိုက်ဖြစ်သည်။ သို့သော် မတတ်နိုင်။

ပို့စကတ်ပေါ်တွင် ဦးကြည်မောင်၏ ရုံးလိပ်စာကို အလှပဆုံး ဖြစ်အောင်ကြိုးစား၍ ရေးလိုက်သည်။ သူတို့နှစ်ယောက် ရာထူးနှင့် ဌာနများကို မင်္ဂလာသတင်းထဲမှ ကျွန်မကူးယူထားသည်။ နှစ်ယောက်လုံး တစ်ရုံးတည်း ၊ တစ်ဌာနတည်းဖြစ်၏။

ပေးပို့သူနေရာမှာ မည်သည့်အမှတ်အသားမျှ မရေးဘဲ စာတိုက်မှ ကိုယ်တိုင်အသေအချာထည့်လိုက်သည်။ သို့သော် ကျွန်မ ရောက်စေချင်သည်မှာ ဦးကြည်မောင်ဆီသို့မဟုတ် ၊ ကံကောင်းထောက်မ၍ ဤပို့စကတ်လေးသည် မစံပယ်လက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ပါစေသား။

ကျွန်မသည် သဘောထားကြီးသူ မဟုတ်ပါ။ သာမန်မိန်းမများမှ မိန်းမတစ်ယောက်ပင် ဖြစ်ပါ၏။ ဂုန်တိုတတ်သည်။ နာကြည်းတတ်သည်။ တုံ့ပြန်တတ်သည်။ လုပ်ချင်တာ လုပ်လိုက်ပြီးမှ ကျွန်မစိတ် မငြိမ်မသက် ဖြစ်နေသည်။ ခုလောက်ဆိုရင် ဦးကြည်မောင်ထံသို့ ထည့်လိုက်သော မိန်းမ လက်ရေးနှင့် ပို့စကတ်လေးသည် မစံပယ်လက်ဂယ်သို့ ရောက်လောက်ပြီ။ သူမလက်ထဲမှ ရောက်ပါ့မလား။ ရောက်ပါစေဟု ဆုတောင်းနေမိ၏။ မစံပယ်စိတ်ဂ်. သို့လော သို့လော စနောင့်စနင်းဖြစ်ပါစေ ၊ အနောင့်အယှက်ဖြစ်ပါစေ။

ညနေ ၃နာရီထိုးပြီ ။ မစံပယ် မည်သို့ဖြစ်မည် ကျွန်မ မသိ။ ဖြစ်စေဦးတော့ ရုံးမှာပဲ ရှိသေးသည်မို့ အောင့်အည်း နေရပေမည်။ အိမ်ရောက်မှသာ ပြဿနာဖြစ်ရပေမည်။

ကျွန်မသည် တယ်လီဖုန်းလမ်းညွှန်မှ နံပါတ်တစ်ခုကို ရှာကာ လှည့်လိုက်သည်။ ဖြူနှင်းလွင်နှင့် စကားပြောခွင့် တောင်းလိုက်၏။

`ဟုတ်ကဲ့ ပြောပါရှင်´

တစ်ဘက်မှအသံသာသာလေးကို ကြားရသည်။

`ဒေါ်ဖြူနှင်းလွင်လား´

ကျွန်မကလည်း အသံကို အကြည်ဆုံး ၊ အသာဆုံးဖြစ်အောင် ကြိုးစားကာ မေးလိုက်သည်။

`ဟုတ်ပါတယ်´

`ကျွန်မ မိုးသူဇာပါ´

အမည်ရင်းကို မပြောလိုသေးသဖြင့် စိတ်ကူးရရာ နာမည်လှလှလေးတစ်ခုကို အားကျမခံ သုံးလိုက်၏။

`ရှင်´

တစ်ဘက်မှ အံ့သြသံလေး ထွက်လာသည်။

`ဟိုလေ အဲ ကိုကြည်မောင်ဇ

ကျွန်မက ရုတ်တရက် ဘာပြောရမှန်း မသိဟန်ဖြင့် လေသံကို ဆွဲထားလိုက်သည်။ သူမကို `ဒေါ်´ တပ်ခေါ်ပါလျက် ဦးကြည်မောင်ကို ရင်းနှီးသူတစ်ယောက် ဟန်ပန်ဖြင့် `ဦး´ မတပ်ဘဲ ခေါ်လိုက်၏။

`အစ်ကိုမောင့် မိတ်ဆွေလား´

သူကလည်း အလာကြီးပဲ။

`အို အို မိတ်ဆွေတော့ မဟုတ်ပါဘူး။ ဒီလိုပါပဲ။ မိုး သူ့ဆီကို ထည့်လိုက်တဲ့ ပို့စကတ်လေးလေ´

`ဩော် ဒေါ်မိုးသူဇာ ထည့်လိုက်တာလား ။ နေပါဦး ။ သူနဲ့ဒေါ်မိုးသူဇာနဲ့က ´

တစ်ဘက်မှ အသံမာလာသည်။ ကျွန်မ ကျိတ်၍ပြုံးလိုက်၏။

`ပို့စကတ်တော့ သူ့ဆီ မရောက်တော့ဘူး ထင်ပါရဲ့ ´

`ဒီမှာ ဒီမှာ ဒေါ်မိုးသူဇာ။ ဘာသဘောနဲ့ ဒီပို့စကတ်ကို သူ့ဆီ ရောက်စေချင်ရတာလဲ။ ရှင်နဲ့သူနဲ့ ဘယ်လိုပတ်သတ်နေလို့လဲ ´

အမျိုးသမီးရန်တွေ့ချေပြီ။

`အို ဘာသဘောနဲ့ ပို့စကတ်ပို့တယ်ဆိုတာတော့ ဒေါ်ဖြူနှင်းလွင် အသိဆုံးနေမှာပေါ့။ ဘယ်လိုပတ်သတ်တယ် ဆိုတာလဲ ဖြူနှင်းလွင်သိနိုင်ပါတယ် ´

`ဘယ်လိုလဲ ကျွန်မကို .. အဲ ဖြူ့ကို ရှင်းရှင်းပြောစမ်းပါ ဒေါ်မိုးသူဇာ ´

သူမ၏အသံများ မသိမသာတုန်နေသည်။ ကျွန်မအသံလည်း မသိမသာ တုန်လာသည်။

`အချစ်နဲ့ရော ဘဂနဲ့ပါရင်းပြီး တည်ဆောက်ရတဲ့ အိမ်ထောင်တစ်ခုကို ဘယ်လို အနှောင့်အယှက်မျိုးမှ မဂင်စေ့ချင်ကြတာ ဓမ္မတာပါပဲ ဒေါ်ဖြူနှင်းလွင် ´

`ဘာတွေပြောနေတာလဲ။ ရှင်းရှင်းပြောစမ်းပါ ´

`ဒီလောက်လဲ ဒေါသမကြီးပါနဲ့။ တကယ်တော့ ကျွန်မဟာ ဦးကြည်မောင်နဲ့ ဘယ်လိုမှ မပတ်သတ်ပါဘူး။ မိုးသူဇာလဲ မဟုတ်ပါဘူး။ ဦးအောင်လွင်ရဲ့ ဇနီး ခင်ထားထားပါ မစံပယ် ´

နောက်ဆုံးစကားလုံးများကို သူမပြတ်ပြတ်သားသား ကြားနိုင်ရန် ကျွန်မက ပီပီသသကြီး ပြောချလိုက်ပြီး တယ်လီဖုန်းကိုလည်း အမြန်ဆုံးချပစ်လိုက်ပါသည်။

ကျွန်မရင်ထဲမှာ ပေါ့သွားသည်။ အနှစ်နှစ်အလလက တင်ရှိနေသော ရာဇဝင်အကြွေးကို ပေးဆပ်လိုက်ရသကဲ့သို့ပင် ဖြစ်၏။

သို့သော် ကျွန်မသည် ဖူးသစ်စ အိမ်ထောင်တစ်ခုကို သံသယတွေ ပဋိပက္ခတွေဖြင့် ထိခိုက်နစ်နာသွားစေနိုင်လောက်အောင် ရည်ရွယ်တုံ့ပြန်ခြင်း မရှိခဲ့ပါ ဆိုသည်ကိုတော့ ဖြူနှင်းလွင်ခေါ် မစံပယ်တစ်ယောက် သိနားလည်ဟန်ကောင်းပါရဲ့။

မိုးမိုး (အင်းလျား)

တိုင်းရင်းမေ ( ၈၁ ၊ ၈၂ ၊ ၁၉၇၄ )

# မိုးမိုး(အင်းလျား)၏

# မီးရထားနှင့်

# ခရီးသွားခြင်းအကြောင်း

တစ်ယောက်တည်း ခရီးသွားရသည်ကို ကျွန်မပျော်၏။ တစ်ယောက်တည်းဆိုတော့
အထုပ်အပိုး ဝန်စည်စလယ်များ သယ်စရာမလို။ အစားအသောက်အတွက်လည်း
သောကမရောက်။ ကြုံရာမှာ ကြုံသလိုစားနိုင်၏။ စာဖတ်လိုက ဖတ်၊ မဖတ်လိုလျှင်လည်း
ပြင်ပပတ်ဝန်းကျင်ကို ငေးမောရင်း လိုက်ပါသွားနိုင်၏။
ကျောင်းနေစဉ်ကတော့ ညောင်လေးပင်နှင့် ရန်ကုန်ကို မကြာမကြာ တစ်ယောက်တည်း
ကူးသန်းသွားလာ၏။ ရထားတွေကလည်း ယခုလောက်မကျပ်သေး။ ကျောင်းပိတ်ရက်
အိမ်ပြန်ချင်လျှင် အချိန်မရွေးထပြန်လို့ရသည်။ ညောင်လေးပင် လော်ကယ်ကို
ချက်ချင်းလက်မှတ်ဝယ်ပြီး လိုက်သွားရုံ။
အိမ်ထောင်သည်ဘဝမှာတော့ ခရီးတစ်ခါထွက်ဖို့ အတော်ပင်စဉ်းစားရ၏။
နောက်ပိုင်းကိုလုံခြုံအောင်စီစဉ်ရ၊ ကလေးတွေနှင့်သွားလာဖို့ ထုပ်ပိုးရသည်မှာ
ပင်ပန်းလှသည်။ ထို့ကြောင့်တော်ရုံ ကိစ္စနှင့်လည်း ခရီးမထွက်ဖြစ်တော့။
ယခုတစ်ခေါက်တော့ မသွားမဖြစ်သည့် အရေးကြီးကိစ္စကကြုံလာသည်။ ညောင်လေးပင်မှာ
ကျန်ရစ်သော ဆွေမျိုးတစ်စုက အလှူအတန်းရှိသဖြင့် မိသားစုတစ်စုလုံးလာကြရန်
ဖိတ်ခေါ်သည်။ သို့သော် ကိုယ့်အလုပ်နှင့်ကိုယ် ရှုန်းကန်ကြရမြဲဖြစ်သော
မြို့ပေါ်နေလူတန်းစားတို့၏ သဘာဝအတိုင်း လူကုန်သွားရန်မဖြစ်နိုင်။
ကလေးများကလိုက်ချင်သော်လည်း ငွေရေးကြေးရေး၊ သွားရေးလာရေးကအစ မလွယ်ကူသဖြင့်
နေရစ်ခဲ့ရန်တောင်းပန်ရသည်။ ကျွန်မအနေဖြင့်မူ အနေဝေးခဲ့သော ဆွေမျိုးမိတ်သင်္ဂဟများ
ကျေနပ်စိမ့်သောငှာ မျက်နှာပြဖို့လာခဲ့ရ၏။ မည်သို့ဖြစ်စေ
တစ်ယောက်တည်းခရီးမထွက်ရတာကြာပြီဖြစ်သဖြင့် ရထားပေါ်ရောက်သည်နှင့်
ကျွန်မပျော်လာမိလေသည်။ ကျောင်းနေစဉ်ကလိုပင် သားရေအိတ်ကလေးတစ်အိတ်နှင့်
ပေါ့ပေါ့ပါးပါးထွက်ခဲ့ရသည်ကို ကြည်နူးမိလေသည်။
မီးရထားစီးခရီးသည်များကား များပြားလှ၏။ တလောကလုံးရှိ လူတွေအားလုံး
ခရီးသွားနေကြသလားဟု ထင်မှတ်ရတော့သည်။ ထိုင်ခုံတစ်နေရာရရန် အတော်ကို
ကြိုးစားပမ်းစား ဝယ်ယူခဲ့ရသည်။ ကျွန်မစီးသည့်ရထားက သာစည်-ရွှေညောင်ရထား။
မန္တလေးအမြန်ရထား ကပိုမလွယ်။ ဝဇီရာရုံရှေ့ လမ်းဟိုဘက်
အမြန်ရထားလက်မှတ်ရောင်းဌာနမှာ နေ့စဉ် ညအိပ်ညနေ တန်းစီနေကြသော
လူတန်းရှည်ကြီးကို တွေ့ရတတ်သည်။
ယခုရထားပေါ်မှာလည်း လူတွေပြည့်ကျပ် လိုက်ပါလာကြ၏။ ပြတင်းပေါက်ဘေး
တစ်နေရာမှာ ကံကောင်းထောက်မစွာ ထိုင်နေရသော်လည်း ပတ်ဝန်းကျင်ကို
ဥပေက္ခာပြုရန်ကားမလွယ်။ ချွေးသံရွှဲရွှဲဖြင့် ညည်းညူတိုးဝှေ့နေသောလူများကို
မြင်နေရသဖြင့်ရင်ထဲမှ ကြည်နူးမှုသည်ပင် ကွယ်ပျောက်လုလု ဖြစ်နေတော့၏။
ရထားမြန်မြန်ထွက်ပါစေဟု ဆုတောင်းနေမိပါသည်။
ရထားထွက်ရန် ငါးမိနစ်သာလိုတော့သည်။ လှုပ်လှုပ်ရွရွဖြစ်နေသော ခရီးသည်များကား
မငြိမ်သက်သေး။ ထိုအချိန်မှာ အပြင်အဆင်အဝတ်အစား အထက်တန်းကျကျ

မိန်းမကြီးတစ်ယောက် ကျွန်မရှေ့မှောက် ခုံတန်းကိုဘွားခနဲရောက်လာသည်။
အထက်တန်းကျသည်ဆိုခြင်းမှာ အဝတ်အစား အသုံးအဆောင်၏တန်ဖိုးများကို
ခန့်မှန်းပြောရခြင်းသာဖြစ်ပါသည်။ ဆင်ယင်ထားပုံကတော့ ကိုယ်ပေါ် ပါလာသည်ဆိုရုံ။
'ကြည့်စမ်း၊ ကံကောင်းလို့ ကံကောင်းလို့၊ ဒီရထားသာမမီရင်ဒုက္ခ ဒါတောင်
အစောကြီးကတည်းက ပြင်ဆင်ထားတာ၊ အိမ်ကကားက လမ်းကျမှပျက်နေရတယ်လေ၊
ပြောမပြောချင်ပါဘူး၊ ဟဲ့ ဟိုဘက်တိုးပါဦး ကလေးမ၊ ဒီမယ် ခြင်းကိုအောက်ချလိုက်ပါလား၊
အမယ်လေးဟဲ့ အိုက်တင်ကလဲ လွန်ပါရော'
ထိုမိန်းမကြီး အသွင်နှင့်အသံကို မြင်လိုက်ကြားလိုက်ရသည်ဆိုလျှင်ပင်
ကျွန်မ၏ပျော်ရွှင်မှုတစ်ဝက်ဆုံးရှုံးသွားပြီဟု ယူဆလိုက်မိတော့သည်။ တစ်ယောက်တည်း
အေးအေးဆေးဆေးစိတ်ကူးယဉ်ကာ ကြည်နူးမှုရှာမည်ဟု တွေးထားသော အတွေးများလည်း
ပျက်ပြယ်ကုန်တော့၏။
ရထားက စထွက်ဖို့ အရှိန်ယူနေပါပြီ။ ကျွန်မ၏စိတ်ကို ကသိကအောက်ဖြစ်စေသော
ထိုမိန်းမကြီးသည် သူ့ခန္ဓာကိုယ်ကြီးကို ပြတင်းပေါက်မှထုတ်လျက် အပြင်ကို
အော်ဟစ်နှုတ်ဆက်နေလေသည်။
'ဟဲ့ ပန်းပင်တွေ ရေလောင်းဖို့ မမေ့နဲ့နော်၊ နင့်အဖေကိုလဲ ဂရုစိုက်လိုက်၊ ကားကို ဒီကအပြန်
ဝပ်ရှော့ဝင်ပြလိုက်ဦး၊ ပြီးငါမှာထားတာတွေမှတ်မိရဲ့လား'
သူ့ဘေးမှ မိန်းကလေးမှာတော့ သူ့တင်ပါးကြီးနှင့် ကွယ်ထားသဖြင့် အပြင်ကို
ကဲကြည့်ချင်သော်လည်း၊ မကြည့်ရရှာ။ ပြီးတော့ မိန်းကလေးတစ်ယောက်တည်းမဟုတ်။
ဘေးနားမှာ သုံးနှစ်အရွယ် ကလေးငယ်တစ်ယောက်ပါလာသည်။
ကျွန်မသည် စိတ်ကူးယဉ်ပျော်ရွှင်မှုကို စွန့်လွှတ်လျက် ပတ်ဝန်းကျင်မှ တဒင်္ဂလူ့
အဖွဲ့အစည်းကလေးသို့ အာရုံပြောင်းရန်စိတ်ကူးမိ၏။ လူတွေ၏ သဘာဝအပြုအမူ
အလေ့အကျင့်ကလေးများကို ကြည့်ရှုသုံးသပ်ရသည်မှာလည်း စိတ်၏အပျင်းပြေ
အလုပ်တစ်ခုပင်မဟုတ်ပါလား။ စာဖတ်ခြင်းသည်လည်း လူ့ဘဝဇာတ်ကြောင်းတစ်ခုကို
လေ့လာခြင်းဖြစ်သလို လူတွေကို လေ့လာခြင်းမှာလည်း စာတစ်အုပ်ဖတ်ရသကဲ့သို့ပင်
ရှိချိမ့်မည်ထင်၏။
'ဟော့ မတင်မြ ကလေးကို ဂရုစိုက်နော်'
ဘီးလိမ့်ထွက်နေပြီဖြစ်သော ရထားပြတင်းပေါက် ပြင်ပမှဝင်လာသည့် အသံတစ်သံပင်ဖြစ်၏။
မိန်းမကြီးက သူ့တင်ပါးကြီးခုံပေါ်သို့ပြန်အချ အစောကတည်းကအခွင့်အရေးကို
စောင့်နေဟန်တူသော ကလေးအဖေက လှမ်းမှာခြင်း ဖြစ်ဟန်တူပါသည်။
'စိတ်ချ စိတ်ချ ကိုလှခင် ရှင်ပြန်တော့၊ တော်ကြာ ဘတ်စ်ကားတွေ သိပ်ကျပ်နေမယ်'
မိန်းမငယ်၏အသံသည် လေနှင့်အတူ လွင့်ပါးရွေ့ကျန်ရစ်မည် ထင်သည်။ ရထားသည်
အရှိန်နှင့် ထွက်ခွာလာပြီဖြစ်သောကြောင့်တည်း။
လူတွေကား ကောင်းစွာ နေရာတကျ မဖြစ်သေး။ ထိုင်ခုံတစ်နေရာစာ ရလိုရငြား
ကျီးကန်းတောင်းမှောက် ရှာသူကရှာဆဲ။ ပစ္စည်းများကို ဟိုရွှေ့ဒီရွှေ့ နေရာချသူကလည်း
ချတုန်း။ ရထားသည်အရှိန်ကို မြှင့်လျက်ထွက်ခွာလာပါပြီ။ ကျွန်မသည်
မမြင်ရတာကြာပြီဖြစ်သော ရထားလမ်းဘေးတစ်လျှောက် မြင်ကွင်းများကို ငေးမောကြည့်ရှုရန်
ပြတင်းပေါက်အပြင်ဘက်သို့ မျက်နှာမူလိုက်မိ၏။ ရန်ကုန်မြို့ဆင်ခြင်ဖုံး၏
မျက်နှာစာမြင်ကွင်း။ တဲအိမ်ငယ်များ၊ အမှိုက်ပုံများ၊ အိမ်သာများ၊ ရထားလမ်းဘေးမှာ
ဆော့ကစားနေသော ကလေးငယ်များ။
'ဟဲ့ ကလေးမ၊ ဟိုဘက်နည်းနည်းတိုးပါဦး၊ ပူရအိုက်ရတဲ့အထဲ အသားချင်းကပ်နေတော့
ပိုဆိုးတယ်၊ ကလေးကို ပေါင်ပေါ်တင်လိုက်ပါလား'

ထိုမိန်းမကြီးနှင့် ဘေးချင်းယှဉ် မထိုင်ရသည်မှာ ကံကောင်းလေစွဟု ကျွန်မအောက်မေ့မိ၏။
ကျွန်မ၏ဘေးတွင် အသက်၅ဝခန့်ရှိသော လူကြီးတစ်ယောက် ထိုင်နေသည်။
ရုပ်ရည်သန့်သန့်ပြန့်ပြန့် ရည်ရည်မွန်မွန်ရှိပုံရှိဟန်တူ၏။ ရထားထွက်သည်နှင့်
ကြေးမုံသတင်းစာတစ်စောင်ကို ဖြန့်ဖတ်ကာ အေးဆေးစွာလိုက်ပါလာသည်။
မိန်းမကြီးဘေးမှ မိန်းမငယ်သည် ကိုယ်ကိုယို့လျက် တက်နိုင်သမျှ ဘေးသို့ကပ်ပေးရှာပါ၏။
ကလေးကိုတော့ ပေါင်ပေါ်တင်ခြင်းမပြု၊ ခရီးရှည်ကြာသွားရမည်ဆိုလျှင် ကလေးကိုပေါင်ပေါ်
အချိန်ကြာမြင့်စွာ တင်ထားရန် မဖြစ်နိုင်။ သို့သော် မိန်းမငယ်သည်
ဆင်းရဲနွမ်းပါးပုံရသည်နှင့်အမျှ မာနလည်းနည်းပုံရ၏။ မိန်းမကြီးက သူ့ခန္ဓာကိုယ်ကြီးနှင့်
ထိုင်ခုံတစ်ဝက်ကျော်နေရာယူထားပြီး မတရားတိုးခိုင်းနေသော်လည်း တစ်စုံတစ်ရာ
ပြန်လှန်ပြောဆိုခြင်း မပြု၊ တိုးလို့ရသမျှ တိုးပေးလိုက်သေး၏။ ပြီးတော့ ထိုမိန်းမငယ်ကား
ခရီးသွားရသည်ကို စိတ်အားထက်သန်ခြင်းမရှိလှ။
မလွှဲမကင်းသာ၍သာထွက်လာရပုံမျိုးဖြစ်၏။ သူ့မှာရထားပေါ်မှာ နေရေးထိုင်ရေးထက်
ခရီးထွက်လာရခြင်း အကြောင်းရင်းကသာ အရေးကြီးပုံပေါ်သည်။
သူ့ဘေးမှ မိန်းမကြီးကတော့ တဒင်္ဂမျှနေထိုင်ရသော ဘဝကိုပင် ရေးကြီးခွင်ကျယ်ဖြစ်ကာ
အရာရာသည် အရေးကြီး၍နေသည်။ ဘေးမှကလေးကို ပေါင်ပေါ်မတင်ရကောင်းလားဟု
မကျေမနပ်ဖြစ်နေသည်။
ရထားသည် အရှိန်ပြင်းစွာနှင့် မောင်းထွက်ခဲ့လေပြီ။ ကျွန်မ၏ပတ်ဝန်းကျင်မှ
လူ့အဖွဲ့အစည်းကလေးသည် ဝတ္ထုတိုကလေးတစ်ပုဒ်ကို ခင်းကျင်းပြသလျက်ရှိသည်။
'တယ်လဲ ပူလိုက်သကိုးနော်၊ အိမ်မှာ ဒီအချိန်ဆိုပန်ကာဖွင့်ထားရတာ၊ မဟုတ်ရင်လဲ
မနေနိုင်ဘူး၊ ဒါတောင်သားက ပန်ကာလေသိပ်မခံပါနဲ့ အမေရယ်ဆိုလို့၊ သားကဆရာဝန်လေ
ဟင်းဟင်း'
မိန်းမကြီးသည် ကျွန်မနည်းတူပင် ပတ်ဝန်းကျင်ကိုဝေ့၍အကဲခတ်ရာမှ
ကျွန်မကိုမြင်သွားသဖြင့် သူစကားပြောစရာ အမဲတစ်ကောင်ရပြီဟု ဝမ်းမြောက်ဝမ်းသာ
လှမ်းပြောပါလေတော့သည်။ ကျွန်မလည်း ဘာပဲဖြစ်ဖြစ် လူတွေရဲ့သဘောကို
အပျင်းပြေလေ့လာစရာပဲဟု သဘောထားကာ နားထောင်နေလိုက်ပါတော့သည်။
'သမီးအကြီးက တောင်ငူမှာလေ၊ သူ့ယောကျ်ားကလဲ အရာရှိဆိုတော့ ရွှေ့ပြောင်းနေရတာပါပဲ၊
ဒါပေမဲ့ မိဘများကို သိပ်သိတတ်တာ၊ ခုလဲ အမေရယ် ကလေးတွေကျောင်းပိတ်တုန်း
အိမ်မှာနားနားနေနေ လာနေပါဆိုပြီး အတင်းခေါ်လို့၊ ဟင်း ဟင်း သမီးမိန်းကလေးများ
သိတတ်သလောက် သားတွေကျတော့ ခက်တယ်နော်'
ကျွန်မထောက်ခံရန် လိုအပ်လာပြီထင်သဖြင့် 'ဟုတ်တာပေါ့'ဟူသည့်သဘောဖြင့်
ခေါင်းညိတ်ပြလိုက်ရပါသည်။ ဘေးမှသားသည်အမေကတော့ သူ့သားကို လက်တစ်ဖက်နှင့်
သိမ်းဖက်ရင်း ငိုက်မျဉ်းစပြုနေပါပြီ။ ကျွန်မဘေးမှလူကြီးလည်း သတင်းစာကိုသာ
သဲသဲမဲမဲဖတ်နေတော့သည်။ သူ့မျက်နှာမော့လာလျှင်လည်း ရှေ့ကမိန်းမကြီးက
စကားလှမ်းပြောမှာ သေချာသည်။ ဤသည်ကိုသိသိ၍ခေါင်းမမော့ခြင်းလည်း
ဖြစ်တန်ရာသည်။
'သားကြီးကတော့ ဆရာဝန်ကြီးမို့ အားတော့ကိုးရပါရဲ့။ ဒါပေမဲ့သူတို့အိမ်ထောင်
ထိန်းသိမ်းပေးရတာနဲ့၊ မြေးတွေကြည့်ရှုဆုံးမပေးရတာနဲ့ ဘယ်နားရတယ်ကို မရှိပါဘူး၊
ချွေးမက ယောက္ခမတော့ရှိသေပါရဲ့၊ ဒါပေမဲ့ သူကလဲ တက္ကသိုလ်ဆရာမဆိုတော့
အိမ်မှာလစ်ဟင်းတာပါပဲ'
ကိုယ့်အိမ်တွင်းရေးကို လူပုံအလယ်မှာ အားပါးတရပြောတတ်သော အကျင့်ကို
အံ့ဩမိသော်လည်း လူအတော်များများ ထိုသို့ဖြစ်တတ်သည်ကို သတိထားမိသည်။

အထူးသဖြင့် ပြည့်စုံသူများ။ သူတို့မှာ ချမ်းသာပြည့်စုံတာကို
သိစေချင်သောသဘောတွေများစွာပါနေသည်။
ရထားသည် လယ်ကွင်းတွေ၊ တံတားတွေ၊ ချောင်းတွေမြောင်းတွေကို ကျော်ဖြတ်၍တရွေ့ရွေ့
ခုတ်မောင်းလာပါသည်။ မကြာမီ ပဲခူးဘူတာသို့ဆိုက်တော့မည်။ ကျွန်မရှေ့က
မိန်းမကြီးကတော့ သားအကြောင်း၊ သမီးအကြောင်း၊ ချွေးမအကြောင်း၊ နိုင်ငံခြားသွားနေသော
သားများအကြောင်း၊ တိုက်အကြောင်း၊ ကားအကြောင်းပြောရွေ့ မကုန်သေးပါ။
လိုရာခရီးသို့မရောက်မချင်း သည်စကားတွေကိုနားထောင်ရမည့်အရေးတွေးကာ ကျွန်မလည်း
စိတ်ညစ်ညူးလာပါတော့သည်။
ဘူတာအတွင်းသို့ ရထားဝင်ရောက်သည်ဆိုလျှင် ကျွန်မလည်းတဒင်္ဂမျှ
သက်သာလိုသက်သာငြား အပြင်သို့တစ်စုံတစ်ခုဝယ်လိုဟန်ဖြင့် ခေါင်းပြူ၍နေ၏။'အင်း
အိမ်ကထွက်ခါနီး ကော်ဖီနဲ့မုန့်တော့ စားလာပါရဲ့၊ သားကလဲ အမေလမ်းမှာ ဆာနေမယ်တော့
ပြောသား၊ ကရိကထများပါတယ်လေဆိုပြီး ဘာမှမယူခဲ့ဘူး၊ ဟဲ့ကောင်လေး စမူဆာလာစမ်း၊
စမူဆာသည်ကောင်လေး ဒီကိုလာစမ်း'
မိန်းမကြီးက လှမ်းခေါ်လိုက်သဖြင့် စမူဆာသည်ကလေး အပြေးအလွှားရောက်လာသည်။
'တစ်ကျပ်ဖိုး ဘယ်နှစ်ခုလဲဟဲ့၊ ဟင်နင်တို့ စမူဆာတွေကလဲ ပျော့လို့ပါလား။'
'တစ်ကျပ်ဖိုး၃ခု၊ ကြွပ်ပါတယ် အဒေါ်ရဲ့'
'လေးခုထား'
'မရဘူး ခင်ဗျ'
'မရလဲ နေဟယ်'
ကျွန်မသည် ဆာလည်းဆာ၊ အခြားစားစရာလည်းရှိမည်မဟုတ်၍စမူဆာတစ်ကျပ်ဖိုး
ဝယ်သည်။
'ဟင်း ဘူတာက အစားအစာတွေများ ဈေးကလဲကြီးသေး၊ စားလို့လဲတစ်ခုမှမကောင်းဘူး'
ဝယ်နေသည့်ကျွန်မမှာ လက်တွန့်သွားပါသည်။ သို့သော်ဘာမျှမပြောဘဲ
ဘေးတွင်ချထားလိုက်သည်။
'မုန့်စားမယ် အမေ၊ မုန့်စားမယ်'
ရှေ့မှကလေးက သူ့အမေကိုပူဆာလိုက်ပါသည်။
'အိုကွယ်၊ အိမ်မှာ ထမင်းတွေအများကြီး စားလာရက်သားနဲ့ မပူစမ်းပါနဲ့ သံချောင်းရယ်'
သူ့အမေက ဟန့်သည်။
ကလေး၏မျက်လုံးက ကျွန်မချထားသော စမူဆာထုပ်ဆီသို့ ရောက်နေလေပြီ။
'ကလေးဆာရင် တစ်ခုယူစားနော်၊ ရော့ ရော့'
'အို နေပါစေ၊ အလကား၊ သူဆာတာမဟုတ်ဘူး၊ သက်သက်ပူဆာတာ'
ကလေးကလည်း သူ့အမေ ခွင့်မပြုသဖြင့် မယူရဲပေ။
'ကျွန်မလဲ မကုန်ပါဘူး၊ ပျင်းပျင်းရှိလို့ ဝယ်စားတာ၊ ရော့ ယူပါကလေးရယ်၊ ယူလို့
ပြောလိုက်ပါဦး'
သည်တော့မှ သူ့အမေက ယူခွင့်ပြုလိုက်ရာ ကလေးက မရဲတရဲလှမ်းယူလေသည်။
သည်အဖြစ်ကို မိန်းမကြီးကမျက်လုံးဖြင့်စွေကြည့်သည်။
သူတစ်ကျပ်လေးခုဆစ်မရ၍မဝယ်သော စမူဆာကိုအထင်သေးဟန်ဖြင့် ရှုတ်ချစွာကြည့်သည်။
ပြီးတော့ ပြတင်းပေါက်အပြင်ဘက်ကို မျှော်ကြည့်ပြန်လေသည်။
ရထားထွက်ခါနီးလေပြီ။
သည်အချိန်မှာတော့ မိန်းမကြီးသည် ရရာစားစရာကိုဝယ်တော့မည်ဟု
ဆုံးဖြတ်လိုက်ဟန်တူသည်။ ဗယာကြော်သည်ကလေးကို လက်ယပ်ခေါ်ပြီး

တစ်ကျပ်ဖိုးဝယ်၏။ ပြီးတော့ငါးကျပ်တန်တစ်ရွက်ထုတ်ပေးလိုက်သည်။
'ဟာ အမ်းစရာမရှိဘူး အဒေါ် ကျပ်တန်ရှိရင် ကျပ်တန်ပေးပါ'
'မရှိဘူးကွယ့်'
ရထားသည် ဘီးလိုမ့်စပြုလေပြီ။
'အကြွေမရှိဘူးလား အဒေါ်ရယ်၊ ဒီမှာလဲ မရှိလို့ပါ'
'မရှိလို့ပေါ့ကွယ်၊ ငါးမူးပဲရှိတယ်၊ အမ်းစရာမရှိရင် ငါးကျပ်တန်ပြန်ပေး'
ဈေးသည်က ရောင်းလည်းရောင်းချင်သည်၊ ပိုက်ဆံကလည်း အမ်းစရာမရှိ၊
အခက်တွေ့နေလေ၏။
'ရော့ အဒေါ် ငါးကျပ်တန်၊ ကဲအဒေါ်ရှာကြည့်စမ်းပါဦး၊ တစ်ကျပ်ပြည့်လိုပြည့်ငြား'
ဈေးသည်က ဘေးမှထိုင်နေသူများဘက်သို့ မျက်လုံးဝင့်ရင်းပြောသည်။
ရထားကလည်းအရှိန်ရလာပြီ။ အဒေါ်ကြီးက ဗယာကြော်ထုပ်ကိုကိုင်ကာ
ဟိုစမ်းသည်စမ်းလုပ်နေသည်။ ကျွန်မမနေသာတော့၊ ပိုက်ဆံအိတ်ထဲရှာရာ
မတ်စေ့တစ်စေ့တွေ့၍လှမ်းပေးလိုက်သည်။
'ကဲ ရော့ရော့ သုံးမတ်'
အဒေါ်ကြီးက သူ့ဆီက ငါးမူးနှင့်ပေါင်း၍ ပေးလိုက်၏။
'သုံးမတ် မရဘူးလေအဒေါ် တစ်ကျပ်ပြည့်အောင် ပေးပါ'
ရထားကလည်း အရှိန်နှင့်ထွက်လာသည်၊ ဗယာကြော်သည်
ကလေးကလည်းပြေးလိုက်လာသည်။ ဤတွင် ဘေးမှတစ်ချိန်လုံး
အေးအေးဆေးဆေးလိုက်ပါလာသော လူကြီးမှာ မနေနိုင်ဟန်ဖြင့် သူ့အိတ်ထဲမှ
ပိုက်ဆံတစ်မတ်ကိုနှိုက်ကာ ပြတင်းပေါက်အပြင်သို့ ပစ်ချပေးလိုက်လေသည်။
ကျွန်မမှာလည်း ထိုအခါမှပင် သက်ပြင်းချနိုင်ပါတော့သည်။
'ဗယာကြော် တစ်ကျပ်ဖိုးကလဲ ကြည့်ပါဦး၊ ပါလေကာလေးရယ်၊ ငါးမူးလောက်ပဲ တန်တယ်၊
အင့် စားပါဦး'
ကျွန်မနှင့် ဘေးကလူကြီးပါ ခေါင်းကိုပြိုင်တူခါလိုက်မိကြသည်။
သည့်နောက်တော့ ကျွန်မသည် နားချမ်းသာရာ ရစိမ့်ငှာ နောက်သို့မှီ၍ မျက်စိကို
မှိတ်ထားလိုက်ပါသည်။ ရှေ့မှ အဒေါ်ကြီးသည် ဗယာကြော်စား၊ ရေပုလင်းထဲမှ
ရေကိုအဝသောက်ကာ အိပ်လေပြီ။
'ရေရမယ် ရေရေ'
ဘူတာတစ်ခုကို ရပ်လိုက်စဉ် စီခနဲအော်လိုက်သော ရေသည်လေးများ၏ အသံကြောင့်
မှေးခနဲအိပ်ပျော်သွားရာမှ လန့်နိုးမိသည်။ ထိုအခါ ရေဆာသည်ကိုသတိရပြီး
ရေတစ်ခွက်ဝယ်သောက်လိုက်၏။ ရှေ့မှမိန်းမကြီးလည်း ငိုက်မျဉ်းနေရာမှထကာ ရေပုလင်းကို
ရေသည်ကလေးလက်သို့အပ်ပြီး အပြည့်ဖြည့်ခိုင်းတော့သည်။
'ဘယ်လောက်ပေးရမလဲ'
အဒေါ်ကြီးက လှမ်းမေး၏။
'တစ်မတ်ပေးပါ'
'ကြဲကြီးစည်ရာတော်၊ ဆယ့်ငါးပြားယူ၊ နေဦး၊ အကြွေကရှာရဦးမှာ'
ကျွန်မက တစ်ကျပ်တန်ပေးသဖြင့် ရေသည်ကောင်လေးက ပြားဇွဝပြန်အမ်းထားသည်။
ကျွန်မလက်ထဲမှာ အကြွေတွေရှိနေ၍ မနေသာပြန်။
'ဒီကပေးလိုက်မယ်လေ အဒေါ်'
'အို အို နေပေစေ၊ နေပေစေ၊ အကြွေတွေ ပါပါတယ်၊ သားရေအိတ်ထဲရောက်နေလို့'
ဘေးမှလူကြီးက စိတ်ရှုပ်ဟန်ဖြင့် တစ်ဖက်သို့ လှည့်နေပေပြီ။ အဒေါ်ကြီးက အကျီထည့်သည့်

သားရေအိတ်ထဲမှ ပိုက်ဆံအိတ်တစ်အိတ်ထုတ်ကာ ရှာသည်။ အကြွေတစ်ချို့
လက်ထဲပါလာသည်။ ကောင်ကလေးကို ဆယ်ငါးပြား ပစ်ချပေးလိုက်သည်။ ရထားမထွက်မီ
ချောချောမောမောဖြစ်သွား၍ ကျွန်မသက်ပြင်းကို ခိုး၍ချမိရသည်။ အဒေါ်ကြီးက
ကျွန်မသို့ဘက်သို့လှည့်ကာ စောစောက ဗယာကြော်ဖိုးစိုက်ပေးခဲ့သော အကြွေတစ်မတ်စီကို
အတင်းပြန်ဆပ်လိုက်သေး၏။ ပိုက်ဆံတစ်မတ်ငါးမူးကြောင့် သူ့ကိုအထင်သေးမှာ
စိုးပုံရသည်။ သို့သော်အကြွေတွေပါပါလျက် ဗယာကြော်သည်ကောင်လေးကို
ရထားထွက်ခါနီး စိတ်ဆင်းရဲအောင် လုပ်ခဲ့ပုံကိုတော့ ကျွန်မမေ့မရ။
'အမေ ရေသောက်ချင်တယ်'
ဘေးမှကလေးက ပူဆာလာပြီ။
'ဩော် ဟုတ်လား၊ ဟော့ ရေသည်လာပါဦး၊ ဒီမှာ တစ်ခွက်ပေး'
ကျွန်မက ရေသည်ကလေးကို ပြန်ခေါ်ကာ တစ်ခွက်ယူပြီးကလေးအမေဆီ
ကမ်းပေးလိုက်သည်။ ကလေးအမေသည် ရေကိုတော့ သားဖြစ်သူကို အားပါးတရတိုက်၏။
ပြီးတော့သူလည်း သောက်သည်။ ထို့နောက်အတွင်းခံအိတ်ထဲမှ အကြွေတစ်မတ်ကို
သွက်သွက်လက်လက်နှိုက်ကာ ရေသည်ကလေးဆီ လှမ်းပေးလိုက်သည်။ ရေသည်ကလေးက
ဆယ်ငါးပြားပြန်အမ်းသည်၊ သို့သော် သူကမယူ။
'ကလေးတွေ သနားပါတယ်၊ ရေလေးရောင်းစားရတာ ဘယ်လောက်မှ ရတာမဟုတ်'
စကားနည်းသော ထိုမိန်းမသည် နေရာမှာပြန်ထိုင်ရင်းတစ်ခွန်းတည်းသော
မှတ်ချက်ကိုပြုလေသည်။ သူ့စကားမှာ စာနာစိတ်တွေ များစွာပါဝင်နေသည်ကို
သတိထားမိသည်။
ရေတစ်ပုလင်းကို ဆယ်ငါးပြားရအောင် ဆစ်ဝယ်သော အဒေါ်ကြီးက တရှူးရှူးတရှဲရှဲနှင့်
ပြန်လည်အိပ်ပျော်သွားလေပြီ။ ကျွန်မဘေးမှ လူကြီးလည်း သတင်းစာကိုပြန်ကိုင်ကာ
အေးဆေးစွာလိုက်ပါလာ၏။ မည်သည့်အရပ်သို့ သွားမည်ကိုမသိရသော ထိုမိန်းမလည်း
ငြိမ်သက်စွာ တွေးတောလိုက်ပါ၏။
ရထားကြီးသည် အရှိန်ကောင်းစွာဖြင့် ဆက်လက်ခုတ်မောင်းလာလေသည်။
(စာပေလုပ်သားမဂ္ဂဇင်း။ ။ ဒီဇင်ဘာ၊ ၁၉၈၁)

# သဇင်ပန်းသုံးခက်

'မညို ငါ့လုံချည်ကို သေသေချာချာ မီးပူတိုက်ထားနော် ကြားလား၊ ပြီးရင်မခေါက်နဲ့၊ တန်းပေါ်မှာဖြန့်ထား၊ခေါက်ရိုးကြောင်းကြီးတွေထင်နေရင် ငါမကြိုက်ဘူး'

'ဟုတ်ကဲ့မမ'

'အင်္ကျီကိုလဲပြန့်အောင်တိုက်ပြီးအင်္ကျီချိတ်နဲ့ချိတ်ထား'

'ဟုတ်ကဲ့'

'ဖိနပ်အဖြူလဲထုတ်ထားနော်'

'ဟုတ်ကဲ့'

'နင့်အစ်ကိုမေးရင်ငါသဇင်ပန်းသွားဝယ်တယ်ပြော၊အခုပြန်လာမယ်လို့'

ဒေါ်ခင်မိုးအေးသည် သားရေအိတ်ကိုကိုင်၍ အိမ်ထဲမှ ထွက်ခဲ့သည်။ တော်တော်ဒုက္ခပေးတဲ့ သဇင်ပန်းပဲ။ မနေ့ကတည်းက ကြိုကြိုတင်တင် ဝယ်ထားဖို့ကိစ္စ၊ ဟိုမိန်းမပေါ့၊ ၃၈လမ်းဈေးထိပ်က သဇင်ပန်းသည်။ တစ်နေ့ကတည်းက သဇင်ပန်းလှလှ၊ အခက်ကြီးကြီး လေးငါးခက်လောက် ဆက်ဆက်ယူခဲ့ဖို့ မှာလိုက်သည်။ 'စိတ်ချပါ အစ်မ'ဆိုပြီး သည်နေ့မနက်ဈေးကိုရောက်တော့ ပိန်းပန်းဘက်လှည့်နေရလို့ သဇင်ပန်းဝယ်ဖို့ မေ့သွားသတဲ့၊ သဇင်ကသိပ်လဲ မပွင့်သေးလို့ ရှားတယ်တဲ့၊ သူသွားနေကျအိမ်ကလဲ သဇင်မစိုက်၊ ပိန်းနဲ့သစ်ခွပဲ စိုက်တယ်တဲ့။

'သစ်ခွပဲပန်ပါလား အစ်မရယ်နော်၊ ဗင်ဒါလေး တစ်ပွင့်မှရှစ်ကျပ်တည်း၊ အစ်မမို့ပေးတာ၊ အန်တီတစ်ယောက်က တစ်ဆယ်နဲ့ယူနေကျ၊ သစ်ခွနှစ်ပွင့်ပန်လဲ လှပါတယ် အစ်မရဲ့' သူကပြောသေးသည်။

'ငါဝတ်မှာက အပြာဟဲ့၊ မလိုက်ပါဘူး၊ သဇင်ပန်းပန်ချင်တာ၊ သူ့အားကိုးပြီးနေတာ၊ ခုတော့အချိန်တောင်မရတော့ဘူး'

'သဇင်က ရှားသေးတယ်အစ်မရဲ့၊ ဟောဒီ ခရမ်းရောင်လေးတွေ ပန်ပါလား၊ အပြာနဲ့ လိုက်ပါတယ်' အရေးထဲမှာသူကအရောင်စပ်နေသေးသည်။

'မဖြစ်ပါဘူးအေ'

သစ်ခွခရမ်းရောင်က ဈေးပေါလွန်းလှသည်။ ပြီးတော့ သည်ပွဲမှာ သဇင်ပန်းပန်မှပဲဖြစ်မည်။ ကိုယ်က အသက်လေးဆယ်ကျော်စဆိုပေမဲ့ မင်္ဂလာဆောင်မှာက ကိုကို့တူလေး။ ကိုယ်ကလူကြီးလုပ်ပြီး ဦးဆောင်ဦးရွက် လုပ်ရမည့်ပွဲ။ ကိုကို့ဘက်ကရော သတို့သမီးဘက်ကရော လူကြီးလူကောင်းတော်လာကြမည်။ ဆံထုံးမြင့်မြင့်ထုံးရမည်။ ချိတ်လုံချည် ဝတ်ရမည်။ အင်္ကျီလက်ရှည် ဝတ်ရမည်။ ပပါခြုံရမည်။ အဲသည်အဝတ်အစားတွေနှင့်က သဇင်ပန်းနှင့်ပဲ ပန်ရသည် မဟုတ်ပါလား။ သဇင်ပေါ်စ ဆိုသော်လည်း ယခင်တစ်ပတ်ကပဲ အင်းလျားလိတ် မင်္ဂလာဆောင်တစ်ခုသွားရာ သဇင်ပန်းတွေကို ဖွေးဖွေးလှုပ်အောင် မြင်ခဲ့ရသေးသည်။

အိမ်ကကားကို ကိုကိုယူသွားလေတော့ ဗိုလ်ချုပ်ဈေးကို ခြေကျင်ပဲ လျှောက်ခဲ့ရသည်။ ပန်းဆိုးတန်းနှင့် ဗိုလ်ချုပ်ဈေးက သိပ်မဝေးလို့ တော်ပါသေးရဲ့။ ဗိုလ်ချုပ်ဈေးမှာက ရှားပါးလှသည့် ပန်းတွေပေမဲ့အဆင်သင့်ရှိနေတတ်သည်။

ဗိုလ်ချုပ်ဈေး ပန်းဆိုင်တွေဘက်လျှောက်လာခဲ့သည်။ အဆင်သင့်တွေ့ရလျှင် ဘယ်လောက်ပေးရပေးရဝယ်မည်ဟုစိတ်ကူးခဲ့၏။

'သဇင်ပန်းရှိလားဟင်'

'ရှိတယ်'

ရှိတယ်သာ ဆိုပေမဲ့ ပန်းကိုမမြင်ရ။ ဈေးသည်က အေးစက်စက်။

'ပြပါဦး'

'ဘယ်နှစ်ခက်ယူမှာလဲ'

'လေးငါးခက်ပေါ့'

ပန်းသည်က နောက်နားမှ ငှက်ပျောဖက် အထုပ်လေးကို အသာအယာ လှမ်းယူသည်။ ဒေါ်ခင်မိုးအေးရှေ့မှာ ဖြေပြသည်။အားမရစရာ၊ ပန်းကဆယ်ခက်လောက်တော့ ရှိသည်။ သို့သော် တစ်ခက်ချင်း ကောက်ကိုင်လိုက်တော့ အခက်လေးတွေက တိုနံ့နံ့၊ အပွင့်ကလဲ ကျဲပါဘိ။

'ဒီထက်ကောင်းတာမရှိတော့ဘူးလား'

ဈေးသည်က ခေါင်းခါသည်။

'တစ်ခက် ဘယ်လောက်လဲ'

'ခုနစ်ကျပ်'
'များလှချည်လားအဒေါ်ရယ်၊အခက်ကလဲကျဲလိုက်တာ'
'ပေါ်ခါစကိုးကွဲ့၊ မနက်ကပဲ ဆယ့်ငါးခက် ရောင်းလိုက်ရတယ်၊ ဒါလဲ တော်ကြာကုန်မှာ'
ဈေးသည်က သူ့ပန်းတွေကို အဖိုးတန်ရတနာလေးတွေအလား ဖက်နှင့်တယုတယပြန်ထုတ်ပြီး နှီးကြိုးလေးလိမ်ကာချည်လိုက်သည်။
'ကျွန်မအခက်ကြီးကြီးလိုချင်တာ'
မဝယ်နိုင်ဘူးထင်မည်စိုးသောကြောင့် ပြောလိုက်သေးသည်။ ဈေးသည်က စကားမပြန်။ ဒေါ်ခင်မိုးအေးသည် နောက်တစ်ဆိုင်မေးသည်။ မရှိ။နောက်မှရခိုင်ချိတ်တွေရောင်းသော ဆိုင်တစ်ဆိုင်ရှေ့မှာ ရခိုင်သဇင်ရပြီဟူသော ဆိုင်းဘုတ်ချိတ်ထားလေ့ရှိတာ သတိရပြီးထိုနေရာသို့ သွားရပြန်သည်။
'သဇင်ပန်းရမလားဟင်'
'ဩော် သဇင်ပန်းက မှာမှယူလာတာအစ်မရဲ့၊ အစ်မက ဘယ်နေ့လိုချင်တာလဲ'
'အခုပဲလိုချင်တာ၊ပွဲကညနေသွားရမှာ'
ဒေါ်ခင်မိုးအေးက နာရီကြည့်လိုက်တော့ ၁၁နာရီကျော်ပြီ။ မင်္ဂလာဆောင်အတွက် လုပ်စရာနည်းနည်းရှိသေးသည်။ဟိုတယ်မှာဆောင်မှာမို့တော်သေးရဲ့။
'ကျွန်မတို့က တစ်ရက်ကြိုမှာမှ ယူလာတာ၊ ဒီလိုလုပ်လေ အစ်မ၊ အိမ်ကိုလိုက်သွားပါလား'
'အိမ်ကဘယ်မှာလဲ'
'ကမ္ဘာအေးဘုရားလမ်းမှာ၊ မဝေးပါဘူး၊ ဘော်ဒရီကွေ့တင်၊ ဘယ်ဘက် မြေနီလမ်းထဲ ကွေ့ဝင်သွား၊ ဆိုင်းဘုတ်လဲရှိတယ်၊ ကားနဲ့သွားရင် မကြာပါဘူး၊ ဟိုမှာ ကိုယ်ကြိုက်တဲ့အခက် လက်ညှိုးထိုးဝယ်လို့ရတာပေါ့အစ်မရဲ့'
ကားနှင့်သွားရင် မကြာပါဘူးဆိုသော ဈေးသည်၏ အထင်ကြီး စကားကိုတော့ သဘောကျသား။ ကားကလည်း ပါမလာခဲ့။ သို့သော် မတတ်နိုင်။ သည်ကနေ့အဖို့ကတော့ သဇင်ပန်း ရကိုရမှ ဖြစ်တော့မည်။ ခက်ခဲလေလေ ပန်ချင်လေလေ။ ဈေးသည်က လိပ်စာကတ်ပြားလေးတစ်ခု ထုတ်ပေးသည်။ အပွင့်စိပ်စိပ်၊အခက်လှလှရခိုင်သဇင်ပန်းလိုသလောက်ရပြီတဲ့။
ကတ်ပြားက အခံ့သား။ ဒေါ်ခင်မိုးအေးက ကတ်ပြာကို သားရေအိတ်ကြီးထဲထည့်ပြီး ပြန်ထွက်ခဲ့သည်။ သဇင်ပန်းနောက် လိုက်ရဦးမည်။ ဈေးရှေ့မှာရပ်ပြီး လေးဘီးကားကို တားရသည်။ ဘောင်ဒရီကွေ့ကိုတစ်ဆယ်တဲ့။
'ရှစ်ကျပ်ထားပါဟဲ့၊သိပ်မဝေးပါဘူး'
'မရဘူး အန်တီ၊ ကျွန်တော်တို့က ဒီမှာဂိတ်ထိုးတော့ ဝင်ခတစ်ကျပ်ပေးရသေးတာ'
အရေးထဲမှာ ဒရိုင်ဘာက အန်တီတဲ့။ အချိန်ကမရှိတော့သည်မို့ ထိုလေးဘီးဖြင့်ပင် လိုက်ခဲ့ရသည် ကမ္ဘာအေးစေတီလမ်း အတိုင်းလာပြီး သူပြောသလို ဘောင်ဒရီကွေ့နားရောက်လာသည်။ မြေနီလမ်းထိပ်မှာပင် ရခိုင်သဇင်ရပြီ ဟူသောမြားပြထားသည့် ဆိုင်းဘုတ်ကိုမြင်ရသည်။ လေးဘီးက အထဲအထိမပို့ရွေ့ဆင်းလျှောက်ခဲ့ရ၏။
လိပ်စာကတ်ပြားပါ ခြံနံပါတ်က အဆင့်ဆင့် မြားပြသွားသည်။ သူ့ခြံမရောက်ခင် တခြားသဇင်ခြံတွေကို ဖြတ်သန်းသွားရသည်။ လှလိုက်တဲ့ သဇင်ပန်းတွေ။ တိုင်လုံးကြီးတွေမှာ ပတ်ကာစိုက်ထားသော သဇင်ဥတွေမှ အခက်လေးတွေထိုးထိုးထောင်ထောင် ထွက်နေသည်။ သဇင်ခြံကိုရောက်တော့ သူပြောသလို လက်ညှိုးထိုးဝယ်လို့ရပါရဲ့။ သို့သော်တစ်ခက် ဆယ်နှစ်ကျပ်တဲ့။ အစကငါးခက်ဝယ်မည် စိတ်ကူးသော်လည်းသုံးခက်ပဲ ဝယ်ဖြစ်တော့သည်။ ကြွားကြွားရွားရွား သုံးခက်ဆိုလည်း လှတာပါပဲ။ အပြန်မှာလည်း အငှားကားခရှစ်ကျပ် ပေးလိုက်ရသေးသည်
'ဥလေးတွေကို ရေမှာမြုပ်အောင်ထည့်၊ ရေခဲသေတ္တာထဲထည့်ထား ကြားလား'
မညိုသည် ဒေါ်ခင်မိုးအေးလက်မှ သဇင်ပန်းခက်လေးတွေကို လက်နှစ်ဖက်ဖြင့် တရိုတသေ လှမ်းယူလိုက်သည်။ ငှက်ပျောဖက်လေးဖြင့် ထုပ်ပြီး နှီးကြိုးပါးပါးလေး စည်းထားသည့် သဇင်ခက်လေးတွေကို ပန်းကန်ပြားတစ်ချပ်ပေါ်မှာ တင်သည်။ ဥကလေးတွေ ကို အရင်းမှာထားပြီး ရေလေးနည်းနည်းတောက်ကာ ရေခဲသေတ္တာထဲ တယုတယထည့်ရသည်။

ယခုတော့ မိညိုသည် စည်းကမ်းကြီးသော အလုပ်ကြိုက်သော သူ့အိမ်ရှင်မအကြောင်းကို ကောင်းကောင်းသိနေပြီ။ အလိုက်တသိလုပ်ပေးတတ်ပြီ။ ရောက်စကတော့ အထာမကျသေးရွှေ့ ဧည့်သည်လာလျှင် အအေးဖျော်တာ၊ ကော်ဖီဖျော်တာကအစ စနစ်မကျ။ လက်သုတ်ပဝါ ချပေးဖို့ အမြဲမေ့သည်။ ဒေါ်ခင်မိုးအေး အပြင်သွားရာမှ ပြန်လာလျှင် ပိုက်ဆံအိတ်လှမ်းယူဖို့ သတိမရတတ်။ ယခုတော့လုပ်တတ်ကိုင်တတ် အလိုက်သိတတ်လာရွှေ့ ဒေါ်ခင်မိုးအေးက သဘောကျလာပြီ။ မိညို၏အဖေသည် ဒေါ်ခင်မိုးအေးခင်ပွန်း၏ ရုံးမှညစောင့်တစ်ယောက်။ ဒေါ်ခင်မိုးအေးကလည်း အဖော်အလှော်လိုခိုက်၊ မိညိုတိုပအိမ်မှာလည်း ကလေးတွေနှင့် မပြေမလည်ဖြစ်နေခိုက်မို့ မိညိုအဖေက မိညိုကို သည်အိမ်မှာ စိတ်ချလက်ချ အပ်နှံတော့သည်။

တစ်ခါသာ ကျဖူးသေးသော လေးတန်းစာမေးပွဲကို ဆက်ဖြေချင်သော်လည်း မိညိုကို ဉာဏ်ထိုင်းလှသည်ဆိုကာ အမေကမထားချင်တော့။ မိညိုအောက်မှာ မောင်လေးတစ်ယောက်၊ ညီမလေးနှစ်ယောက်ရှိသည်။ မောင်လေးကတော့ သုံးတန်းမှာ စာတော်လှသည်။ ညီမလေးက သူငယ်တန်း၊ အငယ်ဆုံးလေးက အမေ့ရင်ခွင်မှာ။

မိညိုကသည်အိမ်မှာ ထမင်းဝဝလင်လင် စားရသည်။ အဝတ်အစားလှလှဝတ်ရသည်။ ပြီးတော့ တစ်လငါးဆယ်ရသည်။ အမေက ပျော်သလောက်နေတဲ့။ လခကိုတော့ တစ်လတစ်လ အိမ်ပြန်တိုင်း အမေ့လက်အပ်ရသည်။

'မိညို တိုက်ပုံအကျီတွေ ပုဆိုးတွေလဲ မီးပူတိုက်ပြီးဖြန့်ထားဦး'

'ဟုတ်ကဲ့'

မိညိုသည် ဒေါ်ခင်မိုးအေး လှမ်းပေးသော အကျီနှင့်လုံချည်ကို မီးပူတိုက်ရပြန်သည်။ သည်အိမ်မှာ အလုပ်များများစားစားတော့မရှိပါ။ အိမ်ကလည်း တိုက်ခန်းမို့ သိပ်မကျယ်လှ။ လူကလည်းနည်းသမို့ စည်းကမ်းတကျ သပ်သပ်ရပ်ရပ်လုပ်တတ်ဖို့သာ လိုပါသည်။

ညနေဘက်မှာ ဒေါ်ခင်မိုးအေးတို့ ဇနီးမောင်နှံ မင်္ဂလာဆောင်သွားဖို့ အလုပ်များနေကြသည်။ အထူးသဖြင့် ဒေါ်ခင်မိုးအေး တစ်ယောက်တည်းအတွက်ကပဲ အလုပ်များနေခြင်းဖြစ်သည်။ အနားမှာစောင့်ပြီး လိုတာကိုဖြည့်ဆည်းပေးနေရသည်။ မှန်ကိုနောက်ကကိုင်ထားဦး။ ဆံညှပ်ပေးဦး သည်ဘက် ဖိထားဦး စသည်ဖြင့် လက်မလည်ရ။ ဆံထုံးထုံးပြီး ရှေ့နောက် ဘယ်ညာကြည့်နေသည်က ဆယ်မိနစ်ခန့်ကြာသည်။

'မြန်မြန်လုပ်လေကွာ၊ ဧည့်သည်တွေ မရောက်ခင်ကြိုရောက်ရမှာ'

'အင်းပါ၊ ဟဲ့မိညို နင်ကဘာရပ်ကြည့်နေတာလဲ။ ပန်းယူခဲ့လေ၊ သဇင်ပန်း၊ အမယ်လေး ကိုကိုရေ၊ သဇင်ပန်းတစ်ခက်ကို ဆယ့်နှစ်ကျပ်တောင် ပေးခဲ့ရတယ်၊ ကားခချည်းပဲ ဆယ့်ရှစ်ကျပ်ကုန်တယ်၊ ရှာလိုက်ရတာ လူကိုဖတ်ဖတ်ကိုမောရော'

'မင်းနှယ်ကွာ၊ဒီသဇင်ပန်းပန်တော့ဘယ်လောက်ပိုလှသွားမှာမို့လဲ'

'အမယ် ကြည့်နေပါ၊ ဟိုကျတော့ သဇင်ပန်းတွေချည်း ဝေနေမှာ၊ မင်္ဂလာသတို့သား သတို့သမီးနောက်က လိုက်ရမှာ၊ ချိတ်လုံချည်နဲ့ ပဝါနဲ့သဇင်ပန်းနဲ့မှ ခံ့မှာပေါ့၊ ဒါတောင် ငါးခက်လောက်ပန်ချင်တာ၊မတတ်နိုင်လွန်းလို့'

'တော်လောက်ပါပြီကွာ'

မိညိုသည် သဇင်ပန်းထုပ်လေးကို ရေခဲသေတ္တာထဲမှ တယုတယ ထုတ်ယူလာခဲ့သည်။ တစ်ခက် ဆယ့်နှစ်ကျပ်တဲ့၊ ယခုမှ မညိုပိုပြီးစိတ်ဝင်စားသွားသည်။ ဖက်ရွက်ကို စည်းနှောင်ထားသော နီးကြိုးလေးကို ဖြေလိုက်တော့ သဇင်ပန်းလေး သုံးခက်က နုနုရွရွပေါ်လာသည်။ ပထမဆုံးတစ်ခက်ကို ဒေါ်ခင်မိုးအေးက ဖြူနေသောလက်ကလေးနှင့် ယူကာဆံထုံးအရင်းမှာ ပန်သည်။ ဥစိမ်းစိမ်းလေးကို ဆံထုံးကြားထဲ ထိုးဝှက်လိုက်သည်။ အဖျားလေးကို အောက်သို့ကွေးညွတ်ကျနေစေသည်။ နောက်တစ်ခုကို အလယ်မှာစိုက်သည်။ နောက်ဆုံးတစ်ခက်က အပေါ်မှာ။ သုံးခက်ဆင့်ပြီး ဖြူဖြူဖွေးဖွေး ကွေးကွေးညွတ်ညွတ် ပန်လိုက်တော့ တကယ်ပဲ လှပခံ့ညားရွှေ့ သွားလေသည်။

'ဘာငေးနေတာလဲမိညိုရဲ့၊မှန်ပြစမ်းပါဦး'

'သြော်ဟုတ်ကဲ့၊ဟိုလေအန်တီကသိပ်လှနေလို့ဟင်းဟင်း'

'ခေါ်ပြန်ပြီအန်တီ၊မမလို့ခေါ်ပါဆို'

'သြော်ဟုတ်ကဲ့၊မမကသဇင်ပန်းတွေနဲ့သိပ်လှတာပဲ'

ဒေါ်ခင်မိုးအေးသည် မိညို၏ ချီးကျူးစကားကိုပင် အားရကျေနပ်စွာဖြင့်

မှန်ကိုရှေ့နောက်ကြည့်၏။ ပြီးတော့ ပဝါကို ရွရွလေးချကာ ဒေါက်ဖိနပ်လေး ခပ်ကြွကြွစီးပြီး ခင်ပွန်းနှင့်အတူဆင်းသွားလေသည်။

+++++++++++++++

မိညိုငါ့ခေါင်းကဆံညှပ်တွေဖြုတ်စမ်း'

တကယ်တမ်း ဒေါ်ခင်မိုးအေးသည် ပန်းကြိုက်သူမဟုတ်ပါ။ အိမ်မှာလည်း မည်သည့်အခါမျှ ပန်းပန်လေ့မရှိပါ။ ပွဲလမ်းသဘင်မို့ ပန်သွားခြင်းဖြစ်သည်။ ပြီးတော့ သဇင်ပန်းရယ်လို့ ပန်သွားခြင်းသာဖြစ်သည်။

'မြန်မြန်ဖြုတ်စမ်းဟယ်၊ ငါခေါင်းတွေ ကိုက်လွန်းလို့ ပဝါခြုံရတာလဲ အိုက်လိုက်တာ၊ လူတွေကလဲ များတော့ငြီးစီစီနဲ့'

'ဖြစ်ရပြန်ပြီ၊မင်းကမသွားခင်ကတော့တစ်မျိုး'

'အို ဒါတော့ လူတောသူတော သွားရတာ၊ ဒီလိုပဲပြင်ရတာပေါ့'

မိညိုသည် ဒေါ်ခင်မိုးအေး၏ ခေါင်းပေါ်မှ သဇင်ပန်းသုံးခက်ကို ဦးစွာဖြုတ်ရလေသည်။ ဖြုတ်သည်ဆိုရာမှာလည်း အခက်လေးကျိုးမသွားအောင်၊ အပွင့်လေးတွေ ပဲ့မသွားအောင်၊ ဥကလေးတွေ ပြုတ်မသွားအောင် သတိကြီးစွာထားပြီး ဖြုတ်ရသည်။

'ဖြုတ်စမ်းပါဟဲ့မြန်မြန်၊ငါအိုက်လှပြီ'

ဒေါ်ခင်မိုးအေးက ပြောသည်။ ညနေက သဇင်သုံးခက်သည် ဒေါ်ခင်မိုးအေး၏ ဆံထုံးထက်ဝယ် အတော်လေးပဲ လှနေခဲ့သည်။ ပြီးတော့ သည်သဇင်ခက်က တစ်ခက်ကို ဆယ့်နှစ်ကျပ်တန်သည်တဲ့။ တန်ဖိုးကြီး လှလည်းလှသော သဇင်သုံးခက်သည် လန်းဆန်းနေဆဲ။ မိညိုက သဇင်ပန်းတွေကို သံယောဇဉ်ကြီးစွာဖြင့် တယုတယ ယူပြီးရေခဲသေတ္တာထဲမှာပြန်သိမ်းသည်။

'ငါ မပန်တော့ပါဘူး ဒီပန်းတွေ၊ အေးလေ သေသေချာချာထား၊ ပန်ချင်တဲ့သူရှိ ပေးရတာပေါ့၊ တစ်ပတ်လောက်တော့ခံဦးမှာ'

ဒေါ်ခင်မိုးအေးက ပြောတော့ မိညိုဝမ်းသာသွားသည်။ တစ်ပတ်လောက်တော့ ခံဦးမယ်တဲ့။

+++++++++++++++++++++++++++++++++++++++++++

မိညိုသည် အိပ်ရာထသည်နှင့် ရေခဲသေတ္တာကို ဦးစွာဖွင့်သည်။ ပန်းကလေးသုံးခက်ကို ကြည့်သည်။ လှပလန်းဆန်းဆဲရှိသော ပန်းလေးများကို မြင်ရမှ စိတ်အေးသွားပြီး တခြားအလုပ်များကို လုပ်သည်။

ရေနွေးအိုးတည်ရသည်။ ကော်ဖီဖျော်ရသည်။ ပေါင်မုန့်မီးကင်ရသည်။ ထမင်းချက်ထားရသည်။ ဒေါ်ခင်မိုးအေး ဈေးကပြန်လာသောအခါ ဟင်းဝိုင်းချက်ရသည်။ချက်ရင်း ပြုတ်ရင်း ဟင်းရွက်ဟင်းသီး ယူရန်ထုတ်ရန် ရေခဲသေတ္တာဖွင့်တိုင်း ပန်းလေးတွေကို လှမ်းကြည့်သည်။

'ဟဲ့မိညို၊ခရမ်းသီးယူခဲ့ပါဆိုတာဘာရပ်လုပ်နေတာလဲ'

'ဩော်မမ၊ဟိုသဇင်ပန်း၊အဲ'

သဇင်ပန်းတွေကို ငေးကြည့်နေရာမှ ရေခဲသေတ္တာကို ကမန်းကတန်းပိတ်လိုက်ရသည်။ အင်း စနေနေ့ရောက်ဖို့ ခြောက်ရက်တောင်လိုသေးသည်။ သဇင်ပန်းတွေက အဲဒီရက်အထိလန်းနိုင်ပါဦးမလား မိညိုတွေးကာပူနေမိသည်။

ထိုအခိုက် ဒေါ်ခင်မိုးအေး၏ ညီမဝမ်းကွဲရောက်လာသည်။ သူက အိမ်မှာ ဝင်ထွက်သွားလာနေကျ၊ လိုချင်တာရှိလျှင်လည်းနှုတ်ချိုချိုနှင့်တောင်းတတ်ပြုတတ်သည်။

'ဘာဟင်းချက်သလဲမမမိုး'

'ခရမ်းချဉ်သီးနဲ့ငါး၊စားသွားပါလားဟဲ့'

'မစားတော့ပါဘူး မမရယ်၊ မနေ့က မင်္ဂလာဆောင် လူတော်တော်စည်တယ်နော်၊ မမကလဲ ပြင်ထားတာ လှလိုက်တာ၊ သဇင်ပန်းတွေနဲ့'

'အေးဟဲ့၊ ငါ့မှာ မနေ့က အဲဒီသဇင်ပန်းတွေရှာရတာ နေကိုကုန်ကော၊ တစ်ခက် ဆယ့်နှစ်ကျပ်တောင် ပေးခဲ့ရတယ်၊ ခြံအထိလိုက်ရတာ'

'ဟုတ်လား၊ အဲဒီပန်းတွေရော မမ'

'ရေခဲသေတ္တာထဲမှာ'

ပန်းကန်ဆေးနေသော မိညိုရင်ထဲမှာ တဒိန်းဒိန်းခုန်လာသည်။ ဒေါ်ခင်မိုးအေး၏ ညီမစိုးစိုးကိုလည်း မုန်းတီးစိတ်တွေဝင်လာသည်။ ထင်သားပဲ။ သူလာကတည်းက တစ်ခုခုတော့

လိုချင်ပြီဆိုတာ။

'မမမိုးမပန်ရင်တစ်ခက်လောက်ပေးပါနော်'

'အေးယူသွားလေ'

စိုးစိုးသည် ရေခဲသေတ္တာဆီသို့ လျင်မြန်စွာလှမ်းသွားသည်။ မိညိုသည် စိတ်သောကရောက်စွာဖြင့် လှမ်းကြည့်မိသည်။ စိုးစိုးက အလှဆုံး အကြွားဆုံးတစ်ခက်ကိုမှ ရွေးယူလိုက်လေပြီကော။

'ပြန်မယ် မမမိုး၊ အိမ်မှာလည်း ချက်တုန်းပြုတ်တုန်း၊ ပန်းမရလိုက်မှာစိုးလို့ လာတာ၊ တစ်ခက်တည်းယူသွားတာနော်'

'အေးပါဟဲ့'

စိုးစိုးက ဒုစလမ်းမှာနေသည်ဆိုတော့ သည်လိုပဲအချိန်မရွေးလာနေကျ။ သည်တစ်ခါတော့ သူလာခြင်းကို မကျေနပ်လွန်း၊ ခါတိုင်းလို 'ပြန်တော့မလား မမစိုး၊ ထမင်းစားသွားပါဦး' ဟုပင်နှုတ်မဆက်မိ။ ရေခဲသေတ္တာကို အကြောင်းရှာဖွင့်ကာ ကျန်သဇင်ပန်းနှစ်ခက်ကို နေရာတကျ ပြန်ထားရင်း ဂျိုင်းခနဲ ပြန်ပိတ်လိုက်မိလေသည်

အိမ်ပြန်ရဖို့ သုံးရက်ပဲလိုတော့သည်။ အမေ့ကို လခအပ်ရမည်။ မောင်ညီမလေးတွေနှင့် တွေ့ရမည်။ သည်တစ်ခါ ထူးထူးခြားခြား ပြောစရာလေးတွေရှိလိမ့်ဦးမည်။ ရေခဲသေတ္တာကိုဖွင့်သည်။ အသားတွေကို နေရာတကျထည့်သည်။ ကြက်ဥတွေကိုစီသည်။ ရေပုလင်းတွေဖြည့်သည်။ သဇင်ပန်းလေးနှစ်ခက်ကို အရိပ်ကြည့်သည်။

'ဟဲ့ မိညို၊ နင်ဘာလုပ်နေလဲ၊ ပေးစမ်း ငါ့ကို ရေတစ်ပုလင်းလောက်'

မည်သည့်အချိန်က အိမ်ထဲရောက်လာသည် မသိ၊ ဒေါ်ခင်မိုးအေး၏ သူငယ်ချင်း မမနိုင်က ထုံးစံအတိုင်း စွာစွာစွာစွာဖြင့် သူ့အနားရောက်လာသည်။ မိညိုလက်က သဇင်ပန်းတွေကို နေရာရွှေ့ဖို့ သတိရသော်လည်းနောက်ကျခဲ့ပြီ။

'ဟယ် သဇင်ပန်းတွေ လှလိုက်တာ၊ မိုးပန်ဖို့ ဝယ်ထားတာလား'

ဒေါ်ခင်မိုးအေးက လျှော်ထားသောဆံပင်ကို မျက်နှာသုတ်ပဝါဖြင့် ပွတ်ရင်းခေါင်းခါသည်။

'မပန်ဘူး၊ ပွဲရှိမှပန်တာ၊ ဟိုစနေက တူတော်မောင်ရဲ့မင်္ဂလာဆောင်လေ၊ ဆံထုံးနဲ့မှ ခံ့မှာမို့ အချိန်မီ ဝယ်ပန်လိုက်ရတာ'

မမနိုင်က သဇင်ပန်းနှစ်ခက်ကို ဆက်ခနဲဆွဲယူသည်။ မိညို၏ အသည်းဖျားမှာ လှုပ်ခါသွားသည်။ တစ်ခက်နှင့်တစ်ခက် နည်းနည်းငြိနေသည်ကို ဂရုမစိုက်ဘဲ အခက်ကြီးကြီးကို လှမ်းဆွဲသည်။ ပြီးတော့ဆံထုံးမကျ၊ ဆံတိုမကျ သူ့ဆံပင်ကြားကို ထိုးစိုက်လိုက်လေသည်။

'မိညို နင့်မှာ ကလစ်ရှိရင် တစ်ချောင်းလောက်'

မိညိုသည် မျက်နှာမသာမယာဖြင့် မရှိဘူးဟုခပ်ပြတ်ပြတ်ပြန်ပြောလိုက်သည်။

'ရော့ရော့ဒီမှာယူ'

ဒေါ်ခင်မိုးအေးက ဆံညှပ်တစ်ချောင်းရှာပေးသည်။ မမနိုင်ကသဇင်ခက်ကို ခပ်ထောင်ထောင်ထားကာ ဆံညှပ်ဖြင့် ဖိလိုက်သည်။ ပြီးတော့ထုံးစံအတိုင်း သူတို့သူငယ်ချင်းနှစ်ယောက် ရောက်တတ်ရာရာ အတင်းအဖျင်းပြောကြသည်။ ထမင်းစားကြသည်။ မိညိုမှာ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းလုပ်ကိုင်ပေးရသော်လည်း စိတ်ကမရွှင်။ သဇင်ပန်းက တစ်ခက်ပဲကျန်တော့သည်။ အလွယ်တကူ မမြင်သာအောင် အတွင်းဘက်ကို ဘာကြောင့်တွန်းမထားမိပါလိမ့်။ အောက်ဆင့်ကို ပြောင်းထားလျှင်လည်း မြင်နိုင်မည်မဟုတ်။ ခုတော့။ သည်တစ်ခါတော့ လူတွေလစ်သည်နှင့် မိညိုသည် ကျန်သဇင်လေးတစ်ခက်ကို အောက်ဆင့် အတွင်းဘက်ကျကျကို ပို့ထားလိုက်တော့သည်။ ဒေါ်ခင်မိုးအေးသည် ပန်းကိုကြိုက်သူမဟုတ်။ သူ့ဂုဏ်ဒြပ်အတွက် လိုက်ဖက်အောင် ပန်ခြင်းသာဖြစ်သည်။ ပန်းကိုမတွေ့ရလည်း ပြဿနာမရှိ။ အခြားသူတွေ မတွေ့ဖို့သာ အရေးကြီးလေသည်။

သည်နေ့အိမ်ပြန်ရတော့မည်ဆိုတော့ မိညိုပျော်သည်။ ဒေါ်ခင်မိုးအေးလက်ထဲမှ ငွေငါးဆယ်ကိုတရိုတသေလှမ်းယူသည်။

'ရော့ဘတ်စ်ကားခအကြွေယူသွားဦး'

'ဟုတ်ကဲ့'

'အရင်တပတ်က သူများလာပေးတဲ့ ပေးကြမ်းကြော်တွေရှိတယ်၊ ဒီမှာဘယ်သူမှမစားဘူး၊ နင့်မောင်လေးတွေစားဖို့ယူသွား'

'ဟုတ်ကဲ့'

'နင့်အမေဖို့ လုံချည်ပေါင်း တစ်ထည်ပေးလိုက်တယ်၊ မနက်ဖြန်စောစော ပြန်လာသိလား၊ ညနေစာနင်ပြန်လာမှချက်ရမှာ'

'ဟုတ်ကဲ့ပါ'

'အေး သွားတော့၊ ကားပေါ်မှာ ခါးပိုက်နှိုက်လဲ သတိထားဦး'

မိညိုသည် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ဒေါ်ခင်မိုးအေးမျက်နှာကို မော့ကြည့်သည်။ ဒေါ်ခင်မိုးအေးသည် တစ်ခါတစ်ရံ စိတ်တိုင်းမကျလျှင် အော်တတ်ငေါက်တတ်သည်ကလွဲရွေ့ ရက်ရောတတ်သူဖြစ်ပါသည်။

သူ့အရဲစွန့်ပြီးလည်ချောင်းရှင်းလိုက်သည်။

'ဟဲ့မသွားသေးဘူးလား၊တော်ကြာကားတွေကျပ်နေမယ်'

'ဟိုဟိုမမဆီကကျွန်မတောင်းချင်တာလေးရှိလို့'

'ဟဲ့ဘာတုံး'

မိညိုကရေခဲသေတ္တာဆီလက်ညှိုးထိုးပြသည်။

'သဇင်ပန်းလေးပါမမ'

'ဟင်သဇင်ပန်းကရှိသေးလို့လား'

'တစ်ခက်ကျန်သေးတယ်မမ'

'နေပါဦး၊ နင်က ဘယ်နားသွားပန်မှာလဲ၊ ဆံပင်ဖြင့် မရှိဘဲနဲ့'

မိညို၏ဆံပင်က တစ်မိုက်လောက်သာရှိသည်။ မိညိုရယ်နေသည်။

'ကျွန်မ အမေကိုပေးချင်လို့ပါ၊ အမေကပန်းသိပ်ကြိုက်တယ်၊ ဘာပန်းတွေ့တွေ့ ကောက်ပန်တာပဲ၊ ဆယ့်နှစ်ကျပ်တန်ဆိုတဲ့ သဇင်ပန်းကို ပန်ရရင် အမေသိပ်ဝမ်းသာမှာ'

ဒေါ်ခင်မိုးအေးသည် စိတ်ရှုပ်ထွေးသွားဟန်ရှိသည်။

'ယူသွားယူသွား'

မိညိုသည် ရေခဲသေတ္တာဆီလျင်မြန်စွာ လှမ်းသွားသည်။ သူတယုတယ လွှို့ဝှက်သိမ်းဆည်းထားရသော နောက်ဆုံးသဇင်ပန်းကလေး တစ်ခက်ကိုယူသည်။ ပေါ့ပါးရွှင်လန်းစွာဖြင့် အိမ်ပြန်ခဲ့လေသည်။

ယခင်တစ်ခါ အမေ့ကိုပြောဖူးသည်။ အန်တီဝတ်တဲ့ လုံချည်က တစ်ထောင်ကျော်တန်သည်ဆိုတော့ အမေကမယုံဘူးတဲ့၊ ဘယ်လိုဟာမျိုးမို့လဲတဲ့။ မိညိုက သူ့အမေနှင့် သက်တူရွယ်တူဖြစ်သော ဒေါ်ခင်မိုးအေးကို ကွယ်ရာမှာ အန်တီပဲခေါ်သည်။ အမေကလည်း ကိုယ့်ထက်အသက်ကြီးသည့် ကျေးဇူးရှင်ကို ရိုရိုသေသေ ခေါ်ရမည်တဲ့လေ။ ဆယ်နှစ်ကျပ်တန်သည့် ပန်းကိုသုံးခက်တောင်တစ်နေ့တည်းပန်ပြီး ပစ်ထားလိုက်သည်ဆိုလျှင် အမေကယုံမည်မဟုတ်။ သည်တစ်ခါလက်တွေ့ပြလိုက်မည်။ ပြီးတော့အမေ့ကိုပန်စေမည်။ ပန်လျှင် သုံးရက်လောက်တော့ ပန်ရမှာပဲ။ ဥကလေးက စိမ်းစိုနေသေးသည်။ ပိုက်ဆံကိုလုံချည်ခေါက်ကြားမှာ ညှပ်လျက် ချိုင်းအောက်မှာထားပြီး ဖက်ရွက်လေးနှင့် ထုပ်ထားသည့် ပန်းကိုတော့ လက်ကကိုင်ထားရသည်။

ကားကလည်း ကျပ်လိုက်တာလွန်ပါရော။ လူတွေကလည်းတိုးလိုက်တာ။ သဇင်ပန်းကို ကာကွယ်ရသည်မှာ အမော။ ဆင်းရမည့်မှတ်တိုင် ရောက်တော့ အောက်ကလူတွေ တိုးမတက်ခင် မြန်မြန်ခုန်ချရသည်။ ဟောတော် သဇင်ပန်းကလေး လွင့်စဉ်သွားပါပကော။

'ဟယ် ဒီကောင်မလေး သေချင်လို့၊ ရပ်မှဆင်းလို့ ပြောနေတဲ့ဟာ'

စပယ်ယာ၏ ထောမနာပြုသံကို ဂရုမစိုက်အား၊ ခြေထောက်တစ်ဖက် မျက်ခနဲ့ဖြစ်သွားသည်ကိုလည်း နာဖို့သတိမရပေ။ သဇင်ပန်းခက်ကို အမောတကောရှာဖွေရသည်။ လမ်းပေါ်ကလူအုပ်ကြီးက ကားပေါ်ရောက်သွားသည်။ ကားပေါ်ကဆင်းလာသည့် လူတွေကလည်းကျော်ခိုင်းထွက်သွားကြပြီ။ ကားကဝူးခနဲ့မောင်းထွက်သွားသည်။ မိညိုတစ်ယောက်တည်းငိုင် ကျန်ရစ်သည်။ သဇင်ပန်းခက်နှင့် ဝင့်ထည်နေသော အမေ့မျက်နှာကို မြင်ယောင်၏။ သို့သော် သဇင်ပန်းခက်လေးက ကားဘီးအောက်ဝယ် တစ်စစီ ပျောက်ကွယ်ခဲ့ပြီကော။

(လုံမလေးအမျိုးသမီးမဂ္ဂဇင်း။ ။မေ၊ ၁၉၈၅)

# သော်တာဆွေ - ဘဝ နှင့် သတ္တိ



ဒေါ်အေးမိသည် အသက် ၃၀ ရွယ်တွင် ခင်ပွန်းသည် ကိုထိုက်ကြီး တိုက်နံရံ ဆေးတက်သုတ်ရင်း အမြင့်မှလိမ့်ကျ ကွယ်လွန်သဖြင့် သားသမီး ၃ ယောက်နှင့်မုဆိုးမ ဖြစ်ခဲ့ရ ရှာသည်။

ထို့ကြောင့် သူသည် ကျန်ခဲ့သည့်ကလေးများ ဝမ်းရေးကို တစ်အိမ်တက်ဆင်း အဝတ်လျှော်၊ ကြမ်းတိုက်၊ တံမြက်လှဲသည့် ဗာဟီရ အလုပ်ကလေးများဖြင့် ရှာဖွေကျွေးမွေးသည်။ ထိုအိမ်များမှ စွန့်ကြဲပေးကမ်းသော အဝတ်ဟောင်းများကို ဖြတ်တောက်စပ်ဟပ်ချုပ်လုပ်၍ ကလေးများအား ဝတ်ဆင် စေရသည်။

သို့ဖြင့် တမြန်နေ့က သူ့ဖောက်သည် တစ်ဦးဖြစ်သော စာရေးကြီးကတော် ဒေါ်မြင့်တင်က သူ့ယောက်ျားရုံးသို့ ယခု ပြောင်းလာသည့် မြို့အုပ်လင်မယားတွင် ကလေးနှစ်ယောက် ပါလာ၍ ယင်းကလေးများကို ထိန်းကျောင်းရန် အိမ်ဖော် ခပ်ငယ်ငယ်တစ်ယောက် အလိုရှိကြောင်း ပြောသဖြင့် ဒေါ်အေး မိသမီးကြီး ရှစ်နှစ်အရွယ် ပူစူးမကို မေးပေးပါမည်ဟု မိမိ ပြောထားကြောင်း၊ ပူစူးမကိုသာ ၎င်းအလုပ်လုပ်ခိုင်းမည် ဆိုပါက ဒေါ်အေးမိတို့ အိမ်ထောင်စုတွင် တစ်ဖက်တစ်လမ်းက ဝင်ငွေရမည်မို့ သည်ထက်အနည်းငယ် ပိုမိုချောင်လည်နိုင်မည်။ ပါးစပ်တစ်ပေါက် လျော့သွားမည်မို့လည်း အဖက်ဖက် က အဆင်ပြေနိုင်သဖြင့် စဉ်းစားစေလိုကြောင်း စေတနာကောင်းနှင့် ပြောပြသည်။

ဒေါ်အေးမိသည် ၎င်း၏ရင်သွေးများနှင့် တစ်ခါမျှမခွဲဘူးသေးချေ။ သားသမီးတို့အား တတ်နိုင်လျှင် သူကသာ ခါးစည်း၍ လုပ်ကိုင်ကျွေးမွေးလိုပါ၏။ သို့သော် ဆင်းရဲသူမုဆိုးမ ဖြစ်သဖြင့် မိမိကျန်းမာရေးအနေနှင့် အရှည်တွေးလိုက်တော့ ကြာကြာစဉ်းစားမနေနိုင်ပါ။ အစားကျွေး၊ အဝတ်ပေး တစ်လ ၁၅ ကျပ်ဆိုသည့် ငွေရေးဖြင့် သမီးကြီး မပူစူးအား မြို့ပိုင် ဦးကိုကို၊ ဒေါ်ခင်ခင်တို့ထံ အိမ်ဖော်အဖြစ် ငှားရမ်းရန် သဘောတူလိုက်ရလေ၏။

ထို့ကြောင့် ...

ယနေ့ ပူစူးမအား မြို့အုပ်မင်းက ကားနှင့်လာခေါ်မည် ဖြစ်ရာ ဒေါ်အေးမိသည် ပူစူးမတွင် ရှိထားသည့် အဝတ်အစား အနည်းငယ်ကို ခင်ပွန်းသည်ရှိစဉ်က ပန်းရန်ပစ္စည်းများ ထည့်သည့် စစ်လွယ်အိတ်ဟောင်းတစ်ခုထဲသို့ ထည့်ပေးနေ၏။ ထိုစဉ် ပူစူးမက အခန်းထောင့်ရှိ ဖာနှင့် မှန်တင်ခုံစားပွဲငယ်မှ အံဆွဲကို မွှေနှောက်ရင်း...

“အမေ သမီး ဖဲကြိုးအနီလေးများ မတွေ့မိဘူးလား”

“တစ်နေရာရာမှာ ရှိမှာပေါ့အေ။ ခုမတွေ့လည်း အမေရှာဖွေထားပြီး နောက်မြို့အုပ်မင်းနဲ့ ကြုံတော့ ပို့လိုက်မှာပေါ့”
အလုပ်ရှုပ်နေသော ဒေါ်အေးမိသည် မုဒုံစောင်အဟောင်း အဆွေးမှို့ထွက်ခေါင်းအုံးများနှင့် လုံးထွေးရှုပ်ပွေနေသည့် သူတို့အိပ်ရာပေါ်မှ ပုစုးမ ယူသွားရန် မဖြစ်နိုင်သော ပစ္စည်းအစုတ် ပလုတ်များကို သိမ်းကျုံးဆွဲယူပြီး ခြေရင်းရှိ သေတ္တာအဟောင်းထဲသို့ စုပြုံ၍ ပျာယီးပျာယာ ထိုးသိပ်နေ၏။ မပျာလည်း မဖြစ်ပေ။ ပုစုးမကို မြို့အုပ်မင်းထံထည့်လိုက်ပြီးလျှင် သူသည် လုပ်နေကျအိမ်များသို့သွား၍ အဝတ်လျှော်ရမည်။ ယခုတောင် အတော်နောက်ကျနေပြီ။ ဌာနာပိုင်ကတော်ကြီး ဒေါ်လှမြင့်က သူ့အဝတ်များကို စောစောလျှော်ပေးမှ ကြိုက်သည်။ ဒါမှ နောက်ဆက်တွဲ အိမ်တိုက်၊ ပန်းကန်ဆေး အလုပ်များကို လုပ်နိုင်မည် မဟုတ်ပါလား။

ယင်းအခိုက် မိုးက တဖွဲဖွဲရွာနေ၏။ ဒေါ်အေးမိက အိမ်ပြင် ကားလမ်းဆီသို့ မျှော်ကြည့်ရင်း “မိုးရွာလို့ မြို့အုပ်မင်း ကားမလာဖြစ်လည်း အကောင်းသားပဲလေ။ သမီးကြီးနဲ့ တစ်နေ့အတူ ပိုနေရတာပေါ့”ဟု တွေးနေ၏။

လင်သည်ရှိစဉ်က သူတို့မှာ မချမ်းသာသော်လည်း လင်လုပ်စာနဲ့ လုံလောက်နေ၍ ဒေါ်အေးမိက အိမ်မကွာ အိုးမကွာ သားသမီးများနှင့် တစ်လုံးတစ်စည်းတည်း နေခဲ့ရသဖြင့် ခွဲလက်စမရှိဘဲနှင့် ယခုခွဲရတော့မည့် သမီးငယ်အတွက် စိတ်ထဲမှာလှုပ်ရှားနေ၏။ ပုစုးမကတော့ ကလေးပီပီ ကားစီးရမည်။ သူများအိမ်သွားရမည်လောက်သာ တွေးတောတတ်သေးသဖြင့် ပျော်နေဟန်တူသည်။ သူ့ကိုကြည့်ပါ။ စာရေးကြီးကတော် သမီးအကျ ဖလန်နယ်အင်္ကျီကို တခမ်းတနား ဝတ် ဆင်ထားသည်။ အင်္ကျီက အနည်းငယ်ကြီးနေသဖြင့် တံကောက်ကွေးဆီ ရောက်နေပြီး လက်ကိုလည်း နှစ်ခေါက်သုံးခေါက် လိပ်ထားရသည်။ သမီးအကြီးဆုံးဖြစ်၍ သူများတကာ ပေးကမ်းသည့် အဝတ်အထည် လတ်လတ်ကလေးများဆိုလျှင် သူက အရင်ရွေးယူသည်။ သူ မကြိုက်မှ သူနှင့်မတော်မှ သူ့အောက်ညီမငယ် တာတူးနှင့် မောင်လေး အာလူးတို့က ရကြသည်။ သို့သော် ဤအငယ်နှစ်ယောက်က မနာလို မရှိကြပေ။ သူတို့အရွယ် ကစားရပြီးရော၊ စားရပြီးရော၊ အလှအပသိ တတ်သေးသည်မဟုတ်။ အစားတော့ သူတို့အိမ်မှာ အကောင်းစားမဟုတ်သည့်တိုင် ပဲပြုတ်ဆီဆမ်းနှင့် ဘဲဥကြော်လောက်တော့ ဝဝလင်လင် စားရသည်ချည်း။ တစ်ခါတစ်ရံ ပုစုးမက အိမ်စောင့်၊ အငယ်နှစ်ယောက်က အမေအဝတ်လျှော်ရာ လိုက်သွားလျှင် အိမ်ရှင်များကကျွေးသည့် သရေစာ များကို စားရတတ်သေးသည်။ အလုပ်က ပြန်လာလျှင် ဒေါ်အေးမိမှာ ဘယ်လောက်မောမော သူ့သားသမီးလေးတွေ အားတတ်နိုင်သမျှ ကောင်းရာကောင်းကြောင်း ချက်ပြုတ်

ကျွေးမွေးတတ်သည်။ ကလေးများ နေထိုင်မကောင်းက ဂရုတစိုက် ခြေဆုပ်လက်နယ်ပြုစုသည်။ ယုယသည်။ သို့ဖြစ်လျက်

''ဩော်... ဒီနေ့တော့ ဒီအသိုက်ထဲက ငှက်ငယ် ကလေးတစ်ကောင် လျော့တော့မှာလား''ဟု ဒေါ်အေးမိက အမျှင်မပြတ် တွေးနေမိစဉ် ပူစူးမက...

''အမေ သမီး ရှင်မီးအင်္ကျီနှစ်ထည် ထည့်လိုက်ပလား''

''တစ်ထည်ပဲ ထည့်လိုက်တယ်သမီး၊ တစ်ထည်က မလျှော်ရသေးလို့။ နောက်လျှော်ဖွပ်ပြီးမှ အမေ ပေးလိုက်မယ် ဟော့''
''အခုတလော အမေ ကျွန်မတို့အဝတ်တွေ မလျှော်တာ တော်တော်ကြာသွားပြီ။ အာလူးနဲ့ တာတူးအဝတ်တွေလည်း အားလုံးညစ်ကုန်ပြီ''

''အေးဟယ် ငါ့မလည်း သူများအဝတ်တွေ လျှောက်လျှော်ပေးနေရတာနဲ့ ငါ့သားသမီးတွေဟာတောင် မလျှော်နိုင် မဖွပ်နိုင် ဖြစ်နေတယ်။ ကဲ ကဲ ညည်းကောပြီးပြီလား။ ဟိုက လာရင် အသင့်ဖြစ်အောင် လုပ်လေ''

''ပြီးပါပြီအမေရဲ့။ ဆံပင်စည်းဖို့ဖဲကြိုးသာ ရှာမတွေ့တာ''

''မတွေ့လည်း ဖြစ်သလို ထုံးနှောင်သွားပေ့ါအေ။ အလည်အပတ်သွားတာမှ မဟုတ်တာဘဲ''

ပူစူးမက မှန်ကွဲတစ်ခုထောင်၍ သူ့ဆံပင်နီကျင်ကျင်ကို ဝါးဘီးသွားကြဲကြီးနှင့် ဖြီးရင်း...

''အမေ ဦးဦးတို့က သမီးကိုအိမ် ခဏခဏ ပြန်ပို့ပါ့မလားဟင်''

''တစ်ခါတလေတော့ ပို့မှာပေ့ါသမီးရယ်။ ခဏခဏတော့ ဘယ်ပြန်ပို့လို့ကောင်းမလဲ။ ဒေါ်မြင့်တင်က ပြောတော့ ညည်းဦးဦးရော၊ ဒေါ်ဒေါ်ပါ သဘောကောင်းပါတယ်တဲ့။ သမီးက သူတို့အိမ်မှာ လုပ်စရာ ကိုင်စရာတွေ ကောင်းကောင်းမွန်မွန် သွက်သွက်လက်လက် လုပ်ကိုင်ပေးပေ့ါ။ ဒါမှ သူတို့က သမီးကို အရှည်ငှားချင်မှာ မဟုတ်လား။ အမေတို့လည်း ဒီတော့မှ အိမ်လေးဘာလေး ပြင်၊ သမီး မောင်လေး ရှင်ပြုဖို့ ပိုက်ဆံလေး ဘာလေး စုနိုင်မှာပေ့ါ။ နားလည်လား သမီး''

ပူစူးမ ခေါင်းညိတ်သည်။ သည်အိမ်မှာ သူ အကြီးဆုံးမို့ ကိုယ့်အိမ်အခြေအနေကို ကောင်းကောင်းသိသည်။ အမေ အဝတ်လျှော်ထွက်လျှင် အိမ်နောက်ပိုင်း တာဝန်ကို ယူရသည်။ ညီမငယ် မောင်ငယ်များက သူ့စကား နာခံရသည်။ သူက စားဆိုစား။ သွားဆိုသွား။

ယခုလည်း မောင်ငယ် ညီမငယ် အတွက် သူ အလုပ်လုပ်ရမည်။

အိမ်ရှေ့က ကားသံကြားရပြီ။ ဒေါ်အေးမိက တာတူး အား…

"ဟော ဦးကိုကိုတောင်လာပြီ။ မိုးတစွတ်စွတ် ရွာနေတော့ တို့လမ်းထဲ ရွှံ့ချည်းနေမှာဘဲ။ အားနာစရာ။ သွားပြောချေ မမပုစုး အခုပဲ လာမယ်လို့"

တာတူးမကလည်း သူ့အစ်မ အလုပ်ရှင်နှင့် တွေ့ကာ စကားစမြည် ပြောရမည်ကို ဝမ်းသာအားရ ပြေးထွက်ရန် ပြင်ရာ မောင်ငယ် အာလူးက ဖမ်း၍တားပြီး…

"နင်သွားမပြောနဲ့ဟယ် ငါ သွားပြောချင်တယ်"

တာတူးက ရန်း၍ "လွှတ်စမ်း အာလူး။ ဒါ နင့်အလုပ် မဟုတ်ဘူး။ နင်က အငယ်။ ငါက အကြီး"

"ဟင့်အင်း ငါပဲ သွားပြောမယ်"

"ဟယ် ဒါဖြင့် နှစ်ယောက်စလုံး သွားပြောကြ။ ဟိုမယ် စောင့်နေရတာ"

မအေက ပြော၍ ကလေးနှစ်ယောက် မော်တော်ကားကြီး နှင့် လူကြီးဆီကို ဝမ်းသာအားရ ထွက်သွားကြသည်။

ဒေါ်အေးမိက ပုစုးမအား မှာစရာ ဆုံးမစရာတွေ အများ ကြီးရှိသော်လည်း ဤနေရာ၌ တစ်လုံးမျှပြော၍မထွက်။ တံတွေးသာ မျိုချရင်း လွယ်အိတ်ထဲသို့ မျက်နှာသုတ်ပဝါစုတ် တစ်ထည်ကို အတင်းထိုးထည့်နေမိရာ ဆွေးနေပြီဖြစ်သော လွယ်အိတ်ကြိုးက ထောင်းခနဲ ပြတ်ထွက်သွားလေ၏။ ပုစုးမက လွယ်အိတ်ကိုယူပြီး…

"ဟောကြည့် အမေကလည်း အဖေ့လွယ်အိတ်ကြိုး ပြတ်သွားပြီ"

"ဒီလိုပဲ ကြိုးကိုပတ်ပြီး ယူသွားပါတော့အေ။ ဒီပြင် လဲပေးစရာ မရှိတော့ဘူး"

သမီးပခုံးကိုဖက်လျက် ဒေါ်အေးမိသည် ကားနားသို့ မရွံ့မရဲ ကပ်သွားပြီး…
"မိုးရွာထားတော့ ကျွန်မတို့လမ်းဟာ ရွှံ့တွေနဲ့မို့ အားနာ စရာရှင်"
မြို့ပိုင်မင်းက သူတို့အား တစ်ချက်မျှသာ ကြည့်လိုက် ပြီး…
"အေးဗျာ ဒါကြောင့် ကျွန်တော် အောက်မဆင်းတော့ ဘူးနော်။ ကလေးမကို ကားနောက်က ထိုင်ပစေ"ဟုပြောကာ ကား နောက်တံခါးကိုလှမ်း၍ တွန်းပေးလိုက်၏။ နောက်ခုံ ပေါ်မှာ မြို့အုပ်မင်း ဈေးကဝယ်လာဟန်တူသော အထုပ်အပိုးများနှင့် ပြည့်နေ၏။ ထို့ကြောင့်

မြို့အုပ်မင်းက ဒေါ်အေးမိ အား...

''အဲဗျာ ဟိုအထုပ်တွေ တောင်းပေါ်ဆင့်လိုက်ရင် ထိုင်စရာနေရာရပါလိမ့်မယ်။ ဟုတ်ပြီ၊ ဟုတ်ပြီ ကလေးမက အထုပ်တွေ ကိုယ့်ဘက်ပြိုကျမလာအောင် လက်နဲ့ ထိန်းထား ပေရော့ ဟုတ်လား''

ပူစူးမသည် သူ့လွတ်အိတ်ကြိုးပြတ်ကို ခြေနင်းပေါ်၌ ခြေနစ်ဖက်ဖြင့် ညှပ်ထားလိုက်၏။ ပြီး လက်ကလေး တစ်ဖက်က မြို့အုပ်မင်း ပြောသလို အထုပ်အပိုးများကို ကျားကန်သလို ကိုယ်နှင့် ထိန်းထားလိုက်ရသည်။ ဒေါ်အေးမိက ကားပေါက် မှခေါင်းလျှို၍ သမီးငယ်ထိပ်ကို လက်နှင့်အုပ်ကာ...

''ကဲ သွားတော့သမီး။ လိမ်လိမ်မာမာနေနော်။ ဦးဦးတို့ ဒေါ်ဒေါ်တို့ ပြောစကားလည်း နားထောင်ကြားလား။ သမီး ကျန်ခဲ့တဲ့ပစ္စည်းတွေလည်း နောက် ဦးဦး လမ်းကြုံလို့ရှိရင်တော့ ပေးလိုက်မယ်''

သမီးကို နှုတ်ဆက်ရင်း ဒေါ်အေးမိ၏ နှုတ်ခမ်းထောင့် များက တဆတ်ဆတ်တုန်လာ၏။ တကယ်တမ်း ခွဲရတော့မည်ဆိုတော့လည်း မလွယ်ပါလား။ ဩော်.. ဒီလိုမှလည်းပဲ လုပ်တတ်ကိုင်တတ်တော့မှာပေါ့။ ဒါလည်း သူတို့နောင်ရေး အတွက် ပညာပေးမှု တစ်ရပ်ပဲဟု စိတ်ဖြေရင်း ဒေါ်အေးမိ သည် ထိန်းမရ၍ ကျလာသော မျက်ရည်များကို လက်မောင်းမှ အင်္ကျီစဖြင့် ပွတ်လိုက်ပြီး...

''သမီး အလုပ်ကို ကောင်းကောင်းလုပ်နော်။ ဒါမှ ဦးဦးတို့က သမီးကို အမေ့ဆီ အလည်ပြန်ပို့မှာပေါ့''

ပူစူးမမှာ အမေငိုသည်ကို တွေ့ရသော် စောစောက ရွှင်လန်းနေသည့် မျက်နှာလေးမှာ တစ်မုဟုတ်ချင်း ညှိုးနွမ်း သွားတော့သည်။ တက်ကြွနေသည့် စိတ်ကလေးများလည်း အားငယ်သွား၍ အမေ့လက်ကို သူ့လက်ကလေးနစ်ဖက်နှင့် တအားဆုပ်ကိုင်ထားလိုက်သည်။ မြို့အုပ်မင်းက သားအမိ နစ်ယောက်ဖြစ်ပုံကို ကရုဏာသက်၍ ကြာကြာ မကြည့်လိုတော့သဖြင့်...

''စိတ်မပူပါနဲ့ ဒေါ်ဒေါ်၊ ခင်ဗျားသမီး ကျုပ်တို့ဆီမှာ ပျော်မှာပဲ။ အဆင်သင့်တိုင်း ခင်ဗျာ့ဆီကို ခဏတစ်ဖြုတ် ပြန်ပို့ပေးမှာပါပဲဗျာ''

မြို့အုပ်မင်း ကားမှာ ပူစူးမတို့ အိမ်ရှေ့တွင် အတန်ကြာ ဘီးချော်နေပြီးမှ ထွက်ခွာနိုင်၏။ ကားထွက်သော် ကားပေါ်မှာ ပူစူးမသည် သူ့အိမ်ကို ဤအကြိမ် ပထမဆုံးအပြင်မှ စေ့စေ့

ကြည့်နေမိသည်။ ခနိမ့်း၊ ဝါးထရံကာ အိမ်ကလေးသည် လေ နေ မိုးဒဏ်တို့ကြောင့် မွဲခြောက်ခြောက်အဆင်းရှိ၍ တစ်ဖက်သို့ အနည်းငယ် ယိုင်စောင်းနေ၏။ အိမ်ရှေ့တွင် သူတို့ကစားစရာ ဖြစ်သည့် ထင်းရှူးသေတ္တာခွံနှင့် ပြုလုပ်ထားသော လှည်းစုတ်ကလေး တုံးလုံးပက်လက် လန်နေသည်။ အိမ်နောက်ဖေး မန်ကျည်းကိုင်းမှ ဒန်းတစ်ခု၊ လေတိုက်တိုင်း ဟိုမှသည်မှ လွှဲယိမ်းလျက်ရှိ၏။ အိမ်ရှေ့ ဝရန်တာကြိုးတန်းပေါ်တွင် အရောင်အဆင်း မပေါ်တော့သည့် အဝတ်အထည်များက ဟီးလေး ခိုနေကြသည်။ တာတူးနှင့် အာလူးတို့ တစ်ယောက် လည်ပင်း တစ်ယောက်ဖက်လျက် ဝင်းပေါက်ဝကနေပြီး ကားပေါ်က ပူစူးမကို အားအကျကြီးကျသည့် မျက်နှာလေးတွေနှင့် ငေးမျှော်နေကြ၏။ ပူစူးမ နောက်ဆုံးမြင်ရသည်ကား သူများစွန့်ကြဲထားသော တံတောင်ဆစ်က စုတ်နေသည့် ကုတ်အင်္ကျီပွဖားဖားကြီးကို အဝတ်လျှော်ရဖန်များသဖြင့် ပဲကြီး ရေစိမ်ပွလိုနေသော လက်ကြမ်းကြမ်းကြီးနှစ်ဖက်နှင့် ရင်ဘတ်တွင် တင်းကျပ်စွာ ဆုပ်ကိုင်ထားသော သူ့မိခင်... ဒေါ်အေးမိသည် သမီးကို ကြာကြာလွမ်းနေ၍ မရပါ။ သမီးကို သယ်ဆောင်သွားသည့်ကား သူ့မျက်စိအောက်မှ ပျောက်သွားသည်နှင့် အိမ်နောက်ဖေး ရေတွင်းရှိရာသို့သွား၍ သူအလုပ် မသွားမီ ကလေးများသုံးစွဲဖို့ရန် စဉ့်အိုးနှုတ်ခမ်းပဲ့ထဲသို့ ရေများကမန်းကတန်းပင် ထည့်ရသည်။ ထို့နောက် ပူစူးမရှိတော့သဖြင့် သမီးငယ်တာတူးမအား အိမ်အကြီးအကဲ အရာခန့်လျက် မောင်လေးအာလူးအား ကောင်းမွန်စွာ ထိန်း ကျောင်းရန်မှာပြီး နေ့စဉ်တာဝန်ထမ်းဆောင်ရန် အိမ်မှ ခပ်သုတ်သုတ် ထွက်ခွာသွားရလေ၏။

ကားကလေး တရိပ်ရိပ် ပြေးနေသည်နှင့်အမျှ ပူစူးမ မျက်လုံးလေးများက အရောင်တဖိတ်ဖိတ် တောက်နေ၏။ သူ့တစ်သက်တာမှာ ဤမျှ ညက်ညောဖိမ်ရှိသည့် ကားမျိုး ဒီတစ်ခါသာ စီးဖူးသေးသည်။ ယမန်နှစ်က ဘကြီးရှိရာ မြို့ငယ်သို့ မိသားစုအလည်သွားစဉ်က စီးရသည့် အဝေးပြေး ဘတ်စ်ကားနှင့်တော့ ကွာပါဘိခြင်းဟု တွေးနေမိသည်။ ဒါတောင် အဲသည်တုန်းက စီးရတာ တော်တော်ကောင်းသည် ဟု ထင်မိခဲ့သေးသည်။ သူသည် လမ်းဘေးဝဲယာကို မပြတ်ကြည့်ရင်း မကြာခဏ သူ့အဝတ်ထည့်သည့် လွယ်အိတ်ကို ခြေထောက်နှင့် စမ်းစမ်းကြည့်မိသည်။

ပူစူးမတို့နေရပ်သည် မြို့နှင့် သုံးမိုင်ခန့်ဝေးသည်ဖြစ်ရာ အတန်ကြာသွားမိလျှင် လယ်ကွင်းစိမ်းစိမ်းစိုစိုတို့ တဖြည်းဖြည်း ပါးလျားသွားပြီး လူနေအိမ်ခြေ စိပ်စိပ်လာ၏။ ကားသည် လမ်းချိုးတစ်ခုကို ကွေ့လိုက်ရာ မြို့အုပ်မင်း တင်လာသည့် အထုပ်အပိုးများက ပြိုတော့မလိုဖြစ်သွား၍ ပူစူးမက ကမန်းကတန်း လက်နှင့်တားလိုက်ရင်း ပစ္စည်းများကို ယခုမှ အသေအချာကြည့်လိုက်ရာ ဘီစကွတ်မုန့်ဘူးများ၊ ချိုချဉ်ထုပ် များစသည်တို့ကို တွေ့ရမှ သူ့ဝမ်းဗိုက်ဆာလောင်ရမှန်း သိလာသည်။ ဟိုအိမ်ရောက်ရင် ဘာဟင်းနဲ့များ ထမင်းစားရပါ့မလဲ ဟုလည်း တွေးကြည့်မိ၏။ ဦးဦးတို့မှာ ကလေးနှစ်ယောက် ရှိသည်ဆိုတော့

တာတူးတို့ အာလူးတို့နဲ့ ကစားသလိုပဲ ကစားရမှာမို့ အိမ်က မောင်ငယ်၊ ညီမငယ်များကို အလွမ်းပြေမှာပဲဟုလည်း ထင်မိ၏။ ဒေါ်ဒေါ်ကလည်း သဘောကောင်း တယ်ဆိုတော့ အမေ့ကိုယ်စား အလွမ်းဖြေရမှာပဲဟုလည်း စဉ်းစားမိ၏။ ဦးဦးတို့မှာ ပိုက်ဆံတွေ အများကြီး ရှိမှာပဲ။ ဒါကြောင့် ဒီလို ကားသစ်လှလှကြီး ဝယ်စီးနိုင်တာပေါ့။ သူတို့ မြို့မှာ ရုပ်ရှင်တွေ၊ ဘာတွေကြည့်ရင်လည်း ငါလိုက်ရမှာပဲဟု တွေးရင်း ရှေ့ခန်းမှာ ဦးဦးနှင့်အတူ ကားစီးချင်စိတ်ပေါ်လာ ၏။ ဒါမှမိမိမသိရသေးသည့် ကလေးများအကြောင်း၊ အိမ် အကြောင်းမေးကြည့်နိုင်မည်။ ဒီကားမျိုး အကြာကြီး ခဏခဏ စီးနေရရင်လည်း သိပ်ကောင်းမှာပဲဟု အောက်မေ့မိ၏။

သို့နှင့် သူက စကားစ လိုက်မိသည်။

''ဦးဦးတို့အိမ်က အဝေးကြီးလားဟင်''

''ဘာလဲကွ။ ကားစီးရတာ ကြောက်သလား''

''မကြောက်ပါဘူး ဦးဦးရယ်။ ပူစူး ကားအကြာကြီး စီးချင်လို့ မေးတာပါ''

ပူစူးမ ဤသို့ပြောပြီး ဦးကိုကို၏ နောက်ကျောကို ကြည့် မိသည်။ ဦးဦး၏နားရွက်ကားကား၊ လည်ပင်းတုတ်တုတ်တို့က တိုက်ပုံအင်္ကျီအနက်၊ ရှပ်အင်္ကျီ ကော်လံဖြူတို့နှင့် တင့်တယ်လှပေသည်။ ဦးဦးရဲ့ ကျောပြင်ကြီးကလည်း ဟိုးယခင်တုန်းက တို့မောင်နှမတွေ ကျောပိုးစီးနေကျ အဖေ့ကျောပြင်ကြီးလိုပဲ ကျယ်ပြန့်သည်။ တကယ်ဆိုတော့ ဦးကိုကိုရော၊ ဒေါ်ခင်ခင်ပါ အသက်အစိတ်ကျော် သုံးဆယ်လောက်သာ ရှိကြသေးသည်ဟု ဒေါ်မြင့်တင်က ပြောသည်။ သည်လို ရုပ်ရည်ချောမော၍ သဘောကောင်းသည့် ဦးဦး ဒေါ်ဒေါ်တို့ နောက်ပြီး တာတူးတို့၊ အာလူးတို့အရွယ် သူတို့ကလေးတွေ နဲ့ နေရမှာမို့ ပျော်စရာတော့ ကောင်းမှာပဲဟု ပူစူး စိတ်ကူးယဉ်မိနေလေသည်။
သူတို့စီးလာသော ကားသည် မင်းလမ်းမကြီးမှ ဖဲ့ထွက်ခဲ့၍ လမ်းနီလေး တစ်ခုအတိုင်း ဆယ်မိနစ်မျှ မောင်းမိသောအခါ ခြံဝင်းကျယ်ကြီး တစ်ခုထဲသို့ ရောက်၍ တိုက်ခံအိမ်မြင့် တစ်လုံးရှေ့သို့ ထိုးရပ်လိုက်လေ၏။

''ရောက်ပြီကွဲ့ ဒီအိမ်ပဲ''

ဦးကိုကိုက ပြောလိုက်၍

''ဟယ် ဦးဦးတို့ အိမ်က အကြီးကြီးပဲ။ ခြံကြီးကလည်း အကျယ်ကြီး။ ပန်းတွေလည်း အများကြီးရှိတယ်''

ပူစူးမက သူနေရမည့် အိမ်ကိုကြည့်၍ ရွှင်မြူးစွာ ပြောနေခိုက်။ ကားသံကြား၍ အသားဖြူဖြူနှင့် ဝဝကစ်ကစ် မိန်းမ တစ်ယောက် အောက်ထပ်တံခါးမကို ဖွင့်ထွက်လာသည်။ ပူစူးမ၏ စိတ်ထဲတွင် ''ဟင် ဒေါ်ဒေါ်ကလည်း သိပ်ချောလှတာပဲ''ဟု ချီးမွမ်းပြီး စေ့စေ့ကြည့်ရာမှ မြို့အုပ်ကတော်၏ ရုပကာတွင် သူ့မိခင်ဒေါ်အေးမိကဲ့သို့ သူ့အတွက် နှစ်သက်စဖွယ် အကောင်းဆုံးသော အရာတစ်ခုတော့ လိုနေသည်ဟု အောက်မေ့မိလေ၏။ မြို့အုပ်ကတော်သည် ကားနောက်ပိုင်း၌ မျက်လုံးအဝိုင်းသားနှင့် မိမိအား ငေးကြည့်နေသော ပူစူးမကိုမြင်သည်၌...

''ဩော် ကလေးမပါ ခေါ်ခဲ့တာကိုး။ ကဲ... ကလေးမ ဆင်းဆင်း။ ကိုကိုရေ သူ ဆင်းဖို့ တံခါးဖွင့်ပေးလိုက်ပါကွယ်''

ပူစူးမက သူ့အိမ်ရှင်မလောင်းကို မျက်တောင်မခတ် ကြည့်ရင်း မရွံ့မရဲ ဆင်းလိုက်သည်။ ဒါကိုသဘောကျဟန်ဖြင့် ဒေါ်ခင်ခင်က ပြုံးလိုက်ပြီး...

''မင်းနာမည်က ဘယ်လိုခေါ်တုန်း''

''ပူစူးပါ ဒေါ်ဒေါ်''

''အေးအေး၊ ပူစူး ဒေါ်ဒေါ်တို့အိမ်မှာ ကြာကြာနေနိုင်ပ့ါ မလားကွဲ့''

''ဟုတ်ကဲ့ပါ၊ ဒေါ်ဒေါ်''

ဒေါ်ခင်ခင်က ကားနောက်ပိုင်းရှိ အထုပ်အပိုးများကို ဆွဲယူနေသည့် ဦးကိုကိုလက်မောင်းကို တို့၍ အိမ်အောက်ထပ် မှန်ပြတင်းရှိရာသို့ ခေါင်းကို အသာငဲ့ပြရင်း...

''ကိုကို ဟိုမှာ ကြည့်စမ်းပါဦး။ ချောင်းနေကြတယ်''

ဦးကိုကိုရော၊ ပူစူးမပါ ဒေါ်ခင်ခင်ပြရာသို့ လှမ်းကြည့်လိုက်ရာ မှန်ပြတင်းနောက်တွင် ခေါင်းကလေးနှစ်လုံးနှင့် မျက်စိနက်နက်ကလေးနှစ်စုံကို မြင်ကြရသည်။ မကြာပါ အသံစာစာတစ်ခုက...

''ဟေ ပေပေကြီး ကျန်လာဘီဟေ့၊ ဒို့ပေပေကြီးကွ''ဟု အော်ရင်း လေးနှစ်အရွယ် ယောကျာ်းလေးတစ်ယောက် ပြေးထွက်လာရာ ဦးကိုကိုက ဆီးကြိုပွေ့ချီလိုက်ပြီး...

''ဘယ်သူလဲကွ။ ဒို့ပေပေဆိုတာ။ ဘယ်ကကောင် လေးလဲဟေ့''ဟု ကလူကျီစယ်ရင်း

ကလေးငယ်၏ ပါးဖောင်း ဖောင်းကြီးကို အားရပါးရ နမ်းလိုက်၏။ ကလေးက သူ့အဖေ
လက်ထဲမှ လူးလွန့်ကာ အောက်ဆင်းရန် ကြိုးစားရင်း...

''ပေပေ ချိုချဉ်ဝယ်ခဲ့ရဲ့လား။ တားတား မှာလိုက်တာလေ''

ဦးကိုကိုက အပေါက်ဝမှ ယိုင်တိယိုင်တိုင်နှင့် ထွက်လာသော ကလေးငယ်ကို
ကောက်ချီပြန်ရင်း...

''ဝယ်ခဲ့တာပေါ့ကွ၊ သားသားမှာရင် ဖေဖေဘယ်တုန်းက မဝယ်ခဲ့တာရှိလို့လဲ''ဟုပြောရင်း
ကလေးနှစ်ယောက်နှင့် အိမ်အတွင်းသို့ ဝင်သွားရာ ဒေါ်ခင်ခင်က အထုပ်အပိုးအချို့ကို
ယူငင်ရင်း နောက်မှ ကပ်ပါသွားလေ၏။ အိမ်ထဲရောက်မှ အပြင်တွင် ကြောင်အမ်းအမ်းနှင့်
ကျန်ရစ်သည့် ပုစုးမကို သတိရသဖြင့် တစ်ဖန်ပြန်ထွက်လာပြီ။

''ဩော်... ဟဲ့ ကလေးမ လာဟဲ့''

သန့်ရှင်းသပ်ရပ်သော မီးဖိုချောင်ထဲရောက်သော် ဦးကိုကိုက သူ့သားနှစ်ယောက်နှင့်
ချော့မြူနေစဉ် ဒေါ်ခင်ခင်က ဦးကိုကိုဝယ်လာသော ပစ္စည်းများကို သူ့နေရာနှင့်သူ သိမ်း
ဆည်းထားသိုနေ၏။ ပုစုးမမှာ မီးဖိုချောင်အလယ်မှာ တစ်ယောက်တည်း လက်ကလေး
နှစ်ဖက်ယှက်၍ ကြောင် တက်တက်ကလေး ရပ်နေ၏။ ဦးကိုကိုက ချိုချဉ်ထုပ်ကို ဖောက်၍
သားနှစ်ယောက်အား ဝေငှပေးနေသည်ကို ကြည့်ကာ ပုစုးမ သွားရည်မျိုချနေသည်ကို
မြင်သဖြင့် ဒေါ်ခင်ခင်က သူ့ သား ကြီးအား...
''သား ဘိုဘို ပုစုးမကိုလည်း ချိုချဉ်တစ်လုံး ပေးလိုက်ပါကွယ်''

ဘိုဘိုက ချိုချဉ်ကို လှမ်းလက်ကမ်းရင်း...

''အင့် ဒီမှာ လာယူ''

ပုစုးမက သွားယူ၍ စားရသည်။
ချိုချဉ်ကို အသာစုပ်ရင်း ပုစုးမသည် ဒေါ်ခင်ခင်၏ ချိုချဉ်လုံးများကို ကြောင်အိမ်ပေါ်မှ ဖန်ဘူးထဲ
ထည့်နေသည်ကို ကြည့်ရင်း နောက်ကျတော့ ငါ ဒီချိုချဉ်ကို ထပ်စားရဦးမှာပဲ ဟု
စိတ်ကူးနေသည်။ ထိုမှ ရုတ်တရက် သတိရ၍...

''အို ကျွန်မအထုပ်ကလေး ကားပေါ်ကျန်ခဲ့ပြီ''

''ကိုကို သွားယူပေးလိုက်ပါကွယ်''

‘‘ဘာကိုသွားယူရမှာလဲ’’

‘‘သူ့ အထုပ်ဆိုလား၊ ဘာလား၊ ကားထဲမှာတဲ့’’

‘‘ြသော် အေးအေး’’

ဦးကိုကိုက ပူစူးမကို တစ်ချက်ပြုံးကြည့်ရင်း ထွက်သွားသည်။ ပူစူးမက ဒေါ်ခင်ခင်အား အရောဝင်လိုသဖြင့် မရွံ့မရဲ လေးပြုံးပြရင်း…

‘‘ပူစူး အဝတ်တွေ ထည့်ခဲ့တဲ့အိတ်ပါ ဒေါ်ဒေါ်ရယ်။ အဖေရှိတုန်းက သုံးခဲ့တဲ့ အိတ်အဟောင်းကြီးမှာ မနက်တုန်းက အမေ့ကြောင့် လွတ်အိတ်ကြိုးပြတ်သွားရသေးတယ်။ ပူစူးတို့အိမ်မှာ အဝတ်ထည့်စရာ သေတ္တာတို့၊ ဖာတို့ကလည်း အပိုမရှိဘူး ဒေါ်ဒေါ်ရဲ့။ အသစ်လည်း ဝယ်မပေးနိုင်တာနဲ့ အမေက ဒီအိတ်ဟောင်းကြီးထဲပဲ ထည့်ပေးလိုက်တယ်’’

ဒေါ်ခင်ခင်က သူ့စကားကို ဝတ်ကျောဝတ်ကုံမှု အင်း လိုက်ရင်း သူ့အနားကပ်လာသည့် သားငယ်ကို နမ်းသည်။ ဒါကိုပူစူးကကြည့်၍…

‘‘ဒေါ်ဒေါ်တို့ကလေးတွေက နှစ်ယောက်စလုံး ယောကျ်ားလေးတွေမှန်း ပူစူး မသိပါဘူး။ တစ်ယောက်က မိန်းကလေးပဲလို့ ထင်နေတာ။ ပူစူးမှာလည်း ညီမတစ်ယောက်၊ မောင်လေး တစ်ယောက်ရှိတယ် ဒေါ်ဒေါ်ရဲ့’’

ဒေါ်ခင်ခင်က မျက်လုံးပြူးကြည့်၍…

‘‘ြသော် ဟုတ်ကဲ့လား။ ကဲ အဲဒါ အသာထားပြီး မင့်ဦးဦး ဆီက ညည်းအိတ်ကို သွားယူ။ မင်းနေဖို့ အခန်းကို ဦးဦးက လိုက်ပြလိမ့်မယ်။ အဲဒီမှာ မင်းအဝတ်တွေကို နေထားတကျ သိမ်းဆည်းပြီး မီးဖိုချောင်ပြန်ခဲ့ ဟုတ်လား။ မင်းကို ဒို့က အဖော်ရအောင် ခေါ်လာတာဆိုတော့ မင်းက ဒေါ်ဒေါ့်ကို ကူညီ လုပ်ကိုင်ပေးရလိမ့်မယ်’’

ဒေါ်ခင်ခင်က ညှော့သည့်သဖွယ် စကားကြွယ်နေသော ပူစူးမအား ဤအိမ်တွင် သူ့အတွက် သတ်မှတ်ထားသည့် အဆင့်အတန်းကို လိမ္မာစွာ သတိပေးညွှန်ကြားလိုက်သည်။ ပူစူးမသည် ကိုယ်ကလေး အသာကျုံ့ပြီး ဦးကိုကိုနောက် လိုက်သွား၏။ ပြောင်လက်နေသော လှေကားမှတစ်ဆင့် တက်သွားပြီးဖယောင်းတိုက်ထားသဖြင့် ချောနေသော ကြမ်းပြင်ကို မဝံ့မရဲခြေကလေး ခပ်ကြွကြွနင်းရင်း အိမ်နောက် ဖက်အစွန်ရှိ အခန်းငယ်တစ်ခုသို့ ရောက်သော် ဦးကိုကိုက..

''ဒီအခန်းပဲကွ၊ မင်းနေရမှာ''

ပူစူးမသည် အထုပ်ကလေးကို ပိုက်ကာ အခန်းလယ်တွင် မတ်တတ်ရပ်၍ တောင်မြောက်လေးပါးကို ကြည့်နေလိုက်သည်။ အခန်းနံရံနှင့်ကပ်လျက် ခြင်ထောင်တိုင်မပါသည့် ခုတင်ဟောင်းလေးတစ်ခုပေါ်တွင် သင်ဖြူးတစ်ချပ်၊ ခေါင်းအုံးတစ်လုံး၊ ဘာဘူစောင်တစ်ထည် တွေ့ရသည်။ ခေါင်းအုံးမှာ အစွပ်ဖြူဖြူနှင့်မို့ သူတို့အိမ်က အိပ်ရာထက် သာပါပေသည်။ ခုတင်ခေါင်းရင်းမှာ သစ်သားဗီရိုငယ်တစ်လုံး ရှိသည်။ ဗီရိုပေါ်၌ သစ်သားပေါင်ဖြင့် ကြည့်မှန်လေးတစ်ချပ်၊ ဝါးဘီးတစ်ချောင်း၊ ဗီရိုရှေ့မှာ ခွေးခြေတစ်ခု။

ပူစူးမက ဗီရိုတံခါးဆွဲဖွင့်၍အတွင်းရှိ တစ်ခုတည်းသော အဆင့်ပေါ်သို့ သူ၏ အထုပ်ကို တင်လိုက်ကာ တံခါး ပြန်ပိတ်လိုက်၏။ သူ့မှာ ကြီးကြီးကျယ်ကျယ် ဘာမျှ လုပ်နေစရာ မပါခဲ့ပါ။ အောက်ထပ်မှ အိမ်ရှင်လင်မယားတို့ စကားစမြည် ပြော၍ ရယ်မောနေသံကြားရ၏။ ဒါကြောင့် သူလည်း မီးဖိုချောင်သို့ ပြန်ဆင်းခဲ့လေ၏။

ဦးကိုကို ရုံးသို့မသွားမီ မနက်စာ စားရန် မီးဖိုချောင်ထဲ ဝင်လာ၏။ ဖယောင်းပုဆိုး ခင်းထားသည့် ထမင်းစား စားပွဲဝိုင်းကြီး ပတ်လည်တွင် ကုလားထိုင် လေးလုံး၊ ကလေး နှစ်ယောက်တွက် စပယ်ရှယ် လုပ်ထားသည့် ခြေတံရှည် ရှည်နှင့် ကုလားထိုင်နှစ်ခုလည်းရှိသည်။ မိုးတစိမ့်စိမ့်ရွာနေ၍ မီးဖိုချောင်ထဲ၌ အနည်းငယ် အေးနေသည်။ မီးဖိုက ရေနံဆီ မီးဖိုဆိုတော့ ပူစူးမအိမ်က မီးဖိုလို လူနွေးရန် အပူရှိန်မရနိုင်ပေ။

ဒေါ်ခင်ခင်က ဝင်လာသော လင်တော်မောင်ကို နှာခေါင်းလေး မသိမသာ ရှုံ့ပြလိုက်၏။ ပူစူးမက အနံ့ပြား သီးလျှောက် သွားနေသည့် နှစ်ခါလည်ကျော် ကလေးငယ်ကို လိုက်ထိန်းနေရသဖြင့် ဒါကို မမြင်လိုက်မိပေ။ ထို့ကြောင့်...
''ဒေါ်ဒေါ့်သားလေးက စကား တော်တော် ပြောနေပြီနော်။ ပူစူးမောင်လေး အာလူးဆိုရင် ဒီအရွယ်က အမေ တစ်ခွန်းတည်းပဲ တတ်သေးတယ်''

ဒေါ်ခင်ခင်က ပူစူးမဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီး အသံတင်းတင်းနှင့်။

''မင်းဦးဦးက ရုံးမသွားမီ ထမင်းစားရမယ် ပူစူး၊ မြန်မြန်လုပ်မှ။ လက်ဆေးရေတို့၊ လက်သုတ်ပဝါတို့ စားပွဲပေါ်မှာတင်ပြီးပလား၊ အချိန်အလဟဿမဖြုန်းနဲ့''

ပူစူးမသည် ဒေါ်ခင်ခင်၏ အသံကြောင့် ဖျတ်ခနဲ လန့်သွားပြီး အသံတုန်တုန်လေးဖြင့်...

''လက်သုတ်ပဝါ ဘယ်ထားမှန်းမသိလို့ပါ ဒေါ်ဒေါ်''

‘‘ကြောင်အိမ်အံဆွဲထဲမှာလေ၊ မနက်က ပြထားတယ် မဟုတ်လား၊ ဒေါ်ဒေါ် လုပ်တာကိုင်တာတွေကြည့်ပြီး အတုယူ မှတ်သားထားရမယ်။ နောက်ဒါမှ လုပ်တတ်မှာပေါ့။ ခုပြော ခုမေ့မလုပ်နဲ့ ကြားလား’’

ဒေါ်ခင်ခင်က ဤသို့ မြည်တွန်ရင်း ဒီလိုဘာမတတ်၊ ညာမတတ် မအူမလည်လေးမျိုးမှ ရှာကြံခေါ်လာတတ်ပလေ ဟု အပြစ်တင်ပုံမျိုးနှင့် ကြည့်လိုက်ရာ ဦးကိုကိုမှာ မယားမျက်လုံးဒဏ်မှ လွှဲဖယ်စိမ့်သောငှာ၊ ကြမ်းပေါ်မှာ ပုံ့ပုံ့ကြီး ထိုင်ကာ တစ်စုံတစ်ခုကို တမြုံ့မြုံ့ ဝါးနေသော သားငယ်ပါးကလေးကို အသာလိမ်ဆွဲလျက်..

‘‘ဟော ဒီတားတားလေးက ဘာတွေ ရှားနေတာလဲကွဲ့’’

ဒေါ်ခင်ခင်သည် ထမင်းအုပ်ကို ကိုင်၍ ဦးကိုကို အနားမှ ဖြတ်သွားရင်း တတွတ်တွတ်နှင့်...

‘‘တစ်မနက်လုံး ဒီအတိုင်းပဲ စကားပဲ များနေတာပဲ၊ ဘာအလုပ်မှ မယ်မယ်ရရ မလုပ်တတ်ဘူး၊ ကူဖော်လောင်ဖက် များရမလားလို့၊ ခုတော့ သူလေကန်တာ နားထောင်ရတဲ့ အလုပ်က ပိုလာတာပဲ ရှိတယ်’’

ဦးကိုကိုက မကြားချင်ဟန်ဆောင်ကာ ထမင်းစားပွဲမှာ သွားထိုင်နေလိုက်၏။ ပုစုးမမှာ ဒေါ်ခင်ခင် တွတ်ထိုးသံ သဲကွဲစွာ မကြားရသော်လည်း သူတို့လင်မယား မျက်နှာထားများကို မြင်ရရုံနှင့် အနေကြပ်ရာ၏။ ဒီမှာနေရတာ အိမ်မှာနှင့်မတူ တစ်မူကွဲပြားမှန်းတော့ အလိုလို သိရှိခံစားလာမိ၏။ ဒီကို မလာမီလေးက အမေပြောလိုက်သော ‘‘ခုဟာ အိမ်လည် သွားတာ မဟုတ်ဘူး သမီး’’ ဆိုတာကိုလည်း ယခုသဘောပေါက် လာမိလေပြီ။ မိခင်ကိုသတိရမိသည်နှင့် သူ့ကိုယ်ထဲမှာ နာ ကျင်သော ဝေဒနာတစ်ခုပေါ်လာသည်။ ထို့ကြောင့် သူ့ပါး နှစ်ဖက်ကို ကိုင်၍ ‘‘ဟောတော့ ပုစုးမ သွားကိုက်ချင်ပြန်ပြီ ထင်တယ်’’ဟု ထင်မိထင်ရာပြောလိုက်မိသော်လည်း သူ့စကား ဘယ်သူမှ ကြားဟန်မတူ။ ဒေါ်ခင်ခင်က မီးဖိုပေါ်က ဟင်းအိုး မွှေနေရာမှ...

‘‘ဟဲ့ ပုစုး ဟင်းပန်းကန် ယူခဲ့စမ်း’’

ပုစုးက ဟင်းပန်းကန်ဆိုတာ ဘယ်လိုပန်းကန်မျိုးယူရမှန်း မသိ၍ ပန်းကန်စင်ရှေ့တွင် ယောင်နနဖြစ်နေရာ ဒေါ်ခင်ခင် က စိတ်မရှည်တော့ဘဲ အသံကိုမြှင့်၍...

‘‘ဟဲ့ ဟိုမှာလေ။ ဟင်းပန်းကန်တွေ စီထားတာ။ အဲဒါ တစ်ခုယူခဲ့ပါဆို။ ငါ့နှယ်နော် ဒုက္ခပါဘဲ’’

ပုစုးမက ပန်းကန်ကို သွားပေးပြီး ဒေါ်ခင်ခင် ဟင်းခပ်ရာတွင် ဝင်ရှုပ်နေသော ကလေးငယ်အား အသာကောက်ချီလိုက်ရာ ကလေးငယ်က ဝါးခနဲ ကောက်ငိုလိုက်သည်၌ ဒေါ်ခင်ခင်က

မျက်လုံးမျက်ဆန်ပြူးနှင့် လှည့်ကြည့်ရာ ပူစူးမက ကလေးကို ကမန်းကတန်းပြန်ချရင်း...

''ဟို ဟို ဒေါ်ဒေါ် ဟင်းခပ်နေတာ မောင်လေးရှုပ်မှာစိုးလို့ ပူစူး ကောက်ချီလိုက်တာပါ''

''ညည်းကို သူက စိမ်းနေသေးတော့ လန့်ငိုတာပေါ့အေ့။ ကဲ ကဲ တိတ်ပါသားရယ်။ ပူစူးက မချီတော့ပါဘူးတဲ့ တိတ်ပါ''

ဦးကိုကိုက မနေသာတော့ဘဲ စားပွဲမှထလာပြီး ကလေး ကိုယူ၍...

''ကဲ လာလာ။ သားလေးကို ဖေဖေ ကုလားထိုင်ပေါ် တင်ပေးမယ်''

ကလေးငယ်က သူ့အဖေလက်ပေါ်မှနေ၍ ပူစူးကို မလိုလားသည့်မျက်နှာနှင့်ကြည့်၍ ပါသွား၏။ ပူစူးမှာ ယောင်တိ ယောင်နနှင့် တွေတွေကလေး ရပ်နေ၏။ အိမ်မှာဆိုလျှင် တာတူး၊ အာလူးတို့ သူ့ကို ဒီလိုတစ်ခါမှ မကြည့်ဘူး။ မငိုစဘူး။ သူကဗိုလ်မဟုတ်လား။ အားလုံးကို သူ စီမံနေကျ။ ဒေါ်ခင်ခင်သည် ဇလုံတစ်ခုတွင် ထမင်းရော၊ ဟင်းပါ ပုံ၍ ပူစူးအားပေးကာ မီးဖိုဘေးရှိ ဖင်ထိုင်ခုံလေးတစ်ခုပေါ်မှာ ထိုင်စားစေသည်။

ထမင်းရော ဟင်းပါ မိမိတို့အိမ်က လက်ရာမျိုးနှင့်မတူ။ အရသာရှိ၍ စားကောင်းလှပါသည်။ သို့သော် ပူစူး မဝပါ။ သူတို့အိမ်သားတွေ လှမ်းကြည့်တော့လည်း တစ်ယောက် တစ်ပန်းကန်ပဲ။ နောက်ထပ် မည်သူမျှ ထမင်းထပ်ထည့်တာ မတွေ့၍ သူလည်း ထပ်မတောင်းဝံ့တော့သဖြင့် မဝတဝနှင့် အသာထကာ သူ့ဇလုံလေးကို ဆေးကြောရင်း အိမ်မှာနေစဉ်က ငါးပိရည်၊ တို့စရာ၊ ပဲပြုတ်ကြော်မှုပင် ဖြစ်လင့်ကစား ထမင်း၊ ဟင်း အားရပါးရစားခဲ့ရသည်များကို မြင်ယောင်နေရှာ၏။

''ဟဲ ပူစူး ပန်းကန်တွေ စုဆေးလိုက်တော့''
ထမင်းစားပြီးသောအခါ ဒေါ်ခင်ခင်က ပူစူးအား ဆေးကြောရန် ပန်းကန်တွေ တစ်ပုံတစ်ခေါင်းကြီး ပေးအပ်ခဲ့ပြီး သူတို့ သားအမိသားအဖလေးယောက် ဧည့်ခန်းသို့ ထွက်သွားကြ၏။
အားလုံးဆေးကြောပြီး၍ ပူစူးဧည့်ခန်းသို့ ထွက်လာခဲ့သောအခါ ကလေးငယ်က ပခက်ထဲမှာ အိပ်ပျော်နေ၏။ ဒေါ်ခင်ခင်က စက်ချုပ်နေ၏။ သားကြီးဘိုဘိုကမူ သူ့အမေ အနားတွင် တောင်ဆွဲမြောက်ဆွဲနှင့် ရှုပ်နေ၏။

ပူစူးသည် အခန်းဝနားမှာ မတ်တတ်ရပ်လျက် သူ့သွားကို လျှာနှင့်တို့ရင်း...

''ပူစူး သွားကိုက်ပြန်တယ်ထင်တယ် ဒေါ်ဒေါ်ရယ်။ အိမ်မှာ တစ်ခါတုန်းက သွားကိုက်တာလေ။

ပူစူးရော အမေပါ တစ်ညလုံး မအိပ်ရဘူး။ တော်ပါသေးရဲ့။ အမေက လေးညှင်း ပွင့်ထောင်းပြီး သိပ်ပေးတော့ သက်သာသွားတယ်လေ”

ဒေါ်ခင်ခင်က အပ်ချည်စကို ပါးစပ်နှင့်ကိုက်ဖြတ်ရင်း မသိမသာ အင်းလိုက်နေ၏။ စင်စစ် သူ့စိတ်မှာတော့ ပူစူးမ သွားကိုက်တာထက် ပုခက်ထဲက ကလေးငယ်ကိုယ် ယင်နား မှာကို ပို၍အာရုံပြုနေ၏။

‘‘ဒေါ်ဒေါ် ဦးဦး မနက်ဖြန် အပြင်သွားဦးမှာလား”

‘‘မနက်ဖြန် သွားစရာရှိမယ် မထင်ပါဘူး။ ဘာဖြစ်လို့လဲ”

‘‘ဩော်... ပူစူးတို့ဘက်ကြုံရင် ပူစူးဖဲကြိုးလေးနဲ့ ရှင်မီး အင်္ကျီလေး မှာလိုက်ချင်လို့ပါ”

‘‘အေး နောက်ကြုံတော့ ယူခိုင်းလိုက်မယ်”

ဒေါ်ခင်ခင်က ဤမျှသာပြောပြီး စက်ချုပ်မြဲ ချုပ်နေ၏။ ပူစူးသည် မတ်တတ်ရပ်နေရာမှ ကြမ်းပြင်ပေါ်ထိုင်ချလိုက်ပြီး တဖြည်းဖြည်း မှဲ့လာ၏။ သူ့ကို ဒီမှာ ဂရုစိုက်မည့်သူလည်း မရှိပါလား။ သူသွားကိုက်တာ ဟုတ်ချင်မှ ဟုတ်မည်။ ဖျားပဲ ဖျားချင်နေသလား။ ဖျားရင်တော့ ပြုစုမယ့် အမေလည်း မရှိဘူးဟု တွေးရင်း အိမ်ကထွက်လာတုန်းက ခြံဝတွင် အင်္ကျီစ နှစ်ဖက်ကို ကျစ်ကျစ်ဆုပ်၍ မျက်စိတစ်ဆုံးမျှော်ကြည့်လျက် ကျန်ရစ်ခဲ့သည့် မိခင်ကြီးမျက်နှာကို တရေးရေး မြင်ယောင် လာတော့၏။

ထိုစဉ် ပုဆစ်တုပ် ကျုံ့ကျုံ့လေးထိုင်ကာ ငိုမဲ့မဲ့လေး ဖြစ်နေသော ပူစူးကို ဒေါ်ခင်ခင် စက်ချုပ်ရာမှ လှမ်းကြည့်ရင်း သနားစိတ်ပေါ်လာ၍ ကလေးမအာရုံပြောင်းသွားစေရန် ဗီရိုထဲမှ ကစားစရာဘူးတစ်ခုကို ညွှန်ပြရင်း
‘‘ဟဲ့ ပူစူး အဲဒီအိမ်ဆောက်တဲ့ တုံးကလေးတွေ ယူသွားပြီး ဟိုဘက်ခန်းထဲမှာ မောင်လေးဘိုဘိုကို ခေါ်ကစားလိုက်ပါကွယ်။ ဒေါ်ဒေါ် ဒီကလေးအင်္ကျီလေး လက်စသတ်လိုက်ချင် လို့”ဆိုပြီး ဘိုဘိုအားလည်း ‘‘သားကြီးကလည်း ပူစူးမနဲ့ ကစားမယ် မဟုတ်လား။ လိမ္မာပါတယ်ကွယ်။ သွား လိုက် သွား။ သားသားကို အိမ်လှလှလေးတစ်ခုဆောက်ပေးမယ် တဲ့။ ဟုတ်တယ် မဟုတ်လား ပူစူး”

ပူစူး ထိုင်ရာမှထ၍ ဘိုဘိုလက်ကိုဆွဲကာ အခန်းထဲမှ ထွက်သွားသည်။
တစ်ဖက်ခန်းရောက်တော့ ပူစူးက ဘူးထဲမှ သစ်တုံးရောင်စုံကလေးများကို ထုတ်ကာ အိမ်ဆောက်ရန် ကြိုးစားသည်။ သူသည် ဒီလိုသစ်သားတုံးလေးတွေကို တစ်ခါမျှ မကိုင်တွယ်ဖူးသော်လည်း ရှေ့ဆောင်လမ်းပြ လုပ်ချင်သော အစ်မကြီး စိတ်ဓါတ်ဝင်လာသဖြင့်

လက်ဝဝ ကစ်ကစ်ကလေးများဖြင့် မကြာခဏ နှောင့်ယှက်ဖျက်ဆီးနေသော ဘိုဘိုကို ထိန်းကျောင်းရင်း အိမ်တစ်ဆောင် လှလှ ဆောက်လုပ်ရန် ကြိုးစားလေတော့သည်။

''မလုပ်နဲ့ မောင်လေးရဲ့။ ဒီမှာ ကြည့်။ မောင်လေးကို ပူစူးအိမ်လှလှလေးဆောက်ပေးမယ်နော်။ မကိုင်နဲ့။ အသာ ထိုင်ကြည့်နေ''

သို့သော် ဘိုဘိုက တားမရပေ။ သူလည်း သူ့အိမ်မှာ ဗိုလ်ပေပဲ။ ပူစူး ကြိုးစားဆောက်လုပ်လေသမျှ အကောင် အထည်ပေါ်မည်မကြံသေး၊ သူကလက်ဖြင့် တွန်းထိုးဖျက်ဆီး ပစ်လိုက်သည်ချည်း။ ကြာတော့ ပူစူး စိတ်မရှည်နိုင်တော့။ တာတူးနှင့် အာလူးသာဆို သူစပ်စပ်ကလေး ရိုက်ပစ်လိုက် မည်။ ခုတော့ ဘိုဘိုကို ချိုင်းနှစ်ဖက် အသာမ၍ ခပ်လှမ်းလှမ်း အသာသွားချပြီး...

''မောင်လေးကလည်း အသာနေပါဆို။ လိုက် လိုက် ဖျက်နေတော့ အိမ်ဆောက်လို့ ဘယ်ရမလဲ။ ကဲ ဒီမှာ ထိုင် ကြည့်နေ။ ပူစူး အိမ်ကောင်းကောင်း ဆောက်ပြမယ်နော်''

သည်အိမ်မှာ သူ လုပ်ချင်တာ အစဉ်လုပ်နေရသော ဘိုဘိုက သူ့ကို ဘေးဖယ်ခံရသောအခါ ပထမအံ့အားသင့် သလို ကြည့်နေပြီးနောက် အားရပါးရ ငိုပါလေတော့သည်။ ဒေါ်ခင်ခင်သည် သူ့သားကြီး ငိုသံကြောင့် အမြန်ပြေးလာရာ ပူစူးမက ဒေါ်ခင်ခင်ကို သူ့ဘက်ကများ အားကိုးရမည်လားဟု လှမ်းမျှော်ကြည့်သေးသော်လည်း ၄င်း၏ မျက်နှာထားကြောင့် ကိုယ့်ကိုယ်ကို ကာကွယ်ရန် ပြင်ဆင်ရလေ၏။

''ဘိုဘိုက အိမ်ဆောက်ပေးတာ ဖျက် ဖျက်ပစ်တယ် ဒေါ်ဒေါ်ရဲ့''

တဝါးဝါးအသံကုန် ဟစ်နေသည့် ဘိုဘိုကို ဒေါ်ခင်ခင် က ကပျာကသီကောက်ချီပြီး...

''ညည်းကလည်း ကလေးမှ မငိုအောင် မထိန်းတတ်တာဘဲ''

''ပူစူး သူ့ကို နာအောင် ဘာမှမလုပ်ပါဘူး ဒေါ်ဒေါ်ရဲ့''

ဒေါ်ခင်ခင်က ဘိုဘို့ခေါင်းကို ပွတ်သပ်ချော့မော့ရင်း ပူစူးမကို မျက်မှောင်ကြုတ်ကြည့်ပြီး...

''သူ့ကစားစရာပဲဟာ သူကြိုက်သလို ကစားပစေပေါ့။ ညည်းက သူ့ကစားစရာနဲ့ ဆော့နေတာ သူ ဘယ်ကြည့်ချင်မှာ တုန်းအေ့။ သူ့ဟာသူနေ အကောင်းသား။ ညည်းထိန်းခိုင်းကာ မှ ငိုရပြီ''

''မေမေ သားသား သူနဲ့ မကစားချင်ဘူး''

''ဒါဖြင့် လာလာ မေမေနဲ့ပဲနေ''

ဒေါ်ခင်ခင်က သူ့သားမျက်ရည်များကို တယုတယ သုတ်ပေးနေ၏။
ပူစူးက ထပ်ပြီး လျှောက်လဲချက် တင်၏။

''သူ့ကို ပူစူး ဘာမှမလုပ်ပါဘူး ဒေါ်ဒေါ်ရယ်။ တကယ်ပါ''

''ကဲ ကဲ ရှိပစေတော့။ ကစားစရာတွေ ဘူးထဲပြန်ထည့် ပြီး ဗီရိုထဲပြန်ပို့။ နောက်ပြီး စက်အောက်မှာ ကျနေတဲ့ အဝတ် အစအနတွေ တစ်ခုမကျန်အောင်ကောက်ပြီး တံမြက်စည်းလှဲ၊ မီးဖိုချောင်ထဲက ပန်းကန်တွေဆေးပြီး တံမြက်မလှဲခဲ့သေးဘူး မှတ်လား။ နောက်ကို အစဉ်လှဲရမယ်နော် မှတ်ထား။ သားသား ကလည်း တိတ်ပါတော့။ တော်ကြာ ဖေဖေရုံးသွားတော့ မေမေတို့ပါ လိုက်သွားပြီး ကားစီးရအောင်လေ။ ကဲ တိတ်ပါ သားရယ် တိတ်ပါ''

ပူစူးက ဝမ်းနည်းစွာ ခေါင်းငုံ့၍ အဝတ်စများကို ကောက်နေသည်။ ဘိုဘိုကို သူ ဘာမျှမလုပ်ရပါဘဲနှင့် ဘိုဘိုက ဘာကြောင့် ငိုရပါသနည်း။ အိမ်မှာတုန်းက မောင်နမတွေ ကစားကြပြီဆိုလျှင် အကြီးဆုံးဖြစ်သည့် မိမိက ဦးဆောင်ရ သည်ချည်း။ မိမိက မထိနဲ့ဆို မထိရ။ မကိုင်နဲ့ဆို မကိုင်ရ။
ဩော် ဒီမှာတော့ သူ့ ဩဇာဘာမျှ မရှိပါကလား။
ပူစူးသည် တံမြက်စည်းလှဲရင်း ဆို့တက်လာသော သူ့ မျက်ရည်များကို မျက်တောင်ခတ်၍ ထိန်းသိမ်းရသည်။
ထိုအခိုက် အိမ်ပေါ်မှ ဦးကိုကိုဆင်းလာသည့် ခြေသံကို ကြားရ၍ သူသည် ထိတ်ခနဲ ဝမ်းသာသွားသေး၏။ အကြောင်းမှာ ခုန ဒေါ်ဒေါ်က ဦးဦးရုံးသွားရင် လိုက်သွားပြီး ကားစီးကြမည်ဟု ဘိုဘိုကိုပြောသည် မဟုတ်လား။ ဒါဖြင့် သူလည်း လိုက်ရမှာပေါ့။ ကားစီးရဦးတော့မှာပဲ။

ဦးကိုကိုက ''ဟဲ့ ပူစူး နင့်အဒေါ်ကော''

''ဧည့်ခန်းမှာ ရှိပါတယ် ဦးဦး''
ပူစူးက တံမြက်စည်းကို အခန်းထောင့်ရှိ သံချောင်းတွင် ချိတ်ဆွဲခဲ့ပြီး ဧည့်ခန်းသို့လာခဲ့ရာ အတွင်းမှ စကားပြောသံ များကိုကြားရ၏။

''ကိုကို ခင်တို့ပါ လိုက်ခဲ့မယ်။ နယ်ပိုင်ဝန်ထောက် ကတော် ဒေါ်ခင်သိန်းတို့ဆီလေ''

ထို့နောက် သူတို့ချင်း လေသံနှိမ့်၍ ပြောကြရာ ပူစူးမှာ မကြားတစ်ချက် ကြားတစ်ချက်...

''ကောင်မလေး တစ်ယောက်တည်း ထားခဲ့လို့ ဖြစ်ပဲ့မလား'' ဦးကိုကို့အသံ။

''ခေါ်တော့ ခေါ်ချင်ပါရဲ့။ နောက်တော့ အကျင့်ပါနေမှာ စိုးရတယ်။ ခင်တို့ အပြင်ထွက်တိုင်း လိုက်ချင်ရင် ခက်နေမယ်။ ခုတောင် ဘာမှ မယ်မယ်ရရ လုပ်တတ်ကိုင်တတ်တာ မဟုတ်ဘူး။ မျက်စိဒေါက်ထောက်ပြီး ကြည့်ပြောနေရတာ။ တော်တော်ကို သင်ယူရဦးမယ့် ကောင်မလေး''

ထိုခဏအတွင်း ဦးကိုကို ဧည့်ခန်းမှထွက်လာပြီး ကားကို ကားရုံထဲမှ ထုတ်ကာ အိမ်ရှေ့သို့မောင်းလာသည်။ အိမ်အပေါ် ထပ်မှ သားဘိုဘိုနှင့် ဒေါ်ခင်ခင်တို့ လှုပ်ရှားသံ၊ စကားပြော သံများ ကြားရ၏။ မကြာမှ ဒေါ်ခင်ခင်နှင့် ဘိုဘို အဝတ်အစား လဲလှယ်ပြီး လက်ဆွဲကာ ဆင်းလာ၏။ ဘိုဘိုက ဆွယ်တာ နီနီရဲရဲလေးဝတ်၍ သိုးမွေးခေါင်းစွပ်ကလေး စွပ်ထားသော ကြောင့် ပို၍ ချစ်စရာကောင်းနေ၏။ အိမ်ရှေ့မှ ကားဟွန်းသံ တတီတီနှင့် ဦးကိုကိုက လှမ်းခေါ်ရာ ဒေါ်ခင်ခင်က...

''အဖေကြီးရေ ဒီမှာ သားလေး လာခေါ်လှည့်ဦး။ ခင့် တစ်ယောက်တည်း ဘယ်နိုင်မလဲ''ဟုလှမ်းပြောပြီး ဘိုဘို့ အဝတ်ကို ပြုပြင်ပေးနေရာက ပူစူးကို မကြည့်ဘဲ...

''တို့အပြင်သွားဦးမယ်။ မီးဖိုချောင် တံမြက်စည်း လှဲပြီး ပလား'' ပူစူးက ခေါင်းညိတ်၏။ ဒါဖြင့် ဧည့်ခန်းထဲက စားပွဲ၊ ကုလားထိုင်တွေ ကြက်မွေးနဲ့သုတ်။ အဲဒါပြီးရင် မီးဖိုထဲသွား၊ ပြုတ်ထားတဲ့ အာလူးတွေ အခွံသင်။ ငါပြန်လာမှ ကြက်သား နဲ့ ရောမယ်။ ၃ နာရီထိုးရင် ထမင်းအိုးတည်တော့။ ဆန် နို့ဆီဘူး သုံးလုံးကြားလား။ ရေစင်စင်ဆေး။ စပါးလုံးပါရင် ရွေးပစ်။ မနက်က တို့စားတဲ့အနေချ။ ထမင်းအိုး တည်ထားတုန်း အလကားမနေနဲ့ အဝတ်ရေဆွတ်ပြီး ထမင်းစားစားပွဲနဲ့ ကုလားထိုင်တွေ လျှောက်ပွတ်''

ကားဟွန်းသံ မြည်ပြန်ပြီ...

''လာပြီ ကိုကိုရေ။ ဒီမှာ ပူစူးကို မှာစရာ ရှိတာတွေ မှာနေရသေးတယ်။ ကဲ ပူစူးရေ သွားမယ်ဟေ့။ ဒေါ်ဒေါ် မှာတာတွေ အားလုံးလုပ်ထားလိုက်။ ကြားလား''

ပူစူးသည် ဧည့်ခန်းပြတင်းမှ သူတို့သားအမိတစ်တွေ သွားကြသည်ကို ငေးမျှော်ကြည့်နေ၏။ ကားရှေ့တွင် ဘိုဘိုက ဦးကိုကိုနှင့်စီး၍ ဒေါ်ဒေါ်နှင့် သားငယ် နောက်ကထိုင်သည်။ သူတို့အားလုံးကားပေါ်တွင် ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် ပါသွားကြသည်။

ပူစူးစိတ်ထဲဝယ် ငါ့အမေနဲ့ ညီမလေး၊ မောင်လေးတွေက အဝေးကြီး။ ဒီမှာ ငါကတစ်ယောက် တည်းရယ်ဟု တွေးရင်း ကုလားထိုင် ခြေတံရှည်ကို ဖုန်သုတ်ရန် ထိုင်လိုက်စဉ် ရုတ်တရက်

သူ့မှာ မဖော်ပြနိုင်သော ဝေဒနာခံစားရ၍ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် အသံမထွက်ဘဲ ငိုမိသည်။ မျက်ရည် လည်း မထွက်ပါ။ အဘယ့်ကြောင့်ဆိုသော် ဒီမှာ သူ့ကို မျက်ရည်သုတ်ပေးမည့်သူ မရှိ။ ထိုစဉ် သူ့ကို နှစ်သိမ့်အားပေးသည့် စကားတစ်ခွန်းကြားယောင်လာ၏။

''သမီး အလုပ်ကို ကြိုးစားပြီး ကောင်းကောင်းလုပ်နော်။ ဒါမှ သူတို့ သမီးကို ကြာရှည်ငှားချင်မယ်။ ဒီတော့အမေနဲ့ သမီးညီမလေး မောင်လေးတို့ ချောင်လည်မှာ သမီးရယ်"

ရုတ်တရက် ပူစူးတွင် စိတ်သစ်အားသစ်များဖြစ်ကာ အဝတ်ရေဆွတ်ပြီး စားပွဲ၊ ကုလားထိုင်တို့ကို ပိုင်ပိုင်နိုင်နိုင်ကြီး တိုက်ချွတ်နေလေတော့၏။

**ဒေါ်တာဆွေ**